# နိဗ္ဗာန်စခန်း

# ဂေါတာဂမီး

## ဇာတ်နိပါတ်ဝတ္ထုကြီးများ

ဒဂုန်ဦးစန်းငွေ

ဘာသာရေး စာမူကြိုက်ခွင့်ပြုချက် အမှတ် (၂၀၉)
မျက်နှာဖုံး ကြိုတင်ခွင့်ပြုချက်အမှတ် (၃၀၈)
ခွင့်ပြုချက်အရ ထုတ်ဝေသည်။

ဒဂုန် ဦးဝန်းငွေ
(စာရေးသူ၏မူပိုင်)

ပြည်လုံးကျွတ်ဖြန့်ချိရာဌာန

စပယ်ဦး

စပယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၂၃၅/၂၃၇၊ ဘားလမ်း၊ ရန်ကုန်မြို့။
(ဖုန်း-၇၆၃၇၈)

ဒဂုန် ဦးစန်းငွေ

# နိဗ္ဗာနဓမ္မဝေဖန်ချက်များ

ပထမတွဲ၊ ဒုတိယတွဲ၊
နှစ်အုပ်ကို စုစည်း၍ (ပေါင်းချုပ်) ရိုက်နှိပ်သည်။

၃၈

ပထမအကြိမ်၊ ၁၉၈၃–ခုနှစ်၊ အောက်တိုဘာလ၊ အုပ်ရေ (၁၅၀၀)

---

မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်ပန်းချီ
ပန်းချီ ဝေပွှန်လင်း

---

ကာလာဖလင်
ဦးမိုးကြည်

---

စာအုပ်ချုပ်
မိဘမေတ္တာ စာအုပ်ချုပ်အဖွဲ့

---

ပုံနှိပ်သူ (မျက်နှာဖုံး/အတွင်း)
ဒေါ်သန်းသန်း (၀၂၆၀၇) စပယ်ဦးပုံနှိပ်တိုက်
အမှတ် ၂၃၅/၂၃၇၊ ဘားလမ်း၊
ရန်ကုန်မြို့။

---

ထုတ်ဝေသူ
ဦးစန်းငွေ (၀၁၄၃၄) ဒဂုန်စာပေ
အမှတ် ၁၄၂၊ (၇) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

(ပထမတွဲ)

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | နိဒါန်း | .... | က |
| ၂။ | နိဗ္ဗာန်ခရီးသည်များအတွက် | .... | ၁ |
| ၃။ | ကိုယ့်ပါရမီနှင့် ကိုယ့်နိဗ္ဗာန် | .... | ဃ |
| ၄။ | အရိုးခေါက်ဆရာ ပုဂ္ဂိုလ်ထူး ဝင်္ဂီသ၏ လက်တကမ်း နိဗ္ဗာန်ဝတ္ထု | .... | ၃၅ |
| ၅။ | အလွန်ညဏ်ထိုင်းလှသော အရှင်စူဠပန္ထက၏ လက်တကမ်း နိဗ္ဗာန်ဝတ္ထု | .... | ၅၀ |
| ၆။ | ကိသာဂေါတမီ၏ လက်တကမ်း နိဗ္ဗာန်ဝတ္ထု | .... | ၆၀ |
| ၇။ | အရက်သမားကြီး သန္တတိအမတ်၏ လက်တကမ်းနိဗ္ဗာန်ဝတ္ထု | .... | ၇၄ |
| ၈။ | သဌေးသမီး သူခိုးမယား ကုဏ္ဍလကေသီ၏ လက်တကမ်း နိဗ္ဗာန်ဝတ္ထု | .... | ၉၁ |
| ၉။ | မုဆိုးက ခွေးနှင့် ရှုးတိုက်၍ သစ်ပင်ပေါ် တက်ပြေးရသော ရဟန်းတပါး၏ လက်တကမ်း နိဗ္ဗာန်ဝတ္ထု | .... | ၁ပ၉ |
| ၁၀။ | လှဂုဏ်ကိုးသူ ရူပနန္ဒာခေါ် ဇနပဒကလျာဏီ၏ လက်တကမ်း နိဗ္ဗာန်ဝတ္ထု | .... | ၁၁၅ |
| ၁၁။ | ဘုရားသခင်ကို ကြည်ညိုလွန်ကဲသော ဝက္ကလိရဟန်း၏ လက်တကမ်း နိဗ္ဗာန်ဝတ္ထု | .... | ၁၂၅ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၂။ | သဌေးသား ဥက္ကသေန ဘားကျွမ်းသမား၏ လက်တကမ်း နိဗ္ဗာန်ဝတ္ထု | .... | ၁၃၂ |
| ၁၃။ | မစင်ကိုသာစားမှ ကိုယ်တုံးလုံးနေသော ဇမ္ဗုက တက္ကတွန်း၏ လက်တကမ်း နိဗ္ဗာန်ဝတ္ထု | .... | ၁၄၇ |
| ၁၄။ | ခိုးသားငါးရာတို့၏ လက်တကမ်း နိဗ္ဗာန်ဝတ္ထု | .... | ၁၆၂ |
| ၁၅။ | တံငါသည်ငါးရာတို့၏ လက်တကမ်းနိဗ္ဗာန်ဝတ္ထု | .... | ၁၇၅ |
| ၁၆။ | ရွှေရုပ်လိုအလှကြွားသော ခေမာမိဖုရား၏ လက်တကမ်း နိဗ္ဗာန်ဝတ္ထု | .... | ၁၈၅ |

## (ဒုတိယတွဲ)

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| (က) | နိဒါန်း | .... | ၂၀၁ |
| (ခ) | စခန်းညွှန်း | .... | ၂၀၅ |
| ၁။ | သည်အမေနှင့် သည်သား၊ သည်မောင်နှင့် သည်နှမတို့၏ ဘဝတကွေ့မှ နိဗ္ဗာန်စခန်း လက်တကမ်း ဝတ္ထု၊ | .... | ၂၀၉ |
| ၂။ | ချက်မှ အရောင်တလက်လက် ထွက်သော စန္ဒာဘပုဏ္ဏားဧ၏ နိဗ္ဗာန်စခန်း လက်တကမ်းဝတ္ထု၊ | .... | ၂၃၁ |
| ၃။ | ဘုရားသခင်၏ ရွှေတော်မှောက်ဝယ် အရက်မူးပြီး သီဆို ကခုန်၍ ရမ်းကြသော မိန်းမကြမ်း ငါးရာတို့၏ နိဗ္ဗာန်စခန်း လက်တကမ်း ဝတ္ထု၊ | .... | ၂၄၄ |
| ၄။ | လောင်နေသော တောမီးများအကြားမှ ရဟန်းတပါး၏ နိဗ္ဗာန်စခန်း လက်တကမ်း ဝတ္ထု၊ | .... | ၂၅၇ |
| ၅။ | လူသတ်သမား အင်္ဂုလိမာလ၏ နိဗ္ဗာန်စခန်း လက်တကမ်း ဝတ္ထု၊ | .... | ၂၆၄ |
| ၆။ | သားသေလင်ဆုံး၊ မိဘလဲဆုံး၊ မောင်လဲဆုံး၊ သူ့တကိုယ်လုံး အပူမီးဟုန်းဟုန်းတောက်နေသော ပဋာစာရီ၏ နိဗ္ဗာန်စခန်း လက်တကမ်း ဝတ္ထု၊ | .... | ၂၇၂ |

## မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


၇။ ပျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင်
မြောပွေလှသော ခေမကသင်္ဘေးသား၏
နိဗ္ဗာန်စခန်း လက်တကမ်း ဝတ္ထု ....၂၉၉

၈။ လင်ကိုထိ–မချိအောင်နာသော လင်ချစ်ဇနီး
တဦး၏ နိဗ္ဗာန်စခန်း လက်တကမ်း ဝတ္ထု ....၃၀၆

၉။ ပြည့်တန်ဆာမ သီရိမာကို အသေအလဲ
စွဲလမ်းနေသော ရဟန်းတပါး၏
နိဗ္ဗာန်စခန်း လက်တကမ်း ဝတ္ထု ....၃၁၁

၁၀။ သောကကို ရင်ဝယ်ပိုက်၊ မျက်ရည်ပြိုက်ပြိုက်နှင့်
ဘိကျုနီ၏ နိဗ္ဗာန်စခန်း လက်တကမ်း ဝတ္ထု ....၃၂၇

၁၁။ ဆင်ကြီးတစီး ဖွက်ကျွံနေသော သတင်းကို
ဗုဒ္ဓထံပို့လာသော ရဟန်းများ၏
နိဗ္ဗာန်စခန်း လက်တကမ်း ဝတ္ထု ....၃၃၀

၁၂။ စားဝတ်နေရေး ချမ်းသာမှုကို အာရုံပြုနေကြသော
ရဟန်းများ၏ နိဗ္ဗာန်စခန်း လက်တကမ်း ဝတ္ထု ....၃၄၃

၁၃။ သာမဏေငယ် ရဟန္တာအား မျက်စိကန်းအောင်
ပြုမိသော ဥပဇ္ဈာယ်ဆရာတော်ကြီးတပါး၏
နိဗ္ဗာန်စခန်း လက်တကမ်း ဝတ္ထု ....၃၄၉

၁၄။ ဗုဒ္ဓနှင့် သာဝကများအား မီးဖုတ်သုတ်သင်ပစ်ရန်
ကြံစည်အားထုတ်သော ဂရဟာဒိန္နာဆိုသူ၏
နိဗ္ဗာန်စခန်း လက်တကမ်း ဝတ္ထု ....၃၅၅

# နိဗ္ဗာန်စခန်းနှင့် ပတ်သက်၍

လူသည် အများအားဖြင့်ဒုစရိုက်နှင့်ကင်းခဲ၏။ စိတ်ထဲကပါသည်ဖြစ်စေ မပါသည်ဖြစ်စေ ပြုမိတတ်ကြ၏။ ဒုစရိုက်မှုများ ပြုမိခဲ့သော်(ဝါ)ဒုစရိုက်မှုများ ကျူးလွန်မိသူတိုင်း နိဗ္ဗာန်တံခါးပိတ်လေပြီလော။

ကောင်းသည်ကိုဖြစ်စေ၊ ဆိုးသည်ကိုဖြစ်စေ ပြောမိ၊ ဆိုမိ ကြံစည်မိ၊ ပြုလုပ်မိအောင် မည်သူက ရှေ့ဆောင်လေသနည်း။ မည်သူ၏ ပယောဂကြောင့် ဤသို့သော ကောင်းမှု၊ မကောင်းမှုများ ဖြစ်လာသနည်း။ ယင်းတို့ကို ကြံစည်၊ ပြောဆို၊ ပြုလုပ်သူတရားခံကား အဘယ်နည်း။

ဤသည်ကို ရှေးဦးစွာ သုံးသပ်သော်(ဝါ)ကောင်းမှု မကောင်းမှုကို ပြုလုပ်သူ လက်သည်တရားခံကိုရှာသော်....

> ကြံစည်ခြင်း၊ ပြောဆိုခြင်း၊ ပြုလုပ်ခြင်း ဟူသမျှတို့သည်
> စိတ်သာလျှင် ရှေ့သွားရှိကုန်၏။ စိတ်သာလျှင် အကြီးအမှူး
> ရှိကုန်၏။ စိတ် သာ လျှင် အမိက၊ စိတ်ဖြင့်ပြီးကုန်၏။

ဟူ၍ မနောပုဗ္ဗင်္ဂမာဓမ္မာ၊ မနောသေဋ္ဌာ၊ မနောမယာစသည်ဖြင့် ဓမ္မပဒ၌ ဗုဒ္ဓဟောတော်မူ၏။ ဆိုလိုသည်မှာ ဘာကိုပဲလုပ်လုပ်၊ ဘာကိုပဲပြောပြော၊ ဘာကိုပဲကြံကြံ၊ စိတ်မပါလျှင် မဖြစ်၊ စိတ်ကြောင့်သာ ဖြစ်ရကုန်၏။ ကောင်းသည်ကို လုပ်လျှင်လည်း စိတ်ကြောင့်၊ မကောင်းသည်ကို လုပ်လျှင်လည်း စိတ်ကြောင့်။ စိတ်သည် ပြုပြုသမျှသော ကောင်းမှု၊ ဆိုးမှုတို့ကို မန်တီးသူ လက်သည်တရားခံ ဖြစ်၏ဟု ဆိုလိုသည်။

ပါးစပ်က ''စိတ်ကောင်းလားပါသည်''ဟု ဆိုစေကာမူလည်း ပြောသူသည် အာသဝေါကုန်ခန်းပြီး ရဟန္တာ မဟုတ်သေး။ ပုထုဇဉ်သာဖြစ်၏။ ပုထုဇဉ်ဖြစ်ခဲ့သော်.... စိတ်သည် ပုထုဇဉ် ကြံသာ ကြံ၊ ပုထုဇဉ် ပြောသာ ပြော၍ ပုထုဇဉ် လုပ်သား လုပ်ပေလိမ့်မည်။ ပုထုဇဉ်တို့၏စိတ်ကို တဘိတ်ကလေး အကဲခတ်ကြပါဦးစို့။

ပါသို့ ရမတေ မနော။ ။မနော၊ ပုထုဇဉ်တို့၏စိတ်သည်။ပါပသို့ မကောင်းအာရုံ အဖုံဖုံတို့၌။ရမတေ....မွေ့လျော်တတ်၏။ ဤကား ဗုဒ္ဓ၏ စကားတော်ဖြစ်၏။ လူသားသတ္တဝါတို့၏ စိတ်နေသဘောထားကို အထင်းသား၊ အလင်းသား သိမြင်တော်မူချက်ကို မြွက်ကြားတော် မူအပ်သော စကားဖြစ်၏။

သူ့သူငါငါ အများအားဖြင့် လူသား သတ္တဝါတို့သည် 'ပါးစပ်က ဘုရား ဘုရား၊ လက်က ကားယား ကားယား' ဆိုသကဲ့သို့ အပြောညက် သလောက် သဘောထားကို အကဲခတ်ရန်ခက်လှ၏။ မိမိတို့ သန်ရာ သန်ရာ မကောင်းမှုတို့၌သာ ပျော် တပြုံး မော်မဆုံးဖြစ်နေကြသည်။ ဒုစရိုက်တပြုံ မကောင်းမှု အသိုက်အမြုံများ၌ ပျော်ပိုက်လျက် အပျော်ခရီး သက်တန့် ပေါ်မှာ အပျော်ကြီးပျော်နေလေ့ ရှိတတ်ကြသည်။

ပျော်နိုင်ပါသည်၊ ပျော်ပျော်နေလျှင် သေခဲသည်ဟူသော ဆောင်ပုဒ်ကလည်း ရှိနေသည် မဟုတ်ပါလား။ သည်တော့ကာ....မိုးမမြင် လေမမြင် ပျော်ချင်သလို ပျော်ကြရုံရှိတာပ။

သို့သော်....

မိမိဘဝကိုကား မမေ့အပ်၊ မမေ့သင့်၊ မမေ့ထိုက်။ ''ငါ့ဘဝဟာ ဘာလဲ။ လူ့ဝဘလား၊ တိရစ္ဆာန်ဘဝလား...၊ လွယ်လွယ်နှင့် ရခဲ့သော ဘဝလား...၊ ခက်ခက်ခဲခဲ ရခဲ့သော ဘဝလား၊ တန်ဖိုးရှိသော ဘဝလား၊ အဖိုးမထိုက် အလကား အမှိုက်သရိုက် ဘဝမျိုးလား''ဆိုသည်ကို လား, ပေါင်းများစွာနှင့် ကိုယ့်ဘဝကို သုံးသပ်ဝေဖန်၍ ကြည့်ရာသည်။

''ဒါကိုများ အထူးအဆန်းလုပ် ပုစ္ဆာထုတ်ပြီးမေးနေရသေးသလား၊ ငါ့ဘဝဟာ လူဆိုမှလူ အာဂလူ၊ တကယ့်လူ၊ ဒုလ္လဘတည်း ဟူသော မှတ်ကျောက်နဲ့ တိုက်ချင်သလို တိုက်ကြည့်။ လူမှအစစ် ရေမရောဘူး''ဟု ဤသို့ သူပြော ငါပြော လူတကာက ပြောကြမည်မှာ သေချာ၏။

ယင်းသို့ အလွန်တရာ ရခဲစွာသော လူ့အဖြစ်၊ လူ့ဘဝကို ရရှိမျှနှင့် ''လူဖြစ်ကျိုး နပ်ပြီ''ဟုဘုရားစသော သူတော်ကောင်းတို့ မဆိုကုန်။

(၇)

—ယော ဝဿသတံ ဇီဝေ၊
ပဿံ ဥဒယဗ္ဗယံ၊
ဧကာဟံ ဇီဝိတံ သေယျော၊
ပဿတော ဥဒယဗ္ဗယံ။ ။

ဟု ဓမ္မပဒ၌ ဗုဒ္ဓ ဟောတော်မူသွား၏။

အဓိပ္ပါယ်မှာ ခန္ဓာငါးပါးတို့၏ ဖြစ်မှု၊ပျက်မှုကို မရှုလေပဲ အကြင်သူသည် အသက်တရာရှည်၍ နေရသော်လည်း မမြတ်။ လူဖြစ်ရကျိုး မနပ်လေ။ ခန္ဓာငါးပါးတို့၏ ဖြစ်မှု ပျက်မှုကို ရှုလေသောသူအား တနေ့တရက်တာမျှ အသက် ရှည်ရစေဦးတော့ မြတ်၏။ လူဖြစ်ရကျိုးနပ်၏,ဟု ဆိုလိုသည်။

ဤစာအုပ်ကို ပိဋကတ်တို့မှ အချိန်ကုန်ခံရှာဖွေ၍ အပျော်နယ်ကျံသူများ၊ ဒုစရိုက် နယ်ကျံသူများအား ပြခြင်း၏ အဓိက ဦးတည်ချက်မှာ 'ယနေ့သည် နောက်မကျသေး' ဆိုသကဲ့သို့ စိတ်ကောင်းကလေးတခုထားတတ်လျှင် အပျော်အပါးနှင့် ဒုစရိုက်ကြား ထဲမှပင် နိဗ္ဗာန်တည်းဟူသော အမြိုက်တရား ရနိုင်ကြောင်းများကို သိရှိအားကျကာ စိတ်အားတက်ကြွစေလိုသောဆန္ဒဖြင့် ပြုစုလိုက်ခြင်းဖြစ်ပါ၏။

"ငါကော့ဖြင့် ဘာလုပ်ခဲ့မိပြီ၊ ဘုရားစသော သူတော်ကောင်းတို့ မနှစ်ခြိုက်သည့် ဒုစရိုက်မှုမျိုးတွေကို ကျူးလွန်ခဲ့မိပြီ၊ ထို့ကြောင့် ငါ့တသက်မှာ နိဗ္ဗာန်ဆိုတာ မျှော်လင့်ချက်မရှိ၊ ငါတော့ နိဗ္ဗာန်နှင့် ဝေးရှာပြီ"ဟူ၍ စိတ်ဓာတ်ကျဆင်းခြင်း မဖြစ်သင့်။ ထိုမှတပါးလည်း "ငါ့မှာ ဃရာဝါသ၊ လူမှုကိစ္စ ဗာဟီရတွေ များနေတဲ့အတွက် ဥပုသ်ကလေး တရက်ကိုတောင်မှ မစောင့်အား။ သည်အတိုင်းသာ ငါနေသွားယင် နိဗ္ဗာန်ဆိုတာ ထားလိုက်တော့။ 'လူ့ဘဝမှာ လူပြန်၍ ဖြစ်ဖို့တောင် အခက်သား" ဟူ၍ အားငယ်ရခြင်းလည်း မဖြစ်သင့်။

—အပ္ပမာဒရတော ဘိက္ခု၊
နိဗ္ဗာနဿေဝ သန္တိကေ။

အလုပ်နည်းခြင်း များခြင်းနှင့်မဆိုင်။ သတိ အမြဲရှိနေလျှင် နိဗ္ဗာန်သည် ထိုသူ၏ လက်တကမ်းတွင် ရှိနေ၏။ ယူတတ်လျှင် ရနိုင်၏။ မရစကောင်းသော အရာမဟုတ်။ မရနိုင်သောအရာမျိုးမဟုတ်။ "နင်တို့တတွေ ဒုစရိုက်ကောင်တွေပဲ၊ နိဗ္ဗာန်နှင့်မဆိုင်၊ နိဗ္ဗာန်ဟာ နင်တို့နှင့်တူတဲ့ အရာလား။ နင်တို့နှင့် တန်သလား"ဟူ၍ ပစ်ပစ်ခါခါ မဆိုသာ။

ဤသို့ ပစ်ပစ်ခါခါ "နင်တို့သည် နိဗ္ဗာန်နှင့်မတန်" ဆိုသူများ ရှိလေအံ့၊ ဤစာအုပ်ပါ ဇာတ်လိုက်ကျော်များက အချက်ကျကျနှင့် သူတို့ဘဝကို သာဓကတင်လျက် ထုချေ လျှောက်လဲကြပါကုန်လိမ့်အံ့။

နိဗ္ဗာန်သို့ ရောက်သွားလေသူတိုင်း သည်လူ့ထက်း အခြားသူများထက် စိတ်အရေအတွက် ပို၍ များသည်မဟုတ်။ သူလို ငါလို စိတ်တခုတည်းသာ ဖြစ်ကြ၏။

သို့ရာတွင် သူဘို့ကား သူ့ဘို့၏စိတ်ကို နိုင်ကြသည်၊ ပိုင်ကြသည်။ ကောင်းသော ခလေ့တွင် မွေ့နေအောင် သိပ်ထားနိုင်ကြသည်။ မိမိ စိတ်ကိုသည်း သူဘို့ကဲ့သို့ နိုင်နင်းအောင် ချုပ်ကိုင်နိုင်ခဲ့သော်— ကောင်း သောခလေ့၌ မွေ့လျော်အောင် မွေးမြူနိုင်ခဲ့သော်—

ဤစာအုပ်၏ အစလောက်တွင် "စိတ်ဖြင့် ကြံစည်တွေးခေါ်တာပဲ ဖြစ်ဖြစ်၊ နှုတ်ဖြင့် တဘွတ်ဘွတ် ဆိုပြောတာပဲဖြစ်ဖြစ်၊ ကိုယ်ဖြင့် ကာယကံ မြောက် ပြုလုပ်ဆောင်ရွက်တာပဲ ဖြစ်ဖြစ် စိတ်က ဦးဆောင်သည်၊ စိတ်မပါ ပဲ ဘာကိုမှ လုပ်၍ မရ" ဟူ၍ ဆိုခဲ့ပြီ၊ ထိုစိတ်သည် ပုထုဇဉ်တို့သန္တာန် တွင် ပါပသိ ရမဒေဘာ မဒနာ ဟူသော ဒေသနာတော် အရ မကောင်းမှု များ၌သာ မွေ့လျော်ပျော်ပိုက်၍ နေတတ်သည် ဟူ၍လည်း စိတ်၏ သဘောကို အကိုးအကားနှင့် ချ၍ ပြခဲ့ပြီ။

ပါပသ္မိံ-ဟူသော နေရာတွင် ကလျာဏသ္မိံ-ဟူ၍များ ဟောခဲ့ သော်....အဓိပ္ပာယ်သည်လည်း စောက်ထိုး ပြောင်းပြန် ခေါက်ချိုးလန် အောင် ပြောင်းလဲသွားမည် ဖြစ်၏။ စိတ်သည် ကောင်းသော အမှု၊ ကောင်းသော အာရုံများ၌သာ မွေ့လျော်ပျော်ပိုက်၏ ဟု အနက်ထွက် လာ၏။

ဤသို့ စိတ်သည် ကောင်းသောအာရုံ၌ မွေ့လျော်ပျော်ပိုက်ခဲ့သော် အကျိုးသက်ရောက်မှုအရာတွင် မည်သို့နေမည်နည်းဟု တွေးချင့်မိအံ့။

—မဟောဒကေ အတ္ထေ ဝိပ္ပသန္နေ၊
သော ပဿတိ သိပ္ပိက သမ္ဗုကံစ၊
သက္ခရံ ဝါလုကံ မစ္ဆဂုမ္ဗံ၊
ဧဝံ အနာဝိလဋ္ဌိ ဝိတ္တေ၊
သော ပဿတိ အတ္တဒတ္ထံ ပရတ္ထံ။

ဟူ၍ ခုဒ္ဒကနိကာယ်၊ ပါဠိဇာတ် ပါဠိတော်၊ အနဘိရတိသုတ် တွင် ဗုဒ္ဓ ဟောတော်မူသည့် အတိုင်း မှတ်ရာ၏။

အဓိပ္ပာယ်မှာ-ရေသည် အမှုန်၊ အနည်၊ ညွန်နှစ်များ မရှိ။ ပကတိ ကြည်လင်၍ နေခဲ့သော်... ရေထဲရှိသော ကျောက်ခက်ကျောက်ပန်း၊ ခရု ယောက်သွား၊ သဲ၊ ငါး၊ လိပ်၊ မိကျောင်း စသည်တို့ကို ကောင်းစွာမြင်နိုင် သကဲ့သို့။ မြင်ရသကဲ့သို့။ ထို့အတူ စိတ်သည် စိုးရိမ်စရာ၊ ပူဆွေးစရာ၊ ငိုကြွေးစရာ၊ ဒေါသဖြစ်စရာ၊ စိတ်ဆိုးစရာ၊ မြတ်နိုးစရာ၊ ချစ်ခင်စရာ၊ တွယ်တာစရာ၊ ငဲ့ကွက်စရာ၊ ထောက်ထားစရာ၊ ညှာတာစရာ စသည် ဘာမျှ မရှိလေပဲ ပကတိအားဖြင့် အစွမ်းကုန် ကြည်လင်သန့်ရှင်းနေသည်ရှိသော် မိမိအကျိုးကိုလည်း ကောင်းစွာမြင်၏။ သူတပါးအကျိုးကိုလည်း ကောင်းစွာမြင်၏ဟု ဆိုသည်။

ရုပ်သည် ဘာကိုမဆို လုပ်တတ်၏။ သို့သော် သူ့အနေအားဖြင့် ဘာကိုမျှ မလုပ်နိုင်။ လှုပ်ကာမျှ မလှုပ်ရှားနိုင်။ စိတ်က ခိုင်းမှသာ သူ လုပ်နိုင်၏။ စိတ်က ဦးဆောင်၍ ခေါ်ငင်သွားရာသို့ နောက်က တကောက်ကောက် လိုက်ရ၏။ ထိုအခါ စိတ်၏ခစေခိုင်းချက်အရ အကောင်းကိုလုပ်မိသော် ကုသိုလ်၊ အဆိုးကို လုပ်မိသော် အကုသိုလ် ဖြစ်လာ၏။

ထို့ကြောင့် စိတ်ကို အထူးသတိထားကြရသည်။ အပျော်အပါး လိုက်စားခြင်း၊ ဒုစရိုက်များကို ကျူးလွန်ခြင်းသည် ရုပ်က လုပ်ချင်လှ၍ မဟုတ်။ စိတ်က ခိုင်းသောကြောင့် လုပ်ရသော အမှုများဖြစ်လေရာ ရခဲလှစွာသော လူ့ဘဝကို အရတော်စွာ ရကြသည့်အခိုက်တွင် ပုထုဇဉ်တို့ သဘာဝအလိုက် ပျော်လည်းပျော်ပါ။ မပျော်နှင့်ဟူ၍ မဆိုလိုပါ။

သို့သော်....ယုတ်စွအဆုံး မူးတုန်း ယစ်တုန်း၊ ပျော်တုန်း ပါးတုန်း မှာပင်ဖြစ်စေ၊ စိတ်ကို ပေါက်လွှတ်ပဲစား လွှတ်မထားလေပဲ သတိနှင့် ချုပ်၍ အုပ်နိုင်၊ ထိန်းချုပ်နိုင်လျှင်။ သို့မဟုတ် စိတ်ဓာတ်ကြည်လင်စွာဖြင့် တချက်ကောင်းကလေး တွေ့လိုက်လျှင် အရက်သမား သန္တတိအမတ်ကြီး သည်ပင် အရက်နံ့ တထောင်းထောင်းနှင့် အမြိုက်စခန်း နိဗ္ဗာန်နန်းသို့ ရောက်သွားသေးသည်ကို ထောက်သော်....အားငယ်စရာ၊ စိတ်ဓာတ်ကျဆင်း စရာ ဟူသည် ရွေးမျှတစိ အဘယ်မှာ ရှိပချိမ့်နည်း။

ဒဂုန် ဦးစန်းငွေ
ရန်ကုန်မြို့။

အပ္ပမာဒရတော ဘိက္ခု၊
ပမာဒေ ဘယဒဿိ ဝါ၊
အဘဗ္ဗော ပရိဟာနာယ၊
နိဗ္ဗနဿေဝ သန္တိကေ။

မမေ့မလျော့ခြင်း၌ မွေ့လျော်သည် ဖြစ်၍၊ မေ့လျော့ခြင်း၌ အပြစ်ကို မြင်သောရဟန်းသည် မဂ်ဖိုလ်တရားမှ ဆုတ်ယုတ်ခြင်းငှာ မထိုက်၊ နိဗ္ဗာန်နှင့် လက်တကမ်းသာ ရှိ၏။

ဓမ္မပဒ၊ ဂါထာ ၃၂။



# နိဗ္ဗာန်စခန်း လက်တကမ်း

## နိဒါန်း

"ပို့မယ့်ပို့ ကုတ္တိုဆိပ်အထိ လောက်နဲ့တော့ မရဘူးဗျာ၊ ဟိုဘက်ကမ်း နိဗ္ဗာန်အထိ ရောက်အောင် ပို့ပေတော့၊ ခင်ဗျား ကျုပ်စာအုပ်အတွက် နိဒါန်း ရေးပေးရမယ်၊ အဲဒါပဲ"

ဆရာဦးစန်းငွေက အမိန့်ရှိပါလေတော့၏။ စာတပုဒ်ရေးရန်အတွက် ကျွန်တော့်မှာ တာဝန် မလေးလှပါ။ စာရေးသက် နှစ်ပေါင်းအစိတ်ခန့် အတွင်းတွင် ကျွန်တော်သည် ကိုယ့်အရာ ဌာနမဟုတ်သော၊ ကိုယ်နှင့်မတန်သော စာအမျိုးမျိုးကို ရေးပေးခဲ့ဖူးပါသည်။ စာရေးယင်း စိုးရွံ့စိတ်လည်း ရှိခဲ့ဖူးပါသည်။ သို့သော် ပေးအပ်သော တာဝန်အရ ကိုယ့်ကိုယ်ကို ရဲဆေးတင်၍ ရေးနိုင်အောင် ကြိုးစားရေးခဲ့ပါသည်။ ဤသို့သော အတွေ့အကြုံများ ရှိလျက်နှင့်ပင် ဤနိဒါန်းကို ကျွန်တော် ရေးရမည်ဆိုသောအခါ ပထမတွင် ကျွန်တော် လုံးဝ လက်မခံပဲ ငြင်းဆန်မိပါ၏။ အကြောင်းမှာ ဤစာအုပ်အတွက် နိဒါန်းသည် ရဲဆေးတင်ရုံမျှနှင့် ရေး၍ မဖြစ်နိုင်သော စာမျိုး ဖြစ်သောကြောင့်ပါတည်း။

ရှေးဦးစွာ 'နိဗ္ဗာန်စခန်း လက်တကမ်း' စာအုပ် ဖြစ်ပေါ်လာပုံကို ကျွန်တော် တင်ပြလိုပါ၏။

ဆရာ ဦးစန်းငွေနှင့် ကျွန်တော်တို့သည် ရွှေသို့ စာစောင်ဌာနတွင် ဆယ်နှစ်ကျော်ကျော် စားပွဲချင်းကပ် ထိုင်လျက် အတူ အလုပ်လုပ်ခဲ့ကြ၏။ ဆရာက ကျွန်တော်တို့ စာစောင်၏ မြန်မာစာ ရေးထုံးနှင့် သတ်ပုံ၊ သတ်ညွှန်း စသည်တို့ကို ထိန်းကျောင်းပဲ့ပြင်ပေး၏။ မြန်မာစာနှင့် မြန်မာ့ယဉ်ကျေးမှု

ဆိုင်ရာ ခေါင်းပါးများစွာတို့ကိုလည်း ဆရာက စာစောင်တွင် ပါဝင်ရေးသားလျက်ရှိ၏။ ဆရာနှင့် အလုပ်လုပ်ယင်း ကျွန်တော်တို့သည် ဆရာ့ထံမှ နည်းယူ စံပြုရသော အချက်များစွာ ရှိပါ၏။ မြန်မာစာနှင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ကိစ္စများတွင် ဆရာသည် ကျွန်တော်တို့ အားကိုးအားထားပြုလောက်အောင် အတွေ့အကြုံ ဗဟုသုတ မည်မျှ ကုံလုံရင့်ကျက်လှသည်ကို စာဖတ်သူများအား အထူးပြောပြနေရန် လိုမည် မထင်ချေ။

ဤမှအပ ဆရာ့တွင် ကျွန်တော်တို့ စံတင်ထားရသော အခြား ဂုဏ်ထူးတရပ် ရှိပါသေး၏။ ယင်းမှာ ဆရာသည် အချိန်ရသရွေ့ တရစပ် စာနှင့် လက်နှင့်မပြတ် စပ်ရေးနိုင်သော လုံ့လဝီရိယနှင့် ပြည့်စုံခြင်းပင် ဖြစ်၏။

စာပေလောကတွင် ဤသို့ လုံ့လဝီရိယ ကြီးမားသော ပုဂ္ဂိုလ်မျိုးသုံးဦးကို ကျွန်တော် ကြုံဖူး၏။

တဦးမှာ ကွယ်လွန်သူ စုံထောက်စာရေးဆရာ မိုးဝေဖြစ်၏။ သူ့ကို တွေ့တိုင်း သူသည် အင်္ဂလိပ်ဝတ္ထုတအုပ်ကို ရှေ့ချကာ ဗလာစာအုပ် တအုပ်ထဲတွင် မြန်မာပြန်ဝတ္ထုကို မြင်းကောင်းစိုင်းသလို အပြေးအလွှား ရေးချနေတတ်၏။

ဒုတိယတဦးမှာ ဆရာကြီးရန်အောင် ဖြစ်၏။ ဆရာကြီးကား သူ့ကိုတွေ့လျှင် သူ့လွယ်အိတ်ထဲမှ အသင့်ရေးထားပြီး စာမူတပုဒ်ကို မျက်လှည့်ပြသလို ဆွဲထုတ်ပေးနိုင်ပါ၏။

တတိယ ပုဂ္ဂိုလ်ကား ကျွန်တော်တို့ ဆရာဦးစန်းငွေ ဖြစ်၏။ ဆရာ့ကို ကျွန်တော်တို့ တွေ့လျှင် သူသည် စားပွဲဘွင် ဖောင်တိန်နှင့်၊ လက်နှင့်၊ စာရွက်နှင့် ဤထိခြင်းသုံးပါးကို အမြဲထိတွေ့လျက်သာ ဖြစ်၏။ ဆောင်းပါး တပုဒ်ပြီးတပုဒ်၊ လုံးချင်း တအုပ်ပြီးတအုပ်၊ ရေးထုတ်လျက်ရှိ၏။ တခါတရံ ရုပ်ရှင်ဇာတ်ညွှန်း တထုပ်နှစ်ထုပ် ရောစွက်လိုက်နိုင်သေး၏။ မကြာခဏ ဆရာပြောတတ်သော စကားတခုမှာ "အေးဗျာ....စာရေးဆရာဘဝမှာ ကျုပ်ကိုယ့်ကိုယ်ကိုတော့ ဒါလောက် မသနားပါဘူး၊ ဒါပေမယ့် ကျုပ်ရဲ့ ဖောင်တိန်ကလေးကိုတော့ တော်တော် သနားမိတယ်ဗျာ၊ ကျုပ်ဆီမှာ သူဖောင်တိန်လာဖြစ်ရတာ နည်းနည်းကလေးမှ မသက်သာဘူးဗျို့...." ဟူသတတ်။

ပရိယေသနဝမ်းစာအတွက် ဆရာ မည်မျှ ပင်ပန်းကြီးစွာ ရုန်းကန်လှုပ်ရှား စာရေးသားနေရသည်ကို ကျွန်တော်တို့က ရင်းနှီးသူများပီပီ အဘွင်းသိ အစင်းသိ ဖြစ်ပါ၏။ ပတ်ဝန်းကျင်မှ အထင်အမြင်ကြီးသည်က တခြား၊ ဆရာ့ ကိုယ်ရေးကိုယ်တာ ဘဝက တခြား၊ ခန္တာဝန်၏ ဒုက္ခကြီးမားလှပါဘိ၏။

ကိုယ့်ဘဝနှင့်ကိုယ် ရုန်းကန်ပါင်း ဆရာသည် ကျွန်တော်နှင့် အပေးအယူတခု အမြဲရှိနေခဲ့ပါသည်။ စာနှင့် လက်နှင့်မပြတ် တရစပ် ရေးရလွန်းသည့်အတွက် ဆရာ့မှာ စာရေးပြီးတိုင်း ခေါင်းပူနေဟန် တူပါသည်။ ဆရာသည် စာတပုဒ်ရေးပြီးတိုင်း အထူးသဖြင့် ကျွန်တော့်ထံလာပြီး "ဖတ်ကြည့်စမ်းဗျာ၊ ပြီးတော့ ဝေဖန်စမ်းဗျာ၊ နောက်ပြီး ခေါင်းစည်းနာမည်တခုလည်း ရွေးပေးဗျာ" ဟူ၍ အလုပ်သုံးခု တပြိုင်နက် ပေးတတ်ပါသည်။

သူ့စာ ကိုယ့်စာ လူဘက့်စာကို ဖတ်ပြီး ခေါင်းပူရသော စာတည်းဘဝမှ ကျွန်တော်က ဆရာ့ကို ကိုယ်ချင်းစာမိပါသည်။ ထို့ကြောင့် 'ခြသေ့ကြီးအား ကြွက်ကလေးက ကူညီသလို' ဆရာ့အား ကျွန်တော် တတ်သရွေ့ မှတ်သရွေ့ မဖြစ်စလောက် ဉာဏ်အား လုပ်အားကလေးဖြင့် ကူညီ ဖြည့်စွမ်းရပါသည်။ ဤတွင် ကျွန်တော်သည် ဆရာရေးသမျှ စာအားလုံးကို လက်ရေးစာမူကြမ်း ဘဝမှာပင် ဦးဦး ဖျားဖျား ဖတ်ရှုခွင့်ရသူတဦး ဖြစ်လာခဲ့ပါ၏။

လွန်ခဲ့သောနှစ် (၁၉၇၄ ခုနှစ်) ခန့်အထိ ဆရာရေးသော စာများမှာ မြန်မာစာနှင့် မြန်မာ့ယဉ်ကျေးမှု အကြောင်းရပ်များချည်းလိုလို ဖြစ်သည်ဟု ကျွန်တော် မှတ်မိ၏။ ထိုအတွင်း ကျွန်တော်ကိုယ်တိုင် အနေဖြင့်လည်း ဆရာ့စာမှအစ မြင်မြင်ကရ စာများကို သိမ်းကျုံးဖတ်ရှုနေယင်း စာဖတ်၍ မခကျနပ်နိုင်သောရောဂါ၊ စာဖတ်၍ ဘဝင်မကျနိုင်သောရောဂါ တခု စွဲကပ်လာသည် ထင်၏။ မိုးအောက်မြေပြင်ရှိ အကြောင်းရပ် ဘာသာရပ် ပညာရပ်မျိုးစုံ တွေ့သမျှဖတ်ယင်း ဘာကိုမျှ ဘဝင်မကျနိုင်သလို ဖြစ်လာ၏။

ထိုနောက် ယခု ၁၉၇၅ ခုနှစ်၊ ဇွန်လပိုင်းခန့်တွင် ကျွန်တော်သည် မဟာစည် ဆရာတော်ဘုရားကြီး၏ 'အရိယာဝါသ တရားတော်' စာအုပ်ကို အမှတ်မထင် တွေ့ရှိ ဖတ်ရှုမိ၏။ ထိုအခါ စာအမျိုးစုံဖတ်၍ မကျနိုင်သော ကျွန်တော့်ဘဝင်သည် အံ့သြလောက်စရာ တည်ငြိမ် အေးချမ်းသွားသည် ထင်မိပါ၏။

ကျွန်တော်သည် စာဖတ်လျှင် လောဘကြီးလှ၏။ ဂျိမ်းစ်ဘွန်း စပိုင်ဝတ္ထုတအုပ်ကို လွန်ခဲ့သော ဆယ်နှစ်ခန့်ကစ၍ ဖတ်မိပြီးနောက် ဤဇာတ်

လိုက်ပါဝင်သော အခြားဝတ္ထု ၁၃ ပုဒ်ကိုမရမက လိုက်လံရှာဖွေ၍ အားလုံးကုန်အောင် ဖတ်ခဲ့ဖူး၏။ စုံထောက်၊ လျှို့ဝှက်သည်းဖို၊ စွန့်စားခန်း၊ မှုခင်း၊ အချစ်၊ ဟာသ၊ အာကာသသိပ္ပံ၊ အမေရိကန် နွားကျောင်းသား၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မည်သည့် အကြောင်းရပ်ကိုမဆို စာရေးဆရာတဦးကို သဘောကျလျှင် ထိုစာရေးဆရာ ရေးသမျှ စာအုပ်အားလုံးကို လိုက်လံရှာဖွေ ဖတ်ရှုဘတ်၏။ ထို့နောက်စာများထဲမှအနှစ်သာရကို ရှာ၏။ ပထမတော့ တွေ့သလိုလို ထင်၏။ သို့သော် တွေ့သလိုလို ထင်သော အနှစ်သာရသည် ကြာကြာမခံ။ ကြာလေ မှေးမှိန်လေ၊ ပျောက်ပျက်လေ၊ နောက်ဆုံးတွင် ဘာမျှမကျန်ရစ်တော့ချေ။

သို့သော် မဟာစည် ဆရာတော်၏ 'အရိယာဝါသ'ကား ကျွန်တော့်ဘဝတွင် အစဦး အထူးခြားဆုံးသော အနှစ်သာရတခုကိုပေးနိုင်ခဲ့၏။ ထို့နောက် မဟာစည် ဆရာတော်၏ အခြားသော ကျမ်းစာအုပ်များကို ရနိုင်သမျှ ဆက်လက်ရှာဖွေ ဖတ်ရှု၏။ ထိုနောက် လယ်တီဆရာတော်ကြီး၊ စွန်းလွန်းဆရာတော်ကြီး၊ မိုးကုတ်ဆရာတော်ကြီး၊ သဲအင်းဂူဆရာတော်၊ ထူးကြီးဆရာတော် စသောပုဂ္ဂိုလ်ကျော်များ၏ ကျမ်းစာအုပ် အသီးသီးကို လောဘတကြီး ဆက်လက် ရှာဖွေဖတ်ရှု၏။ စာဖတ်ယင်း စာများထဲမှ အနှစ်သာရကိုရှာ၏။ အနှစ်သာရတခုကို တွေ့၏။ ဤအကြောင်းရပ် ဤစာများထဲမှဤတကြိမ်တွေ့သော ဤအနှစ်သာရကားပျောက်ပျက်မသွားချေ။ ကြာလေ မြဲမြံလေ ဖြစ်၏။ ဤအနှစ်သာရသည် ကြာလေ ကြာလေ ပို၍ပို၍ ကျွန်တော့်ဘဝင်ခိုက်လေဖြစ်၏။

အချိန် လေးငါး ခြောက်လအတွင်း 'အမှတ်မထင် ကျွန်တော်၏ စာဖတ်လမ်းကြောင်း ပြောင်းသွားသည်ကို ဆရာဦးစန်းငွေပင်လျှင် မသိလိုက်ချေ။ ဆရာ့မှာလည်း မြန်မာ အဘိဓာန်ကိစ္စ၊ မြန်မာ သဒ္ဒါကိစ္စ၊ ကျောင်းသုံးမြန်မာ စာအုပ်များ ကိစ္စတို့နှင့် အလုပ်ရှုပ်နေ၏။ သို့သော် မရှောင်မလွဲသာ။ တနေ့တွင်တော့ ကျွန်တော်တို့ စကားစပ်မိကြ၏။ ကျွန်တော်က စကားစ၏။

''ဆရာ—ဆရာလည်း လယ်တီ ဆရာတော်ကြီးရဲ့တပည့်ရင်း ပါပဲ၊ ဒီတော့ ဆရာ့ ဆရာတို့ရဲ့ အစဉ်အလာကို ထိန်းသိမ်းရမယ့် တာဝန်လည်း ဆရာ့မှာ ရှိပါတယ်။ ဒီတော့ ဆရာ အခုရေးနေတဲ့ မြန်မာစာ၊ မြန်မာ သဒ္ဒါ မြန်မာ့ယဉ်ကျေးမှု အကြောင်းတွေလည်း ရေးတာပေါ့ ဆရာ။ ဒါပေမယ့် ဆရာ့ဆရာတို့ လမ်းစဉ်အတိုင်း နိဗ္ဗာန် ရောက်ကြောင်း တရားကိုလည်း ဆရာ သီးသန့်အားထုတ်ပြီး စာအုပ်တွေ ရေးစမ်းပါဆရာ၊ ရေးဖို့ အချိန်အခါလည်း တန်နေပြီ ကင်ပါတယ်ဆရာ''

ထိုအခါ ဆရာက အတန်ကြာ စကားမပြောပဲတွေနေ၏။ ကျွန်တော်က ထပ်၍ စကားဆက်မိ၏။

"နိဗ္ဗာန်ရောက် တရားအကြောင်း၊ နိဗ္ဗာန်အကြောင်း ဆိုတာ တကယ် တရားနဲ့ ကိုယ်တိုင်တွေ့ထိပြီးမှ ကိုယ်တိုင်ရရှိပြီးမှ ရေးဖို့ကောင်းတယ်ဆိုတာလည်း ကျွန်တော် လက်ခံပါတယ်။ ပုထုဇဉ်အနေနဲ့ ရေးယင် အမှားအယွင်းတွေ ရှိမယ်ဆိုတာလည်း ကျွန်တော် လက်ခံပါတယ်၊ ဒါပေမယ့် ကိုယ်တိုင်တွေ့ထိရရှိပြီး ရေးတာလည်း တမျိုးပေါ့ဆရာ။ ပုထုဇဉ်အနေနဲ့ လေ့လာနားလည်ထားသလောက် ရေးတာလည်း တမျိုးပေါ့ဆရာ၊ ဆရာတို့လို အတွေ့အကြုံ ရင့်ကျက်ပြီး သတိသမာဓိ ကြီးမားတဲ့ပုဂ္ဂိုလ်မျိုး ရေးယင်တော့ ကျွန်တော်တို့ စာဖတ်သူတွေ အကျိုးကျေးဇူးရှိမှာ သေချာပါတယ်။ ပုထုဇဉ်အချင်းချင်းမှ အတွင်းသိ အစင်းသိ ကိုယ်ချင်းစာပြီး နားလည်နိုင်တဲ့ သဘောတွေလည်း ရှိပါတယ်ဆရာ"

ဤသို့ ကျွန်တော်က စိတ်အားသန်သန် ပန်ကြားနေသော်လည်း ဆရာသည် ထိုနေ့က စကားများများ မပြောပဲ ရုံးမှ ပြန်သွားပါ၏။ သို့သော် နောက်တနေ့တွင် ဆရာသည် စာရွက်ဖိုင်တွဲကြီး တထပ်ကိုကိုင်ကာ ရုံးသို့ ရောက်လာ၏။ ထိုနောက် ဆရာက....

"ကဲ-ရော့၊ ခင်ဗျားဖတ်ချင်တဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားစာမူ"

"ဘယ့်နှယ်လဲ မြန်လှချည့်လားဆရာ၊ ရှင်မဟာဗုဒ္ဓဃောသတို့လို ညတွင်းချင်းပဲ အပြီးရေးလိုက်သလား ဆရာရယ်"

"ဟဲ....ဟဲ.... အဲသလောက်တော့ ဉာဏ်မကြီးပါဘူးဗျာ၊ ခင်ဗျား ပြောတာနဲ့ ကြုံကြိုက်ပြီး ကျုပ်သတိရလို့ တပိုင်းတစ ရေးလာခဲ့တာ၊ ဒီစာမူမျိုးကို အယင်ကဆိုယင် ဘယ်စာအုပ် ထုတ်ဝေသူကမှ စာအုပ်မရိုက်ရဲဘူး၊ ရိုက်ယင် ရှုံးမှာသေချာတာကိုးဗျ။ အခုတော့ ခင်ဗျားပြောသလို အချိန်အခါ အခွင့်က ကြုံလာပြီ၊ စာဖတ်သူတွေကလည်း ဒီအကြောင်းရပ်ကို တော်တော်စိတ်ဝင်စား လက်ခံလာပြီ၊ ဒီတော့ ခင်ဗျားရဲ့ တိုက်တွန်းချက်နဲ့ စာအုပ်ထွက်ရမလို ဖြစ်နေပြီ၊ ကဲ-ပြီးသမျှ မြည်းကြည့်စမ်းဗျာ၊ ပြီးတော့ စာအုပ်ခေါင်းစီးနာမည် တခုလည်း ရွေးပေး"

ဆရာဦးစန်းငွေကား ဤသို့ပင် ဖြစ်၏။ ကျွန်တော် မနေ့ကမှ တိုက်တွန်းစကား ပြောမိ၏။ ဆရာက ယနေ့ ရေးပြီးသား အသင့်ယူလာနိုင်၏။

အကျဉ်းရုံးရလျှင် ထိုပထမစာအုပ်မှာ 'ယထာဘူတ' ဖြစ်ပါ၏။ ကျွန်တော်က တတ်ယောင်ကားလုပ်၍ ထိုနာမည်ကို ရွေးပေး၏။ ဆရာက

ကြိုက်၏။ "ရွှေ-ဟုတ်ပြီ။ ပုထုဇဉ် အချင်းချင်းဆိုတော့ အကြိုက်ချင်း ညီကြပြီ၊ လွဲသည်လားမသိ၊ မှားသည်လားမသိ၊ နာမည်ကလေးကတော့ ဇွေးမိ ခေတ်မီ အလွန်သင့်မြတ်လှသည် ထင်ပါ၏"

ထို့နောက် တလခန့်အတွင်း ဆရာသည် ဒုတိယ စာအုပ်တအုပ်ကို ရေးပြန်၏။ ကျွန်တော်တို့ ခေါင်းချင်းဆိုင်၍ နာမည်ရွေးကြပြန်၏။ ဤစာအုပ်ကား ယခု စာဖတ်သူများလက်ဝယ် ရောက်ရှိနေသော 'နိဗ္ဗာန်စခန်း လက်တကမ်း' ဖြစ်ပါသတည်း။

'နိဗ္ဗာန်စခန်း လက်တကမ်း' စာအုပ်အတွင်းမှ နိဗ္ဗာန်အကြောင်း၊ နိဗ္ဗာန်ရောက်ကြောင်းတရားအကြောင်းများကိုမူ စာဖတ်သူများ ကိုယ်တိုင် ဖတ်ရှုလေ့လာ ဝေဖန်ရန် ကျွန်တော် ချန်ခဲ့ရပါမည်။ နိဗ္ဗာန်အကြောင်းကို ကျွန်တော် ဘာမျှ အနက်အဓိပ္ပာယ် မပေးနိုင်။ ကျွန်တော်နှင့်တန်သော အရာဌာနမဟုတ်။ ဆိုခဲ့သည့်အတိုင်း ကျွန်တော်သည် လွန်ခဲ့သော ခြောက်လခန့်ကမှ ဘာကြောင့်မှန်းမသိ၊ မျက်စိလည် လမ်းမှန်ကာ နိဗ္ဗာန်ရှိမည် ထင်ရာသို့ စာဖတ်လမ်းကြောင်း ပြောင်းလာမိသော သူလိုကိုယ်လို သာမည စာဖတ်သူတဦးမျှသာ ဖြစ်ပါ၏။

သို့သော် နိဗ္ဗာန်ရှိမည်ထင်သော နေရာနှင့်ပတ်သက်၍မူ (စာဖတ်သူများ၏ ခွင့်ပြုချက်အရ) ကျွန်တော် အနည်းအကျဉ်း ဆွေးနွေးလိုပါ၏။

နိဗ္ဗာန်သည် ဤစာအုပ် ခေါင်းစီးအတိုင်း ကျွန်တော်တို့၏ လက်တကမ်းမှာပင်ရှိသည်ဟု ကျွန်တော် ယုံကြည်၏။ ကျွန်တော်တို့နှင့် ဘာမျှ မဝေး၊ အနီးကလေး ဖြစ်၏။ နိဗ္ဗာန်ကိုချစ်လျှင် ချစ်သူဝေးဝေး ပြေး၍ မရှာပါလေနှင့်။ ရေမြေဆုံးစေ၊ သံသရာဆုံးစေ ပြေး၍ လိုက်၍ ရှာနေလျှင် ရှာလေ ဝေးလေ ဖြစ်မည်။

နိဗ္ဗာန်သည် စာဖတ်သူ၏ လက်တကမ်းမှာရှိ၏။ ကျွန်တော်၏ လက်တကမ်းမှာ ရှိ၏။ သွားလျှင် ရောက်၏။ လှမ်းယူလျှင် ရ၏။ ဆန့်ကျင်ဘက်စကား ဆိုရသော် မသွားလျှင် မရောက်။ မယူလျှင် မရ။

ကျွန်တော်တို့ ပြဿနာကား ဤသို့ ဖြစ်၏။ နိဗ္ဗာန်ကို လိုချင်ကြပါ၏။ နိဗ္ဗာန်ကို ရောက်ချင်ကြပါ၏။ လိုချင်ကြောင်း၊ ရောက်ချင်ကြောင်း ဆုတောင်းကြပါ၏။ သို့သော် ရအောင် တကယ် မယူ။ ရောက်အောင် တကယ်မသွား။ တကယ် မယူလျှင် အဘယ်မှာ ရပါမည်နည်း။ တကယ် မသွားလျှင် အဘယ်မှာ ရောက်ပါမည်နည်း။ တကယ် မယူပဲ၊ တကယ် မသွားပဲ အကြောင်းအမျိုးမျိုးပြ၍ အချိန်ရွှေ့ကာ ဆုတောင်းယင်းနှင့်ပင် ကျွန်တော်တို့သည် သံသရာမှာ မျောနေကြလေသည်။

"လူစည်းစိမ် နတ်စည်းစိမ်တို့ကို အကြိမ်ကြိမ် ခံစားပြီးနောက် အဆုံး စွန်သောဘဝ၌ နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတို့နှင့် ရပါလို၏" ဟု ကျွန်တော်တို့ ဆုတောင်းလေ့ ရှိကြပါ၏။ ထို 'အဆုံးစွန်သော ဘဝ' သည် အဘယ်သော အခါ ပါနည်း။

နိဗ္ဗာန်ခရီးတွင် ကျွန်တော်တို့ အလွန် အပြောများသော စကား တလုံးမှာ 'ပါရမီ' ဖြစ်လေသည်။ ဤစကားလုံးသည် လွန်စွာ နှိုက်နဲ့၍ ကျွန်တော်တို့ အဓိပ္ပာယ်အကောက် အများကြီးလွဲနိုင်သည် ထင်၏။ အချို့က ပါရမီ၏ အဓိပ္ပာယ်ကို ခပ်ပေါ့ပေါ့ ခပ်လွယ်လွယ် တွေးကြသည်ထင်၏။ ဘုရားဆု၊ လက်ဝဲရံ လက်ယာရံဆု၊ အဂ္ဂသာဝကဆု စသည်တို့ကို တောင်း ကြ၏။ ယခုဘဝ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို မကျင့်သေး။ ဘဝ အဆက်ဆက် ပါရမီတွေ ဖြည့်ဦးမည်ဟု ဆိုကြ၏။ အစစ်အမှန် ဆုကြီးပန် ပါရမီရှင်များကို ကျွန်တော်တို့ ရှိခိုးကန်တော့ပါ၏။

သို့သော် 'သူများပန်၍ ပန်ရသည်၊ နိဗ္ဗာန် တောင်မှန်း မြောက်မှန်း မသိ' ဆိုသော ပုဂ္ဂိုလ်မျိုးတော့ မဖြစ်ကြစေလို။ အဝိဇ္ဇာမှောင်၏ ပရိယာယ် သည် ကြွယ်ဝလွန်းလှပေရာ ပါရမီဖြည့်ဖို့ ကြံရွယ်ယင်း လက်တွေ့မဖြစ် နိုင်ပဲ ဘဝတွေ အသချေ်အသချေ်ထပ်လျက် ရည်ရွယ်ချက် ပျောက်ပျက် သွားတတ်ပေသည်။

အချို့ကမူ ပါရမီ၏ အဓိပ္ပာယ်ကို ခဲရာခဲဆစ် တွေးလွန်းကြသည် ထင်၏။ "တို့တော့ ပါရမီ နုလှပါသေးတယ်ကွယ်၊ နိဗ္ဗာန်ဆိုတာ တို့နဲ့အဝေး ကြီးပါ"ဟူ၍ ဆိုတတ်ကြ၏။ "ဒီဘဝမှာတော့ ဘယ်နည်းနဲ့မှ နိဗ္ဗာန် မရောက်ပါဘူး၊ ဒီတော့ ဖြည်းဖြည်းပေါ့ကွယ်"ဟု စိတ်လျှော့လက်လျှော့ ပြောကာ သံသရာမှာ မျောပါမိကြလေသည်။ ဖွင့်ဟဝန်ခံရပါလျှင် ကျွန် တော်ကိုယ်တိုင်ပင် နိဗ္ဗာန်ကို မိမိနှင့် အဝေးကြီးဟုထင်မိခဲ့ဖူးပါသည်။ ဤ အထင်ကြောင့် နိဗ္ဗာန်ကို မျှော်ကြည့်ရုံသာ ကြည့်ခဲ့မိသည်။ "လူ့လောက မှာ လုပ်စရာရှိတာတွေ လုပ်လိုက်ဦးမည်၊ အလုပ်တွေပြီး၍ အချိန်အားလပ် သောအခါမှ နိဗ္ဗာန်ဘက်ကို ဦးလှည့်တော့မည်"ဟု စိတ်ကူးခဲ့သည်။

အဝိဇ္ဇာနှင့် တဏှာ၏ ပရိယာယ်ကား ဤသို့ပင် လူတဦးကို တမျိုးစီ လှည့်ပတ်နိုင်စွမ်းရှိ၏။ ဆုကြီးပန်အဖြစ် ပါရမီဖြည့်ဖို့ ကြံရွယ်ယင်း လက်တွေ့ စခန်း မရောက်နိုင်ပဲ သံသရာဝယ် တလည်လည် မျောစေတတ်၏။ နိဗ္ဗာန်ကို အဝေးကြီးထင်အောင် ဖန်တီးယင်း ပေါ့ပေါ့သော့သော့ ဝီရိယလျှော့လျက် ဘဝအဆက်ဆက် ကျင်လည်စေတတ်၏။ ပါရမီ အလွန်ရင့်ကျက်နေပြီ ဖြစ်သော ပုဂ္ဂိုလ်မျိုးကိုပင် ဟိုကိစ္စ ဒီကိစ္စ လူ့ကိစ္စ လုပ်စရာကလေးတွေကို ပြကာ ဘဝနောက်ဆံတင်းအောင် ပုဆိုးစကို ဆွဲထားတတ်၏။ အဝိဇ္ဇာနှင့်

တကျော၏ တာဝန်ကား လူတွေကို သံသရာ ရှည်စေရေးပင်ဖြစ်ရာ ဤလုပ်ငန်း တာဝန်တွင် သူတို့သည် ပါရဂူမြောက် ကျွမ်းကျင်လိမ္မာကြပါပေသည်။

ဤတွင် စာဖတ်သူများ ဝေဖန်စဉ်းစားနိုင်ရန် ပါရမီနှင့် ပတ်သက်သော ကျွန်တော်၏ အယူအဆ တရပ်ကို တင်ပြလိုပါ၏။

ယနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာတော် တည်ရှိဆဲဖြစ်ရာ ဤအချိန်ကာလအတွင်း လူ့ဘဝကို ရရှိနေသော ဗုဒ္ဓဘာသာဝင် ပြည်သူလူထုအားလုံးပင် အနည်းနှင့်အများ ပါရမီရင့်ကျက်သူများချည်း ဖြစ်သည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ဘာသာခြား လူမျိုးခြားပင် ဖြစ်စေကာမူ ကျွန်တော်တို့ဗုဒ္ဓဘာသာကို စိတ်ဝင်စားလျှင် ထိုသူသည်လည်း ပါရမီ ရင့်ကျက်သူ တဦးဟူ၍ ကျွန်တော် ယုံကြည်ပါသည်။

ကုန်းသတ္တဝါ၊ ရေသတ္တဝါ၊ ကုဋေကုဋာ တိရစ္ဆာန်ဘဝ အမျိုးမျိုးကို ရှောင်ဖယ်လျက် ဤအချိန် ဤသာသနာတော်အတွင်းဝယ် ကျွန်တော်တို့ လူ့ဘဝ လူဖြစ်လာကြသည်။ ငရဲဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံ၊ ရုပ်မရှိ နာမ်မရှိသော ဘုံများကို ရှောင်ဖယ်လျက် ကျွန်တော်တို့ ဤလူ့ဘုံသို့ ရောက်လာကြသည်။ နိုင်ငံအသီးသီးအနက် ဗုဒ္ဓဘာသာ အစစ်အမှန် ထွန်းကားသော မြန်မာနိုင်ငံမှာ ကျွန်တော်တို့ နေထိုင်ကြသည်။ နိဗ္ဗာန်ရောက်ကြောင်း အကျင့်တရားများသည် ဗုဒ္ဓသာသနာတော် အတွင်းမှာပင် တလျှောက်လုံး ထာဝစဉ် အမြဲထွန်းလင်းနေသည်မဟုတ်။ တခါတရံ မှေးမှိန်တိမ်မြုပ်နေသော ကာလအပိုင်းအခြားများ ရှိတတ်သေးရာ ယနေ့ခေတ် ယနေ့အခါတွင် ဝိပဿနာ ဘာဝနာတရား ကျင့်စဉ်များ ထင်ထင်ရှားရှား ပြန်လည်ထွန်းကားလာသည့် အချိန်နှင့် ကျွန်တော်တို့ ကြုံကြိုက်နေသည်။ တရားတော်၏လက်တွေ့ကိုယ်တွေ့ကျင့်စဉ်နည်းနိဿယများကို လမ်းညွှန်ပြသနိုင်သော ဆရာကောင်း ဆရာမြတ်များအား ရှာဖွေဆည်းကပ်နိုင်သော အခွင့်အလမ်းများလည်း ယနေ့ ကျွန်တော်တို့တွင် လွယ်ကူပြည့်စုံစွာ ရှိနေသည်။

ဤကဲ့သို့ အဘက်ဘက်မှ ပြည့်စုံကြုံကြိုက်ရန် ခဲယဉ်းလှသော အခြေအနေများ ကျွန်တော်တို့တွင် ယနေ့ကြုံကြိုက်ပြည့်စုံနေခြင်းမှာ မတော်တဆ ဖြစ်လာသော ကိစ္စမျိုး မဟုတ်ချေ။ အကြောင်းမဲ့ ဖြစ်ပေါ်လာသော အကျိုးတရားမျိုး မဟုတ်ချေ။ ဤသို့ ကြုံကြိုက်ပြည့်စုံရခြင်း၏ အကြောင်းရင်းမှာ ကျွန်တော်တို့၏ ထူးခြားလှသော ပါရမီကြောင့် ဖြစ်သည်ဟု ကျွန်တော် ယူဆပေသည်။

ထို့ကြောင့် ကျွန်တော် ရဲရဲဝံ့ဝံ့ တင်ပြလိုသည်မှာ ယခု ဤစာကို ဖတ်ရှုနေသော စာဖတ်သူတွင်လည်းကောင်း၊ ကျွန်တော့်တွင်လည်းကောင်း ယနေ့ ဗုဒ္ဓဘာသာဝင်များ အားလုံးတွင်လည်းကောင်း၊ ဗုဒ္ဓဘာသာကို

စိတ်ဝင်စားသူများ အားလုံးတွင်လည်းကောင်း သာမည မဟုတ်သော အလွန်ထူးခြားသော ပါရမီနှင့် ပြည့်စုံပြီး ရှိနေကြောင်း စိတ်ချလက်ချ ယုံကြည်စေလိုပါသည်။

ထိုမှတဆင့် ယနေ့ကြုံကြိုက် ပြည့်စုံနေသော အခွင့်အလမ်းများကို နားလည်သိမြင်၍ နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်တရားများကို လက်တွေ့ ကိုယ်ခန္ဓာ အလုပ်စခန်းဝင် ရှာမှီးကျင့်ဆောင်နေသော ပုဂ္ဂိုလ်များသည် ကား ကျွန်တော်တို့ထက် ပို၍ သာ၍ ထူးခြားမြင့်မြတ်သော ပါရမီရှင်ကြီး များဖြစ်ကြောင်း ဆက်လက်တင်ပြလိုပါသည်။

ပါရမီနှင့် ပတ်သက်၍ အကျဉ်းချုပ်ဆိုလိုရင်းမှာ-

(၁) စာဖတ်သူသည် ယနေ့ ဤခေတ် ဤအချိန် ဤဒေသ၌ လူ့ဘဝ ရရှိနေခြင်းပင် ထူးခြားသော ပါရမီရှင်တဦး ဖြစ်ကြောင်း ထင်ရှားပါသည်။

(၂) လူ့ဘဝကို ခက်ခဲစွာ ကြုံကြိုက်ရရှိနေကြောင်း နားလည်၍ ဘဝမှ လွတ်မြောက်ကြောင်းတရား၊ နိဗ္ဗာန်သို့ ရောက်ကြောင်းတရား ကျင့်စဉ်များကို လက်တွေ့ကျင့်ကြံ အားထုတ်နေပြီဆိုလျှင် စာဖတ်သူသည် ပို၍ ထူးခြားမြင့် မြတ်လှသော ပါရမီရှင်ကြီးတဦး ဖြစ်ကြောင်း ထင်ရှား ပါသည်။

ထို့ကြောင့် စာဖတ်သူတို့ ကျွန်တော်တို့ အားလုံးသည် နိဗ္ဗာန်ခရီးကို သွားရောက်ရန်အတွက် ပါရမီတည်းဟူသော ခရီးစရိတ်ငွေကြေး ပြည့်စုံပြီး သူများချည်း ဖြစ်ကြပါ၏။ ထို့ကြောင့် ပါရမီမရှိ၊ ပါရမီနုသေးသည်၊ ပါရမီ ဖြည့်ဦးမည်ဟူသော အတွေးများရှိနေလျှင် ယင်းအတွေးသည် သွေးရိုးသားရိုး မဟုတ်။ အနှောင့်အယှက် ပယောဂပူးဝင်နေကြောင်း သဘောပေါက်ဖို့ လိုပါ၏။

ကျွန်တော်တို့ ဆက်လုပ်စရာကား ပါရမီခရီးစရိတ်ငွေဖြင့် သင်္ဘော လက်မှတ်၊ မီးရထားလက်မှတ်ခံပြီး နိဗ္ဗာန်သို့ လက်တွေ့ကိုယ်တွေ့ ခရီးထွက် ကြရန်သာ ဖြစ်၏။

ဆိုခဲ့သည့်အတိုင်း နိဗ္ဗာန်စခန်းသည် စင်စစ်လက်တကမ်း ခရီးမျှသာ ဖြစ်၏။ သို့သော် ဤခရီးသည် အခြားမည်သည့် ခရီးနှင့်မျှမတူ။ နီးနီး ကလေးနှင့် အလွန်ဝေးခေါင်လှ၏။ လွယ်လွယ်ကလေးနှင့် အလွန်ခက်ခဲ ကြမ်းတမ်းလှ၏။

ဤခရီးသည် ခြေနှင့်လက်နှင့် ကိုယ်ကာယနှင့် လှမ်းရသော ခရီးမျိုး မဟုတ်။ စိတ်နှင့် အသိနှင့်၊ သတိနှင့် သမာဓိနှင့်၊ ဉာဏ်ပညာနှင့် လှမ်းရသော

ခရီးဖြစ်၏။ ကုဋေကုဋာ၊ အသင်္ချေ အသင်္ချေ မရေမတွက်နိုင်သော ဘဝပေါင်း များစွာမှ အစဲ့နှောင်ကြိုး ဟူသမျှတို့ကို ဖြတ်တောက်စွန့်ခွာယင်း တက်လှမ်းရသော ထွက်ရပ်လမ်းခရီးဖြစ်၏။ ခရီးသည်၏ ကိုယ်ခန္ဓာသည် ထိုင်ရာမထ နေရာမှပင် မရွေ့ရှားစေကာမူ စိတ်သည် မရေမတွက်နိုင်သော ဘဝပေါင်းများစွာသို့ ခေါက်တုံ့ခေါက်ပြန် အဖန်ဖန် ပြေးလွှားလှုပ်ရှားနေသည်နှင့် မခြား ဒုက္ခကြီးမားလှသော ခရီးရှည်တခုကို သွားနေရ၏။ ရေမြေဆုံးသော်လည်း စိတ်၏ ခရီးသည် မဆုံးနိုင်ချေ။ သို့သော် ခရီးအဆုံးကို တကယ်တွေ့မည့်တွေ့တော့ အံ့မခန်းနိုင်အောင် မိမိ၏ လက်တကမ်းမှာပင် တွေ့ကြမည်ဖြစ်၏။

နိဗ္ဗာန်စခန်း လက်တကမ်းခရီး၏ ဆန်းဆန်းကြယ်ကြယ် မှတ်တမ်းမှတ်စုများကို ဆရာ ဦးစန်းငွေ ပြုစုသော ဤစာအုပ်တွင် စာဖတ်သူများ တဝကြီး ဖတ်ရှုလေ့လာကြရပါလိမ့်မည်။

လူတို့၏ ကံသည် အလွန်ဆန်းကြယ်၏။ ပါရမီသည် အလွန် ဆန်းကြယ်၏။ လူတို့၏ ကံကြမ္မာပါရမီနှင့် ပတ်သက်၍ မည်သည့် ပုထုဇဉ်မျှ အတပ်မသိနိုင်ချေ။ ကုသိုလ်ကံ ပါရမီ လုံးဝမရှိနိုင်ဟု တွေးထင်ရသော လူပုဂ္ဂိုလ်များတွင် ကုသိုလ်ကံပါရမီများ အံ့လောက်စရာ ကြီးကြီးမားမား ပြည့်စုံနေသည်ကို တွေ့ရတတ်၏။ စာမတတ်သော သာမန်ဆင်းရဲသား လယ်သမားဘဝမှ စွန်းလွန်း ဆရာတော်ကြီးအဖြစ်သို့ ရောက်လာသော ဥပမာကို ဆင်ခြင်သင့်၏။ ဗုဒ္ဓမြတ်စွာ ပွင့်ချိန်ခါတွင် လူများကို လိုက်သတ်၍ လက်ညှိုးဖြတ်ယူနေသော တောပုန်း လူဆိုးကြီးဘဝမှ ရဟန္တာဖြစ်သွားသော အင်္ဂုလိမာလ၏ ဥပမာကိုလည်း ဆင်ခြင်သင့်၏။

ထို့ကြောင့် ကျွန်တော်တို့သည် ယနေ့ မိမိ၏ လက်ရှိဘဝကို အထင်သေး အားငယ် မနေသင့်ချေ။ မိမိသည် စားဝတ်နေရေးအတွက် တံငါသည် အလုပ်ဖြင့် အသက်မွေးချင် မွေးရမည်။ နွားသတ်သမား ဖြစ်ချင်ဖြစ်လိမ့်မည်။ သူခိုး ဒမြ၊ လူလိမ်လူညာ၊ ပြည့်တန်ဆာ စသည်ဖြင့် လူတွေစက်ဆုပ်စရာ ဘဝမျိုးသို့ ရောက်ချင်ရောက်နေမည်။ ဤဘဝမျိုးမှာပင် မိမိကိုယ်ကို ပါရမီမရှိဟူ၍ အတပ်မပြောနိုင်ချေ။ သံဝေဂတရားဟူသည် မမျှော်လင့်သော အခြေအနေ မမျှော်လင့်သော အချိန်တွင် ရုတ်တရက် ဖြစ်ပေါ်လာပြီး လူ၏ဘဝကို လုံးဝ ဘော်လှန်ပြောင်းလဲစေတတ်ပေသည်။ ထိုအခါ မဟာဒုက္ခတွင်းဆုံးကျနေသော အဖြစ်မျိုးမှ ဖြန်းကနဲ လွတ်မြောက်ကာ ဒုက္ခအပေါင်းတို့ ကင်းငြိမ်းရာ မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုရသည်အထိ အပြောင်းလဲကြီး ပြောင်းလဲသွားနိုင်ပေသည်။

စာဖတ်သူ၏ လက်ဝယ်ရောက်ရှိနေသော ဤစာအုပ်တွင် အထက်ပါအတိုင်း မမျှော်လင့်သော ဘဝအခြေအနေမှ မမျှော်လင့်သော အချိန်တွင် မိမိတို့ လုံးဝမမျှော်လင့်ခဲ့သော နိဗ္ဗာန်စခန်းသို့ လွယ်လင့်တကူ လက်လှမ်းကူးမြောက်သွားကြသော ပုဂ္ဂိုလ်အသီးသီးတို့အကြောင်းကို အားပါးတရ ဖတ်ရှုကြရပါလိမ့်မည်။

အမှတ်မထင် ရှည်လျားသွားသော ဤနိဒါန်း၏နိဂုံးချုပ်အနေဖြင့် ကျွန်တော်လွန်စွာ နှစ်သက်စွဲမှတ်ထားသည့် ဥပမာစကားကလေး နှစ်ခွန်းကို စာဖတ်သူများအား တဆင့် လက်ဆောင်ပါးလို၏။ နိဗ္ဗာန်စခန်းသည် လက်တကမ်းမှာပင်ရှိ၏။ ယနေ့အချိန်တွင် သွားလိုသူတိုင်း သွားနိုင်ခွင့်ရှိ၏။ တကယ်သွားလျှင် တကယ်ရောက်၏။

သို့သော် ခရီးသည်အတွက် မရှိမဖြစ် လိုအပ်သော ခရီးဆောင်ပစ္စည်း တခုကို ခရီးစဉ်တလျှောက်လုံး သယ်ဆောင်သွားဖို့လို၏။ ဤပစ္စည်းကား ဇွဲလုံ့လဝီရိယဖြစ်၏။ သာမည ဇွဲလုံ့လဝီရိယမျိုးတော့ မဟုတ်။ ဥပမာစကားဆိုလျှင်—

(၁) မြင်းမိုရ်တောင်ကြီးကို ပေါက်တူးတလက်ဖြင့် ပြိုအောင်ပြိုမည်ဟူသော ယောကျ်ား၏ ဇွဲလုံ့လ ဝီရိယမျိုး။

(၂) သံကုံးကြီးကို အပ်ဖြစ်အောင် သွေးမည်ဟူသော ယောကျ်ား၏ ဇွဲလုံ့လ ဝီရိယမျိုး။

ဤမျှကြီးမားသော ဇွဲလုံ့လ ဝီရိယမျိုးနှင့် ကြိုးစားတက်လှမ်းနိုင်ပါမူကား ခရီးသည်ယောဂီအား နိဗ္ဗာန်စခန်းသည် လက်တကမ်းအကွာမှ အသင့်စောင့်လင့် ကြိုဆိုလျက်ရှိကြောင်း စကားလက်ဆောင် ပါးအပ်ပါသတည်း။

စောရွှေမိုလ်

၄-၁-၇၆

တာဝန်ခံစာတည်း၊
ရွှေသို့နှင့် ဖော်ဝပ်စာစောင်။



[နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ]

# နိဗ္ဗာန်ခရီးသည်များအတွက်

တင်စားမှုတခုဖြင့် ကျမ်းဦးစကား လက်ဆောင်ပါးလိုက်ပါရစေ။ ဓာတ်မီးခြစ်ကို ခြစ်ကြ၏။ သူခြစ် ငါခြစ် တခြစ်တည်း ခြစ်ကြ၏။ ထိုအခါ ဒက်ကနဲ တချက်တည်း ခြစ်လိုက်ရုံမျှဖြင့် မီးစွဲလာသည်လည်းရှိ၏။ နှစ်ချက်တန်သည် သုံးချက်တန်သည် ဆက်၍ခြစ်မှ မီးစွဲလာသည်လည်းရှိ၏။ တဒက်ဒက်နှင့် မည်မျှပင် ခြစ်သော်လည်း လုံးဝ မီးမစွဲလာသည်လည်း ရှိ၏။

အဘယ်ကြောင့် မီးခြစ်ကြသနည်း။

ဤမေးခွန်း၏ အဖြေကို ခြစ်သူတိုင်းသိပြီးဖြစ်၏။ ဤတွင် ခြစ်လိုက်သည်နှင့် တပြိုင်နက် တချက်တည်းဖြင့် မီးစွဲခြင်းသည် နှစ်ချက်စွဲ သုံးချက်စွဲတို့ထက် ထူးခြား၏။ ယင်းတွင် စွဲလွယ်သော မီးငြိလွယ်သော သတ္တိထူးများပါရှိကြောင်း ထင်ရှားပေသည်။

မှန်၏။ သဲထဲ၌ ရေသွန်သော်.... အချည်းနှီး ဖြစ်လေအံ့။ သွန်အပ်သောရေကို သဲက စုပ်ယူသွားသောကြောင့် ရေသည် တည်၍ မနေတော့ချေ။ ရေမတင်လေ။ အိုးထဲ၌ လောင်းထည့်အပ်သော ရေသည်ကား အိုး၌ တည်နေလေ၏။ အဘယ့်ကြောင့်ပါနည်း။ ရေတည်နိုင်လောက်အောင် အမာခံရှိထားသောကြောင့် ဖြစ်၏။

ထို့အတူပင် တချက်တည်း ခြစ်လိုက်ရုံမျှဖြင့် မီးစွဲလွယ် ငြိလွယ်ခြင်းမှာ စွဲငြိစရာ လောင်စာရှိသောကြောင့်၊ လောင်စာကောင်းသောကြောင့်ဖြစ်၏။ ထိုမှတပါးအမာခံဒြပ်ပစ္စည်းများဖြစ်သည့် မီးခြစ်ကျောက်ကလည်း ကောင်း

သောကြောင့် ဘီးကလည်း ကောင်းသောကြောင့် ဖြစ်ကြောင်းကို ကောင်းကောင်း သဘောပေါက်နိုင်ပေသည်။

ဤ၌ ဆိုလိုသည်မှာ မီးခြစ်အကြောင်း မဟုတ်ပါ။ မီးခြစ်သည် တင်စားမှုတရပ်သာ ဖြစ်ပါ၏။ ဗုဒ္ဓဝါဒီတို့ အနေအားဖြင့် ဘုရားသွားကျောင်းတက်၊ အလှူရေစက် လက်နှင့်မကွာ နေလာခဲ့ကြခြင်းသည် ရိုးရာဘာသာ ယဉ်ကျေးမှုတရပ်ကို စောင့်ရှောက်ထိန်းသိမ်းခြင်းတရပ်ပင် ဖြစ်ပေသည်။ အဆိုပါ ဘာသာရေး၏ ဦးတည်ချက်ကား နိဗ္ဗာန်ဖြစ်၏။ နိဗ္ဗာန်ကို ရလို ရောက်လိုကြသည်။ ရလို ရောက်လိုသောကြောင့် တောင့်တကြသည်။ "နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနှင့် ရောက်ရပါလို၏" ဟူ၍ သူတောင်းငါတောင်း နိဗ္ဗာန်ဆုကို တောင်းကြကုန်သည်။

နိဗ္ဗာန်ကို အဘယ်ကြောင့် ဆုတောင်းကြသနည်း။ အဘယ့်ကြောင့် နိဗ္ဗာန်ကို ရောက်လိုကြသနည်း။

> နိဗ္ဗာန်သည် ချမ်းသာ၏။ ။ပဋိသန္ဓေနေရခြင်း ဆင်းရဲလည်း မရှိ။ အိုရခြင်းဆင်းရဲ၊ နာရခြင်းဆင်းရဲ၊ သေရခြင်း ဆင်းရဲလည်း မရှိ။ စိုးရိမ်ရခြင်းဆင်းရဲ၊ ငိုကြွေးရခြင်းဆင်းရဲ၊ စားရမဲ့၊ သောက်ရမဲ့၊ ဝတ်ရမဲ့ ဆင်းရဲခြင်းလည်း မရှိ။ သန္တိသုခ—စင်စစ် ချမ်းသာ၏။ အနာတပ—သေခြင်းကင်းရာ ဖြစ်၏။ အစ္စုတ—ရွေ့လျောခြင်း မရှိလေပဲ အမြဲတည်နေ၏။ ယောဂက္ခေမ — ဘေးခပ်သိမ်း ကင်း၏။ သိဝပဒ-ချမ်းမြေ့အေးချမ်းလှစွာသော မင်္ဂလာဗိမာန်ဖြစ်၏။

ဤသို့ ဖွင့်ဆိုထားသော နိဗ္ဗာန်၏ ဂုဏ်ပုဒ်စကားတို့ကြောင့် နိဗ္ဗာန်ကို သူကလည်း လိုချင် ငါကလည်းလိုချင်နှင့် သူသူငါငါလည်း ဆုတောင်းကြခြင်း ဖြစ်ပေလသည်။

သို့သော် ခက်နေသည်ကား တဏှာဖြစ်၏။ နိဗ္ဗာန်သွားရာ လမ်းမကြီးပေါ်တွင် တဏှာငုတ်ကြီးက ကန့်လန့်ခံနေ၏။ တဏှာတန်းလန်းရှိနေသူ၊ ပင်ကူအိမ်သဖွယ် တဏှာပိုက်ကွန်ဖြင့် ထွေးယှက်နေသူ၊ တဏှာညွှန်အိုင်မှ မလွန်ဆန်နိုင်သူအား နိဗ္ဗာန်က လက်သင့်မခံချေ။ ထို့ကြောင့် နိဗ္ဗာန်သွားခရီးသည်များမှာ ယင်းတဏှာအတွက်ကြောင့် ခက်နေ၏။

> * တဏှာ၏ ညှဉ်းဆဲနှိပ်စက်ခြင်း ခံနေရသူအား သောကပွား၏။ တဏှာကို နှိပ်စက်နိုင်သူအား သောကပါး၏။ ထို့ကြောင့် တဏှာကို အမြစ်ကပြတ်အောင် ဖြတ်ကြလော့။

ဟု ဓမ္မပဒပါဠိတော်၌ ဗုဒ္ဓဟောတော်မူ၏။

---

* ဓမ္မပဒပါဠိ၊ တဏှာဝဂ်၊ ကပိလဝတ္ထု။

ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်တော်မူလေသောအခါ ရှေးဦးစွာ မည်သူ့ကို၊ မည်သည့်အရာကို ကြုံးဝါးတော်မူသည် ထင်သနည်း။ ကမ္ဘာကို လွှမ်းမိုး ချုပ်ချယ်နေသော သတ္တဝါအပေါင်းကို ထောင်းလမောင်းကျေ အောင် ဖျက်ဆီးနေသော တဏှာကို ရှေးဦးစွာကြုံးဝါးတော်မူ၏။ တဏှာက နှိပ်စက်လေသောကြောင့် ကမ္ဘာအဆက်ဆက်၊ ခန္ဓာကိုယ် အဆက်ဆက် ခံစားလာခဲ့ရသော ဒဏ်ကို ယခု ခံစားနေရဘိသကဲ့သို့ အောက်မေ့ကာ ခပ်နာနာ ဤသို့ကြုံးဝါးတော်မူ၏။

** "အင်ဂျင်နီယာ၊ တဏှာယောကျ်ား၊ ဟယ်— လက်သမား 'ငါ၏ ခန္ဓာအိမ်ကို အဘယ်သူ တည်ဆောက်လေသနည်း' ဟူ၍ အိမ်ဆောက်သူ လက်သမားဆရာ အင်ဂျင်နီယာကို ဘဝများစွာ ငါရှာလာခဲ့သည်၊ မတွေ့ချေ။ ယခုတော့ တွေ့ချေပြီ။ ငါ့ခန္ဓာ အိမ်ကို တည်ဆောက်သူမှာ သင်ဖြစ်သည်။ သင့်ကို ငါတွေ့ပြီ၊ မိပြီ။ သင် မပြေးလင့်။ မြဲမြဲသာမှတ်။ နောက်ထပ်၍ ငါ့ခန္ဓာအိမ်ကို သင် ဆောက်လုပ်ရတော့မည်မဟုတ်"

ဤကြုံးဝါးချက်သည် ဗုဒ္ဓ၏သမိုင်းတွင် 'ရှေးဦးစကား' အဖြစ် အထင် အရှား စွဲထင်လာ၏။ ဗုဒ္ဓသည်ပင်လျှင် တဏှာ၏ဒဏ်ကို ဘဝများစွာ အလူး အလဲ ခံတော်မူခဲ့ရသည်ဖြစ်ရာ သူ့သူ ငါငါ သတ္တဝါများ အဖို့တွင်ကား ဆိုဖွယ်ရာ မရှိတော့ပြီ။

သတ္တဝါတို့ကို ဇဖြသိမ့်ရာ၌ တဏှာသည် လွန်စွာပင ပါးနပ်လိမ္မာ လှ၏။ သတ္တဝါမျိုးစုံတို့၏ မျက်လုံးအစုံ၌ အသိအမြင်တွေ လွဲမှားကုန်အောင် အမှန်ကို အမှား၊ အမှားကို အမှန်ဟူ၍ ထင်လာကုန်အောင် 'အဝိဇ္ဇာမျက် နှာဖုံး' တပ်ပေးလိုက်ပြီး သူကမူ အနားတွင် လက်ပိုက်လျက် ရပ်ကြည့်နေ လေသည်။ သတ္တဝါတွေ ရှုးရှူးနှမ်းနှမ်းနှင့် အငမ်းမရ စွဲလမ်းနေပုံကို မြင်ရ လေလေ သူ့မှာ ဝမ်းမြောက်လေလေ ဖြစ်နေ၏။

စင်စစ်အားဖြင့် ရုပ်နာမ်နှစ်ရပ် ဖွဲ့စည်းပေါင်းစည်းလျက် ဖြစ်တည် နေသော ဤခန္ဓာကိုယ်အပုပ်ကောင်ကြီးနှင့်တကွ အခြားအခြားသော တိုက် တာ၊ နေအိမ်၊ အဝတ်အစား စသည်တို့ကား ဖြစ်လျှင်ပျက်မြဲ မလွဲကေန် ဖြစ်သောကြောင့် ခင်မင်စရာ တွယ်တာစရာ မရှိသည်မှာ မှန်သော်လည်း တဏှာလက်သုံး အဝိဇ္ဇာမျက်နှာဖုံးတို့ တန်ခိုးကြောင့် ထိုထိုအရာ အားလုံးကို

---

** ဝိနယပိဋက၊ ပရိဝါပါဠိတော်။

မြတ်နိုးစရာတွေ၊ ခင်မင်စရာတွေ၊ တွယ်တာစရာတွေဟု အထင်မှား အမြင်မှား အမှတ်မှားဖြစ်ကုန်လေ၏။

ထိုအခါ နိဗ္ဗာန်ကို လိုချင်သော်လည်း ခန္ဓာဝန်ထုပ် ဤအကောင်ပုပ်ကြီးကို မစွန့်ရက်နိုင်၊ မခွာရက်နိုင်၊ စွဲမက်နေကြလေသည့်အတွက် နိဗ္ဗာန်နှင့် လူသားသည် နားရွက်နှင့် မျက်စိအလား နီးလျက်နှင့် ဘဝ ကတ္တားခြားနေ၏။

သို့သော်....



ကိုယ့်ပါရမီနှင့် ကိုယ့်နိဗ္ဗာန်

လူသားသည် ဇွဲရှိ၏။ ဇွဲကောင်းသူ ဖြစ်၏။ မနေမနား မဆုတ်မနစ် ကြိုးစားတတ်၏။ 'တနေ့တလံ ပုဂံဘယ်ပြေးမလဲ' ဆိုသကဲ့သို့ တကျွာတန်း လန်းနှင့်ပင် သွေးပူလို့လဖြင့် နိဗ္ဗာန်နောက်သို့ တကောက်ကောက် လိုက်လေသည်။

ဤခန္ဓာကိုယ် ဝန်ထုပ်ကြီးကို တဘက်တွင် မနိုင်မနင်း ထမ်းပိုးသွားယင်းမှ အခြား လက်တဘက်ဖြင့် နိဗ္ဗာန်ကို လှမ်း၏။ မီးခြစ်ကို ခြစ်သကဲ့သို့ တချက်တည်း ခြစ်လိုက်ရုံဖြင့် မီးစွဲမသောင်သော်ငြားသည်း အထုံပါရမီ ဖြစ်စေခြင်းငှာ နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းများကို တတ်နိုင်သလောက် ဆည်းပူးလေသည်။ နိဗ္ဗာန်အကျင့်ကို ကိုယ်ထိလက်ရောက် ကျင့်ယင်းမှ နှုတ်အားဖြင့်လည်း "နိဗ္ဗာန်ရလိုပါ၏၊ နိဗ္ဗာန်ရလိုပါ၏" ဟူ၍ တဟွတ်တွက် ရွတ်လျက် မပြတ်အောင် ဆုတောင်းလာခဲ့သည်။

ဗုဒ္ဓပွင့်ထွန်းတော်မူသော အခါ၌ မိမိဆည်းပူးလာခဲ့သော ပါရမီ အလျောက် တရားမီးခြစ်ကို တချက်တည်းခြစ်လိုက်ရုံဖြင့် ဟုန်းကနဲတောက်၍

ဉာဏ်မီးစွဲကာ ကျွတ်ပွဲဝင်သူ ဝင်ကြသည်။ အချို့မှာ နှစ်ချက် သုံးချက်၊ အချို့မှာ လေးငါးခြောက်ချက်လောက်ခြစ်မှ ဉာဏ်မီးတောက်ကာ နိဗ္ဗာန် ရောက်သူက ရောက်ကြသည်။ သူတို့၏ ပါရမီ အနုအရင့်ကို မချင့်မှန်းနိုင်၊ မမြင်နိုင်ချေ။

ပါရမီဆိုသည်ကား မီးခဲပြာဖုံးအလားတည်း။မည်သူသည် မည်သည့် ဘဝတုန်းက ပါရမီကို မည်သို့ ဖြည့်ခဲ့သည်၊ ပြုစုပျိုးထောင်ခဲ့သည်ဟူသော အချက်မှာ အသိရခက်ဘိစွ။ တဦးနှင့်တဦး ဆည်းပူးခဲ့ကြသော ပါရမီချင်း မတူလေသည်နှင့်အမျှ နိဗ္ဗာန်သည်လည်း မတူတော့ချေ။ သူ့နိဗ္ဗာန်၊ ငါ့ နိဗ္ဗာန် ဖြစ်ချေ၏။ နိဗ္ဗာန်တံခါးအောက်သို့ ရောက်ကြသည်ချင်း တူငြားသော် လည်း ပါရမီခြားလေသည့်အတွက် ရောက်ပုံချင်းလည်း တခြားစီ ဖြစ်ရ၏။

ဉပမာ....''တရားတပုဒ်၏ အဆုံး၌ သတ္တဝါများစွာတို့ ကျွတ်တန်း ဝင်ကုန်လေ၏''ဆိုရာတွင် အချို့ကား အစ စကားတလုံး၏ အဆုံး၌ အသိ ဉာဏ်ပေါက်ကာ နိဗ္ဗာန်ရောက်သွားတော့၏။ အချို့ကား အလယ်စကားလုံး ဆုံးသောအခါ အချို့ကား တရားတော်၏ တဝက်တပြက်၊ အချို့ကား တရားတပုဒ်လုံး ဆုံးလေမှ အသိဉာဏ် ပွင့်လင်းပြီး နိဗ္ဗာန်သို့ ထုတ်ချင်း ပေါက် ရောက်သွားကြသည်လည်း ရှိလေရာ ပါရမီကွဲပြား အသိဉာဏ် ခြား နားလေသည်နှင့်အမျှ နိဗ္ဗာန်ဆုမြတ်ကို ရင်ဝယ် ပိုက်ထွေးမိခြင်းမှာလည်း ခြားနားသွားရလေသည်။

ထို့ကြောင့် ပါရမီဆိုသည်ကို မျက်မှောက်ဘဝ ပစ္စုပ္ပန်ပေတံဖြင့် တိုင်းတာရန် မလွယ်။ ဘဝများစွာက ဆည်းပူးခဲ့ဖူးသော သံသရာပေတံဖြင့် တိုင်းတာလေမှ အဖြေမှန် ထွက်လေရာသည်။ အချို့မှာ လက်ရှိဘဝတွင် အရိုးကြေကြေ၊ အရေစုတ်စုတ်၊ မဆုတ်မနစ် ကြိုးအားသစ်ခြင်းကြောင့် နိဗ္ဗာန်ကို ရသွားသော်လည်း အချို့မှာကား သက်သောင့်သက်သာ လွယ် လွယ်ကူကူနှင့်ပင် သံသရာဝဋ်မှ လွတ်မြောက်သွားပေသည်။ ထိုပုဂ္ဂိုလ်မျိုး ကား မီးခြစ်ကို တချက်တည်း ခြစ်လိုက်ခါမျှဖြင့် မီးစွဲသည်နှင့်အလား တူ၏။ ပါရမီ ထူးခြားလှသည့် ပုဂ္ဂိုလ်များ ဖြစ်ပေ၏။

ထိုထက် ထူးခြားသည်ကား အချို့ အချို့သော ပုဂ္ဂိုလ်တို့မှာ နိဗ္ဗာန် ကို မမျှော်လင့်ကြပါပဲ၊ မတောင့်တကြပါပဲ၊ မလိုကြချင်ကြပါပဲလျက် အလို အလျောက် နိဗ္ဗာန်သို့ ရောက်မှန်းမသိ ရောက်သွားကြကုန်၏။ ဉပမာ ဘုရားသခင်၏ ညီတော် နန္ဒမင်းသားကိုကြည့်လျှင် သိနိုင်၏။ သူ့စိတ်ထဲတွင် စွဲနေသည် ရှိနေသည်ကား ဇနပဒကလျာဏီသာ ဖြစ်၏။ နိဗ္ဗာန်ဆိုသည်ကို သူသည် လိုသည်းမလိုလား၊ တောင့်လည်း မတောင့်တခဲ့။ ထိုအချိန်က သူ့ စိတ်တွင် ဇနပဒကလျာဏီက လှဲလျှင် ဖွဲ့နှင့် ဆန့်ကွဲချည်း ထင်ခဲ့သူ ဖြစ်၏။

သို့သော် ‘လူ့စိတ်သည် မျောက်စိတ်နှင့် တူ၏’ဟု ဆိုကြသည် မဟုတ်ပါလော။ ဇနပဒကလျာဏီအပေါ်၌ တစွဲလမ်းလမ်း ဖြစ်နေသော ထိုနန္ဒမင်းသားသည် သူစွဲလမ်းနေသော ဇနပဒကလျာဏီထက် အဆပေါင်းများစွာ သာလွန်၍ ချောသော လှသော မက်မောစရာကောင်းသော နတ်ဒေဝီ ကညာပျိုကို မြင်တွေ့လေသောအခါ သူ့စိတ်သည် ဖောက်ပြန်လာ၏။ ချောင်းကိုပစ်၍ မြစ်ကို ရှာချင်လာသည်။ အဟောင်းကိုပစ်၍ အသစ်ကို တွယ်တာလာသည်။

ထိုအခါ ဗုဒ္ဓက သူ့ညီဘွား၏ စိတ်နေသဘောထားကို ရိပ်စားမိတော်မူသဖြင့် နန္ဒမင်းသားအား ‘‘နတ်သမီးကို ရနည်း နိဿယည်း’’ဟု ဆို၍ ဂါထာတပုဒ်ကို သင်ပေးလိုက်လေသည်။ ထိုအခါ ဖောက်ပြန်ရေးသမား နန္ဒမင်းသားသည် နတ်သမီး ချောချောလှလှကလေးကို လိုချင်သောလောဘဇောဖြင့် ထိုဂါထာကို ပါးစပ်က အမြုပ်များ ထွက်မတက် တတွတ်တွတ်နှင့် ကုန်း၍ ရွတ်လေတော့သည်။ ဤသို့ တတွတ်တွတ်နှင့် ရွတ်ဖန်များလတ်သော် လိုချင်တာကတခြား၊ ရလာသည်ကတခြား ဖြစ်သွား၏။ သူလိုချင်နေလေသည်ကား နတ်သမီးသာတည်း။ ထိုဂါထာ၏ တန်ခိုးတော်ကြောင့် သူရရှိလေသည်ကား နိဗ္ဗာန်ဖြစ်သော ဟူ၏။

ဤသို့ မရွယ်ပဲနှင့် စော်ကဲမင်းဖြစ်ဆိုသော ကိန်းမျိုးဖြင့် နိဗ္ဗာန်ကို ဦးမတည်ပါပဲ၊ မတောင့်တ မမျှော်လင့်ပါပဲလျက် သက်သောင့်သက်သာနှင့် တခဏအတွင်းမှာပင် နိဗ္ဗာန်သို့ ထုတ်ချင်းပေါက် ရောက်ရောက်သွားသူများ များစွာ ရှိချေ၏။

ဤစာအုပ်၌ မရွယ်ပဲနှင့် စော်ကဲမင်းဖြစ်သော ကိန်းမျိုးဖြင့် သက်သောင့်သက်သာ နိဗ္ဗာန်ရောက်သွားကြသည့် ယင်း ပုဂ္ဂိုလ်များ၏ သမိုင်းဖြစ်ရပ်၊ အတ္ထုပ္ပတ္တိကို စုစည်းလျက် သုတေသီများထံ တင်ပြရန် ရည်သန်၍ စီစဉ်ထားသည်ဖြစ်ရာ ရှေးဦးစွာ လေးကိုင်ဇော်ဂျီ အတတ်ပညာရှင်၊ အရှေ့ဒေါက်ဆရာ ပုဂ္ဂိုလ်ထူး ဆရာဝင်္ဂီသ၏ ဇာတ်ကွက်ဖြင့် မိတ်ဆက်အပ်ပါသတည်း။

ဒဂုန် ဦးစန်းငွေ

“ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန်တရားဟာ
ဆင်းရဲနှင့် ရင်ဆိုင် တွေ့နေရသူမှာ
ပိုပြီး အဖိုးတန်ကြောင်း”
နိဗ္ဗာန်ဆိုင်ရာ တရားတော်

(မဟာစည်)



## အရိုးခေါက်ဆရာ ပုဂ္ဂိုလ်ထူးဝင်္ဂီသ၏

## လက်တကမ်း နိဗ္ဗာန်ဝတ္ထု

မျက်လှည့်အတတ်သည် ဆန်း၏။ ထူးထွေတည့် အံ့စရာသော် အလွန်ဆန်းကြယ်သော လောကီပညာတရပ် ဖြစ်၏။ လူတကာ၏ စိတ်ကို စွဲလမ်းအောင် ချိတ်ဆွဲ၍ ဖမ်းယူနိုင်၏။ ဖမ်းစားနိုင်၏။ စက္ကူကို ကတ်ကြေးဖြင့် ညှပ်၍ လုပ်ထားသည့် စက္ကူရုပ်ကလေးကိုပင် လူပုံအလယ်၌ ထ၍ ကပြစေနိုင်၏။ ကြိုးခွေကြီးကိုပင် တကယ့်မြွေကြီးထင်အောင် လုပ်ပြနိုင်၏။

ဤသို့စသော လုပ်နည်း၊ လုပ်ဟန်၊ ရှုကွက်တို့ဖြင့် လူတို့၏ မျက်စိကို လှည့်စားလျက် တကယ်ထင်၊ အဟုတ်ထင်အောင် လုပ်ပြနိုင်စွမ်း ရှိသောကြောင့်လည်း မျက်လှည့်ဟု ခေါ်ခြင်းဖြစ်၏။ ထိုအတတ်ပညာရပ်ဖြင့် လူတို့ကို အံ့ဩစေသည်။ ရှင်တမှုံမှုံ၊ အူလှိုက်သည်းလှိုက်၊ ခွက်ထိုးခွက်လန် လူတို့အား ရယ်စေသည်။ ရင်ဖိုသည်းလှုပ် ဆတ်ဆတ်တုန် ကျောချမ်းကာ ကြက်သီးများ ဖြန်းကနဲ ဖြန်းကနဲ ထစေသည်။ ကြောက်စေ လန့်စေသည်။ ကြောက်အောင် လန့်အောင် လုပ်ပြသည်။

ဤသို့ ဤနှယ်သော အံ့ဘနန်းရှုကွက်များကို အချို့က ပဥ္စလက်နည်းဖြင့်ပြသည်ဆို၏။ အချို့က နာနာဘာဝများ မွေး၍ စေခိုင်းသည်ဆို၏။ အချို့ မျက်လှည့်ဆရာများတွင် အသုံးပြု ပစ္စည်းကိရိယာအဖြစ် ကမ္ဗလာနီကောင်၊ လူ၏ ဦးခေါင်းခွံ၊ ခြေရိုး၊ လက်ရိုးများကိုပင် ဆောင်လေ့ ရှိကြသည်ဆို၏။

* ဆရာဝင်္ဂီသကား-မျက်လှည့်ဆရာ မဟုတ်ပေ။ သို့သော် မျက်လှည့် ဆရာတို့ထက် အဆပေါင်းများစွာ မရေမတွက်နိုင်အောင် ဆန်း၏။ မျက်လှည့်ဆရာများ မတတ်နိုင်သော အတတ်ကို သူတတ်ထား လေသတတ်။

သူ၏ မိဘများကား နှယ်နှယ်ရရ မဟုတ်ကြ။ ဝါဒငါးရာစီ တတ်ထားသော ပရိဗိုဇ် လင်မယားဖြစ်၏။ ထိုပရိဗိုဇ် လင်မယားမှ-ဝင်္ဂီသ သတို့သားကို ဖွား၏။ အမိဘက်မှ ဝါဒငါးရာ၊ အဘဘက်မှ ဝါဒငါးရာအား ဖြင့် ဝင်္ဂီသသည် မိဘအမွေအဖြစ် ဝါဒတထောင်ကို စိုးပိုင်သူ ဖြစ်လာ သည်။ ဝါဒတထောင် စိုးပိုင်သူ သစ္စကပရိဗိုဇ်နှင့် ခေတ်ပြိုင် ပေါ်ထွန်းလာ သူ ဖြစ်သည်။

ဝင်္ဂီသနှင့် သစ္စကသည် ဝါဒတထောင် ပိုင်ရှင်ချင်း တူသော်လည်း "သေလေပြီးသူ၏ ဦးခေါင်းခွံကို လက်ဖြင့် ခေါက်ကာမျှဖြင့်-ထိုသူ ဘယ် ဘဝရောက်နေသည်၊ ဘာဖြစ်နေသည်"ဟု ဟောနိုင်၊ ပြောနိုင်သော အတတ် တွင် ဝင်္ဂီသက သစ္စကကို အပြတ်အသတ် နိုင်ချေ၏။

ဝင်္ဂီသသည် ဝါဒတထောင် တတ်ထားသော်လည်း ထိုဝါဒကို အသုံးမပြုလေပဲ အရိုးခေါက်ပညာဘက်၌သာ အားသန်နေ၏။ ထိုပညာကို လက်တွေ့ အသုံးချခြင်းဖြင့် သာယာနေ၏။ ထို့ကြောင့်....သူသည် ပဥ္စလက် အားကိုးသော အောက်လမ်းဆရာမျိုး မဟုတ်သော်လည်း သူရောက်လေ ရာရာ အရပ်တွင် လူ့အရိုး၊ ဦးခေါင်းခွံများသည် တောင်ပုံရာပုံမျှ ရှိလေ သော ဟူပေ၏။ သေသူ၏ မယား သို့မဟုတ် လင် သို့မဟုတ် မိဘဆွေမျိုး စသူတို့သည် မိမိတို့၏ လင်၊ မယား၊ သား၊ သမီး၊ မိဘဆွေမျိုးများ၏ ဦး ခေါင်းကို သင်္ချိုင်းမှ ယူလာကြပြီးလျှင် ဆရာဝင်္ဂီသထံ အပ်၍ "သေသူ ဘယ်ရောက်နေကြောင်းကို"အဟောခိုင်းလေသည်။ ဆရာဝင်္ဂီသသည် ထို အရိုးကို လက်ဖြင့် ခေါက်ကာ ခေါက်ကာ ပညာမျက်စိဖြင့် ကြည့်၍ "သူ အခု လူ့ပြည်မှာ လူပြန်၍ ဖြစ်နေပြီ"ဟူ၍လည်းကောင်း၊ "နတ်ပြည်မှာ နတ်သား ဖြစ်နေပြီ"ဟူ၍လည်းကောင်း၊ "ငရဲပြည်မှာ ကျခံနေရသည်" ဟူ၍လည်းကောင်း အမှန်အတိုင်း ဟောလေ၏။

ထို့ကြောင့်....သူရောက်လေရာအရပ်တွင် လူသေ ဦးခေါင်းလုံးများ ကား အုန်းသီးများ၊ ထန်းသီးများ၊ အိုးများကို ပုံထားဘိသည့်အလား

---

* သုတ္တန်ပိဋကတ်ပါဠိတော်၊ နိဗ္ဗောဓကေပ္ပ(ဝင်္ဂီသ)သုတ် ၃၂၉၊ ၎င်းအဋ္ဌက ထာ၊ နိဗ္ဗောဓကေပ္ပသုတ္တဝဏ္ဏနာ ၇၀။ သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ။ ဝင်္ဂီသသံယုတ်။ ဝင်္ဂီသ သုတ္တ ဝဏ္ဏနာ ၂၆၀။

အရိုးတောင်လိုပုံမျှ ဖြစ်နေတော့၏။ သူသည် မျက်လှည့်ဆရာ၊ ဇာတ်သဘင်သည်တို့ကဲ့သို့ အနယ်နယ် အရပ်ရပ်သို့ လှည့်၍ ဟောပြောလေ့ရှိရာ ထိုခေတ် ထိုအခါတွင် အိန္ဒိယပြည်ဘဝန်းတွင် နေနှယ်လနှယ် ထွန်းလေသတည်း။

သူ့အဖွဲ့အစည်းကား.... အင်အားမသေးလှ။ ဥပမာ....မြန်မာပြည် ဇာတ်သဘင် လောက၌ ရွှေမန်းတင်မောင်၏ ဇာတ်အဖွဲ့သည် အင်အား အတောင့်ဆုံးဟု ဆို၏။ သဘင်သည် ရာကျော်သည်ဟု ဆို၏။ ဆရာဝင်္ဂီသ၏ အဖွဲ့ကား ရွှေမန်းအဖွဲ့ထက် လေးငါးဆ ကြီးလေသည်။ တပည့်လက်သား ငါးရာကျော် ခြံရံလျက် တမြို့ပြီးတမြို့၊ တနယ်ပြီးတနယ် မြို့စဉ်တလျှောက်၊ ရွာစဉ် နယ်စဉ်တလျှောက် လှည့်လည်လေရာ၊ သူရောက်လေရာရာ ဒေသကား ပွဲလမ်းတမျှ စည်ကားလေ၏။

"ဆရာရှင့်၊ သည်ဟာ ကျွန်မချစ်သူ့ရဲ့ ဦးခေါင်းပါရှင်၊ သူ အခု ဘယ်ရောက်နေပါသလဲ၊ ကျွန်မကိုမှ သူ သတိရပါသေးရဲ့လား....ကြည့်ပေးစမ်းပါ ဆရာရယ်" ဟု အသွယ်သွယ်အဝဝ ဤသို့ မေးလာကြသူများလည်း ဒုနှဲ့ဒေးပင် ဖြစ်ချေ၏။

ဤသို့ အမြို့မြို့၊ အနယ်နယ် လှည့်ရာမှ တနေ့သောအခါတွင် ဆရာဝင်္ဂီသနှင့် အဖွဲ့သည် သာဝတ္ထိပြည်သို့ ရောက်သွားလေ၏။ မြို့တံခါးအနီးတွင် မဏ္ဍပ်ကနားကြီးစွာထိုးလျက် နေလေရာ ဝင်္ဂီသ၏ သတင်းသည် တောမီးပမာ ကူးစက်သွားလေ၏။ သာဝတ္ထိမြို့သူ မြို့သားတို့သည် သေသူ၏ ခေါင်းခွံကို ကိုယ်စီပိုက်လျက် ဟိုကတသိုက်၊ သည်ကတသိုက် ဆိုက်ရောက်လာကုန်လေရကား ခေါင်းခွံတို့သည်တောင်ပုံ ရာပုံ ဖြစ်လာပြန်လေကုန်၏။ ဆရာဝင်္ဂီသမှာ တဒေါက်ဒေါက်နှင့် ခေါင်းရိုးများကို ခေါက်ရသည်မှာ လက်မောင်းများ ပြုတ်ကျမတတ်ပင် ရှိလေ၏။

ဆရာဝင်္ဂီသ၏ ဟောချက်အရ သူ့ယောကျ်ား နတ်ပြည်မှာနတ်သား ဖြစ်နေသည်ဆို၍ ဝမ်းသာသူကသာ၊ သူ၏ ခင်ပွန်းလင်မှာ အိမ်က နွားမကြီးဝမ်းဗိုက်တွင် ပဋိသန္ဓေ နေလျက်ရှိသည်ဆို၍ နွားမကြီးကို ဂရုတစိုက် အစားအစာကျွေးသူက ကျွေးနှင့် ဆရာဝင်္ဂီသ၏ သတင်းကား ဟိုးလေး တကျော် ဖြစ်လေသတည်း။

ဆရာ ဝင်္ဂီသသည် သာဝတ္ထိသို့ ရောက်စအချိန်၊ နှစ်ရက် သုံးရက်ခန့် အတွင်း၌ ဘာသိဘာသာ နေမိသော်လည်း လေးငါးရက် ကြာလာသော အခါ သူသတိ ထားမိလာသည်။ အခြား မြို့ရွာနှင့် မတူသော ဤမြို့၏ ထူးခြားချက်ကို သူစိတ်ဝင်စားလာသည်။ "ငါရောက်လေရာရာ အရပ်တွင် လာသောပရိသတ်သည် ငါ့ပရိသတ်ချည်း ဖြစ်၏။ ခေါင်းရိုးကို ပိုက်ကာ

ပိုက်ကာဖြင့် ငါ့ထံ ဆိုက်ဆိုက်လာကြ၏။ ဤသာဝတ္ထိမြို့သူများကား ဤသို့ မဟုတ်။ ပရိသတ်သည် ငါ့ပရိသတ်ချည်း မဟုတ်။ အချို့က ခေါင်းရိုးကို ပိုက်လျက် ငါ့ထံလာသော်လည်း ဆွမ်းအုပ်များ ပိုက်လျက် အခြားတပါးသို့ သွားသူများကိုလည်း ငါတွေ့ရ၏။ အချို့က ညနေချမ်း အချိန်တွင် ပန်းစည်းများကိုယ်စီနှင့် တချီပြီးတချီ။ တသုတ်ပြီးတသုတ် ထွက်ထွက်သွားကြသည်။ သူတို့ ဘယ်ကို သွားကြလေသနည်း။ ဝင်္ဂီသသည် ဤအချက်ကို အလေးအနက် စဉ်းစားစပြုလာ၏။

နောက်တနေ့ နံနက်တွင် ဦးခေါင်းရိုး ပိုက်သူကပိုက်၊ ပန်းများကို ပိုက်သူက ပိုက်နှင့် အုပ်လိုက် သင်းလိုက် မြို့ထဲက ထွက်လာသူများကို ဝင်္ဂီသသည် စူးစိုက်စွာ ကြည့်နေ၏။ ခေါင်းရိုးကို ပိုက်လာသူများသာ သူ့ဆီသို့ လာကြပုံနှင့် ပန်းစည်း ပိုက်သူများကသူ့ဆီမလာကြပုံကို နှိုင်းယှဉ်ကြည့်လေသည်။ "ပန်းသည် မြတ်၏။ လှပ၏၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်၏။ ထိုပန်းများသည် ငါနှင့် မထိုက်တန်၍ ငါ့ထံ မယူလာကြလေသလော။ ငါသည် လူသေရိုးများနှင့်သာ ထိုက်တန်သူလော"

ဤအတွေးကြောင့် ထိုနေ့တွင်မူ သူ့ထံသို့ ရောက်လာသူများအား အကျိုးအကြောင်း မေးမိလေတော့၏။ "သူတို့ ဘယ်ကို သွားကြတာလဲ၊ ဘာလုပ်ကြတာလဲ" ဟူသော မေးခွန်း၏ အဖြေအတွက် "ဘုရားကျောင်းတော်ကို သွားကြတာပါ။ ပန်းတွေက ဘုရားသခင်ကို ပူဇော်ဖို့ လှူဒါန်းဖို့ ယူသွားကြတာပါ" ဟူသော စကားကို ကြားရသောအခါ ဘုရား အပေါ်တွင် စိတ်ဝင်စားလာသည်။ "သူတို့ ဘာ့ကြောင့် လှူကြသနည်း။ လူတို့၏ ပူဇော်အထူးကို ခံရလောက်အောင်ထိုဘုရား၌ ထူးခြားသောဂုဏ်ထူးဝိသေသ ဘာများ ရှိလေသနည်း။ ငါ ထိုဘုရားကို လေ့လာကြည့်လျှင် ကောင်းမည်"

ဤသို့ အကြံရပြီးနောက် အရိုးခေါက်ဆရာ ဝင်္ဂီသသည် မြို့ထဲမှ နောက်တသုတ်ထွက်လာသော ဘုရားကျောင်းတော်သွားမည့် လူအုပ်နှင့် အတူ ဇေတဝန်ကျောင်းသို့ လိုက်သွားလေတော့သည်။ ဘုရားသခင်၏ ရှေ့တော်သို့ ရောက်လတ်သော် "ဤသူကား....ယခု ဤမြို့သို့ ရောက်ရှိလာသည့် ဆရာဝင်္ဂီသပါတဲ့ ဘုရား" ဟူ၍ ဒါယကာတဦး၏ မိတ်ဆက်ပေးချက်အရ ဖြင့် ဘုရားသခင်၏ မျက်နှာတော်ကို ပြုံးရွှင်စွာ မော်၍ ဖူးလိုက်စဉ်....

"ဝင်္ဂီသ .... သင် ပညာဆန်းတခုကို တတ်ထားသည်ဟု ငါ ကြား၏၊ မှန်ပါသလား" ဟူ၍ ဘုရားသခင်က မေးတော်မူလိုက်သောအခါ ဝင်္ဂီသသည် အလိုက်သင့် ပြုံးလျက်ပင် ဖြေ၏။

"အရှင်ဂေါတမ.... အတတ်ပညာ တခုသာမဟုတ်၊ ကျွန်ုပ်သည် အတတ်ပညာများစွာကို တတ်သူဖြစ်၏။ အရှင် ဂေါတမသည် အဘယ်

ပညာကို ရည်စူး၍ မေးပါသနည်း''ဟု ဆို၏။ ''သေသူ၏ ဦးခေါင်းရိုးကို ခေါက်ရုံမျှဖြင့် သူ၏ လားရာဂတိကို သိနိုင်သည်ဆိုသော ပညာကို ရည်စူး၍ ငါ မေးခြင်းဖြစ်၏'' ဟုဆိုသော်....

''မှန်၏ အရှင်ဂေါတမ၊ ထိုပညာကို ကျွန်ုပ် ကောင်းကောင်း ကျွမ်းကျင်၏'' လျှောက်လျှင် မြတ်စွာဘုရားသည် ငရဲ ရောက်နေသည့် ပုဂ္ဂိုလ်တဦး၏ ဦးခေါင်းကို တန်ခိုးဖြင့် ယူလိုက်ပြီးလျှင် ဝင်္ဂီသ၏ရှေ့သို့ ထိုးပေးလိုက်၏။ ''ဤခေါင်းခွံ၏ပိုင်ရှင်သည် ယခုမည်သည့်ဘဝ ရောက်နေသနည်း'' ဟု မေးတော်မူ၏။

ဝင်္ဂီသသည် ဦးခေါင်းခွံကိုယူ၍ လက်ဖြင့် ခေါက်ကာခေါက်ကာ ပြုပြီးနောက် ''ဤသူ ငရဲ ရောက်နေပြီ အရှင်ဂေါတမ''ဟုဖြေလျှင် ဗုဒ္ဓသည် ခေါင်းညိတ်တော်မူလျက်''မှန်ပေသည် ဝင်္ဂီသ၊ သင်၏စကားသည် ကောင်းဘိစွ''ဟု ချီးကျူးတော်မူပြီးနောက် နတ်ပြည်ရောက်သူ၏ ဦးခေါင်းရိုးကိုလည်း တန်ခိုးဖြင့်ယူလိုက်ပြီး ဝင်္ဂီသ၏ ရှေ့သို့ ကမ်းလိုက်၏။

''ဝင်္ဂီသ၊ ဤသူကော အသို့နည်း၊ အဘယ်သို့ ရောက်နေသနည်း'' ဟု မေးပြန်လျှင် ဝင်္ဂီသသည် ထုံးစံအတိုင်းပင် ဦးခေါင်းရိုးကို တခေါက်ခေါက် ခေါက်လျက်မှ ''အရှင်ဂေါတမ၊ ဤသူကား နတ်ပြည်မှာ နတ်သားဖြစ်နေပါပကော''ဟု ဆို၏။ ''ကောင်းဘိစွ ဝင်္ဂီသ၊ သင့်စကား ကောင်းပါပေသည်၊ ထိုပညာရပ်တွင် တတ်ကျွမ်းသူ ပီသပါပေသည်''ဟု မိန့်တော်မူပြီးနောက် ရဟန္တာ၏ ဦးခေါင်းရိုးတခုကို တန်ခိုးဖြင့်ယူလျက် ပြပြန်၏။

''ဝင်္ဂီသ ဆိုဦးလော့ .... ဤသူ ယခု အဘယ်သို့ ရောက်နေသနည်း'' ဟု အရိုးကို ထိုးပေးလိုက်၏။ ဝင်္ဂီသသည် ထုံးစံအတိုင်းမန္တန်ကိုရွတ်၊ ခေါင်းရိုးကို လက်ဖြင့်ပုတ်လိုက် ခေါက်လိုက် ဖြစ်နေ၏။ သို့သော် ဤတချီတွင်မူ သူ့နှုတ်မှ အဖြေ ဘော်ဘော်နှင့် ထွက်မလာ။ ဝင်္ဂီသသည် မျက်ထောင့်ကြီးများပင် နီလာ၏။ ''အဘယ်ကြောင့် ငါ့အမိန့်ကို မနာခံရသလဲ'' ဝင်္ဂီသသည် ခေါင်းခွံကို ဗယ်ပြန် ညာပြန် လှည့်ကာပတ်ကာ ပွတ်ယင်း နှုတ်မှလည်း မန္တန်ကို တဘွတ်တွတ် ရွတ်သည်။ ခေါင်းရိုးကို လက်ဖြင့် နှေးနှေးခေါက်၊ မြန်မြန်ခေါက်၊ မနှေးလွန်း မမြန်လွန်းခေါက်။ ခေါက်နည်းမျိုးစုံဖြင့် တဒေါက်ဒေါက် ခေါက်သော်ငြားသည်း လက်သာပွန်းချေ၏။ အဖြေကား ထွက်မလာ။ ဝင်္ဂီသမှာ နဖူးမှ ချွေးသီးချွေးပေါက်များပင် တပေါက်ပေါက်ကျလာ၏။

(ဗုဒ္ဓ) ''ဝင်္ဂီသ၊ တော်တော် ပင်ပန်းသွားသလား''

(ဝင်္ဂီသ) ''မှန်၏ အရှင် ဂေါတမ၊ ဤအဖြစ်မျိုး တခါဖူးမျှ ကျွန်ုပ် မကြုံစဖူးခဲ့။ တော်တော်ထူးသည့် အရိုးပေတကား''

(ဗုဒ္ဓ) "ထပ်မံ ကြိုးစား ကြည့်ပါဦးမည်လား...."

(ဝဂ်္ဂသ) "ကျွန်ုပ် ပညာစွမ်းဖြင့် ဤမျှပင် လုံးပန်းနေစရာ မလိုပါ အရှင် ဂေါတမ၊ ဤခေါင်းကား ထူးဆန်းဘိစွ၊ ဤခေါင်း၏ ပိုင်ရှင် မည်သည့်ဘဝ ရောက်နေသည်ကို အရှင်ဂေါတမ သိပါစ"

(ဗုဒ္ဓ) "သိ၏ ဝင်္ဂီသ၊ ဤသူကား ငါ့ထံမှာ မိခိုရှိ၍ နေထိုင်သွားသော ငါ့တပည့်တည်း။ ယခု သူ ဘယ်ရောက်နေသည်ကို ငါသိပေ၏"

(ဝင်္ဂီသ) "ဂါထာ မန္တရားအတတ်ဖြင့် သိပါသလား....အရှင် ဂေါတမ"

(ဗုဒ္ဓ) "မှန်သည် ဝင်္ဂီသ၊ မန္တန်တပုဒ်ကို ရွတ်ခါမျှဖြင့် သူ၏ ရောက်နေရာအရပ်ကို တပ်အပ် ငါပြောနိုင်ပေသည်။

"ဂတိ မိဂါနံ ပဝနံ၊
အာကာသော ပက္ခိနံ ဂတိ၊
ဝိဘဝေါ ဂတိ ဓမ္မာနံ၊
နိဗ္ဗာနံ အရဟတော ဂတိ။ ။

"ဝင်္ဂီသ–အံ့ဩခလေးက်၊ ခေါင်းရိုးခြောက်ကို၊ ခေါက်လိုက်ရုံမျှ၊ ဘယ်ဘဝသို့၊ ရောက်ထပိုင်ပိုင်၊ သိစွမ်း နိုင်သည်၊ ပြိုင်သူကင်းစွ၊ အို....ဝင်္ဂီသ။ မိဂါနံ၊မြေပြင်တလျှောက်၊ ကဆုန်ပေါက်လျက်၊ ခုန်ပေါက် ပြေးလွှား၊ ပျော်ပါး နှစ်ထောင်း၊ သားအပေါင်းတို့၏။ ဂတိ၊ လားရာကား။ ပဝနံ–တောဖြစ်ချေ၏။ ပက္ခိနံ၊ အတောင်အားကိုး၊ မာန်ဟုန်နှိုးလျက်၊ မိုးထိဘနန်း၊ ပျံသန်းနေကြသော ငှက်အပေါင်းတို့၏။ ဂတိ၊ လားရာကား၊ အာကာသော၊ အဇဋ္ဌာဝေဟင်၊ မိုးကောင်းကင်ကြီး ဖြစ်ချေ၏။ ဓမ္မာနံ၊ မင်္ဂဖိုလ်ပိုင်းခြား၊ အမြိုက်တရားတို့၏။ ဂတိ၊ လားရာကား၊ ဝိဘဝေါ၊ ဘဝသုံးထွေ၊ တပေပေနှင့်၊ ခံနေခြင်း၊ နှောင်အိမ်တွင်းမှ လွတ်ကင်းခြင်းတည်း။ အရဟတော၊ ရမွက်ကိလေသာ၊ အာသဝေါကုန်ခန်းပြီးသော ရဟန္တာပုဂ္ဂိုလ်၏၊ ဂတိ လားရာကား။ နိဗ္ဗာနံ၊ အမြိုက်နိဗ္ဗာန် ဖြစ်သတည်း။ ဤခေါင်း၏ ပိုင်ရှင်ကား ယခု နိဗ္ဗာန်ရောက်နေပြီ ဝင်္ဂီသ"

ထိုစကားကို ကြားရသောအခါ ဝင်္ဂီသ၏ သန္တာန်၌ အံ့ဩခြင်း၊ ပမ်းသာခြင်းများ ချာတွေးယှက်တင် ဖြစ်ပေါ်လာလေ၏။ သူသည် သူ့ကိုယ်သူ "ငါအတတ်ဆုံး၊ ငါအသိဆုံး၊ ငါနားအလည်ဆုံး" ဟူ၍ ငါဟူ

သော မာန်တံခွန်ကို တလူလူလွင့်ထူလာခဲ့ရာမှ သူ့ထက် ပညာစွမ်းထက်သူကို တွေ့နေရ၍ အံ့ဩမိခြင်း ဖြစ်ရသည်နှင့်အမျှ ဗုဒ္ဓအပေါ်၌ ပို၍ စိတ်ဝင်စားလာသည်။ စိတ်ဝင်စားမိသည်နှင့် အမျှလည်း ဝမ်းသာခြင်းက တွဲလျက် ပါလာသည်။ ဝမ်းသာခြင်းကား အခြားကြောင့်မဟုတ်။ ဗုဒ္ဓထံမှ ပညာထူးကို ဆည်းပူး၍ ရအောင်ယူမည်။ ထိုပညာကိုသာ ရလိုက်လျှင် ငါသည် 'ဇမ္ဗူတွင်တလူ' ဖြစ်လာမည်။ ငါ့မှာ ရှိရင်းစွဲ ပညာများအပေါ်တွင် ဤပညာကို ထပ်လောင်း၍ စွက်လိုက်လျှင် ငါ့ကို အဘယ်သူ ဘက်ပြိုင်ဝံ့တော့မည်နည်း။

ဝဂ်ီသသည် ဗုဒ္ဓထံမှ ပညာကို ရမည် မရမည် မသိသေးပဲလျက် သူ့အတွေးနှင့်သူ မာန်ဝင့်နေ၏။ ရလိမ့်မည်ဟူ၍လည်း သူတွက်ထား၏။ သို့သော် အချိုးနိုးလက်ဖြန့်၍ တောင်းယူခြင်းထက် ပညာချင်းလဲလှယ်၍ ယူခြင်းက တန်ဖိုးရှိမည်ဟု တွက်ဆမိလေသည့်အလျောက် လက်စုံမြှောက်၍ ဤသို့ လျှောက်ထား ပန်ကြားလေသတည်း။

(ဝင်္ဂီသ) "အို....အရှင်ဂေါတမ၊ သင့်မန္တန်ကား စိတ်ပင်စားဖွယ် မန္တန် မှန်ပေ၏။ ကျွန်ုပ် မန္တန်နှင့် မန္တန်ချင်း လဲပါလော့၊ သင့် မန္တန်ကို ကျွန်ုပ်အား ပေးပါလော့၊ ကျွန်ုပ် မန္တန်ကို ယူပါလော့"

(ဗုဒ္ဓ) "ဝင်္ဂီသ၊ ငါကား မန္တန်ချင်း ဖလှယ်နေသူ၊ မန္တန်ကို ရောင်းစားနေသူ မဟုတ်၊ ငါ့မန္တန်ကို သင် အလိုရှိခဲ့သော် ရစေအံ့။ မန္တန်ချင်း လဲလှယ်ရန် မလို၊ အခမဲ့ပင် သင့်အား ငါပေးအံ့"

(ဝင်္ဂီသ) "သည်လိုဆိုပါလျှင် ဝမ်းမြောက် လှပါသည် အရှင်ဂေါတမ၊ ကျွန်ုပ်အား မန္တန် ပေးပါလော့"

(ဗုဒ္ဓ) "ရစေအံ့ ဝင်္ဂီသ၊ သို့သော် ဤပညာကား ငါ့ထံ ရဟန်းပြုသူများသာ သင်နိုင်ခွင့် ရှိသဖြင့် ဤပညာကို အလိုရှိက ရှေးဦးစွာရဟန်းပြုရပေမည်။သင်ရဟန်း ပြုနိုင်ပါမည်လော"

ထိုအခါ ဝင်္ဂီသသည် တွေး၍ စဉ်းစားနေလေ၏။ တော်တော်နှင့် အဖြေမပေးနိုင်ပဲ ဖြစ်နေ၏။ "ငါသူ့ထံ ပညာသင်လျှင် သူ့တပည့်ခံရကျမည်။ တဖန် သူ့ထံ ရဟန်းပြုသူမှ ဤပညာကို သင်ယူခွင့်ရှိသည် ဆိုသဖြင့် ပညာလိုချင်၍ သူ့ထံ၌ ရဟန်းပြုခဲ့သော် ငါ့အဖို့ နှစ်ခါရှုံး ရှုံးနေမည်ဟု တွေးကာ အဖြေမပေးနိုင်ပဲ ဖြစ်နေသည်။

သို့သော် သူသည် ပညာသမား၊ ပညာကို တန်ဖိုးထားသူ၊ ပညာကို လေးစားသူ၊ မြတ်နိုးသူဖြစ်သည့်အလျောက် "ပညာကို ရခြင်းသည်သာ ပဓာန"ဟု ယတိပြတ် ဆုံးဖြတ်လိုက်ပြီးနောက်—

(ဝင်္ဂီသ) "အရှင်ဂေါတမ၊ ရဟန်းပြုရန် ကျွန်ုပ် ဝန်မလေးပါ၊ သို့သော် ကျွန်ုပ်တွင် တပည့်လက်သား များစွာ ရှိသဖြင့် ၎င်းတို့အား အသိပေးရန် တာဝန်နှင့် အစစအရာရာ မှာကြားရန် တာဝန်များ ရှိပါသောကြောင့် ကျွန်ုပ်၏ တပည့်များနှင့် တိုင်ပင်ပါရစေဦး"

(ဗုဒ္ဓ) "ဝင်္ဂီသ၊ ဤသည်ကား သင့်ကိစ္စသာ ဖြစ်ဘိ၏။ သင့်ကိစ္စ၊ သင့်တာဝန်ကို သင်သိလေ့"

ထိုနောက် ဝင်္ဂီသသည် ဘုရားထံမှ ပြန်လာခဲ့ပြီး တပည့်လက်သား အားလုံးကို ချက်ချင်း အစည်းအဝေး ခေါ်လိုက်ပြီးနောက် တပည့်များနှင့် တိုင်ပင်လေ၏။

(ဝင်္ဂီသ) "အမောင်တို့၊ ရှင်ကြီးဂေါတမထံမှ ယခု ငါပြန်လာ၏။ သူသည် အကျော်ဇေယျ ပုဂ္ဂိုလ်တဦး ဖြစ်သောကြောင့် သူ့ထံသို့ ငါကိုယ်တိုင် သွားရောက်၍ သူ၏ အရည်အချင်းကို ငါလေ့လာ အကဲခတ်ခဲ့၏။ သူသည် ကျော်သလောက် အလွန်တော်သော ပုဂ္ဂိုလ်ပေတည်း။ လွန်လွန်ကဲကဲ ထူးချွန်စွာ ပညာတတ်မြောက်ထားသူ ဖြစ်၏။ အစပထမတွင် သူ့ကို ငါအထင်သေးမိ၏။ အခြားပညာဘက်တွင် အဘယ်မျှ ထူးထူးချွန်ချွန် တတ်မြောက်စေကာမူ အရိုးခေါင်းခေါက် အတတ်တွင် ငါ့ကို အရှုံးပေးရမည်၊ ငါ့လိုတတ်မည့်သူ မဟုတ်ဟု ထင်ခဲ့၏။ လက်တွေ့တွင်ကား အထင်နှင့် အမြင် ကွာခြားကြောင်း၊ ငါသူ့ကို အထင်သေးမိသည်မှာ မှားကြောင်း ငါ လက်တွေ့ ဖြစ်ခဲ့ပြီ"

ဝင်္ဂီသ သည် မြတ်စွာဘုရားနှင့် တွေ့ခဲ့ပုံများနှင့်တကွ ထူးဆန်းသော ဦးခေါင်းခွံတခုကို တွေ့ခဲ့ရပုံ၊ ထိုဦးခေါင်းရိုးကို မန္တန်ရွတ်၍ ဘယ်လိုပင် ခေါက်သော်လည်း ဘယ်ဘဝရောက်နေကြောင်း မသိပုံများကို လှိုက်လှိုက် လှဲလှဲ အားပါးတရ ချီးကျူးပြောပြလေသောအခါ တပည့်တဦးက ထ၍ မေးလေ၏။

(တပည့်) "သခင်၊ အဲဒီ ခေါင်းရိုးခြောက် ဘယ်ရောက်နေသည် ဆိုတာကို ရှင်ဂေါတမက သူကော သိရဲ့တဲ့လား"

(ဝင်္ဂီသ) "သိပေ၏ တပည့်၊ အဲဒီခေါင်းရိုးဟာ သူ့တပည့်ဖြစ်ပြီး အခု နိဗ္ဗာန်ဘုံ ရောက်နေသတဲ့"

(တပည့်) "နိဗ္ဗာန် ဆိုတာက ဘယ်မှာလဲ"

(ဝင်္ဂီသ) "ငါမသိ၊ ငါမပြောတတ်၊ ငါမသိ၍ပင် ထိုနိဗ္ဗာန်ကို ပို၍ စိတ်ဝင်စားမိခြင်း ဖြစ်၏။ ငါ့ပညာစွမ်းဖြင့် ခေါင်းရိုး ခေါက်လျှင် ဒေါက်ကနဲ ဘယ်ရောက်နေသည် ဆိုတာကို တပ်တပ်အပ်အပ်ဟောနိုင်ခဲ့ပါလျက်နှင့်ဤခေါင်းရိုးကျခါမှ မသိရခြင်းအတွက် ငါ နည်းနည်းမျှ မကျေနပ်။ မသိခြင်းမှာ ထိုနိဗ္ဗာန်ဘုံကြောင့်သာ ဖြစ်ရမည်။ ထိုဘုံဟာ ဘာဆိုသည်ကို ငါသိချင်သည်။ ထိုအတတ်ကို တတ်မြောက်၍ ငါ့လက်ရှိ ပညာနှင့် စပ်နှောလိုက်ရလျှင် လောကဓာတ် နယ်ဘခိုမှာ ငါ့ကို ဘယ်သူ တုပနိုင်တော့မည်နည်း။ ဤကြောင့် ထို အတတ်ပညာကို တတ်မြောက်အောင် ရှင်ကြီးဂေါတမထံ ငါ့ပညာ သင်ချေဦးအံ့"

ဟု ဆိုလျှင် တပည့်တို့သည် အုတ်အုတ်ကျက်ကျက် ဖြစ်ကုန်လေ၏။ ရှင်ကြီးဂေါတမထံ တပည့်မခံရန် ပြင်းပြင်းထန်ထန် ကန့်ကွက်ကြကုန်လေ၏။

(ပထမလူ) "သခင်၊ စဉ်းစားတော်မူပါလော့။ သခင်သည် အကျော် ဇေယျ ပုဂ္ဂိုလ်ဖြစ်ကြောင်း အတိုင်းတိုင်း အပြည်ပြည်က သိရှိကြပြီး သခင့်ကို များစွာ ကြည်ညိုလေးစားလျက် ရှိကြ ပါကုန်၏။ တုဘက်ကင်းလွတ် အထွတ်အုံး အမြတ်ဆုံးသော ဆရာတဆူအဖြစ် အသိအမှတ် ပြုထားကြပါကုန်၏။ သို့ဖြစ် ပါလျက် သခင်က ရှင်ကြီးဂေါတမထံသွား၍ ပညာသင်မည် ဆိုသော် လူပေသိမ်းတို့ကလည်း သခင့်အပေါ်တွင် အကြည် ညိုတန်ပြီး သခင်မှာလည်း သိက္ခာကျလွန်းလှပါသည်။ ကျွန် တော့်အနေဖြင့် သဘောမတူပါ။ ကန့်ကွက်ပါသည်"

ဟု ဆိုလိုက်သည်နှင့် တပြိုင်နက်

"ဟုတ်တယ်....မှန်တယ်၊ ကျွန်တော်တို့လည်း သဘောမတူ ဘူး၊ ကန့်ကွက်ပါတယ်"

ဟူ၍ တယောက်တပေါက် ထ၍ ကန့်ကွက်ကြလေတော့ရာ ဆရာဝင်္ဂီသက "ငြိမ်ကြငြိမ်ကြ"

ဟု လက်ကာ၍ တပည့်များအား ထိန်းချုပ်လိုက်ပြီးနောက်—

(ဝင်္ဂီသ) ''တပည့်တို့၊ သင်တို့၏ စေတနာကို ငါလေးစားပါ၏။ သို့သော် ငါ့ကို နှောင့်ယှက်ရန် မသင့်''

(တပည့်တဦး) 'နှောင့်ယှက်သည်ဟု မယူဆ စေလိုပါသခင်။ ပညာရှိ သတိဖြစ်ခဲ့ ဆိုသကဲ့သို့ သခင် သတိမထားမိ၍ ရှင်ကြီး ဂေါတမ၏ ကျော့ကွင်းသို့ ပျော့ပျော့ကလေးနှင့် ကွေးကန် မိခြင်းခံနေရသည်ဟု ကျွန်တော် မြင်ပါသည်''

(ဝင်္ဂီသ) ''သင်....ဘာကို ဆိုလိုသနည်း''

(တပည့်) ''ရှင်ကြီးဂေါတမက သူ့ပညာ လိုချင်လျှင် သူ့ထံ ရဟန်း ပြုမှ သင်ပေးနိုင်မည်ဟု ဆိုသည် မဟုတ်ပါလား သခင်''

(ဝင်္ဂီသ) ''ဤစကား အမှန်ပင် ဖြစ်ပေ၏''

(တပည့်) ''သခင် ...ရှင်ကြီး ဂေါတမသည် ပရိယာယ်မာယာ အလွန် များကြောင်း၊ ပရိယာယ်မာယာဖြင့် သူ့တပည့်ဖြစ်အောင် သိမ်းသွင်းပြီး သူ၏ ဂိုဏ်းဂဏ ကြီးပွားရေးကို လုပ်ဆောင် နေကြောင်း သခင်လည်း ကြားဖူးပါလိမ့်မည်၊ ပညာ ဘယ်ခနမှန်း မသိရခင်က ရဟန်းပြုလိုက်လျှင် သခင်သည် သူ့တပည့် ဖြစ်သွားပြီ၊ ရှင်ကြီးဂေါတမသည် ဤနည်းဖြင့် ချည်း ဖြားယောင်း သွေးဆောင်လျက် ဂိုဏ်းဂဏ တည် ထောင်နေသည်ကို သခင် သတိပြုတော်မူပါ၊ ရာဇဂြိုဟ် ပြည်က မိန်းမတွေကဆိုလျှင် သူတို့ လင်ယောကျ်ားတွေကို ဖြားယောင်း သွေးဆောင်၍ ရဟန်းပြုရပါမည်လားဟူ၍ ရှင်ကြီးဂေါတမအား ဝါးစားချင်လောက်အောင် ဒေါသ ထွက်နေကြသည်မှာ အထင်အရှား ဖြစ်ပါသည်၊ ကျွန် တော်၏ အထင်မှာ သခင်အား ပညာဖြင့် တပည့်အခံခိုင်း သည်ဟု ထင်ပါသည်၊ သခင့်အနေဖြင့် ရှင်ကြီးဂေါတမထံ တပည့်မခံသင့်ပါ''

ဟု ဆိုသောအခါ ထိုစကားကိုလည်း တခဲနက် ဝိုင်း၍ထောက်ခံကြလေ သောကြောင့် ဆရာဝင်္ဂီသမှာ သူ့တပည့်များအား အုပ်မနိုင် ထိန်းမရ အခြေအနေမျိုး ဖြစ်နေလေ၏။

(ဝင်္ဂီသ) ''နားထောင်....တပည့်တို့''

ဩဇာသလေးနက်လှစွာသော အသံဖြင့် ခြသေ့်မင်း ဟောက်သကဲ့သို့ ပြောင်မြောက်စွာ ဟစ်ကြွေးလိုက်သည်တွင်ကား တပည့်တို့သည် မီးကို

ရေဖြင့် ငြိမ်းသတ်လိုက်သည့်အလား အားလုံး တိတ်ဆိတ် ငြိမ်သက်စွာဖြင့် ဆရာဝင်္ဂီသ မြွက်ကြားမည့် စကားကိုသာ ကြိုလင့်နေကြကုန်လေ၏။

(ဝင်္ဂီသ) "တပည့်တို့.... ပညာဆိုသည်မှာ မည်သူ၏ထံမှပင် ဖြစ်စေ ရမည်ဆိုက သင်ယူ ကောင်းသည်သာတည်း။ ငါနှယ် သူ့ကို မဆိုထား ရေမြွေရှင် ဘုရင်ကေရာဇ်မင်းကြီး တဆူ ဖြစ်တော်မူသော သုဘဒေဝမ မင်းကြီးသည်ပင်လျှင် ပုဏ္ဏား ထံမှ ပညာကို အသပြာ တထောင်ပေး၍ သင်ယူခဲ့ဖူးချေ သည်။ ငါသည် ပညာကို လိုလားသူ၊ မြတ်နိုးသူ ဖြစ်၏။ ငါ၏ ပညာရေးကို သင်တို့တောင်းမဲ့ကြောင့် အနှောင့် အယှက် ပေးကုန်ဘိသနည်း၊ တပည့်တို့....မီးရောင်၊လရောင်၊ နေရောင်ဟူ၍ အရောင်သုံးမျိုး ရှိလေသည့်အနက် ဘယ် အရောင်သည် အတောက်ပဆုံး အထွန်းလင်းဆုံး ထင် သနည်း"

(တပည့်များ) "နေရောင်သည် အတောက်ပဆုံးပါ သခင်"

(ဝင်္ဂီသ) "ကောင်းပြီ၊ ထိုနေရောင်သည် ညအခါမှာ ထွန်းလင်း တောက်ပ နိုင်ပါသလော"

(တပည့်များ) "ဤသို့ မဖြစ်နိုင်ပါသခင်၊ ညအခါတွင် လရောင်သည်သာ အထွန်းလင်းနိုင်ဆုံးပါသခင်"

(ဝင်္ဂီသ) "ကောင်းပြီ၊ထိုလရောင်သည်လည်း နေ့အခါမှာ ထွန်းလင်း တောက်ပ နိုင်ပါသလော"

(တပည့်များ) "ဤသို့ မဖြစ်နိုင်ပါ သခင်"

(ဝင်္ဂီသ) "နေရောင်သည် နေ့အခါတွင် တောက်ပ၍ လရောင်မှာ ညအခါတွင် ထွန်းလင်းသည်မှာ ဟုတ်ပါစေတော့၊ ထိုနေ ရောင် လရောင်တို့သည် ဝါးလုံးခေါင်း အတွင်း၌ လင်းနိုင် ကုန်ပါသလား"

(တပည့်များ) "ဤသို့ မလင်းနိုင်ပါသခင်၊ ဝါးလုံးခေါင်း အတွင်းသို့ ထွင်းဖောက်၍ လင်းနိုင်သည်ကား မီးရောင်သာ ဖြစ်ပါ သည်။ မီးရောင်ကား ချောင်းကြိုချောင်ကြားမရွေး အလင်း ရောင်ကို ပေးစွမ်းနိုင်ပါသည်သခင်"

(ဝင်္ဂီသ) "တပည့်တို့၊ ငါကား ထိုမီးရောင် လရောင် နေရောင်တို့ ထက် အဆပေါင်းများစွာ လင်းလက် တောက်ပသော

ပညာတန်ဆောင် ဉာဏ်အရောင်ကို လိုလားပေသောကြောင့် ငါ့ဂုဏ်ကို လည်းကောင်း၊ ငါ့သိက္ခာကို လည်းကောင်း ငါ မစဉ်းစားနိုင်၊ ပညာကိုသာ ဦးစားပေး၍ ငါ စဉ်းစားကာ ရဟန်းပြုအံ့ ဟူ၍ ငါဆုံးဖြတ်ပြီး ဖြစ်၏။

''တပည့်တို့၊ ငါ၏ ထက်မြက်သော ပညာ ဉာဏ်စွမ်းကို သင်တို့ မှန်းဆနိုင်လိမ့်မည်ဟု ငါထင်၏။ ငါ့ဉာဏ်ဖြင့် သင် လိုက်သော် အနည်းငယ်သော ရက်ကာလ အပိုင်းအခြား အတွင်းမှာပင် ကိစ္စပြီးလေအံ့၊ တတ်မြောက်လေအံ့၊ ထိုမျှ သော ကာလကလေးအတွင်း သင်တို့ သည်းခံ၍ နေကြ ကုန်လော့၊ ရှင်ကြီး ဂေါတမထံမှ ပညာရခဲ့သော် ငါ့အဖို့ သာ အကျိုးရှိမည် မဟုတ်၊ သင်တို့လည်း အကျိုးရှိကုန်အံ့၊ ငါပြန်မလာမီအတွင်း အချင်းချင်း သင့်တင့်စွာ နေရစ်ကြ ကုန်။ ယခုပင် ရှင်ကြီးဂေါတမထံ သွား၍ ရဟန်းပြုအံ့။ လိုအပ်သော ပညာကို အမိအရ ပိုက်ထွေးလျက် သင်တို့ထံ ငါပြန်လာခဲ့အံ့''

ဟု မြွက်ကြားလိုက်သော အခါ၌ကား ဦးခေါင်းငိုက်စိုက်နှင့် ငြိမ်၍သာ နားစိုက်၍ ထောင်နေကြလေ၏။

ဤသို့ တပည့်များအား မှာထားပြီး နောက် ဆရာဝစ္ဆဂေါတ္တ သည် ဇေတဝန်ကျောင်းတော်သို့ သွားပြီးလျှင် မိမိကိုယ်ကို ဘုရားသခင်ထံ အပ်နှံ လေ၏။

(ဝစ္ဆ) ''ကဲ– အရှင်ဂေါတမ၊ ထုံးစံရှိသည့်အတိုင်း ကျွန်ုပ်အား ရဟန်းပြုပေးပါလော့။ သင့်ထံ၌ ကျွန်ုပ် ပညာ သင်ယူလို ပါ၏။

ဝစ္ဆ၏ ဦးတည်ချက်ကား ရှင်းလှ၏။ ပြတ်သား၏။ သူသည် နိဗ္ဗာန်ကို မတောင့်တ၊ မမျှော်လင့်။ နိဗ္ဗာန်ဟူသော စကားကို ကြားရ ကောင်းစေဟူ၍ပင် သူ မအောက်မေ့။ သူလိုချင်သည်ကား ဦးခေါင်းရိုး ခြောက်ကို တဒေါက်ဒေါက် ခေါက်ရုံမျှဖြင့် အကြွင်းမရှိ ဘယ်သူ ဘယ် ရောက်နေသည်ကို သိလိုခြင်းသာ ဖြစ်၏။ ဤပညာကိုရအောင် ဆရာတဆူ ဖြစ်လျက်နှင့် မိမိသိက္ခာကို အကျခံကာ ပညာအတွက် ဂုဏ်သိက္ခာ အပျက် ခံလာသတည်း။

ထိုသို့ ရဟန်းပြုပေးပါချန် ဝစ္ဆက ခွင့်ပန်လေသောအခါ ဗုဒ္ဓ သည် အနီးတွင်ရှိနေသော 'အရှင် နိဂြောဓကပ္ပ' ရဟန္တာ မထေရ်အား

တာဝန်လွှဲအပ်လိုက်လေ၏။ "နိဂြောဓ၊ ဝင်္ဂီသကို ရဟန်းပြုပေးလိုက်" ဟု စေခိုင်းလျှင် အရှင်နိဂြောဓကပ္ပသည် ဝင်္ဂီသကို သူ့ကျောင်းကိုခေါ် သွားပြီးလျှင် ရဟန်းပြုပေးလိုက်၏။ လောကီဝိဇ္ဇာ ပါရဂူ ဆရာဝင်္ဂီသ ဟူသော အမည်ပျောက်၍ ယခုအခါ 'ဘိက္ခုဝင်္ဂီသ' ဟူသော အမည်သစ်ဖြင့် တခေတ်ပြောင်းလာပြီဖြစ်၏။

ဘိက္ခု ဝင်္ဂီသသည် နိဗ္ဗာန်ကို စိတ်ကူးထဲတောင်မှ မထည့်မိဖူး ပါပဲလျက် အံ့သြဖွယ် ကောင်းလောက်အောင် နိဗ္ဗာန်သို့ အရောက်မြန်လှ၏။ ရဟန်းပြုပြီးလျှင် ဗုဒ္ဓထံတော်သို့ ပြန်သွားပြီးလျှင် "အရှင်ဘုရား၊ တပည့်တော် ရဟန်းပြုခဲ့ပြီ၊ ပညာကို သင်ပေးပါလော့" ဟု လျှောက်လေသည်။ ထိုအခါ ပရိယာယ်အရာ၌ လိမ္မာတော်မူလှသော မြတ်စွာဘုရားသည် "ချစ် တပည့် ဝင်္ဂီသ၊ သင်တို့ပညာသင်ပေးစဉ်အခါ ပရိကံဟူသည်ကို ပြုကြမြဲ မဟုတ်ပါလော။ ပညာကို မသင်မီ နေရာကို သန့်ပြန့်အောင်ပြုခြင်း၊ ပန်း ပေါက်ပေါက်ကြဲခြင်း စသော ပရိကံအမှုတို့ကို ပြုပြီးမှ သင်ကြသည် မဟုတ် လော။ သင့်အား ငါသင်ပေးမည့် ပညာ၌လည်း မသင်မီ ပြုလုပ်ရမည့် ပရိ ကံများ ရှိချေ၏။ ထိုပရိကံကို သင်ပြုလုပ်ဦးလော့"

မိန့်တော်မူလျှင် "ကောင်းပါပြီဘုရား...."ဟု ဘိက္ခု ဝ ဂ်ီ သက လျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဘိက္ခုဝင်္ဂီသအား ပရိကံအဖြစ် ဒွတ္တိံသ ကာရ ကမ္မဋ္ဌာန်းကို ဟောကြားတော်မူ၏။ ၃၂ ကောဋ္ဌာသကို အနုလုံ ပဋိလုံ အပြန်ပြန် အလှန်လှန် အစမှ အဆုံးသို့လည်းကောင်း၊ အဆုံးမှ အစ သို့လည်းကောင်း၊ သို့မဟုတ် ပိုင်း၍ပိုင်း၍သော်လည်းကောင်း ရွတ်ဆိုစေ၏။

ဥပမာ....ကေသာ လောမာ နခါ ဒန္တာ တစော (အနုလုံ)။

တစော ဒန္တာ နခါ လောမာ ကေသာ (ပဋိလုံ)။

ဤသို့ အနုလုံ ပဋိလုံ အပြန်ပြန် အလှန်လှန် ပိုင်း၍ ပိုင်း၍ ရွတ်ဆို စေ၏။ ယင်း ကမ္မဋ္ဌာန်းကို မြန်မာလို စီးဖြန်းသော်....

မြန်မာလို။ ။ဆံပင်၊ မွေးညင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ (အသွား)။

အရေ၊ သွား၊ ခြေသည်းလက်သည်း၊ မွေးညင်း၊ ဆံပင် (အပြန်)။

ဤသို့အားဖြင့် ၃၂ ကောဋ္ဌာသစလုံးကို သော်လည်းကောင်း၊ ပိုင်း၍ ပိုင်း၍ သော်လည်းကောင်း၊ အနုလုံ ပဋိလုံ ခေါက်တုံ့ခေါက်ပြန် ပွားများ စီးဖြန်းဖန် များလာသောအခါ ဉာဏ်သက်မြက်သူ ဖြစ်သည့်အတိုင်း ကေသာ၊ လောမာ (ဆံပင်၊ မွေးညှင်း) စသော နာမပညတ်ကို မမှတ်သားလေတော့ပဲ ဤခန္ဓာကိုယ်ကောင်၌ ရစ်ဖွဲ့သိုင်းဝိုင်း ရှိနေကုန်သော ၃၂ မျိုးသော အစုအပုံတို့ကို "ဤကား စက်ဆုပ်ဖွယ်၊ ဤကား စက်ဆုပ်ဖွယ်" ဟု ဉာဏ်၌ စွဲထင်လာလေ၏။

ဤသို့ ဒွတ္တိံသ ကမ္မဋ္ဌာန်းကို အသပ်ထပ် အခါခါ အကြိမ်ကြိမ် အဖန်ဖန် အတန်တန် အခေါက်ခေါက် မနေမနား တောက်လျှောက် ပွားဖန်များလတ်သော် ဘိက္ခုဝင်္ဂီသကား သမာဓိခိုင်ခိုင်နှင့် မယိုင်မယိမ်း မတိမ်းမပါး ကြိုးစားခြင်းအားဖြင့် အရဟတ္တဖိုလ် ပေါက်ပြီးလျှင် သူ မမျှော်လင့်သော၊ သူ ဘယ်တုန်းကမျှ မရှယ်စူးခဲ့သော နိဗ္ဗာန်သို့ ထုတ်ချင်းပေါက် ရောက်သွားလေပြီတည်း။ ရဟန္တာကြီး ဖြစ်သွားလေပြီတည်း။

ဤဝင်္ဂီသ ဘိက္ခု၏ ဖြစ်ရပ်ကို ထောက်လျှင် သူနှင့် နိဗ္ဗာန်စခန်းမှာ လက်တကမ်း လက်တလှမ်းမျှ၌သာ ရှိနေကြောင်း ပေါ်လွင်ထင်ရှား၏။ သို့ကြောင့်သာ သက်သောင့်သက်သာနှင့် ဆောလျင်စွာ လှမ်း၍ ယူနိုင်ခြင်းဖြစ်၏။

လူ့ဘောင်ပြန် သက်နှုံးချွတ်၍ 'အရိုးခေါက် ပညာစွမ်းဖြင့် လျှမ်းလျှမ်းတောက် ကြဲလိုက်မည်' ဟု အားခဲ၍ ပညာကိုသင်ယူခဲ့သော ဝင်္ဂီသကား ယခုအခါတွင် ထိုပညာကို စိတ်ကူးထဲမျှပင် ထည့်၍ မတွေးတော့ပြီ။ "အဟောသုခံ ပဗ္ဗဇ္ဇာ၊ အဟောသုခံပဗ္ဗဇ္ဇာ-ရဟန်းအဖြစ်ကား ချမ်းသာစွ၊ ရဟန်းအဖြစ်ကား ချမ်းသာစွ" ဟူ၍ အရိုးခေါက် မန္တန်အစား ဤဂါထာကိုသာ တတွတ်တွတ် ဆိုယင်း သမကာသုခကို ခံစားလေပြီတည်း။

ဘိက္ခုဝင်္ဂီသ၏ ဉာဏ်သည် ဆန်း၏။ ပညာသည် ထူးခြား၏။ ထူးခြားဆန်းကြယ်သော ဉာဏ်ပညာရှိသူဖြစ်၏။ သို့ကြောင့်ပင်လည်း လူ့ဘဝ၌ နေခဲ့စဉ်က သူတထူးတို့ မတတ်စွမ်းနိုင်သော 'အရိုးခေါက်ပညာဆန်း' ကို သူတတ်ကျွမ်းခဲ့ခြင်း ဖြစ်၏။ ရဟန်းပြု၍ သာသနာ့ဘောင်ရောက်သွားသောအခါ၌လည်း နိဗ္ဗာန်ရရှိရေးကို တွေးငံ့မျှ မတွေးခဲ့ပါပဲလျက် သူ၏ လူခြားသော ဉာဏ်ဆန်း ပညာဆန်းကြောင့် မဂ်ဖိုလ်ကို ရက်တိုတိုနှင့် လက်လှမ်းနိုင်ခဲ့ပြီး ရဟန္တာကြီး ဖြစ်သွားရုံမက ရောမ တေဒဂ်ဘွဲ့ထူးကြီးကိုပင် ရရှိလေ၏။

* ဓာတုဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ
ဘိက္ခူနံ ပဋိဘာနဝန္တာနံ
ယဒိဒံ ဝင်္ဂီသော။

ဟု ဘိက္ခုဝင်္ဂီသအား ပညာဆန်း ဉာဏ်ဆန်းရှိသော အရာတွင် အမြတ်ဆုံး ဟူ၍ ဧတဒဂ်အရာ၌ ထားတော်မူ၏။

"ဘိက္ခဝေ၊ ရဟန်းတို့။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့်ဖြစ်ကုန်သော။ ပဋိဘာနဝန္တာနံ၊ ထူးခြားဆန်းကြယ် ပညာကြွယ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ ယဒိဒံ ယောအယံဝင်္ဂီသော၊ အကြင်ဝင်္ဂီသ မည်သော ရဟန်းသည်။အတ္ထိ၊ ရှိ၏။ ဧသော၊ သောဝင်္ဂီသော–ဟိုဝင်္ဂီသ ရဟန်းကား။ အဂ္ဂံ၊ အဂ္ဂါ–အမြတ်ဆုံးပေတည်း"

မီးခြစ်ကို ခြစ်ရာ၌ တချက်ဘည်းနှင့် စွဲသကဲ့သို့ ဘိက္ခု ဝင်္ဂီသ သည်လည်း တရားမီးခြစ် တချက်မျှ ခြစ်လိုက်ရုံမျှဖြင့် ထင်းကနဲ လင်းကနဲ ဝင်းကနဲ ဉာဏ်မီးစွဲ၍ ကျွတ်ပွဲဝင်လေတည်း။

× × ×

[* အင်္ဂုတ္တိုရ်ပါဠိတော်၊ ဧကနိပါတ်၊ ဧတဒဂ္ဂဝဂ်-၂၅၊]



## အလွန်ဉာဏ်ထိုင်းလှသော
## အရှင်စူဠပန္ထက၏ လက်တကမ်း နိဗ္ဗာန်ဝတ္ထု

နိဗ္ဗာန်သည် မည်သူ့အတွက်နည်း။

နိဗ္ဗာန်သည် စာတတ်သူအတွက်လည်း မဟုတ်၊ ဉာဏ်ကောင်းသူအတွက်လည်း မဟုတ်၊ ပစ္စည်းဂုဏ် နေဂုဏ် ရှိသူအတွက်လည်း မဟုတ်၊ ပညာဂုဏ်ကြီးသူအတွက်လည်း မဟုတ်၊ မင်းစိုးရာဇာ ဂုဏ်ပါဝါရှိသူ အတွက်လည်း မဟုတ်။ မမေ့မလျော့ မခေပါ့တန်သူ၊ ကျင့်ကြံကြိုးကုတ် အားထုတ်သူ အတွက်သာ ဖြစ်၏။

စာတတ်မှသာ နိဗ္ဗာန်ရောက်စတမ်း ဆိုခဲ့သော် အရှင်စူဠပန္ထက၏ တသက်၊ နိဗ္ဗာန်ကို မျှော်လင့်ချက်ပင် မရှိတော့။ သို့သော် အရှင်စူဠပန္ထကသာ ရဟန္တာဖြစ်သွားရုံမျှမက ရောမ တေဒဂ် ဘွဲ့ထူးကြီးများကိုပင် သုံးထပ်ကွမ်း ရတော်မူသည့် အကျော်အမော် ရဟန္တာကိုယ်တော် တပါးအဖြစ် ထင်ရှားလျက် ကျန်ခဲ့၏။

ဤသည်ကို ထောက်လျှင် "ငါ ပညာမှ မတတ်ပဲ၊ စာမှ မတတ်ပဲ နိဗ္ဗာန်ရမှာ မဟုတ်ပါဘူး"ဟု အားလျော့ပစ်ရန် မလို။ အရှင်စူဠပန္ထက၏ ထုံးကို နှလုံးသွင်းလျက် နိဗ္ဗာန်ကို လက်တကမ်းဖြင့် လှမ်းယူနိုင်ရန်သာ ကြိုးစားသင့်၏။

ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်၊ ပုဂ္ဂိုလ်ကျော် ဖြစ်တော်မူသော ထိုအရှင်စူဠပန္ထက ကိုယ်တော်၏ သမိုင်းကြောင်းကို သိစကောင်း၏။ သူ့ကို စံထားလျက် နိဗ္ဗာန်သို့ သွားနိုင်ရန် အလားအလာများစွာ ရှိနိုင်၏။ "သူတောင် ဖြစ်နိုင်သေးတာကပဲ၊ ငါကော ဘာကြောင့် မဖြစ်ရမှာလဲ"ဟူ၍ အားခဲမည် ဆိုကလည်း ခဲထိုက်လှ၏။

* အရှင်စူဠပန္ထက၏ အတ္ထုပ္ပတ်ကား ဤသို့ ဖြစ်၏။ သူကား သဌေးမျိုးတည်း။ ရာဇဂြိုဟ်ပြည်ပေါ်တွင် ဟိုးလေးတကျော်– ဓနသေဋ္ဌိ သဌေးကြီးကား သူ့အဘိုး အရင်းခေါက်ခေါက် ဖြစ်ချေ၏။

သို့တစေလည်း သူ့ခမျာ ဖွားဇာတာ ညံ့ရှာ၏။ သူ့ကို ဖွားစဉ်က အိမ်ကို မဆိုထားဘိ၊ တဲစုတ်ထဲပင် မဖွားခဲ့ရ။ လမ်းပေါ်မှာပင် ကပျစ်ကညစ် ဖြစ်သလိုနှင့် ဖွားခဲ့ရရှာ၏။ ဤသို့ သဌေး၏ မြေးတယောက်လုံး ဖြစ်ပါလျက် မသင့်မလျော် လမ်းမကြီးပေါ်မှာ ဖွားမြင်ရခြင်းတွင် မိခင်၏ အပြစ်မလွတ်ဟု ဆိုစရာ ဖြစ်လာလေသည်။

ဖြစ်ပုံကား ရာဇဂြိုဟ် ဓနသေဋ္ဌိသဌေးကြီးတွင် သမီးတယောက် ရှိလေသတတ်။ တဦးတည်းသောသမီး ဖြစ်လေသည့်အတွက် ဖခင်သဌေးကြီးသည် မျက်စိအောက်က အပျောက်မခံနိုင်လောက်အောက် သမီးကို မှုန်လိုရှုနေ၏။ သမီးအလိုကိုလိုက်ပြီး အကြိုက်ကို ဆောင်ရာတွင် နှစ်ယောက်မရှိအောင်ပင် သမီးကို ဖူးဖူးမှုတ်ထား၏။

သို့သော် ထိုသမီးသည် "ယောက်မ‚ကို မြင် စီ ၍" ထွက်ပါသေ၏။ အိမ်တွင် ခိုင်းစေထားသော ကျွန်ယောကျ်ားနှင့် နှစ်ပါးဂယောစွဲမိ လရာက မခွာနိုင် မခွဲရက် ရမ္မက်ချစ်ဇော ရေယမုန်တွင် လျှောကြုံနှင့် မျောပါချေ၏။

"မေ၊ မေ့ မိဘက သဘောတူမှာမဟုတ်။ တကယ်လို့များ သိသွားယင်ဖြင့် မောင့်ကျောကြီး ပုပ်ရချည့်။ ကျုပ်ဒီအိမ်မှာ မနေရဲတော့ဘူးဗျာ" ဟု ချစ်ဖက်သက်လျာ ကိုဒါသ မောင်မောင်က မျက်ဆန်ကြောင်ကာလေးနှင့် သဌေးသမီးထံ သူမနေဝံ့တော့ကြောင်းကို ဇာတ်ကြောင်းပြန်လိုက်သော အခါတွင်....

"အို–ရှင့် ကိုဒါသ၊ ရှင်မှ မရှိယင် ကျွန်မလည်း မနေဘူး။ ရွှေထုပ်ကို ပိုက်ပြီး ရှင်သွားရာကို ကျွန်မလည်း လိုက်ခဲ့မည်ပ" တဲ့။

ဤသည်နောက်ပိုင်း၌ကား သမီးပျောက်သဖြင့် ဓနသေဋ္ဌိသဌေးကြီးမှာ ဒေါင်းတောက်အောင် ရှာသော်ငြားလည်း သမီးကိုကား မတွေ့ရတော့ချေ။ သူ့သမီးကား ရွှေပုံပေါ်မှာစံရ၊ ငွေပုံပေါ်မှာစံရ ချစ်တာမေတ္တာပဓာန ဆိုသော လမ်းစဉ်ရွေးကာ ကိုဒါသနောက်သို့ လိုက်ပြေးလေပြီတည်း။ 'သမီးတသကာင်၊ နွားတထောင်ယှို၊ လုံအောင်အမြဲ၊ စောင့်နိုင်ခဲ၏' ဟူသော ဆောင်ပုဒ်သည် သဌေးကြီး သားအဖအတွက် ထုလုပ်ထားသကဲ့သို့ ဖြစ်နေပြီကော။

---

* ဓမ္မပဒအဋ္ဌကထာ၊ အပ္ပမာဒဝဂ်၊ စူဠပန္ထကတ္ထေရ ဝတ္ထု၊ ၁၅၇။
ဇာတကအဋ္ဌကထာ၊ အပဏ္ဏကဝဂ်၊ စူဠသေဋ္ဌိဇာတ်၊ ၁၃၀။

ကိုဒါသနှင့် သငွေးသမီးတို့ကား မြို့နှင့်မနီး ခရီးကွာဝေးလှသည့် ကျေးလက်တောရွာသို့ ရောက်ရှိသွားကြပြီး ညားခါစ ဇနီးမောင်နှံတို့၏ ဓမ္မတာအတိုင်း အစပထမတွင် ပျော်တပြုံးပြုံး မော်မဆုံးနိုင်ကြသော်လည်း လူကြီးမိဘ အုပ်ထိန်းသူများကို မထီမဲ့မြင်ပြုလျက် မိမိထင်ရာ စိုင်းလေသည့် ဖြစ်ရပ်က ဒဏ်ခတ်စ ပြုလာ၏။ ပါလာသမျှ လက်ဝတ်လက်စား ရတနာများမှာလည်း ထုခွဲရောင်းချ၍ စားသောက်ရခြင်း အားဖြင့် တဖြည်း ဖြည်း လုံးပါး ပါးပါးလှ၏။

သို့ပါသော်လည်း သငွေးသမီး မယ်မင်းကြီးမကား အခြေအနေကို မသုံးသပ်လေပဲ သုံးစွဲရာတွင် သငွေးသမီးပီပီ လက်ဖွာဖွာနှင့် သငွေးသုံး သုံးစွဲလေသည့်အတွက် ဆင်းရဲတွင်းမှာ တဖြည်းဖြည်း ပို၍ ပို၍ နက်လာ လေ၏။ အစားခက် အနေခက် ဖြစ်လာလေ၏။

ကာလအတန်ကြာသော် မိဘထံမှပါလာသော လက်ဝတ်လက်စား များ ပြုတ်ကုန်ပြီဖြစ်သော်လည်း အထုပ်အထည်နှင့်တကွ တဘက်မှ စုမိ ဆောင်းမိ ရှိလာ၏။ တနေ့တခြား ကြီးပွားလာ၏။ ထိုအရာကား ဗိုက်ဖြစ် လေသည်။ သင်္ဘောသခင် ကိုဒါသ၏ ကျေးဇူးကြောင့် ဗိုက်ကလေး တလုံး မို့ခုံးခုံးကို ရလာသည့် အချိန်ကစ၍ သငွေးသမီးခမျာမှာ ရှေးက လို မပျော်နိုင်ရှာတော့ပေ။ 'တူနှစ်ကိုယ် တဲအိုပျက်မှာနေရ' ဆိုသော်လည်း ဆင်းရဲဒုက္ခကို လက်တွေ့ခံစားလာရသောအခါ ရှေးကနေခဲ့ရသော အခြေ အနေနှင့် မိဘ၏ အေးမြလှစွာသော အရိပ်အာဝါသကို မြင်ယောင် လာသည်။ ထိုအခါ နေ့စေ့ လစေ့ သူ့ဗိုက်လုံးကလေးကို ပွတ်ကာ ပွတ်ကာနှင့် တွေးမိလာ၏။ "ဆွေမရှိ မျိုးမရှိ။ ရွှေမရှိ ငွေမရှိပဲနဲ့ ဒီကလေး ကို ငါဘယ့်နှယ် မွေးရပါ့မလဲ"ဟု တွေးယင်း ဝမ်းနည်းကာ မျက်ရည် များပင် ဝဲလာသည်။

သငွေးသမီးသည် သားဖွားရေးကိစ္စနှင့် ပတ်သက်၍ ကိုဒါသနှင့် တိုင်ပင်ကြည့်လေ၏။ "မိဘထံပြန်ပြီးဖွားမှ အခြေအနေလှမည် ထင်သည်" ဟု ပြောပြသောအခါတွင် လင်ဖြစ်သူ ကိုဒါသမှာ သငွေကြီးမျက်နှာကို မကြည့်ရဲ၊ မိမိကိုမြင်လျှင် အမဲဖျက်သလို ဖျက်မည့်အရေးကို တွေးတော ပူပင်မိသဖြင့် "သွားတာပေါ့ကွယ်"ဟု မယားအား နှစ်သိမ့်ပြီး၊ ဟိုနေ့ သည်နေ့နှင့် နေ့ရက်ကိုသာ ရွှေ့နေသဖြင့် မိဘထံ မပြန်နိုင်၊ ဗိုက်ကမူ တနေ့တခြား စူစူသာ လာချေ၏။

တနေ့သော်....သငွေးသမီးသည် လင်မရှိခိုက် မိဘထံပြန်၍ သား ဖွားရန်အတွက် တိတ်တဆိတ် အိမ်မှ ထွက်ပြေးလာခဲ့လေ၏။ သို့သော်

အလာကောင်းသော်လည်း အခါနှောင်းလေပြီကော။ မိဘထံ မရောက်ခင် လမ်းပေါ်မှာပင် သားယောကျ်ားကလေး ဖွားမြင်လေ၏။ လင်ဒါသ လည်း မယားနောက်သို့ အတင်းပြေးလိုက်ခဲ့ရာ လမ်းပေါ်တွင် မယား ဖြစ်သူ သားဖွားနေသည်ကို တွေ့ရလေ၏။ ကလေးကို ကပျာကယာယူ၍ ထွေးပိုက်ထားယင်း—

"မေ၊ မေမွေးပေးလို့ သားသားလေးရချေပြီ။ မေအိမ်က ထွက်လာ ခဲ့တာဟာ မိဘထံပြန်ပြီး ဒီသားသားလေးကို မွေးဖို့မဟုတ်လား၊ ခု- မွေးပြီးသွားပြီလေ။ ဟိုကိုသွားဖို့ ဘာလိုတော့လဲ။ အိမ်ပြန်ပြီး အေးအေး ဆေးဆေး သားသားလေးနဲ့ နေကြပါစို့လားကွယ်....နော်"

ယောကျ်ား သငြေးကြီးကို တစွေသရဲထက် ကြောက်လှသော လင် ဖြစ်သူ ကိုဒါသက ဤသို့ နူတ်သံပေါ့ပေါ့နှင့် ချော့သောအခါ သငြေး သမီး မဘဇာမှာ "ဟင့်အင်း"ဟု တခွန်းတပါဒမျှ ငြင်းဆိုခြင်း မပြုရှာပဲ တောရွာသို့ ပြန်၍ လောကဓံ၏ ဆင်းရဲဒဏ်ကို ခံရပြန်လေ၏။

ကာလကြာမြောက် တနှစ်လောက် ရှိသောအခါ နောက်ထပ် သားတယောက်ကို ဖွားမြင်ရာတွင်လည်း ထို့အတူပင် လင်မသိအောင် မိဘထံ သားဖွားရန် ထွက်ပြေးလာစဉ် လမ်းမှာပင် ဖွားလေ၏။ လမ်းမှာ ဖွားမြင်သည်ကို အကြောင်းပြု၍ သားကြီးကို-"မဟာပန္ထက၊ သားငယ်ကို စူဠပန္ထက"ဟု အမည်ပေးကြကုန်၏။

ထိုသားနှစ်ယောက် ပြေးနိုင်၊ လွှားနိုင် ရှိလာသောအခါ မိခင်သည် နှောင်ရေးကို တွေး၍ ပူလာ၏။ "ဒီမှာသာ နေယင် ငါ့သားလေးတွေ လူမွေး လူတောင် ပေါက်မှာမဟုတ်ဘူး။ သူ့ အဘိုးဆီမှာ ဆိုယင်" ဤသို့ တွေးကာ ရင်လေးလာသဖြင့် တနေ့သောအခါတွင် လင်ကို တိုင်ပင်ကြည့် ပြန်လေ၏။

"ကိုဒါသ....၊ ဒီမှာနေရတာ ကလေးတွေ ဆင်းရဲလှပါတယ်တော်၊ ဖေဆွေ မျိုးပြယင်း သူ့အဘိုးထံ သွားပို့ကြပါစို့လား မောင်ရယ်"

"မေ....၊ မေ့အဘက ကျုပ်ကို အသေသတ်တာ မြင်ချင်လို့ ဒီစကားကို ပြောတာလားဟင်"

လင်တော်မောင် သတ္တိခဲက "အမဲခြောက် မီးဖုတ်သလို" ကိုယ်ကို တွန့်ကာ တွန့်ကာ ပြောလေသောအခါ—

"မဟုတ်ဘူး ကိုဒါသ၊ ရှင် စိတ်ကူးမလွဲနဲ့၊ မိဘအနေနဲ့က အမျက် ထွက်တော့လည်း ထွက်ပေမှာပ။ ဒါပေမယ့် ကျုပ်တို့ကို ကိုက်မစားပါဘူး တော်။ အို-စားချင်လည်း စားစေပေါ့တော်၊ ကလေးတွေ ချမ်းသာယင် ပြီးရော"

"အေး....ဒါတော့ မှန်တယ်လေ။ ဒါပေမယ့် သဌေးကြီးနဲ့တော့ ကိုယ်မျက်နှာ မဆိုင်ရဲဘူး။ ကလေးတွေကိုတော့ အိမ်အရောက် ပို့ပေးမယ်လေ။ ကိုယ့်မျက်နှာကို မြင်ယင် သဌေးကြီးက ပိုပြီးဒေါ်ဖောင်းမှာ....၊ ဒါကြောင့်...."

ဤသည့် နောက်ပိုင်းတွင်ကား ထိုသားအမိ သားအဖ မိသားစုလေးယောက်တို့သည် ရာဇဂြိုဟ်မြို့ပေါ်က မနေသဌေးကြီး၏ အိမ်ရှေ့သို့ ရောက်သွားကြကုန်လေပြီ။ ထိုအခါ သဌေးသမီးက သူ့ဖခင်ထံသို့ "သားနှစ်ယောက်နှင့် သမီး ပြန်လာကြောင်း ဝင်ခွင့်ပြုပါရန်" ပန်ကြားလွှာ ပို့လိုက်ပြီး တံခါးဝမှ စောင့်နေ၏။ စာပို့သူ ပြန်လာသောအခါ ဖခင်သဌေးကြီးထံမှ သြဘာစကားကို အောက်ပါအတိုင်း ကြားရလေ၏။

"သခင်မလေး ခင်ဗျား၊ သခင်မလေးရဲ့ ဖခင် သဌေးကြီးက သခင်မလေးကိုဒီလိုပြောလို့မှာလိုက်ပါတယ်။သံသရာထဲကျင်လည်တဲ့ သတ္တဝါတွေမှာ သားမဖြစ်သူမရှိတဲ့။သမီးမဖြစ်သူမရှိတဲ့။ဒါပေမယ့် သင်းတို့ သိပ်မိုက်သတဲ့—။ သူ့ကို အရှက်ခွဲသတဲ့။ သူ့ကို စော်ကားသတဲ့။ ဒါကြောင့် ဒီမျက်နှာတွေကိုငါမကြည့်ချင်ဘူးတဲ့။ ဟောဒီအသပြာများကို ပေးလိုက်။ ငါနဲ့ဝေးရာမှာ သွားနေကြပစေတဲ့။ ကလေး နှစ်ယောက်ကိုတော့ သူ့ဆီမှာ ထားခဲ့တဲ့။ သဌေးကြီးက ဒီလို အပြောခိုင်းပါတယ် ခင်ဗျာ"

ဖခင်သဌေးကြီး၏ စကားအရ သူတို့မိသားစု လေးယောက်ကား ဘဝကတ္တားက ခွဲကြရလေ၏။ မိဘနှစ်ပါးမှာ သားနှစ်ယောက် (မဟာပန်နှင့်စူဠပန်)ကို သူ့အဘိုးထံထားခဲ့ပြီး ဖခင်၏ အေးရိပ်သာအောက်မှ တညိုးခြောက်ခြောက်နှင့် ခွာကြရရှာလေသည်၊ မနေသဌေးကြီးလည်း မြေးနှစ်ယောက်ကို သမီးကိုယ်စား ကောက်ယူကျွေးမွေးလေ၏။

အဘိုးသဌေးကြီးကား ကျောင်းသို့သွား၍တရားနာလေ့ရှိရာ၊ မဟာပန္ထကသည် အဘိုးနှင့်အတူ ကျောင်းသို့ လိုက်လိုက်သွား၏။ မြတ်ဘုရားဟောကြားအပ်သော တရားကို ကြားရဖန်များသောအခါ ရှင်ရဟန်းပြုချင်စိတ် ပေါက်လာသောကြောင့် သူ့အဘိုးထံ ရဟန်းပြုပေးရန် တောင်းပန်လေ၏။ ထိုစကားကြားလျှင်သဌေးကြီးသည် များစွာဝမ်းသာသွားလေ၏။ "ငါ့မြေး ရဟန်း ပြုနိုင်မည်ဆိုက အဘိုးလောက် ဝမ်းသာတာ ဘယ်ရှိမှာတုံး" ဟု အနုးအညွတ် ခွင့်ပြုကာ မြေးအကြီး မဟာပန်ကို မြတ်စွာဘုရားထံသို့ ခေါ်သွားပြီးလျှင် သူ့မြေးကို ရဟန်းပြုပေးပါရန် တောင်းပန်လေ၏။

မဟာပန်သည် မြတ်စွာဘုရားထံ၌ ရှေးဦးစွာသာမဏေပြု၍ အသက်နှစ်ဆယ်ပြည့်သောအခါ ရဟန်းပြုလျက် ရှေးကဆည်းပူးခဲ့သော ပါရမီရှိသည့် အလျောက် မကြာခင်အတွင်းမှာပင် ရဟန္တာအဖြစ်သို့ ရောက်သွားလေ၏။ ဈာန်ချမ်းသာ၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာဖြင့်သာ အချိန်ကို ကုန်စေ၏။

ဤသို့ ဈာန်ချမ်းသာဖြင့်နေယင်း ညီဖြစ်သူကို သတိရလာသည်။ ညီဖြစ်သူ စူဠပန္ထကအား ဤ ချမ်းသာမျိုးကို ပေးလိုသော ဆန္ဒဖြစ်ပေါ်လာသည်။ ထို့ကြောင့် အရှင်မဟာပန္ထကသည် အဘိုးဖြစ်သူ သဋ္ဌေးကြီးအား "အဘိုးခွင့်ပြုမည်ဆိုပါက စူဠပန္ထကကို ရှင်သာမဏေ ပြုလိုကြောင်း" ပြောပြလျှင် သဋ္ဌေးကြီးလည်း ဝမ်းမြောက်စွာပင် ခွင့်ပြုပေ၏။ ထို့နောက်တွင်ကား သူငယ် စူဠပန္ထကကား ကိုရင် စူဠပန္ထက ဖြစ်လာသတည်း။

ကိုရင် စူဠပန္ထကကား အလွန်ညံ့ထိုင်း၏။ အောက်ပါ ဂါထာကလေးတပုဒ်ကိုပင် လေးလလုံးလုံး ကုန်၍ကျက်သော်လည်း သူ မရချေ။ နှုတ်တက်အာဂုံ သူမဆောင်နိုင်ချေ။

—ပဒုမံ ယထာ ကောကနဒံ သုဂန္ဓံ၊
ပါတော သိယာ ဖုလ္လ မဝီတဂန္ဓံ၊
အင်္ဂီရသံ ပဿ ဝိရောစမာနံ၊
တပန္တမာ ဒိစ္စ မိဝန္တ လိက္ခေ။ ။

"အဝီတဂန္ဓံ ရဂုံမြိုင်တွင်း၊ ထုံကြိုင်သင်းလျက်၊ မကင်းသောအနံ့ရှိသော၊ သုဂန္ဓံ-လေယူရာသွေး၊ မွှေးသော ရနံ့ရှိသော။ ကောကနဒံ—ကောကနဒ၊ အမည်ရသော။ ပဒုမံ—ကြာသည်။ ပါတော—နံနက်အခါ၌။ ဖုလ္လံ—ငွားငွားစွင့်စွင့်၊ ပွင့်လေ၍။ ဝိရောစမာနံ—ထွန်းပသည်။ သိယာ ယထာ-ဖြစ်သကဲ့သို့ လည်းကောင်း။ အန္တလိက္ခေ— အဇဋ္ဌာဝေဟင်၊ မိုးကောင်းကင်၌၊ အာဒိစ္စံ—နေမင်းသည်၊ တပန္တံ ဣဝ—ထွန်းပသကဲ့သို့ လည်းကောင်း။ တသာ ထို့အတူ။ အင်္ဂီရသံ—ကိုယ်တော်မှ ပြိုးပြိုးပြက်ပြက်၊ တလက်လက် ထွက်သောရောင်ခြည်ရှိတော်မူသောဝိရောစမာနံ—ထွန်းပသော ရှင်တော်မြတ်ဘုရားကို။ ပဿ—ရှုလော့"

ဤဂါထာတပုဒ်ကို လေးလကျက်၍မျှမရ။ ဤသို့ ဖြစ်ရခြင်းမှာ ရှေးဝိပါက်ကြောင့် ဖြစ်လေသည်။ ကိုရင် စူဠပန်သည် ကဿပဘုရားသခင်လက်ထက်၌ ပညာတတ် ရဟန်းတပါး ဖြစ်ခဲ့လေသတတ်။ ထိုအခါ—စာတက်နေသော ကိုယ်တော် ကလေးတပါးကို ပြက်ရယ်ပြု၍ ကစားခဲ့မူး၏။

ထို့ကြောင့် ကိုယ်တော်ကလေးသည် ရှက်၍ စာမဖတ်ဝံ့တော့ချေ။ စာလည်း မအံဝံ့တော့ချေ။ ထိုပြက်ရယ်ပြုမှုသော ရှေ့ဝိပါက်ကြောင့် သက်နိုး စည်း၍ ကိုရင်ဝတ်သောအခါ ထုံအအ ဖြစ်သွားခြင်း ဖြစ်၏။ ရှေ့ကသင် နောက်ကမေ့။ နောက်ကသင် ရှေ့ကမေ့ပြီး သူ၏ နှုတ်ထဲတွင် စွဲသည်ဟူ၍ မရှိချေ။ ဤသို့ ထုံအအ ထိုင်တိုင်းတိုင်းနှင့်ပင် အသက်နှစ်ဆယ်ပြည့်သော အခါ ရဟန်းပြုလေ၏။ အရှင်စူဠပန္ထကဟူ၍ တွင်လာ၏။

နောင်တော် မဟာပန္ထကသည် ညီဖြစ်သူအား သူကဲ့သို့ပင် [illegible] သုခ ရဟန်းချမ်းသာ ခံစားစေလို၍ သာသနာ့ဘောင်သို့ သွတ်သွင်းခဲ့ပေ သည်။ ရှင်ရဟန်းဟူ၍ ဖြစ်ခဲ့သော် ကျက်တန်ကျက်၊ ရွတ်တန်ရွတ်၊ အံတန်အံ၊ စာပေသင်ကြားမှုနှင့် ကင်း၍ မဖြစ်ချေ။ ညီဖြစ်သူ အရှင်စူဠ ပန္ထကသည် ကျက်မှတ်၍ မရနိုင်လောက်အောင် ထုံလှ၊ နုံလှ၊ အလှ၊ ထိုင်းလှ သည်ကို မျက်ဝါးထင်ထင် မြင်တွေ့လာသောအခါ "သည် အကောင် သာသနာနှင့်မတန်"ဟု အပြစ်မြင်လာသည်။ သာသနာ့ဘောင်၌ နေခြင်း အားဖြင့် အကျိုးမရှိဟု မြင်လာသည်။

သို့ကြောင့်ပင် တနေ့သောအခါ နောင်တော် မဟာပန်သည် ညီဖြစ်သူ စူဠပန်အား "စူဠပန္ထက သာသနာ၌ သင် မနေထိုက်၊ ဂါထာ ကလေးတပုဒ်မျှကို လေးလလုံးလုံး ကုန်း၍ ကျက်သော်လည်း သင် မရခဲ့။ သင် ထုံပုံ၊ အ ပုံ၊ နုံပုံ၊ ထိုင်းပုံနှင့် ရဟန်းကိစ္စကို အထွတ်အထိပ်ရောက် အောင်မြင်အောင် အဘယ်မှာ စွမ်းနိုင်မည်နည်း၊ သင် လူထွက်လော့"ဟု လူထွက်ခိုင်းလေသည်သာမက ကျောင်းကိုပင် နေခွင့်မပေးပဲ "သွား"ဟု ချုပ်ချပ် နှင်ချလေသတည်း။ ဤသို့ နှင်ချသော်လည်း ညီဖြစ်သူကား သာသနာကို လွန်စွာကြည်ညို၏။ လူထွက်ဖို့အရေးကို စိတ်ကူးထဲပင် ထည့်၍ မတွေးချေ။

ထိုအချိန်တွင် ဇီဝကသည် အရှင်မဟာပန္ထကထံ ရောက်လာပြီး မနက်ဖြန် သံဃာကုန် သူ့အိမ်သို့ ဆွမ်းစားကြွရန် လာပင့်လေသောအခါ အရှင်မဟာပန္ထကက "သံဃာငါးရာ ရှိသော်လည်း ၄၉၉-ပါးကိုသာ ရ[illegible]မည်။ စူဠပန္ထက ရဟန်းကို နုံလွန်း၊ အလွန်း၍ လူထွက်ခိုင်းထား ကြောင်း" ဇီဝကအား ရှင်းပြသည်ကို ကြားလျှင် စူဠပန္ထကသည် များစွာ စိတ်ထိခိုက်သွားလေ၏။ "ငါ့အပေါ်မှာ ငါ့နောင်တော်က ရက်စက်လွန်းလှ ပါကလား၊ သံဃာစာရင်းထဲမှာပင် ငါ့ကို မသွင်းတော့ပါကလား"ဟူ၍ တကျုံးမေ့ ငိုကြွေးလေ၏။

နောက်တနေ့နံနက် ဝေလီဝေလင်း အချိန်တွင် အရှင်စူဠပန်သည် ထိုက်ကိုက် ငိုက်ကိုက်နှင့် လျှောက်လာရာက အမ္ဗဝန်ကျောင်းတိုက်ကြီး၏

တံခါးဝသို့ အရောက်တွင် ဘုရားသခင်နှင့် တွေ့၍ ‘‘ချစ်တပည့်၊ စောစော စီးစီး ဝေလီဝေလင်း အချိန်ကြီးမှာ သင်ဘယ်ကို သွားမည်နည်း’’ဟု မေးလျှင် ‘‘တပည့်တော်၏ နောင်တော်က မနေရဟု နှင်ချသဖြင့် လူထွက် တော့မည်ဟု တပည့်တော် ထွက်လာခဲ့ပါသည် ဘုရား’’ဟု လျှောက်၏။

‘‘ချစ်တပည့်၊ သင်၏ ရဟန်းအဖြစ်သည် ငါ့ထံမှာ ရှိ၏။ သင့်နောင် တော်က နှင်ထုတ်သော် သင်အဘယ်ကြောင့် ငါ့ဆီ မလာသနည်း။ လူ ထွက်ခြင်းအားဖြင့် သင့်အား အဘယ်အကျိုး ရှိမည်နည်း။ လာလော့ ချစ်တပည့်၊ ငါ့ထံမှာ နေရစေအံ့’’ဟု မြတ်စွာဘုရားသည် စူဠပန္ထကကို သူ့ နောက်သို့ ခေါ်သွားပြီးလျှင် ဂန္ဓကုဋိတိုက်ရှေ့၌ အရပ်ခိုင်းထား၏။ ‘‘ချစ် တပည့် အရှေ့အရပ်ကို မျက်နှာမူ၍ ပုဆိုးကြမ်းကို ‘ရဇော ဟရဏံ၊ ရဇော ဟရဏံ’ဟု ရွတ်ဆိုလျက် ဆုပ်နယ်၍ နေရစ်လော့’’ဟု ပုဆိုးကြမ်းစ တခုကို ပေးထားခဲ့ပြီးလျှင် ရဟန်းများစွာ ခြံရံလျက် ဇီဝက၏ အိမ်ဂေဟာသို့ ဆွမ်းစား ကြွတော်မူသတည်း။

နေသည် ထွက်လာ၏။ စူဠပန္ထကသည် နေကို မျက်နှာမူလျက် ‘‘ရဇော ဟရဏံ၊ ရဇော ဟရဏံ’’ဟူ၍ ရွတ်ကာ ပုဆိုးကြမ်းကို ဆုပ်နယ်ကာ သာနေ၏။ ဤသို့ ဆုပ်နယ်ယင်းမှ ပုဆိုးကြမ်းသည် တဖြည်းဖြည်း နွမ်း နွမ်းလာ၏။ ညစ်ထပ်ထပ် ဖြစ်လာ၏။ ထိုအခါ အရှင်စူဠပန္ထကသည် စဉ်း စား၏။ ‘‘ဤပုဆိုးကြမ်းကား အလွန်ဖြူစင်သည် ဖြစ်ပါလျက် ငါ့အတ္တ ဘောကို အမှီပြု၍ ဖြူစင်သော သဘောကို စွန့်ကာ ညစ်နွမ်းလာရသည်။ ဩော်....သင်္ခါရ တရား မှန်သမျှ အနိစ္စချည်းပါတကား’’ဟု ကုန်ခြင်း၊ ပျက်ခြင်းကို ရှုလျက် ဝိပဿနာကို ပွားစေ၏။ မြတ်စွာဘုရားသည် ဇီဝက အိမ်မှနေ၍ ထိုအကြောင်းကို သိတော်မူသဖြင့် ‘‘ချစ်တပည့် စူဠပန္ထက၊ ဤ ပုဆိုးကြမ်းသည်သာလျှင် ညစ်နွမ်းသည်ဟု သင်မထင်လင့်။ သင်၏ ကိုယ် တွင်း၌ ရာဂစသော မြူများ တင်းကျမ်ပြည့် ရှိနေ၏။ ထိုမြူတို့ကို သင်ပယ် လော့’’ဟု ကိုယ်တော်တိုင် ရုပ်လှာ၍ ဆုံးမသယောင်ယောင် ထင်ရအောင် ဤဂါထာတို့ဖြင့် သတိပေးတော်မူ၏။

— ရာဂေါ ရဇော နစပန ရေဏု ဝုစ္စတိ၊
ရာဂဿေတံ အဓိဝစနံ ရဇောတိ၊
ဧတံ ရဇံ ဝိပ္ပဇဟိတွ ဘိက္ခဝေါ၊
ဝိမန္တိဟရ တေ ဝိဂတရဇဿ သာသနေ။
ဒေါသော။ လ။ မောဟော။ လ။ သာသနေ။

“ရာဂေါ-ရာဂကို။ ရဇောတိ—မြူဟူ၍။ ဝုစ္စတိ—ဆိုအပ်၏။ ရေဏု ပန-မြေမှုန့်ကိုကား။ ရဇောတိ-မြူဟူ၍။ နဝုစ္စတိ-မဆိုအပ်။ ဧတံနာမံ-ရဇော ဟူသော ဤအမည်သည်။ ရာဂဿ-ရာဂ၏၊ အဓိဝစနံ-ဒုံမည်တည်း။ ဝိဂတ ရဇာဿ-ကင်းသော ရာဂမြူရှိသော မြတ်စွာဘုရား၏၊ သာသနေ-သာသနာ ၌၊ တေ ဘိက္ခဝေါ ထိုရဟန်းတို့သည်၊ တံရဇံ-ထိုရာဂ တည်းဟူသော မြူကို၊ ဝိပ္ပဇဟိတွာ-ပယ်ကုန်၍၊ ဝိဟရန္တိ နေကုန်၏။ ။ (ဒေါသ၊ မောဟ အနက်သိလောက်ပြီ)။

ဂါထာ၏ အဆုံး၌ တုံလွန်း၊ နံ့လွန်း၊ အလွန်း၊ ထိုင်းလွန်းသည် ဆိုသော ထို အရှင် စူဠပန္ထကကား ပဋိသမ္ဘိဒါတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်ကာ ရဟန္တာ ဖြစ်လေသတည်း။ ပဋိသမ္ဘိဒါတို့နှင့်တကွ ပိဋကတ်သုံးပုံ တို့လည်း နှုတ်တက်အာဂုံ ထင်လာကုန်သတည်း။

ထိုအချိန်၌ ဇီဝကသည် မြတ်စွာဘုရားအား အလှူခရစက်ကို ကပ်၏။ မြတ်စွာဘုရားသည် အကပ်မခံလေပဲ သပိတ်ကို လက်တော်ဖြင့် ပိတ်ထား လျက်မှ “ဇီဝက...၊ ကျောင်းမှာ ရဟန်းရှိသေးသည် မဟုတ်ပါလော”ဟု မိန့်တော်မူလျှင် အရှင် မဟာပန္ထကက ကြားဝင်၍ လျှောက်သည်ကား “ကျောင်းမှာ ရဟန်းတပါးမှ မကျန်တော့ပါဘုရား” ဟူပေ၏။

ဤတွင် “ကျောင်းမှာ ရဟန်းရှိမရှိ ပြဿနာပေါ်နေ၏။ ဗုဒ္ဓက ရှိသည်„ဟု ဆိုသည်။ အရှင်မဟာပန္ထက„က မရှိတော့ဟုဆိုသည်။ ထိုပြဿ နာကို ဇီဝကက ဝင်၍ရှင်းလေ၏။ လူတယောက်ကို ကျောင်းသို့ စေလွှတ်၍ ရှိ၊ မရှိ အကြည့်ခိုင်းလေသည်။

အရှင် စူဠပန္ထကသည် ရှေးအခါက အနုံ၊ အ„အ ဖြစ်ခဲ့သော်လည်း ယခုအခါ မနုံတော့ပြီ၊ မအတော့ပြီ၊ “ကျောင်းမှာ ရဟန်းမရှိတော့”ဟူ၍ လျှောက်သော နောင်တော်၏ စကားကိုပင် ကျောင်းမှာနေလျက်က သူ ကြားရလေပြီ။ ထိုအခါ “ငါ့နောင်တော်အား ငါ့အကြောင်း သိစေအံ့” ဟူ၍ ကျောင်းတိုက်ကြီး တခုလုံး ပြည့်အောင် ရဟန်းများကို ဖန်ဆင်းလိုက် လေ၏။

ဇီဝက လွှတ်လိုက်သူ လာကြည့်သောအခါ တတိုက်လုံး သင်္ကန်းနှင့် ဝင်းဝင်းတွေ့၍ ပြန်သွားပြီးလျှင် “ကျောင်းတိုက်ကြီးနှင့်အပြည့် သံဃာ တွေရှိကြောင်း” ဇီဝကကို ပြောလှာ၏။

ထိုအခါ မြတ်စွာဘုရားက ထိုသူကိုခေါ်၍ ကျောင်းသို့ နောက် ဘခေါက် ခိုင်းပြန်၏။ “စူဠပန္ထကကို ငါကခေါ်သည်”ဟု ပြော၍ခေါ် ခဲ့ဟု စေလွှတ်လျှင် ထိုသူသည် ကျောင်းသို့ ပြေးရပြန်လေ၏။ ဘုရား သခင် မိန့်တော်မူသည့်အတိုင်း “အရှင် စူဠပန္ထကကို ဘုရားသခင် ခေါ်နေ

သည်''ဟု လျှောက်သော် ရဟန်းအားလုံးက "သူ စူဠပန်၊ ငါ စူဠပန်" ဟူ၍ ကျက်ကျက်ညံအောင် ဆိုကုန်လတ်သော် ပင့်ခေါ်ရန်လာသူသည် ကဆုန်ပေါက်၍ မြတ်စွာဘုရားထံသွားပြီး အကျိုးအကြောင်းကို လျှောက်လေ၏။ "ရှိသပျှ ရဟန်းအားလုံးက စူဠပန်ဟု ဆိုနေပါကြောင်း" လျှောက်သော် "သမ်ထပ်၍ သွားချေဦး၊ စူဠပန်ဟု ပြောသော ရဟန်းကို လက်ဆွဲခေါ်ခဲ့။ ကျန်ရဟန်းအားလုံး ပျောက်ကုန်လတ္တံ့''ဟု မှာ၍ လွှတ်လိုက်ပြန်၏။

ထိုသူလည်း ကျောင်းသို့ ပြေးရပြန်လေ၏။ "အရှင်စူဠပန်ကို ဘုရားသခင် ခေါ်နေပါသည်''ဟု လျှောက်သောအခါ ရှေးနည်းအတိုင်း ရဟန်းအားလုံးက "ငါ စူဠပန်''ဟု ဆိုကုန်၏။ ပင့်လာသူက နီးရာ ရဟန်းတပါးကို လက်ဆွဲထားလိုက်သော် ကျန်ရဟန်းတွေအားလုံး ပျောက်ကုန်လေ၏။

စူဠပန္ထက ရောက်လာသောအခါ ဘုရားသခင်သည် ဇီဝကအား ဤသို့ မိန့်တော်မူသတည်း။ "ဇီဝက စူဠပန္ထက၏ သပိတ်ကို ယူလော့။ သူသည် သင့်အား အနုမောဒနာ ပြုပေလတ္တံ့''ဟုဆို၏။ ဇီဝကလည်း ဘုရားသခင် မိန့်တော်မူသည့်အတိုင်း စူဠပန္ထက၏ သပိတ်ကို လှမ်းယူ၏။ တိုအခါ အရှင် စူဠပန္ထကကား ပိဋကတ်သုံးပုံကို ချောက်ချားစေလျက် ခြင်္သေ့ဟောက်သည့်သဖွယ် ထင်စွာသော အသံဖြင့် အနုမောဒနာ ပြုလေသတည်း။

ဤထုံးကို နှလုံးသွင်းလျက် စာမတတ်သည့်အတွက်၊ အလုပ် မအားသည့်အတွက်၊ ထုံလွန်း၊ နုံလွန်းသည့် အတွက် အားပျက်ဖွယ်မရှိ။ တရားကို အာရုံ စူးစူး စိုက်စိုက်နှင့် တချက်ကောင်း မိဖို့၊ ထိဖို့သာ လို၏။ အရှင် စူဠပန်သည် သူ၏၊ ထုံလွန်း၊ နုံလွန်းသော မူလအခြေဖြင့် ရဟန္တာ ဖြစ်ဖို့ကို ထား၍ ဂါထာနှစ်ပုဒ်လောက်ထိကျက်ဖို့ပင် သူတွေးဝံ့မည် မဟုတ်။

သို့သော် အလှမ်းသင့်သောအခါ နိဗ္ဗာန်ကား သူ့ လက်တကမ်း သာပင် မဟုတ်ပါလော။



## ကိသာဂေါတမီ၏
## နိဗ္ဗာန်စခန်း လက်တကမ်းဝဏ္ဏ

သံသရာသည် အစီးသန်သော ရေစီးကြောင်းနှင့်တူ၏။ သူသည် ထိုရေစီးကြောင်းအတိုင်း မျောပါလာသော ထင်းတုံး၊ ဝါးယောင်းခြောက် များနှင့်အလားတူ၏။

ထင်းတုံး၊ ဝါးယောင်းခြောက်များသဖွယ် ဘဝ ရေစီးကြောင်း အတိုင်း တပေါ်လောလောနှင့် မျောလာခဲ့သော ကိသာဂေါတမီ၏ သူ့ ဘဝ၊ သူ့ အဖြစ်ကလည်း တမျိုးတဖုံ ဆန်းသစ်နေပြန်၏။ 'ရေမျောကမ် တင်' ဆိုသကဲ့သို့ မျောသည့်အခါ မျော၍ ကမ်း၌ တင်သည့်အခါ တင်၏။ ဝဲစုပ်သဖြင့် မြုပ်သည့်အခါ မြုပ်သွား၏။ တဖန် ဝဲက မှုတ်ထုတ်လိုက်သဖြင့် ကမ်းပေါ်သို့ ရောက်သွားပြန်၏။

သူ့ဘဝကား 'နန်းလယ်က ပန်းစပယ်တို့ကဲ့သို့' ထည်ထည် ဝါဝါ မရှိလှ။ ဂုဏ်ရည်မမြောက်သော ရဂုံပေါက် မိန်းမချော၊ တောစံပယ် တပွင့်သာ ဖြစ်ချေ၏။ ကျောမွဲ ဆင်းရဲသား လင်မယားမှ ဖွားမြင်သော တော၏ သမီးပျိုတဦးသာ ဖြစ်ပါ၏။

ရုပ်ရည်အားဖြင့် ဆိုလျှင်လည်း ရှက်ကြမ်းရေကျိုမျှသာတည်း။ ရင်သပ်ရှုမောလောက်အောင် ချောမောရှာသူမဟုတ်။ လုံးကြီးပေါက်လှ တစ်တစ်ရစ်ရစ် မျစ်စို့ကြီးသဖွယ် ဝဝတုတ်တုတ်ကြီးလည်း မဟုတ်။ ပိန်ပိန် ပါးပါး၊ သေးသေးငယ်ငယ်၊ သွယ်သွယ်လျလျနှင့် ယဥ်စစ အမျိုးသမီး တဦးသာ ဖြစ်ပါချေ၏။ ယင်းသို့ ပိန်ပိန်ပါးပါး၊ သွယ်သွယ်လျလျရှိသည်ကို အကြောင်းပြု၍ပင် သူ့ကို ကိသာဂေါတမီဟု ခေါ်တွင်ခြင်း ဖြစ်ပါသည်။

သေးသေးသွယ်သွယ် တောစပယ်ပွင့်ကလေး ထိုဂေါတမီသည် ဗျာပါဆံ ဆံစောက်နှင့် အပျိုပေါက်ကလေး ဘ၀ ရောက်လာသော်လည်း သူ့ခမျာ ဘ၀အကျိုးပေးက နုံချာလှသည့်အတွက် လှချင်ရက် စက်စက်ယို အခြားအပျိုများကဲ့သို့ လွင်တပပနှင့် အလှပြင်ချိန်ကိုပင် မရရှာခဲ့။ နံနက်မိုးသောက်ပြီဆိုလျှင် ဈေးတောင်းခေါင်းရွက်ပြီး ချွေးထွက်အောင် ရှာဖွေ၍ အိုမင်းမစွမ်း ရှိနေရှာပြီဖြစ်သော ကျေးဇူးရှင် မိဘနှစ်ပါးကို လုပ်ကျွေးပြုစုရရှာလေသည်။

သို့သော် သူ့ဘ၀ကား ဆန်း၏။ ရေစီးတခါ ရေသာတလှည့် ဘ၀မျိုးဖြစ်၏။ မှန်ကင်းတလှည့် ထင်းတလှည့် ဘ၀မျိုးဟူ၍လည်း ကမ္ဘည်းထိုးလောက်ပါပေ၏။ တည်ငြိမ်သော ရေပြင်ပေါ်ဝယ် စင်ရော်ငှက်မကလေး ပျံနေသည့်သဖွယ် လေ့ငယ်ကလေး မျှောနေသည့်ပမာ အလွန်သာယာကြည်နူးဖွယ် ကောင်းလှသော ဘ၀ကို မမျှော်လင့်ပဲ သူ ရောက်ရှိသွားလေ၏။

ဒုက္ခိတ မိအို ဘအို နှစ်ပါးကို လုပ်ကျွေးပြုစုသည့် ကျေးဇူးကြောင့်လေလားမသိ။ ဂေါတမီသည် အဖိုးတန် လင်တယောက် ကို ထီပေါက်သလို ရရှိသွားလေသည်။ ထိုအခါ သူဆင်းရဲမ ဂေါတမီ မဟုတ်တော့ပဲ သဌေးကတော် ဂေါတမီ ဖြစ်လာ၏။ သူ၏ ဆန်းသစ်သော အိမ်ထောင်ရေး ဖြစ်ရပ်ကား ဤသို့ ဖြစ်ပါသတည်း။

တခါသ၌ ဂေါတမီသည် နံနက်ခင်း နေခြည်အောက်တွင် ဈေးဝယ်ရန် ဈေးဘက်သို့ တမတ်စောက်စောက်နှင့် လျှောက်လာခဲ့၏။ ထိုအချိန်တွင် သဌေးအရာကျ အထည်ကြီးပျက် သဌေးတယောက်သည် ဈေးထဲတွင် မီးသွေးဆိုင်တဆိုင် ဖွင့်လျက် ရောင်းချနေ၏။ ဂေါတမီသည် ဈေးဝယ်လာယင်းမှ အမှတ်မထင် ထိုမီးသွေးဆိုင် ရှေ့သို့ ရောက်သွားလေသောအခါ ဆိုင်ရှင် အဘိုးအိုကို ဤသို့ဆို၏။

"အိုအဘ.... အခြားသူတွေ အထည်ဆိုင်ဖွင့်၍ ရောင်းနေကြပါ၏။ အချို့က ဆီရောင်း၊ အချို့က ပျားရည်ရောင်း အချို့ထောပတ် တင်လဲ ရောင်းနှင့် အမျိုးမျိုး ရောင်းနေတဲ့ကြားမှာ အဘက ဒီမှာလာပြီး ရွှေဆိုင်ငွေဆိုင် ရတနာဆိုင်ဖွင့်ပြီး ရောင်းနေပါသလား"

ဂေါတမီ၏ စကားကို ကြားရသောအခါ မီးသွေးဆိုင်ရှင် အဘိုးအိုမှာ ဂေါတမီကို စိန်းစိန်းကြည့်ကာ ထ၍ ခုန်တော့မလောက် ဝမ်းမြောက်သွားလေသည်။ ဂေါတမီ၏ အမေးကို အဖြေမပေးနိုင်ရှာသေးပဲ သူ့အတိတ်ကို ပြန်၍ တွေးမိလေ၏။

ထိုအဘိုးအိုကား ကုဋေရှေလေးဆယ်ကြွယ်ဝသော သဌေးကြီး ဖြစ်သတည်း။ သာဝတ္ထိမြို့တော်ကြီးတွင် မြို့မျက်နှာဖုံး သဌေးကြီးပါတည်း။ တနေ့သော် သူ့မှာရှိသော ရွှေငွေ ရတနာအားလုံးသည် မီးသွေးတုံး၊ မီးသွေးခဲ ဖြစ်ကုန်လေ၏။ ထိုအခါ ပူဆွေးသောက စိတ်ဖြင့် မအိပ်နိုင်၊ မစားနိုင် တမှိုင်မှိုင်နှင့် ရှိနေရှာ၏။

ထိုအချိန် ဧည့်သည် မိတ်ဆွေတဦး သူ့အိမ်သို့ အလည်အပတ်ရောက်ရှိလာသောအခါ စကားမပြောနိုင်၊ တမှိုင်မှိုင် တတွေတွေ ဖြစ်နေသော သဌေးကြီးကိုမြင်လျှင် အကျိုးအကြောင်းကို ဧည့်သည်မိတ်ဆွေက "အဆွေတော် အဘယ့်ကြောင့် မှိုင်နေသလဲ"ဟု မေးလေသော် ဤတွင် သဌေးကြီးက ရွှေငွေတွေအားလုံး မီးသွေးခဲ ဖြစ်ကုန်သဖြင့် စိုးရိမ်သောက ရောက်နေကြောင်းကို အရင်းအတိုင်း ဖောက်သည်ချသောအခါ ဧည့်သည်မိတ်ဆွေက ဤသို့ အားပေးစကား မြွက်ကြားလေသတည်း။

ဧည့် "အဆွေတော်၊ မစိုးရိမ်သင့်၊ ဤအဖြစ်ကား ပြော၍ မယုံနိုင်အောင်ပင် ဆန်းလှ၏။ အကြောင်းတခု ကေန်ရှိရမည်။ ကျွန်ုပ်အကြံပေးအံ့။ ကျွန်ုပ်ပေးသော အကြံကို လက်ခံပါမည်လား"

သဌေး "အဆွေ၊ လက်ခံရန် အသင့်ရှိပါ၏။ ကျွန်ုပ် ဘာကို လုပ်ရပါမည်နည်း။ ကျွန်ုပ်အား ညွှန်ကြားပါလော့"

ဧည့် "အဆွေတော်၊ ဈေးထဲမှာ ဆိုင်တဆိုင်ဖွင့်၍ ဤမီးသွေးများကို ပုံပြီး မီးသွေးကုန်ရောင်းနေသကဲ့သို့ နေပါလေ။ ဆိုင်သို့ ရောက်လာသူတွေထဲက အချို့က သင့်ကို ဤသို့ မေးကြကုန်လိမ့်အံ့"

"အို....လူကြီးမင်းခင်ဗျာ၊ အခြားလူတွေ အထည်အလိပ်ရောင်းသူကရောင်း၊ ထောပတ်၊ ပျား၊ တင်လဲစသည် ရောင်းသူက ရောင်းကြကုန်၏။ လူကြီးမင်းက ဘာ့ကြောင့် မီးသွေးရောင်းနေပါလဲ"ဟု မေးလာကြသည့်အခါ ထိုသူတို့ကို ဤသို့ ပြန်ပြောလော့—

'အမောင်တို့၊ အမိတို့ ငါ့မှာ မီးသွေးသာ ရှိပေ၏။ ငါ့မီးသွေးကို ငါမရောင်းလျှင် ငါဘာကို ရောင်းမည်နည်း' ဤသို့ ပြန်ပြောပါလေ.... တစုံတယောက်သော သူကလည်း 'သူများတကာတွေ အထည်အလိပ် ပျားတင်လဲ စသည် ရောင်းချနေတဲ့ ကြားထဲမှာ လူကြီးမင်းက ရွှေဆိုင် ငွေဆိုင်ဖွင့်ပြီး ရောင်းရသလား'ဟု ဆိုလာငြားအံ့။ ထိုသို့ မေးလာသူကိုကား 'ဘယ်မှာလဲ ရွှေ'ဟု ဤသို့ ပြန်၍မေးပေလော့။ 'သည်ဟာတွေ ရွှေမဟုတ်လို့ ဘာလဲ'ဟု ထိုသူက ဆိုခဲ့သော်က်....သည်ဟာတွေ ရွှေဆိုလျှင် ယူပေးစမ်းပါ' ဟု သူ့ကို အယူခိုင်းပါ။ ထိုသူ၏လက်နှင့် ထိသော် မီးသွေးအားလုံး ရွှေငွေ ဖြစ်လာလတ္တံ့။ မေးလာသူသည် ယောကျ်ားဖြစ်ခဲ့သော် သမီးနှင့်

ထိမ်းမြားလိုက်ပါ။ မိန်းမဖြစ်ခဲ့သော် သားနှင့် ထိမ်းမြားလိုက်ပါ။ ရှိပစ္စည်း အရပ်ရပ်ကို သူ့ကိုအပ်လိုက်ပါ"

ဤသို့ သူငယ်ချင်းဖြစ်သူ၏ အကြံပေးချက်အရ ထိုသဌေးအရာကျ အဘိုးအိုသည် ဈေးထဲတွင် မီးသွေးဆိုင်ဖွင့်၍ ရောင်းချလာခဲ့ရာက သူ့ မိတ်ဆွေ ပြောသည့်အတိုင်းပင် ဤနေ့တွင်မှ ထူးထူးခြားခြား "ပျား၊ တင်လဲ၊ ထန်းလျက် ရောင်းတဲ့ ကြားထဲမှာ ရွှေဆိုင် ငွေဆိုင်လာဖွင့်ရသလား"ဟု မေးလာသော ဂေါတမီ၏ စကားကို ကြားလိုက်သောအခါ သူသည် အဘယ်မှာလျှင် ဝမ်းမသာပဲ ရှိပါမည်နည်း။ ထို့ကြောင့် သူသည် ဂေါတမီအား—

"ချစ်သမီး၊ အဘမှာ ရွှေမရှိပါလား သမီးရယ်"

"သည်ဟာတွေ ရွှေမဟုတ်လို့ ဘာလဲ အဘရဲ့"

"ဘယ်ဟာလဲ သမီး၊ အဘကို ယူပြစမ်း....ယူပြစမ်း"

အဘိုးအိုသည် လှိုက်လှိုက်လှဲလှဲ ဝမ်းသာသော အမူအရာဖြင့် ဂေါတမီကိုခိုင်းလျှင် ဂေါတမီသည်မီးသွေးပုံမှာ မီးသွေးခဲအချို့ကို လက်ဖြင့်ဆုပ်ယူ၍ နိုင်သလောက် အဘိုးကြီးလက်ထဲသို့ ထည့်လိုက်သောအခါ အားလုံး ရွှေဖြစ်လာလေ၏။ ယခင်က မည်းမှောင်မှောင် အရောင်ထနေသော ဆိုင်တွင်းက မီးသွေးပုံကြီးလည်း ရွှေနှင့် ဝင်းဝင်း ဖြစ်လာလေ၏။

"သမီး အဘ ဝမ်းသာလိုက်ဘာ သမီးရယ်၊ သမီး ဘယ်မှာ နေသလဲဟင်"

"ကျွန်မ မြို့အစွန်က တောရွာကလေးမှာ နေပါသည်"

"ဩော်....ဩော်....သမီးမှာ မိဘ...."

"ရှိပါသည် အဘ၊ အသက်ကြီးကြပါပြီ၊ အိုမင်း မစွမ်း ဖြစ်နေကြပါပြီ၊ မိဘနှစ်ပါးကို ကျွန်မပဲ ဈေးတောင်း ခေါင်းရွက်ပြီး ကျွေးမွေးပြုစုနေရပါသည် အဘ"

"သာဓုကွယ်... သာဓု၊ ဒါနဲ့ သမီး....စိတ်တော့ မရှိနဲ့ကွယ်၊ အဘ တခု မေးပါရစေ"

"မေးနိုင်ပါသည် အဘ"

"သမီးမှာ ခင်ပွန်းလင်...."

"ရှင်....ကျွန်မမှာ အိမ်ထောင်မရှိ၊ ကျွန်မ အပျိုပါ အဘ"

"ဒါဖြင့် သမီးကို အဘ သားနဲ့ ပေးစားမယ်"

"ရှင်...."

ထိုစကားအဆုံးတွင် ဂေါတမီသည် သူ့နားကို လက်ဝါးဖြင့် ပိတ်ကာ ချာကနဲ ဆိုင်ရှေ့က ထွက်ပြေးလေ၏။

နောက်တနေ့တွင် သာဝတ္ထိသဌေးကြီးသည် ဂေါတမီရှိရာ သူနေသော တောရွာသို့ မေးမြန်း၍ လိုက်သွားပြီးနောက် ဂေါတမီကို သူ့သားနှင့် ထိမ်းမြားခွင့်ပြုပါရန် ဂေါတမီ၏ မိဘများထံ ပန်ကြားလေ၏။ မိဘနှစ်ပါးသည် မိဘအနေဖြင့် သူတို့က သဘောတူ ကြည်ဖြူသော်လည်း မိမိ၏ဆန္ဒဖြင့်ချည်း မဆုံးဖြတ်လို၊ သမီးကို ပိုင်စိုးပိုင်နင်း မပြုလို၊ သမီး၏ ဆန္ဒအတိုင်းသာ ဖြစ်စေတော့သည်။ သမီးက နှစ်သက်ကြည်ဖြူ သဘောတူသည်ဖြစ်ပါက သူတို့အနေဖြင့် မပေးစားနိုင်စရာအကြောင်း မရှိပါဟု ချောင်စွာသော စကားဖြင့် သမီးကို ဆုံးဖြတ်ရန် အခွင့်အရေး ပေးလိုက်ကြလေ၏။

ထိုအခါ ဂေါတမီက သူ့အနေဖြင့် သဌေးသားလို လူချမ်းသာပုဂ္ဂိုလ်နှင့် လက်မထပ်လိုကြောင်း ငြင်းဆန်လေ၏။ သူ၏ အကြောင်းပြချက်များကလည်း သဘာဝ ကျလှ၏။ "အဘ....ကျွန်မထံ တကူးတကမတွေ့တွေ့အောင် မေးမြန်း၍ အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်အထိ ဆင်းရဲကြီးစွာခံ၍ အဘ လိုက်လာသည်ကို ကျေးဇူး တင်ပါကြောင်း၊ သို့သော် အဘသားနှင့် ထိမ်းမြားဖို့ဆိုသော ကိစ္စမှာ မဖြစ်နိုင်ပါကြောင်း၊ ဤသို့ ငြင်းဆန်ရခြင်းမှာ မနှစ်မြို့နိုင်၍ မဟုတ်ပါကြောင်း၊ သဘာဝက လက်မခံ၍ သို့မဟုတ် လူ့ထုံးတမ်းစဉ်လာနှင့် ဖီလာကန့်လန့် ကျနေသောကြောင့် ဖြစ်ပါသည် အဘ—

"အဘ....အဘ၊စဉ်းစားစေလိုပါသည်။ဆင်းရဲသူသည်ဆင်းရဲသူချင်း၏ ဘဝခံစားချက်ကို အပြည့်အဝ နားလည်ပါ၏။ ဤခံစားချက်ကို အခြေပြု၍ တယောက်နှင့်တယောက် လင်မယားချင်း ကတောက်ကဆ ဖြစ်၍ အခြင်းများကြစေဦးတော့ တဦးပေါ်မှာတဦးက ကျေနပ် ခွင့်လွှတ်နိုင်ပါသည်။ အသွင်မတူ အိမ်သူမဖြစ်ဆိုသော စကားမှာလည်း ဤသဘောကို ပြောလိုခြင်းဖြစ်ပါသည်။ အကယ်၍ ကျေးတောသူ သူဆင်းရဲမတဦးသည် မိမိထက် အဆမတန် ပစ္စည်းဂုဏ် ဓနဂုဏ်ကြီးမားလှစွာသော သဌေးနှင့် လက်ထပ်လိုက်ခဲ့သော် ပြဿနာများစွာ ပေါ်နိုင်ပါသည် အဘ။ မိမိက ဖြူစင်သောမေတ္တာဖြင့် လက်ထပ်၍ ယူလိုက်သော်ငြားလည်း ပတ်ဝန်းကျင်ကမူ "ဒီကောင်မ ငွေမက်၍ သဌေးသားကို ယူသည် ဟူ၍ ကဲ့ရဲ့ခြင်းခံရတတ်သည့်ပြင် လင်ဖြစ်သူ၏ မေတ္တာကိုလည်း ဒီကောင်မကို သဌေးက ကျောရရှိကြတာ၊ ငွေ့တုန်းတော့ ပန်မှာပဲ၊ နံ့ယင်ပင်မှာပဲ၊ ဘယ်တော့ ဒီကောင်မကို စွန့်မယ်မသိဘူး ဟူ၍ လူသူလေးပါးတို့ အထင်အမြင်သေးခြင်းကို ခံရတတ်ပါသည်။ ထို့ပြင်တပါး ယောက်မဖြစ်သူနှင့် လင်သားဖြစ်သူ၊ ရင်းတို့၏ ဆွေမျိုး အသိုက်အဝန်းကလည်း သူဆင်းရဲမ ဇနီးသည် အပေါ်တွင် ဒီကောင်မ....အိမ်ကဥစ္စာတွေကိုခိုးဝှက်ပြီး သူ့မိဘ၊သူ့ဆွေမျိုး

များအား ပေးလေမည်လား ဟူသော သံသယအတွေးများ ဖြစ်ပေါ်လာတတ်ပါသည်။

"အဘ ဤသို့ဤသို့သော အကြောင်းကြောင်းတို့ကို ယောက်လျက်ကျွန်မ အနေဖြင့် သင်္ချေး၏ မယားမဖြစ်လိုပါ၊ သင်္ချေ ကတော် အခေါ်မခံချင်ပါ၊ ဖြစ်ရာဘဝမှာပင် ကျေးဇူးရှင် မိဘနှစ်ပါးကို လုပ်ကျွေးယင်း ကံ ဇစ်ချရာမှာ ကျွန်မဟာကျွန်မ နေပါရစေ၊ သည်းခံပါ အဘ"

ဟူ၍ ဂေါတမီသည် သင်္ချေးသာ ကို မယူနိုင်ကြောင်းကိုလာရောက် ဆိုပြောလာသော ယောက္ခမလောင်း သင်္ချေးကြီးအား အနူးအညွတ်ပန်ကြား ပြောဆိုလေသောအခါ သင်္ချေးကြီးကလည်း လျှော့မပေးချေ။

"ချစ်သမီး....ချစ်သမီး၏ အကြောင်းပြစကားများကို အဘလက်ခံပါ၏။ သဘာဝကျသော တွေးခေါ် မျှော်မြင်ချက်များ ဖြစ်ပါ၏။ သို့သော်....ချစ်သမီး၊ အဘ မိးသွေး ဆောင်းနေရသည်ကို ချစ်သမီးအမြင်ပဲ မဟုတ်ပါလော၊ အဘ ရှိသမျှပစ္စည်းများသည် ရှေးအခါ အရောင်နှင့် ဝင်းဝင်း ရွှေအတိဖြစ်ခဲ့သော်လည်း ထိုအချိန်တွင် ကုသိုလ် မှေးမှိန်သဖြင့် မိးသွေးဖြစ်ခဲ့၏၊ သမီး၏လက်နှင့် ထိတွေ့ရလေသောအခါကျမှ ပြေပကတိ ပြန်၍ဖြစ်လာလေရာ စင်စစ် ဤပစ္စည်း အရပ်ရပ်သည် အဘမှာ ဆိုင်ရုံသာ ဆိုင်ပြီး ထိုပစ္စည်းများကို ပိုင်ဆိုင်သူကား သမီးသာ ဖြစ်ပါချေ၏။ ဤ စ္စည်းများသည် အဘနှင့် အဘ၏သားလက်ထဲတွင် ရှိချေက အရှည်သဖြင့် တည်မြဲမည်၊ မတည်မြဲမည်ကို အဘ အတည်မပြောနိုင်၊ မတွက်ဆနိုင်။

"ချစ်သမီး တဘဝတွင် အရွယ်ရောက်လာသော အမျိုးသမီး၊ အမျိုးသားမှန်သမျှ အိမ်ထောင်ပြုကြမြဲ ဓမ္မတာဖြစ်၏။ ချစ်သမီးလည်း အရွယ်ရောက်လာပြီဖြစ်၍ ဘဝ ချစ်မေတ္တာမန်၏ စေစားချက်အရတနေ့တွင် အိမ်ထောင်ရှင်မ ဘဝသို့ ရောက်ရချေမည်။ အဘ ပြောလိုသည်မှာ အဘ ဘဝတွင် ဆုံးပြီဟု ထားသော ရွှေ ငွေ ရတနာအားလုံးသည် သမီးကြောင့်သာ ရွှေပြန်၍ ဖြစ်လာသဖြင့် ထိုရတနာများသည် စင်စစ် သမီးပိုင်ဥစ္စာများ ဖြစ်လာကုန်၏။ သမီးဥစ္စာကို သမီး မထိန်းသိမ်းလျှင် မစောင့်ရှောက်လျှင် တနေ့တွင် (ရှေးအခါ မီးသွေးခဲ ဖြစ်ဖူးသကဲ့သို့) ပျောက်မသွားဟူဟူ၍ မဆိုသာ၊ သို့ပါသောကြောင့်ချစ်သမီးသည် မိမိပိုင်ဥစ္စာများကို ထိန်းသိမ်းသည့်အနေအားဖြင့်လည်းကောင်း၊ အချိန်အရွယ်ရောက်လာပြီကို ထောက်သောအားဖြင့် လည်းကောင်း အဘ၏ ပန်ကြားချက်ကို လက်ခံကာ အဘ၏ သားနှင့် လက်ထပ်ထိမ်းမြားပါလား သမီးရယ်"

ဤသို့ အသွယ်သွယ် အဝဝ နှားဝင်အောင် ဂေါတမီကို နာ ချပြီးသည့် နောက်ပိုင်းအချိန်တွင်ကား ထိုသာဝတ္ထိ သင်္ဌေးကြီး၏ ဂေဟာပေါ်တွင် ဂေါတမီကိုသင်္ဌေး၏ချွေးမတော် အဖြစ်ဖြင့် တွေ့ရလေတော့၏။ ဂေါတမီ၏ လက်ကား ချွေးသီးသောလက် ဖြစ်ပါ၏။ ထိုကျေးဇူးကြောင့်ပင် ယခုအခါ သူသည် သင်္ဌေးချွေးမ ဖြစ်ရပါလေပြီ။ ကုဋေ လေးဆယ်သော ဥစ္စာတို့သည် ဂေါတမီ၏ ရင်ခွင်ပိုက် ပစ္စည်း ဖြစ်လာ ကုန်ပါချေပြီ။

ဆင်းရဲတခါ အလှည့်မှ ချမ်းသာတလှည့် အကြိမ်သို့ ရောက်ရှိလာသော ဂေါတမီအဖို့ အဘယ်မှာလျှင် မပျော်ရွှင်ပဲ ရှိပါမည်နည်း။ ညားခါစ ဇနီးမောင်နှံတို့၏ ထုံးစံဇတိုင်း ပျော်တပြုံးပြုံး မော်မဆုံးပင် ဖြစ်ပါချေ၏။ "တယောက်မျက်နှာ တယောက်ကြည့်ကာ တင်းမတိမ်းသေးတယ်၊ ထမင်းမြိန် ဆေးသဖွယ်...." ဆိုသော ဂီတသည် သူ့ ဘဝအတွက် ဖော်ကျူးထားသော ဂီတလေလားဟု ထင်စရာ တွေးစရာပင် ဖြစ်လာပါချေ၏။

သင်္ဌေးသားနှင့် ညားလို့ တနှစ်လောက် ကြာသောအခါ ကိသာဂေါတမီမှ သားတယောက် ဖွားမြင်လာ၏။ "သားဦးရှူး" ဆိုသောဇတိုင်း ဂေါတမီသည် ရင်သွေးလည်ဆွဲ၊ သားမျက်ရွှဲကို အသေအလဲ ချစ်၍မဝနိုင်အောင်ပင် ရှိနေရှာသည်။ သူ့သားကို သူ့ လက်ပေါ်ကပင်မချ၊ နေ့တပိုက်ပိုက် ညတပွေ့ပွေ့၊ ချစ်၍မဆုံး တပြုံးပြုံးနှင့်သာ ရှိနေ၏။ သူ့သားကို အခြားသူများ ချီပွေ့လျှင်မကြိုက်၊ သူ့ခင်ပွန်းလင်က သူ့ သားဖြစ်၍ ချီပွေ့သည်ကိုပင်လျှင် "အို...မောင်၊ မောင့်လက်ကြမ်းကြမ်း ထော်ထော်ကြီးနှင့် ဖြည်းဖြည်း ပွေ့ပါ၊ သားသားလေးရဲ့ အသားက နူးညံ့ပါဘိသနဲ့ ရှိပွန်းကုန်ပါဦးမယ်" ဟူ၍ စိုးရိမ်စကားဖြင့် လင်ကိုပင် ဟန့်တားလေ့ရှိပေသည်။

ယောက္ခမ သင်္ဌေးကြီးက "ချစ်သမီးရယ်၊ ငါ့မြေးကလေးကို လက်ပေါ်က ချပါဦး။ ခုလို တပွေ့တည်းပွေ့၊ တပိုက်တည်း ပိုက်ထားတော့ လူကြီးရဲ့ အပူခငွေ့သယ်ပြီး မီးနဲ့မြိုက်သလို ဖြစ်နေတတ်တယ်၊ လူကြီးရဲ့ အပူဒဏ်ကြောင့် ကလေးမှာ ပိန်ညှော်ညှော် ကျုံလှီလှီ ညှောင်နာနာ ဖြစ်နေတတ်တယ် သမီးရဲ့" ဟု ဆိုသောအခါများတွင်လည်း "အို....အဘနှယ် ကော-မခင်ရဲ့ အငွေ့ဟာ မေတ္တာငွေ့၊ အချစ်ငွေ့ပါ၊ မိခင်ရဲ့ အချစ်ငွေ့ဟာ ရင်သွေးမှာ အပြစ်မဖြစ်နိုင်ပါဘူးအဘရယ်၊ ဖြစ်နိုင်ယင် သမီးက သားသားလေးကို သကြားလုံးကလေးများလို ပါးစပ်ထဲတောင် ငုံထားချင်တာ အဘရဲ့" ဟု ပြန်လည်ချေပ ပြောဆိုတတ်လေသည်။

ဤရွှေ ဤမျှ လက်ပေါ်က မချရက်အောင် ချစ်ရရှာသော သားကလေး လေးဘက်တွားအရွယ်သို့ ရောက်လာသည့်အခါတွင် ကံကြမ္မာက မိခင်ဂေါတမီအား ဒဏ်ခတ်ပါလေ၏။ အသက်တမျှ ချစ်မဝသော သူ၏ သားကလေးသည် ရုတ်တရက် သူ့မျက်စိအောက်တွင် အသက်ပျောက် ကွယ်လွန်သွားပါလေ၏။ ထိုအခါ သားကို ချစ်လွန်းသော ဂေါတမီအား အသက်ပြတ်လုမတတ် သောကအပူမီး ဟပ်လေ၏။ အလောင်းကို ရင်ခွင် ပိုက်လျက် တလှိုက်လှိုက်ဖို တရှိုက်ရှိုက်ငိုလျက် အပူတိုက် မင်းသမီးလေး သဖွယ် ဖြစ်နေပါချေ၏။

ဤအသုဘကိစ္စ၌ အလောင်းမြေမကျခင် ပြဿနာပေါ်လာ၏။ ထိုပြဿနာကား သားအလောင်းကို လက်ထဲကမချ။ သင်္ဂြိုဟ်ခွင့်မပေး။ ဂေါတမီက သူ့ရင်ခွင်ထဲ ပိုက်ထွေးထားသောကြောင့် ဖြစ်၏။ ယောက္ခမ သဋ္ဌေးကြီးနှစ်တက္က အများက ဝိုင်းအုံ၍ "လူဆိုတာ တသက်တခါ သေမြဲပဲ။ သင်္ခါရသဘောကို ဘယ်သူမှ မလွန်ဆန်နိုင်ကြောင်း၊ အသုဘ ဖြစ်လာမှ တော့ သင်္ဂြိုဟ်ရမြဲဖြစ်ကြောင်း" ဆိုပြောနားချ၍ သူ့လက်ထဲက အလောင်း ကို သင်္ဂြိုဟ်ရန် လုသော်လည်း ဂေါတမီကား ခွင့်မပြုရုံမက သူ့သားမသေ ဟူ၍ပင် ထင်နေ၏။ "ကျွန်မသားလေး သေတာမဟုတ်ပါဘူး၊ ဆေးကု ယင် ရနိုင်ပါသေးတယ်၊ အသက်ရှင်ဆေး ကျွန်မရှာပါဦးမယ်၊ ရှာမယ်" ဟူ၍ ပြောကာ အလောင်းကို လက်ထဲကမချပဲ ရှိနေသောကြောင့် ရင်တမမ နှင့်သာ ကြည့်နေကြရလေ၏။

ဂေါတမီအဖို့ သားသေ ပြဿနာမှာ တက်၍မဆုံး ဖြစ်နေ၏။ သူ သည် သားသေကိုပိုက်လျက် အိမ်ပေါ်ကဆင်းကာ ဆေးရှာရန် ထွက်ပါ လေပြီ။ သူ့သားကလေး အသက်ရှင်ရာရှင်ကြောင်း ဆေးစွမ်းကောင်းကို လူတွေ့တိုင်း မေးရှာလေ၏။ "မသေဆေးများရှိယင် ကျွန်မသားလေး အတွက် မစကြပါရှင်၊ ဆေးနည်းရှိယင်လဲ ညွှန်ကြားကြပါရှင်" တအိမ်ဝင် တအိမ်ထွက် အလောင်းတပိုက်ပိုက်နှင့် လိုက်၍ မေးနေရှာလေ၏။

တရက် နှစ်ရက် သုံးရက် လေးရက်မှ ရက်ပေါင်း အတော်ကြီး ညောင်းသော်လည်း သား၏ အလောင်းကား ဂေါတမီ၏ ကြီးမားသော မေတ္တာကြောင့် ပုပ်ခြင်း၊ နံစော်ခြင်းမရှိ။ ပကတိအတိုင်းပင် ရှိနေသတည်း။ ပတ်ဝန်းကျင်ကမူ "သား စိတ္တဇနဲ့ ဂေါတမီတယောက် ရူးနောက်နောက် ဖြစ်သွားရှာပြီ"ဟု ထင်ကုန်၏။ ထင်လည်း ထင်လောက်အောင်ပင် ဂေါ တမီ၏အသွင်ကား ယခင်အသွင်မျိုး မရှိတော့ချေ။ ဆံပင်ကိုလည်း ဆီမသုပ်၊ အဝတ်ကလည်း ညစ်ထပ်ထပ်နှင့် ရှိနေသည့်ပြင် စုတ်ပြတ်ရိဆွေးကာ ဖွာရ

ရာကြဲနေသောကြောင့် သူ့ကို မြင်လျှင် အဘယ်သူသည် အရူးမဟု မထင်ပဲ ရှိချေမတော့မည်နည်း။

ထိုအချိန်တွင် ဂေါတမီ လိုချင်သည်ကား မသေဆေးဖြစ်၏။ သားသေကိုပိုက်၍ မသေဆေးကို လိုက်ရှာနေသူ ဖြစ်၏။ နိဗ္ဗာန်ဆိုသည်ကို သူသည် စိတ်ကူးထဲ ထည့်၍မျှပင် မတွေး။ အကယ်၍ နိဗ္ဗာန်ကို ပေးလှာသူ ရှိသည်တိုင်လည်း ထိုအချိန်တွင်မူ သူသည် ထိုနိဗ္ဗာန်ကို လက်ခံမည်မဟုတ်၊ "သား....သား၊ ငါ့သားလေး ပြန်ပြီး အသက်ရှင်ရမယ်၊ ရှင်အောင် အမေကုမယ် သားရယ်"ဟု သားသေကို ကုန်းကာ ကုန်းကာ တရှုပ်ရှုပ်နမ်းယင်း လူတွေ့ကရာကို မသေဆေး မေးပါလျှက်က တနေ့သော အခါတွင်ကား ဂေါတမီအဖို့ တံခါးပွင့်လာသည့်အလား ပညာရှိတဦးနှင့် တွေ့လေ၏။

"ဦးကြီးရယ်၊ မသေဆေးများရှိယင် ကျွန်မသားလေးအတွက် မစပါရှင်"ဟု သနားစဖွယ် တောင်းပန်ရှာသော ဂေါတမီကို မြင်လျှင် ပညာရှင်ပုဂ္ဂိုလ်သည် သနားလာ၏။ "ငါ့မကယ်လျှင် ဒီသူငယ်မ အပိုင်းအခြား မရှိ ဒုက္ခရောက်နေရှာတော့မှာပါလား"ဟူ၍—

"ချစ်နှမ၊ ငါ့မှာကား မသေဆေးမရှိ၊ သို့သော် မသေဆေးကို ဖော်စပ်ပေးနိုင်စွမ်းရှိသော ဆရာကိုကား ငါသိပေ၏"

"အဲဒီဆရာ ဘယ်မှာပါလဲရှင်၊ ကျေးဇူးပြုပြီး ကျွန်မကို ညွှန်ကြားပါဦးကြီးရယ်"

"ချစ်နှမ....ထိုဆရာကား အခြားသူမဟုတ်၊ လောကသုံးပါးတွင် အထွတ်ဆုံး အမြတ်ဆုံး ဖြစ်တော်မူသော မြတ်စွာဘုရားပင်တည်း၊ မြတ်စွာဘုရားသည် ဤမသေဆေးကို လည်းကောင်း၊ အခြား အခြားသော ကြီးပွားချမ်းသာကြောင်း ဆေးစွမ်းကောင်းများကိုလည်းကောင်း ဖော်စပ်ပေးလျက် ရှိနေပေ၏။ သင် ထိုဆေးကို အလိုရှိခဲ့သော် မြတ်စွာဘုရားထံ သွားလော့"

ထိုစကားကို ကြားလိုက်ရသည်နှင့် တပြိုင်နက် ဂေါတမီသည် သားသေကိုပိုက်ပြီး ကတိုက်ကရိုက်နှင့် ဘုရားထံသို့ ပြေးလေ၏။ ရှေ့တော်သို့ ရောက်လျှင် ငိုတရှုပ်ရှုပ် သားသေကို လက်ဖြင့်ပုတ်၍ ပြကာ ပြကာနှင့် လျှောက်ရှာလေ၏။

ဂေါတမီ "ဘုန်းတော်ကြီးလှသော....မြတ်စွာဘုရား....ဘုရားတပည့်တော်မ၏ ဟောသည် သားကလေးအတွက် မသေဆေးကို အရှင်ဘုရားသိတော်မူသည်ကြား၍ တပည့်တော်မ လာခဲ့ပါသည်။ သိတော်မူပါသလားဘုရား"

ဗုဒ္ဓ "အိမ်း....ငါသိပေ၏။ ထိုဆေးကို ငါဖော်စပ်ပေးနိုင်ပေ၏"

ဂေါတမီ "ဝမ်းသာလှပါသည်။ တပည့်တော်မ ဘာလုပ်ပေးရပါမည်လဲ ဘုရား"

ဗုဒ္ဓ "ဂေါတမီ....ထိုမသေဆေးကို ဖော်စပ်ရန်အတွက် မုန်ညင်းစေ့ လက်တဆုပ်ခန့်ရရန် လိုပေသည်။ ထိုမုန်ညင်းစေ့သည်လည်း လူမသေဖူးသော အိမ်မှ မုန်ညင်းစေ့သာ ဖြစ်ရမည်။ ယင်း မုန်ညင်းစေ့ကို သင်ရအောင် ရှာနိုင်ပါအံ့လော"

ဂေါတမီ "တင်ပါ့ဘုရား၊ တပည့်တော် ထိုမုန်ညင်းစေ့ လက်တဆုပ်ကို ရအောင်ရှာခဲ့ပါအံ့"

ဂေါတမီသည် လွယ်လွယ်နှင့်ရမည်ထင်၍ သားသေကို ပိုက်၍ ဘုရားသခင်ထံတော်မှ ကတိုက်ကရိုက် ထွက်လာခဲ့ပြီး မြို့စဉ်တလျှောက် ရွာစဉ်တလျှောက် တအိမ်ဝင် တအိမ်ထွက် ထိုမုန်ညင်းစေ့ကို ရှာဖွေလေ၏။

ဂေါတမီ "ကျွန်မသားလေးအတွက် ဆေးကုရန် မုန်ညင်းစေ့ ဆေးဖက်လိုနေပါ၍ တဆုပ်စာလောက် မစပါရှင်"

အိမ်ရှင် "ရော့သမီး....အလိုရှိသလောက်ယူပါ"

ဂေါတမီ "ကျေးဇူးတင်ပါသည်။ ဒါနဲ့ ဒီအိမ်မှာ လူများသေဖူးပါသလားရှင်"

အိမ်ရှင် "သေဖူးတာပေါ့ သမီးရယ်....လူမသေဖူးတဲ့ အိမ်ရယ်လို့ ဘယ်မှာရှိပါ့မလဲ၊ သေဖူးတဲ့ အိမ်ချည်းပေပဲ"

ဂေါတမီ "ဒါဖြင့်....ကျွန်မ မယူတော့ပါ။ ကျေးဇူးတင်ပါသည်ရှင်"

ဂေါတမီမှာ လိုအပ်သော မုန်ညင်းစေ့ကို လွယ်လွယ်နှင့်ရသော်လည်း လူသေဖူးသော အိမ်ချည်းသာ ဖြစ်နေသဖြင့် ဆေးဖက်မဝင် ဖြစ်နေ၏။ သို့သော်....ဂေါတမီသည် အားမလျှော့ချေ၊

"သား....အမေ ခြေဘိုချင် တိုပါစေ၊ မရမချင်း အမေလိုက်ရှာမယ်"ဟူ၍ သားသေကို အမောပြေ နမ်းကာ နမ်းကာနှင့် ဆက်၍လျှောက်ပြန်လေ၏။

နေသည် ချစ်ချစ်တောက် ပူပြင်းလျက်ရှိနေ၏။ ဂေါတမီသည် ချစ်ချစ်တောက်ပူပြင်းသော နေခြည်အောက်တွင် သားသေကို ပိုက်လျက် တခတ်စောက်စောက်နှင့် လျှောက်နေ၏။ ချွေးသီး ချွေးပေါက်များသည်

သူ့နဖူးမှ တပေါက်ပေါက်ကျဆင်းလာလေရာ ဂေါတမီသည် ခရီးကလည်း ပန်းလှသည်နှင့် လမ်းဘေးရှိ သစ်ပင်တပင်အောက်တွင် ဝင်၍နားပြီး ချွေးများကို သုတ်ယင်းမှ ရှုမဝသော သား၏ အလောင်းကို တစိမ့်စိမ့်ကြည့်ကာ အမောဖြေရှာ၏။

ထိုအခါ သူ့အတွေ့အကြုံများက သူ့အား သတိပေးသလို ဖြစ်လာလေသည်။ အိမ်တကာလိုက်၍ မုန်ညင်းစေ့တောင်းခဲ့စဉ်က အိမ်ရှင်များက ပြောလိုက်သော စကားများကို နားထဲတွင် ကြားယောင်လာလေသည်။

"လူမသေဖူးတဲ့ အိမ်ရယ်လို့ ဘယ်ရှိမှာလဲ သမီးရယ်။ လူရယ်လို့ ဖြစ်လာယင် သေရမှာချည်းပ။ သူလဲ သေမှာပဲ၊ ငါလဲ သေမှာပဲ၊ မသေသောသူ ဟူ၍ မရှိ"

ဤစကားများကို မျက်လုံး အကြောင်သားတွေးကာ ငေးငိုင်ငိုင်ဖြစ်နေသည်။ သူ့ပတ်ဝန်းကျင်ကို ကြည့်လိုက်ပြန်လျှင်လည်း အရွက်ဟူ၍ မရှိ၊ အရိုးအပြိုင်းပြိုင်းနှင့် သစ်ပင်များကိုသာ မြင်တွေ့ရသောအခါ

"ဪ....သစ်ပင်တွေလည်း သေါ်ရပါပဲလား။ စောစောပိုင်းအချိန်က ရွက်နုတွေ၊ အပွင့်တွေ၊ အသီးတွေနှင့် ဝေဝေဆာဆာ ရှိခဲ့ရာမှ ခုတော့ ရိုးတံချည်း ကျန်ပါတော့ကလား" ဟု တွေးယင်းမှ ရင်ခွင်တွင်းက သက်မဲ့သားသေကို ငုံ့ကြည့်လိုက်၊ သစ်ပင်ခြောက်များကို ကြည့်လိုက် ဖြစ်နေသည်။

"အင်း....ငါ့ဒုက္ခနှယ် တယ်ကြီးပါကလား" ဟူ၍ သက်ပြင်းကြီးချလိုချ။ သူ၏ နှလုံးအိမ်သည် မငြိမ်မသက်ဖြစ်လာသည်။

"သေပြီး ရှင်လာသူဟူ၍ မရှိပါပဲလျက် ငါ့သားလေးကျမှ ရှင်နိုင်ပါမည်လား"ဟူ၍ ရင်ခွင်၌ ပိုက်ထားသည့် သားသေကို စွန့်လိုက်တော့မည် လုပ်သောအခါ မျက်ရည်များက ဝေါကနဲ တလဟော သွန်ကျလာသည်။

"ဪ....တယ်ခက်ပါကလားနော်၊ ဟယ်—ဂေါတမီ၊ မိုက်ဘိစွတကား၊ တသက်လုံး သင့်ရင်ခွင်၌ ပိုက်ထားသော်ငြားလည်း သင့်သားရှင်လာဦးမည် ထင်သလော"

ဤအတွေးသည် သူ့ဘဝကို အဆုံးအဖြတ်ပေးလိုက်သော နောက်ဆုံးအတွေးဖြစ်လေသည်။ ဤသို့ တွေးပြီးနောက် သား၏ အလောင်းကို အားရအောင် နမ်းရှုပ်၍ ထားခဲ့ပြီးလျှင် မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ဘုရားသခင်၏ ထံတော်သို့ ပြေးလေ၏။

"ဂေါတမီ....မုန်ညင်းစေ့ရခဲ့ပြီလော"

ဤသို့ ရောက်လျှင် ရောက်ချင်း ဂေါတမီအား ဘုရားသခင်က ဆီး၍မေးတော်မူ၏။

"မုန်ညင်းစေ့ကိုရသော်လည်း လူမသေဖူးသော အိမ်မရှိ။ လူသေဖူးသော အိမ်ချည်းသာ ဖြစ်နေပါသည် ဘုရား"ဟူ၍ ဂေါတမီက လျှောက်ထားသောအခါ....

"ဂေါတမီ....သင့်မှာသာ သားသေသည်မမှတ်လင့်၊ သတ္တဝါမှန်သမျှ ဤသေခြင်းတရားကားမြဲ၏။ သေမင်းသည် ကြီးစွာသော ရေလုံးကြီးပမာ အသိတရားကြွယ်ဝခြင်းမရှိသော သတ္တဝါ ခပ်သိမ်းတို့ကိုဆွဲငင်လျက် အပါယ်သမုဒ္ဒရာထဲသို့ ပစ်ချတတ်၏" ဟု ဟောတော်မူ၏။

ဂေါတမီအနေအားဖြင့် နိဗ္ဗာန်ကို သူမလိုချင်။ နိဗ္ဗာန်ကို သူမှမက်မော။ မက်မောစရာဟူ၍ပင် သူမအောက်မေ့။ သူလိုချင်သည်ကား-မသေဆေး၊ သူမက်မောသည်ကား အသက် ရှင်ဆေးသာဖြစ်လေ၏၊ သို့ကြောင့်ပင် သူသည် ထို မသေဆေးကို ဗုဒ္ဓထံချဉ်းကပ်၍ တောင်းခဲ့၏။ ဗုဒ္ဓကလည်း သူလိုချင်သောဆေးကို ပေးလိုက်၏။ ရရှိလေသည်ကား လုံးဝသေခြင်းကင်းစေသော နိဗ္ဗာန်ဖြစ်သတည်း။

မြတ်စွာဘုရား၏ တရားတော်ကို တစိတ်တဒေသ ကြားလိုက်ရခါမျှနှင့်ပင် ဂေါတမီသည် အသိခံတတ်ခံ၊ ပါရမီဉာဏ် ထူးခြားသူဖြစ်သည့် အလျောက် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားလေ၏၊ နိဗ္ဗာသည် သူ၏ လက်တကမ်း၌ ရှိနေသောကြောင့် လက်ဖြင့် လှမ်းလင့်ရုံမျှဖြင့် ရရှိသွားလေသတည်း။

သားသေကို ပိုက်၍ မသေဆေး လိုက်ရှာခဲ့သော ဂေါတမီသည် ယခုအခါတွင် သား၌ဖြစ်သော ချစ်ခြင်းလည်း မရှိတော့ပြီ။ သားကြောင့်ဖြစ်ရသော စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်းများလည်း မရှိတော့ရုံမက ဗုဒ္ဓအထံတော်၌ သူ့ကို ဘိက္ခုနီ ပြုပေးပါရန်ကိုပင် ခွင့်ပန်လေ၏။ ဗုဒ္ဓ၏ ခွင့်ပြုတော်မူချက်အရ သဒ္ဓေးကတော်ကလေး ဂေါတမီကား ယခုအခါ သင်္ကန်းရောင်တလွင်လွင်နှင့် ဘိက္ခုနီ ကိသာဂေါတမီ ဖြစ်လာလေပြီ။

တခါသ၌ ဘိက္ခုနီဂေါတမီသည် ဥပုသ်အိမ်၌ မီးထွန်းရန် အလှည့်ကျလာသဖြင့် ဆီမီးများညှိထွန်းနေစဉ် အချို့ဆီမီးများသည် သူ့အရှိန်ဖြင့် တထိန်ထိန် တောက်ပနေကြသော်လည်း အချို့ဆီမီးများကား ဟုတ်ကနဲ- ဟုတ်ကနဲ ငြိမ်းငြိမ်းသွားကြလေကုန်၏။ ဂေါတမီသည် ဤသည်ကို အာရုံယူ၍ သင်္ခါရတရားတို့၏ အမြဲမရှိသော သဘောကို ဆင်ခြင်မိလေ၏။

မြတ်စွာဘုရားသည် ဂန္ဓကုဋိတိုက်တော်မှနေ၍ ဂေါတမီ၏သန္တာန်၌ မမွှအဆီအနှစ်များ ကိုန်းဝပ်ဖြစ်ပေါ်နေသည်ကို သိမြင်တော်မူလေရကား ဂေါတမီ၏ အပါးတွင်ရပ်လျက် တရားဟောတော်မူနေဘိသကဲ့သို့—

''ဂေါတမီ....ဤဆီမီးများ တောက်လိုက်၊ ငြိမ်းသွားလိုက် ဖြစ်သည့်နည်းတူသာလျှင် သတ္တဝါတို့သည် ဖြစ်လည်း ဖြစ်ကုန်၏။ ဖြစ်ပြီးသည့်နောက် အရှည်စွဲ၍ တည်မြဲနေသည်ဟူ၍မရှိပဲ ချုပ်လည်းချုပ်၊ ပျက်လည်းပျက်ကုန်၏။ နိဗ္ဗာန်သို့ရောက်မှသာလျှင် ထိုဖြစ်ခြင်းပျက်ခြင်းတို့ မထင်တော့၍ ဤသို့ နိဗ္ဗာန်ကို မမြင်ကြကုန်သော သတ္တဝါတို့အား နှစ်ပေါင်းတရာ အသက်ရှည်၍ နေရခြင်းထက် နိဗ္ဗာန်ကိုမြင်သော အခိုက်အတန့်ကလေးမျှ အသက်ရှင်ရခြင်းက မြတ်၏''ဟု အနုသန္ဓေဆက်စပ်၍ တရားဟောတော်မူလိုရကား—

—''ယော စ ဝဿသတံ ဇီဝေ၊
အပဿံ အမတံ ပဒံ၊
ဧကာဟံ ဇီဝိတံ သေယျော၊
ပဿတော*အမတံ ပဒံ။

''ဂေါတမီ၊ သားသေကို ရင်ဝယ်ပိုက်ထွေးလျက် မသေဆေးကို လိုက်ရှာခဲ့သော ချစ်သမီးဂေါတမီ။ ။ယော၊ မည်သူမည်ဝါမဆို အကြင်ပုဂ္ဂိုလ်သည်။ အမတံ ပဒံ၊ သေခြင်းကင်းသော နိဗ္ဗာန်ကို။ အပဿံ၊ မမြင်လေပဲ၊ ဝဿသတံ၊ ကာလကြာညောင်း၊ နှစ်ပေါင်းတရာတို့ကာလပတ်လုံး။ ဇီဝေ၊ အသက်ရှင်၍ နေငြားအံ့၊ သော၊ ထိုအသက်တရာတိုင်တိုင် နေရသူသည်။ နသေယျော၊ မမြတ်ချေ။ အမတံပဒံ၊ သေခြင်းကင်းသော အမြိုက်နိဗ္ဗာန်ကို၊ ပဿတော၊ မြင်သောပုဂ္ဂိုလ်အား။ ဝါ၊ မြင်လေသော နပုဂ္ဂိုလ်၏။ ဧကာဟံ၊ နေ့ရက်မကြာ တရက်တာမျှ။ ဇီဝိတံ၊ အသက်ရှင်ခြင်းသည်၊ သေယျော၊ မြတ်၏။

ဤဘုရားဟောတော်၏ အဆုံးတွင် ကိသာဂေါတမီကား ငှိုသမ္ဘိဒါ လေးပါးနှင့်တကွ အာသဝေါ ကုန်ခန်းကာ ရဟန္တာ ဖြစ်သွားလေ၏။ ဤဝတ္ထုကို ဆင်ခြင်ကြည့်လျှင် ဉာဏ်အမြင်သည်သာ ပဓာနဖြစ်ကြောင်း

---

* မြန်မာ့ပဒ အဋ္ဌကထာ၌ 'ပဿန္တော'ဟု ပ်၌ပျက်လျက်ရှိ၏။ ဇီဝိတံ သေယျော ဟူသော ကတ္တားပုဒ် နှင့်ငြိ လိုထောက်၍ ပဿတော ဟူ၍ရှိမှ သင့်လေရာသည်။

ထင်ရှား၏။ နိဗ္ဗာန်ဆိုသည်မှာ လူနှင့်အဝေးကြီးမှာ ရှိနေသည် မဟုတ်။ မိမိအနီးမှာပင် ကပ်၍ရှိနေသဖြင့် ဉာဏ်လက်ကမ်း၍ လှမ်းယူလျှင် လက်တကမ်းမျှဖြင့် ရနိုင်ပါကြောင်းကို ကိသာဂေါတမီက သာဓက ပြသွား၏။

ကိသာဂေါတမိ လိုက်၍ ရှာနေသည်ကား မသေဆေး ဖြစ်၏။ မြတ်စွာဘုရားက ကိသာဂေါတမီအား ပေးလိုက်သည့်ဆေးကား ဝသက်သာမဟုတ်။ ဘဝအဆက်ဆက် မည်သည့်အခါမျှ မသေနိုင်သောဆေး ဖြစ်၏။ ထိုဆေးကား နိဗ္ဗာန်ဖြစ်သတည်း။ ထိုအမြိုက်နိဗ္ဗာန်ကား လူနှင့် အဝေးကြီးမှာ ရှိနေသည်မဟုတ်။ လက်တကမ်း အတွင်းမှာ ရှိနေသည်ဖြစ်ရာ ယူတတ်လျှင် ရနိုင်ပါသတည်း။



# အရက်သမားကြီး သန္တတိ အမှတ်၏

## လက်တကမ်းနိဗ္ဗာန် ဝတ္ထု

'လူကိုဖျက်အရက်'ဟု စကားပုံ ရှိ၏။ အဓိပ္ပာယ်မှာ ထင်ရှား၏။ အရက်သည် လူကို ဖျက်ဆီးတတ်သည်။ လူသည် အရက်ကြောင့် ပျက်စီးရသည်။ ထိုကြောင့် အရက်ကို မသောက်ထိုက်။ အရက် ရှောင်ရာ၏ဟု ဆိုလိုသည်။

အထက်ပါ 'လူကိုဖျက် အရက်'ဟူသော စကားပုံသည် လောကလူသားတို့အတွက် နီတိဆောင်ပုဒ် ဖြစ်၏။ သို့သော် ယင်းဆောင်ပုဒ်ကို သန္တတိမည်သော အမတ်ကမူ အကြွင်းမဲ့ အကုန်လုံးလက်မခံလိုပဲ တဝက် တပျက်၊ တစိတ်တဒေသလောက်ကိုသာ ကွက်၍ လက်ခံချင်ပေလိမ့်မည်။ "ကျွန်ုပ်ကိုလည်း ကြည့်ကြပါဦး၊ ကျွန်ုပ် မျက်နှာကိုလည်း ထောက်ကြပါဦး"ဟု ဆိုကောင်း ဆိုပေလိမ့်မည်။

အဘယ့်ကြောင့်ဆိုသော် သူသည် အရက်သမားကြီး ဖြစ်၏။ "သောက်တော်မူ ရယ်နဲ့ အိုမကွာ....အိုမကွာ" ဆိုသော လူစားမျိုးဖြစ်သဖြင့် အရက်နှင့်သူ၊ သူနှင့်အရက်သည် ကင်းကွာသည်ဟူ၍ မရှိခဲ့။ အမြဲပင်သောက်ကာ စားကာ အရက်ကို အဖော်ပြု၍သာ နေသူဖြစ်၏။ အမူးသမား တယောက်ဖြစ်သော သန္တတိ အမတ်နှင့်ကား နိဗ္ဗာန်သည် အဝေးကြီးသာတည်း။ နိဗ္ဗာန်ကို စိတ်ကူးထဲမျှပင် သူသည် မတွေးခဲ့။ တွေးရကောင်းမှန်း ဟူ၍ပင် သူမထင်ခဲ့။

သို့သော်....သူမမျှော်လင့်သော နိဗ္ဗာန်၊ စိတ်ကူးထဲမျှ မထည့်ခဲ့သော ထိုနိဗ္ဗာန်သို့ရောက်အောင် အရက်က ပို့ဆောင်လိုက်သဖြင့် သူ့ဘဝကား အဖြစ်ဆန်းဘဝ၊ လူထူးလူဆန်းဘဝမျိုး ဖြစ်လာသည်။ အရက်ကို

မသောက်မိလျှင် သူသည် မူးမည်မဟုတ်။ သူ မမူးလျှင် သူ့အသည်းနှလုံး ကြွေပြုန်းလုလု အထိ စိတ်ဝေဒနာကို ခံစားရမည်မဟုတ်။ အဆွေးသမားကြီး ဖြစ်ရမည် မဟုတ်။ သည်းကြွေလုလု ဆွေးပူမှုဒဏ်ကို သူ မခံစားရခဲ့သော် သူ နိဗ္ဗာန်သို့ ရောက်လေမည်မဟုတ်။

သတ္တုချလိုက်သော် သူရရှိသွားသော နိဗ္ဗာန်၊ သူ မမျှော်လင့်သော၊ စိတ်ကူးထဲမျှ မထည့်ခဲ့သော နိဗ္ဗာန်ကို ရရှိသွားခြင်း၏ အစပျိုး၊ နိဒါန်းတွင် အရက်ကိုသာ တွေ့ရ၏။ အရက်တည်းဟူသော ပင်လယ်ကြောဝယ် စောက်ထိုးမိုးမျှော် တပေါ်လောလော မျောနေလျက်က အမှတ်မထင် နိဗ္ဗာန်တည်းဟူသော ကျွန်းပေါ်သို့ စိုင်ကော်၍ ခုံပေါ်ရောက်သည့် နည်းမျိုးအတိုင်း သူရောက်ရှိသွားခြင်း ဖြစ်လေသည်။

အံ့ဩဘနန်း ဆန်းကြယ်လှသော သူ၏ ဘဝဖြစ်ရပ် အတ္ထုပ္ပတ္တိ ပိဋကတ်တော်၌* ထိုဘည်းမားမား အထင်အရှား ရှိချေ၏။ ''အရက်သောက်တိုင်း အထင်မသေးပါနှင့်၊ နိဗ္ဗာန်နှင့် ဝေးသူဟု မမှတ်ပါနှင့်၊ ကျုပ်ကို ကြည့်ကြစမ်းပါဗျာ''ဟု အရက်သမားတို့ဘက်မှ လျှောက်လဲသော အားကိုးအားထား ပြုလောက်သည့် ရှေ့နေကောင်းကြီး သဖွယ် ဖြစ်ချေ၏။ သူ့ဘဝဖြစ်စဉ်ကား ဤသို့ဖြစ်သတည်း။

သူသည် သာဝတ္ထိဘုရင် ကောသလမင်းကြီး၏ ကျွန်ယုံတော် အမတ်ဖြစ်လေသည်။ စစ်မှုရေးရာဘက်၌ အထူးကျွမ်းကျင်လှသောကြောင့် စစ်သူကြီးအမတ်ဟူ၍ထင်ရှားသည်။ သန္တတိအမတ်ကြီးဟူ၍ လည်းကောင်း၊ သန္တတိ စစ်သူကြီးဟူ၍ လည်းကောင်း သူ့ကို အများက ခေါ်ကြ၏။

ကောသလမင်းကြီးကိုယ်၌က အထူးမြတ်နိုးသော အမတ်ဖြစ်သောကြောင့် သာဝတ္ထိပြည်တခွင်တွင် နေတဆူ၊ လတဆူအသွင် အလွန်ထင်ရှားသူ ဖြစ်လေသည်။

ပမာဆိုသော်....သန္တတိ အမတ်၏ ဖြစ်အင်သည် မြန်မာရာဇဝင်၌ ထင်ရှားသော မြဝတီမင်းကြီး၏ အသွင်နှင့် ခပ်ဆင်ဆင်ပင်ဖြစ်၏။ လက်ရုံးရည်အားကိုးနှင့် အမှုထမ်းရသော စစ်မှုရေးရာဘက်တွင် တန်ခိုးရှိန်ဝါ ဩဇာတိက္ကမကြီးမားသည်နှင့်အမျှ နှလုံးရည်ခေါ်သော အနုပညာတေးဂီတ အရာ၌လည်း ဝါသနာထုံထုံနှင့် အစွမ်းကုန် နှစ်ခြိုက်စွာ လေ့လာသော ဟူပေ၏။

ကောသလမင်းကြီးသည် သူ၏အနုပညာ ဝါသနာစရိုက်ကို သိတော်မူသည့်အလျောက် နန်းတွင်းပွဲရှုဆောင်တွင် ပွဲသဘင် ရှုစားတော်မူသော

---

ဓမ္မပဒအဋ္ဌကထာ၊ ဒုဒဏ္ဍဝဂ်၊ သန္တတိမဟာမတ္တဝတ္ထု၊

အခါများတွင် သန္တတိအမတ်နှင့်သာ အတူတကွ ရှုစားတော် မူလေ့ရှိ၏။ ထိုအချိန်တွင် 'နာဋကီ' မည်သော နန်းတွင်းကချေသည်တဦးမှာ အရွယ်လည်း နု၏။ ရုပ်လည်း ရင်သပ်ရှုမောရလောက်အောင်ပင် အလွန်ချော၏။ အသံလည်းသာ၏။ အဆိုလည်းပိုင်၏။ အကလည်းကောင်း၏။ ကချေသည် အတတ်တွင် ရှစ်စပ်ကလည်းသော 'တော်သုံး' ကချေသည် ဖြစ်လေသည်။

အနုပညာ ဓာတ်ခံရှိသော သန္တတိအမတ်သည် ထိုနာဋကီ ကချေသည်မကလေး အပေါ်တွင် တော်တော် စိတ်ဝင်စားမိနေ၏။ သို့သော် သူရှင့်ထံတော်၌ အသုံးတော်ခံရသော 'တော်သုံး' ဖြစ်သောကြောင့် သန္တတိအမတ်သည် သူ့စိတ်ကို အတော်ကလေး နှိမ်ထားခဲ့ရလေသည်။

တနေ့သောအခါတွင် ဆီးမီးရောင်ရှိန်ထိန်ထိန်လင်းနေသော ပွဲရှုဆောင်၌ နာဋကီ ကချေသည်မလေးသည် သာယာငြိမ့်ညောင်း အသံနွဲ့နှောင်းသော သူ၏ ကိုယ်ဟန် ကြော့ကြော့ ကလေးဖြင့် မင်းပရိသတ် ရှေ့မှောက်တွင် အဆို အက အမျိုးမျိုးတို့ဖြင့် ကပြဖျော်ဖြေလျက် ရှိနေစဉ်....သန္တတိအမတ်သည် ကောသလမင်းကြီး၏ အပါးတော်မှနေ၍ ကချေသည်မကလေးကို မမှိတ်မသုန် အာရုံဝင်စားလျက် ရှိနေ၏။ ဤသည်ကို ကောသလမင်းကြီး မြင်လျှင် ပြုံးတော်မူလျက်မှ....လက်ယာလက်ဖြင့် သန္တတိအမတ်၏ ပခုံးကို ပုတ်လျက်

''တော်တော်ပဲ စွဲနေသလားမောင်သန္တတိ''ဟု မေးတော်မူလိုက်ရာ သန္တတိအမတ်မှာ ရုတ်တရက် လန့်ဖျပ်ယောင်ယမ်းကာ....

''ကြိုက်ယင်ကြိုက်တယ် ဘုရား....''ဟူ၍လျှောက်မိပြီးမှ ဣန္ဒြေဆည်လျက်''အဆိုရော အကရော အလွန်တော်တဲ့သူငယ်မ ဘုရား''ဟူ၍လျှောက်လေ၏။ ကောသလမင်းကြီးကား သန္တတိအမတ်၏ စိတ်ဓာတ်ကို ရိပ်စားမိပြီးဖြစ်သောကြောင့် ခေါင်းတညိတ်ညိတ်နှင့် ပြုံးတော်မူကာသာနေလေ၏။

ဤသို့အားဖြင့် သန္တတိအမတ်သည် ကချေသည်မကလေး အပေါ်တွင် မေတ္တာတော် တိမ်းညွတ်လျက် ရှိနေငြားသော်လည်း မင်းတရားကြီး တည်းဟူသော တံတိုင်းကြီးက ခြားနေသောကြောင့် မဆွတ်သာပဲ ရှိနေရှာ၏။

ဤအတောအတွင်း နိုင်ငံတော် ပြည်အရေးကလည်း ရှုပ်ရှုပ် ထွေးထွေး ဖြစ်လာလေ၏။ ဘုရင်ကို ပုန်ကန်ခြားနားသူများ ပေါ်လာသည်။ စစ်သည်တော်များအား သွားရောက် နှိမ်နင်းစေသော်လည်း အရေးမသာသည်ကများနေ၏။ အစပထမတွင် 'မမှုလောက်'ဟု ထင်ရလေသော်လည်း သူပုန်အင်အား တဖြည်းဖြည်းများလာသောအခါ ကောသလမင်းကြီးသည်

မိမိ၏ လက်သုံးတော် 'သန္တတိ'အမတ်ကို စေလွှတ်ရသည့် အခြေသို့ ဆိုက်လာ၏။

"အချင်း သန္တတိ၊ သင်ကား ငါ၏ လက်ရုံးတည်း။ ငါ၏ ကိုယ်တော်စား သွား၍ သူပုန်များကို မောင်မင်း နှိမ်နင်းပါချေ" ဟူသော အမိန့် အောက်တွင် ဒူးထောက်လျက် ခစားနေသော သန္တတိအမတ်သည် "ဤကိစ္စအတွက် စိုးရိမ်နှောင့် ကြောင့်ကြတော်မမူပါနှင့် ဘုရား"ဟူ၍ လျှောက်ထားပြီးသည့် နောက်ပိုင်း အချိန်တွင်ကား သန္တတိ အမတ်သည် တပ်မတော်ကို ဦးဆောင်လျက် စစ်ထွက်ရရှာလေ၏။

'ဘုန်းရှိလာရောက်၊ ဘုန်းမဲ့ပျောက်၏' ဆိုသော အတိုင်းပင် သန္တတိအမတ်စစ်သူကြီးကိုယ်တိုင် ချီတက်လာပြီ ကြားသောအခါ သူပုန်တို့သည် စိမ့်ဖိမ့်တုန်ကုန်သေ၏။ ရင်ဆိုင် ယှဉ်ပြိုင်၍ တိုက်ဝံ့သူက နည်း၏။ အချို့တို့ကမူ သတ္တချင်း ပြိုင်လိုဟန်ဖြင့် သန္တတိအမတ်နှင့် ရင်ဆိုင်ကြကုန်လေရာ ကျားရှေ့တွင် မှောက်လျက်လဲသော ယုန်သူငယ်၏အလား သန္တတိအမတ်၏ ဓားစာသာ ဖြစ်ကုန်လေ၏။ အချို့တို့ကား အသက်ဘေးမှ စိုးရိမ်သော ကြောင့် အုပ်လိုက်သင်းလိုက်၊ အဖွဲ့လိုက်ဆိုသလိုပင် သန္တတိအမတ်ထံတွင် အညံ့ခံကာ လက်နက်ချကြလေကုန်၏။

သူပုန်ရန်ကို အောင်ပွဲခံနိုင်ပြီ ဖြစ်သော်လည်း မြိုင်ယံက မထွက်သေးသော သန္တတိအမတ်သည် တောတောင်အတွင်း တ ထောက်တနား အပန်းဖြေလေသောအခါများတွင် သူ့မျက်စိသဲတွင် မြင်ယောင်လာသည်ကား ပွဲရှုဆောင်ဖြစ်၏။ ထိုနောက် ပွဲရှုဆောင်အလယ်မှ သောကြာ ကြယ်ပမာ လှနတ်သူဇာ ကချေသည်မကလေး ဖြစ်၏။

သူ့ရှေ့တွင် လာ၍ ကန့်ကလျ ကနေတော့ သယောင်ယောင်၊ မျက်တောင်ကော့ကလေးကို ပင့်ကာ ချီကာနှင့် သူ့ကိုပင် ကြာပစ်၍ ပြုံသယောင်ယောင် ထင်လာ၏။ သူ့ပတ်ဝန်းကျင်တွင် ပင်လုံးကျွတ် ပွင့်နေသော ပန်းများကို ကိုယ်တိုင်ဆွတ်ခူးကာ အလှထွတ်ဖူး၊ လှခေါင်ကျူးလှသည့် ကချေသည်မကလေးအား ကိုယ်တိုင် ပန်ဆင်ပေးရသလိုလိုနှင့် သူ့စိတ်က သူ့ကို လှည့်စားလျက် ရှိနေသည်။ ထိုသည်ခဏ စူးရှစွာ တခဲနက် မှုတ်လိုက်သော စစ်ခရာသံများကို ကြားလိုက်မှ သူ၏ အတွေးအာရုံများသည် သူ့ထံပါးမှ ခုန်ပျံ လွင့်ထွက်သွားကုန်လေတော့သည်။

ထိုအချိန်မှာ—ရွှေဘူရကန်၊ ဒေါင်းမင်းစံသည့်၊ ဖန်နန်းပျံ မှိတ်လုလု အချိန်ဖြစ်၏။ ကောသလမင်းကြီးသည် အထောက်များထံမှ တဆင့် သန္တတိအမတ်ကြီး၏ နှိမ်နင်းမှုကြောင့် သူပုန်အရေး ငြိမ်းအေးသွားပြီ ကြားရ

သောအခါ များစွာဝမ်းသာလျက် ရှိနေရုံမက ထိုက်တန်သော ချီးမြှင့်ခြင်းဖြင့် သန္တတိအမတ်အား သူကောင်းပြု ချီးမြှင့်မည် ဟူ၍ပင် သန္နိဋ္ဌာန်ချလျက် ရှိနေ၏။

တိုက်ပွဲပြန် သန္တတိအမတ်သည် လက်ရဖမ်းဆီးရမိလာသော သူပုန်များကိုလည်းကောင်း၊ အမှားကို ဝန်ခံလျက် လက်နက်ချ ဝင်ရောက်လာသော သူပုန်များကိုလည်းကောင်း ကောသလ မင်းကြီးအား ဆက်သလေသောအခါ မင်းကြီးသည် ပရိသတ်ဗိုလ်ပုံစုံရာ ရှေ့မှောက်တွင် သန္တတိအမတ်အား များစွာ ချီးကျူးစကား မြွက်ကြားတော်မူပြီးနောက် ညီလာခံကို အမြန်ခေါ်စေပြီးလျှင် ထိုညီလာခံ၌ ရာဇဝင်တွင်ရစ်စေမည့် အောက်ပါမိန့်ခွန်းစကားကို မြွက်ကြားတော် မူလေသတည်း။

"အချင်းတို့၊ အို—မှူးမတ်အပေါင်းတို့၊ နိဂ္ဂဟေတဗ္ဗ နိဂ္ဂဟေယျ၊ ပဂ္ဂဟိ တဗ္ဗ စ ပဂ္ဂဟံ—ကျမ်းဂန်တို့၌ အတည့်အလင်းပြဆိုလျက် ရှိချေသည်။ နှိပ်ကွပ်ထိုက်သူကို နှိပ်ကွပ်ခြင်း၊ ချီးမြှောက်ထိုက်သူကို ချီးမြှောက်ခြင်းမှာ မင်းကောင်း မင်းမြတ်တို့ ကျင့်သုံးအပ်သော ကျင့်ဝတ်ဘရပ် ဖြစ်သည် အားလျော်စွာ ချီးမြှောက်ထိုက်သော သန္တတိအမတ်ကို ထိုက်ထိုက်တန်တန် ငါ ချီးမြှောက်တော် မူလိုပေသည့်အတွက် ဤညီလာခံကို အဆောတလျင် ခေါ်ယူလိုက်ခြင်း ဖြစ်ပေ၏။

နီတိကျမ်းတို့၌ မိန့်ဆိုအပ်သော မှူးမတ်ကောင်းတို့၏ ဂုဏ်အင်္ဂါ ရှစ်ရပ်ကို သင်တို့လည်း အသိပင် ဖြစ်ချိမ့်မည်။ (၁) ဗဟုဿုတော—အကြားအမြင် များရခြင်းတပါး၊ (၂) သီလဝန္တော—အကျင့်စာရိတ္တ ကိုယ်ကျင့်တရား ကောင်းမွန်ခြင်းတပါး၊ (၃) သူရော—ရဲစွမ်းသတ္တိနှင့် ပြည့်စုံရခြင်းတပါး၊ (၄) မဟုဿာဟော—ထကြွကြ လုံ့လဝီရိယ ရှိရခြင်းတပါး၊ (၅) အက္ခဝိဓော-မှုခင်းကိစ္စပြီးမြောက်ရေးကို စစ်ဆေး လေ့လာရခြင်းတပါး၊ (၆) ဗလဝရော—လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံရခြင်းတပါး၊ (၇) ဓိတိမာ—အဂတိလေးပါး မလိုက်စားရမှုမှားရခြင်းတပါး၊ (၈) ဂုဏဝိလာသော—ခံ့ညားရှိသေ ဖွယ်သော ရုပ်ဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံရခြင်းတပါး။

ဤသို့အားဖြင့် ရှစ်ပါးရှိချေသည့် အနက်တွင် ဤသန္တတိအမတ်ကား— မှူးကောင်း, မတ်ကောင်းတို့၏ ဂုဏ်နှင့် အဘက်ဘက်မှ ပြည့်စုံသူ ဖြစ်ပေ၏။ ရဲရင့်၏၊ တည်ကြည်၏၊ ကိုယ်ကျင့်တရား ကောင်း၏။ သတ္တိရှိ၏။ လက်ရုံးရည်, နှလုံးရည်ရှိသူဖြစ်၏။

“ရန်သူကို အထင်မသေးအပ် ဟူသည်ကို သတိမချပ်မိလေသည့်အတွက် သူပုန်အင်အားသည် တစတစ ကြီးထွား လာခဲ့သည်တွင် အခြားသူများ ပြုအောင် ပြုနိုင်စွမ်းမရှိခဲ့သော ပုန်ကန် ခြားနားသူများအား သန္တတိ အမတ်သည် ကြက်ငှက်ငယ်များကို ဖမ်းယူသည့် အလား အလွယ်တကူနှင့်ပင် အကြွင်းမဲ့ သုတ်သင် ရှင်းလင်းနိုင်ပေသောကြောင့် ငါနှင့်တကွ ပြည်သူအပေါင်း ချမ်းသာကြောင်းကို ကောင်းစွာလှသူ အရတော်စွာ ရကြရပေသည်။

“အို–အချင်းတို့၊ ပြည့်အန္တရာယ်ကို အကြွင်းမဲ့ ဖယ်ရှားသုတ်သင်နိုင်စွမ်းရှိသူ သန္တတိ အမတ်ကဲ့သို့သော သူ၏ကောင်းအား ထိုက်သိုက် တန်တန် ချီးမြှောက်ခြင်း မပြုခဲ့ပါက ငါသည် မင်းတို့ကျင့်အပ်သော ကျင့်ဝတ်မှ ချွတ်ယွင်းရာ ကျပေတော့မည်။ ထို့ကြောင့် ရကား ငါသည် သန္တတိ အမတ်အား ခုနစ်ရက်ပတ်လုံး မင်းစည်းစိမ်ကို အပ်နှင်းခြင်းဖြင့် သူ့ကောင်းပြုအံ့၊ ချီးမြှင့်အံ့၊ နာဋကီမည်သော ကချေသည်မကိုလည်း သူ့အား ငါပေးအံ့။

ဤအမိန့်တော်ကို ကြားနာပြီးသည့် အချိန်မှစ၍ သန္တတိ အမတ်သည် မင်းစည်းစိမ်ကို ခုနစ်ရက်ပတ်လုံး ခံစားစေ၊ ဤကာလအတွင်း မှူးမတ်အပေါင်းတို့သည်လည်း ငါ့ကို ရိုသေခစားကြသကဲ့သို့ သန္တတိ အမတ်အား ရိုသေကြစေ၊ ဤအချိန်မှစ၍ နာဋကီမည်သော ကချေသည်မကို သန္တတိ အမတ်သည်ရယူစေ”

ကောသလမင်းကြီးသည် သန္တတိ အမတ်အား မင်းစည်းစိမ်ကို ခုနစ်ရက် နှင်း၍ သူ့ကောင်းပြု ချီးမြှင့်တော်မူယင်း ကချေသည်မ အပေါ်၌ သန္တတိအမတ်၏ တိမ်းညွတ်နေသော စိတ်ဓာတ်ကို သိတော်မူသည် အားလျော်စွာ ကချေသည်မကိုပါ ရယူစေခြင်းအားဖြင့် သန္တတိ အမတ်ကား မင်းအဖြစ်ကို နှင်းအပ်ခြင်းထက်ပင် သူမြတ်နိုးလာခဲ့သော နာဋကီကို ရရှိသည့်အတွက် အတိုင်းထက်အလွန် ဝမ်းမြောက်မဆုံးဖြစ်လေသတည်း။

ခုနစ်ရက်ပတ်လုံး မင်းစည်းစိမ်ကို ခံစားစေ ဟူသော ဆုလာဘ်ကို နှင်းအပ်ရရှိလေသောအခါ သန္တတိအမတ်သည် ဘာလုပ်သည်ထင်သနည်း၊ နဂိုကလည်း ဘာသာရေးတရားကို လိုက်စားခဲ့သူမဟုတ်၊ တခါတခါ ဘုရားကျောင်းတော်သို့ ကောသလမင်းနှင့်အတူ ပါပါသွားခဲ့သော်လည်း ဘုရားတရားကို သူစိတ်မဝင်စားခဲ့။ ဘုရားသခင်ကို မြင်ဖူးနိုင်လောက်သော သူ့အာရုံ၌ ထားခဲ့သူ ဖြစ်လေရာ ယခုကဲ့သို့ အထွတ် အထိပ်သို့ ရောက်ရှိလာသောအခါ သွေးသောက်ချောင်းရင်း အပေါင်းအသင်းတို့နှင့်အရက်ကိုသာနင်းကန်သောက်ယင်း နာဋကီ ကချေသည်နှင့်သာ ပျော်တပြုံးပြုံး၊ မော်မဆုံးအောင်

ရှိခနေ၏။ "ငါမင်းစည်းစိမ်ကို ခံစားရသည့်အခိုက်ဘွင် လှူလိုက်မဟဲ့၊ ဒါန်းလိုက်မဟဲ့" ဟူ၍ ကုသိုလ်ကောင်းမှုပြုရေးကို တွေးရုံမျှဖြင် သူမတွေးမိချေ၊ ပျော်လားပါးလား သောက်လားဖြင့်သာ ခြောက်ရက်လွန်မြောက် ခုနစ်ရက်ဖြစ်သော နောက်ဆုံးနေ့သို့ ရောက်လာလေ၏။

ခုနစ်ရက်နေ့ မရောက်မီ ခြောက်ရက်မြောက် ညတွင် သန္တတိအမတ်သည် အမတ်များကို ခေါ်၍ နက်ဖြန် နောက်ဆုံးနေ့၌ အစွမ်းကုန် ပျော်မြူးရန်အစီအစဉ်အတွက် တိုင်ပင်လေ၏။ သူ၏ ဆန္ဒကို မှူးမတ်များအား ပြောပြသည်မှာ—

"အစ်ကိုတို့၊ မနက်ဖြန် ခုနစ်ရက်စေ့တော့မည်၊ မင်းစည်းစိမ်ဖြင့် နောက်ဆုံးကျွန်ုပ်ပျော်ရွှင်ချင်သည်၊ ဤနန်းတွင်းမှာဆိုသော် ဘုရင်ထီးဘုရားနှင့်တကွ နန်းတော်ကို မလေးစားရာကျချိမ့်မည်၊ လွတ်လပ်စွာ ပျော်ရန်အတွက် ဉယျာဉ်တော်ကို နေရာ ရွေးလိုပေသည်၊ သို့မှသာ လွတ်လပ်စွာ ပျော်နိုင်ခွင့်ရမည်ဖြစ်သည်၊ ထို့ကြောင့် မနက်ဖြန်ပျော်ရွှင်နိုင်ရန် အတွက် အရက်များကိုလည်း အဆင်သင့် ရှိကြပါစေ၊ နေရာထိုင်ခင်း အတွက်လည်း မင်းနှင့် ထိုက်တန်စွာ စီရင်ကြပါလေ၊နံနက်မိုးသောက်သော်-ဆင်တော်ကို စီးလျက်မင်းခမ်းမင်းနားဖြင့် ရေသုံးသပ်ရန် ရေဆိပ်သို့ ကျွန်ုပ် ထွက်အံ့၊ ရေသုံးသပ်ရာက အပြန်တွင် ဉယျာဉ်တော်၌ တနေကုန် ကျွန်ုပ် ပျော်မြူး အံ့၊ နာဋကီ ကိုလည်း မနက်ဖြန်တွင်အစွမ်းကုန် ဆိုစေအံ့၊ ကစေအံ့"

မှူးမတ်တို့လည်း သန္တတိ အမတ်၏ အစီအစဉ်အတိုင်း"ပြည့်စုံပါစေကုန်အံ့" ဟု ဝန်ခံကြကုန်၏။ သို့နှင့်ပင် နေအရုဏ်ကျင်း၍ မိုးသင်းလာလေသတည်း။

မြို့သူမြို့သားတို့သည် သန္တတိ အမတ်ကြီးအား အခမ်းအနားဖြင့် ရေဆိပ်သို့ ထွက်တော်မူမည်ဆိုသောကြောင့် ထွက်တော်မူရာလည်း မင်းလမ်းတလျှောက် စောင့်ကြို၍ ကြည့်ရှုသူများမှာ ပျားပန်းခတ်မျှ ရှိလေ၏။ သန္တတိအမတ်လည်း တင့်တယ်စွာ ဝတ်စားတန်ဆာများ ဆင်မြန်းလျက် မြစ်ဆိပ်သို့ ဆင်တော်စီးလျက် ထွက်လာသည့် အချိန်တွင် 'အစိန္တေယျ' လောကထွတ်ထား မြတ်စွာဘုရားသည်လည်း ဘုရားတို့ ဓမ္မတာအတိုင်း ရဟန်း သံဃာများ ခြံရံလျက် ဇေတဝန် ကျောင်းတော်မှဆွမ်းခံထွက်တော်မူလာရာ ဘုရားသခင်နှင့် သံဃာတော်များကလည်းမြို့ တံခါးသို့ အရောက် သန္တတိအမတ်ကလည်း ဆင်တော်ကိုစီးလျက် ထွက်အလာနှင့် ဆုံမိလေ၏။

သန္တတိအမတ် ထွက်အလာကို စောင့်၍ကြည့်ရှုနေကြသော ပရိသတ်မှာလည်း ပြည့်ကျပ် လျက်ရှိနေရာ သန္တတိ အမတ်သည် ဘုရားသခင် ဆွမ်းခံဝင်လာသည်ကိုမြင်လေသော်-ရတ်ခြည်းဆင်ပေါ်က ဆင်းရန်လည်း

အချိန်မရသဖြင့် ဆင်ပေါ်မှနေ၍ ဦးခေါင်းကို ညိတ်ကာ ဘုရားသခင်အား ရှိခိုးခြင်းပြုလေ၏။

မြတ်စွာဘုရားသည် သန္တတိအမတ်၏ အမူအရာကို မြင်တော်မူလတ်သော်....ပြုံးတော်မူသဖြင့် "အဘယ့်ကြောင့် ပြုံးတော်မူပါ သနည်းဘုရား"ဟူ၍ ဘုရားသခင်၏ နောက်ပါးမှ ကပ်လျက် ပါလာသော အရှင်အာနန္ဒာက သပိတ်ပိုက်လျက်မှ မေးလျှောက်လေသောအခါ....

"အာနန္ဒာ၊ ဤသန္တတိအမတ်ကို သင်ကြည့်လော့။ ဤတော်ကပ စွာသော အဝတ်တန်ဆာနှင့်ပင် သူသည် ငါ့ထံသို့ ရောက်လတ္တံ့။ လေးပါဒရှိသော ဂါထာ၏ အဆုံးတွင် သူသည် အရဟတ္တဖိုလ်သို့ ရောက်၍ ထန်းပင် ခုနစ်ဆင့်မျှ မြင့်သော ကောင်းကင်၌နေလျက် ပရိနိဗ္ဗာန်ပြုလတ္တံ့"ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားနှင့် အရှင်အာနန္ဒာတို့ အချီအချ ဆိုပြောသော စကားကို ပရိသတ်တို့ ကြားကုန်၏။ အချို့သည် ဗုဒ္ဓဘာသာ ပရိသတ်ဖြစ်၍ အချို့ကား မိစ္ဆာဒိဋ္ဌိဖြစ်လေရာ....ထိုအခါ မိစ္ဆာ ဒိဋ္ဌိပရိသတ်တို့သည် ရှုံ့ကာ မဲ့ကာနှင့် အချင်းချင်း ဤသို့ ဆိုကုန်သတည်း။

"အချင်းတို့၊ ကြည့်ထားကြကုန်၊ ရဟန်းဂေါတမ၏ စကားကို ကြားကြပါကုန်စ၊ ရဟန်းဂေါတမသည် အပြောကြီးဘိစွ၊ သို့စင်မျှလောက် အရက်ကို မိုးမလင်းအောင် သောက်နေသော အရက်သမားကြီး၊ ယစ်ထုတ်ကြီး၊ အမူးသမားကြီး ဤသန္တတိအမတ်သည် အခုသူ့မှာ ဆင်မြန်းဝတ်ဆင်ထားသော အဝတ်အစားအတိုင်း သူ့ထံ ရောက်လာပြီး သူ့တရားကိုနာ၍ ပရိနိဗ္ဗာန် ပြုလိမ့်မယ်ဆိုပါလား၊ ယနေ့ ထိုရဟန်းဂေါတမကို မုသာဝါဒဖြင့် ငါတို့ နှိမ်ကြကုန်အံ့၊ ရှုတ်ချကြကုန်အံ့"ဟု ဆိုကုန်၏။

ဗုဒ္ဓဘာသာဝင် ပရိသတ်များကမူ "အံ့ဖွယ်ကောင်းပေစွ၊ ဘုရားသခင်တို့၏ တန်ခိုးတော်သည် လွန်စွာကြီးမားတော်မူပါပေစွ၊ ယနေ့ ဘုရားသခင်၏ ကွန့်မြူးတော်မူခြင်းကိုလည်းကောင်း၊ သန္တတိအမတ်ကြီး၏ ကွန့်မြူးခြင်းကိုလည်းကောင်း ငါတို့မြင်ခွင့်ရကုန်အံ့"ဟု ဆိုကုန်၏။

ထိုနောက်တွင်ကား ဘုရားသခင်လည်း သံဃာတော်များခြံရံလျက် မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူလေ၏။ သန္တတိအမတ်ကြီးလည်း ဆင်တော်စီးလျက် ရေဆိပ်ဘက်သို့ ထွက်လေ၏။

ဥယျာဉ်တော်၌လည်း သန္တတိ အမတ်ကြီး ပျော်မြူးရန် အတွက် တခမ်းတနား ပြင်ဆင်ထားလေ၏။ အဓိကအားဖြင့် ပြင်ဆင်ထားရပေသည်ကား အရက်ဖြစ်၏။ ကောင်းပေ့ဆိုသော အရက်များနှင့် ရင်းနှင့် မြည်းစရာ ဘဲ၊ ကြက်၊ ဝက်ကောင်လုံးကြော်တို့မှာလည်း ပွဲတော်စာအဖြစ်

ကုည်ထည်ဝါဝါ အနေနှင့်သား ရှိနေကုန်၏။ အချောအလှရတနာ၊ ကညာ၊ ဂေါရီ၊ ယုဝတီ၊ ကုဝ်ဖူး၊ လှခေါင်မူး တသိုက်တို့မှာလည်း ကချေသည် နာဋကီနှင့်အတူ ချောင်စုံအလှဖြင့် ဥယျာဉ်တော်မှ စောင့်ကြိုလျက် ရှိနေကြ ကုန်၏။

သန္တတိအမတ်ကြီးသည် ရေဆိပ်တွင် ရေကစားတော်မူပြီးနောက် အစီအစဉ်အရ ဆင်တော်ကိုစီးလျက် ဥယျာဉ်သို့ ရောက်လာပြီး ပြင်ဆင် ထားသော အရက်မဏ္ဍပ်သို့ ဝင်လျက် အရက်ခွက်ကို ကိုင်တော်မူလိုက်လျှင် ပင် ကချေသည်မလေး နာဋကီသည် သန္တတိအမတ်ကြီးကို ချာချာ လှည့်ပတ်လျက် သီဆိုကာ ကလျက် ပျော်တော်ဆက်ရှာလေ၏။ သန္တတိအမတ်နှင့်တကွ သောက်ဖော် စားဖက်တို့သည်လည်း ကြက်ပေါင် ကြီးကို ကိုက်ဝါးဆွဲကာ အရက်ကလေး တမြမြ မော့ကာ မော့ကာနှင့် ကချေသည်မလေး လှည့်ပတ်၍ ကရာသို့ သူတို့၏ မျက်လုံးများသည် ဆီဆုံခဲ့ချ ချာသည်လျက် လိုက်၍ကြည့်ကာ ကြည့်ကာ တပြုံးပြုံးနှင့် ရှိနေကုန်၏။

နာဋကီသည် ထိုနေ့တွင် အထူးသဖြင့် ကြိုးစားသည်။ ကပွဲပုံသဏ္ဌာန် မှာ စက်ဝိုင်းပုံမျိုး ဖြစ်၍ သန္တတိအမတ်ကြီးနှင့် အပေါင်းပါများက အလယ်ခေါင် စင်မြင့်ပေါ်တွင်နေလျက် နာဋကီက ယင်းစက်ဝိုင်းအတိုင်း လှည့်ကာလှည့်ကာ ကလေသည်။

အချိန်မှာ နေရှိန်တောက်ပသော နေ့ခင်းအချိန် ဖြစ်သောကြောင့် ကပြဖျော်ဖြေနေရှာသော နာဋကီမှာ ပူပြင်းသော နေပူဒဏ်ကို ခံရခြင်း၊ ရှေ့တိုးနောက်ငင် ကွေးကာညွတ်ကာ ကကြိုးအမျိုးမျိုးတို့ကို တခုနှင့်တခု မထပ်ရအောင် ကပြရခြင်းဖြင့် ပင်ပန်းခြင်းတို့ကြောင့် ချွေးသီးချွေးပေါက် များ တတောက်တောက် ကျလာသည်။ သို့သော် သူသည် ပင်ပန်းမှုကို အမှုမထားလေပဲ သန္တတိအမတ်ကြီးအား နှလုံးပီတိ ဂွမ်းဆီထိသွားစေသော အဆိုအကတို့ဖြင့် တမျိုးပြီးတမျိုး ရှုမရိုးအောင် ပျော်တော်ဆက်နေ၏။

သို့သော်— စိတ်သွားတိုင်း ကိုယ်မပါနိုင်ရှာတော့ချေ။ ကယင်း ကယင်း လေးလံထိုင်းမှိုင်းလာသည်။ သူ၏လက် သူ၏ခြေတို့သည် သူ့ အာဏာကို ဖီဆန်စ ပြုလာသည်။ သူဆွဲရာသို့ မပါတော့၊ သူမြှောက် လေတိုင်း မမြှောက်တော့ပဲ ကျောက်ခဲဆွဲထားဘိသည့်အလား လေးတွဲ့တွဲ့ ဖြစ်လာသည်။ ထိုနေ့ထိုအချိန်တွင်မှ မိန်းမဓမ္မတာ ရာသီသွေး ကလည်း ထိန်ခဲ့လသည့် အရှိန်ကြောင့် ကနေလျက်မှ ပျို့ချင်အန်ချင်ဖြစ်လာသည်။ ထိုဝေဒနာများကြောင့် တခါတခါ မိုက်ကနဲ လဲကျသွားတော့မည်ကဲ့သို့ ဒယီး ယိုင် ယိမ်းလို သွားရှာလေ၏။ နာဋကီ၌ ခံစားနေရသော ဝေဒနာကို

မသိရှာသော သန္တတိအမတ်ကြီးနှင့် အပေါင်းအဖော်တို့ကား ဤသို့တချက် တချက် ယိုင်ကန် မှိုင်ကန် စိုက်ကန်, ငိုက်ကန်, ဖြစ်ဖြစ်သွားသည်ကိုပင် 'ဇာကွက်ဆန်းတမျိုး'ဟု အထင်ရောက်ကာ ဩဘာလက်ခုပ် တဖြောင်းဖြောင်းနှင့် ကောင်းချီးပေးလျက် ရှိနေကြ၏။

နာဋ္ဌကီသည် သူ့ကိုယ်သူ အခြေမဟန်တော့ကြောင်းကို ရိပ်စားမိလာ၏။ သို့သော်– သန္တတိ အမတ်ကြီး၏ နောက်ဆုံးနေ့ ပျော်ရွှင်ပွဲကို မိမိအတွက် အနှောင့်အယှက် မဖြစ်စေလိုသဖြင့် ရှိသမျှအားကို ညှစ်ထုတ်၍ ကပြရာတွင် ဝေဒနာ၏ ဖိစီးချက်ကြောင့် မျက်ရည်ကလေးများရွဲ၍ ရွဲ၍ လာသည်။ ဤသည်ကိုလည်း အရက်သမားကြီး သန္တတိအမတ်နှင့် အပေါင်းပါ တသင်းတို့က သရုပ်ဆောင်မှုတမျိုး ဟူ၍ တိုး၍ ဩဘာပေးလိုက်ကြပြန်ကုန်၏။ ကချေသည် နာဋ္ဌကီ၏ စေတနာ ဇာကြိုးများနှင့် သန္တတိအမတ်ကြီး၏ တွေးလုံးထင်လုံးမှာ ဆက်စပ်မရအောင် ကွာခြားလျက် ရှိချေ၏။

သန္တတိအမတ်ကြီးအဖို့ အရက်နှင့် ပွဲတော်စာများ ရှေ့မှောက်တွင် ဝမ်းမြောက်ရွှင်မြူး အထွတ်အထိပ်ရောက်အောင် မူးရူးနေသည့် အချိန်သည် နာဋ္ဌကီ၏ ဝေဒနာဒဏ် ခံပြင်းဆုံးအချိန် ဖြစ်နေသည်ကိုကား သန္တတိအမတ်ကြီး မသိရှာလေသည့်အလျောက်.... "ကဲ.... နာဋ္ဌကီ၊ သီချင်းတပုဒ် လောက်နဲ့ ကကြိုးလေးတကွက် နောက်ထပ်တကျော့လောက် ဆက်ပါဦးလားကွယ်...."ဟု အရက်ခွက်ကိုင်လျက်မှ မိန့်ခွန်းတော် ခြွေလေရာ.... နာဋ္ဌကီမှာ မထွက်ချင်သော အသံကို အစွမ်းကုန်ညှစ်ကာ သီချင်းဆိုရခြင်းအားဖြင့် သည်းခြေကို လေရိုက်လာသည်။ ထိုအခါ အရုပ်ကြိုးပြတ်သည့် သဖွယ် က,နေယင်းမှ ရုတ်တရက် မိုက်ကန် သန္တတိအမတ်ဘက် ဦးခိုက်လျက် ထိုးစိုက်လဲကျသွား ရှာလေသတည်း။

ဤတွင် သန္တတိအမတ်သည် အရက်ခွက်ကိုချ၊ ထိုင်ရာက ကပျာကယာ ထပြီးလျှင် နာဋ္ဌကီကိုပွေး၍ ပေ့ွ ထူကာ ရင်ခွင်၌ ပိုက်ထားလျက်မှ.... "နာဋ္ဌကီ.... နာဋ္ဌကီ"ဟု မေးကလေးကို လှုပ်ကာ လှုပ်ကာ ခေါ်ရှာပါသော်လည်း နာဋ္ဌကီထံမှ တုံ့ပြန်မှု စကားကို တခွန်းတပါဒမျှ မကြားရပဲ ပါးစပ်ထဲမှ အမြှုပ်ဘစိစိ ထွက်လာသည်ကိုသာ အလန့်တကြား အံ့အားသင့်စွာ တွေ့နေရလေသည်။

"အမတ်ကြီးဘုရား– အသက်မရှိတော့ပါဘုရား"ဟု သမားတော်ကြီးက နာဋ္ဌကီ၏လက်ကို စမ်းသပ်ကြည့်ယင်းမှ သန္တတိအမတ်ထံ အစီရင်ခံလိုက်သည်နှင့် တပြိုင်နက် သန္တတိအမတ်ကြီးလည်း မိုက်ကန် မူးမေ့ကာ

သတိလစ်သွားရှာလေ၏။ အရက်ကို အဖော်ပြု၍ အပျော်ဆုံးသော သန္တတိ အမတ်အဖို့ အဆွေးဇာတ်နှင့် ရင်ဆိုင်ရလေပြီတည်း။

သန္တတိအမတ်သည် သတိရလာပါသော်လည်း ရီဝေသော သူ့မျက်လုံးထဲတွင် လှည့်ကာ ပတ်ကာ က,နေရှာသော နာဋကီ၏ ဇာပြပုံများကိုလည်းကောင်း၊ တခါတခါ မူးကနဲ မိုက်ကနဲ ကပြယင်းမှ စိုက်ကျသွားသည့် အသွင်များကိုလည်းကောင်း မြင်ယောင်မိနေလေ၏။ "ဩော် နာဋကီ....နာဋကီ.... သူကလေးခမျာ ငါ့အတွက်နဲ့ အသက်ဆုံးရပြီကော...." ဟု ယူကျုံးမရနိုင်အောင် ဖြစ်နေလေ၏။ သူ၏ အသည်းနှလုံးတို့သည် ကြေပြုန်းလုလု ဖြစ်လာကုန်သည်။ သဲပူကျက်ကျက်တွင် ပစ်ချအပ်သော ငါး၏ပမာ ရင်ထဲတွင် တလှပ်လှပ် မခံမရပ်နိုင်အောင် ပူလာသည်။ "သည်အပူ ဘယ်အပူနှင့်မှ မတူပါကလားနော်၊ အေးအောင် ဘယ်လိုလုပ်ရပါ့မလဲ" ဟု အပူငြိမ်းဆေးကို သူတောင့်တမိလာသည်။

သန္တတိအမတ်သည် ရင်ခွင်တွင် ပိုက်ထားသော နာဋကီ၏ အလောင်းကိုကြည့်လိုက် မျက်ရည်တပြိုက်ပြိုက် ကျလိုက်နှင့် အပူတိုက် မင်းသားကြီးသဏ္ဌာန်မျိုး ဖြစ်နေ၏။ ထိုအချိန်၌ သူကိုယ်တိုင် သိရှိလာသည်ကား—သူ့ရင်တွင်း၌ မခံမရပ်နိုင်အောင် ခံစားနေရသော အပူဖြစ်၏။ "သည်အပူဒဏ်ကို အဘယ်မျှ ငါခံစားနေရဦးမည် မသိ၊ သည်အပူကို ကျအောင် အဘယ်မည်သောဆရာ၊ အဘယ်မည်သော ဆေးသည် ချနိုင်စွမ်း ရှိလေမည်နည်း" ဟု အပူကျဆေးကို မွဲဝဲလိုသောဆန္ဒ ဖြစ်လာသည်။ နိဗ္ဗာန်ဆိုသည်ကိုကား သူမတွေးမိ။ နိဗ္ဗာန်ဆိုသည်မှာ "ဘာ" ဟူ၍လည်း သူမသိ။ ထိုအချိန်တွင် တစုံတယောက်က "ရော့ ယူပေတော့ နိဗ္ဗာန်" ဟူ၍ လာပေးငြားသော်လည်း သူသည် ထိုနိဗ္ဗာန်ကို လက်ခံမည်မဟုတ်။ နိဗ္ဗာန်ကို မလိုချင်။ သူလိုချင်နေသည်ကား အပူကျဆေးသာဖြစ်ချေ၏။ အပူကျဆေးသာ ပေးမည်ဆိုက ဘယ်ကသူက လာပေးပေး ကျေးဇူးတင်စွာဖြင့် သူလက်ခံမည်ဖြစ်၏။

သို့သော်—သူ့ရင်တွင်းမှာသာ ဖြစ်နေသည်။ အပူကျဆေးပေးလာသူကား မရှိချေ။ ခုနစ်ရက်တိုင် ကာလပတ်လုံး မီးခိုးမဆုံး မိုးမဆုံး သောက်သုံးလာခဲ့သော အရက်ကလည်း ယခုအချိန်တွင် သူ့ကို ပျော်တော့ မဆက်နိုင်ကော့ပြီ။ အပူကျအောင် ချနိုင်စွမ်းမရှိတော့ပြီ။ ယင်းသို့ တကိုယ်လုံးပူလောင်လျက် အပူကောင်ဖြစ်နေလျက်မှ အမှတ်မထင် နံနက်ခင်းက ရှုကွက်ကို မျက်စိထဲ မြင်ယောင်လာသည်။ ထိုရှုကွက်ကား ဗုဒ္ဓမြတ်ဘုရား ဆွမ်းခံကြွတော်မူလာစဉ် မြို့တံခါးဝတွင် မြင်တွေ့လိုက်ရသော ရှုကွက်ဖြစ်၏။

"အင်း....မြတ်စွာဘုရားသည် အကျော်ဇေယျ ပုဂ္ဂိုလ်ကြီး ဖြစ်တော်မူ၏။ သူ့ထံမှာ အပူကျဆေး ကောင်းကောင်းတော့ ရှိတန်လေရာသည်။ သည်အပူမကျလျှင် ငါ အနိစ္စရောက်ရတော့မှာ သေချာ၏။ ငါ မြတ်စွာဘုရားထံသွား၍ အပူကျဆေးတောင်းရလျှင် ကောင်းလေစွ၊ တောင်းမည်။ ငါ ခုသွား၍ တောင်းမည်" ဤသို့ အတွေးပေါက်ကာ သန္တတိအမတ်သည် နာဋကီ၏ အလောင်းကို ရင်ခွင်မှချ၊ ရုတ်တရက်ထိုင်ရာမှထ၍ ပါးစပ်ကလည်း အရက်နံ့ တထောင်းထောင်းနှင့် ဇေတဝန်ကျောင်းတော်သို့ ပြေးလေ၏။

နံနက်ခင်းက မြို့တံခါးဝတွင် ဘုရားသခင်က အရှင်အာနန္ဒာအား မြွက်ကြားသောစကားသည် မှန်မမှန်ကို ယနေ့ ကေန်သိရတော့မည်ဟု အချိန်ကို စောင့်မျှော်နေကြသော ဗုဒ္ဓဘာသာ ပရိသတ်နှင့် မိစ္ဆာဒိဋ္ဌိ ပရိသတ်တို့သည် အရက်သမား သန္တတိအမတ်ကြီး သွေးရူးသွေးတန်းကမန်းကတန်းနှင့် ဘုရားသခင်ထံတော်သို့ ပြေးသွားပြီ ဟူသော စကားကို ကြားကြရသောအခါ ကတိုက်ကရိုက်ပင် ကျောင်းတော်သို့ လိုက်သွားကြကုန်လေ၏။

ထိုအချိန်တွင်မူ အရက်သမားကြီး သန္တတိအမတ်သည် ဘုရားသခင်၏ ထံတော်ခမှောက်တွင် အပူကျဆေး ပေးသနားတော်မူပါရန် လျှောက်ထားတောင်းပန်နေပြီဖြစ်၏။

"ဘုန်းတော် သခင် အရှင်မြတ်ကြီးဘုရား၊ တပည့်တော်မှာ အသည်းနှလုံး ကြွေပြုန်းမတတ်သော သောကမီးသည် တရှိန်ရှိန် ဟပ်၍ တောက်လောင်လျက်ရှိနေပါ၏။ ညီးတပြောင်ပြောင်တောက်လောင်လျက်ရှိနေပါသော ထိုသောက အပူမီးကို အရှင်ဘုရား ငြိမ်းသတ်နိုင်လိမ့်မည် ထင်၍ တပည့်တော် ပြေးလာခဲ့ပါသည်။ တပည့်တော်အား သနားသောအားဖြင့် သောက အပူကျဆေး ပေးသနားတော်မူပါ ဘုရား။ အားကိုးပါရစေပါ ဘုရား"

ဟူ၍ သန္တတိ အမတ်ကြီးသည် ပါးစပ်ကလည်း အရက်နံ့ တထောင်းထောင်းနှင့် ဘုရားသခင်ထံ အပူကျဆေး တောင်းနေသည့် အခိုက်တွင် ဗုဒ္ဓဝါဒီ ပရိသတ်နှင့် မိစ္ဆာဝါဒီ ပရိသတ်တို့လည်း ဘုရား ကျောင်းတော်သို့ ဆိုက်ရောက်လာကြလေကုန်၏။

ထိုအခါတွင် သန္တတိ အမတ်ကြီးအား မြတ်စွာ ဘုရားက ဤသို့ မြွက်ကြားတော်မူခနေ၏။ "သန္တတိမဟာမတ္တ၊ ကောင်းစွာ နာယူလော့။ သင်သည် သောက မီးကို ငြိမ်းအေးစေခြင်းငှာ စွမ်းနိုင်သော ငါ၏ အထံတော်သို့ ရောက်ရှိလာ၏။ ဤသို့ မမျှော်လင့်ပဲ ရုတ်တရက် ဖြစ်ပေါ်

လာသော စေတနာ၏ အခြင်းအရာ အားဖြင့် ဤ ကချေသည်မ ကွယ်လွန်၍ သွားရှာသော အခါ၌ ယူကျုံးမရ ချုံးပွဲချ၍ သင်ငိုကြွေးနေစဉ် သင်၏ မျက်စိတို့မှ ယိုထွက်လာသော မျက်ရည်တို့သည် လေးစင်းသော သမုဒ္ဒရာ ရေထက်ပင် များခဲ့ကုန်ပြီး”ဟု မိန့်တော်မူပြီးလျှင် အဆွေးသမား သန္တတိအမတ်ကြီးအား ဤဂါထာကို ဟောတော်မူလေ၏။

“အို….ဒါယကာ သန္တတိအမတ်၊သင်သည် ရှေးအခါက တစုံတခုသော ကုသိုလ်, အကုသိုလ် ကောင်းမှု မကောင်းမှုကို ပြုခဲ့ဖူးပေလိမ့်မည်။ ထိုအမှုကို ရှေးဦးစွာ သင်ပြန်လည်၍ သုံးသပ်လော့၊ ဆင်ခြင်လော့။နောင်အခါ၌သင့်အားကြောင့်ကြ ခပ်သိမ်းဖြစ်တော့မည်မဟုတ်။အပူငြိမ်းလျက် ကျင်လည်ရလတ္တံ့။သောကဏ အေးဝေးစွာသင်နေရလတ္တံ့.”

ဤသို့ မေးတော်မူချိန်၌ သန္တတိအမတ်ကြီး မမျှော်လင့်သော စိတ်ကူးထဲမျှပင် မထည့်ခဲ့ဖူးသော နိဗ္ဗာန်သည် သူ့လက်တကမ်း, သူ့အနားမှာပင် ကပ်လျက် ရှိနေပေလိမ့်မည်။ ထို့ကြောင့်သာ မြတ်စွာဘုရား ဟောကြားအပ်သော ဂါထာ ၄ပုဒ် ဆုံးသွားသည်နှင့် တ ပြိုင်နက် အရက်သမားသန္တတိ အမတ်ကြီးကား အရက်နံ့ တသင်းသင်းနှင့်ပင် အရဟတ္တဖိုလ်သို့ ဆိုက်ပြီး နိဗ္ဗာန်သို့ ထုတ်ချင်းပေါက် ရောက်ရှိသွားလေသတည်း။

ထိုအခါ သန္တတိ အမတ်ကြီးသည် “ငါ–လူ့ပြည်၌ ကြာရှည်စွာ နေရမည်၊ မနေရမည်”သူ့အသက် အပိုင်းအခြားကို အသိစ်ရရှိလာသော ဉာဏ်မျက်စိဖြင့် ကြည့်လတ်သော်-အသက်ရှည်ရှည် မတည်တံ့နိုင်တော့သည့် အဖြစ်ကို သူ့ကိုယ်သူ သိလေသည့်အတွက် မြတ်စွာဘုရားအား–“တပည့်တော်ကို ပရိနိဗ္ဗာန်ပြုရန် ခွင့်ပြုတော်မူပါ ဘုရား”ဟူ၍ တောင်းပန်ရှာလေ၏။

မြတ်စွာဘုရားသည် သန္တတိအမတ်ကြီး ရှေးကပြုခဲ့ဖူးသော ကောင်းမှုကို မသိမဟုတ်၊ သိတော်မူပြီးဖြစ်၏။ သို့ရာတွင်–“မြတ်စွာဘုရားအား မုသာဝါဒဖြင့် နှိပ်ကွပ်စွပ်စွဲရန် အလို့ငှာ ရောက်ရှိလာကုန်သော မိစ္ဆာဒိဋ္ဌိ ပရိသတ်တို့သည် အန္တတိ အမတ်ကြီးကိုယ်တိုင် သူပြုခဲ့ဖူးသော ကောင်းမှု အကြောင်း မြွက်ကြားသည့်စကားကို ကြားရလျှင် နှိပ်ကွပ်, စွပ်စွဲခွင့်မရ ဖြစ်ကုန်လတ္တံ့၊ မြတ်စွာဘုရား၏ တင့်တယ်ကွန့်မြူးခြင်း၊ သန္တတိအမတ်ကြီး၏ တင့်တယ်ကွန့်မြူးခြင်းကို ငါတို့ ရှုစားကုန်အံ့ဟူ၍ ရောက်ရှိလာကုန်သော သမ္မာဒိဋ္ဌိ အယူရှိသော ဗုဒ္ဓဝါဒီ ပရိသတ်တို့သည်လည်း ဤသန္တတိ

အမတ်ကြီးကိုယ်တိုင် သူပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုအကြောင်း မြွက်ကြားသည့်စကားကို ကြားကြရလျှင် ကောင်းမှုတရားတို့၌ ရှိသေစွာ ပြုကြကုန်လတ္တံ့''ဟု ဤသို့ ရွယ်စူး အမှတ်ပြုတော်မူလျက်—

''ဒါယကာ သန္တတိအမတ်၊ ယင်းသို့ သင် ပရိနိဗ္ဗာန် ပြုလိုခဲ့သော် သင် ရှေးက ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုကို ငါ့အား လျှောက်ဆိုလော့။ ဤသို့ လျှောက်ဆိုရာ၌ မြေပေါ်တွင် ရပ်တည်လျက် မလျှောက်မူ၍ ထန်းလုံးခုနစ်ဆင့် အမြင့်ရှိသော ကောင်းကင်ပြင်၌ ရပ်တည်လျက် ငါ့အား လျှောက်လော့''ဟု မိန့်တော်မူ၏။ ထိုသို့ စေခိုင်းသည့်အခါ ''ကောင်းပါပြီဘုရား''ဟူ၍ ဝန်ခံပြီးလျှင် သန္တတိ အမတ်ကြီးသည် မြတ်စွာဘုရားအား ရှိသေစွာ ရှိခိုးပြီးနောက် ကောင်းကင်သို့ တက်လေ၏။ ထိုအခါ ကြည့်ရှုနေကြကုန်သော မိစ္ဆာဒိဋ္ဌိ ပရိသတ်နှင့် သမ္မာဒိဋ္ဌိ ပရိသတ်တို့သည် အံ့သြခြင်း ဖြစ်ကုန်လေ၏။ မိစ္ဆာဒိဋ္ဌိတို့အဖို့ မျက်နှာမရွှင်, မကြည်မလင် ဖြစ်ကုန်ကြသည်နှင့်အမျှ သမ္မာဒိဋ္ဌိ ပရိသတ်တို့စား ကြည်သာနှလုံး ဝပြုံးမြူးနှင့် ရှိနေကုန်လေ၏။ ထိုသူတို့ ကြည့်နေစဉ်မှာပင် သန္တတိ အမတ်ကြီးသည် အစဉ်အတိုင်း ကောင်းကင်ပေါ် တက်သွား၍ ထန်းလုံးခုနစ်ဆင့် အမြင့်နှင့် ညီမျှသော ကောင်းကင်ပြင်သို့ ရောက်သောအခါ တင်ပျဉ်ခွေထိုင်လျက်မှ ဘုရားသခင်ကို သူ လျှောက်ထားမည့် အကြောင်း ပန်ကြားပြီးနောက် အောက်ပါအတိုင်း သူ့ဘဝဇာတ်လမ်းကို မြတ်စွာဘုရားအား လျှောက်ထားလေ၏။

''ဘုန်းတော်သခင် အရှင်မြတ်ဘုရား''

ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် လွန်ခဲ့သော ကိုးဆယ့်တကမ္ဘာထက်၌ ဝိပဿီမည်သော ဘုရားသခင် ပွင့်ထွန်းတော်မူခဲ့ပါသည်။ ထို ဝိပဿီ ရှင်တော်မြတ်ဘုရား လက်လက်တော်၌ ဘုရားတပည့်တော်သည် ဗန္ဓုမတီမည်သော မြို့၊ တခုသောအမျိုး၌ ဖြစ်ခဲ့စဉ်က ဤသို့ အကြံဖြစ်ပါသည်ဘုရား။ တပါးသူတို့၏ ဖြတ်တောက်ခြင်း၊ နှိပ်စက်ခြင်း မခံရသော အမှုသည် အဘယ်အမှုမျိုး ဖြစ်လေမည်နည်းဟု တပည့်တော် တွေးခေါ်ကြံစည် ဆင်ခြင်သောအခါ 'ဓမ္မဃောသက ကမ္မ' တရားကြွေးကြော်ခြင်းအမှု (နိဗ္ဗာန်ဆော်အလုပ်)ကို တွေ့မြင်လာပါသည်။

ထိုအခါမှစ၍ ထို နိဗ္ဗာန်ဆော် အလုပ်ကို တပည့်တော် ပြုလာခဲ့ပါ၏။ များစွာသော လူအပေါင်းကို ကုသိုလ် ကောင်းမှု ပြုကြရန်

နှိုးဆော်တိုက်တွန်းခဲ့ပါ၏။ ဥပုသ် နေ့များတွင် ဥပုသ်သီတင်း ဆောက်တည်ကြပါကုန်၊ အလှူဒါန တတ်အားသမျှ ပြုကြပါကုန်၊ တရားတော်ကို ကြားနာကြပါကုန်၊ ဘုရားစသော ရတနာတို့နှင့် တူညီသော ရတနာမည်သည် လောက၌ မရှိ၊ ထိုရတနာ သုံးပါးတို့ကို ရိုသေစွာ ပူဇော်ခြင်း ပြုကြကုန်ဟု ဤသို့ ကြွေးကြော် ဆော်ဩလျက် လှည့်လည်ခဲ့ပါ၏။ တပည့်တော်၏ ကြွေးကြော် ဆော်ဩသံကို ကြားလျှင် ဝိပဿီ မြတ်စွာဘုရား၏ ခမည်းတော် ဗန္ဓုမတီ မင်းကြီးက တပည့်တော်ကို ခေါ်တော်မူပြီးလျှင်.... ''အမောင် အဘယ်ကို သင်ပြု၍ လှည့်လည်ဘိသနည်း'' ဟု မေးပါသည်။

ထိုအခါ.... ''အရှင်မင်းကြီး၊ ကျွန်တော်မျိုးသည် ရတနာ သုံးပါးတို့၏ ဂုဏ်တော်၊ ကျေးဇူးတော်များကို ထင်ရှားစွာ ထုတ်ဖော်ပြသကာ လူအပေါင်းကို ကုသိုလ် ကောင်းမှုတို့၌ ဆောက်တည်စေလျက် လှည့်လည် နေကြောင်းပါ ဘုရား''ဟု သံတော်ဦး တင်လိုက်သောအခါ ''အမောင်သည် မည်သည့် အရပ်တွင် နေသနည်း''ဟု ဗန္ဓုမတီမင်းကြီးက တပည့်တော်ကို မေးပါသည်။ ''ကျွန်တော်မျိုးသည် တမင်စောက်စောက်နှင့် လျှောက်၍ ကြွေးကြော်နေသော လမ်းပေါ်က လူပါ ဘုရား''ဟု တပည့်တော်ဖြေခဲ့ပါသည်ဘုရား။

ထိုအဖြေစကား ကြားလတ်သော်....ဗန္ဓုမတီ မင်းကြီးက ဤသို့ အမိန့်ရှိပါ၏။ ''အမောင်.... ဤသို့ အခြောက်တိုက် လက်ချည်း အချိန်နှိုးဖြင့် သင်မလှည့်လည်သိုက်။ ဤပန်းဆိုင်းကို ပန်ပြီး မြင်းစီးလျက်လှည့်လည်လေ''မိန့်တော်မူပြီးလျှင်ပန်းဆိုင်းကိုလည်းကောင်း၊ စီးတော်မြင်းကိုလည်းကောင်း ဗန္ဓုမတီမင်းကြီးက တပည့်တော်ကို ပေးကမ်း ချီးမြှင့်ပါသည်။ တပည့်တော်သည် ဗန္ဓုမတီ မင်းကြီး အမိန့်တော်ရှိသည့် အတိုင်းမြင်းတော်ကိုစီးပြီး ပန်းဆိုင်းကို ပန်လျက် ကြွေးကြော် ဆော်ဩခြင်းပြုခဲ့ပါသည်။ နောက်တဖန် ဗန္ဓုမတီ မင်းကြီးက တပည့်တော်ကို ခေါ်ပြန်ပြီး–''သည်အလုပ်နှင့် သည် မြင်းနှင့် မလျောက်ပတ်၊ ရထားစီး၍ ကြွေးကြော်လေ'' ဟူ၍ သိန္ဓောမြင်းလေးကောင်းကသော ရထားကို ပေးပြန်ပါသည်။ ထိုနောက် တဖန် ခေါ်ပြန်ပြီးလျှင် အဖိုးများစွာ ထိုက်တန်သော အဆင်တန်ဆာနှင့် ဆင်တစီးကို ချီးမြှင့် ပြန်ပါသည်။

> ဘုန်းတော်ကြီးသော မြတ်စွာဘုရား....၊ ထိုတပည့်တော်သည် တကိုယ်လုံးတွင် ဗန္ဓုမတီမင်းကြီးချီးမြှင့်သော အဆင်တန်ဆာများကို ဆင်မြန်းလျက် ဆင်ပေါ်ကနေ၍ အနှစ်ရှစ်သောင်းတို့ကာလပတ်လုံး တရားကြွေးကြော် ဆော်ဩခြင်းအမှုကို တပည့်တော် ပြုခဲ့ပါ၏။ ဤမျှသော ကာလအတွင်း၌ တပည့်တော်၏ကိုယ်မှ ချွေးကူးရနံ့များ တပျံ့ပျံ့ ကြိုင်လာပါသည်။ ခံတွင်းမှလည်း ကြာညိုနံ့များ သင်း လာပါသည်။ ဤအမှုများသည် တပည့်တော် ရှေးအတိတ်ဘဝက ပြုခဲ့ဖူးသော အမှုပါဘုရား”

ဟူ၍ သန္တတိ အမတ်ကြီးသည် ဘုရားသခင် စေခိုင်းတော်မူသည့်အတိုင်း ကောင်းကင်မှနေ၍ သူ၏ဖြစ်ရပ် ဘဝအတ္ထုပ္ပတ်ကို လျှောက်ထားပြီးနောက် ကောင်းကင်၌နေလျက်သာလျှင် တေဇောဓာတ်ကို ဝင်စားကာ ပရိနိဗ္ဗာန် ပြုရှာလေ၏။ ကိုယ်မှ အလိုအလျောက် မီးလျှံများထ၍ တောက်လျက် အသား အသွေးတို့ကို လောင်ကျွမ်းစေလေ၏။ ရွှေအဆင်းနှင့်တူသည့် ဝါဝင်းသော ဓာတ်တော်များသာ ကြွင်းလေသတည်း။

ထိုအခါ ဘုရားသခင် ကိုယ်တော်တိုင် စင်ကြယ်သော အဝတ်ကို ဖြန့်၍ ခံတော်မူလျှင် ဓာတ်တော်တို့သည် ထိုအဝတ်ထက်၌ ကျလာကုန်၏။ မြတ်စွာဘုရားသည် သန္တတိအမတ်၏ ဓာတ်တော်တို့ကို သပိတ်၌ထည့်လျက် လမ်းလေးခွဆုံရာ အရပ်တွင် စေတီ တည်စေတော်မူ၏။

ဤသည့်နောက်တွင် ရဟန်းသံဃာလောက၌ သန္တတိအမတ်နှင့် ပတ်သက်သော သတင်းဂယက် ထွက်လာသည်ကား ဓမ္မသဘင်၌ ရဟန်းတို့ စည်းဝေးကြလေသောအခါ– “ငါ့ရှင်တို့၊ သန္တတိအမတ်ကြီးသည် လေး ပါဒမျှရှိသော ဂါထာ၏အဆုံး၌ အရဟတ္တဖိုလ်ရောက်၍ လူဝတ်ကြောင် အဖြစ်ဖြင့် တန်ဆာဆင်လျက်သာလျှင် ပရိနိဗ္ဗာန်ပြုသွား၏။ အသို့ပါနည်း။ ဤအဖြစ်ကို ရဟန်းဟူ၍လည်း ဆိုရန်သင့်မည်လော။ သို့မဟုတ် ဗြာဟ္မဏ ဟူ၍ ဆိုသင့်မည်လော....”ဟု အချင်းချင်း ဆွေးနွေးနေကြခိုက် ဘုရားသခင် ဓမ္မသဘင်သို့ ဆိုက်တော်မူလာပြီး “အဘယ်စကားဖြင့် သင်တို့ ဆွေးနွေးနေ ကြသနည်း”ဟု မေးတော်မူလျှင် ရဟန်းတို့သည် အကျိုးအကြောင်းကို တင်လျှောက်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသခင် မိန့်တော်မူသည်ကား “ရဟန်းတို့၊ ငါ၏ချစ်သား သန္တတိအမတ်ကို “သမဏ” (ရဟန်း)ဟူ၍လည်း ခေါ်ထိုက် ပေ၏” မိန့်တော်မူ၍ ဤတရားကို ဟောတော်မူသတည်း။

-- အလက်တော စေပိသမ်စရေယျ၊
သန္တောဒန္တော နိယတော ဗြဟ္မစာရီ၊
သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ၊
သော ဗြာဟ္မဏော သော သမဏော သဘိက္ခု။

မြန်မာပြန်။ ရာဂစသော၊ အပူငြိမ်းပြီးဖြစ်၍။ စက္ခုစသော ဣန္ဒြေတို့ကို ဆုံးမအပ်ပြီးဖြစ်၍။ မြဲခိုင်သော သဘောရှိသည်ဖြစ်၍။ မြတ်သောအကျင့်ကိုလည်း ကျင့်လေ့ရှိ၍။ သတ္တဝါခပ်သိမ်းတို့ အပေါ်၌ ညှဉ်းဆဲခြင်း သဘောကို ပယ်အပ်ပြီးသော သူသည် ပုဆိုး—အင်္ကျီစသော ဝတ်စားတန်ဆာတို့ဖြင့် လှပစွာ ဝတ်ဆင်ထားသော်လည်း မကောင်းမှုကို ပယ်အပ်ပြီး ဖြစ်သောကြောင့် ဗြာဟ္မဏလည်းမည်၏။ ကိလေသာအပူငြိမ်းပြီးဖြစ်သောကြောင့် သမဏလည်းမည်၏။ ကိလေသာကို ဖျက်ဆီးပြီးဖြစ်သောကြောင့် ဘိက္ခုလည်း မည်၏။

ဤဝတ္ထုကို ထောက်လျှင် အရက်သမားတိုင်းကိုလည်း နိဗ္ဗာန်နှင့် ရိုင်းလေသူဟု မဆိုအပ်၊ အထင်မသေးအပ်၊ သန္တတိအမတ်ကြီးသည် ပါးစပ်က အရက်နံ့ တထောင်းထောင်းနှင့်ပင် နိဗ္ဗာန်သို့ဂျောင်းကန်, ရောက်သွားသည်မှာ အထင်အရှား ရှိနေ၏။ အသိစိတ်နှင့် ရှေးက ပြုခဲ့ဖူးသော ကံ၏ နိမိတ်သည်သာ ပဓာနဖြစ်ကြောင်း တွေ့ရ၏။ အတိတ်ကံ၏ စီမံခန့်ခွဲမှုကို အဘယ်သူသည် မြင်အောင်ရှုနိုင်မည်နည်း။

ပစ္စုပ္ပန်သည် အတိတ်၏ ပြယုဂ်ဖြစ်၏။ အတိတ်က ပြုခဲ့သော ကောင်းမှုနိမိတ်၊ ဆိုးမှုနိမိတ်သည် ပစ္စုပ္ပန်၌ အရိပ်သဖွယ် ထင်လာမြဲ ဖြစ်လေရာ။ သန္တတိအမတ်သည် အခိုက်အတန့်အားဖြင့် အရက်သမားကြီး ဖြစ်သော်လည်း ဘဝနိဂုံး အဆုံးသတ်လေသောအခါ ရှေးကံနိမိတ်၊ ပစ္စုပ္ပန် အရိပ်အောက်တွင် နိဗ္ဗာန်သို့ ထုဘ်ချင်းပေါက် ရောက်သွားလေပြီတည်း။ အကယ်၍သာ နိဗ္ဗာန်သည် သူ၏ လက်တကမ်းတွင် မရှိခဲ့သော် သူသည် ဤမျှဆောလျင်စွာ နိဗ္ဗာန်သို့ ရောက်လေမည်မဟုတ်။



## သဌေးသမီး၊ သူခိုးမယား

# ကုဏ္ဍလကေသီ၏

## လက်တကမ်း နိဗ္ဗာန်ဝတ္ထု

*ကေသီသည်လှ၏၊ချော၏။ ယဉ်ကြေးနွဲ့နှောင်း ရှုမညောင်းသော အဆင်းပိုင်ရှင်၊ အလှ ဘုရင်မကလေး ဆိုရလောက်အောင် လှ၏။ သူမ၏ နာမည်အပြည့်အစုံမှာ ကုဏ္ဍလကေသီ ဖြစ်လေသည်။

သူ၏မိဘများမှာ ရာဇဂြိုဟ် မြို့ပေါ်တွင် အကျော်ဇေယျ သဌေးကြီး ဖြစ်သောကြောင့် ကေသီသည် မိဂုဏ်၊ ဖဂုဏ်၊ ဆွေဂုဏ်၊ မျိုးဂုဏ်၊ ပစ္စည်းဂုဏ်၊ မနဂုဏ် အားဖြင့်လည်း ကြွယ်၏။ ချောဂုဏ်၊ လှဂုဏ် အားဖြင့်လည်း ဌေး၏။ အရွယ်ကိုစင်သော် ၁၆-ဆယ့်ခြောက်နှစ်မျှသာ ရှိသေးသည် ဖြစ်ရာ အသားအရေ နုပျိုရွှန်းသစ်လျက် ချစ်စရာ ကောင်းသော အရွယ်ဖြစ်၏။

ထိုအရွယ်၌ အများအားဖြင့် အမျိုးသမီးပျိုများသည် စိတ်ကစား တတ်၏။ ယောကျ်ားကိုမြင်လျှင် ချစ်စိတ် ချစ်သွေးဝင်တတ်၏။ ကေသီ၏မိဘနှစ်ပါးသည် ဣတ္ထိသဘာဝ ကျမ်းမျိုးကို ကျွမ်းကျင်သူများ ဖြစ်ကြသည် အားလျော်စွာ ချစ်၍မငြီး တဦးတည်းသော ချစ်သမီးကို အဖို ဆိုလျှင် ယင်ဖိုမျှ မသန်းစေခြင်းငှာ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်တွင် အပေါ်ဆုံးအထပ်၌ တင်ထားကာ ကေသီကို လုပ်ကျွေး ပြုစုရန်အတွက် မိန်းမဖော်တဦးနှင့် ထား၏။

---

*ကုဏ္ဍလကေသီ ထေရီဝတ္ထု၊ ဓမ္မပဒအဋ္ဌကထာ၊ ဒု၊ သဟဿဝဂ်၊ ၁၀၇။

ကေသီ၏ဘဂသည် ဤမျှအထိ သာတောင့် သာယာဘဝ၊ တင့်တောင့်တင့်တယ် ဘဝပါတည်း။ ဆွေဂုဏ် မျိုးဂုဏ်၊ မိဘဂုဏ်သည်း ငွေးပေ၏။ ချောဂုဏ် လှဂုဏ်လည်း ထုံတပျံ့ပျံ့နှင့် ရနံ့မွှေးပေ၏။

သို့သော်....သူ့ခမျာ လင်ကံမွဲရှာချေ၏။ လင်ဇာတာ ညှိုးပါချေ၏။ ဤသို့ဖြစ်ရသည်မှာလည်း ဘယ်သူမပြု မိမိမှုသာ ဖြစ်လေသည်။ သူ့ကံကြမ္မာကို သူသာလျှင် ဖန်တီးချေ၏။ ဒမြသူခိုး လူဆိုးကြီးကိုမှ ရွေးပြီး ရိုးတွင်း ခြင်ဆီခိုက်အောင် မိကေသီ ကြိုက်မိရှာလေသည် တကား။

ဖူးစာနတ်မောင်က ကေသီကို လှောင်ပြောင် လိုက်သည် ထင်ရဲ့။ အခါတပါးတွင် အိမ်တကာ ဖောက်၍ ခိုးယူနေသော သူခိုးတယောက်ကို မင်းချင်း ယောကျ်ားတို့သည် ခိုးထုပ် ခိုးထည်နှင့်တကွ လက်ပူးလက်ကြပ် ဖမ်းမိကြသဖြင့် မင်းအား ဆက်သကြလေရော.... ထိုသူခိုးအား လူမိုက်တို့၏ သွားရာလမ်းအတိုင်း အသက်ဆုံးစီရင်စေ, ဟု ဘုရင်က အမိန့်ချလိုက်၏။

ထိုအခါ သူသတ်ယောကျ်ား အာဏာသားတို့သည် ထိုသူခိုးကို သတ်ရန် ထုတ်သွားကြစဉ် လမ်းတလျှောက်လုံး တဗုန်းဗုန်း ရိုက်နှက်ကြကုန်လေသော်....သူခိုးသည် န ကျင်လှသောကြောင့် သည်းစွာအော်ဟစ်ငိုကြွးလေ၏၊ မြို့သူမြို့သားတို့သည် ထိုသူခိုးအား တရှန်းရှန်း ဝိုင်းအုံကြည့်ရှုကြလေရာ....ထိုဂယက်ကား တခဲနက် မြို့ကို ပဲ့တင်ထပ်သွားစေလေ၏။

ထိုအချိန်၌ သဌေးသမီး ကုဏ္ဍလကေသီသည် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏ အထက်ဆုံးအထပ် မိမိ၏ ခန်းတွင်းရိပ်သာတွင် ပျိုကညာတို့၏ ဝါသနာ စရိုက် အတိုင်း သနပ်ခါး၊ ပေါင်ဒါများရိုက်ကာ အလှပြင်လျက် ရှိနေရာက အုတ်အုတ်ကျက်ကျက် တခဲနက် လျှံဘက်လာသော အသံများကို ကြားရသောအခါ မှန်တင်ခုံရှေ့မှ စွေ့ကနဲ ထတဲ့ပြီး ပြတင်းပေါက်ဆီသို့ ပြေးလေတော့၏။

ထိုအချိန်တွင် သူခိုးမှာ အာဏာသားတို့ တဗုန်းဗုန်းရိုက်နှက်သော ကြိမ်ဒဏ် အောက်ဝယ် ထွန့်ထွန့်လူး ခံနေရရှာ၏။ "ဒီအကောင် သည်လိုခံရတာပဲကောင်းတယ်" ဟု ဆိုသူကဆို။ "သတ်ပစ်မှ အေးမယ်" ဟု ဆိုတောင်သူကတောင်းနှင့် တမြို့လုံးတွင် ထိုသူခိုးအား သနားသူမရှိ။

သို့သော်.... သဌေးသမီး ကုဏ္ဍလကေသီ တယောက်ကတော့ဖြင့် ဖောက်ဖောက်ပြားပြား ထိုသူခိုးအား သနားမိနေသည်သာမက ချစ်သောစိတ်၊ ကြိုက်သောစိတ်၊ မြတ်နိုးသော စိတ်၊ စွဲလမ်းသော စိတ်တို့သည် ချွန်းခိုက်၍ မရမောင်ပင် အုံကြွ၍ ထလာကုန်ပါလေ၏။ ထိုအခါ ကုဏ္ဍလ

ကေသီသည် သူခိုးခမျာ ရိုက်နှက်ခြင်းခံနေရရှာပုံကို လျှပ်တပြက် မြင်လိုက် ရရုံဖြင့် ဘဝင်ကြွခုန်၊ ရင်ဝဏာတုန်လာပြီး သဥ္စာလီဘုံကွန်းတွင် အလွမ်း မင်းသမီး ကလေးပမာ လှဲ၍ အိပ်ချလိုက်ရှာလေသတည်း။

အချိန်မှာ နံနက်စာ ထမင်းစားချိန်ဖြစ်၏။ မိခင် သဋ္ဌေးဇာတော် သည် သမီးကို ထမင်းစားခေါ်ရန် အခန်းထဲသို့ ဝင်လာသောအခါ နေထိ ဖယောင်းကဲ့သို့ ပျော်ခြင်းပျော့ နွမ်းခွေနေရှာသော ချစ်သမီး ကေသီကို မြင်လေသော် သမီးအတွက် ရတက်မီးတောင် ပေါက်ကွဲလောင်လေ၏။

"သမီး....သမီး၊ ဘာဖြစ်လို့လဲ။ သမီး....နေထိုင်မကောင်းလို့လား။ ထမင်းစားရအောင် ထလေ...."ဟု အနားကတဖွဖွခေါ်ပါပြောသော်ညည်း ကေသီအား နားမပါလေသည့်ပမာ တုတ်တုတ်မျှ မလှုပ်ပဲ စက်ရာထဲတွင် အပူသည်းနေပါလေ၏။

"သမီး....ဘာဖြစ်တာလဲဟင်....၊ အမေ့ကို ပြောစမ်း.... သမီး အလို ရှိတာကိုပြော၊ သမီးရဲ့ဆန္ဒ ပြည့်ဝစေမှာပ"ဟု မိခင်က ဆိုလေသောအခါ ကုလ္လကေသီသည် မျက်လွှာကို အသာပင့်၍ ဖွင့်တည့်ကာ ပြတင်းဝဆီသို့ လက်ညှိုးထိုးပြလိုက်လေသည်။ မိခင်သဋ္ဌေးဇာတော်သည် 'ဘာမသိ၊ ဘာမသိ' နှင့် သမီးညွှန်ပြရာ ပြတင်းပေါက်သို့ ပြေး၍ ကြည့်လိုက်သော အခါ အာဏာသားများက သူခိုးအား တဗုန်းဗုန်း ရိုက်နေကြသည်ကို မြင်ရ လေ၏။

"အမေ....ဘာတွေ့ခဲ့သလဲဟင်...."

"ဝမ်းသာတော့သမီးရေ၊ မြို့ထဲရွာထဲမှာ သူခိုးရန်အေးတော့မယ်၊ သူခိုးတယောက်ကို ဖမ်းမိလို့ သတ်ရန် ထုတ်လာကြတာသမီးရဲ့.... သေခြင်း ဆိုးတွေ သေတာပဲ ကောင်းတယ်...."

မိခင်က ပြောလိုက်သည့် ထိုစကားမှာ သမီးကေသီအဖို့ နားထဲတွင် သံရည်ပူနှင့် လောင်းလိုက်သလို ထင်လေသောကြောင့် မိခင်၏ လက်ကို ယုယစွာ ဖမ်းဆုပ်လျက်မှ....

"သည်လိုမပြောပါနဲ့ အမေရယ်....သူ့ခမျာ သနားစရာ"

"သူခိုးကို သနားယင် တိုင်းပြည်ပျက်သွားမှာပေါ့သမီးရဲ့၊ သည်လို ကောင်မျိုးတွေ မရှိမှ နိုင်ငံ အေးချမ်း သာယာနိုင်မယ် မဟုတ်လား"

"အမေ...."

"ဘာလဲ သမီး...."

"အမေ သမီးကို ချစ်ရဲ့လားဟင်...."

"ဘယ့်နှယ်ပြောပါလိမ့် သမီးရယ်.... ဝမ်းဗိုက်နဲ့လွယ်ပြီး မွေးလာခဲ့ရတဲ့သမီးကို မချစ်ပဲနေပါ့မလား၊ ချစ်သမှလေ သမီးကို မျက်စိအောက်ကအပျောက်မခံနိုင်အောင် ချစ်တာ"

"ဒါဖြင့်....ခုနှယ်မျှား သမီးသေသွားခဲ့ယင်...."

"အို....သမီးကလဲ မပြောကောင်း, ပြောကောင်း။ ဘာတွေကိုလျှောက်ပြောနေတာလဲ။ ကဲ—ထပါသမီး၊ ထမင်းစားရအောင်"

"ဟင့်အင်း၊ သမီးကလည်း မထတော့ဘူး၊ ထမင်းလည်း မစားတော့ဘူး၊ အမေမြင်ရတဲ့ အဲဒီသူခိုးကို သမီး သနားတယ်၊ ကရုဏာသက်တယ်၊ ပြီးတော့ ချစ်လည်းချစ်၊ ကြိုက်လည်းကြိုက်တယ်၊ သူ့ကိုမှ မရယင်သမီး မထတော့ဘူး၊ တခါတည်း သေလိုက်တော့မှယ်"

ဟူ၍ မမျှော်လင့်သော စကားကို ကြားလိုက်ရလေသည့်အတွက်မိခင်ခမျာမှာ ကမ္ဘာမီးလောင်ပါလေ၏။ မျက်လုံးနှစ်ဘက်တို့မှ မျက်ရည်တို့လည်း အလိုလို အန့်ထွက်လာကုန်လေ၏။

"ဘယ်လိုပြောလိုက်တာလဲ သမီးရယ်၊ သမီး စိတ်မျှားမှ နှံ့ပါလေစ၊ သတိထားပါ သမီးရယ်"

"သမီး စိတ်ကောင်းပါတယ် အမေ၊ သမီးရဲ့ နှလုံးသားထဲက စစ်ပြီးအနှစ်ကျကျ ထွက်လာတဲ့ စကားပါ၊ အမေတို့ ရွေးဖို့ဆာ သမီးကို အသေခံမလား၊ ဒါမှမဟုတ်-ဟို သူခိုးနဲ့ သမီးကို ပေးစားမလား၊ ကြိုက်ရာလမ်းကိုသာ အမေ ရွေးပါတော့"

"ဒီမှာသမီး—လင်လိုချင်ယင် အမေ ပေးစားမှာပ၊ လင်ယောကျ်ားရှားသမို့လား၊ ကိုယ်နဲ့ ရွယ်တူ,အဆင့်အတန်းတူ သဌေးသားတွေ အပုံ၊ ရိုက်သတ်လို့တောင် ကုန်နိုင်ရိုးလား၊ ဒီသူခိုးက လွဲယင် ကြိုက်သူကိုသာပြော၊ သမီး သဘောကျသူနဲ့ အမေ ပေးစားမှာပ"

ဤသို့ ချော့ကာ,မော့ကာ မိခင်က ဆိုရှာပါသော်လည်း သမီးကေသီကမူ ခေါင်းကလေးကိုသာ တွင်တွင်ခါ၍ ပြလေ၏။

"ဒီလူကလွဲယင် ဘယ်သူ့ကိုမှ သမီး မလိုချင်ဘူးအမေ"

ဤသည်ကား ချစ်သမီးကေသီ၏ နောက်ဆုံးအဖြေ ဖြစ်ချေ၏။ မိခင်သည် သမီးကေသီထံမှ တပ်လန်ရလေ၏။ သို့သော်-သမီးကို ချစ်ရှာသော မိခင်သည် ရှုမငြီးသော ရင်သွေးအား အဘယ်မှာလျှင် သူခိုးမယားအဖြစ် ခံနိုင်ချိမ့်မည်နည်း။ ထိုကြောင့် ခင်ပွန်းသည် သဌေးမင်းထံ အကျိုးအကြောင်း ပြောပြကာ အကူအညီ တောင်းခံရှာလေ၏။

ထိုအခါ ဖခင် သဌေးခမျာမှာလည်း နားရှိ၍သာ ကြားလိုက်ရသည်။ မီးတောင်ကြီး ပေါက်ကွဲသည့်အလား နားနှစ်ဘက်ကို ပိတ်ကာ

တကိုယ်လုံး ဆောက်တည်ရာမရအောင်ပင် ထူပူဖိန်းရှိန်းသွားလေ၏။ ဖခင် သဌေးကြီးကလည်း မိခင်၏ နည်းတူ အကျိုးအကြောင်းဆိုမြွက်၍ သူခိုး၏ စက်ကွင်းမှ လွတ်အောင် ဖျောင်းဖျောင်းဖျဖျ သမီးကို နားချရှာပါသော်လည်း—

"အမေတို့အဘတို့အနေနဲ့ မပေးနိုင်တာကို သမီး အပြစ်မဆိုပါဘူး၊ သမီးထိုက်နဲ့ သမီးကံအတိုင်းသာ ရှိပါစေတော့၊ သူ့ကိုမှ မရယင် သမီး သေမှာ အမှန်ပဲ၊ သမီးရဲ့ အသက်ဟာ အမေတို့ အဘတို့ရဲ့ လက်ထဲမှာ ရှိနေပါသည်။ သမီး အသက်ရှင်နေတာကို မြင်ချင်သေးသပဆိုယင်"

ချစ်သမီးက ဤသို့ စကားကုန် ဖွင့်အန်၍ ထုတ်လိုက်သောအခါ သမီး၏ သေရေး ရှင်ရေးကို ရွေးကြရလေ၏။ သမီးကို သူခိုးနှင့် ပေးစားခဲ့သော်လည်း လူထဲသူထဲ မဝင်ဝံ့အောင် အရှက်တကွဲ အကျိုးနည်း ဖြစ်တော့မည့်အရေးကို တွေးမိကြလေသောအခါ လင်မယားနှစ်ယောက်စလုံး ခေါင်းကို ပြိုင်တူ ခါကြကုန်၏။

သို့သော်—ရင်သွေးဟူက ချစ်မဝ ဟူသော ထုံးကို နှလုံးပိုက်လိုက်ကြပြီး "ကမ္ဘာနှင့်ချီ၍ ကဲ့ရဲ့သော်လည်း ငါတို့အရေးမစိုက်" ဟူ၍ သမီး၏ အကြိုက်ကိုလိုက်လျောလိုက်ကြကုန်လေ၏။ မိဘတို့၏ကြီးမားလှစွာသော မေတ္တာစေတနာကို လက်တွေ့ပြလိုက်ကြကုန်၏။ ဖခင် သဌေးကြီးသည် သမီးသေဆုံးသွားမည့်အရေးကို တွေးရုံမျှ မတွေးဝံ့လေသည့်အလျောက် ငွေတထောင်ကိုပိုက်၍ သူသတ်ကုန်းသို့ လိုက်သွားလေတော့၏။ လူသတ်သမား အာဏာသားတို့၏လက်မှ သမက်တော်သူခိုး မိုးမှောင်ကိုသာ ငွေတထောင်ပေး၍ ရွေးနုတ်ကာ အိမ်သို့ခေါ်ဆောင်လာခဲ့ပြီး ချစ်သမီး ကုဏ္ဍလကေသီနှင့် အကြင်လင်မယားအဖြစ် ပေးစားလိုက်ကြလေသတည်း။

"နတ်ရေးသည့်ဖူးစာ လူပြင်ရာကို မခံ" ဆိုသည့်အတိုင်း ထိုအခါမှစ၍ လူဆိုးမိုးမှောင် အမောင်သူခိုးကား ရှေးကုသိုလ် အကျိုးဆက်ကြောင့် သဌေးသမက်ဖြစ်လာပြီး သဌေးသမီးစင်စစ် ဒေဝစ္ဆရာ နတ်ကညာကဲ့သို့ ပမာတူနိုင်း လူ့တိုင်းဌာန ရှုတိုင်းလှပေသော ကုဏ္ဍလကေသီသည်ကား သူခိုးမယားဖြစ်လာလေ၏။

ဒမြသူခိုးနှင့် သဌေးသမီး ဇနီးမောင်နှံအဖြစ် အကြင်လင်မယားဖြစ်လာသောအခါ ဘယ်ဘဝ၊ ဘယ်လက်ထက်က ဘယ်ရေစက်ရယ်မသိ၊ သဌေးသမီး မိကေသီကား သူ၏ခင်ပွန်းလင် အပေါ်တွင် တော်တော်ကြီးဂရုစိုက်ရှာသည်။ မယားကျင့်ဝတ် မချွတ်စေရအောင် ကရိကထခံ၍ ပြုစုရှာသည်။ ကေသီကား လင်တော်မောင် အပေါ်၌ အချစ်သည်း

လွန်းလှ၏။ သူ့လင်မှလင်၊ သူ့လင်ကလွဲလျှင် ဖွဲ့နှင့် ဆန်ကွဲချည်းဟု သူထင်၏။

သူ့လင်ယောကျ်ား မောင်ဒမြကား စိုင်ကော်၍ ချုံပေါ်ရောက်နေရငြားသော်လည်း ဒမြသည် ဒမြသာတည်း။ ဒမြစိတ် ဒမြအကျင့်ကို သူမဖျောက်ချေ။ ကေသီနှင့်ညား၍ လေးငါးရက်လောက်သာ ဖင်ငြိမ်ငြိမ်နှင့် ကြွေ့ရရနေပြီး၊ ခြောက်ရက်မြောက်လောက် ရောက်သောအခါ ဖောက်ပြန်လာ၏။ ဒမြစိတ်က အမောက်ထောင်လာလေသည်။

မိန်းမသိက္ခာကျလောက်အောင်ပင် လင်ကိုသဲသဲပြိုအောင် ချစ်ရှာသော ကေသီသည် သူ့လင်၏ မျက်စိပသာဒတွင် လှလှချောချောကလေး မြင်ရပါစေဟူ၍ သူ့တကိုယ်လုံးကို စိန်ရွှေရတနာတို့ဖြင့် ခြယ်မှုန်းထားလေရကား ကေသီ၏ ကိုယ်ကာယမှာ စိန်ပဒေသာပင်တမျှ ဖြစ်နေတော့၏။ စိန်ရွှေတွေအနင့်သားနှင့် အလှကြွားသော မယားကိုမြင်သောအခါ သူ၏ လင်ယောကျ်ားသည် ဒမြပီပီ သွားရေတမြားမြား ကျလာလေ၏။ ခွေးအိုသည် အမဲရိုးကိုမြင်လျှင် ကိုက်ချင်လေသည့်နှယ်–ပြိုးပြိုးပြက်ပြက် တလက်လက် တဝင်းဝင်းအရောင်ချင်းယှက်ကူး၍ မှူးနေသော ကေသီ ဆင်မြန်းထားသည့် စိန်ရွှေရတနာများကို ဒမြတို့၏ စရိုက်အတိုင်း တိုက်ချင်ခိုက်ချင်စိတ်မှာ ဖြစ်ပေါ်လာသည့်အလျောက် ဒမြပီပီပင် ကြံစည်လေတော့သည်။

"ငါသည်ကောင်မကို သတ်၊ သူ၏ လက်ဝတ် လက်စား စိန်ရွှေရတနာများကို ယူ၊ အရက်ဆိုင်မှာရောင်းပြီး ဘယ်သောအခါများမှ အရက်ကို ဗုန်းဗောလအော ငါထင်သလိုသောက်ရပါမည်လဲ၊ ဩော်.... အကြံရပြီ....အကြံရပြီ၊ ပရိယာယ် မာယာဖြင့် နှောင်ဖွဲ့ကာ သည်ကောင်မကို အိမ်ကထုတ်ပြီးသုတ်သင်လေမှပဲ...."ဟူ၍ဒမြ သူခိုးထိုလင်ဆိုးကားထမင်းကို အရှင်းမစားလေပဲ ပုဆိုးကိုခေါင်းမြီးခြုံလျက် အိပ်နေလေ၏။

ထိုအခါ မနေတတ် မထိုင်တတ် ပျာယာခတ် ဖြစ်သွားသူကား.... မယားချောကလေး ကေသီ ဖြစ်ပါချေ၏။ "အို... အစ်ကို ဘာဖြစ်နေတာလဲ အစ်ကို၊ အစ်ကို နေမကောင်းဘူးလားဟင်"ဟု စိုးရိမ်သည့် လေသံမျိုးဖြင့် လင်တော်မောင် သူခိုး၏ နဖူးကိုစမ်းကာ စမ်းကာ လက်များကို ဆုပ်ကာ နယ်ကာဖြင့် မေးရှာလေသည်တွင် လင်ဒမြက ဤသို့ ဆိုလေသတည်း။

"အို....မောင်ကြီးနှမ ရှုမဝပါတဲ့ အလှကေရီ မိကေသီငယ်၊ သည်ကနေ့ ငါ့ကိုသတ်ရန် လက်ပြန်ကြိုးများတုပ်လျက် လူသတ်ကုန်းသို့ ထုတ်သွားပါချေ၏။ သူခိုးများကို တွန်းချရာ 'စောရပပါတ' ခေါ်သည့် ချောက်ကမ်းပါးကြီးသို့ ရောက်သောအခါ ထိုအရပ်ကို စိုးပိုင်းသော နတ်

မင်းထံ ငါဆုတောင်းခဲ့၏။ အရှင်နတ်မင်း၊ အကျွန်ုပ်အား သေမင်း၏ ခံတွင်းမှ လွတ်မြောက်အောင် ကယ်တင်တော်မူပါ၊ အရှင်နတ်မင်းအား ဗလိနတ်စာဖြင့် ပူဇော်ပသခြင်း ပြုပါအံ့....''ဟု ငါ ကတိပြုခဲ့ပေသည့် အတွက် ငါ အသက်မသေ ရှိခဲ့သည်။ သင့်ကိုလည်း နတ်မင်း၏ တန်ခိုး ကြောင့် မယားအဖြစ် ငါရရှိခြင်း ဖြစ်ပေသည်။ ထိုသို့ နတ်မင်းထံ ဝန်ခံ ကတိ ထားရှိခဲ့ပြီးသော်လည်း နတ်မင်းအား ပူဇော်ပသမှု မပြုနိုင်သည့် အတွက် နှမ်းကြေနှလုံးယူကျုံးမရအောင် ငါမှာ ဖြစ်နေပါ၏''ဟုယုံလောက် အောင် ချွဲ၍ မယားကို သည်းပြလိုက်လေသောအခါ—

''အို....သည်လိုလား အစ်ကို၊ သည့်အတွက်ကြောင့်ဖြင့် စိုးရိမ်နှောင့် လို့ ကြောင့်ကြတော် မမူပါနှင့်၊ ကျွန်မ ဆောင်ရွက်ပေးမည်ပ၊ ဗလိနတ်စာ ကျွေးရန်အတွက် လိုအပ်သမျှကိုသာ ကျွန်မကို ပြောပါအစ်ကို''ဟု ခွန်းသံ ချိုချိုနှင့် မှသဲသဲပြုံးက ဆိုရှာလျှင် ''ဒါဖြင့် ကောင်းပြီ ကေသီ၊ နတ်မင်းအား ပူဇော်ပသရန်အတွက် နွားနို့အဖျော်ရည်၊ ပေါက်ပေါက် အပါအဝင် မြတ်လေးပန်းနှင့်တကွ ပန်းငါးမျိုးရယ်၊ အဲဒါ....အဲဒါ ခုကို ပြည့်စုံအောင် ပြုပေတော့''ဟု လင်ဒမြက ချစ်ဇနီးအား ခွဲတမ်းချသည်ကို ''ကောင်းပါပြီ အစ်ကို''ဟု ဝန်ခံပြီးနောက် ပေါက်ပေါက်ကို ကိုယ်တိုင်လှော်၊ မြတ်လေး ပန်းကို ကိုယ်တိုင်ခူးလျက် ဗလိနတ်စာ ကျွေးရန်အတွက် စီမံလေ၏။

အားလုံးစီရင်၍ အဆင်သင့် ဖြစ်သောအခါ ''လာလေ သွားကြစို့ အစ်ကို''ဟု လင်သူခိုးကို အရိုးခံမယားကလေး ကေသီက ခေါ်လေသော အခါ ''ကောင်းပါပြီ ကေသီ၊ ယောက္ခမကြီး နှစ်ယောက်ကိုလဲ အသာ ခေါ်ကထား၊ ဆွေမျိုးသားချင်းတွေကိုလည်း မသိစေနှင့်၊ အဖိုးတန်လက်ဝတ် တန်ဆာတွေကို ကြော့နေအောင်ဆင်ပြီး ဝတ်ခဲ့၊ တို့လင်မယား နှစ်ယောက် တည်း ပျော်ပျော်ပါးပါး နတ်မင်းထံသွား၍ ပူဇော်ကြအံ့''ဟု မရိုးသား သောအကြံ၊ သူခိုးဉာဏ်ဖြင့် လင်ကခိုင်းလျှင် ကေသီကလည်း လင့်စကားကို ဘုရားဟောလောက်ယင်ပြီးသူ့ တကိုယ်လုံးစိန်တွေရွှေတွေသီးနေအောင်ဝတ် ဆင်ပြီးလျှင် လင်ဒမြခေါ်ရာနောက်သို့ တကောက်ကောက် လိုက်သွားပါ လေ၏။ မိဘဆွေမျိုးများမှတပါး သူစိမ်းများကိုသာ ပူဇော်ဖွယ်များကို ထမ်းဆောင်ရန် ခေါ်သွားလေ၏။

မတ်စောက်သော တောင်ကြီးအောက် တောင်ခြေရင်းသို့ ရောက် သောအခါ သူခိုးမိုးမှောင်လင်တော်မောင် ယောကျ်ားက ဤသို့ဆိုချေ၏။ ''အသယ် ချစ်နှ ကေသီ၊ ကောင်ပေါ်ကို တို့နှစ်ယောက်တည်း တက်ကြအံ့၊ ကျန်တဲ့လူတွေကို ပြန်လွှတ်လိုက်၊ ဗလိနတ်စာ ပူဇော်စရာတွေကို ကိုယ်တိုင် ရွက်ပြီး တက်ကြတာပ''ဆိုလျှင် ချစ်ဇနီးကေသီကား လင့်စကားကို ဖယ်

ရှားသည်ဟူ၍မရှိ။ လင်ပြောတိုင်း ဆောင်ရွက်ပြီး တောင်ပေါ်ကိုတက်ကြ လေ၏။ ထိုတောင်၏ တဘက်သော နံပါးကား အလွန်မတ်စောက်သဖြင့် လူတို့ မတက်နိုင်ကုန်။ နံပါးတဘက်ကသာ တက်ကြရကုန်၏။

ကုဏ္ဍလကေသီလင်မယားကားတောင်ထိပ်ပေါ်သို့ရောက်သွားကြပါလေပြီ။ လင်ဒမြသည် အမြင့်ဆုံးသော ဘောင်ထိပ်၌ရပ်လျှင် ကေသီသည်း လင်နှင့်ယှဉ်၍ ရပ်လိုက်၏။ တောင်အောက်သို့ငုံ့၍ ကြည့်လိုက်မိသောအခါ မိုက်ကနဲ ဖြစ်သွား၏။ အသူတရာမက နက်လှသော ကမ်းပါးပြတ်ကြီးပေတကား။ ဒမြသူခိုး၊ လူဆိုးများကို တောင်ထိပ်မှနေ၍ ထိုချောက်ကြီးထဲ တွန်းချ၍သတ်သည်။ သူသတ်ချောက်ကြီးပေတကား။

"ကဲ....အစ်ကို တောင်ထိပ်ပေါ် ရောက်ကြပြီ၊ ဗလိနတ်စာကျွေးဖို့ စီမံတော့လေ"ဟု ကေသီ နှိုးဆော်လေသော်လည်း လင်တော်မောင်သူခိုးကား အင်းမလှုပ်၊ အဲမလှုပ် တုဏှိဘာဝေ ဆိတ်ဆိတ်ကြီးသာ တွေ၍ နေ၏။

"ကဲ....အစ်ကို၊ လုပ်လေ၊ အစ်ကို ဘာဖြစ်လို့ တွေနေရတာလဲ" ဤတွင် ခက်ထန်စွာ လင်ဖြစ်သူဒမြ၏ နှုတ်ဖျားမှထွက်လာသည်ကား....

"ကေသီ....ဘယ်နတ်ကိုမှ ဗလိနတ်စာကျွေးရန် ငါအလိုမရှိ၊သင့်ကို လှည့်ပတ် ဖြားယောင်းလျက် ဤတောင်ထိပ် ရောက်အောင် ငါ ခေါ် ဆောင်လာခြင်း ဖြစ်၏"

"အို....အစ်ကို ကေသီ့ကို ဘာကြောင့် လှည့်ပတ်တာလဲဟင်...."

"နင့်ကိုသတ်၊ နင့်လက်ဝတ်တန်ဆာတွေယူပြီး ထွက်ပြေးမလို့ဟေ့၊ ကဲရှင်းပလား"

ကေသီကား ထိပ်ချမှ ဒမြမှန်းသိလေ၏။ သူ့ကို ဤမျှရက်စက် လိမ့်မည် လုပ်ရက်လိမ့်မည်ဟု မထင်ခဲ့။ ယခုသော်တမူ သူ့လင်တော် မောင်က သူ့အားသေမိန့်ပေးနေပါပြီကော။ သို့သော် ကေသီသည် ဣန္ဒြေ မပျက် အေးဆေးစွာပင် ဆိုရှာ၏။

"အို....အစ်ကိုနှယ်ကော ဖြစ်ရလေအစ်ကိုရယ်၊ ကေသီ့ကိုရော ကေသီ ဆင်မြန်းထားတဲ့ စိန်ရွှေ ရတနာတွေကိုရော အစ်ကိုပိုင်တဲ့ပစ္စည်း ချည်းပဲ မဟုတ်လားလို့၊ ဒါနဲ့များ အစ်ကိုက ဒီစကားမျိုးပြောတာအံ့ရော၊ ဒီလိုမလုပ်ပါနဲ့လား အစ်ကိုရယ်၊ ကေသီ့ကို မသတ်ပဲနဲ့လဲ ဒီပစ္စည်းတွေ ဟာ အစ်ကို့ပစ္စည်းတွေပဲ မဟုတ်လား"

"နားမလည်ဘူး၊ နင့်ကိုသတ်ပြီးမှ ဒီပစ္စည်းတွေကို ငါ ယူမယ်"

"တောင်းပန်ပါတယ် အစ်ကိုရယ်၊ ကေသီကို ချမ်းသာပေးပါ"

ဤသို့လျှင် အတန်တန် ဇနီးခမျာက သနားစရာ တောင်းပန် ရှာငြားသော်လည်း လားလားမျှ ဂရုမစိုက်။ သတ်လိုက်မည့် တကဲကဲနှင့် သာ ရှိနေသဖြင့် မဘောသီသည် လင်ယောကျ်ား၏ ခြေကိုဖက်၍ မျက်ရည် စက်လက်နှင့် တောင်းပန်ကြည့်ပြန်၏။

"အို....အစ်ကို၊ ကေသီ့ကိုသတ်လို့ အစ်ကို့မှာ ဘာအကျိုး ရှိမှာလဲ အစ်ကိုရယ်၊ ဒီပစ္စည်းတွေကိုလည်း အစ်ကိုအားလုံးယူပါ၊ ကေသီ့ကိုအသက် ချမ်းသာပေးပြီး ဇနီးမယားအဖြစ်နဲ့ မပေါင်းနိုင်တောင်မှပဲ အစ်ကို့ထံမှာ ကျွန်မတယောက်အဖြစ်နဲ့ နေပါရစေ"ဟု မျက်ရည်တစိုစိုနှင့် ကေသီကငို၍ တောင်းပန် လေသောအခါ လင်ဒမြသည် ဒေါသသံပေါက်ပေါက်နှင့် ခြိမ်းခြောက်လေသည်ကား....

မာ ဗာဠ့ ပရိဝေဒေသိ၊
ခိပ္ပံ ဗန္ဓာဟိ ဘဏ္ဍိကံ၊
န တု ယှံ့ ဇီဝိတံ အတ္ထိ၊
သဗ္ဗံ့ ဂဏှာမိ ဘဏ္ဍကံ။ ။

"အယျော....သဌေးသမီး၊ ဇနီးသက်ထား၊ဟယ်.... ငါ့မယားကေသီ။ ဗာဠ့....ပြင်းပြစွာ၊ မာပရိဝေဒေသိ... အချိန်ဆွဲသလို၊ ဖိုတလှိုက်လှိုက် ငို ရှိုက်၍ မနေနှင့်။ ခိပ္ပံ....ခပ်မြန်မြန်။ ဘဏ္ဍိကံ....စိန်ဘီး စိန်ဆံထိုး စိန် ဆွဲကြိုးစသောသင့်လက်ဝတ်လက်စားတွေအကုန်။ ဗန္ဓာဟိ....အခုချက်ချင်း ချွတ်၍ပုံလိုက်စမ်း။ တုယှံ့....သင့်အား။ ဝါ....သင်၏။ ဇီဝိတံ....အသက် သည်။ နအတ္ထိ....မရှိတော့ပြီ။ သဗ္ဗံ့ဘဏ္ဍကံ....သင် ဆင်မြန်းထားသည့် ပစ္စည်းတော့ အကုန်လုံး။ ဂဏှာမိ....ငါယူအံ့"

ဤသို့ လင်ဖြစ်သူက သတ်မည်တကဲကဲ ကုပ်ပေါ်မှာ ဓားတဝဲဝဲနှင့် ရှိနေသောအခါ ကေသီစဉ်းစားမိလာသည်။"ဤအမှုကား ကြီးလေးဘိစွ၊ ပညာမည်သည် ချက်ပြုတ်၍ စားစရာ မဟုတ်။ စင်စစ် ဆင်ခြင်ရန်သာ ဖြစ်၏။ ငါက သင်းအပေါ်မှာ ကောင်းပါလျက်နှင့် ငါ့အား သေ ကြောင်းကြံသော ငမိုက်သားအား ငါ့အကြောင်းကို သင်းသိစေအံ့"ဤ သို့ ကြံပြီးလျှင် ဤသို့ဆို၏။

"အစ်ကို....အစ်ကို ပြန်ပြီး စဉ်းစားပါဦး၊ ဟိုတုန်းက အစ်ကို့ကို သူခိုးဟု ဖမ်းပြီး သတ်ရန် ထုတ်လာသည် မဟုတ်ပါလား။ သည်တုန်းက အစ်ကို့ကိုမှ မရယင် ကေသီ သေရပါတော့မယ်လို့ မိဘနှစ်ပါးကို ပူဆာခဲ့ တယ်လေ။ ကေသီရဲ့ မိဘများကလဲ ကေသီ့ အလိုလိုက်လျက် အစ်ကို့ကို လူသတ်သမားတွေ လက်ထဲက ငွေတထောင်နဲ့ ရွေးခဲ့ပြီး အစ်ကို့ကို ကေသီနဲ့

ပေးစားလိုက်ကြတယ်မဟုတ်လား။ အဲဒီလို လင်ရယ်၊ မယားရယ်လို့ဖြစ်လာတဲ့ အချိန်ကစပြီး ကေသီဟာ အစ်ကို့ရဲ့ ချစ်ဇနီး၊ အစ်ကို့ရဲ့ အလုပ်အကျွေး ဖြစ်လာခဲ့ပါတယ် အစ်ကို။ သည်ကနေ့ဟာဖြင့် အစ်ကို့ကို ကေသီ နောက်ဆုံး မြင်ရခြင်းမို့ ကေသီ မသေခင် အစ်ကို့ကို ကန်တော့ခဲ့ပါရစေ အစ်ကိုရယ်''

ဤသို့ နောက်ကြောင်းကို ထောက်၍ သနားလောက်အောင် ကေသီက အသနားခံ တောင်းပန်ချက်ကိုမူ လက်ခံလိုက်ပြီး ''ကဲဒါဖြင့် သင် ကန်တော့လိုက် မြန်မြန် ကန်တော့''ဟု ခွင့်ပြုလေ၏။

မတ်စောက်သော ချောက်ကမ်းပါးကြီး၏ ထိပ်တွင် ကေသီတို့ လင်မယားရပ်နေပါ၏။ ကေသီသည် လင်မိုက်ထံမှ ကန်တော့ခွင့်ကို ရလျှင် သုံးကြိမ် လက်ယာရစ်ပတ်လျက်အရပ်လေးမျက်နှာတို့ကို ရှိခိုးပြီးနောက်.... ''အစ်ကို....အစ်ကို့ အပေါ်မှာ ဘယ်လိုပင် အသည်းနှစ်အောင်ကေသီက ချစ်ပေမယ်လို့သည်ကနေ့သည်အချိန်ကစပြီးအစ်ကိုနဲ့ကေသီဟာခွဲကြရတော့မယ်နော်။ ကေသီက အခုလို အစ်ကို့ကို မြင်ရခြင်းဟာလဲ နောက်ဆုံးမြင်ရခြင်းပါ၊ အစ်ကိုကကေသီ့ကိုမြင်ရခြင်းဟာလဲနောက်ဆုံးမြင်ရခြင်းပါ၊ နောက်ဆိုယင် အစ်ကိုနဲ့ ကေသီဟာ တွေ့ဖို့ အခွင့်မရှိတော့။ သည်အချိန်ဟာ ကေသီနဲ့အစ်ကို့ရဲ့ နောက်ဆုံး အချိန်ပါအစ်ကို''ဟု ကရုဏာ ရေလွှတ်သည့် နှုတ်မှ တတွတ်တွတ် ပြောယင်း ကေသီသည် သူ့လင် လူဆိုး၊ သူခိုး ယောကျ်ားအား ရှေ့ကဖက်လိုက်၊ နောက်က ဖက်လိုက်၊ ကလူကျီစယ်လုပ်ပြီးနောက် အမှတ်တမဲ့ တောင်အောက်သို့ တွန်းချလိုက်လေရာ.... ထိုသူခိုးမှာ တောင်စောင်းနှင့် ရိုက်ပြီးအသေကောင်အဖြစ် တောင်အောက်သို့ ကျရှာလေသတည်း။

ထိုတောင်ကို အစိုးရသော တောင်စောင့်နတ်သည် ထို လင်မယားနှစ်ယောက်တို့၏ အမူအရာ အားလုံးကို အစမှ အဆုံး နိဂုံးအထိသိရှိလေရာ ကေသီ၏ ပြုမူချက်ကို နှစ်သက်လေ၍ အောက်ပါ ဂါထာဖြင့် ဆိုမြွက်ဂုဏ်ပြုလေ၏။

ဒေသာ သဗ္ဗေသု ဌာနေသု၊
ပဏ္ဍိတော ဟောတိ ပုရိသော၊
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊
တတ္ထ တတ္ထ ဝိစက္ခဏာ။

''ဒေဝ–အိုအချင်းတို့။ သဗ္ဗေသု ဌာနေသု–နေရာတကာတိုင်းတို့၌၊ သောပုရိသော–အသောတာခံနှစ်ဆယ်ဝတ် မင်းယောကျ်ား၊ မင်းယောကျ်ား

ဟု ထင်ရှားပညတ် သမုတ်အပ်သော ထို အဖိုသတ္တဝါ မျိုးသည်သာ လျှင်။ ပဏ္ဍိတောဟောတိ–အကယ်တိတိ ပညာရှိလေသည်မဟုတ်၊ ဣတ္ထိပိ–မိန်းမသားသည်လည်း။ ပဏ္ဍိတာ ဟောတိ– အကယ်တိတိ ပညာရှိပါပေသည် တကား။ တတ္ထ တတ္ထ–ထိုထို အရေးတစုံ ကိုယ်၌ ကြုံလာသော အခါးမျိုး၌၊ ဝိစက္ခဏာ–လွတ်ကြောင်းကိုရှာ၊ ဉာဏ်ပညာရှိလှပါပေသည် တကား''

ရာဇဂြိုဟ်မြို့ပေါ်တွင် နေလို့လလို လင်းခဲ့သော အကျော်ဇေယျ သဌေးကြီး၏ သမီး ကုဏ္ဍလကေသီ့ကား လင်ယူမှားခဲ့လေပြီ။ လင်းရပြီး၍ ပူပူနွေးနွေး လေးငါးခြောက်ရက်အတွင်းမှာပင် လင်ပေးသော ဆင်းရဲကို သူ့ခမျာ အလူးအလဲ ခံလိုက်ရရှာလေပြီ။ ယခုအခါတွင်မူ သူ့ခမျာ လူသူ မနီးသည့် တောကြီးမြိုင်ရိပ် စောရပပါတ ဤတောင်ထိပ်ပေါ်တွင် တယောက်တည်း ယောင်ချာချာ ဖြစ်နေရှာ၏။ သူဘယ်ကိုသွား၍ ဘယ်ကို လာလေမည်နည်း။ ကေသီသည် တောင်ထိပ်တွင် ရပ်လျက်မှ သူ၏ အနာဂတ်အတွက် တွေးပါလေ၏။

ငါတယောက်တည်း အိမ်ပြန်သွားခဲ့သော်....''နင့်လင်ကော ဘယ်မှာလဲ''ဟု ငါ့ကို မိဘများက ဆီး၍ မေးချိမ့်မည်။ ကျွန်မလင်ကို ကျွန်မ ကိုယ်တိုင် သတ်ပစ်ခဲ့သည်ဟု အကယ်၍ ဟုတ်တိုင်းမှန်ရာကို ပြောစေဦး တော့၊ ငါ့ကိုမိဘများက ဆူပူကြိမ်မောင်း ကြကုန်လတ္တံ့။' ဟယ်–အမိုက်မ၊ နင် လင်ငမ်းငမ်းတက် လိုချင်လေသည့်အတွက် အရှက်ကိုမျှ မငဲ့ကွက်နိုင်ပဲ ဒမြမိုးမှောင် သူခိုးကောင်ကို ငွေတထောင်နှင့်ရွေးပြီး သင်နှင့် ပေးစားခဲ့သည် မဟုတ်လော။ ယခု ထိုလင်ကို နင် သတ်ပစ်ရသလား အမိုက်မရဲ့''ဟု ကြိမ်မောင်းမြည်တွန် အလွန်အကျွံ ဆူကြ့ပူကြ ကုန်လတ္တံ့။ လက်ဝတ် လက်စား၊ ပုတီးနားတောင်း စသော ရတနာများကို ဇွတ်အတင်းအဓမ္မ မရမက တောင်းလေသည့်အတွက် မခံမရပ်နိုင်၍ သတ်ပစ်လိုက်သည်ဟု မှန်ရာကို ဆိုငြားသော်လည်း ငါ့စကားကို အယုံအကြည် ရှိကြမည်မဟုတ်။ ငါ အိမ်ကိုပြန်ရန် မသင့်တော့ပြီဟု စိန်ဘီး စိန်ဆံထိုးစသော လက်ဝတ် လက်စား အမျိုးမျိုးကို ချွတ်၍ တောင်အောက် ချောက်ကြီးထဲသို့ လွှင့်ပစ် လိုက်ပြီး တောအုပ်ကြီးထဲသို့ စွတ်၍ ဝင်ပြေးလေ၏။

ထိုတော အုပ်ကြီး၏ တခုသော နေရာတွင် ရသေ့ ပရိဗိုဇ်ရဟန်းများ နေထိုင်သည့် ကျောင်းသင်္ခမ်းများ ရှိလေရာ၊ ကုဏ္ဍလ ကေသီသည် ပရိဗိုဇ် ကျောင်းတကျောင်းသို့ ကောင်းမွန်ချောမောစွာ ရောက်သွား၏။ ထိုအခါ ပရိဗိုဇ်များထံ ချဉ်းကပ်ပြီးလျှင် ကြံမိကြံရာ ကြံလေ၏။

“အရှင်ဘုရားတို့၊ တပည့်တော်မ ရဟန်း ပြုလိုပါသည် ဘုရား၊ တပည့်တော်မအား ရဟန်းပြုပေးတော် မူပါကုန်လော့”ဟု ပန်ကြားလျှင် ပရိဗိုဇ်ဘို့သည် ကုဏ္ဍလကေသီအား ရဟန်းပြုပေးလိုက်ကြကုန်၏။ ‘ကုန်ရှုံး လင်သေ၊ ကြိုက်လင်မရ၊ ပရိဗိုဇ်မ’ဟူသော ဆောင်ပုဒ်အတိုင်း လင်သေ မုဆိုးမ ကုဏ္ဍလ ကေသီကား ယခုအခါ ပရိဗိုဇ်မ ဖြစ်လာ၏။

ထိုအခါ ကေသီသည် အငြိမ်မနေ၊ ပရိဗိုဇ်တို့အား မေးလားမြန်း လားနှင့် လျှာရှည်လာလေသည်။ “အရှင်သူမြတ်တို့ဘုရား၊ တပည့်တော် အား မေးလျှောက်ခွင့်ပြုပါရန် တောင်းပန်ပါ၏။ အရှင်ဘုရား၏ ပရိဗိုဇ် ကျင့်စဉ်တွင် အဘယ်တရားသည် အမြတ်ဆုံးပါနည်း ဘုရား”ဟု မေး လျှောက်သည်ကို ပရိဗိုဇ်တို့က ဤသို့ ဖြေကုန်၏။

“ရှင်မ ကုဏ္ဍလကေသီ၊ ကသိုဏ်းဆယ်ပါးဟူ၍ရှိ၏။ ယင်းကသိုဏ်း ဆယ်ပါးကို ပရိကံပြု၍ ဈာန်ကို ဖြစ်စေခြင်း၊ ဝါဒတထောင်ကို သင် ကြားခြင်းသည် ငါတို့ ပရိဗိုဇ်ရဟန်းအဖြစ်တွင် အမြတ်ဆုံးတရား ဖြစ်ပေ၏။

ဟု ဆိုလတ်သော် ကုဏ္ဍလကေသီက ဤသို့ လျှောက်၏။

“အရှင်သူမြတ်တို့ဘုရား....၊ ဈာန်ကို ရှေးဦးစွာ အားထုတ်ရန် တပည့်တော်မ မစွမ်းနိုင်ပါ။ ဝါဒတထောင်ကိုသာ အလျင် တပည့်တော်မ သင်ယူပါအံ့ဘုရား”

ဟု ပန်ကြားသဖြင့် ပရိဗိုဇ်တို့သည် ကေသီအား ဝါဒတထောင်ကို သင်ပေးကြကုန်၏။ ဝါဒတထောင်သင်တန်း ပြီးဆုံးသွားသော အခါ ကေသီအား ဤသို့ ညွှန်ကြားကြကုန်၏။

“ရှင်မ....ကုဏ္ဍလကေသီ၊ အောင်မြင်စွာဖြင့် သင်တန်းပြီးဆုံးသွား ပေပြီ။ သင်သည် ဝါဒတထောင်ကို ကောင်းစွာတတ်ကျွမ်းပိုင်နိုင်ပြီ ဖြစ်၏။ ယခုအခါ ဇမ္ဗူဒိပ်ကျွန်း အပြင်ကို လှည့်၍ မိမိနှင့် ယှဉ်ပြိုင်လျက် ပြဿနာ ပြုနိုင်မည့်သူကို ကြည့်လော့....၊ ရှာလော့....”

ဟု ကုဏ္ဍလကေသီအား သပြေခက် တခက် ပေး၍ လွှတ်လိုက်ကြ ကုန်၏၊ ဤသို့လည်း မှာလိုက်ကြကုန်၏။

“သွား တော့ပါချေ ရှင်မ ကုဏ္ဍလကေသီ။ အကယ်၍ လူဖြစ်သူ တယောက်သည် သင်နှင့်ယှဉ်ပြိုင်၍ ပြဿနာပြုနိုင်စွမ်းရှိခဲ့သော် သင်သည် ထိုသူတို့၏ထံတွင် ခြေခြင်းအလုပ်အကျွေး ပြုလေလော့။ သင်နှင့် ယှဉ်ပြိုင်၍ ပြဿနာပြုနိုင်စွမ်း ရှိသူသည် အကယ်၍ ရဟန်းဖြစ်ခဲ့သော် သင်သည် ထိုသူ ထံတွင် ရဟန်း ပြုလေလော့”ဟု မှာလိုက်ကြကုန်၏။

ကုဏ္ဍလကေသီသည် ဇမ္ဗူပရိဗ္ဗာဇိကာ ဟူသော အမည်ကို ခံယူလျက် ပရိဗိုဇ်ဘို့ကျောင်းသင်္ခမ်းမှ ထွက်လာခဲ့ပြီး၊ မြင်တိုင်းမြင်တိုင်း တွေ့လေတိုင်း

တွေ့လေတိုင်းသော သူတို့ကို ပြဿနာပုလျက် လှည့်လည်သော်.... သူနှင့် ယှဉ်ပြိုင်နိုင်သူကို တဦးတယောက်မျှ မတွေ့ရပဲ ရှိလေ၏။ ဇမ္ဗုပရိဗ္ဗာဇိကာ မည်သော ပရိဗိုဇ်မ ရောက်လာသတဲ့....ဟူသော သတင်းစကားကို ကြားလျှင်ပင် လူတို့သည် ဝေးရာသို့ ထွက်ပြေးကာ ရှောင်လွှဲနေကြကုန်၏။

ထိုဇမ္ဗုပရိဗ္ဗာဇိကာ ပရိဗိုဇ်မသည် ရွာသို့လည်ကောင်း၊ နိဂုံးသို့ မြို့သို့လည်းကောင်း ဆွမ်းခံဝင်လေသည်ရှိသော်.... တံခါးဝတွင် သဲကိုပုံပြီးလျှင် အထိမ်းအမှတ်အဖြစ် သပြေခက်ကို စိုက်ထားလေသည်။ "ငါနှင့် ယှဉ်ပြိုင်၍ ပြဿနာ ပုနိုင်စွမ်းရှိက ဤသပြေခက်ကို ချိုးစေသတည်း၊ ချိုးလော့"ဟု ကြွေးကြော်ပြီးလျှင် ဆွမ်းခံဝင်လေ၏။ ထိုသပြေခက်ကို ချိုးဝံ့သူထားဘိဦး၊ သပြေခက် စိုက်ထားသည့် ထိုသဲပုံသို့ပင် ကပ်ဝံ့သူ၊ သီဝံ့သူ မရှိချေ။

ထိုပရိဗိုဇ်မသည် စိုက်ထားသော သပြေခက် ညှိုးနွမ်းသွားလျှင် နောက်တခက်ကို ချိုး၍ အသစ်စိုက်ပြန်လေ၏။ ဤနည်းအားဖြင့် တရွာပြီး တရွာ၊ တမြို့ပြီးတမြို့ အစဉ်အတိုင်း လှည့်လည်၍ ပြိုင်ဘက်ကို ရှာခဲ့ရာက သာဝတ္ထိမြို့သို့ ရောက်သွားလေ၏။ ပရိဗိုဇ်မကုဏ္ဍလကေသီသည် ထိုသာဝတ္ထိမြို့၏ တံခါးဝတွင်လည်း သဲကိုပုံ၍ အသစ်စက်စက် သပြေခက်ကို စိုက်ကာ "ငါနှင့် ဝါဒချင်း ပြိုင်နိုင်သူရှိက ထွက်လော့၊ ဤသပြေခက်ကို ချိုးလှည့်လော့"ဟု ကြွေးကြော်၍ မြို့တွင်းသို့ ဆွမ်းခံဝင်လေသတည်း။

မြို့တံခါးဝတွင် ရှေးကမရှိစဖူး သဲပုံနှင့် သပြေခက်ကို တွေ့ပုံ ထူးသောကြောင့် ကလေး သူငယ်တို့သည် ထိုသဲပုံကို ဝိုင်းအုံ၍ ကြည့်လာကုန်၏။ ထိုအချိန်တွင် အရှင်သာရိပုတ္တရာသည် မြို့တွင်း၌ ဆွမ်းစားခြင်းကိစ္စပြီး၍ မြို့မှထွက်လာသောအခါ ကလေးတွေတရုန်းရုန်း စုပြုံနေကြသည်ကိုမြင်လျှင် "အဘယ်ကို ကြည့်ကြသနည်း"ဟု မေးတော်မူ၏။ သူငယ်များက သဲပုံနှင့် သပြေခက်ကို ကြည့်ကြကြောင်း လျှောက်ကုန်၏။

"ကောင်းပြီ၊ သို့ဖြစ်ဘိသော်....ဤသပြေခက်ကို သင်တို့ ချိုးကုန်လော့...."ဟု အရှင်သာရိပုတ္တရာက စေခိုင်းတော်မူလျှင်–"ကြောက်သည်၊ တပည့်တော်တို့ မချိုးဝံ့ပါ"ဟု လျှောက်ကုန်၏။ "သင်တို့ ကြောက်ဖွယ်မရှိ။ ပြဿနာကို ငါဖြေအံ့။ ဤသပြေခက်ကို ဝံ့ရဲစွာသာ ချိုးလေကုန်"ဟု ဆိုသောကြောင့် သူငယ်တို့သည် ထိုသပြေခက်ကို ဝံ့ရဲစွာ သဲပုံမှ နုတ်၍ ဖယ်ရှားပစ်လိုက်ကြကုန်လေ၏။

ဤအချိန်အထိ ပရိဗိုဇ်မ ကုဏ္ဍလကေသီ၏ သန္တာန်၌ နိဗ္ဗာန်သည် လည်းကောင်း၊ နိဗ္ဗာန်ဟူသော အသိဉာဏ်သည် လည်းကောင်း ဘာမျှ မရှိသေး။ ဝါဒချင်းယှဉ်ပြိုင်၍ အနိုင်ယူခြင်းသည်သာ အဓိက ရှိနေဆဲ

အခါဖြစ်၏။ ဆွမ်းခံရာမှ ပြန်လာသောအခါ သူ့သပြေခက်ကို ကလေးများ ဖျက်ဆီးပစ်သည် ထင်၍ မြည်တွန်တောက်တီးလေ၏။ "သင်တို့နှင့် ဝါဒချင်း ယှဉ်ပြိုင်ရန် ပြဿနာ ငါ့မှာမရှိ။ ငါ့သပြေခက်ကို ဘယ့်အတွက် သင်တို့ ဖျက်ဆီးပစ်ကြသနည်း" ဟု မြည်တွန်ငေါက်ငမ်းခြင်း ပြုလေသောအခါ "ကျွန်တော်တို့ မဖျက်ဆီးပါ" ဟူ၍ ကလေးများက ဆိုကုန်၏။ ထိုအခါ....ပရိဗိုဇ်မသည် ကလေးများအနီးတွင် ရပ်နေသော အရှင်သာရိပုတ္တရာဘက်သို့ မျက်နှာမူလျက်—

ကေသီ "ဤသပြေခက်ကို အရှင်ဘုရားများ ဖျက်ဆီးပါသလား"

သာရိ "အမ်း....မှန်၏၊ ငါဖျက်ဆီးပေ၏"

ကေသီ "သို့ဖြစ်ခဲ့သော်....အရှင်ဘုရားသည် တပည့်တော်နှင့် ဝါဒချင်း ယှဉ်ပြိုင်မည်ဖြစ်ပါသလော"

သာရိ "ကောင်းဘိစွ၊ သင်နှင့်ငါ ယှဉ်ပြိုင်အံ့"

ဤပွဲကား တကယ့်ပွဲကြီးပွဲကောင်းဖြစ်ချေ၏။ "ဇမ္ဗုပရိဗ္ဗာဇိကာမည်သော ပရိဗိုဇ်မနှင့် အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးတို့ ဝါဒချင်း ပြိုင်ကြမလို့တဲ့" ဟူသော သတင်းဂယက်သည် လှိုင်းပွက်သည့်နှယ် တမြို့လုံး ကျက်ကျက်ညံလျက် ချောက်ချားသွားလေသတည်း။ ဝါဒပြိုင်ပွဲကို နားထောင်ရန်အလို့ငှာ မြို့သူမြို့သားတို့သည် အဝလိုက် အပြုံလိုက် ဇေတဝန်ကျောင်းတော်ဘက်သို့ ထွက်လာကြကုန်သောကြောင့် ကျယ်ဝန်းလှစွာသော ကျောင်းတိုက်ကြီးသည် ပရိသတ်ဖြင့် ပြည့်ကျပ်စည်ကားလျက်ရှိနေ၏။

ပရိသတ်များသည် မဏ္ဍာသနပလ္လင်ပေါ်တွင် အရှင်သာရိပုတ္တရာကို ဖူးမြင်ကြရပြီး ပလ္လင်၏ရှေ့တူရူတွင်ကား ဇမ္ဗုပရိဗ္ဗာဇိကာ ပရိဗိုဇ်မကို တွေ့ကြရလေ၏။ မည်သူက မည်သူ့ကို အလျင်မေး၍ မည်သူက မည်သို့ ဖြေလေမည်နည်းဟု နားတစွင့်စွင့်နှင့် မျှော်တလင့်လင့်စောင့်ကြိုလျက် ရှိနေကြကုန်၏။ ထောကြာသော်....မေးဖြေပြုခန်းကို ပရိဗိုဇ်မကစတင်၍ နိဒါန်းပျိုးလိုက်လေသည်။

ကေသီ "အရှင်ဘုရား....၊ အရှင်ဘုရားအား တပည့်တော် ပြဿနာ မေးပါအံ့"

သာရိ "အိမ်း....ကောင်း၏၊ မေးလော့...."

ထိုအခါ ပရိဗိုဇ်မသည် မိမိသင်ကြားထားသော ဝါဒတထောင်ကို [illegible] ပြဿနာပြု၍ မေးမြန်းခြင်း ပြုလေဘော့ရာ အရှင်သာရိ [illegible] ကိုင်းသော အမေးပုစ္ဆာများကို ပြေလည်အောင် [illegible]....

သာရိ "အို....ရှင်မ၊ သင့်ပြဿနာကား ဤမျှသာလော။ အခြား တပါးပြဿနာများ သင့်မှာရှိသေးသလော"

ကေသီ "အခြားတပါး မရှိ၊ ဤမျှ သာပါဘုရား"

သာရိ "အို....ရှင်မ၊ သင်သည် ငါ့အား ပြဿနာ မြောက်မြား စွာကို မေးခဲ့ပြီ။ ငါကမူ ပြဿနာတခုကိုသာ သင့်အား ငါ မေးအံ့၊ သင် ဖြေဆိုနိုင်အံ့လော"

ကေသီ "တပည့်တော်မ ချက်ချင်းပဲ ဖြေပါအံ့။ အလိုရှိရာကိုသာ မေးတော်မူပါ"

သာရိ "အို....ရှင်မ၊ သို့ဖြစ်က သင့်အား ငါမေးပေ၏။ တခု ဟူသည် အဘယ်နည်း....။* အဘယ်ကို တခုဟု ဆိုသနည်း"

ထိုအခါ ဇမ္ဗုပရိဗ္ဗာဇိကာမည်သော ပရိဗိုဇ်မသည် "ဤမေးခွန်း မျိုး ထွက်ရှိခဲ့သော် ဤသို့ဖြေရသည်"ဟု မသိဝိုးဝါး နားပါးမလည်ရှာ လေသောကြောင့်....

ကေသီ "အရှင်ဘုရား၊ ဤပြဿနာကား မည်သည့် ပြဿနာပါလဲ ဘုရား"

သာရိ "အို....ရှင်မ၊ ဤပြဿနာကား ဗုဒ္ဓပြဿနာ မည်ပေ၏"

ကေသီ "အရှင်ဘုရား၊ တောင်းပန်ပါ၏။ တပည့်တော်မအားလည်း ထိုဗုဒ္ဓပြဿနာကို သင်ပေးတော်မူပါဘုရား"

သာရိ "အို....ရှင်မ၊ သင်သည် ငါကဲ့သို့ ရဟန်းပြုနိုင်ကမူကား ထိုပြဿနာကို ငါ သင့်အား ပေးပေအံ့"

ကေသီ "ကောင်းပါပြီ၊ တပည့်တော်မ သင်ယူလိုပါ၏။ တပည့် တော်မအား ရဟန်းပြုပေးတော်မူပါလော့"

ထိုသို့ ကိုယ်တိုင်ပန်ခံပြုလေသောအခါ အရှင်သာရိပုတ္တရာသည် ထို ပရိဗိုဇ်မကို ရဟန်းပြုပေးရန်အတွက် ဘိက္ခုနီတို့ထံ အပ်လိုက်လေ၏။ ရဟန်း ဖြစ်လာသောအခါ ကုဏ္ဍလကေသီထေရီ ဟူ၍ တွင်လေ၏။ ဘိက္ခုနီဖြစ်၍ ရက်အနည်းငယ် အတွင်းမှာပင် ကုဏ္ဍလကေသီသည် သူ ဘယ်တုန်းကမှ မမျှော်မှန်းခဲ့သော၊ စိတ်ကူးထဲမျှပင် မထည့်ခဲ့မိသော နိဗ္ဗာန်ကို လက်ကမ်းနိုင် လေ၏။ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ထုတ်ချင်းခတ် တိုးလျှိုးပေါက် မျက်မှောက်ပြုရလေပြီတည်း။ အကယ်၍သာ နိဗ္ဗာန်သည်

---

* ဥဒါန်းပါဠိတော်၌ ဧကံနာမကိံ ဟူသော အမေးကို သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ—သတ္တဝါဟူသမျှ အာဟာရလျှင် တည်ရာမိရာ ရှိ၏,ဟု ဗုဒ္ဓဖြေတော်မူ၏။

သူနှင့် လက်တကမ်းထက် ဝေးကွာရာ အရပ်တွင် ရှိနေဘိမူကား....ဤမျှ ဤမျှ တိုတောင်းလှစွာသော ကာလအတွင်း၌ အရဟတ္တဖိုလ်သို့ သူ မရောက်နိုင်တန်လေရာ။

ရဟန်းတို့သည် ဓမ္မသဘင်တွင် ကုဏ္ဍလကေသီနှင့် စပ်လျဉ်း၍ စကားဆိုကြသည်ကား.... "ကုဏ္ဍလကေသီထေရီမ၌ တရားတော်ကို များများစားစား ကြားနာရခြင်းလည်း မရှိပဲ ရဟန်းကိစ္စ အထွတ်အထိပ်သို့ ရောက်ဘိ၏။ ကြားရဖူးသည်ကား.... ဒမြသူခိုး, လူဆိုးကြီးတယောက်နှင့် အရှုံးအနိုင် ယှဉ်ပြိုင်တိုက်ခိုက်ရာမှာ အောင်ပွဲကြီးလှလှ ရလိုက်သည် ဆိုပါကလား"

ဤသို့ ကုဏ္ဍလကေသီ၏ အကြောင်းကို ဆိုပြောနေကြသည့် အခိုက်တွင် ဘုရားသခင် ဆိုက်ရောက်တော်မူလာပြီး "သင်တို့ အဘယ်စကားဖြင့် စည်းဝေးနေကြသနည်း" ဟု မေးတော်မူလတ်သော်.... ရဟန်းတို့က အကျိုးအကြောင်း လျှောက်ထားကြလေသောအခါ–

"ရဟန်းတို့၊ ငါဟောအပ်သော တရားကို နည်းသည် များသည် ဟူ၍ မတိုင်းထွာကြကုန်လင့်။ အကျိုးမရှိသော စကားသည် အခွန်းပေါင်း တရာပင် ဖြစ်သော်လည်း မမြတ်။ အကျိုးဖြစ်ထွန်းစေသော စကားသည် တခွန်းတည်းမျှပင် ဖြစ်စေကာမူလည်း မြတ်ချေ၏။ မိမိကိုယ်မှ အပဖြစ်သော စိုးသူများစွာတို့ကို အောင်မြင်စွာ တိုက်ခိုက်နိုင်သူအား အောင်ခြင်းမည်သည် မဖြစ်။ မိမိကိုယ်တွင်း ရှိသော အတွင်းရန်ကို အကြွင်းအကျန် မရှိအောင် ဖြိုခွင်း၍ အနိုင်ယူသော သူအားသာလျှင် အောင်ခြင်းမည်သည်ဖြစ်၏"

ဟု မိန့်တော်မူပြီးလျှင် အနုသန္ဓေစပ်၍ တရားကို ဟောတော်မူလိုရကား ဤဂါထာကို မိန့်တော်မူသတည်း။

"ယော စ ဂါထာသတံ ဘာသေ၊
အနတ္ထပဒ သဉှိတံ၊
ဧကံ ဓမ္မပဒံ သေယျော၊
ယံ သုတွာ ဥပသမ္မတိ။

"ယောပုဂ္ဂလော–မည်သူမည်ဝါမဆို အကြင်ပုဂ္ဂိုလ်သည်၊ အနတ္ထပဒသဉှိတံ– တစုံတရာ အကျိုးဖြစ်ထွန်းမှုနှင့် မငတ်သက် မစပ်ယှက်သော၊ ဝါ–အကျိုးဖြစ်ထွန်းမှုနှင့် ကင်းသော၊ ဂါထာသတံ–ဂါထာပေါင်းတရာကို၊ ဘာသေ–မနေမနား ကရားဇရလွှတ် တတွတ်တွတ် ပြောလေရာ၏၊

တဿပုဂ္ဂလဿ-ထိုပုဂ္ဂိုလ်၏၊ တံဂါထာသတံ-ထိုဂါထာပေါင်းတရာသည်၊ နသေယျော- မမြတ်ချေ၊ ယံဓမ္မပဒံ—အကြင်ခန္ဓာအာယတနဓာတ်စသည်နှင့် ပတ်သက်သော စကားကို၊ သုတွာ ကြားနာလိုက်ရသည်ရှိသော်၊ ဥပသမ္မတိ—အပူခပ်သိမ်း ငြိမ်းလေ၏၊ ဧကံ-တခွန်းတပါဒတည်းမျှသာဖြစ်သော၊ တံဓမ္မပဒံ-ထိုတရားစကားသည်ကား၊ သေယျော-မြတ်လှပေ၏"

ယော သဟဿံ သဟဿေန၊
သင်္ဂါမေ မာနုသေ ဇိနေ၊
ဧကဉ္စ ဇေယျ မတ္တာနံ၊
သံဝေ သံဂါမ ဇုတ္တမော။

"ယော—အကြင်သူရဲကောင်းသည်၊ သင်္ဂါမေ-ဆူရှုံးအနိုင်ယှဉ်ပြိုင်စစ်ခင်းသည့် စစ်မြေပြင် စစ်တလင်း၌၊ သဟဿေနသဟဿံ—လက်နက်ကိုယ်စီ စစ်ချီတက်ကိန်း၊ ဆယ်သိန်းအရေအတွက်ရှိကုန်သော၊ မာနုသေ-စစ်သည်ဗိုလ်ပါ လူပေါင်းများစွာတို့ကို၊ ဇိနေ-အောင်ပွဲလှလှ အရကြီးရလိုက်ရာ၏၊ ယောစ- အကြင်သူရဲကောင်းသည်လည်း၊ *ရတ္တိဋ္ဌာနဒိဝါဋ္ဌာနေသု-ညဉ့်နေရာ နေ့နေရာ အရပ်တို့၌၊ အဇ္ဈတ္တိက ကမ္မဋ္ဌာနံ- အဇ္ဈတ္တိက ကမ္မဋ္ဌာန်းကို၊ သမ္မသန္တော—သုံးသပ်ပွားများဆင်ခြင်လျက်၊ အတ္တနော—မိမိ၏၊ လောဘာဒိကိလေသ—လောဘစသော ကိလေသာကို၊ ဇယေန-အောင်ခြင်းဖြင့်၊ အတ္တာနံ—မိမိကိုယ်ကို၊ ဧကဉ္စ—တကြိမ်တခါမျှ၊ ဇိနေ-အောင်ရာ၏၊ သော— ထိုသူရဲကောင်းသည်၊ သင်္ဂါမဇိနာနံ— အောင်ပွဲရပုဂ္ဂိုလ်တို့တွင်၊ ဥတ္တမော မြတ်၏၊ ဝါ တုဖက် ကင်းလွတ်၊ အထွတ်ဆုံး၊ အမြတ်ဆုံးသော သူရဲကောင်းပေတည်း"

ဤဝတ္ထု၌ ဇာတ်လိုက်မင်းသမီးအဖြစ် ပါဝင်သော သဌေးသမီး ကုဏ္ဍလကေသီ့ကား နိဗ္ဗာန်ဆိုသည်ကို တွေးမိကြံစည်စိတ်ကူးမိခြင်းမျှပင် မရှိခဲ့။ သူ့အတွေးသည် လင်ရေး သားရေး၌သာ ကဆုန်ပေါက်၍ ပြေးနေခဲ့၏။ သို့သော် သူ့ခမျာ လင်ဆိုးမယား တဖားဖား ဘဝမျိုးသို့ ရေးကံဟောင်းအကြောင်းမလှသဖြင့် ရောက်သွားရရှာ၏။ ဆင်းရဲလေလေ သံဝေရရ ဆိုသကဲ့သို့ ခြုံ၍ကြည့်သော် ဤအဖြစ်ကပင် သူ့ဘဝကို ကယ်တင်လိုက်သည်ကို တွေ့ရ၏။

လူသည် ဘေးတွေ့လေမှ ကြောက်ရမှန်း, လန့်ရမှန်း, ထိတ်ရမှန်း သိသူတာ များ၏၊ ယင်းသည်ပင် ကြောက်ရွံ့လန့်ထိတ်ခြင်းတွင် ဘဝကို ငြီး

*အဋ္ဌကထာ စကားကိုဖြည့်၍ အဓိပ္ပာယ်ပြည့်စုံအောင် အနက်ဖော်ထား၏။

ငွေ့မှုများ ရောကွေး ပါလာတတ်သည်ဖြစ်ရာ ဤသည်ဖြစ်ရပ်မျိုးသည် နိဗ္ဗာန်အတွက် ကံတားကြီး ထိုးပေးလိုက်သည်နှင့် တူ၏။ ထိုအခါ နိဗ္ဗာန်သည် ဝေးကွာခြင်း မျိုလှုတော့ရုံမကပဲ တဖြည်းဖြည်း လူနှင့် လက်တကမ်းအတိ နီးသည်ထက် နီးနီးလာ၏။ ထိုဖြစ်ရပ်ကို ဤကုဏ္ဍလ ကေသီကို ကြည့်ရုံမျှဖြင့် သိနိုင်၏။

သူသည် တရားတော်ကို ငါးပိထောင်းသားကျအောင် ကြားရ, နာရဖူးခြင်း မရှိပါပဲလျက် ဘဝ ခံစားချက်များအပေါ် မှီငြမ်းပြုကာ နိဗ္ဗာန်ကို လက်တကမ်းမျှဖြင့် လှမ်းယူနိုင်သည် မဟုတ်ပါသလော။



## မုဆိုးက ခွေးနှင့်ရှုးတိုက်၍

# သစ်ပင်ပေါ်တက်ပြေးရသော ရဟန်းတပါး၏

### လက်တကမ်း နိဗ္ဗာန်ဝတ္ထု

ဆွမ်းခံယင်း ငှက်သင့်ဟူ၍ စကားပုံတခုရှိ၏။ ထိုစကားသည် ဤဝတ္ထုမှ ‘မြစ်ဖျားခံလေသလော၊ အောက်ပါ ဖြစ်ရပ်ကို သုံးသပ်၍ရှုကြည့်, ဆင်ခြင်နိုင်ကြပါ၏။

ဖြစ်ရပ်ကား ဤသို့ဖြစ်လေသည်။ *ကောကသည် မုဆိုးတယောက်၏ အမည်ဖြစ်၏။ ကောကမုဆိုး၊ မုဆိုးကောက ဟူ၍ပေ၏။ ထိုကောကမည်သော မုဆိုးသည် မုဆိုးတို့ဘာဝအတိုင်း အခါတပါးတွင် တောလိုက်ထွက်လေသတတ်။ ထိုအခါ သူ၏ အပေါင်းအဖော် ခွေးရဲကျော်တို့ကို တပ်လှန့်၍ ဆင့်ခေါ်လိုက်သည်ကား-

*"အို....ဟဲ့....ဟရို့၊ ခွေးနီပါးရို့၊ ရဲကျားရို့ ကြန်စုံမရို့, ဂုတ်မရို့၊ နှင်တို့သခင်၊ စွမ်းသတ္တိနှင့်၊ လေးကြီးရှင်မှာ၊ ခုပင်ယနေ့၊ အခင်းဖြင့် တွေ့ချေပြီ။ ရှေ့တပ်ဦးခင်း၊ တင်းဘင်းမာခေါင်၊ စွယ်ရောင်ဖွေးဖွေး၊ လျှမ်းလျှမ်းပြေးသော၊ ခွေးနီပါးနှင့်၊ ခွေးအောင်နက်တို့က၊ မကာန့်ကွက်၊ စစ်ဆင်၍တပ်လုလင် ခွေးမိုး

---

* ဓမ္မပဒ အဋ္ဌကထာ၊ ဒု၊ ပါပဝဂ်၊ ကောက သုနခ လုဒ္ဒက ဝတ္ထု။ ၁၅၉ မှ။
* ဦးပုည၏— ဥပကနှင့် ဆာဝါ၊ ဟောစာ၊ ဂ မှ။

မှောင်ကျ၊ တကောင်နှင့်တကောင်၊ နံဘေးချင်းမြှောင်၊ အယ်
အောင်ကြီး မပူးစေနှင့်၊ တပ်ဦးက ချီတက်စေ"

အချိန်မှာ နံနက်ဆွမ်းခံဝင်ချိန် ဖြစ်၏။ ထိုအချိန်တွင် ကောကမုဆိုးသည် လေးကိုထမ်းလျက် မိမိ၏အဖော် ခွေးရဲကျော်ကို ခေါ်ပြီးလျှင် အမဲလိုက်ရန်အတွက် အိမ်မှထွက်လာ၏။

နံနက်အချိန် ဖြစ်သဖြင့် ရဟန်းတပါးသည်လည်း သပိတ်ပိုက်လျက် ငိုက်စိုက်ငိုက်စိုက်နှင့် ကျောင်းမှ ဆွမ်းခံထွက်လာလေရာ လမ်းခရီးအကြားတွင် ထိုရဟန်းနှင့် ကောကမုဆိုးတို့ ဆုံမိကြလေ၏။ ကောကမုဆိုးသည် ထိုဆွမ်းခံ ကိုယ်တော်ကို မြင်လိုက်သည်နှင့် တပြိုင်နက် အမျက်ဒေါသ ထောင်းကနဲ ထ လာလေတော့သည်။ "ငါသည် ကနေ့ မင်္ဂလာမရှိ၊ ကြက်သရေ တုံးလုသော 'ကြက်သတုံး' သူယုတ်ကို မြင်ရ၏။ ဘာကောင် တကောင်မှ ရတော့မှာမဟုတ်"ဟူ၍ ထိုရဟန်းကို မျက်စောင်းကြီး တခဲခဲနှင့် တောထဲသို့ သွားလေ၏။

ကောက မုဆိုးအဖို့ – "ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက်" ကိန်းမျိုးဆိုက်ချေပြီ။ အိမ်မှတောလိုက်ရန် ထွက်လာစဉ် လမ်း၌ ရဟန်းနှင့်တွေ့လျှင် "အမင်္ဂလာဟုယူဆကာ ငါသည်ကနေ့ ဘာမှရမှာမဟုတ်ဘူး"ဟု တွေးမိကာ သူ့စိတ်တွင် ထင့်ကနဲ ဖြစ်ခဲ့၏။ လက်တွေ့အားဖြင့် တောထဲ၌ အမဲလိုက်သောအခါ သူ့အတွေးမှာ ဟုတ်သလိုလိုဖြစ်နေ၏။ ခွေးတရှုန်းရှုန်းနှင့် အမဲလိုက်သော်လည်း ထိုနေ့တွင် ဘာဆိုဘာမှ မရလေ၊ ထိုအခါ ဆွမ်းခံကိုယ်တော်အပေါ်တွင် အချောင် သက်သက် ဒေါသ ထွက်ပြန်လေ၏။ "နေနှင့်ဦးပေါ့ ကတုံးမွဲ၊ အမဲတကောင်မှ မရယင် ငါ့အကြောင်း သိစေ့မယ်" ထိုကိုယ်တော်ကို ကြိမ်းသားမောင်းလား လုပ်ချေတော့၏။

ဆွမ်းခံကိုယ်တော်ကား ရွာထဲ၌ အိမ်စဉ်လျှောက်၍ ဆွမ်းခံ၏။ ရရှိသော ဆွမ်းများကို အိမ်တအိမ်တွင်ဝင်၍ ဘုဉ်းပေး၏။ ဆွမ်းဘုဉ်းပေးခြင်းကိစ္စပြီးလေသောအခါ ဆွမ်းခံရွာမှ ကျောင်းသို့ ပြန်လာ၏။

ထိုဆွမ်းခံ ကိုယ်တော်၏ ကံကြမ္မာဟု ဆိုရလေမည်လား၊ သို့မဟုတ် ကောကမုဆိုး၏ ကံကြမ္မာဟု ဆိုရလေမည်လား၊ ထိုနေ့အဖို့ ဘာဆို ဘာ တကောင်မှ မရသဖြင့် စိတ်ဆိုး မာန်ဆိုးနှင့် ပြန်လာသော မုဆိုးသည် လမ်းခရီးအကြားမှာပင် ရွာမှ ပြန်လာသော ထိုကိုယ်တော်နှင့် ဆုံမိပြန်ပါလေ၏။ ထိုအခါ မုဆိုး ကောကသည် ဒေါမနဿ စိတ်ကို နှိပ်ကွပ်၍ မရခဲလသည့် အဆုံးကျ "အင်းဟင်း....သည်ကြက်သတုံး၊ ကတုံးမွဲနဲ့ လာတွေ့နေပြန်ပြီကော။ သင်းကြောင့် သည်ကနေ့ ဘာဆို ဘာမှ ငါမရခဲ့။

သည်ကတိုးမွဲကို ခွေးစာ ကျွေးပစ်လိုက်တာပဲ ကောင်းတယ်'' ဟူ၍ မိုက်ကန်းကန်း စိတ်ကူးဖြင့် ခွေးနှင့် ရှူးတိုက်ပါလေ၏။

''ဒကာ....ဒကာ–သည်လို မလုပ်နဲ့လေ၊ မလုပ်ကောင်းဘူး ဒကာ....မလုပ်ပါနဲ့''ဟူ၍ ထို ကိုယ်တော်က အတန်တန် တောင်းပန်ရှာသော်လည်း နားမထောင်။ ''ကိုယ်တော်ကြောင့် သည်ကနေ့ တပည့်တော်မှာ ဘာတကောင်မှမရ၊ ယခုတဖန် အမင်္ဂလာနဲ့ လာတွေ့ရပြန်ပြီ–သေပေတော့'' ဟူ၍ သူ၏ ခွေးရဲကျော်များအား ''ကိုက်ဟ....ကိုက်ဟ'' ဟူ၍ ရှူးတိုက်လေသော် ခွေးရဲကျော်တို့သည် ဝုန်းကနဲထ၍ လိုက်ကြကုန်လေ၏။

ထိုအခါ ထိုကိုယ်တော်သည် သပိတ်ကို ဇမန်းကတန်းချပြီး ခွေးအရေးကြောင့် ကိုယ်လွတ်ထွက်ပြေးကာ နီးရာ သစ်ပင်ပေါ်သို့ အတင်းတက်လေ၏။ ခွေးအန္တရာယ်မှ သီသီကလေး လွတ်၏။ သို့သော်.... ခွေးရဲကျော်တို့ကား ''ဆင်းစံ့ ဆင်းခဲ့'' ဟူ၍ သစ်ပင်အောက်က တဂိုးဂိုးနှင့် ရဲတင်းသံ ပေးလျက်ရှိနေကုန်၏။

ထိုသစ်ပင်ကား သစ်ပင် ဆိုရလောက်ရုံသာ ဖြစ်၏။ အလွန်ကြီးကြီးမားမား သစ်ပင်မျိုး မဟုတ်လေပဲ လူ့ တရပ်သာသာ လောက်သာ မြင့်သော အပင် ဖြစ်လေသည်။ ဆွမ်းခံကိုယ်တော် မျှမှာ ထို သစ်ပင်ခွကြားမှ အောက်က ခွေးများကို ကြည့်ကာ အသည်း တယားယားနှင့် ရှိနေရှာစဉ် ခွေးရှင် မုဆိုးကြီး ထိုသစ်ပင် အောက်သို့ ရောက်လာပြီး ''သစ်ပင်ပေါ် တက်နေကာ လွတ်မည်ထင်သလော''ဟု ပြောပြောနုတ်နုတ် မြားတောင့်ထဲမှ မြားတချောင်းကို နုတ်ယူလျက် ထိုရဟန်း၏ ခြေထောက်အောက်က နေ၍ မြားဦးနှင့် ထိုးလေ၏။

''ဒကာ–ဒကာ၊ မလုပ်နဲ့လေ၊ ဒကာ....မလုပ်ကောင်းဘူးလေ ဒကာ'' ဟုတောင်းပန်သော်လည်း မရ၊ ခြေထောက်ကို အောက်ကနေ၍ မြားနှင့် တဆတ်ဆတ် ထိုးနေသောကြောင့် အထိုးခံရသော ခြေကို အပေါ်သို့ မြှောက်လိုက်လျှင် ခြေတဘက်က အောက်သို့ တွဲလောင်းကျသွားပြန်ရာ မုဆိုးသည် ထိုခြေထောက်ကို အပ်နှင့် ဆွသကဲ့သို့ တဆတ်ဆတ် ထိုးပြန်လေ၏။ ထို့ကြောင့် ထိုကိုယ်တော်မှာ သစ်ပင်ခွကြားတွင်ပျားတုပ်ခံရသကဲ့သို့ တလှုပ်ရှားရှားနှင့် ရှိနေလေရာ....အောက်သို့ကျလာလျှင် စားရန်အတွက် ခွေးတို့သည် သစ်ပင်အောက်မှ သွားရေတမြားမြားနှင့် စောင့်နေကုန်၏။

ထိုရဟန်း၏ ခံစားရချက် ဒုက္ခဝေဒနာကား ကြီးလေစွ....အောက်သို့ လိမ့်မကျအောင် လက်ဖြင့် သစ်ကိုင်းကိုလည်း မြဲမြဲဆုပ်ထားရလေ၏။ အောက်မှမြားဖြင့် ထိုးချက်ကြောင့် ခြေနှစ်ဘက်ကိုလည်း ယက်ကန် ယက်ကန်နှင့် လုပ်ရလေ၏။ လှုပ်ရှားဖန် များလတ်သော် ကိုယ်ရုံသင်္ကန်းသည်

ပိုသီပတ်သီ ဖြစ်လာ၏။ သို့သော်လည်း လက်က လွှတ်လိုက်လျှင် ခွေးကိုက်၍ သေမည့်အရေးကြောင့် သက်နှင်းကို ဂရုမစိုက်နိုင်ရှာ၊ ကြာသော် ကိုယ်ရုံသက်န်းသည် အောက်ကနေ၍ မြားဖြင့် တဆတ်ဆတ် ထိုးနေသော မုဆိုး၏ ကိုယ်ပေါ်သို့ ခေါင်းမြီး ခြုံမိလျက် ကျသွားလေတော့ရာ မုဆိုးသည် သက်န်းထဲတွင် လုံးထွေးနေလေ၏။

ဤသည်ကို ခွေးရဲကျော်တို့က မြင်လေသော် သစ်ပင်ပေါ်က ကိုယ်တော် လိမ့်ကျလာသည်အထင်နှင့် ဝုန်းကနဲဝိုင်း၍ ကိုက်ခဲကာ ဆွဲသော်တည် ကြလေသောကြောင့် ကောကမုဆိုးကား သူ၏ခွေးရဲကျော်တို့၏ ပါးစပ်အောက်တွင် အသက်ပျောက်ရရှာလေပြီတည်း။ ခွေးရဲကျော်တို့သည် မုဆိုး၏ အသားများကို စားပြီးမှ သက်န်းကြားထဲက ထွက်လာကုန်၏။

မုဆိုးသေသွားသော်လည်း သစ်ပင်ပေါ်က ကိုယ်တော်ကား အောက်က ခွေးများအရေးကြောင့် သစ်ပင်ပေါ်က မဆင်းဝံ့ရှာသေး။ ခွေးများ ထွက်ပြေးအောင် သစ်ကိုင်းခြောက်တခုကို ချိုး၍ ခွေးများအပေါ် ပစ်ချလိုက်သောအခါ ခွေးများသည် သစ်ပင်ပေါ် မော့ကြည့်၍ ရဟန်းကိုမြင်လျှင် "ဟာ...ကိုယ်သခင်ကို တို့စားမိနေပါပကော" ဟူ၍ တောထဲသို့ ဝင်ပြေးကြလေကုန်၏။

သစ်ပင်အောက်တွင် ခွေးများ မရှိတော့သော်လည်း ထိုရဟန်းကား သစ်ပင်ပေါ်က မဆင်းသေးပဲ မုဆိုး၏ အရိုးများကိုကြည့်ကာ စိတ်မကောင်းဖြစ်နေ၏။ "ဤမုဆိုးကား...သူ့ခမျာ ငါ့သက်န်းတွင် ဝင်မိချေ၍ အသက်ဆုံးရရှာ၏။ ငါ၏ အကျင့်သီလ ရဟန်းသိက္ခာ ပျက်စီးလေပြီကော" ဟု ကုက္ကုစ္စ သံသယ ဖြစ်မိနေပါ၏။

ထိုနောက်တွင်မှ ထိုကိုယ်တော်သည် သစ်ပင်ထက်မှ သက်ဆင်းခဲ့ပြီးလျှင် ဘုရာသခင်ထံတော်သို့ သွားကာ မိမိ၏ ဖြစ်ကြောင်းကုန်စင်ကို လျှောက်တင်လေ၏။

"ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား၊ တပည့်တော်၏သက်န်းကို အမှီပြု၍ ထိုဒါယကာမုဆိုးခမျာ သေခြင်းဆိုးနှင့် သေရရှာပါ၏။အသို့ပါနည်း။ တပည့်တော် ရဟန်းအဖြစ်၌တည်မှ တည်ပါသေးရဲ့လား ဘုရား" ဟု မိမိ၌ သံသယကုက္ကုစ္စ ဖြစ်ရှိနေ၍ မေးလျှောက်အပ်သည်ရှိသော်....

"ချစ်တပည့်ရဟန်း ရဟန်းအဖြစ်သည် သင့်မှာရှိပေ၏၊ ထိုမုဆိုးကား မပြစ်မှားဆိုက်သူကို ပြစ်မှားမိချေ၍ ပျက်စီးခြင်းသို့ ရောက်ခြင်း ဖြစ်၏။ ဤမုဆိုးကား ယခုဤအခါ၌သာ ပျက်စီးခြင်းရောက်ရှာသည် မဟုတ်၊ ရှေးကလည်း ဤနည်းနှင်နှင်ပင် ပျက်စီးခဲ့ဖူးပြီ" ဟူ၍ အတိတ်ကို ဆောင်တော်မူ၏။

"ချစ်တပည့်၊ ဆေးဆရာတယောက်သည် ရွာစဉ်လျှောက်၍ ဆေးကုနေ၏။ ကုစားရန် လူနာကိုလည်းမရ ဝမ်းကလည်းဟာ ဆာမွတ်လှသောကြောင့် ထွက်လာသည်တွင် ရွာတံခါးဝတွင် ကစားနေကြသော ကလေးတသိုက်ကို တွေ့ရလေသတတ်။ ထိုအခါ သူသည် စားပေါက်ထွင်ရန် ဤသို့ ကြံလေ၏။ ငါ....ကောင်ကလေးတွေကို မြွေကိုက်စေမည်၊ မြွေကိုက်သော်– ငါ ဆေးကုရအံ့။ ဆေးကုရသော် ငါ ထမင်းစားရလတ္တံ့"ဟု ကြံပြီးလျှင် သစ်ခေါင်းထဲ၌ ခေါင်းပြူနေသော မြွေကိုပြ၍ သူငယ်တို့ကို ဤသို့ ဆိုပေ၏။

"အမောင်တို့.... ဟိုမှာ ရှုကြလော့၊ သစ်ခေါင်းတွင်း၌ ခေါင်းကလေး ပြူတစ်ပြူတစ်နှင့် ရှိနေသည်ကား သာလိကာငှက်ကလေးပင်တည်း။ ထိုသာလိကာငှက်ကို သင်တို့တက်၍ ဖမ်းကြကုန်"ဟု တိုက်တွန်းလျှင် သူငယ်တယောက်သည် သူ့စကားကိုယုံ၍ သစ်ပင်ပေါ်တက်ပြီးလျှင် သာလိကာ, ဟူ၍ မြွေ၏လည်ပင်းကို မြဲမြံစွာ ဆုပ်ကိုင်ဖမ်းလေ၏။ လက်ထဲဆုပ်မိထားပြီးမှ မြွေမှန်းသိသောအခါ "အမယ်လေးဗျ-မြွေကြီး" ဟူ၍ အော်ကာ အောက်သို့ပစ်ချလိုက်ရာ ဆေးဆရာ၏ ခေါင်းပေါ်သို့ ကျလေ၏။ ထိုအခါ မြွေသည် ဆေးဆရာကို မြဲမြံစွာ ပတ်လျက် ကိုက်သဖြင့် ထိုဆေးဆရာကား ထိုနေရာမှာပင် ပွဲချင်းပြီး သေရရှာလေ၏။

"ချစ်တပည့်၊ ဤကောကမုဆိုးကား ရှေးအခါကလည်း ဤသို့လျှင် မပြစ်မှားအပ်သူကို ပြစ်မှားမိချေ၍ ပျက်စီးမလှ ပျက်စီးခဲ့ရဖူးပြီ"ဟု အတိတ်ကိုဆောင်၍ အနုသန္ဓိစပ်လျက် တရားဟောတော်မူလိုရကား ဤဂါထာကို မိန့်တော်မူသတည်း။

ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊
သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ၊
တမေဝ ဗာလံ ပစ္စေတိပါပံ၊
သုခုမော ရဇော ပဋိဝါတံဝ ခိတ္တော။ ။

ဘိက္ခု၊ ချစ်တပည့်ရဟန်း။ ယော၊ ရဟန်းရှင်လူ မည်သူမဆို အကြင်မိုက်သော ပုဂ္ဂိုလ်သည်။ အပ္ပဒုဋ္ဌဿ၊ မပြစ်မှားအပ်၊ မပြစ်မှားသင့်၊ မပြစ်မှားထိုက်သော။ ဝါ၊ မပြစ်မှားစကောင်းသော။ သုဒ္ဓဿ၊ ညစ်ကြေးမထင် သန့်ရှင်းဖြူစင်သော။ အနင်္ဂဏဿ၊ ကိလေသာမရှိသော။ နရဿ–ပေါသဿ၊ သတ္တဝါအား။ ဒုဿတိ၊ ပြစ်မှားမိလေ၏။ တမေဝဗာလံ၊ ထိုသူမိုက်သို့သာလျှင်။ ပါပံ၊ မကောင်းမှုသည်။ ပစ္စေတိ၊ ရှေးရှုရောက်

လာ၏။ ကိမိဝ၊ ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား။ ပဋိဝါတံ၊ လေညာသို့ စိတ္တော၊ ပစ်လွှင့်အပ်သော။ သုခုမော၊ နုးညံ့လှစွာသော။ ရဇော၊ မြူမှုန်သည်။ တမေဝ၊ ထိုပစ်လွှင့်သူတို့သာလျှင်။ ပစ္စေတိ ဣဝ၊ ရှေးရှုရောက်လာသကဲ့သို့တည်း။

ဤဝတ္ထုကား တနေ့သာအတွင်း၌ဖြစ်သော "နေ့ချင်းပြီးဝတ္ထု" ဖြစ်၏။ အထက်ပါဘုရားတော်နှင့် ထိတွေ့ရလေသောအခါ ထိုရဟန်းသည် ရဟန္တာဖြစ်သွားလေတော့သည်။ ရဟန္တာမဖြစ်မီ ကာလ ကလေးအတွင်း၌ ထိုရဟန်း၏ စိတ်သည် တထိတ်ထိတ် တလန့်လန့်နှင့် ဖြစ်နေ၏။ သစ်ပင်ခွကြားပေါ်တွင် ခွေးကိုက် ခံရမည့်ဘေး၊ မုဆိုးကအောက်မှ နေ၍မြားဖြင့် တသတ်သတ် ခြေထောက်ကို ထိုးဆွနေသော ဘေးတို့ကြောင့် သေရေးရှင်ရေးတမျှ အကျပ်အတည်းနှင့် ရင်ဆိုင်နေခဲ့ရ၏။

ထို့နောက် မုဆိုးသေသွားသောအခါတွင် "ငါ့ သက်န်းကြောင့် သေရသည်။ ငါရဟန်းမှ ဟုတ်ပါလေသေးရဲ့လား" ဟု သူ့ကိုယ်သူ သံသယ 'ကုက္ကုစ္စ' ဖြစ်သဖြင့် ဘုရားသခင်ထံ အလျှင်အမြန် ပြေးလေသည်။ ထိုအချိန်သောက်ကတည်းကပင် နိဗ္ဗာန်သည် သူ့အပေါ်တွင် ကပ်မြောင်၍ ပါသည်၏ အဖြစ်ကိုကား သူမသိရှာချေ။ ဗုဒ္ဓ၏ဘုရားတော်ကို ကြားနာလိုက်ရသော အခါတွင် သူ၏ပါရမီနှင့် သူ၏ အသိဉာဏ် စူးစိုက်မှုအရ နိဗ္ဗာန်နှင့်သူ သူနှင့်နိဗ္ဗာန်သည် ရွှေနှစ်ပြားကို အကြားမပေါ်၊ ဂဟေဆော်ဘိသကဲ့သို့ တထပ်တည်း၊ ပူးကပ်စပ်နေ့ာမိ သွားလေသတည်း။



# လှဂုဏ်ကိုးသူ ရူပနန္ဒာခေါ် ဇနပဒကလျာဏီ၏

## လက်တကမ်း နိဗ္ဗာန်ဝင်ပုံ

လွန်ခဲ့သော သက္ကရာဇ် နှစ်ပေါင်း နှစ်ထောင်ငါးရာကျော်က ဖြစ်၏။ နေရာကား ကပိလဝတ္ထု မင်းနေပြည်၊ ပြည်ပိုင်ရှင်မင်းတရားမှာ သုဒ္ဓေါဒန မင်းကြီး ဖြစ်လေသည်။

ထိုခေတ် ထိုအချိန်တွင် အမျိုးသမီးသောကဉ္စ ဘဒ္ဒကစ္စာနာမည်သော ယသောဓရာ မင်းသမီးမှတပါး သူ့လောက်ချော သူ၊ သူ့လောက်လှသူ မရှိ။ နတ်ကညာဘမျှ လှပသောအဆင်းကို ဆောင်သော 'အလှပိုင်ရှင်' ဖြစ်၏။ သူကား သုဒ္ဓေါဒနမင်းကြီး၏ မိဖုရား၊ ပဇာပတိ ဂေါတမီဒေဝီမှ ဖွားမြင်သော သမီးတော်ဖြစ်သတည်း။ အမည်ရင်းမှာ ရူပနန္ဒာတည်း။ နောက်တွင် သူ၏ သူမတူအောင် ချောဂုဏ်, လှဂုဏ်ကို အကြောင်းပြုကာ 'ဇနပဒကလျာဏီ'ဟူ၍ ခေါ်တွင်ကုန်သတည်း။

တပင်တိုင်မြန်းသည် လှသော ချောသော ဇနပဒကလျာဏီ မင်းသမီးနှင့် အလွန် လိုက်ဖက်လိုက်၏။ အလှသခင် အလှဘုရင်မ စံမြန်းတော်မူသည့် အလှနန်းတော် ပေတကား။

ရှေးအခါကမူ ဇနပဒကလျာဏီသည် ဤပင်တိုင်နန်းပေါ်ဝယ် ပျော်ရွှင်စွာ စံစားနိုင်သော်လည်း ယခုအခါတွင်မူ သူ့ခမျာ မရွှင်နှလုံး ကြောင့် ပြုံးရုံမျှပင် ပြုံးတော်မမူနိုင်ရှာ၊ နေ့မှိုင်မှိုင် ညမှိုင်မှိုင် ဇာတ်ခင်းကျင်း နေရှာလေ၏။ စိန်ကြောင်နီလာ ရတနာရောင်တို့ဖြင့် တောက် ပြောင်ဝိုးဝင်း တလင်းလင်း တလက်လက် ပြိုးပြိုးပြက် တောက်ပနေ သော နန်းတော်ကြီးကိုပင် သူသည် မကြည့်ချင်လောက်အောင် ငြီးငွေ့ လာ၏။

*တနေ့သောအခါတွင် ဇနပဒကလျာဏီသည် သလွန်တော် ရွှေညောင်စောင်းထက်၌ လျောင်းချည်၊ ထိုင်ချည် အတည်မကျ စိတ်ခာတ်ချောက်ချားနေရာမှ ဤသို့ စဉ်းစားမိလာသည်။ ငါ၏ မောင်တော်အကြီးဖြစ်သူ သိဒ္ဓတ္ထကုမ္မာသည်လည်း ထီးနန်းကို စွန့်ခွာ၍ ရဟန်းပြုသွားရာ ယခုအခါ ဘုရားဖြစ်တော်မူနေပြီ ဖြစ်၍ ငါ၏ မောင်တော်ကို စကြဝတေးမင်းအဖြစ် ငါမရှုစားရတော့ပြီ။ ငါ့မောင်တော်ကို စကြဝတေးမင်းအဖြစ် မရှုရလျှင် ရှိစေတော့၊ ငါ့တူဘော်မောင် ရာဟုလာရှိသေးသားကပဲ။ ရာဟုလာသည် စကြဝတေးမင်း ဖြစ်ထိုက်သော မင်းသားတပါးပင်ဖြစ်သည်။ ငါ့တူ ရာဟုလာကိုသာ စကြဝတေးမင်း အဖြစ် ငါရှုစားအံ့ဟူ၍ အားခဲထားပါငြားသော်လည်း ငါ့မောင်တော် ဘုရားသခင်ကသူ၏သားတော် ရာဟုလာကို သူ့အပါးတော်ခေါ်၍ သင်္ကန်းဆီးပေးလိုက်သောကြောင့် ငါ၏မျှော်လင့်ချက်မှာ သည်သဲရေကျ အလား ဖြစ်ခဲ့ရရှာပြီ။

ရှိစေဦးတော့.... မောင်တော်အကြီး သိဒ္ဓတ္ထတို့ သားအဖ ထီးနန်းကို မခံမင်ကြပဲ ရဟန်းပြုသွားကြသော်လည်း ငါ့မှာ မောင်တော် နန္ဒမင်းသား တပါးသာ ကျန်ရှိသေးသည်၊ မောင်တော် နန္ဒမင်းသားနှင့် နတ်ထီးကဲ့သို့သော ရွှေဘုံပျံဝယ် တူပျော်ပျော် စံမည်ဟူ၍ အားခဲ မြှော်မှန်းလျက် နေခဲ့၏။ သို့သော် ငါနှင့် မောင်တော် နန္ဒမင်းသားတို့ စုလျားရစ်ပတ်လက်ထပ်သည့် နေ့တွင် ဖူးစာချင်း လွဲအောင် မောင်တော် ဘုရားသခင်ကခွဲချက်လေဘိ၏။ "ခဏကလေး ငါ့သပိတ်ကို ထမ်းခဲ့စမ်း" ဟူ၍ မလိမ့်တပတ်နှင့် ကျောင်းတော်သို့ ခေါ်သွားရာက ပြန်မလွှတ်တော့ပဲ ဇာတိုးကုံး၍ သင်္ကန်းဆီးပေးလိုက်ပြန်ချေ၏။

ထိုအခါမှစ၍ ငါ့ အသည်းနှလုံးများသည် ကြေပြုန်း ကုန်သကဲ့သို့ဖြစ်ရချေ၏။ ပျော်ရွှင်မှု ဟူသမျှသည် ငါနှင့် ဘာမှမဆိုင်သလို ဖြစ်ခဲ့၏။ သည်ကြားထဲတွင် ခမည်းတော် မြတ်ဘုရား နတ်ရွာလားတော်မူခြင်း။ ခမည်းတော်ဘုရား နတ်ရွာလား ပြီးသည့်နောက်တွင် "ငါ၏ မယ်တော်ဘုရား အရှိသေး သားကပဲ"ဟူ၍ ခမည်းတော်ဘုရားနှင့် အားလုံးသောမောင်တော်တို့၏ ကိုယ်စား မယ်တော်ဘုရားကို ဖိ၍ အားကိုးသမှုပြု၍

---

ခုဒ္ဒက အဋ္ဌကထာ ၁။ ဇနပဒကလျာဏီ ရူပနန္ဒာထေရီ ဝတ္ထု၊ ၂၀၀။ (ဤဝတ္ထုသည် တနေရာတည်း၌ စုံလင်စွာမပေါ်။ အပဒါန်ပါဠိတော်၊ အဋ္ဌကထာ၊ ခုဒ္ဒက၊ ဓမ္မပဒ အဋ္ဌကထာနှင့် နှိုင်းနှော၍ ပြုလိုက်သည်။ [illegible])။

ငါနေလာခဲ့၏။ ဤအတွင်း မယ်တော် (ဂေါ်တမီ) မြတ်ဘုရားကလည်း ခမည်းတော် မရှိလျှင် သူလည်း ဤနန်းတော်မှာ မပျော်နိုင်ပြီ့ဟူ၍ သူ့သားဘုရား ရှိရာ နောက်သို့ အခြွေအရံများနှင့် တကွ ကောက်ကောက်ပါအောင် လိုက်သွားပြီး ဘိက္ခုနီမကြီး လုပ်၍ နေချေပြီကော။ 'ဗူးမီးလောင် ရေချည်းငုတ်တုတ်' ဆိုသကဲ့သို့ ငါ့ကို တယောက်တည်း နန်းတော်မှာ မျက်နှာ လွှဲထားခဲ့၏။ မောင်တော် သိဒ္ဓတ္ထ ဘုရားကလည်း ရက်စက်အား ပလေသည်။ တကယ်ဆို ငါ့နှမလေး တယောက်တည်းရယ်၊ သူ့ ခမျာ မျက်နှာငယ်ရှာလိမ့်မယ်၊ မယ်တော်ဘုရား နန်းတော်ကို ပြန်နေပါဟူ၍ ပြန်လွှတ် လိုက်ဖို့ ကောင်းပါလျက် ယခုတော့ သူကပါ အလိုတူ အလိုပါ၊ "မယ်တော် ဘိက္ခုနီမ လုပ်ချင်ယင် လုပ်" ဟု ရွှေနှုတ်တော် လွယ်လွယ်နှင့် ခွင့်ပြုလိုက်၏။ မယ်တော်ဘုရားကလည်း ငါ့အပေါ် ရက်စက်လေအားသည်။ ငါ့ကိုတယောက်တည်း ထားခဲ့ပြီး သူ့မှိစိတ်ချလက်ချ ထွက်သွားပြီး ဘိက္ခုနီ လုပ်ရက်ပလေသည်။

အထီးကျန်ဘဝဖြင့် ဤနန်းကော်မှာ ငါ တယောက်တည်းနေ၍ အဘယ်အကျိုးရှိအံ့နည်း။ တံတွေး ပေါက်ကဲ့သို့ စက်ဆုပ် ရွံရှာသည်ဖြစ်၍ ငါ့မောင်တော်နှင့် ငါ့မယ်တော်ဘုရား စွန့်ပစ်ထားသော ဤနန်းတော် နေ၍ ငါဘာလုပ်တော့မည်နည်း။ သူတို့သည်ပင်စွန့်နိုင်သေးကမင့်ဘောက်မှ ကြောင့် ဒီနန်းတော်ကို ငါခင်တွယ် နေတော့မည်နည်း။ မယ်တော်ဘုရား နောက်သို့ငါလိုက်အံ့...." ဤသို့ သဥ္ဇလီ ဘုံနန်းတွင် အတိတ်အကြောင်းများကို မရွှင် မလန်း တွေးတော ဧဥ်းစားငိုလုက်က နောက်ဆုံးတွင် ဇနပဒကလျာဏီသည် မယ်တော် ဂေါတမီနောက်သို့ လိုက်သွားရန် ယတိပြတ် ဆုံးဖြတ်လိုက်တော့သတည်း။

အချိန်သည် နေဝင်ဆည်းဆာ အချိန်ဖြစ်၍ တိမ်လွှာရုံများ အကြားတွင် နေမင်းသည်အနောက်ကျွန်းဆီသို့ ယွန်းလျက်ရှိနေ၏။ ရာဇဂြိုဟ်ပြည်တွင်းရှိ ဝါးတောဥယျာဉ်ကြီးမှ ဝါးရုံပင်များသည် လေနှင့်သဖြင့် တနွဲ့နွဲ့ တယိမ်းယိမ်းနှင့် ရှိနေ၏။ ထိုဝါးရုံတောကြီး အတွင်း၌ကား ဘုရားသခင် စံမြန်းတော်မူရာ ဝေဠုဝန်ကျောင်းတော်ကြီး ရှိလေသတည်း။

ထိုအချိန်တွင် ဇနပဒကလျာဏီ၏ မယ်တော် ဘုရားသခင်၏ မိထွေးတော် ဂေါတမီသည် ဘိက္ခုနီမအဖြစ်နှင့် ရာဇဂြိုဟ်ပြည်သား ဘုရား၏ အပါးတော်တွင် နေလျက်ရှိ၏။ ဇနပဒကလျာဏီသည် "သူ့အသည်းနှလုံးကို ကြွေပြုန်းအောင်ငင်ရက်သည်" ဟူ၍ မောင်တော်သိဒ္ဓတ္ထဘုရားအား ဖူးမြော်ရှုစားလိုခြင်း ဆန္ဒလျှင်း၍ မရှိသော်လည်း မယ်တော် ဂေါတမီမှာ ဘုရားသခင်၏ ထံတော်တွင် နေထိုင်လျက်ရှိသောကြောင့် မယ်တော်ကိုလည်း

တွေ့ချင်၊ မောင်တော် ဘုရားသခင်နှင့်လည်း တွေ့မှာစိုးသဖြင့် ပုန်းလျှိုး ကွယ်လျှိုး၊ ရှိုးတိုးရှန့်တန့်နှင့် လိုက်လာပြီး လူဝတ်ကြောင်အဖြစ်နှင့်ပင် မယ်တော် ဂေါတမီထံတွင် နေလေ၏။

မယ်တော်ဂေါတမီသည် ဇနပဒကလျာဏီ လိုက်လာသဖြင့် သမီးကို စောင့်ရှောက်ရန်အတွက် ပြဿနာပိုတက်လာ၏။ ဘိက္ခုနီတို့၏ ကျောင်းတွင် လူဝတ်ကြောင်အဖြစ်နှင့် ကြာရှည်လေးမြင့်စွာ နေရန်မသင့်ကြောင်းများကိုလည်း တွေးမိလာသည်။ သူကဲ့သို့ ဘိက္ခုနီပြုဖို့ တိုက်တွန်းရန်လည်း သူ့သမီးတော် အကြောင်းကို ကောင်းကောင်းကြီး အတွင်းသိ အစင်းသိ ဖြစ်နေသောကြောင့် ရုတ်ကရက် တိုက်တွန်းရန် မလွယ်ဖြစ်နေ၏။ ဇနပဒကလျာဏီကား....သူ့အလှကို အလွန်ခင်တွယ်၏၊ အလှမာန်ဝင့်ကာ ဝင့်ကာနှင့် နေတတ်ပြီး သူ့အလှကိုမြတ်နိုးကြောင်း ကောင်းကောင်းသိထားသဖြင့် ရုတ်တရက်အားဖြင့် အလှမက်လှသော သမီးကို ရဟန်းပြုရန် မတိုက်တွန်းရက်ရှာ။ သို့နှင့်ပင် ဂေါတမီသည် လေး၊ ငါး၊ ရှစ်ရက်လောက်ကြာအောင် ဇနပဒကလျာဏီအား ကျောင်းမှာလူဝတ်ကြောင် အဖြစ်နှင့်ထားပြီးနောက် တစ၊ တစနှင့် ရဟန်းပြုလိုစိတ် ပေါက်လာအောင် သမီးအား တရားပြကာပြကာနှင့် နားချရှာလေ၏။

ချစ်သမီး

(၁) တင့်တယ်ချုပ်ဆင်း၊ လှပခြင်းကား၊
အိုခြင်းနောက်ဆုံး ရှိချေ၏။

(၂) ဝဖြိုးပြည့်တင်း၊ ကျန်းမာခြင်းကား၊
နာခြင်းနောက်ဆုံး ရှိချေ၏။

(၃) ဇီဝိန် ထိန်လင်း၊ သက်ရှည်ခြင်းကား၊
သေခြင်း နောက်ဆုံးရှိချေ၏။

(၄) ချစ်ခင် ပေါင်းသင်း၊ဆက်ဆံခြင်းကား၊
ကွေကွင်း နောက်ဆုံးရှိချေ၏။

"ချစ်သမီး၊မိမိ၏ အဆင်းရူပါရုံကို တွယ်တာတပ်မက် ခုံမင် စွဲလမ်းနေခြင်းဖြင့် အဘယ် အကျိုးရှိအံ့နည်း၊ ချစ်သမီး၏ မောင်တော် ဖြစ်သော သိဒ္ဓတ္ထ၏ ရူပါရုံ ရုပ်အဆင်းတော်ကို ချစ်သမီး မြင်ခဲ့၏ မဟုတ်ပါလော။ ဒိုလောက နယ်အတွင်း ကယ်သူနှင့်မှ မတူအောင် အဆင်လှတော်မူပေ၏။ ကာဖက် ကင်းလှပ် အထွတ်ဆုံး၊ အမြတ်ဆုံး၊အလှဆုံးသော အလှသခင် ချောင်ရှိန်တော်၏၊ သူသည်ပင် အလှကို မစုံမက်ဘဲ တောထွက်ကာ

ရဟန်းပြုတုံသေး၏။ မိမိ၏ လှပသော ရုပါရုံကို စွဲသမ်း နှစ်ခြိုက်နေခြင်းဖြင့် ချစ်သမီးမှာ ဘာအကျိုးရှိမည်နည်း။ဤ ရုပါရုံကား တနေ့သော် အိုမင်းမြင့်ရော်ကာ အလှပျက်ရမည်သာတကား ချစ်သမီး''ဟူ၍ ဖျောင်းဖျောင်းဖျဖျ နားချလေသောအခါ– ဇနပဒကလျာဏီသည် မယ်တော်ကို တွယ်တာခြင်းဖြင့် မယ်တော်၏ထံတွင် ရဟန်းပြုလေ၏။ သဒ္ဓါတရား ရှိလှ၍ကား မဟုတ်ချေ။*

ထိုအခါမှ စ၍ မယ်တော်ဂေါတမီ၏ တိုက်တွန်းမှုကြောင့် မင်းသမီး ရူပနန္ဒာခေါ် ဇနပဒကလျာဏီ အလှဘုရင်မ, ကား.... ဘိက္ခုနီ ဖြစ်လာ၏။ ရဟန်းအဖြစ်ကို ရပြီးသော် ဇနပဒကလျာဏီ ဘိက္ခုနီသည် စဉ်းစား၏။

'လှပသောအဆင်းရှိသော' အလှပိုင်ရှင်များ၏ကိုယ်ကို အပြစ်ရှာ၍ မောင်တော် ဘုရား ကဲ့ရဲ့တတ်သည်။ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော၊ အသုဘသဘောသို့ထင်၍ ရှုတ်ချတတ်သည်' ဟု ငါကြားဖူး၏။ သို့စင်မျှ လှပသော ငါ၏ ရုပ်အဆင်းကို မောင်တော်ဘုရား မြင်ခဲ့သော်.... ငါ့ကိုလည်းကဲ့ရဲ့လတ္တံ့၊ ရှုတ်ချလတ္တံ့ ဟု ဤသို့ တွေးကာ မိမိ၏ လှပသော ရုပ်အဆင်းကို ကဲ့ရဲ့ရှုတ်ချမည် စိုးသောကြောင့် ဇနပဒကလျာဏီသည် ဘိက္ခုနီဖြစ်သည့် အချိန်မှစ၍ ဘုရားသခင့် ထံတော်သို့လည်း မချဉ်းကပ်ချေ။ ရံခါရံခါ ဘိက္ခုနီများ နေသော ကျောင်းအနီးအပါးသို့ ဘုရားသခင်ကြွတော်မူလာသောအခါ များ၌လည်း မြတ်ဘုရား မမြင်ရအောင် ဟိုပုန်း, သည်လျှိုး အမျိုးမျိုးရှောင်ရှား ကွယ်ဝှက်၍သာနေလေသတည်း။ ဘိက္ခုနီမတို့ အနေအားဖြင့် ဘုရားသခင်ထံ၌ ဩဝါဒခံရန် မိမိအလှည့်သို့ ကျရောက်လျှင်လည်း ဘုရားသခင် တွေ့မည် စိုးသောကြောင့် ကိုယ်တိုင် မသွားလေပဲ မိမိ၏ အစအပါး ဘိက္ခုနီများကိုသာ ကိုယ်စားလှယ်အဖြစ် စေလွှတ်လေသတည်း။

ဇနပဒကလျာဏီသည် အဆင်းမာန်ယစ်၍ မိမိအထံတော်သို့ မလာမရောက်ပဲ နေသည်ကို ဘုရား သခင် သိတော်မူသဖြင့် ဇနပဒကလျာဏီ ကိုယ်တိုင် မလာပဲ မနေနိုင်အောင် သွယ်ဝိုက်သောနည်းအားဖြင့် သိက္ခာပုဒ် ပညတ်တော်မူလေ၏။

''ဘိက္ခုနီ သံဃာသည် ဩဝါဒခံ အလှည့်ကျသောနေ့၌ သူတပါးအား ကိုယ်စားလှယ် မလွှတ်အပ်။ ကိုယ်တိုင်လာ

---

*ရာတိ သိနေဟေဝ ပဗ္ဗဇိတာ၊ နော သဒ္ဓါယ၊ ဓမ္မပဒ အဋ္ဌကထာ၊ ဒု–၂၀၀။

ရောက်၍ ဩဝါဒခံယူရမည်။ မလာခဲ့သော် ပါစိတ် အာပတ် သင့်စေ....''

ဤသို့ သိက္ခာပုဒ်ကို ပညတ်တော် မူလိုက်ခြင်းသည် ရူပနန္ဒာ၊ ခေါ် ဇနပဒကလျာဏီ ဘိက္ခုနီအား ဘုရားသခင်ထံတော်သို့ ကိုယ်တိုင်မလာပဲ မနေနိုင်အောင် ဖြစ်လာသည်။ နောက်တကြောင်း အားဖြင့်လည်း လူတို့ သည်လည်းကောင်း၊ ဘိက္ခုနီတို့သည်လည်းကောင်း ဘုရားသခင်၏ ရူပ ကာယတော် ရုပ်အဆင်း လှပခြင်းကို ဟိုကပြော၊ သည်ကပြော၊ နှုတ်မ ဆိတ်အောင် ဆိုပြောနေကြသော ချီးကျူးသံများကို ကြားရလေသော အခါ ရူပနန္ဒာ ဘိက္ခုနီ၏စိတ်မှာ တမျိုးဖြစ်လာသည်။ များစွာကုန်သော သူတို့သည် ငါ၏မောင်တော် ဘုရားသခင်၏ တင့်တယ်ရုပ်ဆင်း လှပခြင်း ဂုဏ်ကို အလွန်အကျူး ချီးကျူးမပြီးနိုင်အောင် ရှိနေကုန်၏။ ငါသည် သိက္ခာပုဒ်ပညတ်တော်အရ မောင်တော်ဘုရားထံ ဩဝါဒခံယူရန်မှာ တနေ့ တာမျှသာ ဖြစ်ချေ၏။ ထိုနေ့တွင် မောင်တော်ဘုရားသည် ငါ၏ ရုပ်အဆင်း ကို ကဲ့ရဲ့ရှုတ်ချသော် ဘယ်လောက် ရှုတ်ချနိုင်မည်နည်း။ ထိုတနေ့တာအတွက် မနေကုန်အောင် ရှုတ်ချချင် ရှုတ်ချပါစေ။ ဘိက္ခုနီများနှင့်အတူ မောင်တော် ဘုရားသခင်ထံ ငါလိုက်အံ့။ သို့သော် မောင်တော်ဘုရားက ငါ့ကို မမြင် သာအောင် ဘိက္ခုနီများကို အကွယ်အကာ ရှေ့ကထားလျက် သူတို့၏ နောက်ကသာ ငါလိုက်အံ့ဟု သူကိုယ်တိုင် စိတ်ကို ဆုံးဖြတ်လိုက်ခြင်းက လည်း ဘုရားသခင်ထံသို့ ကိုယ်တိုင်ချဉ်းကပ်ဖို့ အကြောင်းတခု ဖြစ်လာ သည်။

လှဂုဏ်ကိုးလေသူ ရူပနန္ဒာ ဘိက္ခုနီသည် ထိုသို့ မိမိစိတ်ကို ယတိပြတ် ပိုင်နိုင်စွာ ဆုံးဖြတ်လိုက်နာပြီးနောက် ''အရှင်မတို့ဘုရား၊ သည်ကနေ့ ဘုရားတပည့်တော်မ မောင်တော်ဘုရားထံ တရားနာသွားအံ့''ဟူ၍ လျှောက် ကြားလိုက်သောအခါ ဘိက္ခုနီတို့သည် များစွာအံ့အားသင့်ခြင်း၊ နှစ်သက် ခြင်း ဖြစ်ကုန်လေ၏။ ကြာမြင့်စွာသော ကာလကတည်းကပင် ဘုရား သခင်ထံ အဖူးအမြော်ဝင်သော ရူပနန္ဒာကို သူတို့ မြင်လိုနေကြသည်ဖြစ်ရာ ယခုကဲ့သို့ သူကိုယ်တိုင်က တရားနာသွားအံ့ ဟူ၍ ထုတ်ဖော်မြွက်ကြား လိုက်သည့်အတွက် အားလုံး နှစ်သက်မဆုံး ဖြစ်ကုန်လေ၏။ ဘုရားသခင် သည် သည်ကနေ့ သူ၏ နှမတော် ရူပနန္ဒာ ရှေ့တော်မှောက်သို့ ရောက်လာ သောအခါ ထူးခြန်းဆန်း တရားတမျိုးမျိုးကို ဧကန္တ ဟောတော်မူပေ လိမ့်မည်။ တရားထူးကို ငါတို့ ကြားနာကြရကုန်မည့်ဟူ၍ ရူပနန္ဒာကို ကျောင်းတော်သို့ ခေါ်သွားကြကုန်၏။

ပေသိဦး၊ ၆၁••

ဘုရားသခင်သည် သည်ကနေ့ ရူပနန္ဒာ ရှေ့တော်မှောက်သို့ ရောက်လာမည်ကို သိတော်မူသဖြင့် ရူပနန္ဒာအား အဘယ်တရားဖြင့် ဆုံးမရန်သင့်မည်နည်း၊ဟု စဉ်းစားတော် မူလေသောအခါ "ငါ၏ နှမတော် ရူပနန္ဒာကား အဆင်းမာန်တက်ဘိ၏။ မိမိ၏ လှပသော ကိုယ်ကာယ အတ္တဘော၌ အလွန်အကျွံ ခုံမင်နေဘိ၏။ စူးဝင်နေသောဆူးကို ဆူးဖြင့်ပင် ထွင်ယူဘိသည့်အလား၊ ရုပ်အဆင်းကို သည်လောက်တောင် တွယ်တာသော အဆင်းမာန်ယစ်လှသော နှမတော် ရူပနန္ဒာအား ရုပ်အဆင်းဖြင့်ပင် မာန်စွယ်ကျိုးအောင် ချိုးရန်သင့်၏"ဟု ကြံစည်တော် မူပြီးလျှင် အသက်အားဖြင့် တဆယ့်ခြောက်နှစ်အရွယ်၊ ရုပ်အဆင်းအားဖြင့် လူမက နတ်တမျှ အလွန့်အလွန်လှသော အမျိုးသမီးတဦးကို တန်ခိုးဖြင့် ဖန်ဆင်းတော်မူပြီးလျှင် အပါးတော်၌ ယပ်ခတ်လျက် ခစားနေစေ၏။

ဘိက္ခုနီတို့သည် ဘုရားကျောင်းတော်သို့ လာကြကုန်၏။ ယင်းတို့အထဲတွင် ရူပနန္ဒာသည် နောက်မှကွယ်၍ ပုန်းလျှိုး ကွယ်လျှိုး လိုက်လာသည်။ ဘုရားက ဝေါက်မည်ကို ကြောက်ရွာသဖြင့် သူ့ခမျာ ခြေထောက်ကိုပင် မှန်မှန် မလှမ်းနိုင်။ ဟိုယိမ်းသည်န္ဒဲ၊ ခနေ့ခနဲ့သာ ဘုရားသခင်၏ ရှေ့ဘော်သို့ ရောက်ခဲ့ရ၏။ ထိုအခါ ရူပနန္ဒာသည် 'မကြည့်ချင်ပါတယ်၊ မြင်ချင်လျက်သား'' ဆိုသကဲ့သို့ဘုရားသခင်၏အသရေတော်ကိုလည်း ရောက်သည့်အခိုက်တွင် အားရပါးရ တဝကြီး ကြည့်လိုက်ချင်၊ သူ့အသွင်ကိုလည်း ဘုရားသခင်က မြင်တော်မူသွားမည်ကို ကြောက်သော့ကြောင့်၊ ဘိက္ခုနီများ၏ နောက်ကွယ်မှနေ၍ ဘုရားသခင်ကို တစေ့တစောင်း ချောင်း၍ကြည့်လေသောအခါတွင် ၃၂ ပါးသော လက္ခဏာတော်ကြီး၊ ၈၀ ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တင့်တယ်မပြီး ရှုမငြီးနိုင်ဖွယ် မိမိထက် အဆတရာမက သာအောင် လှပသော ရူပကာယတော်ကို ဖူးတွေ့ရလေ၏။ ထိုမှတပါး မြတ်စွာဘုရား၏ အပါးတွင် ယပ်လေသွင်းနေသည့် ယမင်းသူဇာပျိုကညာကို မြင်ရလေသောအခါ အတိုင်းမသိ အံ့သြသွားလေသည်။

ရူပနန္ဒာသည် ဘိက္ခုနီများကြားမှ ထိုယပ်ခတ်နေသော အလှသူဇာပျိုကညာကို ကြည့်လိုက်၊ မိမိကိုယ်ကို ပြန်၍ ကြည့်လိုက်နှင့်။ "ဟင်....သူ့အလှနှင့်စာလျှင် ငါ့အလှဟာ ဘာမှ မပြောပလောက်၊ ငါ့ရုပ်အဆင်းကား ရွှေဟင်္သာမဘဲလေး အပါးတွင် ကျီးနက်မကြီးနှင့် တူလေစွ။ ခြင်္သေ့မင်း အပါးမှာ မြေခွေးအိုမကြီးနှင့် တူလေစွ။ ငါ့ကိုယ်ငါ ချောလှပြီ၊ လှလှပြီ၊ ငါ့ထက်လှသူ ဤဇမ္ဗူမှာ မရှိဟု ငါ ထင်မိခဲ့သည်မှာ မှားချေပြီတကား"

ရူပနန္ဒာသည် ဘုရားသခင်၏ အပါးတော်တွင် ယပ်လေသွင်းခတ်ခစားနေသည့် ဆင်းနတ်သူဇာ လှကညာကို စူးစိုက်စွာ မမှိတ်မသုန် ကစိမ့်စိမ့်

ရှုလျက်မှ "ဟာ....တယ်လှ၊ တယ်ချောပါကလား။ ကြည့်စမ်းပါ့ သူ့နှုတ်ခမ်းကလေးက ပတ္တမြားအသားကရွှေဝါရောင်၊ ပိတုန်းတောင်မျက်ခုံး၊ စိန်မျက်လုံးက ထိန်ထိန်လျှံ၊ နှာတံက ရွှေချွန်းပုံ၊ ပုလဲငုံအသွေး၊ သူ့ သွားကလေးတွေကလဲ ဖွေးလို့ပါကလား" ဟု ရူပနန္ဒာ၏ စိတ်သည် ထိုအလှရတနာ ပျိုကညာ၏ အလှဂုဏ်တွင် ပင့်ကူအုံဝယ် ယင်ကောင်မိနေသည့်သဖွယ် ငြိတွယ်၍ မိနေ၏။ သူ့မျက်လုံးအောက်က ပျောက်မသွားအောင် မျက်တောင်မျှ မခတ်လေပဲ ရှုစားနေလေ၏။

ဘုရားသခင်သည် ရူပါရုံရုပ်အဆင်း၌ ရူပနန္ဒာ၏ ပြင်းစွာစွဲလမ်းခြင်းဖြစ်နေပုံကို သိရှိ‌တော်မူသဖြင့် ရုတ်ခြည်းပင် တရားဦးခေါင်းကို ပြောင်းလဲ၍ ဟောတော်မူသည့် သဘောဖြင့် ယပ်ခတ်နေသူကလေး၏ အသွင်ကို ၁၆ နှစ်အရွယ်မှ အသက် ၂၀ အရွယ်သို့ပြောင်းလွဲဖန်ဆင်းတော်မူလိုက်ရာ ရူပနန္ဒာသည် ကြည့်ယင်း ကြည့်ယင်းမှာပင် "အင့်-ဟင်... ဘယ်လိုလဲ၊ ဘယ်လိုဖြစ်တာလဲ။ ချက်ချင်းသာ အရွယ်ထောက်ပြီး အယင်လောက် မလှတော့ပါကလား" ဟူ၍ အလှရမ္မက်၌ မာန်ယစ်ခြင်း တထစ်လျှော့ပြီး၊ အားပျော့သွား၏။

ထိုအခါ ဘုရားသခင်သည် ရူပနန္ဒာ၏စိတ်ကို သိရှိတော်မူလေ၍ ရုပ်ရှင်ပြသည့်သဖွယ် ထိုယပ်ခတ်နေသူ ပျိုကညာကို အသက် ၂၀ အရွယ်မှ တဆင့် သားတယောက် မိခင်အသွင်သို့ ပြောင်းလဲ ဖန်ဆင်းတော်မူလိုက်ပြန်လေ၏။ ရူပနန္ဒာသည် "ဟင်-ဘယ်လိုလဲ။ မြန်ဆန်လိုက်တာ။ ချက်ချင်းမျက်စိအောက်မှာပဲ ကလေးတယောက် မိခင်အသွင် ဖြစ်သွားရှာပါကလား" ဟူ၍ အလှမာန်ယစ်ခြင်းမှ တထစ်လျှော့သွား ပြန်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် အမျိုးသမီးအား အဘွားအိုအသွင် ဖန်ဆင်း၍ ပြလိုက်ရာ ရူပနန္ဒာသည် အလွန်အံ့အားသင့်ကာ မျက်လုံးများပင် ပြူးသွားလေသည်။

မြတ်စွာဘုရားသည် ရူပနန္ဒာ၏သန္တာန်၌ အလှအပ၌ မာန်ယစ်ခြင်း၊ တွယ်တာခုံမင်ခြင်းများ ပျက်ပြား ယွင်းယိုသွားပြီကို သိရှိတော်မူလေက ထိုအဘွားအိုထက် အိုမင်းမစွမ်းရှိသော အဘွားအိုသဏ္ဌာန် ဖန်ဆင်းလိုက်ပြီးလျှင် လမ်းလျှောက်နိုင် လျှောက်နိုင်နှင့် တောင်ဝှေးကို ဆွဲကာ တတောက်တောက်နှင့် ဒယီ ဒယိုင်လျှောက်စေသည်။ တောင်ဝှေးထောက်၍ တတောက်တောက် လျှောက်ယင်းမှ ပြင်းစွာ နာကျင်သဖြင့် ဟစ်ကြွေး မြည်တမ်းလျက် ရူပနန္ဒာ၏ရှေ့တွင် ဗုန်းကနဲ လဲကျ၍ ကျင်ကြီးကျင်ငယ်ထဲတွင် လူး၍ ဘဆန်နွင်ငင် ဖြစ်နေသည့် အသွင်ကို ဖန်ဆင်း၍ပြလိုက်ရာ

ရူပနန္ဒာသည် အကြီးအကျယ် စက်ဆုပ်စ ပြုလာ၏။ ''ဟင်....စက်ဆုပ်စရာ၊ ရွံစရာကောင်းလိုက်လေ''ဟူ၍ ဖြစ်လာသည်။

ထိုသူအိုမကြီး သေ၍ ပုပ်ပွနေသော အလောင်းကောင်ကို ကျီးတရှန်းရှန်း၊ လင်းတ တသောသော စားသောက်နေကြပုံကို ဖန်ဆင်း၍ ပြလိုက်သော အခါတွင်ကား ရူပနန္ဒာသည် ထိုအလောင်းကောင်ကို ကြည့်ကာ ''ဟင်....ဖြစ်ပျက်သဘောနှယ် မြန်ဆန်လိုက်တာ။ ကြည့်ယင်းကြည့်ယင်း ငါ့မျက်စိအောက်မှာပဲ အိုအိုလာသည်။ အိုရာက သူနာ ဖြစ်လာသည်။ နာမကျန်းရှိရာက သေသွားသည်။ ငါသည်လည်း သူ့လိုပင်သေရမှာပါတကား''ဟူ၍ အနိစ္စသဘော ထင်လာ၏။ ဒုက္ခကို မြင်လာ၏။ အနတ္တသဘော သက်ဝင်လာ၏။ ထိုအခါ ဇရာ၊ ဗျာဓိ၊ မရဏတို့ကို တဟုန်းဟုန်း တောက်လောင်နေသော မီးပုံကြီးများကဲ့သို့ လည်းကောင်း၊ လည်ပင်း၌ ဆွဲထားအပ်သော အကောင် အပုပ်ကဲ့သို့လည်းကောင်း သူ့စိတ်တွင် စွဲထင်လာလေသတည်း။ သူ့စိတ်သည် ကမ္မဋ္ဌာန်း အာရုံဆီသို့ ကတုန်ကယင် ပြေးသွားနေလေပြီတည်း။

မြတ်စွာဘုရားသည် နှမတော် ရူပနန္ဒာ၏ စိတ်အစဉ်ကိုသိ၍ ဆင်ခြင်တော်မူ၏။ ''ရူပနန္ဒာသည် ဤသို့အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကို သိရုံမျှဖြင့် မိမိဘာသာအလျောက် ရပ်တည်နိုင်စွမ်းရှိလေပြီလော''ဟု ရှုဆင်ခြင်တော်မူလေသောအခါ ဤမျှဖြင့် မရပ်နိုင်သေးကြောင်း သိတော်မူသဖြင့် ''ပြင်ပအကူအညီကို ရယူသင့်သည်''ဟူ၍ ရူပနန္ဒာနှင့်လိုက်ဖက်သော တရားကို ဟောတော်မူလိုသည်ဖြစ်၍ ဤဂါထာစကားမြွက်ကြားတော်မူသတည်း။

> အဋ္ဌီနံ နဂရံ ကတံ၊
> မံသလောဟိတလေပနံ၊
> ယတ္ထဇရာစ မစ္စုစ၊
> မာနော မက္ခောစ ဩဟိတော။ ။

''ရူပနန္ဒေ— အလုဂုဏ်ကိုး လှမျိုးထွတ်ခေါင် လှတန်ဆောင်ဟု မာန်ထောင်ဝင့်ဝါ အို....နှမတော်ရူပနန္ဒာ။ ယတ္ထ=ယသ္မိံ ကာယေ— သူ့ကိုယ်၊ ငါ့ကိုယ်ဟု ဆိုအပ်သော အကြင်ရွှေကိုယ်တိုင်း၌။ ဇရာစ—အိုရခြင်းသည်လည်းကောင်း။ မစ္စုစ—သေရခြင်းသည်လည်းကောင်း။ မာနောစ ငါမှငါဟူ၍ ဝင့်ဝါတက်ကြွ မာန်မာနသည်လည်းကောင်း။ မက္ခောစ သူ့ကျေးဇူးကို ထိမ်မြှုးလေဘိ၊ မော်မိမော်ပန်း၊ ကျေးဇူးကန်းခြင်းသည်လည်းကောင်း။ ဩဟိတော-မချုပ်ငြိမ်းသေး တည်နေချေ၏။ တတ္ထ—သော

ကာယော- အတ္တဘောဟု ဆိုအပ်သော ထိုခန္ဓာကိုယ်သည်ကား။ အင်္ဂနိ- စုစည်းရုံးပေါင်း သုံးရသော အရိုးချောင်းတို့ကို။ ဥဿာပေတွာ—တိုင် အဖြစ် ထူစိုက်လျက်၊ ကတံ ပြုလုပ် တည်ဆောက်ထားအပ်သော။ နဂရံ- မြို့ကြီးတမြို့ပေတည်း။ ဣဒံနဂရံ—ခန္ဓာကိုယ်တည်းဟူသော ဤမြို့ကြီးကို။ နှာရုဝိနဒ္ဓံ—ခနော်ခနဲ့ ယိုင်ရွဲ့တိမ်းပါး ပြိုလဲ၍မသွားအောင် အကြော တို့ဖြင့်သိုင်း၍ ဆိုင်းထားအပ်သတည်း။ မံသလောဟိတလေပနံ-အမြင် ပသာဒ, ရှုကြည့်၍ လှပစေရေးအတွက် အသားအသွေးတို့ဖြင့် မံ၍ လိမ်း ကျံထားအပ်သတည်း။ တစပဋိစ္ဆန္နံ—ရိုးကြောမပေါ်၊ ရှုမြင်၍ ကြည့် ပျော်အောင် အပေါ်ယံတလွှာဝယ် အရေပါးများဖြင့် ဖုံးထားအပ်သ တည်း”

ဤဒေသနာ၏အဆုံးတွင် မာန်တံခွန်ဆောက် လှဂုဏ်မောက်ခဲ့သော ရူပနန္ဒာသည် မဂ်ပေါက်,ဖိုလ်မြင်,နိဗ္ဗာန်ဝင် ရဟန္တာမ ဖြစ်သွားလေ၏။

ရူပနန္ဒာသည် သူ့ဘဝတလျှောက်လုံး နိဗ္ဗာန်ကိုလုံးလုံးမတွေးမိ၊ မကြံစည်မိသည်သာမက နိဗ္ဗာန်ပိုင်ရှင် ဘုရားသခင်ကိုပင် ရှုမြင်လိုသော ဆန္ဒမရှိ ဖြစ်ခဲ့၏။ လှဂုဏ်ကို မက်မောကာ အလှရေယဉ်ကြောတွင်သာ မျောနေခဲ့၏။

သို့သော်....ရှေးက ပြုခဲ့ဖူးသော သူ၏ပါရမီ ကုသိုလ်ထူးကြောင့် ဘုရားသခင်အား တကြိမ်မျှ ဖူးလိုက်ရပြီး၊ တကြိမ်မျှ ကြားနာလိုက်ရ သည့် တရားကြောင့် နိဗ္ဗာန်သည် သူနှင့် လက်တကမ်းသို့ ရောက်ရှိလာ သဖြင့်-လွယ်ကူစွာ လှမ်းချူ ယူလိုက်ရှာသတည်း။



## ဘုရားသခင်ကို ကြည်ညိုလွန်ကဲသော ဝက္ကလိရဟန်း၏ လက်တကမ်း နိဗ္ဗာန် ဝတ္ထု

ဗုဒ္ဓမြတ်စွာဘုရားသည် နိဗ္ဗာန်သခင် ဖြစ်တော်မူ၏။ နိဗ္ဗာန်ကို ပေးနိုင်စွမ်းရှိတော်မူ၏။ နိဗ္ဗာန်သို့ ရောက်စေတတ်၏။ နိဗ္ဗာန်သို့ရောက်အောင် ပို့တော်မူနိုင်၏။

သို့ဖြစ်စေကာ ဘုရားသခင်နှင့် ပူးပူးကပ်ကပ် နေတိုင်းကိုလည်း နိဗ္ဗာန်နှင့် နီးစပ်သည်ဟူ၍ မမှတ်အပ်။ နိဗ္ဗာန်သည် နိဗ္ဗာန်ပိုင်ရှင် ဖြစ်သော ဘုရားသခင်နှင့် နီးနီးနားနား နေခြင်းနှင့်မဆိုင်၊ ဘုရားနှင့်နီးပါလျက် နိဗ္ဗာန်နှင့်ဝေးနေသူများလည်းရှိ၏။ ဘုရားသခင်နှင့် ဝေးပါလျက် နိဗ္ဗာန်နှင့် နီးသူများလည်းရှိ၏။ ဘုရားသခင်နှင့် နီးခြင်း ဝေးခြင်းသည် အကြောင်းမဟုတ်။ နီး, ဝေးမဟူ နိဗ္ဗာန်သည် လွယ်ကူသူတို့အဖို့ အလွန်လွယ်ကူလျက် ခက်သူတို့အဖို့တွင်လည်း အတော်ခက်လေ၏။

ဘုရားသခင်၏ အပါးတော်၌ နေသူတိုင်း ဘုရားသခင်ကို မျက်စိအောက်က အပျောက်မခံပဲ နေ့ရောညပါ ဘယ်ခါမလပ် မပြတ် ဖူးမြော်သူတိုင်းသာ နိဗ္ဗာန်ရစတမ်း ဆိုခဲ့သော်.... အရှင်ဝက္ကလိသည် နိဗ္ဗာန်သို့ အယင်ဆုံး ရောက်သူ ဖြစ်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် သူ၏ ထေရုပ္ပတ္တိကိုကြည့်လျှင် သိနိုင်ပေ၏။

*ဝက္ကလိလုလင်သည် သာဝတ္ထိမြို့သား ပုဏ္ဏားမျိုးဖြစ်၏။ သူသည် တခါသ၌ သံဃာအပေါင်းခြံရံလျက် မြို့တွင်း၌ ဆွမ်းခံတော် မူနေသော

---

* ဓမ္မပဒအဋ္ဌကထာ၊ ဒု၊ ဘိက္ခုဝဂ်၊ ဝက္ကလိထေရဝတ္ထု၊ ၄၉၃၊ ထေရာဂါထာ။

ဘုရားသခင်ကို ဖူးတွေ့လိုက်ရသည့် အခါမှစ၍ ဘုရားသခင်၏ တင့်တယ်လှစွာသော ရူပကာယတော်ကို မမြင်ရလျှင် မနေနိုင်အောင် ဖြစ်လာ၏။ မျက်စိအောက်က အပျောက်မခံပဲ တစိမ့်စိမ့် ရှုစားနေလိုသော ဆန္ဒများက သူ့အား ဖိစီးပါလေတော့သည်။

ထိုအခါ သူ စဉ်းစားလေ၏။ "ဤလူ့ အဖြစ် လူဝတ်ကြောင် ဘဝ၌သာ နေချေက ဘုရားသခင်ကို အမြဲမျက်စိထဲက မထွက်အောင် ဖူးမြော်ရန်မလွယ်။ ဘုရားသခင်ကို အမြဲဖူးမြင်နေရအောင် ငါ ရဟန်းပြုမှတော့မည်။ ရဟန်းပြုမှသာ ဘုရားသခင်၏ အပါးတော်မှ မခွာလေပဲ အမြဲရှုစားရမည်"ဤသို့ ဘုရားကို အမြဲဖူးနေလိုသော စိတ်ကူးဖြင့် ဝက္ကလိ လုလင်သည် ဝတ်ကြောင်ကိုပယ် သာသနာ့နယ်သို့ဝင်ကာ ရဟန်းပြုလေသတည်း။

ဝက္ကလိသည် သာသနာ့ဘောင်၌ ရဟန်းပြုလိုက်သော်လည်း လူ့ဘောင် ဝတ်ကြောင်ဘဝနှင့် နေခဲ့စဉ်က အမည်ဟောင်းအတိုင်း "ဝက္ကလိ" ဟူ၍ပင်တွင်ကာ ဘိက္ခုဝက္ကလိဖြစ်လာသည်။

ဘိက္ခုဝက္ကလိ၏ ရွယ်စူးဦးတည်ချက်ကား ပြတ်သားလှ၏။ တရားအားထုတ်ချင်လှ၍မဟုတ်။ နိဗ္ဗာန်ကို လိုချင်လှ၍မဟုတ်။ဗုဒ္ဓ၏ လှပသောရုပ်အဆင်းတော်ကို တစိမ့်စိမ့် ရှုစားနေလိုသောကြောင့်သာ ဖြစ်လေရာ၊ ဘိက္ခုဝက္ကလိသည် သူ့ဦးတည်ချက်အတိုင်းပင် လက်တွေ့ ကျင့်သုံးနေ၏။ အကြြင်နေရာက နေ၍ ဖူးမြော်လျှင် ဘုရားသခင်ကို မြင်နိုင်လောက်၏။ ထိုနေရာက နေလျက်"မျက်စိကို တုတ်ထောက်၍ကြည့်"ဟူ၏သို့ ဘုရားသခင်၏ ရူပါရုံကို မမှိတ်မသုန် ရှုစားကာသာ နေတုံရှာလေသတည်း။

ဘုရားသခင်သည် ဘိက္ခုဝက္ကလိ၏ ပါရမီဉာဏ် ရင့်သန်လာသည် အထိ ငုံ့လင့်တော်မူကာ တစုံတရာ ဆိုမြွက်ခြင်းမပြုလေပဲ၊ ဘိက္ခုဝက္ကလိ၏ ဆန္ဒအတိုင်း လွယ်ကူစွာ ဖူးချင်တိုင်းဖူးခွင့်ကို ပေးထား၏။ ပါရမီဉာဏ် အတော်အသင့် ရင့်ကျက်လာသော တနေ့တွင်ကား ဗုဒ္ဓမြတ်ဘုရားသည် မဆိုစဖူး ဘိက္ခုဝက္ကလိအား ထူးဆန်းစွာ ဆိုတော်မူ၏။

"ချစ်တပည့်ဝက္ကလိ၊ သင်သည် ငါ၏ ရူပကာယတော်ကို အမြဲတစေ ဖူးမြော်ကာသာ နေလာခဲ့သည်မှာ ကြာချေပြီ။ ချစ်တပည့်ဝက္ကလိ၊ ဤငါ၏ ကိုယ်ကာယသည် သုံးဆယ့်နှစ်ကောဋ္ဌာသ အစုအဝေးသာဖြစ်၍ စင်စစ် အပုပ်ကောင်သာတည်း။ ဤငါ့ရုပ်သည် တနေ့အခါတွင် အပုပ်ကောင် ဖြစ်လတ္တံ့။ ဤအပုပ်ကောင် စင်စစ်ဖြစ်သော ငါ၏ဤခန္ဓာကိုယ်ကို တစိမ့်စိမ့် ကြည့်နေခြင်းအားဖြင့် သင့်မှာ ဘာအကျိုးရှိမည်နည်း"

"ချစ်တပည့်ဝက္ကလိ၊ အကြင်သူသည် ငါ့ဟောအပ်သော တရားကို မြင်၏။ ဆိုလိုချက် အနက် အဓိပ္ပါယ်ကိုသိ၏။ ထိုသူသည် ငါဘုရားကို မြင်သည် မည်၏။ အကြင်သူသည် ငါ့ဟောအပ်သော တရားကို မမြင်လေ။ ဆိုလိုချက်အနက်အဓိပ္ပါယ်ကို ထိထိရောက်ရောက်သဘောပေါက်ခြင်း မရှိလေ။ ထိုသူသည် ငါဘုရားကို မြင်သည်မမည်။ သင်ငါ့ကို မြင်အောင် အားထုတ်ဘို့လော့"ဟု ဆုံးမတော်မူ၏။

ဤသို့ ဆုံးမအပ်သော်လည်း ဘိက္ခုဝက္ကလိသည် "တရားအားထုတ်လျှင် ဘုရားသခင်နှင့် အဝေးကြီးမှာ သွားနေရမည်။ ကိုဘုရားသခင်ကို ငါဖူးမြင်ရတော့မည် မဟုတ်။ ငါ ဘုရားသခင်ကို မဖူးမြင်ရပဲမနေနိုင်။ မျက်စိအောက်က အပျောက်မခံနိုင်"ဟူ၍ တရားကို အားမထုတ်လေပဲ ဘုရားသခင်၏ရုပ်ကိုသာ ရှုစားနေလေ၏။

ဗုဒ္ဓသည် "သူ့စကားကို နားမထောင်။ တရား အားထုတ်ခြင်းကို မပြုလေပဲ မိမိရုပ်ကိုသာ ရှုစားနေသော ဝက္ကလိရဟန်းကို ကြည့်ကာ "ဤရဟန်းကား ဆိုခက်ဘိစွ၊ တစုံတရာ သံဝေဂ မရလေပဲ ဉာဏ်ပွင့်လေမည် မဟုတ်"ဟု စဉ်းစားတော်မူ၏။

အချိန်မှာ မိုးဦးကာလ ဝါဆိုလဖြစ်၏။ ဝါဆိုရမည့် နေ့ရက်သည် နီးသည်ထက်နီး ကပ်သည်ထက် ကပ်လာလေပြီ။ ထိုအချိန်တွင် ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ရှိနေလေရာ.... ထိုနှစ်အဖို့ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်တွင် ဝါကပ်ရန် သတ်မှတ်ထားပြီး ဖြစ်သောကြောင့် ဝါဆိုရန်အတွက် ရာဇဂြိုဟ်သို့ ကြွတော်မူလေသောအခါ ဘိက္ခုဝက္ကလိသည် ဘုရားသခင်နှင့် ခွဲခွာ၍နေခြင်းငှာ မတတ်နိုင်ရကား ဘုရားသခင် ကြွတော်မူရာသို့ နောက်တော်မှ တကောက်ကောက် လိုက်ပါသွားလေ၏။

"ဣမသ္မိံ ဝိဟာရေ ဣမံတေ မာသံ ဝဿံ ဥပေမိ"ဟူသော ရဟန်းသံဃာတို့၏ ဝါကပ်သံကား ဝေဠုဝန်ကျောင်းတော်၌ သိမ့်သိမ့်လျှံသွားလေ၏။ ဝါဆို၍ ပြီးလေသောအခါ ဗုဒ္ဓသည် ဝါဆိုသံဃာများ၏ အကြားမှ ဝက္ကလိ ရဟန်းကို ရှေ့တော်သို့ခေါ်၍ ဝက္ကလိရဟန်း ရှေ့တော်မှောက်သို့ ရောက်ရှိလာသောအခါ သံဃပရိသတ်အလယ်တွင် ခြိမ်းခြောက်မောင်းမဲ၍ နှင်ထုတ်တော် မူလေသည်ကား "ဝက္ကလိ၊ ငါ၏ အပါးမှ သင်ဖယ်လော့။ ဝက္ကလိ၊ ငါ၏ မျက်မှောက်မှ သင်ပျောက်လော့။ ဝေးရာသို့ သင်ရှောင်လော့....ရှားလော့"ဟု နှင်လေသောအခါ များစွာသော သံဃာတို့

အံ့အားသင့်ကုန်သည်နှင့်အမျှ ကာယကံရှင် ဝက္ကလိ ရဟန်းမူကား နှလုံးကြေကွဲ ဝမ်းနည်းခြင်းပြင်းစွာ ဖြစ်လေ၏။

"ဩော်....ဘုရားသခင်က ငါ့ကို အခေါ်အပြော လုပ်တော်မမူလိုသဖြင့် ငါ့ကို နှင်ချလေပြီကော"ဟူ၍ ဘိက္ခုဝက္ကလိသည် ထိုနေ့ညတွင် တညလုံး အိပ်မပျော်ပဲ ဝမ်းနည်းမဆုံး ယူကျုံးမရ ဖြစ်နေရှာလေ၏။

နောက်တနေ့ နံနက်တွင် ယုဂန္ဓိဗ္ဗစွန်းက နေဝန်း၏ အရောင်သည် ဂိဇ္ဈကုဋ်တောင်ကို ဦးခိုက်လာချိန်၌ ထိုဂိဇ္ဈကုဋ်တောင်ပေါ်တွင် မရှင်မလန်းသည့် ရဟန်းတပါးကို တွေ့ရ၏။ ထိုရဟန်းကား ဘိက္ခုဝက္ကလိ ဖြစ်သတည်း။ သူသည် အကြံတခုဖြင့် ဤတောင်ပေါ်သို့ တက်လာခြင်း ဖြစ်၏။

"ငါသည်ဘုရားသခင်ကိုမှ ဖူးမြင်ခွင့်မရတော့သည့်အတူတူ အသက်ရှင်၍ နေခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ သေသော်မှတည့်ဩော်ကောင်း၏"ဟူ၍ ဂိဇ္ဈကုဋ်တောင်ထိပ်မှ ခုန်ချ၍ သေရန် ကြံစည်နေပါ၏။ ထိုအကြောင်းကို ဘုရားသခင်သိရှိတော်မူ၍ "ဤရဟန်းကား ငါ့ထံ၌ သက်သာခွင့် မရခဲ့လေသော်- မဂ်ဖိုလ်မှ အချည်းနှီးဖြစ်တော့လတ္တံ့။ ပျက်စီးရှာတော့လတ္တံ့"ဟူ၍ ကိုယ်တော်၏ ရူပကာယတော်ကို ဖူးမြင်ရစေခြင်းငှာ ဝက္ကလိရှိရာသို့ ကိုယ်တော်စား ရောင်ခြည်တော်များ စေလွှတ်တော် မူလေ၏။

ထိုအချိန်တွင် ဘိက္ခုဝက္ကလိသည် တောင်ပေါ်မှခုန်ချရန် မိမိကိုယ်ကို အားယူ၍ လွှဲလိုက်သည့် ခဏ.... မိမိရှေ့မှောက်တွင် ရောင်ခြည်တော် ခြောက်သွယ်ကို ဖူးမြင်ရလေသောအခါ မီးကို ရေဖြင့် ငြိမ်းသတ်လိုက်သည့်ပမာ သောကကင်းဝေးကာစိတ်နှလုံးအေးသွေ့ခြောက်၍ဟောက်ပက်ပက်ဖြစ်နေသော ကန်ထဲ ရေပြည့်အောင် ဖြည့်လောင်းလိုက်သည်နှင့် တူလေ၏။ ဗုဒ္ဓမြတ်ဘုရားသည် ဝက္ကလိရဟန်း ဝမ်းမြောက်ချမ်းသာခြင်း ဖြစ်စိမ့်သောငှာ ဤဂါထာကို ဟောတော်မူ၏။

ပါမောဇ္ဇ ဗဟုလော ဘိက္ခု၊
ပသန္နော ဗုဒ္ဓသာသနေ၊
အဓိဂစ္ဆေ ပဒံ သန္တံ၊
သင်္ခါရူပသမံ သုခံ။ ။

"ဝက္ကလိ- လွန်စွာကြည်ညို၊ သဒ္ဓါပိုလှသည့်၊ အို....ချစ်တပည့် ဝက္ကလိ။ ပါမောဇ္ဇဗဟုလော– ပင်ကို ပကတိအားဖြင့် များသော ဝမ်း

မြောက်ခြင်းရှိသော။ ဗုဒ္ဓသာသနေ- ငါဘုရား၏ သာသနာ၌။ ပသန္နာ- နှစ်နှစ်ကာကာ ကြည်ညိုသော။ ဘိက္ခု-ရဟန်းသည်။ သန္တံ-ငြိမ်သက်သည် ဖြစ်၍ သန္တ,ဟူသော အမည်ရရှိသော။ သင်္ခါရူပသမံ-- သင်္ခါရတို့၏ ငြိမ်းအေးရာဖြစ်၍ သင်္ခါရူပသမ,ဟူသော အမည်ရှိသော။ သုခံ-- ချမ်းသာ စင်စစ်ဖြစ်၍။ သုခ,ဟူသော အမည်ရှိသော။ ပဒံ-နိဗ္ဗာန်ကို။ အဓိဂစ္ဆေ-- မလွဲမသွေ ရပေရာ၏"

ဤဂါထာကို ဟောတော်မူပြီးနောက် မြတ်စွာဘုရားသည် ဘိက္ခုဝက္ကလိ၏ ရှေ့တူရူ ကောင်းကင်ပြင်၌ ရပ်တော်မူလျက် လက်တော်ကို ဆန့်တန်းကာ "ငါ့ထံလာလော့ ဝက္ကလိ၊ ငါ့ထံလာလော့ ဝက္ကလိ"ဟု လက်ယပ်ခေါ်တော်မူလေ၏။ ထိုအချိန်၌ ဘိက္ခုဝက္ကလိသည် ဂိဇ္ဈကုဋ်တောင်၏ ထိပ်စွန်းတွင် ရပ်လျက်ရှိနေလေရာ.... ဘုရားခေါ်ရာသို့ သွားလိုသော်လည်း သူ့ရှေ့၌ သွားစရာလမ်းမရှိ။ ကောင်းကင်ပြင်ကြီးသာ ဖြစ်နေသောကြောင့် ဘိက္ခုဝက္ကလိမှာ ဘုရားသခင်ထံသို့လည်း သွားချင်။ သွားစရာလမ်းကလည်း မရှိသဖြင့် ခက်နေ၏။ ဗုဒ္ဓကလည်း လက်ယပ်၍ သူ့ကို တွင်တွင်သာ ခေါ်တော်မူနေလေသည်။

ဧဟိ ဝက္ကလိ မာ ဘာယိ၊
ဩလောကေဟိ တထာဂတံ၊
အဟံ တံ ဥဒ္ဓရိဿာမိ၊
ပင်္ကေ သန္နံ ကုဉ္ဇရံ။ ။

"ဝက္ကလိ- ချစ်တပည့်ဝက္ကလိ။ ဧဟိ-လာလော့။ တွံ- သင်သည်။ မာဘာယိ- ရဲရဲသာလျှောက်ခဲ့၊ မကြောက်လေနှင့်။ တထာဂတံ- ငါဘုရားကို။ ဩလောကေဟိ--နှစ်ခြိုက်စွာပင် သင်ဖူးမြင်လော့။ အဟံ- ငါဘုရားသည်။ တံ-ချစ်သားတပည့် အသင်ဝက္ကလိကို။ ပင်္ကေ--သွားလာရခက်သည့်၊ ရွံ့ဗွက်ညွန်အိုင်ကြီးထဲ၌။ သန္နံ-- ခြေလေးဘက်စလုံး မြုပ်အောင် ကျွံနစ်၍ နေသော။ ကုဉ္ဇရံ-တောသားရဲ့ခေါင် ဆင်ပြောင်ကြီးကို။ ဥဒ္ဓရတိဣဝ--ထုတ်ယူဆွဲငင် လွတ်ရာသို့ ကယ်တင်ဘိသကဲ့သို့။ တထာ--ထို့အတူ။ ဥဒ္ဓရိဿာမိ- လွတ်မြောက်ချမ်းသာအောင် ထုတ်ဆွဲယူငင်ကာ ငါကယ်တင်ပေအံ့"

ဧဟိ ဝက္ကလိ မာ ဘာယိ၊
ဩလောကေဟိ တထာဂတံ၊
အဟံ တံ မောစယိဿာမိ၊
ရာဟုဂ္ဂဟံဝ သူရိယံ။ ။

"ဝက္ကလိ-အမောင်ဝက္ကလိ ချစ်တပည့်။ ဟေ-အသေ့မငြေး ငါ့ထံသို့ ပြေးခဲ့လော့။ မာဘာဿယိ-ထိတ်လန့်ကြောက်ရွံ့ သင်မတွန့်လေနှင့်။ တထာဂတံ- သင် ဖူးမြော်လိုသော ငါဘုရားကို ဩလောကေဟိ- အာရုံညွတ်နူး အားရအောင် သင်ဖူးလော့၊ ဒဟံ-ငါသည်။ တံ-သင့်ကို။ ရာဟုဂ္ဂဟံ- အသူရိန်ဟု ဒေဝိန်ပညတ် ရာဟုနတ်မင်းကြီးသည် ဖမ်းစားအပ်သော။ သူရိယံ-ဖန်နန်းယာဉ်သာ- နေစကြာကို။ မောစေယိဏ္ဍဝ-ရာဟုခံတွင်းမှ လွတ်ကင်းစေဘိသကဲ့သို့။ တထာ-ထို့အတူ။ မောစယိဿာမိ ကောန်ထုတ်ချောက် သင့်ကို ငါလွတ်မြောက်စေအံ့"

ဟေ ဝက္ကလိ မာဘာဿယိ၊
ဩလောကေဟိ တထာဂတံ၊
အယိ တံ မောစ ယိဿာမိ၊
ရာဟုဂ္ဂဟံဝ စန္ဒိမံ။ ။

"ဝက္ကလိ-ငါဘုန်းမိုကို၊ ကြည်ညိုတုံမြောက် စံပြုလောက်သည့်၊ နှစ်ယောက်မရှိ ချစ်သားဝက္ကလိ၊ ဟေ-ငါ့ထံမငြေး။ ရဲရဲသာ ပြေးခဲ့လော့။ မာဘာဿယိ - တောင်အောက်ချောက်ကြား၊ ကျလိမ့်လားဟု စိတ်အားညှိုးခြောက် သင်မကြောက်လေနှင့်။ တထာဂတံ ငါဘုရားကို။ ဩလောကေဟိ-အာရုံပြု၍ သင်ရှုလော့။ အဟံ-ငါသည်။ တံသင့်ကို။ ရာဟုဂ္ဂဟံ-ရာဟုနတ်သည် ဖမ်း စား အပ်သော။ စန္ဒိမံ-လကို။ မောစေယိဏ္ဍဝ-လွတ်မြောက် စေဘိသကဲ့သို့။ တထာ-ထို့ဒ တူ။တမှာဒုက္ခာ၊ သင်၌ ဖြစ်နေသော ထို ဒုက္ခအပေါင်းမှာ မောစယိဿာမိ-စိတ်ချမချွတ်ဒိဋ္ဌလွတ်မြောက်အောင် ကယ်တင်ပေအံ့"

ဤသို့ ဘုရားသခင်က လက်ယပ်၍ ခေါ်နေလတ်သော်....ဘိက္ခုဝက္ကလိသည် ဘုရားသခင်ဆီသို့ လှမ်းကြည့်လျက်- "ငါဘုရားသခင်ကို ဖူးရပြီ။ လာခဲ့ ဝက္ကလိ"ဟူ၍ ခေါ်ဝေါ်ခြင်းကိုလည်း ခံရပြီ,ဟု ဝမ်းသာ ဝမ်းမြောက် ဘုရားသခင်ထံသော်သို့ ကဆုန်ပေါက်၍ ပြေးမည်ပြုလေသောအခါ ....သူ့ ရှေ့မှာ ခြေချစရာ မြေမရှိ။ လဟာပြင်ကြီးသာ ဖြစ်နေ၍ တန့်သွားလေသည်။ သို့သော် ဘုရားသခင်အပေါ်၌ ဖြစ်သော ပီတိဖြင့် တောင်ထိပ်ပေါ်တွင် ရပ်နေသော ခြေနှစ်ဘက်မှတဘက်သော ခြေကို ဘုရားသခင်ဆီ သွားရန်အတွက်သူ့ ရှေ့မှ ကောင်းကင်ပြင်ကြီးထဲသို့ လှမ်းချလိုက်သော အခါဝယ် သာမန်လူများအဖို့ တောင်အောက်သို့စောက်ထိုးမိုးမျှော်ဒလိမ့်ခေါက်ကွေး လွေးကန်ကျသွားမည်မှာ သေချာသော်လည်း ဘိက္ခုဝက္ကလိမှာမူ ပြုံ၏ စွာဘုရား ဟောကြားအပ်သော တရားကို ဆင်ခြင်

လိုက်သည့်အတွက် ထိုခဏမှာပင် အာသဝေါကုန်ခန်းပြီး ရဟန္တာဖြစ်သွား သဖြင့်တောင်အောက်သို့ ကျမသွားလေပဲ ဝေဟင်နန်းတွင် ရျာန်ရထားဖြင့် ပျံသန်းကာ ဘုရားသခင်ထံတော်သို့ သွားလေသတည်း။

ရဟန္တာမဖြစ်မီအချိန်ကလေးတွင် ဘိက္ခုဝက္ကလိ၏သန္တာန်၌ တရား အားထုတ်လိုစိတ် မရှိသေး။ နိဗ္ဗာန်ဆိုသည်မှာ ဝေလာဝေးပင်ဖြစ်ခဲ့သည်။ သူ့ဦးနှောက်ထဲ၌ အတွေးရောက်နေသည်ကား မိမိကိုယ်ကို သေကြောင်း ကြံစည်ရေး ဖြစ်ချေ၏။

"ငါ.... ဗုဒ္ဓကို အမြဲ ဖူးမြော်နေချင်သည်။ ဗုဒ္ဓကို ငါ့မျက်လုံးထဲ သွတ်ထားချင်သည်။ သို့သော်....သူ့အနားမှာမနေရ၊ အခုထွက်သွား" ဟူ၍ ငါ့ကိုဗုဒ္ဓကနှင်တော်မူလိုက်သဖြင့် ဗုဒ္ဓအပါးတော်မှာ ငါမနေနိုင်တော့ပြီ၊ နေခွင့်မရတော့ပြီ....။ ထိုအခါ ဗုဒ္ဓကို ငါဖူးရတော့မည် မဟုတ်။ ငါအမြဲ ဖူးမြင်လိုသော ဗုဒ္ဓကို မဖူးရတော့ပဲလျက် အသက်ရှင်နေရခြင်းထက် သေရ ခြင်းက ကောင်းသေး၏။ ငါသေမည်။ ငါ့ကိုယ် ငါ သတ်သေလိုက်မည်" ဟူ၍ ဂိဇ္ဈကုဋ်တောင်ကို သေရာ သင်္ချိုင်းအဖြစ် ရွေးလိုက်ပြီးနောက် တောင်ထိပ်က ခုန်ချရန်အတွက် ဂိဇ္ဈကုဋ်တောင်ပေါ်သို့ ရောက်နေသည်။ တောင်ထိပ်မှ ခုန်ချလိုက်မည်အပြုတွင် ဗုဒ္ဓ၏ရောင်ခြည်တော်များကို ရှေး ဦးစွာ ဖူးတွေ့ရသည်။ ရောင်ခြည်တော်များနှင့်အတူ သူ့အတွက် နိဗ္ဗာန် ပါလာသည်ကိုကား သူမသိလေ။ ထိုအချိန်တွင် နိဗ္ဗာန်သည် သူနှင့် လက် တကမ်းအရပ်သို့ ရောက်နေပြီဖြစ်၏။ သို့ကြောင့်သာ လွယ်လင့်တကူ နိဗ္ဗာန် ကို လက်တကမ်းဖြင့် လှမ်းချူ၍ ယူနိုင်ခြင်း ဖြစ်ရသတည်း။

ထိုဘိက္ခုဝက္ကလိကား ဗုဒ္ဓကိုကြည်ညိုရာတွင် တုဘက်ကင်းလွတ်၊ အထွတ်ဆုံး၊ အမြတ်ဆုံး၊ တေဒဂ်ဘွဲ့ရ ရဟန္တာဖြစ်သတည်း။



# သဋ္ဌေးသား ဥဂ္ဂသေန ဘားကျွမ်းသမား၏ လက်တကမ်း နိဗ္ဗာန်ဝတ္ထု

"ပွဲကတဲ့ ဇာတ်သမားတွေရော၊ ပွဲကြည့်တဲ့လူတွေရော၊ သေယင် ဟာသငရဲ ကျခံရတတ်တယ်"

ငယ်စဉ်အခါက ရှေးလူကြီးသူမများ ပြောစကားကို ဤသို့ မှတ်သားခဲ့ရဖူး၏။ ပွဲကြည့်လျှင် အိပ်ရေးပျက်မည်။ အိပ်ရေးပျက်လျှင် မကျန်းမမာ ဖြစ်တတ်သည်။ လူကြီးမိဘတို့က ကလေးသူငယ်များ မကျန်းမမာ ဖြစ်မည်စိုး၍ ပွဲမကြည့်ဝံ့အောင် ငရဲနှင့်လှည့်၍ ခြောက်သောစကားသာ ဖြစ်လေရာသည်။

အဘယ့်ကြောင့်ဆိုသော် ဇာတ်သမားများ ငရဲမလာ ရုံမက ပွဲ ကနေယင်းနှင့်ပင် ဇာတ်သမားတယောက် နိဗ္ဗာန်သို့ထုက်ချင်းပေါက်ရောက် သွားသည်နှင့်အတူ ပွဲကြည့်ပရိသတ်တို့မှာလည်း မိမိတို့၏ စရိုက်အားလျော်စွာ အထိုက်အလျောက် နိဗ္ဗာန်တံခါးဝသို့ ရောက်ကုန်ကြောင်းကို အဋ္ဌကထာ ကျမ်းဟောင်းများတွင် အထင်အရှားပြဆို ထားသောကြောင့် ဖြစ်၏။

ထိုစကားမှန်၏။ *ဥဂ္ဂသေနသည် သဋ္ဌေးသားတဦး၏ အမည်ဖြစ်သည်။ သူ့ဖခင်မှာ ရာဇဂြိုဟ်မြို့ပေါ်တွင် အကျော်ဇေယျ သဋ္ဌေးကြီး ဖြစ်သောကြောင့် ဖခင်၏ ဂုဏ်ပုဒ်နှင့်တွဲကာ သဋ္ဌေးသား ဥဂ္ဂသေန, သဋ္ဌေးသား ဥဂ္ဂသေန ဟု၍ ထင်ရှားသတည်း။

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ မင်းကြီးသည် နှစ်စဉ်ခုနစ်ရက် တိုင်တိုင် ပျော်ပွဲရွှင်ပွဲ ပကာသ် ဆင်ယင်ကျင်းပမြဲ ဖြစ်သည့်အတိုင်း ဤနှစ်

*ဓမ္မပဒအဋ္ဌကထာ၊ ဒု—တဏှာဝဂ်၊ ဥဂ္ဂသေနဝတ္ထု၊ ၄၅၆။

တွင်လည်း ဆိုင်းသံ၊ ဗုံသံများ တခြိမ့်ခြိမ့်နှင့် ဘုရင့်ပွဲတော်ကြီးကို သိုက်မြိုက်ခမ်းနားစွာ ကျင်းပလျက် ရှိနေပေ၏။ ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ရုပ်သေးပွဲ၊ ဘားကျွမ်းပွဲ၊ ဆပ်ကပ်ပွဲ၊ စသည်ဖြင့် ပွဲမျိုးစုံတို့ အပြိုင်အဆိုင် ယှဉ်ပြိုင်ကပြလျက် ရှိနေကြလေရာ အထူးသဖြင့် ဘားကျွမ်း၊ ဆပ်ကပ်ပွဲကား ကြိတ်ကြိတ်ခဲမျှ ပရိသတ်များ စည်ကားလျက် ရှိနေလေသည်။

ထို ဘားကျွမ်း ဆပ်ကပ်ပွဲကို စီမံအုပ်ချုပ်သူ ဇာတ်ဆရာကြီးတွင် သမီး တယောက်ရှိလေရာ ထိုအမျိုးသမီးသည် လူတကာ၏ ကြည့်ရလောက်အောင် အလွန်ချော၊ အလွန်လှ၏။ ဇာတ်ပြရာတွင် ဇာတ်ဆရာကြီး၏ သမီးကိုယ်တိုင် အရေးကြီးသောအခန်းမှ ဇာတ်လိုက်မင်းသမီးအဖြစ် ပါဝင်ကပြလေသည့်အတွက် သူ၏အလှကြောင့်လည်း ပရိသတ်မှာ ပွဲတိုင်းရုံလျှံအောင် ဝက်ဝက်ကွဲမျှ တခဲနက်စည်ကား၍ နေခြင်းဖြစ်လေသည်။

အချိန်မှာ ညအချိန်ဖြစ်၏။ ဘုရင်မင်းမြတ်၏ ပွဲတော်ကြီး ကျင်းပရာ ဖြစ်သည့် ရာဇဂြိုဟ်မြို့တော်ကြီးကား ဆီမီးရောင်ရှိန်တို့ဖြင့် ထိန်နေ၏။ ပရိသတ်သည် ဘားကျွမ်းဆပ်ကပ်ပွဲတွင် ပြွတ်ခဲနေ၏။ အံ့ဩဘနန်း ဆန်းကြယ်လှစွာသော ကပြလှုပ်ရှားမှုများကြောင့် ထိုပွဲမှာဩဘာလက်ခုပ်သံ တဖြောင်းဖြောင်းနှင့် အစည်ကားဆုံးပွဲ ဖြစ်လေသည်။

သဌေးသား ဥဂ္ဂသေန အပါအဝင် ကာလသား တသိုက်တို့မှာလည်း လူငယ်တို့ဘာဝ ပျော်သား၊ပါးလား တဝါးဝါးနှင့် ပွဲကြည့်လျက် ရှိနေကြသည့်အထဲတွင် သဌေးသား ဥဂ္ဂသေနသည် အသဲဆုံးဖြစ်၏။ ဇာတ်ဆရာကြီး၏သမီးကပြခန်းကို အတော်ကလေး စွဲလမ်းနေ၏။ ဇာတ်ဆရာကြီး သမီး၏ သက်စွန့်ကြိုးပမ်း ကပြခန်းများမှာ ကျောတချမ်းချမ်း သည်းတလှပ်လှပ်နှင့် ကြည့်ရသော အံ့ဘနန်းအခန်းများ ဖြစ်လေသည်။

တခုသော ပြကွက်မှာ အသက်ဘေးနှင့် နီးလှသောပြကွက်ဖြစ်၏။ ကချေသည် ဇာတ်လိုက်မင်းသမီးသည် အတောင်ခြောက်ဆယ်မြင့်မားသော တိုင်တလုံး၏ ထိပ်ပေါ်မှနေ၍ သီချင်းဆိုလိုက်၊ ကပြလိုက်နှင့် ပရိသတ် အကြိုက်ဆုံးသော ပြကွက်ဖြစ်၏။ သည်အထဲတွင် သဌေးသား ဥဂ္ဂသေနက သူများထက်ပို၍သဲ၏။ မင်းသမီးကို အသေအလဲစွဲချေ၏။ သူ၏အစွဲကား အဆို၊ အကကိုစွဲခြင်းမဟုတ်၊ သီဆိုကပြသူ ဇာတ်လိုက်မင်းသမီးအား လူငယ် စရိုက် ချစ်ကြိုက်မှု အရ ဖြင့်စွဲသော အချစ်စွဲဖြစ်လေသည်။ မင်းသမီး၏ ချိုပြုံးမူရာသည် သူ့မျက်လုံးထဲက မထွက်ချေ။

အခြားသူများက ပွဲကိုပွဲဟု သဘောထားကြသော်လည်း ဥဂ္ဂသေန, ကမူ ထိုဘားကျွမ်း ဆပ်ကပ်ပွဲကို ချစ်စေတမန်ဟု သဘောထားလေသည်။ လေးငါးရက်လောက် ပွဲကြည့်မိသောအခါ သဌေးသား ဥဂ္ဂသေနသည်

လှိုင်းဂယက်သဖွယ် ပွက်ထလာသော ချစ်စိတ်ကို နှိပ်ကွပ်၍ မရအောင် ထန်ပြင်းလှသောကြောင့် 'သည့်မင်းသမီးကို ငါရအောင် ယူမည်' ဟူ၍ ဆုံးဖြတ်လိုက်ပြီးနောက် အိမ်ပြန်ရောက်လေသောအခါ သူ့ကို ဇာတ်မင်းသမီးနှင့် လက်ထပ်ပေးရန် မိဘများအား ပန်ကြားလေ၏။

အဘယ်သဌေးသည် မိမိ၏ရင်သွေး သတို့သားအား ဇာတ်မင်းသမီးနှင့် အဘယ်မှာလျှင် ထိမ်းမြား ပေးစားရက်လေမည်နည်း။ ထို့ကြောင့်လည်း သဌေးလင်မယားသည် သား၏ ပန်ကြားချက်ကို လက်မခံနိုင်ကြသည့်အလျောက် "ကိုယ်နှင့် ဂုဏ်ရည်တူထဲက ချောချောလှလှ မိန်းမ ရှာသမို့လား သားရယ်.... မလျော်သည့်အမှုကို ငါ့သား ဘောက်မဲ့ကြောင့် ပြုချင်ရသတုန်း၊ ငါ့သားကို ဇာတ်မင်းသမီးနှင့် မပေးစားနိုင်ပေါင်" ဟူ၍ ခါးခါးသီးသီး ငြင်းနေကြကုန်ရကား ဥဂ္ဂသေနအဖို့ မင်းသမီးကို ရရှိရေးမှာ လွယ်မယောင်နှင့် ခက်နေ၏။

သို့သော်....ဥဂ္ဂသေနစား ဇွတ်သမားဖြစ်။ ပြဿနာတခုခု ဖြစ်ပေါ်လာသော် အရှုံးမပေးတတ်။ နောက်မဆုတ်တတ်။ အောင်မြင်သည့်အထိ ဇွဲနပဲကြီးကြီး နှင့် လုံးပန်းတတ်၏။ "ဝတ္တရားရှိသည့်အတိုင်း မိဘနှစ်ပါးကို ငါပန်ကြားပြီးပြီ။ 'ဇာတ်မင်းသမီးနှင့် မပေးစားနိုင်'ဟု ခါးခါးသီးငြင်းပယ်ကာ ငါ့စကားကို လက်မခံကြကုန်။ ရှိစေတော့။ ငါ့ကို သည်မင်းသမီးနှင့်မှ မပေးစားနိုင်ကြဘူးဆိုယင် ငါ့အသက် သေချင်သေပေစေတော့၊ ငါ လိုချင်တာကိုမှ မရသမျှ အိပ်ရာထဲကလည်း ငါ မထပြီ။ အာဟာရကိုလည်း ငါ မစားတော့ပြီ"ဟု သန္နိဋ္ဌာန်ချလိုက်ပြီး အစာအငတ်ခံ၍ မိဘများအား ဆန္ဒပြလေသတည်း။

အစပထမ တရက်နှစ်ရက်လောက်၌ ဖခင်သဌေးကြီးသည် "အစာအငတ်ခံရပါမည်လား"ဟူ၍ သားကို မျှားစွာဒေါပွလေ၏။ "နေပစေ၊ သည်အကောင် အငတ်ခံနိုင်လှ တရက်ပေါ့၊ သင်းကိုတော့ ဇာတ်သမနှင့် ဘယ်နည်းနှင့်မှ မပေးစားနိုင်" ဟူ၍ မာမာတင်းတင်း ဆိုခဲ့သော်လည်း သားဖြစ်သူမှာ သုံးရက်လောက် အစာငတ်ခံမိသောအခါ မျက်တွင်းများ ဟောက်လာ၏။ ထိုအခါ သဌေးလင်မယားမှာ သားကို အသေခံမည်လား၊ ဇာတ်သမကို ချွေးမတော်မည်လား၊ ဤလမ်းနှစ်သွယ်တွင် တလမ်းလမ်းကို မရွေးလျှင် မဖြစ်တော့သည့် အခြေဆိုက်လာသည်။

"သား၏ ဖြစ်အင်ကို ကျုပ်မရှုရက်၊ မတော်တဆ သေများသွားမှဖြင့် အခက်"ဟု မျက်ရည် စက်သက်နှင့် မိခင် သဌေးကတော်က ပြောလက်သော် သဌေးကြီးမှာ အံကို ကြိတ်ကာ ခေါင်းတခါခါနှင့် ဖြစ်နေလေ၏။ သားကိုလည်း မပစ်ရက်၊ ဇာတ်သမကိုလည်း လက်မခံနိုင်၊

အကြိတ်အနယ် ဖြစ်နေ၏။ သားကို အကျိုးသင့်အကြောင်းသင့် ချော့ချော့ ဖျောင်းဖျ ပြောဆိုကြည့်ပြန်၏။ သို့သော် အရည်နှီးသာ၊ "ကျွန်တော် သေချင် သေပစေ သလည်းမထဘူး၊ စားလည်းမစားဘူး" ဟူ၍ ဘုးခံ နေလေသတည်း။

နောက်တွင်မူကား.... အနှိုင်းအဆ ဂဏန်းချ၍ မပြနိုင်အောင် ကြီးမားလှစွာသော မိဘတို့၏ မေတ္တာပမာဏကို ဖခင်သခွေးက သာဓက ပြရှာလေပြီ။ ငွေထုပ်ပိုက်၍ ချေးမလေး ဇာတ်သမ နောက် သွားပြီး သူ၏ဖခင် ဇာတ်ဆရာကြီးအား ငွေတဆောင်ပုံ၍ပေးကာ ခင်ဗျားသမီးကို ကျုပ်သားနှင့် ပေးစားပါ၊ ခင်ဗျား သမီးကိုမှ မရလျှင် ကျုပ်သားမှာ သေဖွယ်ရာသာ ရှိပါသည်"ဟု သခွေးကဆိုလျှင် ဇာတ်ဆရာကြီးက ခေါင်းကို တွင်တွင်ခါလေ၏။

"ကျုပ်တို့ဇာတ်တဲ့ညာနဲ့ ပေါ်ယသနအတွက် ငါးသားဝှာ ငှာမှ၍ အသက်မွေးနေပါသည်။ ကျုပ်သမီးကို လောက်ဆင်းနေသူ မဟုတ်ပါ။ သခွေးမင်းတို့ အနေနဲ့က 'ငွေသာပေးခဲ၊ ငွေသာလျှင်အဓိက၊ ငွေရှိယင် ဘာမဆိုပြီးတာပဲ'ဟု တွက်ကောင်းတွက်ပါမည်။ ဒါပေမယ့် သည်အထဲ မှာ ကျုပ်မပါဘူးလို့ ဆိုတာကိုတော့ဖြင့် သခွေးမင်း မှတ်သားသွားစေချင် ပါသည်။ ကျုပ်သမီးကို လိုချင်တဲ့အတွက် ကျုပ်ကို ငွေနဲ့ပေါက်၍...." (စကားမဆုံးမီ)

"အို...သည်သဘောမျိုး မဟုတ်ပါဘူးဗျာ၊ ဇာတ်ဆရာ"

"စေတနာပင် မပါပေမယ့်လို့ သိပ်ရိုက်ကတော့ သည်သဘောပဲ သက်ရောက်ပါသည်။ ဒါ—ဒိုပါစေတော့....ကျုပ်သမီးကို မပေးဘိ သခွေး မင်းရဲ့ သားဟာ အသက်သေဖွယ် ရှိတော့တယ်ဟု သခွေးမင်း ဆိုပေ၏"

"မှန်ပါသည် ဇာတ်ဆရာ၊ ကျွန်တော်တို့မှာလည်း သည်သားလေး တယောက်တည်း ရှိတာပါ။ ဒါကြောင့်...."

"သခွေးမင်းကို ကျွန်တော် အတတ်နိုင်ဆုံး အကူအညီပေးနိုင်တာ ကတော့ သည်ငွေတွေကို ပြန်ယူပါ။ သခွေးမင်းရဲ့ သား အသက် ကယ်ဆယ် တဲ့အနေနဲ့ ကျုပ်သမီးကို ပေးမယ်...."

"ဟာ...ကျေးဇူးတင်လိုက်တာ ဇာတ်ဆရာရယ်

"ကျေးဇူးတင်တာ အသာထားပါ၊ စကားဆုံးအောင် နားထောင် ပါဦး သခွေးမင်း...."

"ဘာများပါလိမ့် ဇာတ်ဆရာ...."

"ကျုပ်သမီးကို သခွေးမင်းရဲ့သား အသက်ချမ်းသာရေးကို ငဲ့ညှာ၍ ပေးမယ်ဆိုပေတဲ့ သမီးကိုတော့ မထည့်လိုက်နိုင်ဘူး"

"ဗျာ...."

"ဟုတ်ပါတယ် သခင်မင်း....ကျုပ်တို့ သားအဖမှာ သည်သဘင်ပညာနဲ့ အသက် မွေးနေကြရတာပါ၊ သည်ဇာတ်အဖွဲ့မှာ ကျုပ်သမီး မရှိယင် မဖြစ်ပါဘူး။ ဒါကြောင့် ကျုပ်သမီးကို လိုချင်ယင် သခင်မင်းရဲ့ သားဟာ ကျုပ်တို့နဲ့အတူတူ ကျုပ်တို့ သွားရာကို လိုက်နေနိုင်ရပါလိမ့်မယ်၊ ကျုပ်တို့အနေနဲ့ ဇာတ်သွားရာကို လိုက်မနေနိုင်ပါဘူး ဆိုယင်တော့ဖြင့် မတတ်နိုင်ပါ"

ဆိုလျှင် သခင်ကြီးမှာ မျက်နှာအိုသွားလေသည်။

"အခုလို ကြားရတာ ဝမ်းလည်းသာ၊ ကျေးဇူးလည်း တင်ပါတယ် ဇာတ်ဆရာ။ ဇာတ်ဆရာရဲ့ ဆန္ဒကို သားအား ပြောပြပါ့မယ်၊ ကဲ—ခွင့်ပြုပါဦး" ဆိုပြောနှုတ်ဆက်၍ ထွက်ခွာခဲ့သော်လည်း စိတ်ထဲမှာ မသက်သာလှချေ။ သားက "ဇာတ်ထဲလိုက်မနေနိုင်ပါဘူး, ဆိုလျှင်လည်း ခက်မည်။ လိုက်နေမည်, ဆိုပြန်လျှင်လည်း အရှက်လည်းရ သားနှင့်ကွဲကွာရမည်ဖြစ်၍ ခက်မည်။ အင်း... ဆူးကြားထဲသီးတဲ့ ဗူးသီးအလား....ငါ့မှာ မလွယ်ပါကလား"ဟူ၍ ဖခင်သခင်ကြီးသည် တညည်းတွားတွားနှင့် အိမ်ပြန်လာပြီး သားဖြစ်သူအား အကျိုးအကြောင်းကို ပြောပြလေသောအခါ "သူ့ကို ရယင်ပြီးရော- ဘယ်ကိုပဲ လိုက်ရလိုက်ရ ကျွန်တော် လိုက်မယ်"

ဤသည့်နောက်ပိုင်းတွင်မူ သခင်သား ဥဂ္ဂသေနကား ဘားကျွမ်းအလှ၊ ဇာတ်သမနှင့် ညား၍ ဇာတ်ဆရာကြီး၏ သမက်ဖြစ်လာပြီး 'ယုန်နောက် ခွေးပါ'ဆိုသကဲ့သို့ ဇာတ်သွားလေရာသို့ ဇာတ်နှင့်အတူ ပါရလေသတည်း။

ထိုခေတ်၌ အသုံးပြုသော သယ်ယူပို့ဆောင်ရေးယာဉ်မှာ လှည်း, ဖြစ်၏။ လှည်းကိုအသုံးပြုသော ခေတ်ဖြစ်၏။ ထိုကြောင့် ထိုဘားကျွမ်းဆပ်ကပ် အဖွဲ့သည်လည်း တနေရာမှ တနေရာ၊ တမြို့မှ တမြို့သို့ ရွှေ့ပြောင်းကပြရာတွင် သယ်ယူပို့ဆောင်ရေးအတွက် လှည်းများကိုသာ အသုံးပြုရသည်ဖြစ်ရာ ဇာတ်ဆရာကြီး၏သမက်၊ ဇာတ်လိုက်မင်းသမီး၏ လင်ဖြစ်သော သခင်သား ဥဂ္ဂသေနမှာ အဆိုအကပညာနှင့် ပတ်သက်၍ ဘာဆိုဘာမှ မတတ်လေသောကြောင့် ဇာတ်အတွက် အကျိုးမဝင်ပဲ လူပိုတယောက် ဖြစ်နေ၏။

သို့သော် ဥဂ္ဂသေနသည် အကင်းပါး၏။ လူမှုရေးရာ နားလည်၏။ "ငါ ဘာမှ မလုပ်ပဲ အမြိန့်သားစားပြီး ဇာတ်သွားရာ လျှောက်လိုက်နေ၍ မတော်၊ သူတို့က ကပြလျှင် ငါက တခုခုတော့ လုပ်သင့်သည်၊ အထောက်အကူပြုသင့်သည်,ဟု စဉ်းစားပြီး ဤဇာတ်အဖွဲ့တွင် သူလုပ်နိုင်မည့် အလုပ်ကို

ရှာကြည့်သည်။ ထိုအခါ ဇာတ်အဖွဲ့ထဲတွင် ကလည်းကရ၊ လှည်းနွားများကိုလည်း ဂရုစိုက်ရန်နှင့် တရိကထ များနေသူများကို သူမြင်လာသည်။ ''ငါ သူတို့ကို အကူအညီပေးလေမှ'' ဟူ၍ ဥဂ္ဂသေသနသည် ထိုနေ့မှစ၍ လှည်းများကို စောင့်ရှောက်ခြင်း၊ နွားကျောင်းခြင်း၊ နွားစာမြက်ရှာခြင်း၊ နွားစာစဉ်းခြင်း၊ နွားစာကျွေးခြင်း၊ အလုပ်ကိုလည်းကောင်း၊ ဇာတ်ပစ္စည်းများကို လှည်းပေါ်တင်ခြင်း၊ လှည်းပေါ်မှချခြင်း အလုပ်ကိုလည်းကောင်း လုပ်လေတော့ရာ လူပိုမဟုတ်တော့ပဲ ဇာတ်အဖွဲ့ဝင် အလုပ်သမားကောင်း တယောက် ဖြစ်လာသည်။

ဇာတ်ဆရာကြီး သမီးနှင့် သူ ညားကြခြင်းမှာ သုံးနှစ်သုံးမိုး သမီးရည်းစား ထားပြီးမှ နှစ်နှစ်ကာတာကြီး ညားကြသော လင်မယားမျိုး မဟုတ်သော်လည်း လင်မယားတို့ သဘာဝအတိုင်း မရိုးနိုင်သော အချစ်ဖြင့် မင်းသမီး ဇာတ်သမနှင့် ပေါင်းသင်းလာရာက အတော်ကလေးကြာသော အခါ သွားယင်းလာယင်းနှင့်ပင် ဇနီးဖြစ်သူ ဇာတ်မင်းသမီးမှ သား တယောက် ဖွားမြောက် ရရှိလာလေ၏။

ထိုအခါ သားဦးမို့ လင်မယား နှစ်ယောက်စလုံးကပင် အရူးအမူး ချစ်ကြ၏။ သားသားလေး— ဟူ၍လည်းကောင်း၊ ရွှေသွေးဟူ၍လည်းကောင်း၊ ရွှေခဲဟူ၍လည်းကောင်း ချစ်စနိုးစွာဖြင့် ကလူကျီစယ် ချစ်ခွန်းလှယ်ကြရာကမမျှော်လင့်ပဲ လင်မယားချင်းသားကိုမြှူကြယင်း ကတောက်ကဆတ် ဖြစ်ကြလေ၏။

ဖြစ်ပုံကား....ဇနီးဖြစ်သူက ခနဲ့သည့် သဘောဖြင့် လင်၏ဂုဏ်ပုဒ်အလုပ်အကိုင်ကို ဖော်၍ သားကလေးအား ''လှည်းစောင့်, နွားထိန်းရဲ့ သား'' ဟူ၍လည်းကောင်း၊ နွားကျောင်းသား၏ သားဟူ၍လည်းကောင်း၊ ဇာတ်ပစ္စည်းများ အတင်အချ သလုပ်သမား (ကူလီ)၏သား ဟူ၍လည်းကောင်း၊ ခေါ်တာ ခေါ်ကာ ချော့မြှူသည်ကို လင်ဖြစ်သူ ဥဂ္ဂသေနသည် မခံချင်သော်လည်း အစပထမတွင် ကျိတ်၍ နားထောင်နေခဲ့၏။ ပြောဖန်များလတ်သော်.... မယားပင်ဖြစ်စေကာမူ 'ဟုတ်တာဆိုနာလိုခံခက်၊ အမျက်ထွက်၏' ဆိုသောအတိုင်း စိတ်ဆိုးလာလေသည်။ ''ငါ့လို သဌေးသား တယောက်အား ဤသို့ ရှုတ်ရှုတ်ချချ ဆိုရာသလော'' ဟူ၍ ဒေါပွလာသောကြောင့် သူ့ကို ဤသို့ မပြောနှင့် အစပထမတွင် လေသံအေးအေးနှင့် မယားအား တောင်းပန်၏။ ဤသို့ တောင်းပန်လေမှပင် အခြေအနေမှာ ပို၍ ဆိုးရွားတင်းမာလေသည်။

(လင်) ''ရှင်မ....သားကို ချစ်ကောလည်း ချစ်တာပေါ့ကွယ်၊ သားကို ချစ်လွန်းတဲ့ ဇောနဲ့ ငါ့ကို မှိုချိုး မျှစ်ချိုး ချိုးချိုးဖဲ့ဖဲ့ ပြော

တာတော့ မကောင်းဘူး။ ရှင်းရှင်းပြောရယင်.... ဒီအပြောမျိုးကို ငါ မကြိုက်ဘူး။ ငါဟာဘာ၊ ငါ့အမျိုးဟာဘာဆိုတာ မင်းသိတယ်။ ငါ သဌေးသားကွ....သဌေးသား။ လှည်းစောင့်တဲ့ အကောင်၊ နွားကျောင်းတဲ့ အကောင်စားမျိုး မဟုတ်ဘူး''ဟု အဆုံးသတ်တွင် မခံချင်သည့် အလျောက် လေသံမာကျောကျောနှင့် ပြောလိုက်ရာ—မယားကလည်း သူ့ မာနနှင့်သူ ဒေါမာန်နှင့် ပြန်၍ ခုခံလေ၏။

(မယား) ''အမယ်-ရှင်လောင်းဖြစ်တုန်းက ရွှေထီးဆောင်းခဲ့ရတာတွေကို ထည့်ပြောမနေပါနဲ့။ ဒီဇာတ်ထဲမှာ ကိုယ်လုပ်နေရတဲ့ အလုပ်ကိုလည်း ပြန်ကြည့်ပါဦး။ လှည်းစောင့်ရဲ့ နွားကျွေးရဲ့ နွားကျောင်းရဲ့အပြင် ကိုယ် ဘာလုပ်တတ်လို့လဲ၊ လှည်းစောင့်၊ နွားထိန်းရဲ့သားမို့....သားသားကို လှည်းစောင့် နွားထိန်းရဲ့သားလို့ ပြောတာ လွန်လား၊ ဟုတ်တာကိုမှ မခံချင်ယင် လဲသေလိုက်....လဲသေလိုက်။ ကျုပ်ကတော့ ပြောရမှာပဲ''

(လင်) ''ဒီလိုဆိုယင် မင်းနဲ့ငါ မဖြစ်တော့ဘူး''

(မယား) (မဲ့ရွဲ့လျက်)''အမယ်-မဖြစ်တော့ဘူးတဲ့၊ မဖြစ်ယင် ကိုယ်က ဘာလုပ်ချင်သလဲ....ကဲ''

(လင်) ''အလွယ် ကလေးရယ်....ငါ ဒီက ထွက်သွားလိုက်ယင်''

(မယား) ''ကဲ... ကြွတော်မူ ကိုဥဂ္ဂသေနရေ.... ခပ်မြန်မြန် ကြွတော်မူ၊ ဒီကောင်မက မပူဒသဘူး၊ ရှင်ရှိရှိ မရှိရှိ၊ အကြောင်းမဟုတ်ဘူး။ ကျုပ် ပညာနဲ့ကျုပ် နေနိုင်တယ်၊ စားနိုင်သောက်နိုင်တယ်။ တားလိမ့်မယ်တော့ မထင်နဲ့၊ မနေချင်ယင် အခုကြွ အခုကြွ....''

သားတယောက် ရခါမှ ဥဂ္ဂသေနတို့ လင်မယားမှာ တကျက်ကျက် ဖြစ်လာသည်။ ဥဂ္ဂသေနသည် မယားနှင့်ဝေးရာသို့ ထွက်ပြေးရန် အတန်တန် ကြံစည်သည်။ သို့သော် အထမမြောက်ချေ။ အထမမြောက်ခြင်းမှာ သားတည်းဟူသော နှောင်ကြိုးတမျှင်က ဆွဲထားသောကြောင့် ဖြစ်လေသည်။ သို့တခေ ဤအတိုင်း လှည်းစောင့်, နွားထိန်း ဘ လုပ်ဖြင့်နေရန် မသင့်တော့ကြောင်း ဆုံးဖြတ်လိုက်ပြီးနောက် ''ရှင်ရှိရှိ၊ မရှိရှိ အကြောင်း မဟုတ်ဘူး၊ ကျုပ်ပညာနဲ့ ကျုပ် နေနိုင်တယ်''ဟူသော မယားဖြစ်သူ၏ မောက်မောက်မာမာ မာနစကားကို ကြားယောင်လာသော အခါကား အသည်းကြားမှာ ယားကျိကျိ ဖြစ်လာသည်။ မခံချင်တတ်သော ညာဉ်၊ သူများ၏အကျောကို မခံချင်တတ်သော စိတ်က ထောင်းကနဲ ခေါင်းထောင်လာသည်။

လိုအခါ ''ဒီပညာဟာ သင်း မွေးကတည်းက ပါလာတဲ့ ပညာ မဟုတ်ပါဘူး။ ပညာဆိုတာ သင်ယင်တတ်တာပဲ။ သင်းက ဒီပညာနဲ့

ဂုဏ်ခံပြီး ငါ့ကို မချေမင် ပြောချေသည်။ သင်းပြောသမျှ ငါခံရသည်။ နောင် ဒီအပြောမျိုးကို ငါမခံတော့။ ဒီဘားကျွမ်းပညာကို ငါကော့ မသင်နိုင်သလော။ သင်မည်။ တတ်အောင် သင်ပြီး ပညာမာနခဲမကို အရည်ပျော်အောင် ငါ့ပညာနဲ့ ငါဖျော်ပြမည်’’

ဟူ၍ သန္နိဋ္ဌာန် ချလိုက်ပြီး ယောက္ခမဖြစ်သူ ဘားကျွမ်းဆရာကြီးထံ ဘားကျွမ်းအတတ်ကို သင်လေတော့သတည်း။

ဥဂ္ဂသေနသည် မယားကို အားကျမခံ၊ မခံချင်စိတ်နှင့် ဘားကျွမ်းပညာကို သင်ယူလေရာ....မကြာခင် အတွင်းမှာပင် သူ၏ကြိုးစားမှုမှာ အထောက်အထည် ပေါ်လာသည်။ ဘားကျွမ်းအတတ် ဟာကိကမ်းခတ်တတ်မြောက်လာသည်။ အတောင် ခြောက်ဆယ်မြင့်သော တိုင်ထိပ်ပေါ်တွင် သူ၏ဇနီး ဘားကျွမ်းမင်းသမီးထက်ပင် ကျင်လည်ပေါ့ပါးစွာ ကပြနိုင်ခြင်း၊ စင်ရေ၁၀င်ရှက် ဝဲသည့်နှယ် ကောင်းကင်ဘား အမျိုးမျိုးကို တမျိုးပြီးတမျိုး မရိုးနိုင်အောင် ပြနိုင်ခြင်း, တို့ကြောင့် ဥဂ္ဂသေနမှာ နာမည်ကျော် ဘားကျွမ်းမင်းသားတဦး ဖြစ်လာလေတော့သည်။

ဤသို့ လင်မယားနှစ်ယောက်စလုံး တွဲဖက်ညီညီဖြင့် ပြသကြလေသောအခါ....သူတို့ဇာတ်အဖွဲ့သည် တနေ့တခြား နာမည်ကျော်ကြားသည်ထက် ကျော်ကြားလာလေရာ....မြို့ရွာနိဂုံး ကပြသော နေရာတိုင်းတွင် နှစ်သက်မဆုံး တပြုံးပြုံးနှင့် ရှိလေကုန်သတည်း။

ဤသို့ မြို့ရွာရေးစဉ်အလိုက် ပိုက်စိပ်တိုက်၍ ဘားကျွမ်းဆပ်ကပ်ပြသလာရာက....တနေ့သောအခါတွင် ဥဂ္ဂသေန၏ ဇာတိချက်ကြွေ မွေ့ရပ်မြေ ရာဇဂြိုဟ်ပြည်သို့ ရောက်ကြလေသော်....ဥဂ္ဂသေန၏ မိဘဆွေမျိုးများမှာ တရှက်ထက် နှစ်ရှက်ကွဲ ဖြစ်ကုန်ရလေ၏။

‘‘ဘယ်နှယ့်လဲ သဌေးမင်းရှိ၊ သဌေးမင်းရဲ့သားက ဘားကျွမ်း မင်းသာ ကြီးတောင် ဖြစ်နေမှကိုး၊ အင်းပေါ့လေ မုဆိုး နားနီးမုဆိုး၊ တံငါနားနီးတံငါ ဆိုတဲ့အတိုင်း ပေပဲဗျာ့နော်၊ ဘားကျွမ်းဇာတ်သမနဲ့ ညားတော့လဲ ဘားကျွမ်း ဇာတ်မင်းသား ဖြစ်ရတော့တာပေါ့။ မဆန်းပါဘူး၊ သူ့လုပ်ရဲ့ ကိုင်ရဲတာကိုပဲ ချီးကျူးရဦးတော့ မလိုလိုပဲဗျ။ နက်ဖြန် ကျုပ်တို့မြို့မှာ သဌေးမင်းရဲ့သား ဘားကျွမ်းမင်းသားကြီး ကပြအသုံးတော်ခံမယ်လို့ ကြော်ငြာမောင်း တဒူဒူနဲ့ ဆူလို့ဗျ၊ ဘယ့်နှယ်တုံး။ ကျုပ်တို့ အိမ်ထောင်စုအတွက် လက်မှတ် တစောင်လောက်တော့ ရတန်ကောင်းပါ့ရဲ့ဗျ နော်’’ ဟူသော အပြောအဆိုမျိုးကို မကြားလိုသော်လည်း မိဘနှစ်ပါး သဌေးလင်မယားမှာ သားဥဂ္ဂသေနကို အကြောင်းပြု၍ နားကွဲမတတ် ကြားကြား နေကြရကုန်လေ၏။ သို့သော်လည်း သူတို့အနေဖြင့် အသို့ တတ်နိုင်မည်နည်း။ သူတို့၏

သားကား တကယ့်ကို ဇာတ်သမယောကျ်ား ဘားကျွမ်းမင်းသား ဖြစ်နေပြီ မဟုတ်ပါလော။

နောက်တနေ့ည ရောက်သောအခါ ဥဂ္ဂသေန, ဇနီးမောင်နှံတို့ ဘားကျွမ်းဆပ်ကပ်ပွဲကြီးကား တခဲနက် စည်ကားစွာ ကပြလျက် ရှိနေ၏။ နေရာကား ရာဇဂြိုဟ်မြို့နှင့် ဝေဠုဝန်ကျောင်းတော်သွားရာ လမ်းခရီးအကြား၌ဖြစ်၏။ ထိုဆပ်ကပ်ပွဲမှာ တခန်းပြီးတခန်း တမျိုးပြီးတမျိုး ရှုမရိုးနိုင်အောင် ညလုံးပေါက် ပြသသော ပွဲဖြစ်လေရာ....မိုးလင်းခါနီး အချိန်၌ ဥဂ္ဂသေနသည် ဘားကျွမ်းအမျိုးမျိုးဖြင့် ပရိသတ်၏ စိတ်ကို မရိုးမရှုဖြစ်စေလျက် ရှိနေ၏။ ထိုမှတဆင့် နောက်တခန်းပြရန်အတွက် အတောင်ခြောက်ဆယ်မြင့်သော ဝါးတိုင်ထိပ်သို့ တက်လေသော ခဏဝယ် ပရိသတ်အပေါင်းက လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် သြဘာပေးလျက် ရှိနေကြကုန်၏။

ထိုအချိန်တွင် အစိန္တေယျ သုံးလောကမှန်ကူ သယမ္ဘူမြတ်စွာ စောသတ္တာသည် နောက်ပါရဟန်းများ ခြံရံလျက် ဝေဠုဝန်ကျောင်းတော်မှ ဆွမ်းခံရန် ထွက်တော်မူလာ၍ ဇာတ်ပွဲအနီးသို့ ရောက်တော်မူလာသည့်အခိုက်တွင် ဘားကျွမ်းမင်းသား ဥဂ္ဂသေနသည် ပရိသတ်အား အသည်းတယားယားနှင့် တအံ့တသြ ရှုစားကြရန်အတွက် တိုင်ထိပ်ပေါ်တွင် ရပ်လျက်မှ အဆက်မပြတ် အတောင်ခြောက်ဆယ် မြင့်သော ကောင်းကင်ပြင်တွင် ကျွမ်းခုနစ်ပတ် လှပစွာ ထိုးပြပြီး ဣန္ဒြေရရနှင့်ပင် တိုင်ထိပ်ပေါ်တွင် ပြန်၍ ကျလေရာ သြဘာလက်ခုပ်သံများမှာ သိမ့်သိမ့်လျှံကာ ပွဲတင်ထပ်သွားလေ၏။

ဗုဒ္ဓမြတ်စွာဘုရားသည် ဇာတ်ပွဲမှ ထွက်လာသည့် တခဲနက်သော သြဘာသံများကို ကြားတော်မူလျှင် ဥဂ္ဂသေနကို ရှုကြည့်နေသော ပရိသတ်ထုကြီးကို တန်ခိုးတော်ဖြင့် ဥဂ္ဂသေနကို မကြည့်ပဲ ကိုယ်တော်၏ဘက်သို့ အားလုံး မျက်နှာမူ၍ ရှုကြည့်လာအောင် ပြုတော်မူချက်အရ ပရိသတ်၏ မျက်နှာအားလုံးသည် ဘုရားသခင်ရှိရာဘက်သို့ လှည့်ကာ ဖူးမျှော်နေကြကုန်လေ၏။

ဥဂ္ဂသေနသည် မိမိကို မကြည့်ကြပဲ ဘုရားသခင်ကိုသာ ဖူးမျှော်နေကြပုံကို ရိပ်စားမိလျှင် စိတ်မချမ်းမသာ ဖြစ်မိလေ၏။ "ဤဘားကျွမ်းအတတ်ပညာကို ရရှိအောင် နှစ်ပရိစ္ဆေဒနှင့် ချီ၍ ငါကြိုးစားလာခဲ့ရ၏။ အံ့ဖွယ်သရဲ ထူးကဲသော ပညာရပ် ဖြစ်ပေ၏။ ငါ့ကို ကြည့်နေကြသော ပရိသတ်သည် မြတ်စွာဘုရား ကြွလာသည်ကိုမြင်လျှင်ပင် ငါ့ကို သူတို့ မျက်နှာလွှဲပြီး ဘုရားသခင်ကိုသာ အာရုံပြု၍ ဖူးမျှော် နေကြကုန်၏။ တိုင်ထိပ်ဖျားမှနေ၍ စွန့်စွန့်စားစား ငါ့ပညာစွမ်းကို ပြရခြင်းကားအချည်းနှီး ဖြစ်ခလေစွ"

ဤသို့ ဥဂ္ဂသေန စိတ်မချမ်းမသာ ဖြစ်နေရှာပုံကို ဘုရားသခင် သိရှိတော်မူသဖြင့် အရှင်မောဂ္ဂလာန်ကို ခေါ်ပြီးလျှင် ''သွားတည့်ချစမ်း မောဂ္ဂလာန်၊ 'သင် ဘားကျွမ်းပညာစွမ်းကိုပြသာပြ'ဟု သင်္ဌေးသားကို ပြောချေလော့''ဟု စေတော်မူ၏။ ရှင်မောဂ္ဂလာန်လည်း အမိန့်တော်ကို ကျိုးနွံစွာ ခံယူလျက် ပွဲကရာသို့ ကြွလေ၏။ အရှင်မောဂ္ဂလာန် ရောက်ရှိသွားပြီး ဝါးတိုင်အောက်မှ နေ၍ ဗုဒ္ဓမြွက်ကြားတော် မူလိုက်သည့်အတိုင်း ဥဂ္ဂသေနအား ဤဂါထာဖြင့် ပြောပြလေ၏။

ဣင်္ဃ ပဿ နဋပုတ္တ၊
ဥဂ္ဂသေန မဟဗ္ဗလ၊
ကရောဟိ ရင်္ဂံ ပရိသာယ၊
ဟာသယဿု မဟာဇနံ။

''နဋပုတ္တ–ကချေသည်ယောကျ်ားအို–ကျွမ်းသမား။ ဥဂ္ဂသေန–ဥဂ္ဂသေန နာမမှည့်ခေါ် တိုင်းလုံးကျော်ပေသော။ မဟဗ္ဗလ-ခွန်အားကြီးထွား အို....ဇာတ်မင်းသား။ ဣင်္ဃ-တိုက်တွန်းပါ၏။ ပဿ–ငါ့ကိုရှုပါစမ်း။ တွံ–နာမည်ကျော်ကြားလှသော ကျွမ်းသမားသင်သည် ပရိသာယ-များလှတိတောင်း၊ ပွဲရှုပရိသတ်အပေါင်းအား။ ရင်္ဂံ–ရှုမညောင်းအောင်ကောင်းသောကခြင်းသီဆိုခြင်းကို။ ကရောဟိမပျက်စေနှင့်၊ဆက်၍ကပြသီဆိုပါလော့။ မဟာဇနံ–ပွဲရှုပရိသတ်အပေါင်းကို။ ဟာသယဿု–သင်၏ပညာစွမ်းဖြင့် ရွှင်လန်းကြပါစေလော့....''

အတောင်ခြောက်ဆယ်မြင့်သော တိုင်ထိပ်ပေါ်က ဘားကျွမ်းမင်းသား ဥဂ္ဂသေနသည် အောက်ကပြောနေသော အရှင်မောဂ္ဂလာန်၏ စကားကို ကြားရသောအခါ ဝမ်းသာကြည်နူး ဘဝင်မြူးလာလေသည်။ ''ကေန္တ၊ ငါ၏အကကို ဗုဒ္ဓမြတ်ဘုရား ရှုစားတော်မူလိုဟန်တူရဲ့၊ ဒါကြောင့်သာ ငါ့ကို ကပြပါ့ဟု ခိုင်းခြင်းဖြစ်တန်ရာသည်'' ဤသို့တွေးကာ ဥဂ္ဂသေန ကျွမ်းဘားသမားသည် တိုင်ထိပ်ဖျားမှနေ၍ အရှင်မောဂ္ဂလာန်အား ဤသို့ လျှောက်ထားပါလေသတည်း။

ဣင်္ဃ ပဿ မဟာပုည၊
မောဂ္ဂလာန မဟိဒ္ဓိက၊
ကရောမိ ရင်္ဂံ ပရိသာယ၊
ဟာသယာမိ မဟာဇနံ။

"မဟာပုည- ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူသော။ မဟိဒ္ဓိကာ- တန်ခိုးအရာတွင် လွန်စွာကြီးမားတော်မူသော။ မောဂ္ဂလာန်- လက်ဝဲတော်ရံ မောဂ္ဂလာန်ဟု ထေရ်ပျံအကျော် မြတ်ဘုန်းမော်ဘုရား။ ဣဿံ-တပည့်တော် ရှိသေစွာ ပန်ကြားပါ၏။ ပဿ—ရှုတော်မူပါလော့။ အဟံ-ဥဂ္ဂသေန နာမထင်ရှား တပည့်တော် ကျွမ်းသမားသည်။ ပရိသာယ— ကြွရောက်ရှုစားအားပေးလာကြသော ပွဲရှုပရိသတ်အတွက်။ ရင်္ဂံ-အတောင် ခြောက်ဆယ် မြင့်ကြွယ်မားမား တိုင်ထိပ်ဖျား၌အံ့အားသင့်ဖွယ် အသွယ်သွယ် သော ဘားကျွမ်းအတတ် ပညာရပ်များဖြင့် ကပြခြင်းကို။ ကရောမိ-စွဲမက် စရာ ဆက်လက်၍ အသုံးတော်ခံပါအံ့။ မဟာဇနံ—ရှုလိုဇောနှင့် မျှော် တလင့်လင့် အာရုံစူးနေကြသော ပရိသတ်ကို။ ဟာသယာမိ-ရွှင်မြူးလေ အောင် တပည့်တော် ဆောင်ရွက်ပြပါအံ့ဘုရား။ ပဿ- ရှုတော်မူပါလော့"

ဤသို့ လျှောက်ထားပြီးနောက် ဥဂ္ဂသေနသည် ၎င်း၏အလားတိုင် ထိပ်ဖျားမှ လွှားကနဲ ကောင်းကင်ပေါ်သို့ လှုပ်စွာ ပျံတက်ပြီးလျှင် လေ ထဲတွင် ဆယ့်လေးပတ်တိတိ ဘားကျွမ်း အမျိုးမျိုးကို ကျွမ်းထိုး၍ ပြပြီးမှ မူလနေရာ တိုင်ထိပ်တွင် ရိပ်ကနဲပြန်၍ ရပ်တည်ပြလေရာ ပရိသတ်အပေါင်း သည် အလွန်နှစ်သက်ထောင်းအားရ ဝမ်းမြောက်ကြသည် အားလျော်စွာ ဩဘာလက်ခုပ် တဖြောင်းဖြောင်းနှင့် ရှိနေကြကုန်လေ၏။ လေထဲတွင်ဝဲ၍ ကျွမ်းဆယ့်လေးပတ် အဆက်မပြတ်ထိုးပြလေသည်တွင် ပရိသတ်မှာဟာကနဲ့, ဟာကနဲ "အောက်များကျသွားမှဖြင့် အရိုးအသားတောင် ရှာတွေ့တော့ မှာမဟုတ်ဘူး"ဟူ၍ သည်းတလှုပ်လှုပ်, ရင်တဖိုဖိုနှင့် ကြည့်ကြရကုန်လေ၏။

ဥဂ္ဂသေန ကျွမ်းသမားသည် တိုင်ထိပ်ပေါ်တွင် ရပ်တည်လျက်မှ ငါ ကပြသည်ကို ဘုရားသခင် နှစ်သက်တော် မူပါလေစ ဟူ၍ ဘုရားဘက်သို့ မျက်နှာမူ၍ အကဲခတ်လိုက်သည်။ ထိုအခါ မြတ်စွာဘုရားသည် ဥဂ္ဂသေန ကျွမ်းသမားအား ဤစကားဖြင့် သတိပေးတော်မူ၏။ "ဥဂ္ဂသေန၊ သင်ကား သဘင်ပညာသည် ပီသပေ၏စွ။ အဇ္ဈာဝေဟာင် မိုးကောင်းကင်ပြင်ကြီးပေါ ဝယ် သူတထူးကပြခြင်းငှာ မစွမ်းနိုင်သော ဘားကျွမ်းအတတ်ဖြင့် ပရိသတ် အား နှစ်သိမ့်စေနိုင်ဘိ၏။ မိမိ၏ကိုယ်ကာယကို တိုင်ထိပ်ဖျားနှင့် လွတ် အောင် လွှတ်ခွာလျက် မိုးပြင်ထက်ဝယ် ကျွမ်းအမျိုးမျိုး ကစားပြနိုင်ပေ ၏။ ချီးကျူးဂုဏ်ယူဖွယ်ပင် ဖြစ်ပေ၏။

သို့သော်...ဥဂ္ဂသေန၊ သူတော်ကောင်း မည်သည်ကား.... တဏှာကို ကိုယ်မှကွာအောင်ခွာ၏၊ တဏှာက အာလယပြတ်အောင် ဖြတ်တောက်ပစ် လေ၏။ ဖြစ်ပြီး ဖြစ်ဆဲ, ဖြစ်လတ္တံ့. အတိတ်, ပစ္စုပ္ပန်, အနာဂတ်, ခန္ဓာဖြစ်သော ထိုသို့သော စွဲလမ်းမှု ဥပါဒါန်၊ တဏှာဟူသော အာလယမှ

လွှတ်မြောက်အောင် ရှုန်းထွက်လေ။ သင်သည်လည်း တဏှာအာလယ ပြတ်အောင် ဖြတ်ရန်သင့်၏”ဟု မိန့်တော်မူပြီးလျှင် ဤဂါထာကို ဆိုတော်မူ၏။

မုဉ္စပုရေ မုဉ္စ ပစ္ဆတော၊
မဇ္ဈေ မုဉ္စ ဘဝဿ ပါရဂူ၊
သဗ္ဗတ္ထ ဝိမုတ္တမာနသော၊
နပုန ဇာတိဇရံ နုပေဟိသိ။

“ဥဂ္ဂသေန - တိမ်လွှာယှက်ရံ ဝေဟင်ဘုံဝယ် သည်းတုန်ရင်လှုပ် တဖျပ်ဖျပ်လျှင် ဆက်ဆက်တုန်မျှ ကျွမ်းထိုးကသည့် ဥဂ္ဂသေနာ အို.... ဒကာ။ တွံ-သင်သည်။ ပုရေ—အဟောင်းဖြစ်သော ခန္ဓာ၌။ ပဝတ္တံ-ဖြစ်ခဲ့ပြီးသော တဏှာကို။ မုဉ္စ—အာလယ ပြတ်အောင်ဖြတ်၍ လွှတ်လော့။ ပစ္ဆတော—နောင်အနာဂတ် ခန္ဓာ၌။ ပဝတ္တံ—ဖြစ်လတ္တံ့သော တဏှာကို မုဉ္စ-အာလယပြတ်အောင် ဖြတ်၍လွှတ်လော့။ မဇ္ဈေ—အလယ်ဖြစ်သော ပစ္စုပ္ပန်ခန္ဓာ၌။ ပဝတ္တံ-ဖြစ်ဆဲတဏှာကို။ မုဉ္စ—အာလယပြတ်အောင် ဖြတ်၍လွှတ်လော့။ သဗ္ဗတ္ထ-ခပ်သိမ်းသော အတိတ်, အနာဂတ်, ပစ္စုပ္ပန် ခန္ဓာ၌။ ဝိမုတ္တမာနသော—တဏှာမှလွှတ်သော စိတ်ရှိသူသည်။ ဘဝဿ—ဘဝသုံးပါး၏။ ပါရဂူ အဆုံးသို့ရောက်လေ၏။ တွံ-သင်သည်။ ပုန—နောက်ထပ်တဖန်။ ဇာတိဇရံ—ဆင်းရဲနှင့် တွဲကပ်နေသော ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ သေရခြင်းသို့။ နုပေဟိသိ—မကပ်ရောက်ချင်နှင့်တော့။ ဝါ-ကပ်ရောက်ရန် မတောင့်တနှင့်တော့”

ဤတရားတော်ကို ဥဂ္ဂသေန ကျွမ်းသမားသည် တိုင်ထိပ်ဖျားမှ ကြားနာရ၏။ တရားတော်ကို ကြားနာနေသည့် အခိုက်တွင် နိဗ္ဗာန်သည် သူ၏ လက်တကမ်းအရပ်၌ ရောက်လျက်ရှိနေပြီ ဖြစ်၏။ တရားတော်ကို ကြားနာရပြီးသည်နှင့် တပြိုင်နက် နိဗ္ဗာန်ကို “စွေ့ကနဲ” သိမ်းပိုက်လိုက်ပြီး အာသဝေါကင်းကွာ ရဟန္တာ ဖြစ်သွားလေသတည်း။

ထိုအချိန်မတိုင်မီကလေး၌ ဥဂ္ဂသေနသည် နိဗ္ဗာန်ဆိုသည်ကို တွေးရုံမျှ သူ မတွေးမိ။ ထိုအခါက သူ့စိတ် သူ့အတွေးကား ဘားကျွမ်းအကထဲ၌ နစ်နေ၏။ “ငါ၏ ဘားကျွမ်းပညာစွမ်းကို လူတွေက ကြိုက်ကြရဲ့လား၊ ဗုဒ္ဓမြတ်ဘုရား ကဏကာ နှစ်သက်တော် မူပါရဲ့လား....”ဟူသော စိတ်များသည်ကား မိုးသားတိမ်လိပ်တို့ကဲ့သို့ တရိပ်ရိပ် ပြေးနေလေသည်။

ဤဝတ္ထုကြောင်းအားဖြင့် ကချေသည် ဇာတ်သမားများသည် ဟာသငရဲသို့ လားရသည်ဆိုသောစကားမှာ ယုတ္တိမတန်၊ ရဟန္တာ ဖြစ်၍

နိဗ္ဗာန်သို့ပင် ရောက်နိုင်ပုံကို ကျွမ်းသမား ဥဂ္ဂသေနက သာဓက ပြသွားပေသည်။

တိုင်ထိပ်ပေါ်တွင် အာသဝေါကင်းကွာ ရဟန္တာဖြစ်သွားလျှင် ဥဂ္ဂသေနသည် ဘားကျွမ်းကပြရာ တိုင်ထိပ်ဖျားမှ ဆင်းသက်ပြီး ဘုရားသခင်၏ ထံတော်တွင် ရဟန်းပြု ပေးပါရန် တောင်းပန်လေသော် "ဧဟိဘိက္ခု"ဟု ခေါ်လိုက် ခါမျှဖြင့် ပရိက္ခရာ ရှစ်ပါးလွယ်လျက် ဧဟိဘိက္ခုရဟန်းဖြစ်လာ၏။

ဥဂ္ဂသေနသည် ရဟန္တာဖြစ်၍ နိဗ္ဗာန် ရောက်၍သာ ရောက်သွား၏။ သူသည် နိဗ္ဗာန်ရောက်ကြောင်း တရားကိုကားအားထုတ်ရခြင်းမရှိခဲ့။ ကချေသည်ပီပီ ကပြမှု ဘားကျွမ်း လုပ်ရပ်၌သာ ဇောကပ်နေခဲ့ရသည်။ သို့သော် တရားကို အားမထုတ်နိုင်၍ နိဗ္ဗာန်ကို မရဟူ၍ မဆိုသာ၊ တကြိမ်တခါပင်ဖြစ်စေဦးတော့ တရားနှင့် ထိထိရောက်ရောက် ထိတွေ့ခွင့် ရလျှင် နိဗ္ဗာန်သည် လူနှင့်မဝေးလှ။လက်တကမ်းမှာ တည်ရှိနေကြောင်းကို ကျွမ်းသမား ဥဂ္ဂသေနက အခိုင်အမာ သာဓကပြသွားပေသည်။

သဋ္ဌေးသား ဥဂ္ဂသေန ကျွမ်းသမား ရဟန်း ဖြစ်လာသောအခါ စူးစမ်းလိုသော သဘောဖြင့် ဥဂ္ဂသေနအား ရဟန်းတို့က မေးကုန်၏။ "ငါ့ရှင် ဥဂ္ဂသေန၊ အတောင်ခြောက်ဆယ် မြင့်မားသော တိုင်ထိပ်ဖျားဝယ် ဘားကျွမ်း ကစားပြလေသောအခါ တိုင်ထိပ်ပေါ်က ဆင်းသက်လာသောအခါများ၌ သင် မကြောက်ဘူးလား" ဟူ၍ မေးကုန်၏။ "တပည့်တော်မှာ ကြောက်စိတ်လုံးဝမရှိ" ဟု ဥဂ္ဂသေနက ဖြေလတ်သော် ရဟန်းတို့သည် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။

"အရှင်ဘုရား....ဥဂ္ဂသေနသည် 'မကြောက်' ဟူ၍ မမှန်စကားကို ဆိုနေပါ၏" ဟု လျှောက်လျှင်....

"ရဟန်းတို့၊ ငါ၏ ချစ်သား ဥဂ္ဂသေနနှင့် တူကုန်သော သံယောဇဉ်ပြတ်ပြီး ရဟန်းတို့သည် မကြောက်ကုန်၊ မထိတ်လန့်ကုန်"

သဗ္ဗသံယောဇနံ ဆေတွာ၊
ယော ဝေ န ပရိတဿတိ၊
သံဂါတိဂံ ဝိသံယုတ္တံ၊
တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။

ဘိက္ခဝေ၊ ချစ်တပည့်ရဟန်းတို့။ ယော၊ မည်သူမည်ဝါမဆိုအကြင်ပုဂ္ဂိုလ်သည်။ သဗ္ဗသံယောဇနံ၊ လျှပ်နိုင်အောင် တုပ်နှောင် ထားတတ်

သော သံယောဇဉ် ကြိုးအားလုံးကို။ ဆေတွာ၊ ဖြတ်တောက်ပြီးသည်ရှိသော်။ ဝေ၊ စင်စစ်။ နုပရိတဿိတိ၊ မပူပန်။ သံကိလိဂံ၊ ကင်ငြိတတ်သော ကိလေသာကို လွန်မြောက်လေပြီးသော။ ဝိသံယုတ္တံ၊ ကိလေသာနှင့် ယှဉ်သော။ တံ၊ ထိုပုဂ္ဂိုလ်မျိုးကို။ အဟံ၊ ငါသည်။ ဗြာဟ္မဏံ၊ ဗြာဟ္မဏဟူ၍။ ဗြူမိ၊ ဟောတော်မူ၏။

ဤဒေသနာ၏ အဆုံး၌ များစွာသော ရဟန်းတို့ တရားထူးကိုရကြလေကုန်၏။ အခါတပါး၌ ရဟန်းတို့သည် ဓမ္မသဘင်၌ အရှင် ဥဂ္ဂသေနနှင့် ပတ်သက်၍ စကားဆိုကုန်၏။ "ငါ့ရှင်တို့.... နိဗ္ဗာန် စခန်းနှင့် သို့စင်မျှ နီးကပ်သော အကြောင်း အင်္ဂါ လက္ခဏာတို့နှင့် ပြည့်စုံသော ဥဂ္ဂသေန ရဟန်းအား ကချေသည်၏ သမီးကိုမှီ၍ ကချေသည်များနှင့် အတူတကွ သွားလေရာရာတို့ ပါနေခြင်း အကြောင်းကား အဘယ်သို့ ဖြစ်လေသနည်း။ အချိန်တိုတိုနှင့် အရဟတ္တဖိုလ်ကို ရရှိသွားနိုင်ခြင်း၏ အကြောင်းကား အဘယ်နည်း" ဟုဆိုပြောနေကြကုန်၏။

ထိုခဏ ဘုရားသခင်ကြွလာတော်မူပြီး "သင်တို့ အဘယ်စကားဖြင့် စည်းဝေးနေကြကုန်သနည်း" ဟု မေးတော်မူသဖြင့် ရဟန်းတို့က အကျိုးအကြောင်း လျှောက်ကြသောအခါ "ရဟန်းတို့-သင်တို့ သိလိုသောအချက်နှစ်ချက်ကား သည်ဟာကြောင့်" ဟူ၍ ထိုအချက် နှစ်ချက်ကို ပေါ်လွင်ထင်ရှားစွာ ပြတော်မူလို၍ အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်း၍ ဤသို့ မြွက်ကြားတော်မူသတည်း။

ရဟန်းတို့.... လွန်လေပြီးသော အခါ ကဿပဘုရားသခင်၏ သရီရဓာတ်တော် မွေတော်များကို ဌာပနာ၍ လူတို့သည် ရွှေစေတီကြီးတည်ကြကုန်သတတ်။ ထိုအခါ ဗာရာဏသီ မြို့သူမြို့သားတို့သည် "ငါတို့လည်း လုပ်အား ပေးကြကုန်အံ့" ဟူ၍ လှည်းများပေါ်တွင် စားနင်ရိက္ခာအပြည့်အစုံတင်လျက် စေတီတည်ရာသို့ သွားကြကုန်စဉ် လမ်းခရီးအကြား၌ ဆွမ်းခံကိုယ်တော်တပါးကို တွေ့ကြလေကုန်၏။

ထိုအခါ လှည်းတစီးပေါ်မှ လင်မယား နှစ်ယောက်သည် ဆွမ်းခံကိုယ်တော်ကို ကြည့်ကာ.... "မောင်....ဆွမ်းခံ အရှင်သူမြတ်၏ သပိတ်ကို ယူချေပါ မောင်ရယ်.... ပါလာတဲ့ စားဖွယ်သောက်ဖွယ်များ လှူကြပါစို့လား" ဟု မယားက လင်ကို တိုက်တွန်းသည်။ လင်သွား၍ ဆွမ်းခံကိုယ်တော်ထံမှ သပိတ်ကိုယူပြီး လင်မယားနှစ်ယောက်သား သဒ္ဓါတရား ထက်သန်စွာဖြင့် စားသောက်ဖွယ်များကို သပိတ်ထဲ ထည့်၍ ကပ်လှူပြီးလျှင် ဤသို့ ဆုတောင်းကြကုန်၏။ "အရှင်ဘုရား၊ ဤကောင်းမှုကြောင့် အရှင်ဘုရား

တို့နှင့်တူသော ကုသိုလ်အဖို့ကို ရရှိကြပါစေသား''ဟု ဆုတောင် ကြကုန်၏။ ထိုအရှင်သူမြတ်ကား ရဟန္တာဘပါး ဖြစ်သတည်း။

ထို့ကြောင့် ထိုလင်မယား နှစ်ယောက်တို့၏ ဆုတောင်းပြည့်နိုင်၊ မပြည့်နိုင်ကို ရှုကြည့်လတ်သော် ဆုတောင်းပြည့်မည်ကို သိရှိတော်မူလျှင် ဝမ်းမြောက်သဖြင့် ပြုံးတော်မူမိလေ၏။

ထိုအခြင်းအရာကို မြင်လတ်သော်.... မယားက လင်ကို လက်တို့၍ ခပ်တိုးတိုး ပြောလေသည်ကား—

''မောင်.... ဟိုမှာ အရှင်သူမြတ်က ပြုံးတော် မူနေတယ်.... အရှင်မြတ်ရဲ့ ပြုံးတော်မူပုံဟာ ကချေသည်များရဲ့ အပြုံးနဲ့ မတူပေဘူးလား။ အရှင်သူမြတ်ဟာ ဇာတ်ထဲမှာ လိုက်ယင် ကချေသည်ကောင်း တယောက် ကောင်းကောင်း ဖြစ်နိုင်လောက်စရာ ရှိတယ်....''ဟု ပြောလျှင် လင်ဖြစ်သူကလည်း ''အေးကွယ် မင်းသားတယောက်လောက်တော့ ကောင်းကောင်း ဖြစ်နိုင်တယ်''ဟု ဆိုမိချေ၏။

ဤသို့ ရဟန္တာအား ကချေသည်ဟူ၍ ပြောဆိုမိချေသော ဝစီကံကြောင့် ယခုဘဝတွင် သူတို့လင်မယားသည် ကချေသည် ကျွမ်းသမားဖြစ်ကြရသတည်း။

ထိုလင်မယားသည် ထိုဘဝမှ စုတေသော် နတ်ပြည်၌ ဖြစ်ကြ၏။ ထိုမှတဖန် စုတေပြန်သော် ယခုဘဝ၌ မယားဖြစ်သူကား ကချေသည် အိမ်၌ ဖြစ်လေ၏။

လင်ဖြစ်သူကား သဌေးအိမ်၌ ဖြစ်လေ၏။ ထိုသဌေးသားကား 'မင်းသားတလက်တော့ ကောင်းကောင်း ဖြစ်နိုင်သည်'ဟူ၍ ဆိုပြောမိခဲ့သော ဝစီကံကြောင့် ကချေသည် များနှင့်အတူ သွားလေရာရာ နောက်တော်က လိုက်ပါနေရခြင်း ဖြစ်၏။

ရဟန္တာ ပုဂ္ဂိုလ်အား ဆွမ်းလှူခဲ့သော ကုသိုလ်ဒါနကို အကြောင်းပြု၍ကား ဆုတောင်းခဲ့လေသည့်အတိုင်း အချိန်တိုတိုနှင့် အရဟတ္တဖိုလ်သို့ ရောက်ရှိရခြင်း ဖြစ်၏။ မယားလည်း ဘိက္ခုနီပြု၍ လင်ကဲ့သို့ပင် ရဟန္တာ ဖြစ်လေ၏ဟု အတိတ်ကို ဆောင်ပြတော် မူသတည်း။



## မစင်ကိုသာစား၍ ကိုယ်တုံးလုံးနေသော ဇမ္ဗုကတက္ကတွန်း၏

## လက်တကမ်း နိဗ္ဗာန်ဝေဿ

နိဗ္ဗာန်သည် ချမ်းသာ၏။

အိုရခြင်း၊ နာရခြင်း၊ သေရခြင်း မရှိသောကြောင့် ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်း၊ အန္တရာယ်ခပ်သိမ်း၊ ကြောင့်ကြခပ်သိမ်းတို့မှ ငြိမ်း၏။

လူသူလေးပါးတို့ အရောက်အပေါက်နည်း၏။ ပါရမီတံခွန် ဉာဏ်ရည်ချွန်သူများသာ ထိုနိဗ္ဗာန်သို့ ရောက်သွားကြ၏။

နိဗ္ဗာန်သို့ ရောက်ကြသည်ချင်း တူသော်လည်း ပုဂ္ဂိုလ်ကိုလိုက်၍ နိဗ္ဗာန်ပေါက်လမ်းကား တခြားစီ ပြားလေ၏။ ကိုယ့်လမ်းနှင့်ကိုယ် နိဗ္ဗာန်သို့ လားကြသွားကြ၊ ရောက်ကြကုန်၏။

အဘယ်လူမျိုးသည် နိဗ္ဗာန်ရောက်တတ်သနည်း။

နိဗ္ဗာန်ရောက်မည့်သူတို့၏ အနေအထိုင် အပြုအမူနှင့် ပုံပန်းသဏ္ဌာန်ကို အကဲခတ်ရန် မလွယ်လှ။

ဤပုံကိုကြည့်ပါ။

သူသည် နိဗ္ဗာန်စော်နံမည့်ရုပ်မျိုး ဟုတ်ပါ၏လော။ ရဟန္တာဖြစ်ပုံပေါ်ပါ၏လော။

သူ၏ အမူအကျင့်ကို ချင့်စဉ်ကား သူသည် ထမင်းကိုမစား၊ ချေးကိုသာ စားလေသည်။ အဝတ်အစား ဆို၍လည်း တလက်ဝါးစာမျှ ကိုယ်မှာမကပ်။ ကိုယ်တုံးလုံး နေလေသည်။

သူ၏ နေရာကား လူ ကား မ စွန်း ာအရ ဘည်း။ မစင်တော၊ ချေးတောထဲတွင် သူနေလေသည်။

သူ အဖြစ်သဲလိုက်ပုံက ရှိသေး၏။ သူ့ခြေနှစ်ချောင်းစံလုံး နင်းလိုက်ချေက မြေကြီးပြိုသွားမည်ကို စိုးပါသတဲ့။

ထို့ကြောင့် သူသည် ခြေနှစ်ဘက်စလုံး စုံချ၍ မြေမှာ မနင်းလေပဲ ခြေတချောင်းကို ထောင်လျက် ခြေတပေါင်ကျိုးဖြင့်သာ သူရပ်နေလေသည်။

ထိုသူ့ကို အသို ဆိုလေမည်နည်း။ နိဗ္ဗာန်စော်မနံ့ဟု ဆိုမည်လော။ ရဟန္တာရုပ်မပေါက်ဟု ထင်ကြေးပေမည်လော။

ဝိပါက်သည် လွန်စွာကြောက်စရာကောင်း၏။ လူသွားရာ အရိပ်ပါ၏။ သို-ပြုအပ်သော မကောင်းမှု၏ ဝိပါက်သည် ဘဝ အဆက်ဆက်သို့ တွယ်ကပ်၍ လိုက်နေတတ်၏။

ထို့ကြောင့်ပင် 'ဝဋ်မှာအမြဲ၊ ငရဲမှာအပ' ဟူ၍ ရှေး သူဟောင်းတို့ ဆိုကုန်သတည်း။

ကံကြမ္မာလောက် ဆန်းကြယ်သောအရာ ရှိအံ့ပင်မထင်။ ပြော၍ မယုံကြည်နိုင်လောက်အောင်သော ထူးထွေသည့် အံ့ရာသော်။ ရာဇဂြိုဟ် ပြည်သား လူထူးလူဆန်း တယောက်အကြောင်းကို ဓမ္မပဒအဋ္ဌကထာ*၌ တွေ့ရ၏။

ထိုလူထူးလူဆန်း၏ အတိတ်ဘဝက ပြုမှုချက်ကို ဦးစွာပထမ အနက် ဖော်ထားလေသည်ကား-

လွန်လေပြီးသောအခါ ကဿပဘုရားသခင် လက်ထက်တော်၌ သူကြွယ်တဦးသည် မထေရ် ရဟန်းတပါးကို ကြည်ညိုသဖြင့် ကျောင်း ဆောက်၍ ကိုးကွယ်ထားလေသတတ်။

ပစ္စည်းလေးပါး ဒကာခံ၏။ ထိုကျောင်းထိုင်ကိုယ်တော်ကို အိမ်ပင့်၍ အမြဲဆွမ်းကျွေး၏။

တခါသ၌ ထိုသူကြွယ်အိမ်တွင် ထိုကျောင်းထိုင် ကိုယ်တော် ဆွမ်း ဘုဉ်းပေးနေစဉ် အိမ်ရှေ့၌ ဆွမ်းခံ ရဟန်းတပါး ဆွမ်းရပ်လာသည်ကို သူကြွယ်မြင်လျှင် အိမ်ပေါ်မှ ကပျာကယာ ဆင်းပြေးသွားလေသည်။

ဆွမ်းခံကိုယ်တော်၏ တည်ငြိမ်သော ဣန္ဒြေကို မြင်ရသော် လွန်စွာ ကြည်ညိုလာသဖြင့် အိမ်ပေါ်ပင့်၍ ဆွမ်းကပ်လေ၏။ ထိုအာဂန္တု ရဟန်းကို မြင်လျှင် ကျောင်းထိုင်ကိုယ်တော်မှာ မျက်နှာပျက်စ ပြုလာသည်။

* ဓမ္မပဒ အဋ္ဌကထာ၊ ပ၊ ဗာလဝဂ်၊ ဇမ္ဗုကတ္ထေရဝတ္ထု၊ ၃၁၀။

ဇော်ဦး၊ ၈၁၈၀

အာဂန္တုရဟန်းအား ဆွမ်းကပ်ပြီးသောအခါ သူကြွယ်က "ဤသင်္ကန်းလျာ ပုဆိုးကို ဆိုး၍ ဝတ်တော်မူပါဘုရား"ဟူ၍ အဖိုးတန် သင်္ကန်းလျာ ပုဆိုးကို ထိုအာဂန္တုရဟန်းအား လှူလေသည်။

ထိုမှတပါး "အရှင်ဘုရားမှာ ဆံပင်တွေ ရှည်လှပြီ။ ခေါင်းရိတ်ဆံချရန် တပည့်တော်ဆတ္တာသည် ခေါ်ခဲ့ပါအံ့ဘုရား"ဟူ၍လည်းကောင်း၊ အရှင်ဘုရား ကျိန်းစက်ရန်အတွက် ညောင်စောင်းခုတင်ကို တပည့်တော် ဆောင်ခဲ့ပါအံ့ ဘုရား"ဟူ၍လည်းကောင်း လျှောက်ထားလေသည်ကို ကျောင်းထိုင်ရဟန်းက သဝန်တိုလာသည်။ သည်းမခံနိုင်လောက်အောင် ချဉ်လာသည်။

"ဤခဏတာ ခဏကလေး တွေ့ရသော ဤရဟန်းအား အရေးပေးဂရုစိုက်ပလေသည်။ ဟိုသင်းလှူ၊ သည်သင်းလှူနှင့် အလှူရက်ရောပလေသည်။ သူ့ဂေဟာတွင် နေ့စဉ်အမြဲ ဆွမ်းစားနေသော ငါ့အား ဤသို့သော ရိုသေသမှု ဂရုစိုက်ခြင်းမျိုး တခါဘူးမျှ မပြုစဘူး"

ဟူ၍ ရှေ့စိတ်တော်ကောက်၍ ငေါက်ငန်းငန်း ကျောင်းသို့ ပြန်သွားလေ၏။

သူကြွယ်သည် ထိုအာဂန္တုရဟန်းအား သူဆောက်လှူထားသော ကျောင်းသို့ ပင့်သွားပြီးလျှင် ဆတ္တာသည်အား ရှည်နေသော ဆံပင်များကို ရိတ်စေသည်။

အာဂန္တုရဟန်း ကျိန်းစက်ရန်အတွက် ညောင်စောင်းကို ယူ၍ ဇရပ်ထက်တွင် ကိုယ်တိုင် အိပ်ရာခင်းပေးသည်။

"ဤကျောင်း၊ ဤညောင်စောင်းမှာ ကျိန်းစက်တော် မူပါဘုရား" ဟု လျှောက်ထားပြီးလျှင် မနက်ဖြန် နံနက်တွင် နှစ်ပါးလုံး မိမိအိမ်သို့ ဆွမ်းဘုဉ်းပေး ကြွတော်မူပါနှင့် ပင့်လျှောက်ပြီး ပြန်သွားလေသည်။

အာဂန္တု ရဟန်းပေါ်တွင် သူကြွယ်၏ စေတနာ သဒ္ဒါလှန်ကဲမှုကို မျက်စိရှေ့တွင် မြင်တွေ့ရသောအခါ ကျောင်းထိုင်ပုဂ္ဂိုလ်၌ မနာလို သဝန်တိုစိတ်များက အဆိပ်တက်သကဲ့သို့ တက်လာကုန်တော့၏။

ထို့ကြောင့် နေစွယ်ကျိုးစ နေဝင်ဖျိုးဖျ အချိန် လောက်တွင် ကျောင်းထိုင်ပုဂ္ဂိုလ်သည် အာဂန္တုရဟန်းနေသော အခန်းထဲသို့ ထွက်၍ ဝင်သွားပြီးလျှင် ထိုအာဂန္တုရဟန်းအား အကြောင်းလေးမျိုးတို့ဖြင့် ကျိုးချိ ဖွဲ့ဖွဲ့ ဆဲရေးခြင်း ပြုပါလေတော့သည်။

၁။ ငါ့ရှင် အာဂန္တု၊ သူကြွယ်အိမ်က ဆွမ်းကို စားရခြင်းထက် မစင်စားရသည်က မြတ်သေး၏။

၂။ သူကြွယ်ခေါ်ဆောင်လာသော ဆတ္တာသည်၏ ခေါင်းရိတ်ခြင်း ခံရသည်ထက် ထန်းစစ်ကြောဖြင့် ဆံပင်ကို ရိတ်ခြင်းက မြတ်သေး၏။

၃။ သူကြွယ် လှူသော သင်္ကန်းကို ဝတ်ရုံရခြင်းထက် အဝတ်မဝတ်ပဲ အချည်းနှီး လှည့်နေရခြင်းက မြတ်သေး၏။

၄။ သူကြွယ်လှူသော ညောင်စောင်းပေါ်မှာ အိပ်ရခြင်းထက် မြေကြီး ပေါ်မှာ အိပ်ရခြင်းက မြတ်သေး၏။

ထိုစကားကို ကြားရသောအခါ အာဂန္တုရဟန်းသည် "ငါ့ကို အကြောင်းပြု၍ ဤလူမိုက်မပျက်စီးပါစေလင့်" ဟူ၍နံနက်စောစောထလျက် ကျောင်းထိုင်ပုဂ္ဂိုလ်ကို မပန်ကြားလေပဲ ကျောင်းမှထွက်ခွာသွားလေ၏။

ကျောင်းထိုင်ပုဂ္ဂိုလ်သည်လည်း နံနက်စောစောထ၍ တံမြက်လှည်း ခြင်း စသော အမှုများကို ပြုလုပ်ပြီးနောက် ဆွမ်းခံချိန် ရောက်လာသော အခါ....

"အာဂန္တုရဟန်း ခုအထိ အိပ်တုန်းရှိသေးသည်။ ခေါင်းလောင်း ထိုး၍ နှိုးအောင်နှိုးအံ့" ဟူသော အမှတ်ဖြင့် လက်သည်းဖြင့် တခြစ်ခြစ် ပြု၍ ခေါင်းလောင်းကို ထိုးပြီးလျှင် တပါးတည်း ဆွမ်းစားကြွလေ၏။

သူကြွယ်သည်လည်း ဆွမ်းပွဲကို အသင့်ပြင်၍ အိမ်မှစောင့်နေသည့် အခိုက် ကျောင်းထိုင်ပုဂ္ဂိုလ် ဆိုက်ရောက်တော်မူလာသော်လည်း အာဂန္တု ရဟန်းကို မမြင်သဖြင့် ...

"အရှင်ဘုရား၊ အာဂန္တုကိုယ်တော်ကောဘုရား" ဟူ၍ မေးလျှောက် လေသည်တွင်....

"ဒကာ....ငါ့ကို ဘာစကားမှ မမေးနှင့်၊ ဒကာကြီး၏ ရဟန်းကား အခန်းတံခါးပိတ်၍ အိပ်နေ၏၊ ငါ စောစောထ၍ တံမြက်လှည်းနေသံ၊ သောက်ရေ၊ သုံးရေမျာ း လောင်းထည့်သံ ခေါင်းလောင်းထိုးသံ များကို လည်း သူမကြား မသိလေ။ သင့် ရဟန်းကား ရဟန်းတန်မဲ့ အအိပ်ကြီး ဘိသည်တကား" ဟု ဆို၏။

သူကြွယ်သည် အကင်းပါး၏။ လူရိပ်လူကဲသိ၏၊ ကျောင်းထိုင် ပုဂ္ဂိုလ် ပြောဆိုသောလေသံနှင့် အမူအရာများကို ကြည့်ခြင်းအားဖြင့် ကျောင်းထိုင်ပုဂ္ဂိုလ်သည် အာဂန္တုရဟန်းအပေါ်၌ မကျေမချမ်း ဖြစ်နေ ကြောင်း၊ မနာလို သဝန်တိုနေကြောင်း ရိပ်စားမိလေသည့်အလျောက် ထိုနေ့အဖို့ဘွဲ့ ကျောင်းထိုင်ကိုယ်တော် ကျေနပ်နှစ်သိမ့်မှု ဖြစ်စေရန်အတွက် အထူးသဖြင့် ကောင်းမွန်ရိုသေစွာ ပြုစုလုပ်ကျွေးရှာလေ၏။ ဤသို့ ပြုစု

လုပ်ကျွေးယင်းမှ အာဂန္တုရဟန်း ဆွမ်းမစားရမည့် အခရေးကိုလည်းတွေး၍ ပူပန်မိလာသည်။

ထို့ကြောင့် ဆွမ်းစားပြီးခလသော အခါတွင် အာဂန္တုရဟန်း ဆွမ်းများကို ဆောင်ကြဉ်းသွားပါရန် ကျောင်းထိုင်ပုဂ္ဂိုလ်မှတဆင့် လှူလိုက်လေ၏။ ကျောင်းထိုင်ပုဂ္ဂိုလ်သည် ထိုဆွမ်းကိုလှူစဉ်က သူ့ဆွမ်းဒါယကာ သူကြွယ်အား မည်သို့မျှဆိုပြောခြင်း မပြုခဲ့သော်လည်း ဩပိတပိုက်လျက် ငိုက်စိုက်ငိုက်စိုက်နှင့် သူကြွယ်အိမ်မှ ပြန်လာခဲ့၍ လမ်းခရီးအကြားရောက်သောအခါ....

"သည်ဆွမ်းကို သွားပေးလိုက်ချေက ငါ့အတွက် ဆွမ်းကိုခတာင် ယူပေးရသည်"

ဟူ၍ အလိုရမ္မက်ဖြင့် ရောင့်တက် သွားလေတော့မည်, ဟူသော မနာလို၊ မရှုဆိတ်နိုင်သည့်အတွေးဖြင့် အာဂန္တုရဟန်းအတွက် သူကြွယ်က လှူလိုက်သော ဆွမ်းများကို လမ်းတွင်သွန်ပစ်လိုက်လေသတည်း။

ကျောင်းသို့ ပြန်ရောက်ခသာအခါ အာဂန္တုရဟန်း နေသော အခန်းသို့ သွားရောက်ကြည့်ရှုသော်လည်း အဂန္တုရဟန်းကို မတွေ့ရတော့ပဲ ရှိလေ၏။

ဤမျှသာ စိတ်ထားမသာမှုကို ပြုမိခါမျှဖြင့်ပင် ထိုကျောင်းထိုင် ကိုယ်တော်ကား နှစ်ပေါင်း နှစ်သောင်းတိုင်တိုင် တရားကို အားထုတ်ပါ ငြားသော်လည်း သမာဓိရှိရှိနှင့် အားမထုတ်နိုင်ပဲ ဖြစ်နေ၏။ ထိုဘဝမှ စုတေသော် အဝီစိသို့လားလေသတည်း။ ဘုရားပဆူအကြား အဝီစိမှ လွတ်ခွင့်မရလေပဲ ဆင်းရဲကြီးစွာ ခံရလေ၏။

ဂေါတမရှင်တော်မြတ်ဘုရား ပွင့်သွန်လာသောအခါတွင်မှ အဝီစိမှ လွတ်မြောက်လာပြီး ရာဇဂြိုဟ်မြို့ အစားအသောက်ပေါများသော အမျိုး အနွယ်အိမ်၌ ဖြစ်လေ၏။ အမည်အားဖြင့် ဇမ္ဗုကဟု တွင်လေ၏။

ဇမ္ဗုကသည် ပြေးနိုင်လွှားနိုင်အရွယ်မှစ၍ အိပ်ရာ၌အိပ်လိုစိတ်လည်း မရှိ၊ ထမင်းစားလိုစိတ်လည်းမရှိ။ အတိတ်ဘဝက ပြုမှားခဲ့ဖူးသော ဝိပါက်အကျိုးသည် ထီးကွဲသို့မိုးကာ လိုက်ပါလာလေပြီတည်း။

"အာဂန္တုရဟန္တာပုဂ္ဂိုလ်အား သူကြွယ်လှူသာဆွမ်းကိုစားရခြင်း က်ထမစင်ကိုစားရခြင်းက မြတ်သေး၏"

ဟု ဆိုပြောမိခဲ့သော ဝစီကံကြောင့် သူသည် မိမိယိုသောမစင် ကိုသာ စားနေ၏။

ထိုအကြောင်းကို မိဘတို့ သိရှိလတ်သော်....'မိုက်သေးတဲ့ အရွယ် ပေပဲ''ဟူ၍ ခွင့်လွှတ်ကာ ကြီးပြင်းအောင် မွေးမြူကြကုန်၏။

အသက်ကြီးပြီး၍ လူသားမြောက်လာသောအခါ၌လည်း ဇမ္ဗုကာသည် အဝတ်မဝတ် ; လပ်ကိုယ်လုံးတီးသာနေ၏။ အိပ်သော အခါ၌လည်း အိပ်ရာခွင်မအိပ်ပဲ မြေကြီးပေါ်၌သာ အိပ်လေ၏။ အစာကိုလည်း မိမိယိုသော မစင်ကိုသာ စားလေ၏။

သားဖြစ်အင်ကို မြင်ရသောအခါ မိဘတို့သည် ယူကျုံးမရ ဖြစ်ကုန်၏။ ရှက်လည်းရှက်ကုန်၏။ ရပ်ထဲရွာထဲနေရန် မလျောက်ပတ်၊ သူကဲ့သို့ပင် အဝတ်မဝတ်သော တက္ကတွန်းများထံပို့မှ သင့်တော့မည်ဟု လင်မယား နှစ်ယောက်သား တိုင်ပင်ကြပြီ နောက် သားဇမ္ဗုကကို တက္ကတွန်းများ ကျောင်းသို့ သွားရောက် အပ်နှံကြကုန်လေ၏။

"ဤသူငယ်ကို ရှင်ရဟန်းပြုပေးကြပါ ဘုရား"ဟူ၍ တောင်းပန်ကုန်၏။ တက္ကတွန်းတို့သည်း ဇမ္ဗုကအား ရှင်ပြုပေးလိုက်ကြကုန်၏။

တက္ကတွန်းတို့၏ ရှင်ပြုနည်းကားဆန်း၏။ လည်ပင်းလောက်အထိ နက်သောတွင်းတူးတိမ်းပေါ်တွင် ပျဉ်ပြားခင်း၍ထိုပျဉ်ပြားထက်၌နေလျက် ထန်းစစ်ကြောဖြင့် ဆံပင်များကို ရိတ်ကြကုန်သတည်း။ ဤသို့ ပြုခြင်းအားဖြင့်တက္ကတွန်း ရဟန်းဖြစ်သွားလေ၏။

မိဘနှစ်ပါးတို့သည် မိမိတို့၏သား တက္ကတွန်း ရဟန်းနှင့်တကွ အခြားတက္ကတွန်းများအား မနက်ဖြန် ဆွမ်းစားကြရန် ပင့်လျှောက်ကြပြီး ပြန်ကြလေကုန်၏။

နေ့အရုဏ်ကျင်း၍ အလင်းသို့ရောက်လာချိန်တွင် ဆွမ်းစားသွားရန် ဇမ္ဗုကအား ရဟန်းတို့က ခေါ်ကုန်လတ်လေသော်....

"မလိုက်ဘူး၊ ဆွမ်းမစားလိုဘူး"ဟူ၍ ခါးခါးသီးသီး ငြင်းဆိုနေသောကြောင့် ခေါ်၍မရသည့်အဆုံးတွင် သူ့ကိုထားခဲ့ပြီး တက္ကတွန်းတို့သည် ဆွမ်းစားသွားကြလေကုန်၏။

ထိုအခါ ဇမ္ဗုကသည် ကုဋီသို့သွားကာ မန်မစော်အောင် ဖုံးပိတ်ထားသော ပျဉ်ချပ်ကိုဖွင့်ပြီးလျှင် မစင်များကို လုတ်ပလောင်း အငမ်းမရ စားလေ၏။

တက္ကတွန်းတို့သည် ဆွမ်းစားလျက်မှ ဇမ္ဗုကအတွက် မျှိမကျသဖြင့် ဆွမ်းကို လူလွှတ်၍ ကျောင်းသို့ပို့စေ၏။ ဇမ္ဗုကသည် ထိုပို့လှသော ဆွမ်းကိုလည်း စားလိုအာသီမရှိ။ တက္ကတွန်းတို့ ပြန် ရောက်လာသောအခါ ဇမ္ဗုကအား အမျိုးမျိုးဆိုပြော၍ ဆွမ်းစားရန် တိုက်တွန်းကြကုန်သော်လည်း မရချေ။

"ဤဆွမ်းကို အလိုမရှိ၊ တပည့်တော်မှာ စားစရာရှိသည်"ဟူ၍ ငြင်းပယ်ကာသာ နေ၏၊

"ဘယ်ကရသလဲ"ဟု တက္ကတွန်းတို့က မေးသောအခါ "သည်မှာပဲ ရတယ်"ဟူ၍ ဖြေ၏။

ဤသို့အားဖြင့် လေးငါးရက်တိုင်တိုင် ဇမ္ဗုကအား ဆွမ်းစားခေါ်၍ မရသောအခါ တက္ကတွန်းတို့သည် ဆွမ်းစား သွားခါနီးတွင် ကပ္ပိယ နှစ်ယောက်ကို ဇမ္ဗုကအား အကဲခတ်ရန် မှာထားခဲ့ကြလေ၏။

ဇမ္ဗုကသည် တက္ကတွန်းများ ထွက်သွားလေသောအခါ ကုဋီသို့ လာပျာကယာပြေး၍မစင်များကိုစားလေရာဤသည်ကိုမြင်ကြရသောကပ္ပိယ နှစ်ယောက်မှာ များစွာအံ့အားသင့်နေကြပြီး တက္ကတွန်းများ ပြန်ရောက် လာသောအခါ "ဇမ္ဗုက မစင်များကိုစားကြောင်း"ကို တိုင်ကြားကြ လေကုန်၏။

ထိုအခါ တက္ကတွန်းတို့သည် "ဤအမှုကား ကြီးလေးဘိစွ။အကယ်၍ ဂေါတမ၏ တပည့်သာဝကများ ထိုသတင်းကိုကြားကုန်ငြားအံ့၊တက္ကတွန်း တွေ မစင်စားနေကြသည် "ဟူ၍ ငါတို့အား သားပုပ်လေလွင့် အကျိုးမဲ့ အောင် ဆိုပြောကုန်လိမ့်အံ့။ ဇမ္ဗုကအား သည်မှာထားရန် မတော်" ဟူ၍ ဇမ္ဗုကအား ကျောင်းမှ နှင်ချလိုက်ကြလေသတည်း။

ဤနေရာကား လူအများ မစင်စွန့်ကြသည့်နေရာဖြစ်၏။ ထိုနေရာ တွင် ကျောက်ဖျာကြီးတခုရှိလေသည်။ ဇမ္ဗုက တက္ကတွန်းသည် ထိုနေရာသို့ ရောက်လာပြီး ထိုကျောက်ဖျာကို ကျောင်းသဖွယ်ပြု၍နေ၏။ ထိုကျောက် ဖျာ အနီးတွင် ကျောက်ရေကန်တခုလည်း ရှိလေရာ လူတို့သည် မစင် စွန့်ပြီးလျှင် ထိုကျောက်ရေကန်၌ ဆေးကြကုန်၏။

ဇမ္ဗုကအဖို့ ဤနေရာသို့ သူရောက်ရှိလာခြင်းမှာ 'စိုင်ကော်၍ချုံပေါ် ရောက်သည်' တင်လေမလားမသိ။ ညအခါ ရောက်သောအခါ သူ့အနီး အပါးတွင် လူတကာ ယိုထားသော မစင်များကို အလိုရှိတိုင်း ဖောဖော သီသီကြီး စားလေ၏။ မစင်ယိုပြီးသူများ ဆေးကြောရန်အတွက် ကျောက် ရေကန်သို့ ထွက်လာကြသောအခါ သူသည် ဆတ်ကနဲ ခြေတပေါင်ကျိုး ရပ်လိုက်ပြီး ပါးစပ်ဟ၍ နေလေ၏။

ဇမ္ဗုက၏ အသွင်ကို လူတို့မြင်လတ်သော်....သဒ္ဓါကြည်ညိုစိတ်ဖြင့် ချဉ်းကပ်ကြကုန်လျက် "အရှင်သူမြတ်ဘုရား၊ အဘယ့်ကြောင့် ပါးစပ် ဟပြီး ခြေတဘက်ထောင် (ခြေတပေါင်ကျိုး) ရပ်၍ နေပါသနည်း"ဟု သူ့ကို မေးလျှောက်ကြသောအခါ....

"ငါကား....လေကိုသာ စားနေ၏။ လေသည် ငါ၏ အာဟာရ ဖြစ်၏၊ လေမှတပါး အခြားဘာကိုမျှ ငါမစား"ဟု ဖြေ၏။

"အရှင်ဘုရား၊ ပါးစပ်ဟတာတော့ ဟုတ်ပါပြီ၊ အဘယ့်ကြောင့် ခြေတဘက်တည်း ထောက်၍ ရပ်နေပါသနည်း"ဟု မေးကြပြန်သော အခါ-

"ငါသည် မြတ်သောအကျင့်၊ ထက်သောအကျင့်ရှင်ဖြစ်၏။ ငါ၏ ခြေနှစ်ဘက်စလုံးအစုံချ၍ နင်းလိုက်ခဲ့သော် မြေလှုပ်သွားလတ္တံ့။မြေပြိုသွားလတ္တံ့။ထို့ကြောင့်ခြေတချောင်း မြှောက်၍ တချောင်းဖြင့်သာနင်းကာ ငါ ရပ်နေသည်။ငါသည် နေ့ရောညပါ ဤသို့သာရပ်နေ၏။ အိပ်လည်းမအိပ် ထိုင်လည်းမထိုင်"ဟု ဆို၏။

လူတို့မည်သည်ကား များသောအားဖြင့် ပြောစကားကို ယုံလွယ် တတ်ကုန်၏။ထို့ကြောင့်လည်း"အံ့ဖွယ်ကောင်းဘိစွ။ ဤသို့သောအကျင့်ရှင် ပုဂ္ဂိုလ်မျိုးကို တခါဖူးမျှ ငါတို့ မဖူးတွေ့ရစဘူး"ဟူ၍ အင်္ဂ တိုင်းသူ တိုင်းသား၊ မဂဓတိုင်းသူတိုင်းသားများသည် ဇမ္ဗုကအား "အကျင့်ရှင် ပုဂ္ဂိုလ်ထူး"ဟု ယုံမှတ်ကိုးကွယ်ခြင်း ပြုကြလေကုန်၏။

လတိုင်း လတိုင်း လှူဖွယ်ဝတ္ထုမျိုးစုံတို့ဖြင့် လာရောက်ပူဇော်ခြင်း ပြုကြလေကုန်၏။ ထိုအခါ"ဒါကာတို့၊ဒါယိကာမတို့၊ ငါကား လေကိုသာ စား၏။ လေမှတပါး အခြားဘာကိုမျှ ငါမစား။ အခြား အာဟာရကို ငါမှီဝဲခဲ့သော်....ငါ၏ အကျင့်ပျက်သွားလတ္တံ့။သင်တို့လှူဖွယ်ဝတ္ထုများကို ငါအလိုမရှိ"ဟု ပယ်လေ၏။

ဤသို့ဆိုလေ....၊ လူတို့က ပို၍ ကြည်ညိုသာလေလေ ဖြစ်ကုန်၏။ "တပည့်တော်တို့ကို သနား ငဲ့ညှာတော်မူပါဘုရား။ တပည့်တော်တို့ကို လှူအပ်သည်ကို အရှင်ဘုရားကဲ့သို့ အကျင့်မြတ်ရှိသူက အလှူခံ၍သာ သုံးဆောင်တော်မူခြင်းပြုလိုက်ပါသော်....တပည့်တော်တို့မှာရှည်လျားစွာသော နေ့ညတို့ကာလပတ်လုံး ချမ်းသာစီးပွားများခြင်းငှာ ဖြစ်နိုင်ပါသည်ဘုရား" ဟူ၍ လက်အုပ်မိုးကာ မိုးကာနှင့် အမျိုးမျိုး ချော့ချော်း၍တောင်းပန်ကြ လေသောအခါ....

"ဒကာတို့၊ ဒကာမတို့၊....လေမှတပါး အခြားအာဟာရကို ငါ အလိုမရှိ၊ သို့သော်....သင်တို့၏ သဒ္ဓါတရားကို ချီးမြှောက်သည့် အနေဖြင့် သင်တို့ယူဆောင်လာသည့် ထောပတ်,တင်လဲစသော လှူဖွယ်ဝတ္ထုများကို သမန်းမြက်ဖျားဖြင့်ယူ၍ ငါ့လျှာပေါ်တင်အံ့။ ဤမျှဖြင့် သင်တို့နှစ်သိမ့်ကြကုန်။ကျေနပ်ကြကုန်။ ဤသို့ ငါတို့လျှာဖျားနှင့် ထိတွေ့ခြင်းအားဖြင့်အလှူ မြောက်ပေပြီ၊လှူရကျိုးနပ်ပေပြီ။တနေ့တခြားစီးပွားဥစ္စာများဒီရေအလား တိုးပွားလတ္တံ့"ဟူ၍ လှူဖွယ်များ သမန်းမြက်ဖျားဖြင့် လျှာကိုတို့ပြီးလျှင် ပြန်လွှတ်လေသ၏။

ဇမ္ဗုကသည် ဤသို့လျှင် ဤအပြုအမူမျိုး၊ ဤအပြောမျိုးဖြင့် ငါးဆယ့်ငါးနှစ်တို့ ကာလပတ်လုံး လူတို့အား ဆိုပြောပြီးလျှင် အဝတ်လည်း မဝတ်၊ မစင်ကိုသာစားပြီး မြေကြီးပေါ်မှာ အိပ်ခြင်းဖြင့် အချိန်ကုန်လေသတည်း။

ဘုရားသခင်တို့မည်သည် လင်းအားကြီးအချိန်တွင်း အဘယ်ပုဂ္ဂိုလ် ကျွတ်ဘန်းဝင်လေ မည်နည်း,ဟု လောကကို ကြည့်ရှုတော်မူမြဲဖြစ်သည့် အတိုင်း....၊ တနေ့သော လင်းအားကြီးအချိန်တွင် သဗ္ဗညုတဉာဏ်တော်ကို ဖြန့်လျက် လောကကို ကြည့်တော်မူသောအခါ- ဗုဒ္ဓ၏ ဉာဏ်တော်ကွန်ရက်ပြင်ဝယ် ဇမ္ဗုက၏အသွင် ထင်လာလေ၏။

ထိုနေ့ နံနက်တွင် ဗုဒ္ဓသည် ရာဇဂြိုဟ်မြို့၌ ဆွမ်းခံပြီးရာမှအပြန် အရှင်အာနန္ဒာကို ခေါ်၍ ဤသို့ မိန့်တော်မူ၏။

ဗုဒ္ဓ “အာနန္ဒာ....၊ ငါသည် ကနေ့ ဇမ္ဗုက တက္ကသွန်းထံ သွားအံ့”

အာနန္ဒာ “အရှင်ဘုရား၊ တပါးတည်း ကြွတော်မမည်လား.... ဘုရား”

ဗုဒ္ဓ “အိမ်း....မှန်ပေ၏ ငါတပါးတည်း ကြွအံ့....”

ကောင်းကင်နေမင်းသည် မွန်းယိမ်းလေပြီ။ နေစွယ်ကျိုးစ ပြုလေပြီ။ ထိုအချိန် ဗုဒ္ဓတပါးတည်း ဇမ္ဗုကထံ ကြွတော်မူလေသောအခါ နတ်တို့သည် မစင်တို့ဖြင့် မသန့်မပြန့် ဖြစ်နေသော ဇမ္ဗုက၏ နေရာကို သန့်ပြန့်စေရန် အတွက် မိုးတို့ရွာစေကုန်၏။

မင်င်ခြောက် မစင်စိုတို့သည် ချောင်းပြောင်းတိုက်၍ ဆေးကြောဘိသည့် အလား အားလုံး သန့်ရှင်းသွားသည်သာမက မွှေးကြိုင်စေခြင်းငှာ ပန်းမိုးကိုလည်း ရွာစေကြကုန်သောကြောင့်.... ရှေးယခင်အခါ ယင်တလောင်းလောင်း၊ မစင်နံ့ဘထောင်းထောင်းနှင့် ရှိနေသော ဇမ္ဗုက၏ နေရာကား မစင်နံ့ကင်း၍ ပန်းရနံ့ တသင်းသင်းနှင့် ရှိလာလေသည်။

ဗုဒ္ဓသည် ညနေစောင်း နေဝင်ဆည်းဆာအချိန်တွင် ဇမ္ဗုကထံ ရောက်တော်မူသွားပြီး ဇမ္ဗုက သိစေရန် ချောင်းသံပေးပြီးလျှင် ‘ဇမ္ဗုက’ ဟုခေါ်လိုက်၏။

ဇမ္ဗုကသည် နားစွင့်လျက်မှ “ဘာကောင်မို့ ငါ့ကိုများ ဇမ္ဗုကလို့ ခေါ်ရတာလဲ”ဟူ၍ စိတ်ထဲတွင် မျက်ကနဲ့ ဖြစ်သွားရာက “ဘယ်သူလဲ” ဟု ပြန်၍မေးလိုက်၏။

“ငါပါ....ဇမ္ဗုက”ဟူသောအသံကို ကြားရသောအခါတွင် ခေါင်းငုံ၍ ကြည့်လိုက်သည်၊

ဇမ္ဗုက “ဪ....ရဟန်းကြီးဂေါတမပေကိုး။ ဘာကြောင့် လာသနည်း။ အကြောင်းကို ဆိုလော့”

ဗုဒ္ဓ “ဇမ္ဗုကာ၊ သင့်ထံ တညမျှ ငါ့ကို နေခွင့်ပေးပါ”

ဇမ္ဗုကာ “သည်မှာ နေရာမရှိ ရဟန်းကြီး”

ဗုဒ္ဓ “သည်လို မလုပ်နှင့် ဇမ္ဗုကာ၊ တညမျှ ငါ့ကို နေခွင့်ပေးပါ”

ဇမ္ဗုကာ “ရဟန်းတို့မည်သည် ရဟန်းကို တောင့်တကုန်မြဲ။ လူတို့မည်သည် လူကို မေးဖွားကုန်မြဲ။ သင်သည် ရဟန်း မဟုတ်တုံလော”

ဗုဒ္ဓ “ငါ ရဟန်း မှန်ပေ၏”

ဇမ္ဗုကာ “သင်ရဟန်းဖြစ်ခဲ့သော် ရေးဗူးစသော ရဟန်း အသုံးအဆောင် ပစ္စည်းများ အဘယ်မှာနည်း”

ဗုဒ္ဓ “ထိုပစ္စည်း အားလုံး ငါ့မှာ ရှိပေ၏။ သည်ဟာကို ထားလိုက်တော့ ဇမ္ဗုကာ။ ငါ မည်သည့်နေရာတွင် နေရမည်ကို ညွှန်ကြားပါလော့....”

ဇမ္ဗုကာ “ရဟန်းကြီး၊ သည်မှာ နေစရာမရှိပါဘူးလို့ ဘယ်နှစ်ခါ ပြောရဦးမှာလဲ”

ထိုအခါ ဗုဒ္ဓသည် ထိုနေရာနှင့် မနီးမဝေးကို လှမ်းကြည့်လိုက်ရာ ကမ်းပါးပြတ်ဘခုကို မြင်သဖြင့်....

ဗုဒ္ဓ “ဇမ္ဗုကာ၊ ဟိုကမ်းပါးပြတ်မှာ မည်သူနေသလဲ”

ဇမ္ဗုကာ “မည်သူမှ မရှိပါ ရဟန်းကြီး”

ဗုဒ္ဓ “ဒါဖြင့်.... ထိုနေရာကို ငါ့အားပေးပါလော့....”

ဇမ္ဗုကာ “သင့်သဘောပဲလေ၊ နေလိုသပဆိုက နေတာပ”

ထိုအခါ ဗုဒ္ဓသည် ထိုကမ်းပါးပြတ်သို့ သွား၍ နိသီဒိုင်ကိုခင်းလျက် ထိုင်တော်မူ၏။

ညဉ့်ဦးယံ အချိန်တွင် နတ်မင်းကြီး လေးယောက်တို့သည် အရပ်လေးမျက်နှာကို ထွန်းလင်းစေလျက် ဘုရားသခင်အား အလုပ်အကျွေးပြုရန် ရောက်လာကြကုန်၏။

ဇမ္ဗုကာသည် အသင်းရောင်များကို မြင်လေသော်....“သည်အလင်းရောင် ဘယ်ကအလင်းရောင်ပါလိမ့်မလဲ”ဟု စဉ်းစား၏။

မဇ္ဈိမယံတွင် ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် သိကြားမင်း ရောက်လာ၏။

ပစ္ဆိမယံ၌ တချောင်းလက်ညှိုး ထောင်၍ ထိုးရုံမျှဖြင့် စကြဝဠာ တတိုက်လုံး လင်းစေနိုင်သော ဗြဟ္မာကြီး ရောက်လာ၏။

ဇမ္ဗုကသည် တညလုံး ပြိုးပြိုးပြက်ပြက် တလက်လက် မှုံးပျံ့နေသော အရောင်များကို "ဘာရောင်တွေ ပါလိမ့်မလဲ" ဟူ၍ စိတ်ထဲ၌ မဝေခွဲနိုင်အောင် ဖြစ်နေသဖြင့် ခပ်စောစောပင် ဘုရားသခင်ထံသွား၍ အလ္လာပ သလ္လာပစကား ပြောပြီးနောက် ဤသို့ မေးလေသတည်း။

ဇမ္ဗုက "ရဟန်းကြီး၊ ညက သင့်ထံသို့ ကိုယ်ရောင်ကိုယ်ဝါ တဝင်းဝင်းနှင့် ရောက်လာသူတို့ကား မည်သူတို့ပါနည်း"

ဗုဒ္ဓ "စတုမဟာရာဇ်နတ်မင်းကြီးလေးပါးပါ ဇမ္ဗုက"

ဇမ္ဗုက "သူတို့ သင့်ထံသို့ ဘာ့ကြောင့်လာကြသနည်း"

ဗုဒ္ဓ "ငါ့ကို ဆည်းကပ် ခစားရန် လာကြကုန်သည် ဇမ္ဗုက"

ဇမ္ဗုက "ရဟန်းကြီး၊ နတ်မင်းကြီးလေးပါးထက်ပင် သင်က မြတ်ပါသလား"

ဗုဒ္ဓ "မှန်သည် ဇမ္ဗုက၊ နတ်မင်းလေးပါးထက် ငါက မြတ်ပေသည်"

ဇမ္ဗုက "မဇ္ဈိမယံမှာ ရောက်လာသူကတော ဘယ်သူပါလိမ့်"

ဗုဒ္ဓ "ထိုသူကား နတ်ဘုရင် သိကြားမင်းတည်း ဇမ္ဗုက"

ဇမ္ဗုက "သူကတော ဘာ့ကြောင့် သင့်ထံ လာပါသလဲ"

ဗုဒ္ဓ "သူသည်လည်း ငါ့ကို ခစားရန် လာပေသည် ဇမ္ဗုက"

ဇမ္ဗုက "ဩ....သင်က သိကြားမင်းထက်ပင် မြတ်ပါသလား"

ဗုဒ္ဓ "မှန်၏၊ သိကြားမင်းထက် ငါမြတ်ပေသည်။ သိကြားမင်းကား ငါ နာမကျန်းရှိသည့်အခါ ငါ့အပါးတွင် ခြေဆုပ်လက်နယ် လုပ်ကျွေးပြုစုနေသူ သာမဏေငယ် အလားတည်း"

ဇမ္ဗုက "ဩော်....ဩော်....၊ ပစ္ဆိမယံမှာ တတောလုံး အရောင်ဖြင့် လင်းအောင် ခွင်းလျက် ရောက်လာသူကတော အသူပါနည်း"

ဗုဒ္ဓ "ဇမ္ဗုက၊ လောက၌ အကြွင်ပုဂ္ဂိုလ်ကို ပုဏ္ဏားစသူတို့ ဦးညွတ်ရာ၊ ရှိခိုးရာ မဟာဗြဟ္မာ ဟု ဆိုကုန်၏။ ဤမဟာဗြဟ္မာဆိုသူကား ညက ငါ့ထံလာသော ထိုဗြဟ္မာကြီးပင် ဖြစ်ပေ၏"

ဇမ္ဗုက "ဩ.... သင်ကား ဗြဟ္မာကြီးထက်လည်း မြတ်ပါသလား"

ဗုဒ္ဓ "မှန်၏။ ဗြဟ္မာကြီးတက်လည်း ငါမြတ်ပေ၏"

ဇမ္ဗုက "ရဟန်းကြီး၊ သင်ကား အံ့ဖွယ်ပုဂ္ဂိုလ်ပေတကား။ ဤနေရာ၌ နှစ်ပေါင်း ငါးဆယ့်ငါးနှစ်ကြာသြောင်းအောင် နေလာခဲ့သော ငါ့အား ထိုနတ်—သိကြား-ဗြဟ္မာတို့တွင် တဦးတယောက်မျှ ငါ့ထံ ခစားရန် မလာစဘူးပေ။ ငါသည် ဤမျှရှည်လျားစွာသောကာလ အတွင်း လေကိုသာ ငါစား၍ ခြေတဖက်ချောင်းကို ထောက်ကာ ခြေ တပေါင်ကျိုး ရပ်လျက်သာ ငါနေ၏။ သင့်တို့ထံသို့ အခစား

လာကုန်သကဲ့သို့ မည်သူဘဦးတယောက်မျှ ငါ့ထံ ခ,စားရန်မလာ
စဘူးကုန်”

ဟု ဇမ္ဗုကသည် ဗုဒ္ဓမြတ်ဘုရားကိုပင် ကြွားကြွားဝါဝါ “လေကို စားနေသည်”ဟူ၍ လှည့်ဖြား၍ ပြောလတ်သော်။

ဗုဒ္ဓ “ဇမ္ဗုက....လောက၌ လူ့အန္ဓ လူ့ဗာလများစွာတို့ ရှိကုန်၏။ ထိုသူတို့ကို သင်လှည့်စားလာခဲ့သည်မှာ ကြာချေပြီ။ ငါ့ကိုလည်း လှည့်စားရန် သင်ကြံရွယ်ဆိုပြောဘိ၏။ သင်သည် နှစ်ပေါင်းငါးဆယ့် ငါးနှစ်တို့ ကာလပတ်လုံး လူတကာစွန့်ထားသော မစင်ချေးကိုသာ သင်စားလာခဲ့သည် မဟုတ်လော။ မြေ၌သာ အိပ်ခဲ့သည် မဟုတ်လော။ အဝတ်မပါ ဗသာအချည်းနှီးဖြင့် လှည့်လည်နေခဲ့သည် မဟုတ်လော။ သို့ပါလျက်က လေကိုသာ ငါစား၏။ ခြေတချောင်းဖြင့် ရပ်နေ၏။ အိပ်လည်းမအိပ်၊ ထိုင်လည်းမထိုင်ဟု သင် ပြောတုံဘိပလေသည်။ လှည့်ပတ်လျှင် ရမည်အထင်နှင့် ငါ့ကိုလည်း သင်လှည့်ပတ်ဘိပလေသည်။

“ဇမ္ဗုက၊ သင်သည် ရှေးအခါကလည်း မကောင်း၊ ယုတ်မာသော အယူကို အမှီပြုခဲ့မိ၍ ဤရှေ့ဤမျှ ရှည်လျားလှစွာသော ကာလအတွင်း မစင်ကိုသာ သင်စားနေရပြီ။ မြေ၌သာ သင်အိပ်ခဲ့ရပြီ။ အဝတ်မဆီး အချည်းနှီး ကိုယ်တုံးလုံးဖြင့်သာ သင်နေလာခဲ့ရပြီ။ ယခု ဆက်လက်၍ မကောင်းယုတ်မာသော အယူကို ယူဦးမည်လော။ ယုတ်မာသော အယူကို သင့်ရင်ခွင်၌ ပိုက်ထွေးထားဦးမည်လော”

ဇမ္ဗုက “ရဟန်းကြီး၊ ကျွန်ုပ် ဘာများ လုပ်ခဲ့လို့လဲ”

ထိုအခါ မြတ်ဘုရားသည် ဇမ္ဗုကအား ယင်း၏ မိုက်မဲခဲ့သော ဖြစ်ရပ်ဇာတ်ကြောင်းကို ပြန်ပြောင်း၍ မြွက်ကြားတော်မူရလေသည်။ ဤတွင်မှ ဇမ္ဗုကသည် ဘုရားစကားတော်ကို ကြားနာယင်း တစိမ့်စိမ့် သံဝေဂ ဖြစ်လာ၏။ ရှက်ကြောက်ထိတ်လန့်လာ၏။ “ငါမှားခဲ့လေပြီ”ဟူ၍ ခြေတပေါင်ကျိုး ရပ်နေရာမှ ဆောင့်ကြောင့် ထိုင်ချလိုက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဇမ္ဗုကအား ရေသနုပ်သင်္ကန်းကို ပစ်ပေးလိုက်၏။ ဇမ္ဗုကသည် ထိုရေသနုပ်သင်္ကန်းကို ဝတ်ပြီးလျှင် ဘုရားသခင်၏ အပါးတော်၌ ရိုသေစွာ ထိုင်၏။

ဤတွင် ဇမ္ဗုကအား ဗုဒ္ဓသည် တရားတည်းဟူသော ဆေးကို ကျွေးတော်မူလိုက်ရာ တရားတော်၏ အဆုံးတွင် ဇမ္ဗုကသည် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ လျင်မြန်ထုတ်ချောက်၊ ဖြောင့်တန်းစွာ ဆိုက်ရောက်သွားပြီ ဖြစ်ရကား- “တ ည့်တော်အား ရှင်သာမဏေ ပြုပေးတော်

မူပါ။ ရဟန်းပြုပေးတော်မူပါ''ဟူ၍ အပူတပြင်း မြတ်စွာဘုရားထံ ပန်ကြားလေသတည်း။

ဤမျှဖြင့် ဇမ္ဗုကာ၏ ရှေးဝိပါက်သည် ပျက်သုဉ်းသွားလေပြီ။ ကုန်ဆုံးသွားလေပြီ။

ရဟန္တာပုဂ္ဂိုလ်အား– အထက်၌ ဆိုခဲ့သော လေးပါးသော ဆဲရေးခြင်းတို့ဖြင့် ဆဲရေးမိခဲ့လေသည့်အတွက် ဤမဟာပထဝီမြေကြီး သုံးဂါဝုတ်ကျော့်အောင် မြင့်မောက်လာသည်အထိ အဝီစိငရဲ၌ ကျခံနေရပြီးနောက် ဤဘဝ၌ လူ့အဖြစ်သို့ ရောက်လာငြားသော်လည်း ကျန်ရှိနေသေးသည့် ရှေးဝိပါက် ကြွင်းကြောင့် ဤသို့ မစင်ကို စားနေရခြင်းစသော အဖြစ်ဆိုးကို ကံကြွင်းမကုန်မချင်း ခံနေရပြန်၏။

ယခုအခါတွင်မူထိုအကုသိုလ်ကံအကြွင်းအားလုံးကုန်ဆုံးသွားလေပြီဖြစ်ရကား ဇမ္ဗုကာ,က ရှင်ရဟန်းပြုပေးပါရန် တောင်းပန်လေသောအခါ– ဗုဒ္ဓမြတ်စွာဘုရားသည် လက်ကို ဆန့်တန်းတော်မူလျက် ''ဧဟိဘိက္ခု''ဟု သုံးကြိမ်ခေါ်တော် မူလိုက်ကာမျှဖြင့် ဇမ္ဗုကာသည် ပရိက္ခရာရှစ်ပါးလွယ်လျက် ရဟန္တာဖြစ်သွားလေ၏။ အသက်ခြောက်ဆယ်ရှိသော မဟာထေရ်ကြီးကဲ့သို့ ရင့်ကျက်သေးကူမန္ဒြေဖြင့် ဘုရားသခင်အား ရှိခိုးလျက်တည်နေ၏။

ထိုနေ့ကား၊ ဇမ္ဗုကာအား ပုဂ္ဂိုလ်စွဲအားဖြင့် ကြည်ညိုနေကြကုန်သော အင်္ဂ….မာဂဓ တိုင်းသူတိုင်းသားတို့သည် ဇမ္ဗုကာထံ ပူဇော်သက္ကာရပြုရန် လာရောက်ကြသည့် နေ့ဖြစ်လေသည်။

သူတို့မျက်စိ၌ရှေ့တွင် သူတို့၏အရှင်သခင် ဇမ္ဗုကာကိုသာမက ဗုဒ္ဓမြတ်စွာဘုရားကိုပါ မမျှော်လင့်ပဲ တွေ့နေရလေသောအခါ ဗုဒ္ဓနှင့် ဇမ္ဗုကာကို စု စိုက်စွာကြည့်လျက်– ''သူတို့နှစ်ပါးအနက် ဘယ်သူက မြတ်လေသနည်း။ တို့အရှင် ဇမ္ဗုကာထက် ရဟန်းကြီး ဂေါတမက မြတ်လေသလော၊ သို့မဟုတ် ရဟန်းကြီးဂေါတမထက် တို့အရှင်သခင် ဇမ္ဗုကာ,က မြတ်လေသလော''ဟု သို့လော သို့လော တွေးတောကြရာမှ ထိုအတွေး သံသယကို ပထမပြတ်သူတို့ ဆုံးဖြတ်လိုက်သည်ကား–

''အကယ်၍ ရဟန်းကြီး ဂေါတမသည် ဇမ္ဗုကာထက် မြတ်ဘိမူကား ဇမ္ဗုကာသည် ရဟန်းကြီး ဂေါတမထံသို့ သွားရာ၏။ ငါတို့အရှင်သခင် ဇမ္ဗုကာ,ကပင် မြတ်သောကြောင့်သာ ရဟန်းကြီး ဂေါတမသည် ငါတို့ အရှင်သခင်ထံသို့ လာရောက်ရခြင်း ဖြစ်ရာသည်'' ဟူပေ၏။

ဗုဒ္ဓမြတ်စွာဘုရားသည် လူတို့သန္တာန်တွင် ဖြစ်ပေါ်နေသည့် စိတ်နေသဘောထားကို သိရှိတော်မူသဖြင့်– ''ဇမ္ဗုကာ သင့် ဆရာ တကာတို့၏

ယုံမှားသံသယကို ပျောက်အောင် သင်ဖျောက်ဘိလော့''ဟု စေစားတော်မူလျှင်-

''ဘုန်းတော်ကြီးသော အရှင်ဘုရား- တပည့်တော်လည်း လူတို့၏ သံသယကို ဖျောက်ပယ်ရန် ရွယ်စူးလျက်ပါဘုရား''ဟူ၍ လျှောက်ထားပြီးနောက် ထန်းတဖျားမျှမြင့်အောင် ကောင်းကင်သို့ ချာန်တန်ခိုးဖြင့် ပျံတက်ပြီးလျှင် ကောင်းကင်မှနေ၍ လူအများ ရှေ့မှောက်တွင် မြတ်ဘုရားအား- ''အရှင်ဘုရား၊ ရှင်တော်မြတ်ဘုရားသည် တပည့်တော်၏ ဆရာပါတည်း။ တပည့်တော်ကား မြတ်ဘုရား၏ တပည့်ပါတည်း''ဟု လျှောက်၍ ကောင်းကင်မှ ဆင်းသက်ခဲ့ပြီး ဘုရားသခင်အား ရှိခိုးဦးတိုက်လေ၏။

ထိုနောက် ထန်းနှစ်ဖျား၊ ထိုနောက် ထန်းသုံးဖျား စသည်ဖြင့် ထန်းခုနှစ်ဖျားရှိသော ကောင်းကင်ထက်မှလည်း မိမိသည် ဘုရားသခင်၏ တပည့်ဖြစ်ကြောင်းကို လူအပေါင်းအား သိစေလေ၏။

ထိုအခြင်းအရာကို မြင်တွေ့ကြရလေသောအခါ လူအပေါင်းတို့သည် ''ဘုရားသခင်တို့ မည်သည် အံ့ဖွယ်ရှိဘိစွတကား၊ မည်သူ တဦးတယောက်နှင့်မျှ မနှိုင်းယှဉ်အပ်သော ဂုဏ်နှင့် ပြည့်စုံတော် မူပေသည်တကား'' ဟူ၍ ဘုရားသခင်ကို ဦးညွတ်ကုန်လေ၏။ ထိုအခါ မြတ်စွာဘုရားသည်လူအပေါင်းအား ဤတရားကို ဟောတော်မူလေ၏။

''အို....လူအပေါင်းတို့၊ ဤဇမ္ဗူကကား ဤမျှရှည်လျားလှစွာသော ကာလပတ်လုံး သင်တို့ ယူဆောင်အပ်သော ပူဇော်ဖွယ်တို့ကို သမန်းမြက်ဖျားဖြင့်၍ လျှာပေါ် ထားကာ မြတ်သောအကျင့်တို့ ကျင့်သည်ဟု သင်တို့ကို သူဆိုခဲ့ပြီ။ အကယ်၍ နှစ်ပေါင်းတရာကိုင်တိုင်ဤအကျင့်ကို မဖျောက်လေပဲ ဆက်လက် ကျင့်သုံးသွားစေကာမူလည်း ထိုအကျင့်သည် ယခုအခါ အာဟာရကို စက်ဆုပ်၍ မစားပဲ နေသော ကုသိုလ် စေတနာ၏ ဆယ်စိတ် စိတ်လျှင် တစိတ်မျှပင် အဖိုးမတန်ချေ'' ဟု အနုသန္ဓေစပ်၍ တရားဟောတော်မူလိုရကား-ဤဂါထာကို ဆိုတော်မူသတည်း။

> မာသေ မာသေ ကုသဂ္ဂေန၊
> ဗာလော ဘုဉ္ဇေယျ ဘောဇနံ၊
> နသော သင်္ခတ ဓမ္မာနံ၊
> ကလံ အဂ္ဃတိ သောဠသိံ။

''ယောဗာလော၊မိုက်လုံးကြီးထွားသော အကြင် အသိဉာဏ် ခေါင်းပါးသူသည်။ မာသေ မာသေ၊ လစဉ်လစဉ်။ ကုသဂ္ဂေန၊ သမန်းမြက်ဖျားဖြင့်။ ဘောဇနံ၊ အစာကို။ ဘုဉ္ဇေယျ၊ စားသောအားဖြင့် ကျင့်ငြားအံ့။

သောဗာလော ထိုအကျင့်ရှင် လူမိုက်ကား။ သန်တမ္မာန်၊ ဓမ္မအချက်ကို ညက်မည်စွာ သိနားလည်သားသူတို့၏။ ကလိသောင္ဍသိ'၊ တဆယ့် ခြောက် စိတ်စိတ်၍ တစိတ်ကိုမျှ။ ဝါ၊ တဆယ့်ခြောက် စိတ်ကို တဆယ့်ခြောက်ဖြင့် မြှောက်ပွားရသော အစိတ်၏ တစိတ်ကိုမျှ။ (နောက်နည်း-အင္ဃကထာ၌ လာ၏) နအဂ္ဃတိ မထိုက်ဘန်လေ''

တရားတော် အဆုံးတွင် များစွာသောလူတို့ တရားထူးကို ရကုန် လေ၏။

ဤဝတ္ထု၌ ဇမ္ဗုက တက္ကတွန်း၏ ပင်ကိုပကတိ အသွင်နှင့် သူ၏ စိတ်နေသဘောထားကို မြင်နိုင်၏၊ ချေးပုံတွေ့လျှင်ပင်၏ လှုတ်လှောင်း လွှေး၏။ စား၏။ ပါးစပ်ပြီး ခြေတပေါင်ကျိုး ရပ်ပြလျက် လူတွကို လှည့်ပတ်၏။ ဖြားယောင်း၏။ ဤအလုပ်သည် သူ၏ ကိုယ်ကျင့်တရား ဖြစ်၏။ ဤသို့ လှည့်ပတ်သော အကျင့်ဖြင့် လူတို့ကို သူသိမ်းသွင်းလေသည်။ လူပေါင်းများစွာတို့ လျှဖွယ် ဝတ္ထုမျိုးစုံတို့ဖြင့် ရောက်ရှိလ ကြခြင်းဖြင့် သူ၏ သိမ်းသွင် ဖြားယောင်းမှုမှာ အဘယ်မျှ အောင်မြင်ကြောင်းကို ကောင်းစွာသိနိုင်ပေသည်။

သူသည် ချေးပုံကိုသာ တွေ့ပို၏။ ဘုရားကို မတွေ့လို၊ မမြင်လို။ တွေ့ရစကောင်းသည် ဟူ၍ပင် မအောက်မေ့။ ဘုရားကိုယ်တော်တိုက သူ့ထံ လာ၍ တွေ့သည်ကိုပင် သူသည် နေခွင့်မပေး။ နိဗ္ဗာန်ကိုမတွေ့မိဖို့ ဆိုသည်မှာ ဝေးချေ၏။ သူ လိုလိုချင်ချင် ရှိနေသည်မှာ နိဗ္ဗာန်မဟုတ်၊ ချေ ပုံ မစင်ပုံ သာဖြစ်ချေ၏။

သို့သော် ဤနေရှ ဤမျှ ဖြစ်ဆို၍ အကျိုးပေးမလှသော ဇမ္ဗုက ပင်လျှင် အမှီကောင်းလျှင်တချက် ဆိုသောအတိုင်း နောက်ပိုင်းတွင် အမှီ ကောင်းနှင့် တွေ့လေသောအခါ မြတ်ဘုရား၏ တရားတော်ကို ကြားနာရ၍ တချက်ကောင်းမိကာ—ထိုအအတွင်းမှာပင် မယုံကြည်နိုင်လောက်အောင် နိဗ္ဗာန်သို့ ထုတ်ချင်းပေါက် ရောက်သွားလေသတည်း။ အာသဝေါ ကင်းကွာ ရဟန္တာဖြစ်သွားလေပြီတည်း။

နိဗ္ဗာန်ကို ဝင်မည့် နိဗ္ဗာန်ရှင်၏ အသွင်ကို ကြည့်၍မဆုံးဖြတ်ရာ။ ထိုသူ၏ နှလုံးသားဖြင့်သာ ဆုံးဖြတ်ရာသည်ဟူသော သာဓကကိုလည်း ဤ ဝတ္ထုက ပြပေ၏။



## ခိုးသားငါးရာတို့၏

## လက်ယာကမ်းနိဗ္ဗာန်ဝတ္ထု

ခိုးသားများသည် အပူကောင် အဆူကောင် သူလောင်များ ဖြစ်ကြ၍ နိဗ္ဗာန်ကား ချမ်းသာအတိ အေးရိပ်သာဖြစ်၏။ ထို့ကြောင့် အေးရိပ်သာနိဗ္ဗာန်သည် ခိုးသားများနှင့် ဘာမျှမဆိုင်။ ခိုးသားများသည် အေးရိပ်သာနိဗ္ဗာန်နှင့် မသိုက်တန်။ အရာမဟုတ်ဟု ဆိုဖွယ်ရှိ၏။ ဆိုလည်း ဆိုထိုက်ပေသည်။

သို့သော်...ဤခိုးသားများက မူ "ဆရာတို့ စကားပြောလျှင် ကြည့်ပြောကြပါ။ ဝါးလုံးရှည်နှင့် သိမ်းမရိုက်ပါနှင့်။ ခိုးသားနှင့် နိဗ္ဗာန် မတန်ဟု နှိမ့်နှိမ့်ချချ၊ ချိုးချိုးဖွဲ့ဖွဲ့ ပြောခြင်းဟာ မလွန်လွန်းဘူးလား ခင်ဗျာ။ ကျုပ်တို့ရဲ့ မျက်နှာကိုများ ထောက်ပါဦး"ဟု ဆိုကောင်း ဆိုကြပေလိမ့်မည်။ ထိုခိုးသားများကား မည်သို့သော လူစားများဖြစ်သနည်း ဆိုသော်-

* တောရကျောင်း တကျောင်းမှာ ဖြစ်၏။ ဝါဆိုလပြည့်ကျော် တရက်နေ့ လသည် ဝိုင်းဝိုင်းစက်စက်၊ အရှေ့လောကဓာတ်မှ ထွက်ပြူကာ တောရကျောင်း၏ အမိုးကို လရောင်များထိုးလျက် ရှိနေ၏။

ထိုနေ့သည် ရဟန်းတော်များ ဝါကပ်သည့်နေ့ ဖြစ်သည့်အတိုင်း ထိုတောရကျောင်းနေ သုံးကျိပ်သော ရဟန်းတို့သည် 'ဂုဠသ္မိံဝိဟာရေ' စသည်ဖြင့် ရွတ်ဆိုကာ ဝါဆိုလျက် ရှိနေကြ၏။ ဝါကပ်ပြီးလေသောအခါ

---

* ဓမ္မပဒ အဋ္ဌကထာ၊ ဒု၊ သဟဿဝဂ်၊ သံကိစ္စသာမဏေရဝတ္ထု၊ ၁၂၂။

သံဃာ့နာယကဖြစ်သော မထေရ်ကြီးက ဤသို့ ဩဝါဒစကား မြွက်ကြားတော်မူသတည်း။

"ငါ့ရှင်တို့၊ သက်တော်ထင်ရှား ရှိတော်မူသော ဘုရားသခင်၏ အထံတော်မှ ကမ္မဋ္ဌာန်းကို ငါတို့ ခံယူခဲ့ကြကုန်၏။ ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်ခြင်း၊ ကျင့်ခြင်းမှတပါး၊ အခြားသောနည်းဖြင့် ဘုရားသခင်အား နှစ်သိမ့်စေခြင်းငှာ မတတ်ကောင်း။ ငါတို့အား အပါယ်တံခါးတို့သည် ပွင့်လျက် ရှိနေကုန်၏။

ထို့ကြောင့် ငါတို့သည် နံနက်ဆွမ်းခံချိန်၊ ညနေပိုင်းတွင် မထေရ်ကြီးထံ ခစားချိန်များမှလွဲ၍ ကျန်အချိန်များ၌ တနေရာတည်းဝယ် နှစ်ယောက်မနေကြစတမ်း။ အကြင်သူအား နာမကျန်းဖြစ်ခဲ့သော် ထိုသူက ကျောက်စည် ခေါင်းလောင်းထိုး၍ အချက်ပေးလော့။ ခေါင်းလောင်းထိုးသံ ကြားသော် ထိုသူ့ထံသွား၍ ဆေးဝါးကုကြကုန်အံ့။ ဤနေ့မှစ၍ ငါတို့သည် မလျော့သော ဇွဲလုံ့လဖြင့် ကမ္မဋ္ဌာန်းတရားကို အားထုတ်ကြကုန်စတမ်း"

ဤသို့ ကတိကဝတ်ထားရှိကြ၍ သုံးကျိပ်သော ရဟန်းတို့သည် ထိုတောရကျောင်း၌ ဝါကပ်တော် မူကြလေကုန်၏။

ထိုဝါတွင်း၌ သူဆင်းရဲတယောက်သည် သမီးကို မှီခို၍ အသက်မွေးနေလေရာ သူ့သမီးမှာလည်း ဒုဗ္ဘိက္ခန္တရကပ် ဆိုက်လေသဖြင့် လွန်စွာပင်ဆင်းရဲနွမ်းပါးသော အခြေသို့ ရောက်နေရှာ၏။ ထို့ကြောင့် ထိုသူဆင်းရဲသည် ထိုသမီးထံမှ ခွာ၍ အခြားသမီးတဦးထံသို့ မှီခိုရန် အိမ်က ထွက်လာလေ၏။

အချိန်မှာ နံနက်အချိန် ဖြစ်လေသည်။ တောကျောင်းနေ ရဟန်းတို့သည် ရွာမှ ဆွမ်းခံပြီးနောက် ကျောင်းသို့ ပြန်လာကြရာ လမ်းခရီးအကြားရှိ မြစ်၌ ရေချိုးကြသည်။ ရေမိုးချိုးပြီး သဲပြင်ပေါ်မှာပင် ဆွမ်းစားနေကြသည်။

ထိုအခိုက် ရဟန်းတော်များ ဆွမ်းစားသောနေရာသို့ ထိုသူဆင်းရဲရောက်လာပြီး ရဟန်းတော်များအနားတွင် ရစ်သီ ရစ်သီနှင့် လုပ်နေသဖြင့် "ဘယ်သွားမလို့လဲ ဒကာ"ဟု မထေရ်ကြီးက မေးလျှင် သူဆင်းရဲက သူ၏ဘဝဖြစ်ရပ်မှန်ကို လျှောက်ထားလေသောအခါ မထေရ်ကြီးသည် ထိုသူဆင်းရဲအား သနားလာသဖြင့် "ဒကာ–သင် သိပ်ပြီး ဆာနေဟန်တူ၏။ သစ်ရွက်များ သွားခူးချေစမ်း။ သင့်အား ဆွမ်းတဆုပ်စီ ငါတို့ ပေးအံ့"ဟု ဆို၏။

သူဆင်းရဲလည်း ဝမ်းသာအားရ ဖက်ရွက်များ သွားခူးလေ၏။ ရဟန်းတို့လည်း တဆုပ်တခဲစီ ဖက်ရွက်၌ ဆွမ်းများထည့်၍ ထိုသူဆင်းရဲအား ပေးကြကုန်၏။ သူဆင်းရဲလည်း ပလုတ်ပလောင်းပင် ရှေ့တွင် စားလေ၏။ စားပြီးသော် ဤသို့ မေးလျှောက်ခြင်း ပြုလေ၏။ "အရှင်ဘုရားတို့၊ သည်ကနေ့ အရှင်ဘုရားတို့ကို မည်သူက ပင့်ဖိတ်လှူဒါန်းလိုက်ပါသလဲဘုရား"ဟု မေးသဖြင့် "ဒကာ၊ ငါတို့ကို ပင့်ဖိတ်သူမရှိ၊ လူတို့သည် နေ့တိုင်း နေ့တိုင်း ဤအတိုင်းသာ ဆွမ်း-ဆွမ်းဟင်းလျာများကို လှူပေကုန်၏"ဟု ရဟန်းတို့က ရိုးသားစွာ ဆိုကုန်၏။

ထိုအခါ ထိုသူဆင်းရဲကား ဉာဏ်နီဉာဏ်နက် ထုတ်လေတော့သည်။ "ငါသည် ကြိုးစားမင်းစား အားပါးတကုတ် လုပ်ကိုင်ကြံစေကာမူလည်း ဤသို့သော စားကောင်းသောက်ဖွယ်မျိုးကို ရရန်မလွယ်ခဲ့။ ငါခြေဦးတည့်ရာ လျှောက်သွားနေခြင်းဖြင့် အကျိုးမရှိ။ ဤရဟန်းတော်များ ထံ၌သာ ငါအသက်မွေးတော့အံ့"ဟု စိတ်ကူးပေါက်လာသည့်အလျှောက် "အရှင်ဘုရားများထံတွင် ဝတ်ကြီးဝတ်ငယ်ပြု၍ တည့်တော် နေပါရစေ ဘုရား" ဟူ၍ ပန်ကြားလတ်သော် ရဟန်းတို့လည်း သူ၏ ပန်ကြားချက်ကို ဝမ်းမြောက်စွာ လက်ခံလျက် "ကပ္ပိယ"အဖြစ် ကျောင်းတွင် လက်ခံထားကြလေ၏။

နှစ်လခန့်ကြာသောအခါ ထိုသူဆင်းရဲ ကပ္ပိယသည် ဖောက်ပြန်လာလေသည်။ သမီးကို သတိရလာသည်။ သမီး၏အသွင်ကို မျက်စိထဲတွင် တရေးရေး မြင်ယောင်လာသည်။

"ငါ့သမီးကို ငါလွမ်းလှပြီ၊ အကယ်၍ 'သမီးထံ တပည့်တော် ပြန်ပါရစေတော့'ဟု ပန်ကြားခဲ့သော်.... ငါ့အား ခွင့်ပြုကြမည် မဟုတ်ကုန်။ ခွင့်မပန်ပဲ တိတ်ဘဆိတ် ထွက်ပြေးလေမှ ငါ့သမီးကို ငါတွေ့ရတော့မည်"ဟု တနေ့သောအခါတွင် ထိုသူဆင်းရဲသည် တောရကျောင်းမှ တိတ်ဘဆိတ် ထွက်ပြေးလေ၏။

ထိုသူဆင်းရဲသည် သမီးနှင့် တွေ့လိုဇောဖြင့် ကျောင်းမှ ထွက်ပြေးခဲ့ရာက တောအုပ်တခုသို့ ရောက်သွားလေ၏။ "ငါ ကျောင်းနှင့် ဝေးပြီ၊ ငါ့သမီးနဲ့ တွေ့ရတော့မည်"ဟူ၍ စိတ်ထဲ၌ ကျိတ်၍ ဝမ်းသာမိနေသည်။ သို့သော်.... သေမင်း ခံတွင်းထဲ ရောက်ရနေသည်ကိုကား သူ ခမျာ မသိရှာချေ။

ထိုတောအုပ်ကား.... ခိုးသားငါးရာတို့၏ နေရာဖြစ်၏၊ ခိုးသားငါးရာတို့ ထိုတောအုပ်ထဲတွင် တောခိုလျက် ရှိနေကုန်သည်။ ခိုးသားငါးရာတို့ ဤတောအုပ်သို့ ရွှေပြောင်း ရောက်ရှိလာကြသည်မှာ ခုနစ်ရက်

ပင် မလည်သေး။ သူတို့ရောက်စဉ်၌ တောစောင့်နတ်မင်းထံ ဝန်ခံကတိပြုကြ သည်မှာ "ဤတောအုပ်တွင်း ရောက်လာသူကို သတ်၍ သူ၏ အသွေး အသားဖြင့် အရှင်နတ်မင်းအား ခုနစ်ရက်အတွင်း ပူဇော် ပသခြင်း ပြုပါအံ့"ဟု ဤသို့ ဝန်ခံကတိ ပြုကြသော်လည်း လူ အကူးအသန်း တယောက်မှ မရှိလေသည့်အတွက် နတ်မင်းအား ယဇ်ပူဇော်ရန် အထ, မမြောက်သေးပဲ ရှိနေ၏။

ဤနေ့ ခုနစ်ရက်မြောက်လေပြီ။ လူသွားလူလာ တယောက်မျှ မပေါ်လာသေးသောကြောင့် နေရာကိုယ်စီ ယူ၍ လူသွား လူလာကို စောင့်နေကြကုန်၏။

ခိုးသားဗိုလ်ကြီးမှာ သူ့မှာ တာဝန်ရှိသောကြောင့် ယဇ်ပူဇော်ဖွယ် ရရှိရေးအတွက် သူများထက်ပင် အားထုတ်လေသည်။ မြေပေါ် သစ်ပင်များ အောက်မှ ချောင်းမြောင်းရသည်ကို အားမရနိုင်သည့်အလျောက် သစ်ပင် တပင်ပေါ်သို့ တက်ပြီးလျှင် သစ်ပင်ထက်မှနေ၍ လူသွားလူလာကို ကြည့်ရှု ရှာဖွေလျက် ရှိနေ၏။

ထိုအခိုက် စိုက်စိုက် စိုက်စိုက်နှင့် တောအုပ်တွင်း လျှောက်လာသော ထိုသူဆင်းရဲကို မြင်လတ်သော်.... ခိုးသားဗိုလ်က သစ်ပင်ထက်မှ နေ၍ တပည့်များအား အချက်ပေးလိုက်လျှင် ခိုးသားများ ထွက်လာကြပြီး ထိုသူဆင်းရဲအား ဖမ်း ကြလေကုန်၏။ နတ်ကွန်းရှေ့သို့ ခေါ်ဆောင်သွား ကြပြီး မီးမွှေးသူက မွှေး ကြကုန်၏။ အသားများကို ထိုး၍ မီးကင်ရန် တံစို့ လုပ်သူက လုပ်ကြကုန်၏။

ဤသည်ကိုမြင်လျှင် ခိုးသူတို့ကို သူဆင်းရဲကမေးလေ၏။ "အရှင်တို့။ ဤအရပ်တွင် ဝက်လည်းမရှိ၊ သမင်ဒရယ်စသော သားကောင်များလည်း မရှိ။ သို့ပါလျက် အဘယ့်ကြောင့် တံစို့လုပ်ကြသနည်း။ အဘယ့်ကြောင့် မီးမွှေးကြကုန်သနည်း"ဟု မေးသောအခါ...." သင့်ကိုသတ်ပြီး သင်၏ အသွေးအသားဖြင့် ယဇ်ပူဇော်ရန် အတွက်"ဟု ဆိုလျှင် ထိုသူဆင်းရဲသည် ရင်ဖိုသဲလှုပ် သေလုမတတ် ထိတ်လန့်တုန်လှုပ် သွားလေ၏။

မိမိအား ကျွေးမွေးထားသော ကျေးဇူးကိုမျှ မထောက်၊ မိမိ အသက်ဘေးမှ လွတ်မြောက်ရေးကိုသာ ရှေးရှုလျက် ဤသို့ ရက်ရက် စက်စက် ဆိုမြွက်ဘိလေသတည်း။

"အရှင်တို့.... ကျွန်ုပ်ကား စားကြွင်းစားဖြစ်၏။ သူတပါး စားပြီး အကြွင်းအကျန်များကိုစား၍ ကြီးပြင်းလာရသူ ဖြစ်ပါ၏။ စားကြွင်းစား မည်သည် မင်္ဂလာမရှိပါ။ မင်္ဂလာမရှိသော အကျွန်ုပ်၏ အသွေးအသား ဖြင့် ယဇ်နတ် ပူဇော်ပါလျှင် နတ်မင်းအား မထေမဲ့မြင် ပြုရာရောက်ပါ

လိမ့်မည်။ ဟိုမှာဘက်က တောရကျောင်းမှာ မျိုးကောင်း, ဆွေသန့်, ရဟန်းတော်များ ရှိပါကုန်၏။ ထိုမှ ဤမှထွက်၍ ရဟန်းပြုသော်လည်း သူတို့အားလုံးသည် မဟာနွယ်ဖွား မင်းယောကျ်ားများသာ ဖြစ်ပါကုန်၏။ ဤတောမှ အလွန်မဝေးလှသော အရပ်တွင် ရဟန်းသုံးကျိပ်နှင့် သာမဏေငယ်တပါး သီတင်းသုံးလျက် ရှိပါကုန်၏။ သန့်ရှင်းသော ထိုကိုယ်တော်များကိုသတ်၍ ယဇ်နတ်ပူဇော်ကြပါလော့။ ဤသို့ ပူဇော်ချေက တောစောင့်နတ်မင်းသည် အတိုင်းထက် အလွန်ဝမ်းမြောက်ပါလိမ့်အံ့" ဟု တောရကျောင်းကို လက်ညှိုးထိုး၍ ဆိုလေ၏။

ထိုစကားကို ကြားလတ်သော်....ခိုးသား ငါးရာတို့သည် "ဤသူကောင်းသောစကားကိုဆိုပေ၏"ဟု သဘောပေါက်လာကြပြီး "သည်အ, မင်္ဂလာကောင်းဖြင့် အဘယ်အကျိုးရှိမည်နည်း။ ခေတ္တိယမင်းမျိုးကို သတ်၍ ယဇ်နတ်ပူဇော်ကုန်အံ့"ဟု ကြံပြီးလျှင်–"ငါတို့ကို လိုက်ပြစမ်း" ဟူ၍ ထိုသူဆင်းရဲအား လမ်းပြအဖြစ် ခေါ်သွားကြကုန်၏။

ကျောင်းသို့ ရောက်သောအခါ ရဟန်းတပါးမျှ မမြင်သဖြင့်– "ဘယ်မှာလဲ ရဟန်းတွေ"ဟူ၍ ဗိုလ်လုပ်သူက ခါးမိုး၍ မေးလေသော် "အရှင်၊ အကျွန်ုပ်စကားကို မယုံကြည်ခဲ့သော် ကျောက်စည်ခေါင်းလောင်းကို ထိုးလိုက်ပါလေ။ ရဟန်းတော်များသည် မိမိနေရာ ကမ္မဋ္ဌာန်းကျောင်းများအတွင်း၌ တရားအားထုတ်လျက် ရှိနေကြပါ၏။ ကျောက်စည်ခေါင်းလောင်းသံကြားခဲ့သော် - ထိုမှ ဤမှ ထွက်လာကြပါလတ္တံ့" ဟူ၍ ဆို၏။

ထိုအခါ ခိုးသားဗိုလ်သည် ကျောက်စည်ခေါင်းလောင်းကို ထိုးလိုက်ရာ....ရဟန်းတို့သည် "အကြောင်းထူးရှိပြီ"ဟူ၍ မိမိတို့ ကမ္မဋ္ဌာန်းကျောင်းများအတွင်းမှ ထွက်လာကြကုန်လေ၏။ ခိုးသားများကို မြင်လေသော်....သံဃနာယက ဖြစ်တော်မူသော မထေရ်ကြီးက ခိုးသားဗိုလ်အား မေးလေ၏။

မဟာထေရ် "ဒါယကာ....အဘယ်သူ ခေါင်းလောင်း ထိုးဘိသနည်း"

ခိုးသားဗိုလ် "အကျွန်ုပ် ထိုးပေသည်"

မဟာထေရ် "ဘောက်မဲ့ကြောင့် ထိုးဘိသနည်း"

ခိုးသားဗိုလ် "အကျွန်ုပ်တို့.... တောအုပ်သို့ ပြောင်းလာစဉ် အခါက တောစောင့် နတ်မင်းထံတွင် ခုနစ်ရက်အတွင်း လူကိုသတ်၍ ယဇ်ပူဇော်ပါအံ့, ဟူ၍ အာမခံထားချက် ရှိပေ၏။ ထို့ကြောင့် သည်ကနေ့ ခုနစ်ရက် ပြည့်မြောက်သောနေ့တွင်

ဗလိနတ်စာ ကျွေးရန်အတွက် ရဟန်းတပါးကို ခေါ်သွားအံ့”

ဤသို့ ခိုးသားဗိုလ်က ယဇ်ပူဇော်ရန်အတွက် ရဟန်းတပါးကို တောင်းလတ်သော်.... သံဃာ့နာယက မဟာထေရ်ကြီးသည် ရဟန်းတို့အား ဤစကားကို ဆိုပေ၏။

“ငါ့ရှင်တို့၊ ညီငယ်တို့အား ဖြစ်ပါလာသော ကိစ္စမည်သည်ကို လွတ်မြောက်မှု၌ နောင်တော်ကြီး ဖြစ်သူမှာ တာဝန်ရှိပေသည်။ နောင်တော်ကြီးသည် ကိစ္စပြီးမြောက်သည်အထိ တာဝန်ယူ၍ လုပ်ဆောင်ရပေသည်။ ငါတို့တွင် ငါသည် အကြီးဆုံးဖြစ်၍ နောင်တော်ကြီး အရာ၌ တည်ပေ၏။ ယင်းကိစ္စ ပြီးမြောက်ရန်အတွက် ငါ့အသက်ကို သင်တို့အား စွန့်၍ ငါလိုက်သွားအံ့။ သင်တို့အားလုံး အန္တရာယ် မဖြစ်စေလင့်။ မေ့မေ့လျော့လျော့ မနေကြကုန်ပဲ ရဟန်းတရားကို အားထုတ်ရစ်ကြကုန်လော့”ဟု တသည့်ရဟန်းတို့အား အမှာစကား မြွက်ကြားတော်မူ၏။

ထိုအခါ တိုက်အုပ်ဆရာတော် မဟာထေရ်ကြီး၏ လက်ထောက် တိုက်ကြပ်ဟု ဆိုအပ်သော အနုထေရ်ရဟန်းက မဟာထေရ်ကြီးအား ဤသို့ ပန်ကြားလေသည်။ “ဆရာတော်ဘုရား.... နောင်တော်ကြီး၏ ကိစ္စမည်သည် ညီဖြစ်သူ၏ တာဝန်သာပါ ဘုရား.... ခိုးသားများနောက်သို့ တပည့်တော် လိုက်သွားပါအံ့”ဟု တောင်းခံ ပန်ကြားလေသည်။

ဤနည်းအတိုင်းပင် ရဟန်းတော် သုံးကျိပ်တို့သည် သူလိုက်အံ့၊ ငါလိုက်အံ့ဟူ၍ ဆိုကြပေကုန်၏။ ဤသို့ အသီးသီးဆိုကြပေကုန်သော်လည်း ထိုသုံးကျိပ်ရဟန်းတို့ကား မိခင်တဦးတည်းမှ ဖွားသော အမိတူသားများ မဟုတ်ပါကုန်။ အဖဘဦးတည်းမှဖြစ်သော အဖတူသားများလည်း မဟုတ်ပါကုန်။

စင်စစ်အားဖြင့် သီတင်းသုံးဖော် အချင်းချင်း၊ အများ ချမ်းသာမှုအတွက် ငဲ့၍ မိမိတယောက်၏ အသက်ကို ရက်ရောစွာ စွန့်လိုကြခြင်းဖြစ်၏။ ထိုသုံးကျိပ်သော ရဟန်းတို့အနက် တပါးသောရဟန်းမျှလည်း “သင်လိုက်သွားလော့၊ သင် လိုက်သွားလော့....”ဟု ဆိုဝံ့သသူ၊ ဆိုရဲသသူ မရှိဖြစ်လေသည်။

သံကိစ္စမည်သော သာမဏေငယ်သည် ရဟန်းအချင်းချင်း ဆိုပြောစကားကို ကြားလျှင် ဤသို့ ကြားဝင်၍ လျှောက်လေ၏။ “အရှင်ဘုရားတို့ တည်ငြိမ်စွာ နေတော်မူပါကုန်။ တပည့်တော်၏ အသက်ကို အရှင်ဘုရားတို့အား စွန့်လှူ၍ တပည့်တော် လိုက်သွားပါအံ့”ဟု ရိုသေစွာ အနူးအညွတ် ပန်ကြားလေ၏။ ထိုအခါ ရဟန်းတို့က ဤသို့ ဟန့်တားကြကုန်၏။

"ငါ့ရှင် သံကိစ္စ၊ ငါတို့တတွေအားလုံး တပြိုင်နက်သေသော် သေပစေကုန်၊ တယောက်တည်းသော သင့်ကိုကား ငါမလွှတ်နိုင်ကုန်"ဟု ဆိုလျှင် "အဘယ်ကြောင့် မလွှတ်နိုင်ပါ သနည်းဘုရား"ဟူ၍ သံကိစ္စ သာမဏေငယ်က မေးလျှောက်လေသည်တွင် "ငါ့ရှင် သံကိစ္စ၊ သင်ကား ဓမ္မသေနာပတိ ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ၏ လက်ရင်းတပည့် ဖြစ်ပေသည်။ အကယ်၍ သင့်ကို ငါတို့လွှတ်လိုက်ကုန်အံ့" ငါ့သာမဏေကို ခေါ်သွားပြီး ခိုးသားလက်သို့ ကွက်၍ အပ်လိုက်ကြသည်ဟု အရှင်သာရိပုတ္တရာသည် ငါတို့ကို ကဲ့ရဲ့တော်မူလတ္တံ့။ ဤသို့ အပြစ်မခံနိုင်၊ ထိုကြောင့် သင့်ကို ငါတို့ မလွှတ်နိုင်ကုန်"ဟု ဆိုကုန်၏။

သံကိစ္စ သာမဏေငယ်က *ဤသို့ပြန်၍လျှောက်၏။ "အရှင်သူမြတ်တို့ဘုရား.... သဗ္ဗညု ဘုရားသခင်က အရှင်ဘုရားတို့ကို တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာထံသို့ စေလွှတ်တော် မူလိုက်ခြင်းသည်လည်း ကောင်း၊ တပည့်တော်၏ ဥပဇ္ဈာယ်ဆရာက တပည့်တော်ကို အရှင်ဘုရားတို့ နောက်သို့ ထည့်လိုက်ခြင်းသည် လည်းကောင်း, ဤကျရောက်လာမည့် ဘေးအန္တရာယ်ကို သိမြင်တော် မူလေသောကြောင့် ထည့်လိုက်ခြင်း ဖြစ်ပါသည်။ အရှင်ဘုရားတို့ အေးချမ်းစွာ သာနေတော်မူကြပါကုန်၊ ခိုးသားတို့ ခေါ်ဆောင်ရာသို့ တပည့်တော် လိုက်သွားပါအံ့"ဟူ၍ သုံးကျိပ်သော ရဟန်းတို့အား ကန်တော့လေ၏။

"တပည့်တော်အပေါ်မှာ အပြစ်ကြီး အပြစ်ငယ် ရှိကလည်း သည်းခံတော်မူပါရန် တပည့်တော် တောင်းပန်ခဲ့ပါသည်ဘုရား"ဟူ၍ လျှောက်ထားပြီးလျှင် ထွက်သွားလေ၏။

ထိုသို့ သံကိစ္စသာမဏေ ထွက်သွားလေသောအခါ ရဟန်းတို့အား ကြီးစွာသော သံဝေဂ ဖြစ်လေ၏။ မျက်ရည်တို့သည် မျက်လုံးအိမ်တွင်းမှ လှိုင်းပွက်သည့်နှယ် ပွက်ထလာကုန်လေကြ၏။ နှလုံးသည်းပွတ်သည်လည်း ကြေမွကုန်သကဲ့သို့ ရှိလေ၏။

သံဃနာယက မဟာထေရ်ကြီးက ခိုးသားတို့အား—

"ဒါယကာတို့၊ ဤသူငယ်ကား သင်တို့ မီးမွှေးသည်ကို မြင်သည် ရှိသော်.... အသားကို ထိုးကင်ရန် တံစို့များ ချွန်သည်ကို မြင်သည်ရှိသော်....

---

* သံကိစ္စ သာမဏေကား အသက်အားဖြင့် ခုနစ်နှစ်မျှသာ ရှိသေးသော်လည်း အရည်အချင်း အားဖြင့်ကား အာသဝေါကင်းကွာ ရဟန္တာ ဖြစ်သတည်း။ (ဓမ္မပဒ အဋ္ဌကထာ၊ ယင်းဝတ္ထုတွင်ရှု)။

ယဇ်ပူဇော်ရန် သစ်ရွက်များ ခင်းသည်ကို မြင်သည်ရှိသော်.... သူ့ခများ ကြောက်ရွာပေလတ္တံ့။ ထိုသူငယ်ကို တနေရာရာမှာ ထားကြပြီး ယဇ်ပွဲ အတွက် ပြုဖွယ်ရှိသည်တို့ကို ပြုကြပါကုန်''ဟု တုန်ယင်စွာသော အသံ တော်ဖြင့် မှာကြားတော်မူ၏။ ခိုးသားတို့ကား သံကိစ္စသာမဏေကို ခေါ် သွားကြပြီးလျှင် မထေရ်ကြီး မှာကြားလိုက်သည့်အတိုင်း သံကိစ္စသာမဏေကို တနေရာ၌ထား၍ ယဇ်ပွဲအတွက် ဆောင်ရွက်ဖွယ် ရှိသည်တို့ကို ဆောင်ရွက် ကြလေကုန်၏။

ထိုနေရာမှကြည့်လျှင် နတ်ကွန်းကို အတိုင်းသား မြင်နေရ၏။ ယဇ်ပွဲ အတွက် အားလုံးပြင်ဆင်၍ ပြီးလတ်သော် ခိုးသားဗိုလ်သည် သတ်ရန် အတွက် သန်လျက်ကို သန်လျက်အိမ်မှ ဆွဲထုတ်လိုက်ပြီးနောက် သာမဏေကို လှမ်းကြည့်လိုက်သည်။

သံကိစ္စ သာမဏေကား ထိုင်လျက် ဈာန်ဝင်စားနေ၏။ ခဏအတွင်း မှာပင် ခိုးသားဗိုလ်သည် သံကိစ္စသာမဏေထံ ရောက်လာပြီး သာမဏေ၏ ပခုံးကို သန်လျက်ဖြင့် လွှယ်သိုင်း ပိုင်းလိုက်ရာ သန်လျက်သည် ကွေး ညွတ်၍ အသွားချင်း ခတ်မိလေ၏။

ဤသည်ကို မြင်လတ်သော်....ခိုးသားဗိုလ်သည် သန်လျက်ကို ဖြောင့် အောင် ပြန်၍ဖြောင့်လိုက်ပြီး ခုတ်ရန်ချိန်ဆကြည့်ယင်း- ''ငါတည့်မတ်စွာ မခုတ်လေသည့်အတွက် ဤသို့ ဖြစ်ရသည်''ဟူ၍ တည့်မတ်စွာ ချိန်ရွယ် လျက် သာမဏေအား ထပ်တလဲလဲ ခုတ်လေ၏။ သို့သော်....သန်လျက် သည် ထန်းရွက်ကဲ့သို့ တွန့်လိမ်ခွေခေါက် သွားလေ၏။

ထိုသို့ ဈာန်ဝင်စားနေချိန်၌ သံကိစ္စသာမဏေအား မြင်းမိုရ် တောင်လုံးကြီးနှင့် ကြိတ်၍ သတ်ဖော်သော်လည်း သေအောင် သတ်နိုင်စွမ်းသူ မရှိချေ။ ဤသန်လျက်လောက်ဖြင့်ကား အဘယ်မှာလျှင် သေအောင် သတ်နိုင်ချိမ့်မည်နည်း၊

ဤသို့ အံ့ဖွယ်သရဲ ထူးကဲသော ဖြစ်ရပ်ကို မျက်မှောက်ထင်ထင် ကြုံတွေ့ နေရသောအခါ ခိုးသူဗိုလ်သည် သန်လျက်ကို လက်မှမချပဲ စဉ်းစားလေ သည်။

''ရှေးအခါက ငါ့သန်လျက်သည် ကျောက်တိုင်ကိုလည်းကောင်း၊ ရှားငုတ်တိုကိုလည်းကောင်း တိကနဲပြတ်အောင် ဖြတ်နိုင်ခဲ့၏၊ ယခုအခါ တွင်မူ တကြိမ်ခုတ်ကာမျှဖြင့် ထန်းရွက်ကဲ့သို့ တွန့်လိပ်သွားချေ၏။ ဤမည် သော သန်လျက်ကား သက်မဲ့ပင် ဖြစ်လင့်ကစား ဤသာမဏေ၏ ဂုဏ်ကို သိတတ်ပေ၏။ ငါတမူကား သက်ရှိဖြစ်လျက်နှင့် မသိတတ်ခဲ့'' ဟု ဤသို့

စဉ်းစားပြီး သန့်လျက်ကို မြေ၌ ပစ်ချလိုက်ပြီးနောက် သာမကောဏ်၏ ခြေရင်း၌ ရင်ဖြင့် ဝပ်လျက်—

"အရှင်သူမြတ် ဘုရား၊ တပည့်တော်တို့သည် ပစ္စည်းဥစ္စာဟူသော အကြောင်းကြောင့် ဤခေတာအုပ်ကို မှီ၍ နေကြပါကုန်၏။ အကျွန်ုပ်တို့ကို အဝေးမှ မြင်လိုက်ကုန်သည်ရှိသော်....ထောင်နှင့်ချီသော လူတို့သည် ထွက်ပေါက်မရအောင် အကျွန်ုပ်တို့ကား ဝိုင်းရံဆို့ပိတ်ထားကြကုန်၏၊ ထိုအခါ နှစ်ခွန်း၊ သုံးခွန်းသော စကားကိုမျှပင် လျှင် ကျွန်ုပ်တို့ ပြောနိုင်စွမ်း မရှိကြတော့ပါ။ အရှင်အားမူကား....တုန်လှုပ်ခြင်းမျှလည်း မရှိ၊ ပန်းတိမ်ဖို့ဝမှ ဇမ္ဗူရာဇ် ရွှေစင်ကဲ့သို့လည်းကောင်း၊ ကောင်းစွာ ပွင့်သော မှိုပွင့်ကြီးကဲ့သို့လည်းကောင်း အရှင်၏ မျက်နှာတော်သည် လွန်စွာပင် ကြည်လင် တင့်တယ်လှဘိ၏။ ဤသို့ ရှုံ့ကြောက်ခြင်းကင်း၊ ရဲတင်း လွန်းလှသည်ကား အဘယ့်ကြောင့်ပါနည်း" ဟု သံကိစ္စ သာမကောဏ်အား မေးလျှောက်လိုရကား—

တာသော တေနတ္ထိ နာဘယံ၊
ဘိယျော ဝဏ္ဏော ပသီဒတိ၊
ကသ္မာ န ပရိဒေဝေသိ၊
ဝေရူပေ မဟဗ္ဘယေ။ ။

"ဘန္တေ- ပျိုမျစ်နုနယ် ရွယ်သက်ငယ်လည်း ကြွယ်ဘိဂုဏ်အင် တန်ခိုးရှင်ဘုရား။ တေ-အရှင်ဘုရားအား။ တာသော လန့်ထိတ်ခြင်းသည်။ နတ္ထိ—မရှိပါတကား။ ဘယံ—ကြောက်ခြင်းသည်။ နတ္ထိ—မရှိပါတကား။ တေ—အရှင်ဘုရား၏။ ဝဏ္ဏော- အဆင်းတော်သည်။ ဘိယျော—ဒူလွန်နှံ့ အလွန်။ ပသီဒတိ—ကြည်လင် လှပါဘိသည်တကား။ ဝေရူပေ-သို့စင်မျှ လောက်- ကြောက်ခမန်းလိလိရှိဘိသော။ မဟဗ္ဘယေ-ကြီးစွာသော ဘေးအန္တရာယ်သည်။ သတိပိ—မျက်မြင်ဒိဋ္ဌ ကြုံတွေ့နေရပြီ ဖြစ်ပါလျက်လည်း။ ကသ္မာ-အဘယ့်ကြောင့်၊ နပရိဒေဝေသိ- အမယ်လေးလေး ချမ်းသာပေးဟု မငိုကြွေးမမြည်တမ်းပါ သနည်း"

ခိုးသားမှူးသည် သိလိုသော ဇောဖြင့် တအံ့တသြ မေးလျှောက်သောအခါ— သံကိစ္စသာမကောဏ်က တည်ကြည်သော အသံဖြင့် ပြန်ကြားဖြေဆိုသည်ကား....

"ဒကာတော် ခိုးမှူးကြီး၊ ရဟန္တာ ပုဂ္ဂိုလ်၏ အတ္တဘော မည်သည် ခေါင်းပေါ်၌ရွက်ထားသော ဝန်ထုပ်ကြီးနှင့်အလားတူပေ၏။ ထိုဦးခေါင်း ကွဲပျက်သွားသည်ပင် ဖြစ်စေ၊ ပျောက်ကွယ်သွားသည်ပင် ဖြစ်စေ ထိုဝန်ထုပ်

ကားပျောက်၍လည်း မသွားချေ။ ကြောက်ခြင်းလည်း မရှိချေ" ဟုဆို၍ ဤဂါထာကို ဟောတော်မူ၏။

နတ္ထိ စေတသိကံ ဒုက္ခံ၊
အနပေက္ခဿ ဂါမဏိ၊
အတိက္ကန္တော ဘယံ သဗ္ဗံ၊
ခီဏာသံ ယောဇနော ဣသိ။ ။

"ဂါမဏိ–လုယက် တိုက်ခိုက်မိုက်လုံး ထွားကြူး၊အို... ခိုးသားမှူး၊ အနပေက္ခဿ-ငဲ့ကွက်ခြင်း အလျှင်းပင် မရှိသောသူအား။ စေတသိကံဒုက္ခံ-စိတ်၌ ဖြစ်ရသော ဆင်းရဲဒုက္ခ ဟူသမျှသည်။ နတ္ထိ–မရှိတော့ချေ။ ခီဏာသံ ယောဇနော-အာသဝေါ ကုန်းခန်းလေပြီးသော၊ ဣသိ–ရသေ့ရဟန်းမျိုးကား။ သဗ္ဗံ ဘယံ-ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်း၊ အန္တရာယ် ခပ်သိမ်းကို။ အတိက္ကန္တော–လွန်မြောက်လေပြီတည်း"

ခိုးသားမှူးသည် ဤစကားကို ကြားသော်.... ဘာလုပ်ရမည် မသိတော့ပဲ ငိုင်ကျသွားလေ၏။ ယဇ်ပွဲအတွက် ဆက်လက် ဆောင်ရွက်စရာ များကလည်း ရှိသေးသည်၊ ထို့ပြင် တပည့် လက်သားများကလည်းရှိသေး သည်။ သူ၏ လက်ရှိ အခြေအနေမှာ ကိုရင်ကလေးအား မသတ်ရက်အောင် ဖြစ်နေသည်။ သို့သော် ဤကိစ္စအတွက် တပည့်များ၏ ဆန္ဒကိုလည်းသိရန်လို သည်ဟူ၍ သူသည် ယံကိစ္စသာမဏေအား စူးစိုက်စွာ ဖူးမြော်နေရာမှ တပည့်ယောသားများဘက်သို့ မျက်နှာလှည့်လိုက်ပြီး–

ခိုးမှူး "သည်ကိစ္စမှာ သင်တို့ အသို့လုပ်ကြမည်နည်း"

ခိုးသားများ "ကျွန်တော်တို့ကို မေးဖို့မလိုပါ။ အရှင်သာ အကြီးအမှူး ဖြစ်သဖြင့် အရှင်ပြုလိုရာကို ပြုရန် ဖြစ်ပါသည်"

ခိုးမှူး "အမောင်တို့၊ ရှင်းရှင်းပြောရသော်.... ဤသို့သော တန်ခိုး ပြာဋိဟာမျိုးကို မမြင်စဖူး ထူးထူးခြားခြား မြင်ရသဖြင့် လူ့အဖြစ်၊ လူ့ဘောင်၌ ငါ နေလိုစိတ် မရှိတော့။ အရှင် ကိုယ်တော်ထံတွင် ငါ ရဟန်းပြုတော့အံ့။ သင်တို့ကော အသို့နည်း"

ခိုးသားများ "အရှင်းလဲလျှင် အဖျားထင်းဖြစ်ဆိုပါသည်။အရှင် ရဟန်း ပြုခဲ့သော် အကျွန်ုပ်တို့လည်း အရှင်နှင့်အတူ ရဟန်းပြုပါ ကုန်အံ့"

ခိုးမှူး "သာဓု....သာဓု....သာဓု"

ဤသို့အားဖြင့် ခိုးမှုကြီးနှင့်တကွသော ခိုးသား ငါးရာတို့သည် သံကိစ္စသာမဏေကို ရှိသေစွာ ရှိခိုးလျက် ရှင်ရဟန်း အဖြစ်ကို တောင်းခံကြလေကုန်၏။

သံကိစ္စ သာမဏေသည် ရှင်သာမဏေ ပြုရန်အတွက် ထိုခိုးသား ငါးရာတို့၏ ဆံပင်များကိုလည်းကောင်း၊ ယင်း ဝတ်သော အဝတ်များမှ အမြိတ်အဆာများကို လည်းကောင်း သန်လျက်ဖြင့် ဖြတ်လေ၏။ ဖြတ်ပြီး အဝတ်များကို မြေနီဖြင့် ဆိုး၍ ယင်းအဝတ်များကို သင်္ကန်းအဖြစ် ဝတ်ရုံစေလျက် ဆယ်ပါသီလကို ဆောက်တည်စေပြီးလျှင် ခိုးသားလူထွက် သာမဏေ ငါးရာ့တပါးကို ဘုရားသခင်ထံတော်သို့ ခေါ်ဆောင်သွားလေသည်။

သို့သော် လမ်းတွင် စဉ်းစားမိပြန်လေသည်ကား "တောရကျောင်း ဆရာတော်ဘုရား ရှိပါသေးကလား။ အကယ်၍ ဆရာတော်ဘုရားများကို အသိပေးခြင်း၊ ပန်ကြားခြင်း မပြုလေပဲ ဘုရားသခင်ရှေ့တော်မှောက်သို့ ဘောက်လျှောက် ငါသွားခဲ့အံ့။ သူတို့သည် ငါ့အတွက်ကြောင့် ရဟန်းတရားကို ဖြောင့်ဖြောင့် အားထုတ်တော်မူနိုင်ရှာကြမည် မဟုတ်ကုန်။ ငါ့ကို ခိုးသားများ ခေါ်သွားသည့် အချိန်ကစ၍ သူတို့သည် မျက်ရည် မကျသူ မရှိ။ 'ကိုရင်ကလေးကို သတ်ပစ်ကြ လေပြီလား'ဟူ၍ မကြည်နှလုံး ယူကျုံး မရဖြစ်ကာ ကမ္မဋ္ဌာန်းတရားကို အာရုံပြုနိုင် ရှာတော့မည် မဟုတ်ကုန်။ ထို့ကြောင့် ဆရာတော်ဘုရားများထံ ဝင်၍ အသက်ရှင်လျက်ရှိကြောင်းကို သိစေပြီးမှ ဗုဒ္ဓမြတ်ဘုရားထံ ငါသွားတော့အံ့"ဟုဆုံးဖြတ်လိုက်ပြီး ငါးရာ့တယောက်ကုန်သော ခိုးသားဘဝသစ် တပြင်လဲ သာမဏေများခြံရံလျက် တောရကျောင်းသို့ အလျင် သွားလေ၏။

တောရကျောင်း ဆရာတော်တို့သည် သံကိစ္စသာမဏေကို မြင်လျှင် မြင်ချင်း စိုးရိမ်ခြင်း ကင်းကုန်လေ၏။

သံကိစ္စသာမဏေကလည်း "အရှင်ဘုရားများ၊ တပည့်တော်အတွက် စိုးရိမ်ကြောင့်ကြနေမည်စိုး၍ ဝင်လာခဲ့ကြောင်း၊ ဤသာမဏေသစ်များကို ဘုရားသခင်ထံတော်သို့ ပို့ဆောင်ရန် ရှိသေးကြောင်း"လျှောက်ထားပြီးလျှင် ထိုသာမဏေများကို ခေါ်၍ ဘုရားသခင်ထံတော်သို့ သွားလေ၏။

ဇေတဝန် ကျောင်းတော်ကြီးသည် သာဝတ္ထိပြည်၏ တခုသော အမှတ်အသားအဖြစ် ဝင့်ဝင့်ကြွားကြွား တည်ရှိနေ၏။ သံကိစ္စသာမဏေသည် နောက်ပါ ခိုးသားငါးရာ သာမဏေများကို ခေါ်ဆောင်လျက် ဇေတဝန် ကျောင်းတော်သို့ ရောက်သွားသောအခါ ရှေးဦးစွာ ဆရာ ဥပဇ္ဈာယ်ဖြစ်သော အရှင်သာရိပုတ္တရာ့ထံ ဝင်ရောက် ဖူးမြော်လေရာ—

"သံကိစ္စ၊ သင့်မှာ အန္တေဝါသိက တပည့်တွေ ရလာခဲ့သလား"ဟု အရှင်သာရိပုတ္တရာက ဆီး၍ မေးသည်။ သံကိစ္စသာမဏေက အကျိုးအကြောင်း စုံလင်စွာ လျှောက်ထားသည်။

"ချစ်တပည့် သံကိစ္စ၊ ဘုရားသခင်ကို ဖူးမြော် ကန်တော့ချေဦး"

"တင်ပါ့ဘုရား"

သံကိစ္စသာမဏေသည် ခိုးသားငါးရာ ကိုရင်သစ်များကို ခေါ်ဆောင်လျက် ဘုရားသခင် ထံတော်သို့ ဝင်ရောက်ဖူးမြော်လေသော အခါ၌လည်း "ချစ်တပည့် သံကိစ္စ၊ သင့်မှာ တပည့်တွေ ရလာခဲ့သလား"ဟူ၍ ပင် ဘုရားသခင်က ဆီး၍ မေးတော်မူ၏။ သံကိစ္စက အကျိုးအကြောင်း လျှောက်လျှင် "သူပြောသည့်အတိုင်း မှန်သလော"ဟု ခိုးသားများကို မေးတော်မူ၏။ ခိုးသားများကလည်း "မှန်ပါကြောင်း" လျှောက်လေသော အခါ—

"ချစ်သားတို့ သင်တို့အား သူ့ဥစ္စာကိုခိုးခြင်း၊ လုယက်တိုက်ခိုက်ခြင်း၊ သူ့အသက်ကို သတ်ခြင်းစသော ဒုစရိုက်မှုများကိုပြု၍ အနှစ်တရာတိုင်တိုင် အသက်ရှည်၍ နေရခြင်းထက် တနေ့တရက်မျှပင်ဖြစ်စေ သီလဆောက်တည်၍ အသက်ရှင် နေရခြင်းက မြတ်၏"

ဟု မိန့်တော်မူ၍ အနုသန္ဓေစပ်လျက် ကိုရင်သစ် ခိုးသား ငါးရာတို့အား တရားဟောလိုသည်ဖြစ်၍ ဤဂါထာကို ဆိုတော်မူသတည်း။

ယောစ ဝဿသတံ ဇီဝေ၊
ဒုဿီလော အသမာဟိတော၊
ဧကာဟံ ဇီဝိတံ သေယျော၊
သီလဝန္တဿ ဈာယိနော။

"ဘိက္ခဝေ၊ မိုက်ဇာတ်သိမ်း၍ ငြိမ်းချမ်းရာကိုမှီလှာခိုသည့် တောဗိုလ်ပြောက်ကျား အို ချစ်သားတို့။ ယော၊ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်။ ဒုဿီလော၊ သီလ မရှိလေပဲ။ အသမာဟိတော၊ စိတ်ကို ကုသိုလ်တရားတို့၌ မတည်စေပဲ။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဝါ၊ အနှစ်တရာတိုင်တိုင်။ ဇီဝေ၊ အသက်ရှည်ငြားအံ့။ တတောဇီဝနတော၊ ထိုအနှစ်တရာတိုင်တိုင် အသက်ရှည်ခြင်းထက်။ သီလဝန္တဿ၊ သီလရှိသော။ ဈာယိနော၊ ကသိုဏ်းစသော အာရုံကို ရှုပွားတတ်၊ အနိစ္စ စသော လက္ခဏာကို ရှုပွားတတ်သော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ ဧကာဟံ၊ တရက်တာမျှ။ ဇီဝိတံ၊ အသက်ရှင်နေခြင်းသည်။ သေယျောမြတ်၏"

ခိုးသားငါးရာတို့သည် မိမိတို့၏ဘဝ၊ မိမိတို့၏ အပြုအမူလုပ်ဆောင်ချက်နှင့် ကြားနာရသောတရားကို ဟပ်ကြည့်ကာ ကြည်နူးခြင်း ဖြစ်နေကုန်၏။ ဤတရားတော်၏အဆုံး၌ကား အားလုံးကုန်သော ခိုးသားတို့သည် တရား၌ အာရုံစိုက်ခြင်းဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကုန်လေသတည်း။ နိဗ္ဗာန်အောင်မြို့သို့ လိုခဏအတွင်းမှာပင် အတူတကွ တပြိုင်နက် ရောက်ကုန်လေသတည်း။

ဤဝတ္ထု၌ ခိုးသားငါးရာတို့၏ ဒုစရိုက် အသွင်ကို ထောက်လျှင် သူတို့ နိဗ္ဗာန် ရောက်ကြလိမ့်မည်။ နိဗ္ဗာန်သွားကြမည့် ရဟန္တာလောင်းလျာများ ဟူ၍ မည်သူမျှ ထင်ကြေး ပေးကြမည်မဟုတ်။ သို့သော်....လူဆိုးတောပုန်း ဒမြကြီးများပင် ဖြစ်နေစေကာမူလည်း နိဗ္ဗာန်သည် အခွင့်ဆိုက်လာသည်နှင့် တပြိုင်နက် 'ထပ်ကနဲ' ပူးကပ်ရန်အတွက် သူတို့၏ အနီးအနားတွင် ရစ်သီရစ်သီနှင့် ရှိနေလေမည်ကိုကား အခြား သူများကို ထားဘိဦး၊ ကာယကံရှင် သူတို့ ကိုယ်တိုင်ပင်လျှင် မသိနိုင် မမြင်နိုင်ကုန်တကား။



# တံငါသည် ငါးရာတို့၏

# လက်တကမ်း နိဗ္ဗာန် ဝတ္ထု

ငါးသည် လူတို့စားသုံးရန်အတွက် ဟင်းလျာကောင်းတခွက်ဖြစ်၏။ ငါးသည် ရေ၌ ကျက်စားသည့် ရေသတ္တဝါဖြစ်သောကြောင့် ထိုငါးများကို ရေမုဆိုးဟု ဆိုအပ်သော တံငါသည်များက နည်းအမျိုးမျိုးတို့ဖြင့် ဖမ်းဆီးရောင်းချခြင်းဖြင့် အသက်မွေးကြကုန်၏။

ထို့ကြောင့် တံငါသည်များအဖို့ ငါးများများရခြင်းသည် အဓိကဖြစ်၏။ ရရှိသော ငါးများကို ဈေးကောင်းကောင်းဖြင့် ရောင်းချရခြင်းသည် ပဓာနဖြစ်၏။ ငါးသည် တံငါသည်တို့၏ ထုတ်ကုန်ပစ္စည်းဖြစ်သောကြောင့် ငါးများကို လှိုင်လှိုင်ထုတ်နိုင်လေလေ သူတို့အဖို့ ဘဝမကျိုင် မတ်လေလေဖြစ်၏။ သူတို့သည် ဤသို့လျှင် တံငါအလုပ်ဖြင့် အသက်မွေးနေကြကုန်သတည်း။

နေရာကား အစိရဝတီ မြစ်ကမ်းမှာဖြစ်၏။ တသွင်သွင်စီးနေသော အစိရဝတီ မြစ်ကမ်းတလျှောက်တွင် သူတို့အိမ်ဆောက်နေကြသည်။ အိမ်ခြေငါးရာရှိသော တံငါရွာကြီးဖြစ်သည်။

ထိုရွာကြီးကို အခြားနာမည် တမျိုးဖြင့်လည်း မှော်ကွန်းထိုးနိုင်သေး၏။ ထိုရွာ၏ အကြီးအကဲဖြစ်သူ ရွာသူကြီး၌ သားတယောက်ယွန်းကားလာရာ သူ့သားနှင့် တနေ့တည်းဖွားသော သားများကို လိုက်ရှာသော်ဖွားဖက်တော် ငါးရာ ရရှိလေသည်။ ယင်းဖွားဖက်တော်များကို စုရုံးလျက် အစိရဝတီမြစ်ကမ်းတွင် ဟည်သောရွာဖြစ်ခြင်းကြောင့် ဖွားဖက်တော်ရွာဟူ၍လည်း ခေါ်နိုင်ပေသည်။

သူတို့ရွာကား တံငါရွာပီသလှပါပေသည်။ အဝေးက ကြည့်လျှင် ပင် သောင်ပြင်၌ လှန်းထားသော ပိုက်တန်းကြီးများကို မြင်ရသည်။ ငါး ဖမ်းရန် ပိုက်ကွန်များသည် သူတို့၏ ထမင်းအိုးဖြစ်သောကြောင့် ကွန်ထိုး သူကထိုး၊ အပေါက်အပြဲများကို ဖာသူကဖာလျက် အလုပ်နှင့် လက်နှင့် ပြတ်သည်ဟူ၍ မရှိကြ။ အချို့က ညှင်းပြီးသား ငါးများကို လင့်စင်ကြီး များပေါ်တွင် အခြောက်လှန်းသူက လှန်းနှင့် လုပ်ငန်းကိုယ်စီ ရှိနေကြ သည်။

အချို့တို့ကမူ လှေကြီးနှင့်တသွယ်၊ လှေငယ်နှင့်တဖုံ မြစ်ကြောင်း အတိုင်း စုန်လိုက်၊ ဆန်လိုက်နှင့် ပိုက်တန်းချနေကြလေရာ အစီရဝတီမြစ် ၏ ရှုကွက်မှာ သူတို့အတွက် တမျိုးတင့်တယ်သကဲ့သို့ ရှိနေ၏။

"ဟော....ငါးတွေ အများကြီးပဲဟေ့...."ဟု ပင့်လိုက်သော ပိုက် ကွန်အတွင်း၌ တပြွတ်တခဲကြီးပါလာသော ငါးများကိုကြည့်ကာ အားရ ဝမ်းသာ သူများကလည်း မရှား ဖြစ်လေ၏။

ထိုအချိန်တွင် သူကြီးသား ကိုတံငါသည်လည်း ဖွားဖက်တော် ဖော်တသင်းနှင့် မြစ်တွင်း၌ ကွန်ပစ်လျက် ရှိနေ၏။ "ဟေ့....ဟေ့....တိုးတယ် ကွ....တိုး....တိုးတယ်" မြုပ်တုံ ပေါ်တုံ ဖြစ်နေသော ဖော့ကိုကြည့်ကာ သူကြီးသားက ဟစ်ကြွေးလိုက်လျှင် အဖော်အပေါင်း ရောင်းရင်းများက "ဆွဲဟ....ဆွဲဟ....တင်ဟ....တင်ဟ" ဟူ၍ ပိုက်ကွန်ကို တဖြည်းဖြည်း ဆွဲတင် ကြလေ၏။

"ဟာ....ရောမ အကောင်ကြီးဟ...."

"ရွှေ....ရွှေ....ရွှေငါးကြီးကွ.... ရွှေငါးကြီး"

သူတို့သည် ပိုက်ကွန်တွင်း၌ မိလာသော ငါးကြီးကို အားရဝမ်းသာ ဆွဲတင်နေကြသည်။ ဤမျှကြီးမားသော ငါးမျိုးကို သူတို့သည် တခါဖူးမျှ မရဖူးကြချေ။ ရွှေဝါရောင် တဝင်းဝင်းနှင့် ဖိတ်ဖိတ်တောက်နေသော ရွှေငါးကြီးကို မြင်ရသောအခါ ထိုကိုတံငါတသိုက်မှာ နှစ်ခြိုက်မဆုံး တပြုံးပြုံးနှင့် ရှိနေကုန်လေ၏။

"ဟေ့....သေသေချာချာ ကြည့်ကြစမ်း၊ ခေါင်းကလည်းရွှေ၊ အမြီးကလည်းရွှေ၊ ကိုယ်လုံးကလည်းရွှေ"

"ဟုတ်တယ် ဆရာ၊ ရွှေငါး....ရွှေငါး.... သည်ငါးကြီးကို ရှုံသွင်းပြီး များ ပြလိုက်ရယင် ပိုက်ခံတွေ ဝက်ဝက်ကွဲအောင် ရမှာပဲ"

"အေး.... ဟုတ်တယ်.... သည်ရွှေငါးကြီးကို ရှုံသွင်းပြရအောင်"

ဤသို့ တံငါသည်များ တယောက်တမျိုး ဆိုပြောနေကြသည့်ကြား တွင် သူကြီးသား ကိုတံငါက အားလုံးကို လက်ကာ၍ ဟန့်လိုက်ပြီ လျှင်—

"သည်မှာ အစ်ကိုတို့၊ အစ်ကိုတို့ အကြံပြုချက်တွေဟာလည်း မဆိုးလှပါဘူး။ မဖြစ်စဖူး ထူးထူးခြားခြား ရွှေငါးကြီးဆိုတော့... ကြည့်ချင်သူ များမို့ ပိုက်ဆံများများရမှာ မှန်ပါတယ်။ ဒါပေမယ့် သည်ပိုက်ဆံလောက်ကို ဘာလုပ်ဖို့လဲ.... ရုံမသွင်းဘူး" (အားလုံး မျက်လုံးပြူးလျက်)

"ဟာ....ဗျာ"

"မဟာနဲ့....ဟုတ်တာပြောတာ.... အင်မတန်ရခဲတဲ့ ရွှေငါးကြီးကို သည့်လောက် ပိုက်ဆံကလေး နဲ့ မကျေနပ်ထိုက်ဘူး"

"ဒါဖြင့်....ဘယ်လိုလုပ်မလဲ"

"သည်ရွှေငါးကြီးကို ဘုရင်မင်းမြတ်အား ဆက်သလိုက်ရယင်လား"

"အား....ဟုတ်တယ်....ဟုတ်တယ်.... သည်အကြံကောင်းတယ်"

ဤသို့လျှင် တံငါသည် တသိုက်တို့ကား ပိုက်ကွန်တွင်းမှ ရွှေငါးကြီးကို လှေပေါ်တင်လျက် နန်းတော်သို့ ယူဆောင်ကာ ဘုရင်အား ဆက်သကြလေကုန်၏။ ကောသလမင်းကြီးသည် တံငါသည်များအား—

"အချင်းတို့ သည်ဟာ ဘာလဲ"

"ရွှေငါးကြီး ဖြစ်ကြောင်းပါဘုရား၊ အလွန်ထူးဆန်းသောငါးကြီးဖြစ်သည့်အတွက် ဘုရင်ထီးဘုရားထံ လာရောက်ဆက်သကြောင်းပါဘုရား"

ကောသလမင်းကြီးသည် ထိုငါးကြီး အမြီးပြန်, ခေါင်းပြန် အပြန်ပြန် အလှန်လှန်ကြည့်ယင်း လွန်စွာ အံ့သြမြင်းဖြင်လျက် စဉ်းစားလေသည်။

"ရေ၌ ကျက်စားသော ငါးသတ္တဝါချင်း တူပါလျက်နှင့် ဤငါးကြီးကား ထူးတူးခြားခြား ရွှေသားအတိ ဖြစ်နေ၏။ အဘယ့်ကြောင့်ပါနည်း။ သည်ငါးကြီး၏ နောက်ခံသမိုင်းကြောင်းကို ဘုရားသခင် သိတန်ကောင်းရာသည်"

ဤသို့ စဉ်းစားမိကာ ကောသလမင်းကြီးသည် ထိုရွှေငါးကြီးကို ဇေတဝန်ကျောင်းတော်သို့ ယူဆောင်စေလေ၏။

"ကဲ....မောင်မင်းတို့၊ ထူးဆန်းလှသည့် ရွှေငါးကြီး အကြောင်းကို ဘုရားသခင်ထံ သွားရောက်လျှောက်ထား မေးမြန်းတော်မူအံ့၊ ကျောင်းတော်ကို ယူဆောင်ခဲ့ကြကုန်လော့"

ဤသည့်နောက်ပိုင်းကွင်ပုံကား ဇေတဝန်ကျောင်းတိုက်ကြီး အတွင်းဝယ် ရဟန်းပရိသတ်လည်း တရှုန်းရှုန်း၊ မင်းနှင့်တကွသော လူပရိသတ်မှာလည်း တရှုန်းရှုန်းနှင့် ရှိလေ၏။

"သိပ်ထူးဆန်းတဲ့ ငါးကြီးပဲ" ဟူ၍ အံ့သြမဆုံးနိုင်အောင် ရှိနေကြလေ၏။ ထိုသို့ ကြည့်နေဆဲမှာပင် မခံမရပ်နိုင်အောင် ပုပ်စော်နံလာလေသောကြောင့် ရဟန်းတို့မှာလည်း နှာခေါင်းကို သင်္ကန်းနှင့် ပိတ်လိုပိတ်၊ ဘုရားသခင်၏ ရှေ့တော်၌ ခစားနေသော ကောသလမင်းကြီး မှာလည်း နှာခေါင်း တရှုံ့ရှုံ့နှင့် စုလျားတဘက်ဖြင့် နှာခေါင်းကို လျင်မြန်စွာ ဆို့ပိတ်လိုက်ရလေ၏။

အဘယ့်ကြောင့် ဆိုသော်....ရွှေငါးကြီး ပါးစပ် ဟလိုက်သည်တွင် ပါးစပ်ထဲမှ အပုပ်နံ့များ ထောင်းကနဲထွက်လာသောကြောင့် ဖြစ်၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဤငါးကြီးသည် အဆင်း သဏ္ဍာန်အားဖြင့် ရွှေရောင်နှင့် ဝင်းဝင်းဖြစ်ပါလျက် ယင်း၏အနံ့မှာ မခံမရပ်နိုင်အောင် အဘယ့်ကြောင့် ပုပ်ပါသနည်း" ဟု ကောသလမင်းကြီးက လျှောက်ထားလေသောအခါ ဤ ကပိလမစ္ဆ ဝတ္ထုကို နောက်ကြောင်းပြန်၍ ကောသလမင်းအား ဟောတော်မူသတည်း။ တံငါသည်တို့လည်း မင်းကြီးနှင့်အတူ ငါးတရားကို ကြားနာကြလေကုန်သတည်း။*

"မြတ်သောမင်းကြီး၊ နာလော့....။ ဤ ရွှေငါးကြီးကား ကဿပ ဘုရားသခင်၏ သာသနာတွင်းဝယ် နေလို့လလို လင်းခဲ့သော စာတတ်, ပေတတ် ရဟန်းတပါးဖြစ်ခဲ့ပေသည်။ သူ့မှာ သာဂတ,မည်သော အင်ကို တယောက်နှင့် တာမနာ, မည်သော နှမတယောက်ရှိ၏။ သူ့မိခင်ကား သာမိနီ ဖြစ်သတည်း။ သူတို့မိသားစု လေးယောက်လုံးသည် သာသနာ၌ ကြည်ညိုကြသဖြင့် ရဟန်းပြုကြကုန်သည်။ သား ရဟန်း နှစ်ပါး အနက် နောင်တော်ဖြစ်သော သာဂတ,မှာ ဝိပဿနာတရားကို ပွားများအားထုတ်လေသဖြင့် ရဟန္တာ ဖြစ်သွားလေသော်လည်း ညီဖြစ်သူ ကပိလ ရဟန်းကား 'ငါ ငယ်ပါသေးသည်၊ ပရိယတ်စာပေ ကျမ်းဂန်များ သင်ဦးမည်၊ ကြီးသောအခါကျမှ ဝိပဿနာကို ငါ အားထုတ်မည်' ဟူ၍ ဝိပဿနာလမ်းကို မလိုက်လေပဲ ပရိယတ်အလုပ်ကိုသာ ကြိုးကြိုးကုတ်ကုတ် သူ အားထုတ်နေပေသည်။

"မြတ်သောမင်းကြီး။ ကပိလရဟန်းသည် ဉာဏ်ထက်လှ၏။ စာပေ သင်ကြားမှု ပရိယတ်အလုပ်ကို အားထုတ်ရာ၌ သူ၏ကြိုးစားမှုနှင့် ရင့်သန်သော ပါရမီဉာဏ်အလျောက် တဘက်ကမ်းခတ် လျှမ်းလျှမ်းတောက် တတ်မြောက်သွားပေသည်။ သူ၏ ပရိယတ္တိဂုဏ်ကြောင့် အခြံအရံပရိသတ်များ ပျားပန်းခတ်မျှ စိုင်းစိုင်းလည် စုပြုံ၍အုံလာသည်။ စာတတ်ကိုယ်တော်

---

* ဓမ္မပဒ အဋ္ဌကထာ၊ ဒု၊ တဏှာဝဂ်၊ ကပိလမစ္ဆဝတ္ထု၊ ၄၄၃။

ဟူ၍ အချပ်ထက်ဝန်းကျင်၌ အနံ့ကျော်ဇေယျ ပုဂ္ဂိုလ်ထူးတယောက် ဖြစ်လာသည်။ ဤသို့ ထင်ပေါ်ကျော်ကြား ကြည်ညိုသူတော့ ပေါများလာသည်နှင့်အမျှ လာဘ်လာဘလည်း အကူပင် ရှင်လာသည်။ ဟိုကလှူချင်သည်ကလှူချင်နှင့် လှူချင်သူများဖြင့် အလွန်စည်စည်ကားကားဖြစ်လာသည်။

'မြတ်သောမင်းကြီး။ သင် အသို့ထင်သနည်း။ ထိုကပိလ ရဟန်းသည် 'ငါ စာတတ်သည်၊ ဗဟုသုတ ရှိသည်'ဟူ၍ မာန်ယစ်လာသည်။ လောဘရမ္မက်တပ်မက်ခြင်းဖြစ်လာသည်၊ ပညာမာန် တက်လာသည်။ အခြားတပါးသော ရဟန်းတို့က 'ဤအမှုမျိုး ရဟန်းတို့အားအပ်၏၊ ပြုကောင်း၏' ဟု ဆိုသည်ကို သူက....'မအပ်၊ မပြုကောင်း'ဟူ၍လည်းကောင်း၊ ရဟန်းတို့က....'မအပ်,မပြုကောင်း'ဆိုသည်ကို သူက 'အပ်သည်,ပြုကောင်းသည်' ဟူ၍လည်းကောင်း၊ 'အပြစ်ရှိသည်ကို မရှိ။ အပြစ်မရှိသည်ကို အပြစ်ရှိသည်' ဟူ၍လည်းကောင်း အကြောက်အကန် ဆိုပြောလေတော့သည်။ ထိုအခါ သီလကိုချစ်သော၊ ဝိနည်းကိုလေးစားသော ရဟန်းတို့က....'ငါ့ရှင်ကပိလ။ ဤသို့မဆိုလင့်၊ မပြောလင့်'ဟူ၍ ဝိနည်းကြောင်း၊ အဘိဓမ္မာကြောင်းဖြင့် ဖျောင်းဖျောင်းဖျဖျ ဆိုပြောကြ ကုန်သော်လည်း နားမထောင်ရုံ မက 'ကိုယ်တော်တို့ ဘာနားလည်ကြလို့လဲ။ ကိုယ်တော်တို့ မည်မည်ရရ တတ်မြောက်တာ ဘာရှိလို့လဲ'ဟူ၍ ဤသို့ စသည်ဖြင့် ပြောလျှာသူများအား ကဲ့ရဲ့ရှုတ်ချကာ လူတတ်တဆူ ငါကော ဟူ၍ မာန်ကလူလူ ထောင်လွှား နေလေသည်။

''မြတ်သောမင်းကြီး။ထောင်လွှားတက်ကြွ မာန်မာနကြီးလှသော၊ တရားသဖြင့် ဆုံးမစကားကို နားမထောင်သော ကပိလရဟန်း အကြောင်းကို ရဟန်းတို့က သူ့အစ်ကိုဖြစ်သူ သာဂတ မထေရ်အား တိုင်ကြားကြလေသောအခါ နောင်တော်ဖြစ်သူက သူ့ညီ ကပိလအား ဆုံးမစကား မြွက်ကြားလေသည်ကား—

''ညီချစ်ကပိလ၊ သင်ကဲ့သို့ ပုဂ္ဂိုလ်မျိုးသည်ကား မြတ်ဘုရား၏ ပဋိပတ္တိ သာသနာတော်၏ တသက်မည်ပေသည်။ အဘယ်ကြောင့် ပဋိယတ္တိကိုပယ်၍ မဆိုထိုက်သော စကားကို သင် ဆိုကိသနည်း။ ဤအပြောအဆိုမျိုးကို သင် မပြုလေနှင့်''

ဟူ၍ ဆိုဆုံးမသော်လည်း နားမထောင်။ နှစ်ကြိမ်မှ သုံးကြိမ်အထိ ဆုံးမပါလျက် မရသည့်အဆုံးတွင် ''ဤသတ္တဝါကား ငါ့စကားကို ပင် အမှုမထားပါတကား။ သင်းထိုက်နှင့် သင်းကံ ရှိစေတော့''ဟူ၍ လက်လျှော့ လိုက်လေတော့သည်၊

"ထိုအခါမှစ၍ ရဟန်းတို့ကလည်း သူ့အား အပေါင်း အသင်း မလုပ်ကြတော့ပဲ ကြဉ်လိုက်ကြကုန်သတည်း"

"မြတ်သောမင်းကြီး။ တခုသော ဥပုသ်နေ့တွင် ကပိလရဟန်းသည် ဥပုသ်ပြုမည်ဟု ဓမ္မာသနပလ္လင်၌ ထိုင်ပြီးလျှင် 'ငါ့ရှင်တို့၊ ဤနေ့ ဤဥပုသ်အိမ်၌ စည်းဝေး ရောက်ရှိနေကုန်သော ရဟန်းတို့အား ပါတိမောက်ပြရန် သင့်ပြီလော'ဟု ရဟန်းတို့ကို သူ မေးလေသည်။ ထိုအခါ 'ဤဒုဗ္ဗစ ရဟန်းနှင့် စကားဖက်ပြိုင် ပြောဆိုခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း' ဟူ၍ ရဟန်းတို့သည် သူ၏အမေးကို အဖြေမပေးကြကုန်ပဲ တကျိတ်ခဝေ ဆိတ်ဆိတ်သာ နေကြကုန်လတ်သော်....ကပိလသည် မခံမရပ်နိုင်၊ ဒေါသကို မချုပ်တည်းနိုင် ဖြစ်လာပြီး ကက်ထန် မာကျောလှစွာသော အသံဖြင့် ရဟန်းတို့အား 'ငါ့ရှင်တို့၊ တရားဟူသည်လည်း မရှိ၊ ဝိနည်းဟူသည်လည်း မရှိ။ ပါတိမောက်ကို ကြားနာသည်ဖြစ်စေ၊ မကြားနာသည် ဖြစ်စေ ငါ့အား အဘယ်အကျိုး ရှိအံ့နည်း' ဓမ္မာသနပလ္လင်မှ ရုတ်တရက် ဆောင့်ကြီး, အောင့်ကြီး ထ,လိုက်လေပြီ"

"မြတ်သော မင်းကြီး၊ ထိုကပိလရဟန်းကား ဤသို့လျှင် ကဿပ ဘုရားသခင်၏ ပရိယတ္တိသာသနာတော်ကို ဆုတ်ယုတ်အောင် ကာယကံ မြောက် ပြုခဲ့ဖူးပေသည်။ ဤမကောင်းမှုကြောင့် သူသည် အဝီစိငရဲသို့ လားခဲ့ရ၏။ နှစ်ပေါင်းများစွာ ငရဲအိုးတွင် ချိုးကပ်ခဲ့ရ၏။ ကုသိုလ်ကံ ကြွင်းကလေး အနည်းငယ် ရှိလေမှုကြောင့် ဤဘဝ၌ ငါးဖြစ်ပါ၏။ ထိုစဉ်အခါက သူသည် ကြာမြင့်စွာသော နေ့ညဥ့်တို့ ကာလပတ်လုံး ဗုဒ္ဓကျမ်းစာများကို ပို့ချခဲ့ဖူးပေသည်။ ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးတော်များကို မြွက်ဖော် ချီးကျူးခဲ့ဖူးပေသည်။ ဤအကျိုးကြောင့် ရွှေရောင်တပင်းဝင်း အဆင်းလှသော ငါးကြီး ဖြစ်လာရ၏။ သို့သော်လည်း ရဟန်းတို့အား ဆဲရေးခြင်း။ ကွဲရှဲစကား မြွက်ကြားခဲ့မိခြင်း ဟူသော အကျိုးကြောင့် သူ့ပါးစပ်မှ အပုပ်နံ့ တလှောင်းလှောင်း ထွက်လာချေ၏။ မြတ်သော မင်းကြီး၊ စူးစိုက်စွာ နားထောင်လော့။ ဤကပိလ ငါးကြီးကို ငါ စကား ဆိုပေအံ့"

ဟု မိန့်တော်မူလျှင် ကောသလမင်းသည် လည်းကောင်း၊ ငါးရှာသော တံငါသည်တို့သည် လည်းကောင်း၊ ရဟန်းတို့သည်လည်းကောင်း စောင့်မျှော် နားစွင့်ကြကုန်လေ၏။

ဗုဒ္ဓ "အချင်းငွေ၊ သင်သည် ကပိလ, မဟုတ်တုံလော"

ကပိလ "ဟုတ်ပါသည် ဘုရား"

ဗုဒ္ဓ 'ဤအဝီစိဝတိမြစ်သို့ သင် အဘယ်အရပ်က လာသနည်း"

ကပိလ ''တပည့်တော် အစီစိငရဲမှ လာခဲ့ပါသည်ဘုရား''
ဗုဒ္ဓ ''သင်၏ နောင်တော်ဖြစ်သော သာဂတမထေရ်ကား သူ အခု ဘယ်ရောက်နေပါသနည်း''
ကပိလ ''နောင်တော် သာဂတ ပရိနိဗ္ဗာန် ပြုသွားပါပြီ ဘုရား''
ဗုဒ္ဓ ''သင်၏ နှမဖြစ်သူ တာပနာ,ကော အဘယ်မှာနည်း''
ကပိလ ''မိခင်နှင့်အတူ မဟာအဝီစိငရဲမှာပါ ဘုရား''
ဗုဒ္ဓ ''ကပိလ၊ သင် ယခု အဘယ်ကို သွားမည်နည်း''
ကပိလ ''အဝီစိသို့ ပြန်သွားပါအံ့''

ဤသို့ လျှောက်ထားပြီးလျှင် ကပိလငါးကြီးသည် များစွာစိတ်ထိခိုက်လာသဖြင့် ဦးခေါင်းကို လှေနံရံနှင့် တအားပစ်၍ ရိုက်လိုက်ရာ ထိုနေရာ၌ ပွဲချင်းပြီးသေလျက် အဝီစိသို့ လားရပြန်လေပြီတည်း။

ထိုစကားကို ကြားရလေသောအခါ တံငါသည်အပေါင်းတို့သည် များစွာသံဝေဂ ဖြစ်ကုန်လေ၏။

ဤရွှေငါးကြီးကို မင်းအားဆက်သလျှင် အသပြာ များစွာရမည်။ ဆုတော် လာဘ်တော်များ သနားခြင်း ခံရမည်'' ဟူသော ယခင် မျှော်လင့်ချက် များသည် ယခုအခါတွင် ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်လေ၏။ များစွာရှုံကြောက် လန့်ထိတ်လျက် ကြက်သီး မွေးညင်းတို့သည် တဖျဉ်းဖျဉ်း ထလာကုန်လေ၏။

ထိုအခါ ဗုဒ္ဓသည် တံငါသည် ပရိသတ်၏ စိတ်ဓာတ်ကို အတပ်သိတော်မူလေသဖြင့် တရားဟောတော်မူခြင်းငှာ သုတ္တနိပါတ်၌ လာသော ဤဂါထာများကို ဟောကြားတော်မူလေ၏။

(၁) မနုဇဿ ပမတ္တစာရိနော၊
တဏှာ ဝဍ္ဎတိ မာလုဝါဝိယ၊
သော ပလဝေတီ ဟုရာဟုရံ၊
ဖလမိစ္ဆံ ဝနသ္မိံ ဝါနရော။

''ပမတ္တစာရိနော၊ မေ့မေ့လျော့လျော့၊ ပေါ့ပေါ့တန်တန် ကျင့်လေ့ရှိသော။ မနုဇဿ၊ သတ္တဝါဟု ဆိုသပ်သော ပုဂ္ဂိုလ်အား။ တဏှာ၊ စက္ခု၊ သောတ၊ ဃာနစသည် ခြောက်လီသော ဒွါရတို့၌ဖြစ်သော တဏှာသည်။ မာလုဝါဝိယ၊ မာလောနွယ်ကဲ့သို့။ ဝဍ္ဎတိ၊ ပွား၏။ သော-ထိုတဏှာအင်အား လွန်စွာ ကြီးထွားနေသောသူသည်။ ဟုရာဟုရံ၊ ထိုထိုဤဤ အလီလီသော ဘဝသို့။ ပလဝေတိ-ကဆုန့်ချ၍ ပြေးလွှားနေရလေ၏။ ကိမိဝ—ဥပမာ ပုံဆို အဘယ်လိုနည်း ဟူမူကား။ ဝနသ္မိံ-လူသူမနီး၊

စိမ့်ကြီးမှိုင်ညို့တောထိုထို၌။ ဖလံ-သစ်သီးမျိုးစုံးအဖုံဖုံကို။ ဂုစ္ဆံ=ဂုစ္ဆေန္တော အလိုရှိသော-ဝါနရော-မျောက်သည်။ ပလဝေတိယထာ-တပင်ယှက်ကူး၊ တပင်ခူးလျက် အထူးထူး ပြေးလွှားနေသကဲ့သို့ပင်တည်း”

( ၂ ) ယံ ဧသာ သဟတေ ဇမ္မီ၊
တဏှာ လောကေ ဝိသတ္တိကာ၊
သောကာ တဿ ပဝဍ္ဎန္တိ၊
အဘိဝုဋ္ဌံဝ ဗီရဏံ။

“လောကေ—လောကဓာတ်ဘုံခွင် ပတ်ဝန်းကျင် လောကကြီး၌။ ဝိသတ္တိကာ-ရူပါရုံစသည်ဘို့၌ ငြိကပ်တွယ်ဘာ တတ်သော။ ဇမ္မီ-ယုတ်မာလှစွာသော။ ဧသာတဏှာ-ထိုတဏှာသည် ယံပုဂ္ဂလံ—မည်သူမဆို အကြင်ပုဂ္ဂိုလ်ကို။ သဟတေ-အစဉ်အမြဲ ညှဉ်းဆဲလေ၏။ တဿပုဂ္ဂလဿ-ထိုတဏှာ၏ နှိပ်စက်ခြင်း ဒဏ်ကို ခံနေရသော ပုဂ္ဂိုလ်အား။ သောကာ ဆွေ ရပူရ စိုးရိမ်ရခြင်းတို့သည်။ ပဝဍ္ဎန္တိ-အရှိန်းကြီးမား ဒီရေအလားသို့ တိုးပွား ကုန်၏။ ကိမိဝ-ဥပမာ ပုံယူ အသို့နည်းဟူမူကား။ ဝဿာနေ—အာပေါ်ဓာတ်လှိုင်လှိုင်နှင့် မိုးဖြိုး ဖြိုးဖွင်ရွာချလေသော၊ မိုးတွင်းကာလ၌၊ ပုနပ္ပုနံ- အဖန်ဖန်၊ ဝဿန္တေန-ရွာသွန်းလေသော ဒေဝေန မိုးရေကြောင့်၊ အဘိရုဋ္ဌံ- လွန်လွန်ကဲကဲ တခဲနက် အုံကြွ၍ ကြီးပွားလာသော၊ ဗီရဏံတ္ထဝ၊ မြိန်းမြက်ကဲ့သို့ ဖြစ်သတည်း”

( ၃ ) ယော စေ တံ သဟတေ ဇမ္မီ၊
တဏှံ လောကေ ဒုရစ္စယံ၊
သောကာ တမှာ ပပတန္တိ၊
ဥဒဗိန္ဒူဝ ပေါက္ခရာ။

“ယောပုဂ္ဂလော—မည်သူ မည်ဝါ၊ ဖော်ထုတ်ကာလျှင်၊ သညာမဆို အကြင် ပုဂ္ဂိုလ်သည်၊ လောကေ-လောက၌။ ဒုရစ္စယံ—အလွန့်အလွန် စွန့်နိုင်ခဲလှစွာသော။ ဇမ္မိ-အလွန့်အလွန် ယုတ်မာလှစွာသော၊ တံတဏှံ-ထိုနာမည်ကျော် တဏှာကို စေသဟတေ- အာဃယ်၍ မလှုပ်နိုင်အောင် ချုပ်ကိုင်ညှဉ်းဆဲနိုင်သည် ဖြစ်ငြားအံ့။ ဝေါဟာရ တိ ဤသို့ တဏှာကို ချုပ်ကိုင်၍ မလှုပ်နိုင်အောင် ညှဉ်းဆဲ နိုင်ဘိမူကား။ ဥဒက ဗိန္ဒု—မိုးရေ မိုးပေါက်သည်။ ပေါက္ခရာ-ကြာ ဖက်ပေါ်မှ။ ပပတိတ္တဝ—လျှောကျလေသကဲ့သို့၊ တထာ—ထိုနှင့်မခြား၊ အလားတူစွာသာလျှင်။ သောကာ—စိုးရိမ်ပူဆွေး၊ ငိုးကြွေးဖွယ်ရာ အဖြာဖြာသော သောကတို့သည်၊ တမှာပုဂ္ဂလာ-ထိုတဏှာကို အနိုင်ယူထားသော ပုဂ္ဂိုလ်မှ၊ ပပတန္တိ- လျှောကျ၍ နေကုန်သတည်း”

( ၄ ) တံခေါ၊ ဝဒါမိ ဘဒ္ဒံ ဝေါ၊
ယာဝန္တေတ္ထ သမာဂတာ၊
တဏှာယ မူလံ ခဏထ၊
ဥသီရတ္ထောဝ ဗီရဏံ၊
မာဝေါ နဠံဝ သောတောဝ၊
မာရော ဘဉ္ဇိ ပုနပ္ပုနံ။

"တံ–တေနကာရဏေန–ထိုသို့ တဏှာက ညှဥ်းလျှင် စိုးရိမ်ခြင်း ပွား၍။ တဏှာကို မိမိ၏ နိုင်အောင် ညှဥ်းနိုင်လျှင် မသာကကောင်းဝေးနိုင်လေ သောကြောင့်။ အဟံ–ငါသည်၊ ဝေါ–သင်တို့အား ဘဒ္ဒံ–အကျိုး ရှိရာရှိ ကြောင်း၊ ကောင်းသော စကားကို၊ ဝဒါမိ–ဟောကြားပေအံ့။ တေ္တ–ဤ ဘုရား၏ ရှေ့တော်မှောက် အရပ်၌၊ သမာဂတာ–ရှေးရောင်ြ့လျှံအိ၊ ကပိလ တွင်ပြား၊ ဤ ငါးကြီးကို အကြောင်းပြု၍ စည်းဝေး ရောက်လာကြကုန် သော၊ ဝေါ–တုမ္ဟေ–ကောသလ မင်းတရားနှင့်တကွ ရေလုပ်သားဖြစ်ကြ ကုန်သော သင်တို့သည်။ ဥသီရတ္ထော–ပန်းရင်းမြက်ဖြင့် အသုံးလိုနေသော သူတယောက်သည်၊ မဟာခန္တနှ–ကြီးလှစွာသော၊ ကုဒ္ဒါလေန–ပေါက်တူးဖြင့် ဗီရဏံ–ပြိန်းမြက်ကို၊ ခဏတိဗ္ဗဝ–တူးဘိလေသကဲ့သို့၊ တထာ–ထိုနည်းတူ စွာသာလျှင်၊ မူလံ–ဒွါရ ခြောက်ပါး၌ ကြီးထွားနေသော တဏှာတည်း ဟူသော အမြစ်ကြီးကို၊ အရဟတ္တမဂ္ဂဉာဏေန– အရဟတ္တမဂ်ဉာဏ်ဖြင့်၊ ခဏထ – အမြစ်ပြတ်အောင်၊ တူးပစ်ကြ၊ ဖြတ်ပယ် ကြကုန်လော့။ သောတော အဟုန်ဒီးဒီး အစီးသန်သော ရေအယဉ်သည်၊ နဠံ–မြစ်ကမ်း တလျှောက် ပေါက်ရောက်နေသော ကျူပြင်ကို။ ဘဉ္ဇတိဗ္ဗဝ– ဖျက်ဆီးဘိ လေသကဲ့သို့။ မာရော၊ ကိလေသာမာရ်၊ ကိုယ်တွင်း ရန်သည်၊ ဝေါ– သင့်တို့ကို၊ ပုနပ္ပုနံ-အဖန်တလဲလဲထပ်ကာထပ်ကာ။မာဘဉ္ဇိ–မဖျက်ဆီးပါ စေလင့်"

ဗုဒ္ဓ၏ တရားတော်ကား ဤမျှဖြင့် ဆုံးသွား၏။ တရားနာနေသော တံငါသည် ငါးရာတို့သည် ဦးခေါင်းငိုက်စိုက်နှင့် တစုံတခုကို နှိုက်နှဲစွာ အာရုံဝင်စားနေကြသည့် အသွင်ဖြင့် အားလုံး ငေးနေကြကုန်၏။

စောစောပိုင်း အချိန်က ဤရှေငါးကြီးကို ဆက်သလျှင် ဘုရင် မင်းမြတ်က ဆုတော်လာဘ်တော်များစွာ ချသနားတော် မူလိမ့်မည်ဟု မျှော်တလင့်လင့်နှင့် ရှင်သော မျက်နှာမျိုးလည်း သူတို့မှာ မရှိကြတော့ကုန်။ မီးကို ရေနှင့် ငြိမ်းသတ်ဘိသည့်အလား အားလုံး ငြိမ်နေကြကုန်၏။

ဤ ကပိလမည်သော ရွှေငါးကြီးကို ဖမ်းဆီးရမိသည့် အချိန်အထိ ဘဝသက်မွေးမှု သူတို့၏ ရည်ရွယ်ချက်ကား ငါးများများ ရရှိရေးသာဖြစ်၏။ ငါးများများရလျှင် စီးပွားလမ်း ဖြောင့်မည်။ အသက်ရှူ ချောင်မည်။ လူ့ဘောင်တွင် ပြောင်ပြောင်ရောင်ရောင် လူတလုံး သူတလုံး လုပ်နေနိုင်မည် ဟူသော စိတ်ကိုသာ စောခဲ့ကြ၏။

ဘုရား တရားဟူသည် သူတို့မှာမရှိ။ နိဗ္ဗာန်စကား ကြားရုံမျှပင် သူတို့ မကြားဖူးကြ။ ကြားလည်း မကြားလိုကြ။ သင်္ကန်းစည်း၍ ရဟန်းပြုဖို့ဆိုသည်မှာ စိတ်ကူးထဲမျှပင် သူတို့ မထည့်မိကြကုန်။ မြစ်ချောင်းအင်းအိုင် တလျှောက်တွင် ငါးနှင့်သာ ငါတို့ပျော်မည်။ သေတောင်မှ ငါးဖမ်းယင်း သေမည်။ ကွန်ပစ်ယင်း သေမည်။ ပိုက်ချယင်း သေမည်။ ဤသည်တို့ကား သူတို့၏ အဓိဋ္ဌာန်ပင် ဖြစ်၏။ ဤအသွင်ကို ချင့်သော် နိဗ္ဗာန်နှင့် သူတို့ အသို့လျှင် နီးစပ်ဖွယ် ရှိနိုင်ပါမည်နည်း။

သို့သော်....ဗုဒ္ဓထံတော်မှ တကြိမ်တခါမျှ တရားတော်ကို ကြားနာလိုက်ကြရသော အခါ၌ကား နိဗ္ဗာန်သည် သူတို့၏ လက်တကမ်းသို့ ရောက်လာလေတော့၏။ ဘုရင့်ထံမှ ဆုတော်လာဘ်တော်ကိုလည်း သူတို့ မမျှော်လင့်ကြတော့ချေ။ စောစောပိုင်းအချိန်က ဆုလာဘ်ကို မျှော်လင့်တောင့်တလာခဲ့ကြသော်လည်း ယခုအချိန်တွင်မူ သူတို့၏ ဆန္ဒတောင်းခံမှု ရေစီးကြောင်း ပြောင်းသွားလေပြီကော။

“ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဘုရား တပည့်တော်တို့ တငါသည် ငါးရာစလုံး အရှင်ဘုရား၏ ထံတော်တွင် ရဟန်းပြုလိုပါ၏။ ရဟန်းပြုခွင့် ပေးတော်မူပါ ဘုရား” ဟု တောင်းပန်ကြလေကုန်သတည်း။ သူတို့သည် ပိုက်ကွန်အစား သင်္ကန်းကိုသာ ခြုံရုံလျက် ရဟန်း ဖြစ်ကုန်လေပြီတည်း။ သူတို့အဖို့ ကပိလငါးကြီးကို အကြောင်းပြု၍ ရအပ်သော ဆုတော် လာဘ်တော်ကား အသပြာလည်းမဟုတ်။ စိန်ရွှေရတနာများလည်း မဟုတ်။ အရဟတ္တဖိုလ် နိဗ္ဗာန်သာ ဖြစ်ပေသတည်း။ ရဟန်းပြု၍ မကြာမီ အတွင်းမှာပင် အားလုံး ရဟန္တာ ဖြစ်ကုန်လေသတည်း။



# ရွှေရုပ်လို အလှကြွားသော ခေမာ မိဖုရား၏ လက်တကမ်း နိဗ္ဗာန်ဝတ္ထု

သာဂလပြည်သည် မိန်းမချော, မိန်းမလှများမွေးထုတ်ရာဌာန ဖြစ်၏။ ဘုရားအလောင်းတော် ကုသမင်းလက်ထက်က အကျော်ဇေယျ ကမ္ဘာ့အလှဘုရင်မကြီး ပပဝတီသည် သာဂလပြည်သူ ဖြစ်၏။ ရွှေသားရုပ်သွင် ဥဒါန်းတွင်ရစ်အောင် ချောသော မိန်းမချော, မိန်းမလှ ဖြစ်လေသည်။

ထိုသာဂလပြည်၌ပင် သို့မဟုတ် ထိုသာဂပြည်နှင့် နာမည်တူဖြစ်သော သာဂလပြည်တွင် ယခု ဂေါတမရှင်တော်မြတ်ဘုရား ပွင့်ထွန်းတော်မူလာသော ခေတ်၌လည်း ရွှေရုပ်လို အလှယူးသော မိန်းမချောတဦးကို မဒ္ဒရာဇ်မင်းကြီး၏ ဘောင်ညာစံ ဒေဝီမဟေသီ မိဖုရားခေါင်ကြီးမှ ဖွားမြင်လာပြန်၏။ အမည်မှာ "ခေမာ"ဟု တွင်လေသတည်း။

အရွယ်ရောက်လာသောအခါ သူ၏ ဖူးစာကံက သူ့ကို ဘုံပျံနေနန်းပေါ်တွင် စံမြန်းရအောင် ဖန်တီးပေးလိုက်ချက်အရ ခေမာ မင်းသမီးသည် ရာဇဂြိုဟ် ပြည်ကြီးသခင် ဘုရင် ဗိမ္ဗိသာရမင်းကြီး၏ မိဖုရားဖြစ်လာ၏။

ဗိမ္ဗိသာရမင်းကြီးသည် ခေမာဒေဝီ မိဖုရားအား လွန်စွာချစ်မြတ်နိုးသော်မူသော်လည်း သူတို့လင်မယားကား အသွင်တူ လင်မယားမဟုတ်ချေ။ ဘုရားကို ဖက်သူနှင့် အလှကိုမက်သူ, ဤသို့လျှင် အယူအဆချင်း ကွဲလွဲနေပါချေ၏။

ဗိမ္ဗိသာရ မင်းကြီးကား သာသနာတော်ကို လွန်စွာကြည်ညိုသော ဘုရားဒါယကာ သာသနာပြုမင်းကြီး ဖြစ်ပေ၏။ သာသနာရေး

အတွက် အသက်ပေး၍ ကြည်ညိုလေးစား အရေးထား၍ ကိုးကွယ်နေသော မင်းတပါးဖြစ်၏။

ယင်း၏မိဖုရား ခေမာဒေဝီမှာမူ ဘုရားသခင်ကိုလည်းကောင်း၊ ဘုရားသခင်၏ သာသနာနှင့် တပည့်သာဝကများကိုလည်းကောင်း၊ မကြည်ညိုနိုင်၍ မကိုးကွယ်နိုင်၍ မဟုတ်သော်လည်း သူသည် ဝေဠုဝန်ကျောင်းတော်သို့ တခါတခေါက်မျှ သွားရောက်ဖူးသည်မရှိ။ ဘုရားသခင်နှင့် တွေ့ရမည်ကိုပင် အလွန်ကြောက်နေ၏။

ဤမျှ ဤမျှ မတွေ့ဝံ့၊ မမြင်ဝံ့နိုင်လောက်အောင် ဘုရားသခင်ကို ရှံ့ကြောက်နေခြင်းမှာ သူ့အဓိပ္ပာယ်နှင့်သူတော့ ဟုတ်နေ၏။ သူသည် အလှကို စိုးပိုင်သူ အလှဘုရင်မ ဖြစ်၍ သူ့အလှကိုသူ အလွန်တပ်မက်၏။ နှစ်သက် မြတ်နိုး လှဂုဏ်ကိုးနေသူ ဖြစ်လေသည်။

"ဘုရားသခင်သည် အဆင်းလှသော သူတို့၏ အဆင်း၌ အပြစ်ကို တင်ဖွဲ၍ ကဲ့ရဲ့တော်မူတတ်သည်"ဟူသော သတင်းစကားများကို ကြားသိထားလေသောကြောင့် ခေမာမိဖုရားသည် ဘုရားသခင်ကို ဖူးမြင်လိုပါလျက်နှင့် ချောမောလှပသော သူ၏ ရုပ်အဆင်းကို ဘုရားသင် မြင်တော်မူသွားချေက ကဲ့ရဲ့ရှုတ်ချမည်ကို စိုးရိမ်သောကြောင့် ဘုရားသခင်နှင့် ဝေးအောင် တမင်တကာ ရှောင်တိမ်းကာသာ နေလေ၏။

"အဘယ် ခေမာ၊ မောင်ဘုရားနှင့်အတူ ဝေဠုဝန်ကျောင်းတော်သို့ ဘုရားဖူးရအောင် သွားကြပါစို့လားကွယ်"ဟု ဗိမ္ဗိသာရမင်းကြီးက တယုတယ ခေါ်ငင် ဆိုပြောသော်လည်း 'ဩော်...ဟုတ်ပါ့မောင်တော်၊ ဒါပေမယ့် သည်ကနေ့ နေထိုင်မကောင်း ညောင်းသလိုလို၊ ခေါင်းထဲက ခဲသလိုလိုမို့ နေလို့ထိုင်လို့ ကောင်းတဲ့ အခါမျိုးကျမှ နှမတော် လိုက်ပါရစေလား မောင်တော်ရယ်"ဟု ပရိယာယ်စကားလုံးကို တွင်တွင်သုံးကာ သုံးကာဖြင့် ဘုရားသခင်နှင့် မတွေ့ရအောင် လိမ္မာပါးနပ်စွာ ရှောင်တိမ်းနေခဲ့၏၊

ဗိမ္ဗိသာရမင်းကြီးသည် ခေမာမိဖုရားနှင့် ပေါင်းသင်းလာခဲ့သည်မှာ သုံးနှစ် သုံးမိုးရှိပြီ ဖြစ်၍ မိမိ မိဖုရားအကြောင်းကို ကောင်းကောင်းသိရှိ ရိပ်မိတော်မူ၏။

သူ၏အလှကို ဘုရားသခင်က ကဲ့ရဲ့ ရှုတ်ချတော်မူမည့် အရေးကို တွေးရှိကာ မသွားဝံ့ပဲ ဖြစ်နေသည်ကို သိတော်မူ၏။ သူ မဖူးလိုသည်ကို အာဏာဖြင့် အတင်းအဓမ္မ ခေါ်ရန်လည်း မသင့်တော်ချေ။ ဗိမ္ဗိသာရမင်းကြီးမှာ ခေမာမိဖုရားအတွက် ပြဿနာတက်လာ၏။

လင်နှင့်မယား ဘုရားသွား ကျောင်းတတ် သွားအတူလာအတူ အလှူရေစက် လက်နှင့်မကွာ ဤသို့သာ ဖြစ်သင့်ပေသည်။ ငါသည် ဗုဒ္ဓမြတ်ဘုရားအား အသက်ပေး၍ ကြည်ညိုသော ဥပါသကာဖြစ်ပါလျက် ငါ၏ မိဖုရား ခေမာကား ဘုရားမှန်း တရားမှန်းလည်းမသိ၊ ကျောင်းကန်ဘုရား သွားရစကောင်းစေ ဟူ၍လည်း သူ့စိတ်မှာမရှိ။ ဤသည်ကို ဥပေက္ခာပြု၍ လျစ်လျူရှုထားချေက အဖိုးတန်သော လူအဖြစ် လူ့ဘဝကိုရရှိပြီးအလွန်ကြုံကြိုက်ခဲလှစွာသော ဗုဒ္ဓုပ္ပာဒ ဒုလ္လဘခေတ် ကြုံကြိုက်ပါလျက် ဘုရားသခင်နှင့် တရားတော်ကို ကြားနာရခြင်း မရှိခဲ့သော်... သူ့ခမျာ လူဖြစ်လုံးလုံး ရှုံးတော့လတ္တံ့၊ ဤဗုဒ္ဓကိစ္စအတွက် သူ့အပေါ်တွင် အာဏာတော် အသုံးပြုရန်လည်း လုံးဝပင်မသင့်လှ။ သူ့အလိုဆန္ဒအလျောက် ခေမာမိဖုရားအား ဘုရားသခင်၏ ရှေ့တော်မှောက်သို့ရောက်အောင် ငါမည်သို့ ဆောင်ရွက်ရပါမည်နည်း”

ဤသို့ အကြံတော်ဖြစ်ပြီးနောက် တစုံတရာကို စိတ်ကူးပေါက်တော်မူလာသဖြင့် ကဗျာလင်္ကာ သီကုံးထုံးဖွဲ့မှုအရာတွင် ပါရဂူရောက်ပြောင်မြောက်ထင်ရှားလှစွာသော ကဗျာဆရာပညာရှင်များကို ရှေ့တော်သို့ ခေါ်တော်မူလိုက်ပြီးလျှင် ကဗျာဆရာများအား သူ၏ဆန္ဒကို ဤသို့ မြွက်ဟတော်မူလေ၏။

စာဆိုတော် ပညာရှိ ကဝိတံခွန် အို.... ဆရာမှန်တို့ ဘုရားသခင် ကိန်းအောင်းမွေ့လျော် စံပျော်တော်မူသည့် ဝေဠုဝန်ကျောင်းတော်ကြီးအကြောင်းကို သီကုံးဖွဲ့ဆိုထားသည့် ကဗျာ ဂီတကို ငါလိုလားတော်မူ၏။ ထို့ကြောင့် သင်တို့သည် ဝေဠုဝန် ကျောင်းတော်ဘွဲ့ကဗျာကို သီကုံးကြပါကုန်လော့၊ ယင်းသို့ သီကုံးပေးသည့်အတွက် ထိုက်ထိုက်တန်တန် ဆုလာဘ်ပူဇော်ခများကို ငါချီးမြှင့်တော်မူအံ့”

ဤသို့ အမိန့်တော် ရှိလေသောအခါ ကဝိစာဆို ထိုထိုသို့သော ပညာရှင် အပေါင်းတို့သည် ဝေဠုဝန် ကျောင်းတော်ကြီးဘွဲ့ကို သူတာမျိုးငါတဖုံ၊ ကဗျာလင်္ကာမျိုးစုံတို့ကို သီကုံးလျက် ဘုရင်မင်းမြတ်အား အသီးအသီး ဆက်သကြလေသည့်အနက် ဗိမ္ဗိသာရမင်းကြီးသည် အောက်ပါ ပါဠိကဗျာ ကို နှစ်သက်မြတ်နိုးတော်မူသဖြင့် ‘အကောင်းဆုံးကဗျာ’ အဖြစ် ရွေးတော်မူလိုက်၏။

ထိုနောက် မင်းကြီးသည် ထိုဝေဠုဝန် ကျောင်းတော်ဘွဲ့ ကဗျာကို ခေမာမိဘုရား ကြားလောက်သော နေရာမှနေ၍ အဆိုတော်များအား သီဆိုစေ၏။

အချိန်မှာ ညအချိန် ဖြစ်သော်လည်း ခေမာမိဖုရား၏ အဆောင်တော်မှာ ဆီမီးရောင်ရှိန်တို့ဖြင့် ထိန်ထိန်သာနေဆဲတွင် ကျောင်းတော်ဘွဲ့ သီချင်းသံသည် လေယံမှဝဲကာ ခေမာမိဖုရား၏နားထဲဝယ် ပျားစွဲသည့်နှယ် စွဲဝင်လာလေ၏။

(၁) ရမ္မံ ဝေဠုဝနံ ယေန၊
န ဒိဋ္ဌံ သုဂတာလယံ၊
န ဒိဋ္ဌံ နန္ဒနံ တေန၊
ဣတိ မညာမသေ မယံ။

"ဘောန္တော–မနုဿတ္တ ဒုလ္လဘခေတ် ကြုံကြိုက်လစ်သဖြင့် လူဖြစ်ကံကောင်း အို....ရှိန်ရွှေတော် ဖော်အပေါင်းတို့။ ယေန–မိန်းမ၊ ယောကျ်ားခွဲခြားမဟူ မည်သူမဆို အကြင်ပုဂ္ဂိုလ် တဦးတယောက်သည်။ ဣမ=ဣမသ္မိံ ရာဇဂဟေ–ဒေါင်ငါးလုံး ကာခိုသည့် ဤငါတို့ ရာဇဂြိုဟ်မြို့တော်ကြီး၌။ ရမ္မံ-နှလုံးမွေ့လျော် ပျော်ဖွယ်ရာအတိ ရှိပေထသော၊ ဝါ–စက္ကဝတ် ဟင်္သာ သာလိကာ ကျေးငှက် ထွေးယှက်ပျံသန်း ရှုပုံဆန်းသည့်ပြင် ပန်းရနံ့ကလည်း အကြိုင့်အကြိုင်၊ သီးမျိုးစုံ ဆိုတာကလည်း အခိုင့်အခိုင်၊ မနိုင့်အနိုင် အပြိုင့်အပြိုင် ပွင့်ဖူးသဖြင့် ကြည်နူးဖွယ်ရာလည်းကောင်း ပေထသော။ သုဂတာလယံ– လေးပါးဣရိယာ မျှကာ ပျော်ရှင် ဘုရားသခင်သီတင်းသုံးတော်မူရာလည်း ဖြစ်ပေထသော။ ဝေဠုဝနံ– ဝေဠုဝန်ဥယျာဉ်နှင့် ကျောင်းတော်ကြီးကို နဒိဋ္ဌံ- တခါတခါက် မရောက်စဖူး မမြင်ဖူးချေ။ တေန-ထိုဝေဠုဝန် ကျောင်းတော်ကြီးကို မမြင်ဖူးသောသူသည်။ နန္ဒနံ–တာဝတိံသာ နတ်တို့ရွာမှ ဂေါ်လာခေါ်တွင် နန္ဒဝန် မည်သော ဥယျာဉ်တော်ကြီးကို။ န ဒိဋ္ဌံ- မြင်ရသည် မမည်ချေ။ ဣတိ–ဤသို့သာလျှင်။ မယံ–ငါတို့သည်။ မညာမသေ–မှတ်ထင်ကုန်၏"

(၂) ယေန ဝေဠုဝနံ ဒိဋ္ဌံ၊
နရနန္ဒန နန္ဒနံ၊
သု ဒိဋ္ဌ နန္ဒနံ တေန၊
အမရိန္ဒ သုနန္ဒနံ။ ။

"ယေန–ကုသိုလ်ကံ မြင့်ဖြူး၍ ပါရမီတင့်ထူးလှသည့် တဦးဦးသော အကြင်ပုဂ္ဂိုလ်သည်။ နရနန္ဒနံ–လူအပေါင်းကို နှစ်ထောင်းအားရ၍ ရွှင်လန်းနှစ်သက်ခြင်းကိုလည်း ဖြစ်စေထသော။ နန္ဒနံ–နန္ဒဝန်နှင့်ခေါ် နတ်ဥယျာဉ်တော်ကြီးသဖွယ် လှန်းစွာ တင့်တယ်ပေထသော၊ ဝေဠုဝနံ ဝေဠုဝန်ကျောင်းတော်ကြီးကို။ ဒိဋ္ဌံ၊ မျက်မြင်ဒိဋ္ဌ ကိုယ်တိုင်မြင်တွေ့ရဖူးလေ၏။ တေန

ထို–ဝေဠုဝန် ကျောင်းတော်ကြီး၏ သာယာပုံကို တကြိမ်ဘခါ မြင်ရဖူးသောသူသည်၊ အမရိန္ဒ သုနန္ဒာနံ–မဒိမသေ နေရာလေသား နတ်သိကြားတို့ ရှင်အားအထူး ကစားမြူးထူးရာလည်း ဖြစ်ပေထသော၊ နန္ဒာနံ– နန္ဒဝန်,ဟု ဖော်ညွှန်းမှည့်ခေါ် နတ်ဥယျာဉ်တော်ကြီးကို။ သာဒိုး–ကောင်းစွာမြင်ရသည် မည်ပေ၏”

(၃) ဝိဟာယ နန္ဒာနံ ဒေဝါ၊
သြတရိတွာ မဟီဘလံ၊
ရမ္မံ ဝေဠုဝနံ ဒိသွာ၊
န တပ္ပန္တိ သုဝိမ္ဟိတာ။ ။

“ဒေဝါ၊ ရှေးဘုန်းရှေးကံ ကုသိုလ်ဖန်၍ ဘုံပျံရွှေနန်း နတ်ကြငှန်းတွင် စံမြန်းနေကြကုန်သော နတ်သမီး,နတ်သားတို့သည်။ နန္ဒာနံ၊ နန္ဒဝန် နတ်ဥယျာဉ်ကြီးကို။ ဝိဟာယ၊ ခတာမတွယ် စွန့်ပယ်ကာခွာခဲ့ကြကုန်လျက်။ မဟီဘလံ၊ လူတို့ရင်ခွင် မြေအပြင်သို့။ သြဘရိတွာ၊ ဆင်းသက်လာကြကုန်၍။ ရမ္မံ၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရာကောင်းသော။ ဝေဠုဝနံ၊ ဝေဠုဝန်ကျောင်းတော်ကြီးကို။ ဒိသွာ၊ မျက်ဝါးထင်ထင် မြင်တွေ့ကြရကုန်သည်ရှိသော်။ သုဝိမ္ဟိတာ၊ နတ်ပြည်မှာပင် မမြင်စဖူး ထူးဆန်းပေစွာ သာယာစွဟု အံ့သြချီးကျူးကြကုန်လျက်။ နတပ္ပန္တိ၊ မရောင့်ရဲနိုင်ကြလေကုန်”

(၄) ရာဇပုညေန နိဗ္ဗတ္တံ၊
ဗုဒ္ဓပုညေန ဘူသိတံ၊
ကော ဝတ္တာ တဿ နိဿေသံ၊
ဝနဿ ဂုဏသဉ္စယံ။ ။

“ရာဇပုညေန၊ ဗိမ္ဗိသာရနာမပွင့်လင်း တိုင်းလုံးသင်းပေသော ငါတို့မင်းတရားကြီး၏ ဘုန်းသမ္ဘာကြောင့်။ နိဗ္ဗတ္တံ၊ ဖြစ်ပေါ်၍လာရသော။ ဗုဒ္ဓပုညေန၊ အစိန္တေယျ သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရား၏ ရွှေဘုန်းတော်ကြောင့်။ ဘူသိတံ၊ အဆန်းတကြယ် တင့်တယ်စွာ တန်ဆာဆင်အပ်သော။ တဿဝနဿ၊ ထိုဝေဠုဥယျာဉ်ကြီး၏။ ဂုဏသဉ္စယံ၊ အံ့ချီးမကုန် အဖုံဖုံသော ဂုဏ်တော်အပေါင်းကို။ နိဿေသံ၊ အကြွင်းမဲ့။ ကော၊ အဘယ်မည်သော ကဗျာဆရာသည်။ ဝတ္တာ၊ ဖွဲ့ဆိုသီကုံ နိုင်ပါမည်နည်း”

ဤသို့ ဆဲ့ဆဲ့ဝင်ဝင် သံလွင်ချိုမြ ဌာနကရိုဏ်းကျကျ သီဆိုလိုက်သည့် “ကျောင်းတော်ဖွဲ့ကဗျာ”ကို ခေမာမိဖုရား ကြား လတ်သော် ဝေဠုဝန်ကျောင်းတော်သို့ သွားရောက် ကြည့်ရှုလိုသော ဆန္ဒများ တဖွာဖွာ

ဖြစ်ပေါ်လာလေတော့သည်။ အိပ်မောကျ နေခဲ့သော ခေမာမိဖုရား၏ စိတ်သည် ကဗျာ၏ တန်ခိုးကြောင့် နိုးကြားလာလေသည်။

"ဝေဠုဝန်ကျောင်းတော်ကြီး တည်ရှိရာ ဝေဠုဥယျာဉ်ကို နတ်ပြည်မှာ ရှိသည့် နန္ဒဝန် ဥယျာဉ်တော်ကြီးနှင့် နှိုင်းပြီး တဂိုဏ်းတည်းဖွဲ့ဆိုထားပါကလား။ ငါ တခါလောက်တော့ဖြင့် သွားရောက် ကြည့်ရှုသင့်သည်"ဟု အကြံ ဖြစ်လာ၏။

သို့သော်.... သူ့အဖို့ ခက်နေသည်ကား.... ဘုရားဖြစ်၏။ ဝေဠုဝန်ဥယျာဉ်တော်ကို သွားလျှင် ဘုရားနှင့် တွေ့မည်။ ဘုရားသခင်သည် ဝေဠုဝန် ဥယျာဉ်ကြီး အတွင်း၌ တည်ဆောက်ထားသော ကျောင်းတော်တွင်း သီတင်းသုံးလျက်ရှိနေသည်။ ဝေဠုဝန်ဥယျာဉ်တော်ကို သွားရာတွင် မတော်တဆ ဘုရားသခင်နှင့် တွေ့နေလျှင် ခက်မည်။

ငါ၏အလှကို ပေါ်ပေါ်ထင်ထင် ကဲ့ရဲ့ရှုတ်ချလိမ့်မည်။ မသွားပဲနေတာပဲ ကောင်းပါတယ်လေ....ဟု သွား လိုလျက်နှင့် ထိုအကြံကို ဖျက်လိုက်သော ခဏ၌ သူ့နားထဲ၌ ကြားယောင်လာသည်ကား....

"ရမ္မံ၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရာ ကောင်းပေထသော။ ရာဇပုညေန၊ ငါတို့သခင် ဘုရင်ထီးဘုရားကြီး၏ ဘုန်းသမ္ဘာတော်ကြောင့်။ နိမ္မိတ္တံ၊ မဖြစ်စဖူး ထူးခြားဆန်းကြယ်စွာ ဖြစ်ပေါ်လာသော။ ဂုဏသညှိယံ၊ ဝေဠုဝန် ဥယျာဉ်တော်ကြီး၏ ဂုဏ်တော်ပေါင်းကို။ ကော၊ အဘယ်မည်သော ကဗျာဆရာသည်။ ဝတ္တာ၊ ဖွဲ့ဆိုသီကုံး နိုင်ပါမည်နည်း"

ဤကဗျာက ခေမာမိဖုရား၏ နှလုံးသားကို တရွရွ ဆွကာဆွကာနှင့် မသွားရမနေနိုင်အောင်ကလိလာသည်။ ထိုအခါ ခေမာမိဖုရားမှာ စဉ်းစားရပြန်လေ၏။ သွားရန် သင့် မသင့် ချီတုံချတုံ ဖြစ်နေ၏။

နောက်ဆုံးတွင်မူ "သွားဖြစ်အောင် ဝေဠုဝန် ဥယျာဉ်ကိုသွားမယ်။ ဘုရားသခင်နှင့် မတွေ့အောင် ရှောင်နေလျှင် ပြီးတာပဲ"ဟူ၍ ယတိပြတ် ဆုံးဖြတ်လိုက်လေသတည်း။

"မောင်တော်....ဘုရားနှမတော်ခေမာ ဝေဠုဝန် ဥယျာဉ်တော်သို့ သွားရောက် ပျော်ပါးလိုပါ၏။လိုက်ပို့တော်မူပါ မောင်တော်...."ဟု ခေမာမိဖုရားက ပန်ကြားလေသောအခါ ဗိမ္ဗိသာရမင်းကြီးသည် ပရိယာယ်ဖြင့် ခေမာမိဖုရား သွားချင်လာအောင် မိမိအကွက်ဆင်လိုက်ချက် အောင်မြင်သွားသဖြင့် ဝမ်းသာ၍ ပြုံးမိသော်လည်း ရာဇဣန္ဒြေဖြင့် မိန့်ခွန်းတော် ခြွေသေသည်ကား....

"အဘယ် ချစ်စွာသော မိဖုရား။ ဤခနတွင် တိုင်းရေးပြည်ရေး အတွက် စီမံဆောင်ရွက်စရာတွေ ငါမှာ များချေ၏။ ဤယနေ့ ငါလိုက်၍ မပို့နိုင်။ နောက်နေ့များမှ သွားကြတာပ"ဟု ခေမာမိဖုရာ၏ သဘော ထားကို စူးစမ်းသည့် အနေဖြင့် မိန့်တော်မူလေသော် ခေမာမိဖုရားသည် မိန်းမတို့၏ မာယာအမူဖြင့် နှုတ်ခမ်းကလေးကို မသိမသာစူလျက်....

"သုံးနှစ်သုံးမိုး ကြာသည့်တိုင်အောင် နှမတော် အနေဖြင့် မောင် ဘုရားအား မည်သည့်အခွင့်အရေးကိုမျှ မတောင်းခံခဲ့ဖူးပါ၊ ယခုလိုတကြိမ် တခါ ခွင့်ပန်မိတာကိုပင် မောင်ဘုရားက လိုက်ပို့တော် မမူနိုင်ဘူး ဆိုတော့"

ဤသို့ ဝမ်းနည်းသံကလေးနှင့် လှိုက်လှိုက်လှဲလှဲ ဆိုပြောသံကို ကြားသိလေသောအခါ ဗိမ္ဗိသာရမင်းကြီးသည် များစွာနှစ်ထောင်းအားရ ခြင်း ဖြစ်သည်အလျောက် ခေမာမိဖုရား၏ ဆန္ဒအတိုင်း ဤယနေ့ပင် ဝေဠုဝန်ဥယျာဉ်သို့ သွားရောက်နိုင်ရေးကို စီစဉ်ပေးတော် မူလေ၏။

"အချင်းတို့၊ ခေမာမိဖုရားသည် ဥယျာဉ်သို့ သွားရောက်ပါလျက် ဘုရားသခင်ကို ဖူးမြင်ခြင်း မပြုလေပဲ ပြန်လာခဲ့သော် သင်တို့အား မင်း ဒဏ်ခတ်အံ့"ဤသည်ကား မှူးမတ်များအား ဗိမ္ဗိသာရမင်းကြီးကမှာကြား လိုက်သော စကားဖြစ်၏။ ဗိမ္ဗိသာရ မင်းကြီးသည် ခေမာမိဖုရားအား ဝေဠုဝန် ဥယျာဉ်သို့ သွားရောက်ပျော်ပါးရန်အတွက် အခမ်းအနားဖြင့် လွှတ်လိုက်လေ၏။

အချိန်မှာ နေ့ခင်းအချိန်ဖြစ်သော်လည်း ပင်ချင်းကူးယှက် အခက် ချင်းထိမျှ ဖြစ်သောကြောင့် ဝေဠုဝန် ဥယျာဉ်တော်မှာ နေပြောက်မျှ မထိုးပဲ ရှိလေရာ ဥယျာဉ်၏ အေးမြသာယာလှစွာသော အရိပ်အောက်တွင် ခေမာမိဖုရားသည် ရံရွေတော်များနှင့် ပျော်ပါးစွာစံလျက်ရှိနေ၏။

"နှလုံးမွေ့လျော် တကယ့်ကိုပျော်စရာကောင်းလှတဲ့ ဥယျာဉ်တော် ပေပဲ....သည်ဝေဠုဝန်ဥယျာဉ်တော်ကြီးကို မြင်ဖူးရောက်ဖူးယင် နတ်ပြည်မှာ ရှိတဲ့ နန္ဒဝန် ဥယျာဉ်တော်ကြီးကို ရောက်ဖူး,မြင်ဖူးတာနဲ့ အတူတူပဲလို့ ဖွဲ့ဆို ထားတဲ့ကဗျာကို မဖုရားအနေနဲ့ အစကကဲလွန်း,သဲလွန်းတယ်,ပိုလွန်းတယ် လို့ ထင်မိခဲ့တယ်လေ၊ ဟော....မျက်မြင် ကိုယ်တွေ့ အခုလို တွေ့လိုက်ရတဲ့ အခါမှာ ဘယ်ကဗျာဆရာမှ သည်ဥယျာဉ်ကြီးရဲ့ ဂုဏ်ကိုပြည့်စုံအောင် မဖွဲ့ မရေးစပ်နိုင်ဘူးဆိုတဲ့နောက်ဆုံး စာပုဒ်ကို လှိုက်လှိုက်လှဲလှဲ မဖုရားထောက်ခံ လိုက်တယ်လေ"

ဤသို့လျှင် ခေမာမိဖုရားသည် ဥယျာဉ်၏ အေးရိပ်သာအောက်တွင် ဝမ်းမြောက်မဆုံး တပြုံးပြုံးနှင့်သာ ရှိနေတော့၏။ ခေမာ မိဖုရားသည်

ဥယျာဉ်ထဲကပင် မထွက်လိုပေ။ သို့သော် အချိန်သည် တရွေ့ရွေ့ကုန်လာ၏။ ညနေစောင်းလာပြီဖြစ်၏။

အမတ် "နန်းတော်သို့ပြန်ရန် အချိန်တန်ပါပြီ ဘုရား"

ခေမာ "ဪ....အချိန်ကလဲ ကုန်လွယ်လိုက်တာနော်၊ သခင် မအနေနဲ့ ကောင်းကင်ယံက ဒေါင်းယာဉ်ပျံ နေမင်းကြီးကို ဆွဲသားလို့ များ ရမယ်ဆိုယင် 'မဝင်ပါနဲ့ဦး အရှင်နေမင်းရယ်....'လို့ ဆွဲထားပါရဲ့။ ဒါပေမယ့် သဘာဝဆိုတာ တားမြစ်လို့ရကောင်း တာမျိုး မဟုတ်၊ သည်တော့ကာ နောက်နေ့များမှ တခါ လာကြသေးတာပ။ ကဲ....ဒါဖြင့်လဲ သည်ကနေ့ အချိန် မရှိ တော့တဲ့ အတူတူ နေညိုနုနုမှာ နန်းမြေကို လှမ်းကြတာပ"

အမတ် "ဒါဖြင့် သခင်မ၊ ဘုရားသခင်ကို ဖူးမြင်ရအောင်ကြွတော်မူပါ"

ခေမာ "အို....ဖူးဖို့မလိုပါဘူး၊ သည်ကပဲ ပြန်ကြဘာပ"

အမတ် "သည်အတိုင်း ပြန်လို့မဖြစ်ပါ သခင်မ"

ခေမာ "ဟင်....ဘာ့ကြောင့်"

အမတ် "ဘုရင်ထီးဘုရားက အမိန့်တော်မြွတ်မှတ်လိုက်ပါသည်။ ဥယျာဉ် ရောက်ပါလျက် သခင်မဖုရားသည် ဘုရားသခင်ကို မဖူးမြော်ပဲ ပြန်လာခဲ့သော်....မင်းပြစ် မင်းဒဏ် ခံရမည်ဟု မှာလိုက်ပါသည် သခင်မ"

ထိုစကားကို ကြားရသောအခါ ခေမာသည် မျက်လုံး များပင် ပြာသွားလေ၏။ ခေါင်းနားပန်းကြီးပြီး တကိုယ်လုံး ကြက်သီးမွေးညင်းတွေ တဖြင်းဖြင်းထလာကုန်လေ၏။ "ခက်ပြီခက်ပြီ၊ ငါဘယ့်နှယ် လုပ်တော့ မည်လဲ"ဟု အံကြခဲခဲနှင့် ကျိတ်မနိုင်ခဲမရ ဖြစ်နေရှာ၏။

သူ့မျက်နှာသည် ဟင်းသပြဒါးခဲပမာ ရုတ်ခြည်း နီရဲလာပြီး "မောင်တော်ဘုရာက သူ့ဘုရားကို ဖူစေခြင်လွန်းလို့ အာဏာနဲ့ အဖူး ခိုင်းတော့ ငါကဖူးရမှာလား။ ငါဖူးချင်ဖူးမယ်၊ မဖူးချင် နေမယ်။ သူက ဘုရင်၊ ငါကမိဖုရား။ သူ အမိန့်မှတ်၍ ပညတ်နိုင်သလို ငါလည်း အမိန့် မှတ်နိုင်တာပဲ၊ 'မိဖုခေမာ ဘုရာဖူးနေစရာမလိုဘူး၊ နန်းတော်ကို အမြန် ပြန်ခဲ့ရမည်'လို့ ငါ့ အမိန့်တော်နဲ့ ငါ့ကိုပြန်တားယင် သူ ဘာဝတ်နိုင်ဦး မှာလဲ"ဟု ခေမာသည် စိတ်ရှုပေါက်လေတိုင်း ရောက်တတ်ရာရာတွေ တွေးမိနာမှ—

"သည်လို စိတ်လိုက်မာန်ပါ လုပ်လိုက်ပြန်ယင် မင်းအာဏာကို ဖီဆန်ရာကျမယ်။ မိဖုရားဖြစ်လျက်ကနဲ့ မင်းအာဏာကို ဖီဆန်တယ်ဆိုယင် ရာဇဝင်ရိုင်းတော့မည်၊ ပြီးတော့ မောင်တော် မင်းတရားကြီးဟာ ဘုရား

သခင်နှင့် သာသနာတော်ကို အသက်ပေးပြီး ကြည်ညိုသော မှင်းတရားကြီး ဖြစ်တော်မူသည့်အလျောက် ငါ့ကို ဘုရားတရားနဲ့ ယဉ်ပါးစေလိုသော ဆန္ဒဖြင့် ဘုရားဖူးခိုင်းပါသည်ကို ငါက ကလန်ကဆန် လုပ်နေမယ်ဆိုယင် တတိုင်းပြည်လုံးက ငါ့ကို ဘယ်လိုထင်ကြမလဲ။ 'ခေမာမိဖုရား ဟာ မိစ္ဆာဒိဋ္ဌိပဲ။ ဘုရားမှန်း တရားမှန်း မသိတဲ့ မိဖုရား'လို့ ထင်မြင်ယူဆ ဆိုပြော ကြတော့မယ်။ ဒါတွေကို ထား လိုက်ဦး၊ ငါ့ခမည်းတော် မယ်တော်နှင့် တကွ တဆွေလုံး တမျိုးလုံးပါ ငါ့ကို အကြောင်းပြုပြီး မိစ္ဆာဒိဋ္ဌိတွေဟု ထင်ကုန်ကြတော့မယ်။ ငါ ဘုရားဖူးပဲ နေလိုက်ယင် မောင်ဘုရားမှာ လည်း ရာဇဣဒ္ဓေနတော်ကို ထိခိုက်မယ်။ ငါလည်း အသုံးမကျ၊ အလွန် ရိုင်းစိုင်းတဲ့ ဘဝမျိုး ရောက်သွားမယ်။ သည်တော့ကာ မောင်ဘုရားရဲ့ အမိန့်တော်ကို လိုက်နာသည်ဆိုရရုံကလေး ဝတ်ကျေတန်းကျေ ခဏတဖြုတ် ဘုရားကို ဝင်ဖူးလိုက်တာပဲ ကောင်းပါတယ်လေ''

ဟု ခေမာမိဖုရားသည် ဘုရားနှင့် တွေ့ရမည်ကို စိုးရိမ်သည့် အရေး ကြောင့် တောင်တွေး မြောက်တွေး ထွေရာလေးပါးကို တွေးမိရာမှ နောက်ဆုံးတွင် 'ဘုရားဖူးမည်'ဟု စိတ်ကို ဒုန်းဒုန်း ချလိုက်လေသတည်း။

ဝေဠုဝန် ကျောင်းတော်၏ အရိပ်သည် နေဝင်ခါနီးလေ အရှေ ဘက်သို့ ရှည်၍ ထွက်လာလေလေ ဖြစ်၏။

ထိုအချိန်တွင် ဘုရားသခင်သည် ဝေဠုဝန်ကျောင်းတော်တွင် စံနေ လျက်မှ ခေမာမိဖုရား၏ စိတ်နေသဘောထားကို ရိပ်စားမိလေသဖြင့် ရှေ့တော်မှောက်သို့ ခေမာမိဖုရား မရောက်မီ ကလေးတွင် လူနှင့်မျှ နတ်ထက်လှသော သမီးကညာတဦးကို ဖန်ဆင်းပြီးလျှင် အပါးတော်၌ ယပ်ခတ်လျက် ခစားနေစေ၏။

ဘုရားနှင့် တွေ့ရမည်ကို ကြောက်သော ခေမာမိဖုရားသည် ဘုရား သခင်၏ရှေ့တော်သို့ ဝင်မိလေသောအခါ သူ့မျက်လုံးအစုံဖြင့် မမှိတ်မသုန် တအံ့တသြ ကြည့်လေသည်ကား ဘုရားသခင်ကို မဟုတ်၊ ဘုရားသခင်၏ အပါးတော်ဝယ် ယပ်ခတ်နေသော အလှဘုရင် လှထိပ်ခေါင်တင်မ ကလေးကိုသာ ဖြစ်ပေ၏။

''ဟယ်... သည်သူငယ်မ၊ တယ်ချော တယ်လှပါကလား။ ဤလော က၌ အချောအလှ အရာတွင် ငါ့ထက်သာသူ မရှိဟု ငါထင်ခဲ့၏။ ဤ အမျိုးသမီး၏ အလှနှင့်စာသော် ငါ၏အလှကား ရွှေဟင်္သာ၏ အပါးဝယ် ကျီးနက်မကြီး နားသည်နှင့် တူလေသည်တကား။ ဤရွှေ ဤမျှ မဖြစ် စလောက်သော အလှဖြင့် ငါသည် မာန်တံခွန်ဆောက် လှဂုဏ်မောက်လာ ခဲ့မိပေသည်။ လှဂုဏ်ကိုး၍ မာန်ဟုန်ပျိုးလာခဲ့မိပေသည်''

ဟု ထိုယပ်ခတ်နေသော သမီးကညာကိုသာ မျက်လွှာကိုမျှ မပိတ်ပဲ စိတ်ရှိတိုင်း စူးစိုက်စွာ ကြည့်၍နေလေ၏။

ဤသို့ အာရုံစိုက်၍ ကြည့်နေခိုက်မှာ ထိုအမျိုးသမီးမှာ တဖြည်းဖြည်း အသက်ကြီး၍ကြီး၍ လာ၏။ သာ တယောက်မိခင်၊ သားနှစ်ယောက်မိခင် စသည် ဖြစ်လာ၏။ ဤသို့ အသက်အရွယ် ကြီးသည်နှင့်အမျှ အလှမှာလည်း တဖြည်းဖြည်း ပျက်ပျက်သာလေသည်။

စောစောက မြင်ရသော အလှနှင့် ယခု မြင်တွေ့ရသော အလှမှာ နှိုင်းယှဉ်မရအောင် ကွာခြား၊ ပြောင်းလဲသွားသည်ကို သိရှိလာသည်။ ထိုမှ တဖန် ကြည့်နေယင်းမှာပင် ခါးကိုင်း၊ နားထိုင်း၊ အကြောတွေ ပြိုင်းပြိုင်း ထကာ ရွတ်တွယွင်းယို အဘွားအိုကြီးအဖြစ် ဖောက်ပြန်သွားသည်ကို မျက်စိအောက်တွင် မြင်ရသောအခါ ကြောက်လန့်တုန်လှုပ်လျက် "ငါလဲပဲ တနေ့မှာ သူ့လိုပဲ အိုရ၊ နာရမှာပါကလား" ဟူ၍ သံဝေဂဉာဏ်သည် သံမှိုနှင့် စွဲသည့်ပမာ သူ့ဦးနှောက်ထဲ၌ စွဲထင်လာရာမှ ဘုရားသခင်၏ မျက်နှာတော်ကို တချက်မျှ မော်၍ ဖူးလိုက်၏။

ထိုအခါ ပိုင်သောက်သည့် အချက်ကို အကွက်ကောင်း ချောင်းနေသော ရှင်တော်မြတ်ဘုရားသည် သံဝေဂစိတ်ဖြင့် ထိတ်လန့်နေသော ခေမာမိဖုရားအား ယင်းနှင့် လိုက်ဖက်သော တရားကို အောက်ပါအတိုင်း ဟောတော်မူလေ၏။

> အာတုရံ အသုစိံ ပူတိံ၊
> ပဿခေမေ သမုဿယံ၊
> ဥဂ္ဃရန္တံ ပဃရန္တံ၊
> ဗာလာနံ အဘိနန္ဒိတံ။

"ခေမေ၊ လှခေါင်ထွတ်ချာ မိဖုရားခေမာ။ အာတုရံ၊ အထိမခံ ကြေပန်းကန့်သို့ တသံခြည်လောက် ရောဂါရောက်က သက်ပျောက်မတတ် အခံကတ်အောင် နာကျင်တတ်စွာထသော။ အသုစိံ၊ အမှိုက်ပုံနှယ် မစင်မကြယ် ရှုံ့ယ်လိုလို အမှန်ဖြစ်ပါသသော။ ပူတိံ၊ အပုပ်နံ့ တလှောင်လှောင်နှင့် အပုပ်ကောင်ကြီးလည်း ဖြစ်ပေသလော။ ကုမ္ပ သမုဿယံ၊ ခြေလက်ဦးခေါင်း စသည် ပေါင်းသားသော ဤခန္ဓာကိုယ်ကို။ ပဿ၊ သေချာစေ့ငုံ ဉာဏ်စက္ခုဖြင့် မြင်အောင်ရှုလော့။ ဥဂ္ဃရန္တံ၊ ဒွါရခေါင်ပေါက် ကိုးပေါက်ပြွန်မှ စီးသွန်ထွက်လေ အပုပ်ရေတို့ တတွေတွေလည်း ယိုထွက်နေထသော။ ပဃရန္တံ၊ ပုပ်နံ့ခေါင်းထောင်း မြင်မကောင်းတို့ ခိုအောင်းရာလည်း ဖြစ်ပေလသော။ ကုမ္ပ သမုဿယံ၊ ဤကိုယ်ခန္ဓာကို။ ဗာလာနံ၊ ပညာခေါင်းပါး

ငမိုက်သားတို့သည်။ အဘိနန္ဒိတံ၊ မခွဲနိုင် မခွာရက် ထာဝစဉ်စွဲမက်လျက် နှစ်သက်နေကြလေ၏”

အသုဘာယ စိတ္တံ ဘာဝေဟိ၊
ဧကဂ္ဂံ သု သမာဟိတံ၊
သတိ ကာယဂတာ တျတ္ထု၊
နိဗ္ဗိဒါ ဗဟုလာ ဘဝ။

“ခေမ.... အလှတရတနာ ငါမှ ငါဟု မာန်မာနထား ဝင့်ကာ ကြွားလျက် ထောင်လွှားခဲ့ရှာ အို–မိဖုရား ခေမာ။ တသွာ–ထိုသို့ ရှိစရာ အဟုတ် အပုပ်ကောင်စင်စစ် အဖြစ်ကြီး ဖြစ်လေသောကြောင့်။ ဣမံ-ဤ ခန္ဓာကိုယ်ကောင်ကို။ အသုဘာယ- မတင့်မတယ် ရှုံဖွယ်ဟူ၍။ စိတ္တံ– မိမိ စိတ်ကို။ ဧကဂ္ဂံ၊ တည်ကြည်ငြိမ်သက် မလှုပ်ယှက်အောင်။ သုသမာဟိတံ၊ အာရုံ၌ ကောင်းစွာထိန်းချုပ်လျက်။ ဘာဝေဟိ၊ အခါမလပ် တရစပ် ဖြစ်စေလော့။ ကာယဂတာ၊ ဆံ,ခင်, မွေးညှင်း စသော ကောဋ္ဌာသ အစုကို ဆင်ခြင်လော့။ သတိ၊ သတိကို။ အတ္ထု၊ ဖြစ်စေလော့။ ဗဟုလာ၊ များစွာ။ ဝါ၊ များများ။ နိဗ္ဗိဒါ၊ ငြီးငွေ့သည်။ ဘဝ၊ ဖြစ်လော့”

တရားထုံးကို ဘယ်တုန်းကမှ နှလုံးမသွင်းခဲ့လေပဲ မိမိ၏ လှပသော ဂုဏ်ကို မက်မော၍ အချောကို ရင်ဝယ်ပိုက်ထွေးလာခဲ့သော လှခေါင် ထွတ်ချာ မိဖုရားခေမာတား တရားတော်ကို ကြားနာရပြီးသည်၏ အဆုံး တွင် ရှေးဘုန်းရှေးကံ ပါရမီ ရင့်သန်သူ ဖြစ်လေသည့်အလျောက် ထိုခဏ မှာပင် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်သွားလေသတည်း။

ထိုအခါ ရှင်တော်မြတ်ဘုရားသည် ခေမာမိဖုရားအား ဆက်၍ ဟောတော်မူသည်ကား....

“ခေမာ....၊ ဤသတ္တဝါတို့ကား ရာဂဖြင့် တပ်မက်ကုန်၏၊ ဒေါသ ဖြင့် ဖျက်ဆီးကုန်၏၊ မောဟဖြင့် တွေဝေထိုင်းမှိုင်းကုန်၏။ မိမိ၏ သန္တာန် တွင် တောင်ကျချောင်းရေပမာ တလဟော စီးဆင်းနေသော တဏှာရေ အယဉ်ကို လွတ်မြောက်အောင် မကူးနိုင်ကြရှာကုန်။ ထိုတဏှာ၌သာလျှင် စွဲမြဲစွာ ငြိကပ်နေကြကုန်၏”ဟု မိန့်တော်မူ၍ တရားဟောခြင်းငှာ ဤဂါ ထာကို မြွက်ကြားတော်မူသတည်း။

* ယေ ရာဂရတ္တာ နုပတန္တိသောတံ၊
သယံကတံ မက္ကဋေ္ဝ ဇာလံ၊

---

* ဓမ္မပဒပါဠိတော် ဂါထာ၊ ၃၄၇။

တော်ပိဆေတ္တာန ဝဇန္တိမိရာ၊
အနပေက္ခိနော သဗ္ဗဒုက္ခံ ပဟာယ။ ။

"ခေမ၊ အလှဆင့်ဆွ ခေါင် တောင်နန်းဒေဝီ မဟေသီ။ ယေ၊ အကြင် သူတို့သည်၊ ရာဂရတ္တာ၊ မခွဲနိုင် မခွာရက် ရာဂဖြင့် တပ်မက်ကုန်၏။ တေ၊ ထိုမခွဲနိုင် မခွာရက် တပ်မက်သူတို့သည်။ သကံကတံ၊ မိမိတို့ကိုယ်တိုင် ပြုအပ် သော။ သောတံ၊ တဏှာရေအယဉ်သို့၊ အနုပတန္တိ၊ အစဉ်တစိုက်ကျကုန်၏။ ကိမိ၊ ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား။ မက္ကဋော၊ ပင့်ကူသည်။ သယံကတံ၊ ကိုယ်မှ အမျှင်အမျှင်ထုတ်၍ ကိုယ်တိုင်ပြုလုပ်အပ်သော။ ဇာလံ၊ ပိုက်ကွန် အလား ပြုလုပ်ထားအပ်သော ပင့်ကူအိမ်သို့၊ အနုပတ၊ တိဣဝ၊ ထပ်ပြန် တလဲလဲ ကျသကဲ့သို့ဘည်း။ ဓီရာ၊ ပညာမျက်စိ အမြင်ရှိကုန်သော သူတို့သည်၊ ဇော်ပိုတဏှာ၊ ထိုမခွဲနိုင် မခွာရက် တပ်မက်ခြင်းတဏှာကိုလည်း၊ ဆေတွာန၊ အပိုင်းပိုင်း ပြတ်အောင် ဖြတ်တောက်ကြကုန်ပြီးလျှင်၊ အနပေက္ခိနော၊ ငဲ့ကွက်ခြင်း မရှိကုန်လေပဲ၊ သဗ္ဗဒုက္ခံ၊ ဆင်းရဲဟူသမျှ ဒုက္ခခပ်သိမ်းကို၊ ပဟာယ၊ စွန့်၍၊ ဝဇန္တိ၊ သွားကြကုန်၏"

ဤဒေသနာတော်၏ အဆုံး၌ကား အလှကိုသာ မက်မောသော၊ ဝါ–နိဗ္ဗာန်ကို ရည်သန်ခြင်း အလျှင်းပင်မရှိခဲ့သော ခေမာမိဖုရားသည် အာသဝေါကင်းကွာ ရဟန္တာဖြစ်သွားလေသတည်း။

ခေမာမိဖုရား ရဟန္တာဖြစ်သွားသောအခါ .... သူ့ရဟန္တာအဖြစ် ဖြင့် မဘည်နိုင်ရာသောကြောင့် မြတ်စွာဘုရားသည် ခေမာ၏ ခင်ပွန်း လင်ဖြစ်သူ ဗိမ္ဗိသာရမင်းကြီးအား....

"မြတ်သောမင်းကြီး၊ ခေမာသည် ရဟန်းပြုရန်သင့်မည်လော....။ သို့မဟုတ် ပရိနိဗ္ဗာန်ပြုရန်သင့်မည်လော...."

ဟု မေးတော်မူ၏။

"ခေမာ့ကို ရဟန်းပြုပေးတော်မူလိုက်ပါဘုရား"ဟု ဗိမ္ဗိသာရမင်း ကြီး၏ လျှောက်ထားချက်အရ ရဟန်းပြုပေးပြီးလျှင် အဂ္ဂသာဝိကာ အရာ၌ ထားတော်မူသတည်း။

ဤဝတ္ထု၌ ခေမာ၏အဖြစ်သည် ဇနပဒကလျာဏီအဖြစ်နှင့် တူ၏၊ တထေရာတည်း (တထေဝတည်း)ဖြင်၏။ အလှကိုမက်သော၊ တင့်ယ်တာ သော၊ မြတ်နိုးသော၊ လှမာန်ဝင့်သော မိန်းမသားတဦးသာဖြစ်၏။ နိဗ္ဗာန်ကိုမလိုချင်၊ နိဗ္ဗာန်စကားကို မကြားချင်။ အလှအပ၌သာ ယစ်မူး နေခဲ့၏။ အလှ၏အပြစ်ကိုဆိုပြောလှာလျှင် ထိုသူကို ရန်သူသဖွယ် လန့် လေ၏၊ ကြောက်လေ၏။

သို့သော်....သူမလိုချင်သောနိဗ္ဗာန်သည် သူ၏ဘေးမှ မြောင်ကပ်၍ သူနှင့် လက်တကမ်းအရပ်မှ ထက်ကြပ်မကွာ လိုက်ပါလျက် ရှိနေသည်ကို ကား သူသည် မသိရှာလေ။

နိဗ္ဗာန်သည် သူ၏ စိတ်နေသဘောထား၊ ခံယူချက်ကို မျက်ခြည် မပြတ် စောင့်ကြည့်နေ၏။ အခွင့်သာသည်နှင့် တပြိုင်နက် (၀ါ) သူ၏ စိတ်သန္တာန်တွင် စွဲလမ်းမှုတဏှာများ ကင်းစင်လေသည်နှင့် တပြိုင်နက် နိဗ္ဗာန်သည် သူ့ကိုဝင်၍ ပူးကပ်လိုက်သောအခါ အာသဝေါကင်းကွာ ရဟန္တာဖြစ်သွားလေ၏။ ဇလျှပြင်နေယင်းမှာပင် ယူတတ်က နိဗ္ဗာန်ကို ရခြင်း၏ သက်သေသာဓကပင်တည်း။

ရဟန္တာဖြစ်သွားသောအခါ ရဟန်းယောကျ်ား ထေရာသို့သည် လည်းကောင်း၊ ရဟန်းမိန်းမ ထေရီတို့သည်လည်းကောင်း တရားထူးကို မိမိတို့အနေအားဖြင့် ဘယ်နည်းဘယ်ပုံ ရခဲ့ပုံများကိုဖော်ထုတ်၍ ဥဒါန်း ကျူးလေ့ရှိကြရာ ခေမာထေရီသည်လည်း သူ့ဘဝဖြစ်စဉ်ကို ဤသို့ပင် မေးဖြေပြု၍ ဥဒါန်းကျူးပါလေသတည်း။

၁။ ဒဟရာ တွံ ရူပဝတီ၊
အဟမ္ပိ ဒဟရော ယုဝါ၊
ပဉ္စင်္ဂိကေန တုရိယေန၊
ဧဟိ ခေမေ ရမာမသေ။ *

"ခေမေ၊ ဆင်းပြင်သွယ်လျ အလှထွတ်ချာ အို....အရှင်မ မခေမာ။ တွံ၊ သင်သည်။ ဒဟရာ၊ ရဟန္တာမကြီး ဖြစ်တပြီးလည်း ကြေးဇရွယ် ရှုစဖွယ်နှင့် တင့်တယ်ပေါင်းစု ထွတ်ထွတ်နုကလေး ရှိပါသေး၏။ ရူပဝတီ၊ လှသည်ထက်လှ အလှဘုရင်မကလေးပါပေတည်း။ အဟမ္ပိ၊ မာရ်နတ်ရာဇာ မည်သညာဖြင့် ခြောက်ရွာသနင်း ငါနတ်မင်းသည်လည်း။ ဒဟရော၊ ပျိုမျစ်နုနယ် ငယ်ငယ်ကလေး ရှိပါသေး၏။ ယုဇာ၊ ကညာပျိုတို့ နှစ်လို စလောက် စွဲမက်လောက်သည့် လူပျိုပေါက်ကလေးပါတည်း။ ဧဟိ၊ နေရာမှထ ခပ်မြန်မြန် ကြွခဲ့ပါလော့။ ယေ၊ သက်တူရွယ်တူမျှဖြစ်ကြသော ငါတို့သည်။ ပဉ္စင်္ဂိကေန၊ အင်္ဂါငါးပါးနှင့် ပြည့်စုံသော။ တုရိယေန၊ ပဉ္စသိန်နတ်စောင်း ညွှင်းသွဲ့၍ပျော်သားသည့်နှယ် ငြိမ့်ညောင်း သံယံလှ စွာသော တူရိယာမျိုးဖြင့်။ ရမာမသေ၊ ပျော်ပျော်ပါးပါး နေကြပါစို့ လားကွယ်"

---

* ထေရီဂါထာ ပါဠိတော်၊ ဆဋ္ဌသင်္ဂါယနာ၊ ၃၉၅။

ဤဂါထာ၌ခေမာထေရီကသူ့ကိုယ်သူ ထွတ်ထွတ်နုနုယု၀တီအရွယ် ချစ်ဖွယ် အပျိုကလေးနှင့်နှိုင်းပြီး တဏှာကိုကား မာရ်နတ်အရာ၌ထား၍ ဆိုအံ့။ မာရ်နတ်ဘုန်းမိုး ကိုလူပျိုကာလသားက သူ့ကို သမီးရည်းစား စကားလာ၍ ပြောလေဟန်၊ သူ့အပေါ်တွင် လာ၍ မရမက ချစ်တင်း ဆိုလေဟန်ဖြင့် သရုပ်ဖော်ထားပြီး သူက မာရ်နတ်ထံ စကားပြန်လိုက်ပုံ များကိုကား အောက်ပါဂါထာများဖြင့် ပေါ်လွင်စေ၏။

၂၊ ဣမိနာ ပူတိကာယေန၊
အာတုရေန ပဘင်္ဂုနာ၊
အဋ္ဋိယာမိ ဟရာယာမိ၊
ကာမတဏှာ သမူဟတာ။ ။

"ပါပိမ၊ ငါ့ကိုဖျက်ဆီး အကြံကြီးနှင့် ပြုံးဖြီးမလို ခွန်းချိုချိုနှင့် လူပျိုစကား ပြောလှာငြားသည့် နတ်သားသူရုပ်၊ ဟယ်....မာ်ရ်ယုတ်။ မယော၊ ခေမာထေရီ ဘွဲ့မည်ပွင့်လန်း ငါရဟန်းမသည်။ ကာမတဏှာ၊ မခွာနိုင် မခွာရက် ရမ္မက်အာသာ ယင်းသည့်ကာမတဏှာကို။ သမူဟတာ၊ အမြစ်ကပြတ်အောင် ဖြတ်အပ်ပြီးပေပြီ။ တသ္မာ၊ ထိုသို့ အာသာငမ်းငမ်း တဏှာသမ်းနှင့် သေခန်းရှင်ခန်းပြတ်အောင် ဖြတ်အပ်ပြီး ဖြစ်သောကြောင့်။ အာတုရေန၊ နာကျင်တတ်သော သဘောရှိသော။ ပဘင်္ဂုနာ၊ ပျက်စီး တတ်သော သဘောရှိသော။ ဣမိနာ ပူတိကာယေန၊ ဘာမျှတစိ နှစ်သက် ဖွယ်မရှိသော ဤအကောင်ပုပ်ဖြင့်။ အဋ္ဋိယာမိ၊ ငြီးငွေ့လှပါ၏။ ဟရာ ယာမိ၊ တကယ့်ကိုအဟုတ် စက်ဆုပ်လှပါ၏"

၃။ သတ္တိသူလူပမာ ကာမာ၊
ခန္ဓာသံ အဓိကုဋ္ဋနာ၊
ယံတွံ ကာမရတိံ ဗြူသိ၊
အရတိ ဒါနိ သာ မမ။ ။

"ပါပိမ၊ ယုတ်မာသောအရာတွင် ဆရာမထား မိုက်လုံးထွားသည့်၊ နတ်သားဆိုးပေ ကိုရုပ်ပွေ၊ တွံ၊ သင်သည်၊ သုဏောဟိ၊ သတိချပ်၍ မှတ်သားနာယူလေလော့။ကာမာ၊ ၀တ္ထု,ကိလေ နှစ်ထွေအာရုံ၊ ကာမဂုဏ် ဟူဟူသမျှတို့ကား၊ သတ္တိသူလူပမာ၊ လှံ၏အသွင် သံတံကျင်အလား၊ မှတ်သားပါလေ၊ တူကုန်ချေ၏။ ခန္ဓာ၊ ဥပဒါနက္ခန္ဓာ ငါးပါးတို့သည်၊ အဓိကုဋ္ဋနာ၊ ထိုကာမဂုဏ်တည်းဟူသော အမဲသားငါးတို့ကို နုပ်နုပ်စဉ်းရာ စဉ်းတီတုံးကြီးနှင့် အလား.တူကုန်၏။ တွံ၊ သင်သည်။ ယံကာမရတိံ၊အကြင် ကာမဂုဏ်၌ ခုံမင်တတ်မွေ့ တူစုံမောင်မယ် ပျော်မွေ့ရအောင် ဟူသော

စကားကို ပြုသိ၊ ခွန်းသံချိုချိုနှင့်၊ ငါ့ကို သင်ဆိုပေ၏။ သာအရတီ၊ ထို ကာမဂုဏ်၌ မွေ့လျော် ခံစားမှုသဘောမျိုးသည်၊ ဒါနိ၊ ယခုအခါ၌၊ မမ၊ ငါ့အား၊ နတ္ထိ၊ မရှိတော့ပြီ”

၄။ သဗ္ဗတ္ထ ဝိဟာတာနန္ဒိ၊
တမောခန္ဓော ပဒါလိတော၊
ဧဝံ ဇာနာဟိ ပါပိမ၊
နိဟာတော တွ မပိ အန္တက။

“ပါပိမ၊ နတ်သားဖြစ်လျက်၊ မိုက်တွင်းနက်သည့်၊ နတ်ပျက် နတ်ဖျင်း၊ ဟယ်....မာရ်မင်း၊ မယာ၊ အင်္ဂသာဝိကာ၊ ထေရီ ငါသည်၊ သဗ္ဗတ္ထ=သဗ္ဗေသု အာရမ္မဏေသု၊ ခပ်သိမ်းကုန်သော အာရုံတို့၌၊ နန္ဒိ၊ တွယ်တာရမ္မက်ဖြင့်၊ နှစ်သက်မှုတဏှာကို။ ဝိဟတာ နုပ်နုပ်စဉ်း၍ အကြွင်းမဲ့ ပယ်ဖျောက် အပ်ပြီ ပြီ။ တမောခန္ဓော၊ မောဟအစု၊ အမိုက်ထုကြီးကို၊ ပဒါလိတော မဂ်ဉာဏ်ထိန်တောက်၊ ဗုံးအမြောက်ဖြင့်၊ ဖောက်ခွဲအပ်ပြီးပြီ။ မံ၊ ငါ့ကို။ ဧဝံ၊ ဤအတိုင်းသာ၊ ဇာနာဟိ၊ သင်သိလေလော့၊ အန္တက၊ အယုတ်တမာကောင်၊ တွံ၊ သင်သည်၊ အပိ၊ စင်စစ် နိဟတော၊ ငါ့ကို ရှုံးလေပြီတည်း”

၅။ နက္ခတ္တာနိ နမဿန္တာ၊
အဂ္ဂိံ ပရိစယံ ဝနေ၊
ယထာဘုစ္စ မဇာနန္တာ၊
ဗာလာ သုဒ္ဓိမမညထ။

“ပါပိမ—အမိုက်ခေါင်ကြူး မာရ်ယုတ်မူး၊ ဗာလာ၊ ငါးပါးအာရုံ၊ ကာမဂုဏ်ကြိုက်၊ စရိုက်ပြောထူ၊ မိုက်သောသူတို့သည်၊ ယထာဘုစ္စံ၊ ဟုတ် မှန်သည် အားလျော်စွာ၊ ဝါ၊ အဟုတ်ကို အဟုတ်အတိုင်း၊ အမှန်ကို အမှန်အတိုင်း၊ အဇာနန္တာ၊ မသိကြကုန်လေသောကြောင့်၊ နက္ခတ္တာနိ၊ ကောင်းကင်တခိုမှ ဂြိုဟ်နက္ခတ်တို့ကို၊ နမဿန္တာ၊ ပူဇော်ပသ ရှိခိုးကြကုန် လျက်၊ ဝနေ၊ ရှုပ်ယှက်သောမော စုံမြိုင်တော၌၊ အဂ္ဂိံ၊ အလျှံညီးညီးယဇ်ပူဇော်မှု မီးကို၊ ပရိစယံ=ပရိစယန္တာ၊ ယုံကြည်သမှုဖြင့် လုပ်ကျွေးခြင်း ပြုကြကုန်သည် ရှိသော်၊ သုဒ္ဓိံ၊ စင်ကြယ်၏ဟူ၍၊ ဝါ၊ ကိလေသာ အညစ်အကြေးကင်း၍ သန့်ရှင်းလေပြီဟူ၍၊ မညထ၊ မှတ်ထင်အောက်မေ့နေကြကုန်၏”

၆။ အဟဉ္စခေါ နမဿန္တီ၊
သမ္ဗုဒ္ဓံ ပုရိသုတ္တမံ၊
ပမုတ္တာ သဗ္ဗဒုက္ခေဟိ၊
သတ္ထုသာသနကာရိကာ။

"ပါပိဓါ၊ ဟယ်.... ဒေယုတ်တမား နတ်မိစ္ဆာ၊ အဟာ္ဃ—ခေမာ ခေမာ၊ သညာတွဲချိ၊ ငါ့ထေရီသည်ကား၊ပုရိသုတ္တမံ—ယောကျ်ားတကာတို့ ဉက္ကဌ်၊ ယောကျ်ားမြတ်တဆူ၊ ဖြစ်တော်မူပေသော၊ သမ္ဗုဒ္ဓ-ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို၊နမဿန္တီ၊ ယုံကြည်မြတ်နိုး ရှိကြီးခိုးလျက်။ သတ္တု သာသန ကာရိကာ၊ မြတ်စွာဘုရား ဆုံးမတော် မူသောအတိုင်း လိုက်နာ ပြုကျင့်သည် ဖြစ်၍။ ဝါ၊ ဘုရားဆုံးမ၊ဩဝါဒကို၊ ကာလမဖင့်၊လိုက်နာ၍ ကျင့်ခဲ့လေသောကြောင့်၊ သဗ္ဗဒုက္ခေဟိ၊ ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်း၊ အန္တရာယ်ခပ်သိမ်း၊ ကြောင့်ကြ ခပ်သိမ်းတို့မှ။ မုတ္တာ၊ ကွင်းလုံးကျွတ် လွတ် မြောက်ခဲ့လေပြီတည်း"

ဤကား....အလှကိုမက်မော၍အလှကိုလက်မလွှတ်အောင်တွယ်ဖက် ထားသော ခေမာ မိဖုရားမှ ရဟန္တာ ဖြစ်လာသော"ခေမာထေရီ"၏ ကိုယ် တိုင် ဖွင့်ဆိုချက် ဥဒါန်းစကားဖြစ်ပေသည်။

ဤဝတ္ထုကို ဆောက်လျှင် နိဗ္ဗာန်သည် "လှချင်ရက် စက်စက်ယို" နေသော မယ်လှချင် မလှချင်တို့၏ အလှထဲမှာလည်း ရှိနေတတ်ပုံကို သိနိုင် ပေ၏။ အလှထဲမှာပင် နိဗ္ဗာန်ကို ရှာတတ်လျှင် တွေ့သည်၊ ယူတတ်လျှင် ရနိုင်သည် ဟူသော အဓိပ္ပာယ်ကို ခေမာမိဖုရားက သာဓက ပြသွားလေပြီ တည်း"

# ဒုတိယတွဲ နိဒါန်း

နိဗ္ဗာန်ကို လိုချင်ကြ၏။

လိုချင်သောကြောင့်လည်း "နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနှင့် ရောက်ရပါလို၏" ဟု ဆုတောင်းကြ၏။ သို့သော် ဆုတောင်းနေရုံမျှဖြင့် ကိစ္စပြီးမည် မဟုတ်သည်ကိုကား မျက်ခြည်မပြတ် သတိချပ်ကြရပေမည်။

လုံ့လစိုက်ထူ၊ ဉာဏ်သည်းကူ၊ နောက်ချေးလည်းချ၊ ငါလည်းမ, ဆိုသကဲ့သို့ ဆုကိုလည်းတောင်း။ ရနိုင်အောင်အလုပ်ကိုလည်းလုပ်၊ သို့ပါမှ ဆုတောင်း ပြည့်လေမည်ဖြစ်၏။

ရေသောက်ချင်သူသည် ခပ်ယူခြင်းဟူသော အလုပ်ကိုလုပ်ရ၏။ ခရီးရောက်ချင်သူသည် သွားခြင်းဟူသော အလုပ်ကိုလုပ်ရ၏။ ဤသို့ သက်ဆိုင်ရာရာ အလုပ်ကို ကာယကံမြောက်လုပ် ယူပါမှ လိုအပ်သော ကိစ္စပြီးလေသည်။

နိဗ္ဗာန်ရောက် ကိစ္စ၌လည်း ထိုနည်းရင်းပင်တည်း။ နိဗ္ဗာန်သို့ ထုတ်ချင်းပေါက် ရောက်စေနိုင်သော အလုပ်များကို လုပ်ရ၏။ နိဗ္ဗာန်သာ မဟုတ်။ ဘယ်ဟာမဆို မလုပ်လျှင် မရ။ လုပ်ယူမှသာ ရသည်ဖြစ်သောကြောင့် နိဗ္ဗာန်ကို တကယ်လိုချင်လျှင် တကယ်လုပ်ရာ၏။ နိဗ္ဗာန်သည် အလုပ်မလုပ်သူထံသို့ အလိုအလျောက် ရောက်လာမည်မဟုတ်။

သို့ဖြစ်ဘိသော်....နိဗ္ဗာန်စခန်း လှမ်းနိုင်အောင် အဘယ်အလုပ်မျိုးကို လုပ်ရမည်နည်း။

"အနိစ္စကို- နိအစ္စမှန်းသိအောင် လုပ်။ သိအောင်အားထုတ်"

"ဒုက္ခကို ဒုက္ခမှန်း သိအောင်လုပ်။ သိအောင်အားထုတ်။"

"အနတ္တကို အနတ္တမှန်း သိအောင်လုပ်။ သိအောင်အားထုတ်"

အနိစ္စကို အနိစ္စကို အနိစ္စမှန်းသိမှ။ ဒုက္ခ ဒုက္ခမှန်းသိမှ။ အနတ္တကို အနတ္တမှန်းသိမှလည်း သင်္ခါရတရားတို့၌ ငြိစက်ဆုတ်၊ ငြီးငွေ့သော နိဗ္ဗိန္ဒ ဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို ရနိုင်မည်ဖြစ်၏။

နိဗ္ဗိန္ဒဉာဏ်၊ ဒဂ်ဉာဏ်၊ဖိုလ်ဉာဏ်နိဗ္ဗာန်သို့ ရောက်မှ သည်းဒုက္ခခပ်သိမ်း၊ ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်း အန္တရာယ် ခပ်သိမ်း ကင်းငြိမ်း ချုပ်ပျောက်သွားမည်ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည်

ယထာ ဘူတ ဉာဏာယ
သတ္တာ ပရိယေသိတဗ္ဗော။

အမှန်ကို အမှန်အတိုင်း၊ အရှိကို အရှိအတိုင်း သိခြင်းငှာ ဆရာကို ရှာအပ်သည်။ အမှန်ကို အမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း သိခြင်းငှာ ဆရာကို ရှာအပ်သည်ဟု ဤသို့ အကြိမ်ပေါင်း ၅၂၀ ကြိမ်တိုင်တိုင် နိဒါနဝဂ္ဂသံယုက် ပါဠိတော်၌ ဟောဖော် ညွှန်ကြားခဲ့ပေသည်။

ဤသို့ ဆရာကောင်းကို ရှာရန် ၅၂၀ ကြိမ်တိုင်တိုင် သတိပေး၊ နှိုးဆော်တော်မူပြီးနောက် မေ့မေ့လျော့လျော့၊ ပေါ့ပေါ့တန်တန် မနေစေခြင်းငှာ—

မာ ပမာဒတ္ထ၊
မာ ပမာဒတ္ထ၊

သင်တို့ မေ့မေ့လျော့လျော့ မနေကုန်လင့်။ မေ့မေ့လျော့လျော့ မနေကုန်လင့်ဟူ၍ အကြိမ်ပေါင်း ၁၂၆၂ ကြိမ်တိုင်တိုင် ဆင့်ကာဆင့်ကာ သတိပေး နှိုးဆော်သွားလေသည်။

မေ့မေ့လျော့လျော့၊ ပေါ့ပေါ့တန်တန်၊ နမော်နမဲ့ နေကြကုန်လျှင် နောင်တ တဖန် ပူပန်ခြင်း ဖြစ်ကြရရှာမည်ကို စိုးရိမ်တော်မူသောကြောင့်—

မာ ပစ္ဆာ ဝိပ္ပဋိသာရိနော
အဟုဝတ္ထ။

နောင်တ တဖန် ပူပန်ခြင်း မရှိစေကြကုန်လင့်။ နောင်တ တဖန် ပူပန်ခြင်း မရှိစေကြကုန်လင့် ဟု အကြိမ်ပေါင်း ၁၇၆၂ ကြိမ်တိုင်တိုင်၊ သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်၌ အကြိမ်ကြိမ် ဆင့်ကာဆင့်ကာ သတိပေးစကား မြွက်ကြားသွားတော်မူ၏။

ထိုမှတပါး မမေ့မလျော့ခြင်းကြောင့် ခံစားရသော အကျိုးနှင့် မေ့လျော့ခြင်းကြောင့် ကျခံရတတ်သော အပြစ်ကို ဓမ္မပဒ ပါဠိတော်၌—

အပ္ပမာဒေါ အမတံပဒံ၊
ပမာဒေါ မစ္စုနောပဒံ၊

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်းသည် သေခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းသည် ပူပန်ဆင်းရဲ၊ အဖန်တလဲလဲ သေရခြင်း၏ အကြောင်းဖြစ်၏။ ကုသိုလ်ကောင်းမှု

မမေ့မလျော့သော သူတို့သည် နိဗ္ဗာန်သို့ ရောက်ကြမည်ဖြစ်၍၊ မသေသော သူများ ဖြစ်ကြ၏။ ကုသိုလ်ကောင်းမှု မေ့လျော့သော သူတို့သည် အသက် ရှင်လျက် ရှိကြငြားသော်လည်း အဖန်တလဲလဲ သေကြဦးမည်ဖြစ်၍ သေ သောသူနှင့် တူကုန်၏။

ဤကား နိဗ္ဗာန်စခန်းအတွက် လက်တွေ့လုပ်ရန် လုပ်ငန်းဖြစ်ပါ၏။ စိတ်ထားတတ်လျှင် မြတ်၏ဟု ဆိုပေသည်။ မြတ်အောင်၊ ဝါ၊ မြတ်သော နိဗ္ဗာန်နှင့် ထိတွေ့ခွင့် ရရှိအောင် စိတ်ကို ကောင်းကောင်းထားပါ။ ကောင်း သော သုစရိုက် အာရုံများ၌သာ စိတ်ကို မွေ့လျော်၍ နေပါစေ။ ဤသို့ စိတ်ကို ကောင်းသော အာရုံများ၌ စူးစူးစိုက်စိုက် မတ်အောင် ထားပေး သူသည် နိဗ္ဗာန်စခန်းနှင့် တန်းနေတော့သည်ဟု ဆိုလိုသည်။

ထိုမှတပါးလည်း နိဗ္ဗာန်စခန်းသို့ သွားရန် လမ်းမြောင်လေးသွယ် အသင့် ဖွင့်ထားသည်မှာလည်း အထင်အရှားပင် ရှိချေ၏။

၁။ "ဆင်းဆင်းရဲရဲ၊ ပင်ပင်ပန်းပန်း ခံ၍ ကျင့်ပြီး နှေးနှေး ဖြည်းဖြည်း မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်ခြင်း(ဒုက္ခပဋိပါဒန္ဓာဘိညာ) တပါး"

၂။ "ဆင်းဆင်းရဲရဲ၊ ပင်ပင်ပန်းပန်းခံ၍ ကျင့်ပြီး၊ မြန်မြန်ဆန်ဆန် ဆောဆော လျင်လျင် မဂ်ဖိုလ် နိဗ္ဗာန်သို့ရောက်ခြင်း (ဒုက္ခ ပဋိပဒါခိပ္ပါဘိညာ) တပါး"

၃။ "ချမ်းချမ်းသာသာ၊ သက်တောင့်သက်သာကျင့်၍ နှေးနှေး ဖြည်းဖြည်း မဂ်ဖိုလ် နိဗ္ဗာန်သို့ရောက်ခြင်း (သုခပဋိပဒါဒန္ဓာ ဘိညာ) တပါး"

၄။ "ချမ်းချမ်းသာသာ၊ သက်တောင့်သက်သာကျင့်၍ မြန်မြန် ဆန်ဆန် ဆောဆောလျင်လျင် မဂ်ဖိုလ် နိဗ္ဗာန်သို့ရောက်ခြင်း (သုခပဋိပဒါခိပ္ပါဘိညာ) တပါး"

ဤသို့အားဖြင့် နိဗ္ဗာန်စခန်းဝင်လမ်းလေးသွယ် ရှိပေသည်။

ယခုဘဝမှာပင် မဂ်ကိစ္စ၊ ဖိုလ်ကိစ္စ၊ လက်စမသတ်၊ မပြီးပြတ်သေး သော်ငြားလည်း မဂ်ဖိုလ်ရခြင်း၏ အထောက်အပံ့ဖြစ်သော ဓမ္မသဝန၊ တရားတော်ကို ကြားနာခြင်းဖြစ်စေ၍ လေ့လေ့လာလာ ဝါသနာစွဲအောင် နှုတ်ဖြင့် လေ့လာရခြင်းသည်လည်းကောင်း၊ စိတ်ဖြင့် မပြတ်မလပ်နှလုံးသွင်း ရခြင်းသည်လည်းကောင်း၊ ပညာဖြင့် ပိုင်းပိုင်းခြားခြား အနက်အဓိပ္ပာယ်ကို သိရခြင်းသည် လည်းကောင်း၊ အနမတဂ္ဂ ရှေးက မတွေ့မမြင်ဖူးသော နိဗ္ဗာန်ကို လျင်လျင်မြန်မြန် သိခစခြင်းအကျိုး ရှိပေသည်။

ယခု ကျွန်ုပ် ဖော်ထုတ် တင်ပြထားသော နိဗ္ဗာန်စခန်းဝင် ပုဂ္ဂိုလ်များသည် အထက်ဖော်ပြပါ လမ်းလေးသွယ်၊ ပုဂ္ဂိုလ်အတန်းအစား လေးမျိုးတွင် အဘယ်အမျိုးအစား၌ အကျုံးဝင်လေမည်နည်း။

အထက်ဖော်ပြပါ ပုဂ္ဂိုလ်များ၌ သူ့နည်းနှင့်သူ "ကျင့်နည်း နိသယည်းများ" ရှိသကဲ့သို့ ကျွန်ုပ်၏နိဗ္ဗာန်စခန်း ကျွတ်တမ်းဝင်ပုဂ္ဂိုလ် အချို့တို့မှာ ကျင့်နေဖို့ အချိန်ကိုပင် မရလိုက်။ တရားတော်နှင့် ထိတွေ့လိုက်ရသည်နှင့် တပြိုင်နက် "ဟောတယောက် ဟောတယောက်" ဆိုသကဲ့သို့ပင် နိဗ္ဗာန်သို့ ရောက်သွားကြ၏။ သူတို့မှာ ဆင်းဆင်းရဲရဲ ကျင့်ရခြင်းလည်းမရှိ။ သက်တောင့်သက်သာ ကျင့်ရခြင်းလည်းမရှိ။

တခုဆိုဖွယ်ရှိ၏။ သူတို့သည် ဘဝခံစားချက် အထိနာထားသူများ ဖြစ်ကြသည်။ ဆင်းရဲခြင်းဒုက္ခကို "တူပေ၊ တာပေ" လူးလှိမ့်၍ ခံစားကြရသူများ ဖြစ်ကြသည်။ ထိုအခါ ဆင်းရဲလေလေ၊ သံဝေဂရရ ဖြစ်လာကြသည်။ ပမာအားဖြင့် လက်ဝါးကို မီးမှာ ကြာကြာကင်ထားသော် တဖြည်းဖြည်း ပူလာရာမှ နောက်ဆုံးတွင် မခံမရပ်နိုင်အောင် ဖြစ်လာပြီး မီးကို ကြောက်လာသည်။ လန့်လာသည်။ အပူဒဏ် မခံနိုင်၍ လက်ဝါးကို ရုတ်တရက် ရုပ်သိမ်းလိုက်ချင်လာသည်။ "မီးဆိုလျှင် တန်ပါတော့"ဟု အော့နှလုံး နာလာမည်။ ဤသို့ ဖြစ်ခြင်းသည် မီးနှင့်ကင်းရန်၊ မီးကို ရှောင်ကွင်းရန် အခြေခံ ဖြစ်ချေ၏။

ထိုအတူ ဘဝခံစားချက် "အထိနာခြင်း"သည် နိဗ္ဗာန်ရလွယ်ခြင်း၏ ကျောရိုးတချောင်းဟု ဆိုသင့်၏။

နိဗ္ဗာန်နှင့်လူကို အကွာအဝေး တိုင်းထွာရာ၌ သတိသည် ပေတံ၊ ဂိုက်တံဖြစ်၏။ သတိပေတံဖြင့် တိုင်းရာ၏။ ကုသိုလ်မှု၌ အမြဲသတိရှိနေသူသည် နိဗ္ဗာန်နှင့်နီး၏။ လက်တကမ်းသာရှိ၏။ သတိလွတ်နေသူကား နိဗ္ဗာန်နှင့် ဝေး၏။

"ငါသည် နိဗ္ဗာန်နှင့် ဘယ်လောက်နီးသနည်း"

"ငါသည် နိဗ္ဗာန်နှင့် ဘယ်လောက်ဝေးနေသနည်း"

ထိုအဖြေကို မိမိမှတပါး အခြားသူ ဖြေဆိုနိုင်မည်မဟုတ်၊ နိဗ္ဗာန်စခန်းနှင့် လက်တကမ်းမှာ တည်ကြပါစေသတည်း။

ဒဂုန် ဦးစန်းငွေ

၁၃၃၈ ခု တော်သလင်းလဆန်း (၆) ရက်နေ့

ရန်ကုန်မြို့

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နိဗ္ဗာန်စခန်း လက်တကမ်း ဝတ္ထု

## ဒုတိယတွဲ စခန်းညွှန်း

လောက၌ မြင်တတ်သော အရာဝတ္ထုနှင့် မြင်အပ်သော အရာဝတ္ထု မြင်စရာတွေ များစွာရှိကုန်၏။ ယင်းသည့် မြင်တတ်၊ မြင်အပ်သော မြင်စရာ အရာဝတ္ထုတို့သည် လောက၏ အဆင်းတန်ဆာ အဖြစ်ဖြင့် လောကကို သိုင်းဝိုင်းထားကုန်၏။

မြင်တတ်သော အရာတွင် မျက်စိလောက် စူးရှသောအရာမည်သည် မရှိ။ မျက်စိလောက် ထက်မျက်သော၊ မျက်စိလောက်အရာရောက်သော အရာမည်သည် မရှိ။ ထိုမျက်စိကား ကြည့်ရာကို ကြည့်တတ်၏။ မြင်စရာရှိလျှင် မြင်တတ်၏။ ရှုစရာရှိလျှင် ရှုတတ်၏။ လူတို့သည် ရုပ်ဝတ္ထုအဆင်းသဏ္ဌာန် ရူပါရုံ အမျိုးမျိုး ရှုကြည့်သော ကိစ္စ၌ မျက်စိခေါ်သော ထိုမျက်လုံးကို အသုံးချကြကုန်၏။

ထိုမျက်လုံးတွင် စူးရှသော သတ္တိ၊ အလွန်ထက်မျက်တောက်ပသော အလင်းဓာတ် ရောင်ခြည်အား ပါရှိသောကြောင့်လည်း အသုံးချရာ၌ လူတို့အား များစွာအကျိုး သက်ရောက်စေ၏။ ဤကားလူ၊ ဤကားခွေး၊ ဤကားစားဖွယ်၊ ဤကားသောက်ဖွယ် စသည်ဖြင့် ထင်ထင်ရှားရှား၊ ပြတ်သားစွာ ပြ၏။ အလွန် ဝေးလံလှစွာသော အရပ်တွင် ရှိနေသည့် တောကြီး တောင်ကြီးများကိုသော်လည်း အထင်းသား လှမ်း၍ မြင်၏။ ဤခန္ဓာ ဤမျှအထိ ထိုမျက်စိယည် အမြင်စူးရှလှဘိ၏။ တန်ခိုးကြီးလှဘိ၏။ လူတို့အဖို့ အရေးပါအရာရောက်လှသော လူ့သုံးပစ္စည်းတရပ် ဖြစ်သတည်း။

လူတိုင်းလူတိုင်းမှာ မျက်စိနှစ်လုံးစီ ရှိကြသည်ဖြစ်ရာ နှစ်လုံးစီ နှစ်လုံးစီကုန်သော ထိုထိုမျက်လုံးတို့သည် အဝေးကိုသာ မြင်ကုန်၏။ အနီးကိုကား မြင်နိုင်စွမ်း မရှိကြကုန်။ မှန်၏။ ထိုမျက်လုံးတို့သည် လူတို့ အချင်းချင်း လက်နှစ်သစ်ခန့် အကွာအဝေးတွင် ကပ်လျက် ရှိကြသော်လည်း သူတို့ချင်း မမြင်လေကုန်။ မျက်လုံးတလုံးက မျက်လုံးတလုံးကို

မသိ။ မထင်ကုန်။ ပုံစံအားဖြင့် မျက်ခုံး၊ နှာ်းရှက်၊ နှာခေါင်းများကို ကြည့်ခြင်းအားဖြင့် ထင်ရှား၏။

ချွ၍သိလေဦး။ မျက်ခုံးသည် မျက်လုံးနှင့် ကပ်နေ၏။ မျက်လုံးကို အပေါ်က စီး၍ ထီးသဖွယ် ဆောင်မိုးထား၏။ သို့သော် ထိုမျက်လုံးသည် သူ့အနားတွင် ကပ်နေသော မျက်ခုံးကို သူမမြင်။ ထို့ပြင် ထိုမျက်လုံးသည် သူ၏ အထက်တခွင်မှ နဖူးပြင်ကိုလည်းကောင်း၊ သူ၏ဘေးဘက်တချက်မှ နားရွက်ကိုလည်းကောင်း၊ သူ့အောက်နားမှ ကြွားရရား ရပ်နေသော ဖောင်းဖောင်းမို့မို့၊ စို့စို့စုစု၊ နှာခေါင်းဖုကို လည်းကောင်း၊ ယင်းနှာခေါင်းအောက် အပေါက်ဟင်းလင်း အာခံတွင်း ခေါ်သော ပါးစပ်ကိုလည်းကောင်း သူမမြင်ချေ။ အဘယ့်ကြောင့်ပါနည်း။

အဖြေမှာ သိသာပါ၏၊ ပေါ်လွင်လှပါ၏။ ထိုမျက်လုံးသည် မြင်စရာကို မြင်ရမှ သူမြင်နိုင်တော့မည်။ မြင်စရာကို မမြင်ရလျှင် သူ အဘယ်မှာလျှင် မြင်နိုင်ပါချိမ့်နည်း။ ထိုစကားကို ဆိုသင့်စွ။ ထိုမျက်လုံးသည် မျက်ခုံး၊ နားရွက်၊ နှာခေါင်းတို့နှင့် ကပ်ခနေသည်ကား မှန်၏။ သို့သော် သူ့ဘဝ, သူ့အဖြစ်ကိုလည်း ရှုပါလေဦး။ ကြည့်ပါလေဦး။ သူကိုယ်တိုင် မျက်လုံးအိမ်ဘည်းဟူသော မျက်တွင်းချိုင့်ကြီးထဲ ရောက်နေရှာ၏။ ထို့ကြောင့် မြင်စရာရှိလျှင် သူ့ရှေ့တူရူကိုသာ သူမြင်နိုင်၏။ သူ့ဘေးမှ ကပ်နေကြသည့် မျက်ခုံး၊ နှာခေါင်း နားရွက် စသော သူ့ပတ်ဝန်းကျင်သည် သူ၏ ဒဿန္နပစာ၊ သူမြင်လောက်ရာ မြင်ကွင်းမှ လွတ်နေသောကြောင့်၊ ဝါ-သူ၏ မျက်ကွယ်၌ ကျရောက် နေလေသည့်အတွက် နီးလျက်နှင့် ဝေးနေ၏။ ထို့ကြောင့် သူမမြင်လေ။

သို့သော် မှန်ကြေးမုံ၏ အကူအညီကို ယူ၍ ကြည့်လျှင်မူကား သူ့မျက်နှာကို သူ အထင်းသား မြင်ရလေ၏။ သေးမျှင်မျှင်မျက်ခုံးမွေးကလေးတွေ ဘယ်နှစ်ချောင်းရှိသည်ကအစ ရေတွက်၍ ရခမန်းအထိ မြင်နိုင်စွမ်းရှိလာ၏။ ဤသို့ မြင်ခြင်း၌ လက်သည်ကို ရှာသော် မှန်ကို တွေ့၏။ မှန်၏ အကူအညီကြောင့်သာလျှင် သူ့မျက်လုံးတလုံးက အခြားတလုံးကို လည်းကောင်း၊ နှာခေါင်း၊ နားရွက်၊ မျက်ခုံးနှင့် ပါးစပ်တို့ကိုလည်းကောင်း ပြတ်သားစွာ မြင်ရကြောင်း ထင်ရှားပေသည်။

နိဗ္ဗာန်စခန်းသည် လူနှင့် လက်တကမ်းသာရှိ၏။ လှမ်း၍ယူလျှင် ရနိုင်သော အလားအလာရှိနေ၏။ ''ဒါဖြင့် အလွယ်သားမင့်၊ လှမ်း၍ ယူလိုက်ရုံရှိတာပ''

မှန်ပါသည်။ သံသရာဆင်းရဲဝဋ်မှ လွတ်မြောက်လိုသူတို့သည် နိဗ္ဗာန်စခန်းကို လှမ်းလင့်ကြပါကုန်၏။ ကမ်းလင့်ကြပါကုန်၏။ သူ့ထက်ငါ

အလုအယက် လက်ချင်းယှက်မျှ ယူကြ၊ ငင်ကြ၊ လှမ်းလင့်ကြပါကုန်၏။ သို့သော် ယူတိုင်းရကြသည်မဟုတ်ပါ။ ယူလျက်နှင့် လက်တံက တိုနေ၍ မမီသူများ မရကြပါ။ လက်တံရှည်သူများလောက်သာ ရကြကုန်၏။ လက်တံရှည်သူနှင့် လက်တံတိုသူ လူတန်းစားနှစ်မျိုးတွင်လည်း ယေဘုယျအားဖြင့် လက်တံတိုသူက များသောကြောင့် နိဗ္ဗာန်စခန်းကို မီအောင် မလှမ်းနိုင်သူက များသတည်း။

သို့ဖြစ်စေကာမူလည်း သူတို့သည် အားမလျော့ကြကုန်။ တွန့်တိုဆုတ်နစ်ခြင်း၊ စိတ်ဓာတ် ကျဆင်းခြင်း မရှိကြကုန်။ ဉာဏ်တံချူ၏ အကူကိုယူ၍ နိဗ္ဗာန်စခန်း အမြင့်ပန်းကို ချူကြကုန်၏။ ပမာအားဖြင့်—ပင်မြင့်ပေါ်တွင် တစ္စင့်စင့်နှင့် ရှိနေသော အပွင့်များကိုလည်းကောင်း၊ အသီးများကိုလည်းကောင်း ရယူလိုသောသူသည် တံချူ၏ အကူအညီကိုယူ၍ ထိမိအောင် ချူဆွတ်သောအခါ အပြွတ်လိုက်, အခိုင်လိုက်, ရရှိလေသကဲ့သို့၊ ထို့အတူ တိုနေသော လက်တံကို ဉာဏ်တံချူဖြင့် ဆက်၍ ချူယူခြင်းအားဖြင့် ပင်မြင့်စံ နိဗ္ဗာန်ပန်းကို ဆင်မြန်းနိုင်သူများလည်း အများအပြားပင် ရှိခဲ့ပေကုန်၏။ ဆိုအပ်ခဲ့ပြီးသော ဥပမာ၊ ဥပမေယျ စကားများကို ဆက်စပ်သည်ရှိသော်....

၁။ မျက်လုံးနှင့်လူ တူ၏။
၂။ မျက်တွင်းနှင့် လက်တံတို တူ၏။
၃။ မှန်နှင့် တံချူ တူ၏။
၄။ မျက်နှာသွင်ပုံနှင့် နိဗ္ဗာန်စခန်း တူ၏။

အနီးကပ်နေပါလျက် မမြင်ရသော မျက်ခုံး၊ နားရွက်၊ နှာခေါင်းစသည်တို့ မှန်၏ အကူအညီဖြင့် ပြတ်သားစွာ မြင်ရ၏။ ထို့အတူ ယူလိုပါလျက် လက်တံတို၍ မလှမ်းနိုင်သော နိဗ္ဗာန်စခန်း အမြင့်ပန်းကို ဉာဏ်တံချူဖြင့် ချူတတ်လျှင် ရ၏။ မှန်သားကြေးမုံ ကြည်လျှင် ကြည်သည်နှင့်အမျှ မျက်နှာသွင်ပြင်ကို မှန်ကြေးမုံတွင် ကြည်ကြည်လင်လင် မြင်ရ၏။ ထို့အတူ အသိဉာဏ် စူးစိုက်ချက် ထိရောက်လျှင် ထိရောက်သည့်အလျောက်၊ ဒိုးကနဲ ဒေါက်ကနဲ နိဗ္ဗာန်ကို ထုတ်ချင်းပေါက် မရောက်,ဟု မဆိုနိုင်။

အမြင်သာ မှန်ပါစေ။ နိဗ္ဗာန်သည် မှန်သူ့အတွက် ဖြစ်လေလိမ့်မည်သာတည်း။

လူသည် များစွာသော သတ္တဝါတို့အနက်မှ သတ္တဝါ တမျိုးဖြစ်၏။ သတ္တဝါဆိုသည်မှာ ရူပါရုံ အာရုံရှိသော အာရုံငါးပါးကို စားကျက်ပြုနေသူကို ဆိုပေသည်။ လူ, နတ်, ဗြဟ္မာ စသောအားဖြင့် သတ္တဝါအစားစားများပြားလာ၏။ မည်သည့်သတ္တဝါမဆို အာရုံငါးပါး၏ သားကောင်

ချည်းဖြစ်၏။ ရူပါရုံ အချောအလှကို မက်၏။ သဒ္ဒါရုံ သာယာမှုကိုစွဲ၏။ ဂန္ဓာရုံ ထုံသင်းသင်းကို နှစ်သက်၏။ ရသာရုံ မျက်မျက်ကလေးကို ခံတွင်းတွေ့၏။ ဖောဋ္ဌဗ္ဗာရုံ အတွေ့ထူးကို ယစ်မူးချင်၏။

ထိုသတ္တဝါသည် လူ့ဘဝ၊ နတ်ဘဝ၊ ပြိတ္တာဘဝ၊ ခွေးဘဝ၊ ဝက်ဘဝ စသည်ဖြင့် ထပ်တလဲလဲ ဘဝသာ ပြောင်းသည်။ အာရုံငါးပါး စားကျက်ကား ပြောင်းသည်ဟူ၍ မရှိ။ ခွေးဘဝတွင် ခွေးကာမဂုဏ်နှင့် ခွေးပျော် ပျော်၍၊ လူဖြစ်သော်လည်း လူ့ကာမဂုဏ်နှင့် လူမွှေ့မွှေ့ကာ၊ သံသရာတခွင် ခြေတင်၍ ခရီးသည်အဖြစ်နှင့် တမတ်စောက်စောက် ခရီးလျှောက်ကြရစဉ်အတွင်း မိုးတရွဲရွဲနှင့် ကြုံသည့်အခါကြုံ၊ နေပူကျဲကျဲနှင့် ဆုံသည့်အခါဆုံ၊ ယမုန်ခြဲရစ် အဏ္ဏဝါ နဒီမြစ်ကို လက်ပစ်ကူးသည့်အခါကူး၊ အရှူးချေးပန်း ပရမ်းပတာ ဖြစ်ချင်ရာဖြစ်၊ နှစ်ချင်ရာနစ် သံသရာနယ်ထဲမှာ ထည်လဲနှင့်သာ တဖြစ်ဘည်းဖြစ်၍ တသစ်တည်း သစ်နေကြ၏။

ထိုသတ္တဝါ၊ သံသရာခရီးသည် ခမျာကား သွားယင်း လာယင်း ဆူးကို နင်းမိသည့်အခါ နင်းမိ၊ ငြောင့်စူးသည့်အခါစူး၊ ခလုတ်တိုက်သည့်အခါတိုက်၊ ရတနာပုံဆိုက်၍ အေးရိပ်သာအောက် ရောက်သည့်အခါရောက်၊ ချောက်ထဲသို့ ကျသည့်အခါကျ၊ သုခနှင့်ဒုက္ခ၊ စံသည့်အခါစံ၍၊ ခံသည့်အခါ ခါးစည်း၍ ခံလာကြ သူတို့အထဲတွင် အောက်ပါ သားအမိသုံးယောက်တို့၏ ဖြစ်အင်ကား ရင်နင့်ဖွယ် ကောင်းလှပါတော့သည်။ နားနှင့်မနာ၊ ဖဝါးနှင့်နာပါ ဟူ၍ပင် တောင်းပန်၍ ဆိုတော့မည်။ အလိုကျားသားမိုးကြိုး။ အမေကလည်း သားက လင်ပြုမိပါချေ၏၊ သားကလည်း မိခင်ကို ကြင်လျှာသက်ထား မယားပြုမိပါချေ၏။ နှမကလည်း မောင်အရင်းခေါက်ခေါက်ကို အသက်လောက် မြတ်နိုးသူ လင်ယောကျ်ား ပြုမိပါချေ၏။ မောင်ဖြစ်သူကလည်း ကိုယ့်နှမအရင်း ခေါင်းနှင်းဆင်းကို သက်နှင်းအပ်၊ မယားမြတ်အရာ၌ ထားမိပါချေ၏။

နိဗ္ဗာန်စခန်း လက်တကမ်းဆိုသော်လည်း ထိုနိဗ္ဗာန်စခန်းသည် သူတို့အဖို့ လက်တကမ်း ဖြစ်နိုင်ပါမည်လော။ မိခင်ဖြစ်သူ မယားခမျာကလည်း သားဖြစ်သူ လင်ယောကျ်ားအား ပါးစပ်ထဲ ငုံထားတော့မလောက် ချစ်လိုက်သည့်ဖြစ်ခြင်း။ သားဖြစ်သူလင်ကလည်း မိမိမယားအပေါ် မြတ်နိုးတော်မူလိုက်သည့် ဖြစ်ခြင်း။ ထို့နည်းငှာ၊ မောင်ဖြစ်သူ လင်ကလည်း နှမမယားအတွက်၊ နှမ မယားကလည်း မောင်ဖြစ်သူလင်သားအတွက် အသက်နှင့် စက်၍စက်၍ ချစ်သက်နှံလိုက်ကြသည့် ဖြစ်ခြင်း။ သူတို့ သားအမိ မောင်နှမ လင်မယားတို့၏ ကျား သားမိုးကြိုးဖြစ်ရပ်အထ္ထုပ္ပတ်မှာ ခုဒ္ဒကနိကာယ်၊ သေရာ အပဒါန်တွင် ဤသို့လာသတည်း။



## (၁) သည်အမေနှင့် သည်သား၊ သည်မောင်နှင့် သည်နှမတို့၏ ဘဝတကွေ့မှ

# နိဗ္ဗာန်ဝခန်းလက်တကမ်းဝဍ္ဍ

(အမှာစကားချပ်။ မူလစာကိုယ်၌လူအမည်နာမများမပါ၊ ကုန်သည်ဟူ၍သာဆိုပေသည်။ ဤ၌ ဖတ်မှတ်၍ လွယ်ကူစေရန်အလို့ငှာ ညားခါစကုန်သည်ဇနီးမောင်နှံတို့ကို နာမည်ပေး ကင်ပွန်းကင်ပွန်းတပ်ပေးလိုက်၏။ လင်ကို ကိုဝဏ္ဏ၊ မယားကို မယ်ရှုပ ဟု တွင်စေ)

နေရာကား သာဝတ္ထိမြို့မှ ရပ်ကွက်တခုအတွင်းဖြစ်၏။ လူကုံထံများနေထိုင်ကြသည့် ရပ်ကွက်ဖြစ်ကြောင်းကို သန့်ရှင်းသောလမ်းများ၊ သပ်ရပ်သော အိမ်ကြီးများက သာဓကဆောင်လျက် ရှိနေ၏။ ရေနံအရွဲသားနှင့် နှစ်ထပ်အိမ်ကြီး တဆောင်သည် ကျယ်ဝန်းသော ခြံကြီး၏အတွင်းဝယ် မင်းမူလျက်ရှိနေ၏။ ထိုအိမ်ကြီး၏ ဝဲယာနှင့် နောက်ဘက်တွင် ကုန်လှောင်ရုံကြီး များ ရှိလေရာ၊ အလုပ်သမား များစွာတို့သည် ကုန်လှောင်ရုံတွင်းမှ ကုန်များကိုထုတ်၍ လှည်းများပေါ်သို့ တင်နေကြ၏။

လှည်းသည် တစီးလည်းမက၊ နှစ်စီးလည်းမက၊ သုံးစီးလည်းမက ခြံနှင့်ပြည့်လုခမန်းပင်။ ထိုလှည်းစုကား ရာဇဂြိုဟ်သို့ ကုန်ရောင်းထွက်မည့် လှည်းများဖြစ်၏။ ကုန်များကို လှည်းပေါ်တင်ပြီး၍ ခရီးထွက်ရန်ဇာတ်ကွက် နွားများကို လှည်းဆီသို့ ဆွဲသူကဆွဲ၊ လှည်းကောက်သူက ကောက်နှင့် ပြင်ဆင်နေချိန်တွင် ကုန်ရောင်းသွားမည့် ကိုဝဏ္ဏနှင့် သူ၏ ချစ်မြြိုးသော ဇနီးကလေး မယ်ရှုပတို့လင်မယား အိမ်ကြီးပေါ်မှ ဆင်းလာကြပြီး လှည်းတစီးရှေ့တွင် စွေ့ကနဲ ရပ်လိုက်ကြသည်။ "အားသုံး အဆင်သင့်ဖြစ်ယင်

ထွက်ကြမယ်ဟေ့''ဟု ကိုဝဏ္ဏက လှည်းသမားများကို ဆော်ဩလိုက်ပြီး နောက် မယ်ရှုပဘက်သို့လှည့်ယင်း မယ်ရှုပ၏ နူးညံ့သော လက်ကလေးကို ယုယစွာကိုင်လျက်....

''ကဲ....မယ်ရှုပ မောင်ကြီးသွားမယ်၊ ထူးထူး ထွေထွေ ဘာများ မှာစရာရှိသေးသလဲ''ဟု ကိုဝဏ္ဏကမေးလျှင် မယ်ရှုပသည် ပါးစပ်က ပြုံးပြသော်လည်း သူ၏ မျက်လုံးအိမ်ထဲ၌မူ မျက်ရည်တွေ ဝိုင်းနေရှာပြီကော။

''မယ်ရှုပ-မှာ-မှာ-မှာချင်တာကတော့''ဟု ရှေးဦးစွာ တုန်ယင်ယင် ဆို့နင့်သံကလေး အထစ်ထစ် အငေါ့ငေါ့နှင့် ထွက်လာပြီးမှ ''မောင်ကြီး မြန်မြန်ပြန်လာတာကိုပဲ မယ်ရှုပ မြင်ချင်ပါတယ်....မောင်ကြီးရယ်....''တဲ့။ ဤခွန်းကျူးသံ၏ အဆုံးတွင် ကိုဝဏ္ဏက လှည်းပေါ်တက်တော့မည် အပြု၊ မယ်ရှုပက သူ့ခေါင်းတွင် ပန်ထားသော ပန်းများကို ပျာကယာယူ၍ ကိုဝဏ္ဏ၏ လက်သို့ အမှတ်တရ ကမ်းလိုက်ယင်း ''သည်ပန်းကလေး မနွမ်းခင်များ မောင်ကြီး ပြန်ရောက်လာမယ် ဆိုယင်....ဆိုယင်....နော်....နော်....မောင်ကြီး''ဟု မယ်ရှုပက ရင်ခုန်သံကလေးနှင့် လင်တော်မောင်ကိုဝဏ္ဏကို မှာဆိုပြီးသည့်နောက်ပိုင်းတွင်''ကိုင်း....ထွက်ဟေ့....''ဟူသောအသံအောက်ဝယ် လှည်းသမားများသည် နွားငေါက်၍ မောင်းကာ သာဝတ္ထိမှ ရာဇဂြိုဟ်သို့ ကုန်ရောင်း ထွက်ကြလေသတည်း။ ခြံဝတွင် ရပ်လျက် ကျမျက်ရည် တတွေတွေနှင့် လင်သွားရာကို မျက်စိတဆုံးကြည့်၍ ကျန်ခဲ့ရှာသူကား မယားချောအလှ မယ်ရှုပ ဖြစ်ပါသတည်း။

ကုန်သည်ကိုဝဏ္ဏသည် ကုန်ပစ္စည်းများနှင့်တကွ ရာဇဂြိုဟ်သို့ ချောမောစွာရောက်ရှိသွားလေသော်လည်း၊ မှန်းချက်နှင့် နှမ်းထွက်မကိုက်ပဲ ဖြစ်နေ၏။ ထိုအချိန်တွင်အနယ်နယ်မှကုန်သည်များ ကိုဝဏ္ဏကဲ့သို့ပင် ရာဇဂြိုဟ်သို့ စုပြုံရောက်ရှိနေသောကြောင့် ရောင်းကုန်များမှာ ကျစျေးနှင့် ကြုံနေသည့်အတွက် ကိုဝဏ္ဏမှာ ခက်နေ၏။ ကုန်များကို မြန်မြန်ရောင်းပြီး၊ မြန်မြန်ပြန်၊ ဤကား ကိုဝဏ္ဏ၏ အဓိကဆန္ဒဖြစ်၏။ သို့သော် လက်ရှိအခြေအနေအရ သူ့အဖို့ ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်ရန် ခဲယဉ်းနေ၏။ ချစ်ဘက်သက်လျှာ မယ်ရှုပ၏ မျက်နှာကလေးကို တရေးရေးမြင်နေသော်လည်း ကုန်များကိုအရှုံးခံ၍ ရောင်းချပြီး ပြန်ရမှာကသည်း ခက်လှဘိသည်။

''မမြတ်ချင်နေ၊ အရှုံးခံလို့တော့ ငါမဆောင်း''ကိုဝဏ္ဏသည် တက်စျေးကိုစောင့်ယင်း တင်းခံနေ၏။ သို့သော် စျေးသည် သူမျှော်လင့်သလို ဖြစ်မလာ၊ တနေ့ခြား ကျရိပ်က များများသာသည်။ ကိုဝဏ္ဏမှာ ချစ်ဇနီးထံ မြန်မြန် ပြန်ချင်သော်လည်း တက်စျေးကိုစောင့်ယင်း မျှော်ယင်းနှင့်ပင် နေ့ကိုလစားကာ ကာလအားဖြင့် အတော်ကြာညောင်း သွား

သတည်း။ ပစ္စည်းတွေ တပုံတပင်နှင့် ရာဇဂြိုဟ်တွင် သောင်တင်နေလေသတည်း။

ဤအတွင်း လင့်အတွက် ရဘက်မအေး ဆေးရသူမှာ မယ်ရှုပ။ အခန်းတံခါးပိတ် လူမသိအောင် ကြိတ်၍ငိုရသူမှာ မယ်ရှုပ၊ ဒူးနှင့်မျက်ရည် မိတ်ဖွဲ့နေရသူမှာ မယ်ရှုပသာ ဖြစ်နေပါ၏။ ယောက္ခမအိမ်တွင် အဘယ်မျှပင် ချမ်းသောင့်ချမ်းသာ နေရ, ထိုင်ရသည် ဆိုစေကာမူ လင်မရှိသည့်အခိုက်တွင် အစစအရာရာ မျက်နှာငယ်ရသည်မှာ မယ်ရှုပ အဖို့တွင် ကိုယ်တွေ့ ဖြစ်နေ၏။ "မောင်ကြီး ကိုဝဏ္ဏနှယ်ကော လာခဲလိုက်တာ နော်" ဤညည်းချင်းကား မယ်ရှုပ၏ နှုတ်ဖျားမှ ထွက်သည့်အခါထွက်၊ ပါးစပ်ပေါက်သို့ မရောက်လာပဲ နှလုံးသားထဲတွင် ဆိုသည့်အခါ ဆိုနေ၏။

မယ်ရှုပသည် စို့ထွက်လာသည့် မျက်ရည်စကို အင်္ကျီ ပက်ဖြင့်သုတ်၊ တရှုပ်ရှုပ် ငိုရှိုက်လျက်က သူ့ဗိုက်ကလေးကို ပွတ်ကြည့်ယင်း ဟင်းကနဲ သက်ပြင်းကြီး ချလိုက်ပြီးနောက် "မောင်ကြီးခမျာ ဘာမျှ သိမသွားရှာဘူး။ ဗိုက်....ဗိုက်....မောင်ကြီးမှ ပြန်လာခဲ့စေ။ ဗိုက်ဂုဏ်ဝင့်ပြီး မျက်စိ မဖွင့်ပဲကို ကြွားပြလိုက်ဦးမယ်"ဟု မယ်ရှုပမှာ လင့်အတွက် ကမ္ဘာပျက်တော့မလောက် အပူမီး တောက်နေသည့်ကြားက လေသာဆောင် ပြတင်းဦးဆီက လင်မျှော်ယင်း ဗိုက်ရှုရှု ခဲ့ရသည့် နေ့ရက်များမှာလည်း မနည်းလှချေ။

မယ်ရှုပမှာ မိမိတွင် ဗိုက်ရှိမှန်း သိလာသည့် အချိန်ကစ၍ ယောက္ခမများနှင့် အတူနေရ၍ဖြစ်သော အားငယ်စိတ်၊ ရှိုးတိုးရှန့်တန့် စိတ်များ တဖြည်းဖြည်း ပြယ်စပြုလာ၏။ ယောက္ခမကြီးက သူ့သားနှင့် ရသည့် သန္ဓေသွေးမို့ ဗိုက်ရှိလာသည့်အတွက် သူ့ကို အဖရေး ပေးလိမ့်မည်ဟု မျှော်လင့်၏။ သူ့မြေးကလေး၏ ဗိုက်တလုံးနှဲ့ ယောက္ခမကြီး၏ မျက်ခုံးမွေးပေါ် စကြံ့ လျှောက်ပြလိုက်မည်ဟု မရွယ်စူးသော်လည်း ငါ့အဖို့ ဗိုက်ဂုဏ်မောက်စရာ၊ မျက်နှာပွင့်စရာ ဖြစ်လာသည်ကား အမှန်ဟု သူ တွက်မိလေသည်။

သို့သော်....ထိုဗိုက်က သူ၏ကံကြမ္မာကို မည်သို့ ဖန်တီးရှာလေမည်ကိုကား သူမသိရှာလေ....

"မိရှုပရေ...."

"ရှင်....လာပြီမေခမ...."

ခေါ်သူကား ယောက္ခမမိန်းမသူ၊ ထူးသူကား သူ၏ချွေးမ မယ်ရှုပ ဖြစ်၏။

"ညည်းကြည့်ရတာ တမျိုးကြီးပဲ၊ နဖူး ဆံစ များကလည်းခြောက်၊ ပြီးတော့–ညည်းဗိုက်ကလည်း မောက်သလိုလို"ဟု မေးလေသော အခါ မယ်ရှုပမှာ ယောက္ခမကြီးရှေ့တွင် သူ၏ဗိုက်ဋ္ဌိကာ ဖွင့်ချင်နေသည့် အခိုက်နှင့် ကြုံကြိုက်လာသည့်အလျောက် သူ့မှာ ကိုယ်လေးလက်ဝန် ရှိနေကြောင်းကို ဝမ်းသာအားရ ဖောက်သည်ချနေစဉ် ယောက္ခမကြီးမှာ တဖြည်းဖြည်း မျက်နှာ ပျက်လာမှန်းသိလျှင် မယ်ရှုပမှာ ပြောလက်စ တန်းလန်းနှင့် အိုးတိုးအမ်းတန်း စကားဖြတ်လိုက်ရပြီး ယောက္ခမကြီးကို ကြောင်ငေးငေး ကြည့်နေမိလေ၏။

"ဒါဖြင့်-ညည်းမှာ ဗိုက်ရှိနေတာ အမှန်ပေါ့...."

"ဟုတ်ကဲ့အမေ...."

"ငါ့သား ကုန်ရောင်း ထွက်သွားတာ ကြာပြီ။ ညည်းမှာ အိမ်မှာ နေယင်း ထိုင်ယင်း နဲ့ ဗိုက်ရှိနေပြီဆိုတော့ (မယ်ရှုပ မျက်လုံးပြူးရချေပြီ) ညည်းဗိုက်ဟာ ဘယ်ချောင်မှာ ဘယ်အကောင်က ပေးလိုက်တဲ့ ဗိုက်လဲ ဟင်...."

"ရှင်....ကျွန်မ ဒီလို မိန်းမစား မဟုတ်ပါဘူး အမေ...."

"ညည်း လျှာမရှည်နဲ့ ငြင်းမနေနဲ့ လက်တွေ့ဟာ–လက်တွေ့ပဲ။ ညည်းလို အကျင့်စာရိတ္တ ဖောက်ပြားတဲ့ မိန်းမယုတ်နဲ့ ငါ့သားနဲ့ မတန်ဘူး။ လင့်မျက်နှာကိုလည်း မထောက် ကိုယ့်လိပ်ပြာကိုလည်း ကိုယ်မကြောက်။ နောက်လင်နဲ့ ပျော်မြူး လျှော်ကြုံနဲ့ ကူးချင်တဲ့ ကောင်မ။ ငါ့အိမ်က ခုချက်ချင်း မယ်မင်းကြီးမ အမြန်ဆင်းပေတော့"

မယ်ရှုပအဖို့ အသို တတ်နိုင်တော့မည်နည်း။ ဤဗိုက်မှာ ကိုဝဏ္ဏနှင့် ရသော ဗိုက်ဖြစ်ကြောင်း။လင်ငယ်ဆို၍ စိတ်ကူးထဲမျှပင်မထည့်မိကြောင်း မျက်ရည်ခံ ထို၍ အမျိုးမျိုး တောင်းပန် ငြားသော်လည်းယောက္ခမကြီးမှာ အယူသည်းလှသူ ဖြစ်သည့် အတွက် မယ်ရှုပ၏ စကားများမှာလဲရေကျသာ ဖြစ်လေတော့၏။

ထို့ကြောင့် ဤယောက္ခမကြီးနှင့် ဤချွေးမတို့၏ ဇာတ်လမ်းကား ဗိုက်ကို အကြောင်းပြု၍ ဤမျှနှင့်ပင် နိဋ္ဌိတံရလေကား မယ်ရှုပခမျာမှာ ဗိုက်ဘလုံ နှင့် ထိုအိမ်ဂေဟာကြီးအောက်မှ ရုပ်ဖျောက်ရရှာလေသဘည်း။ မယ်ရှုပသည် သူ့လင် ကိုဝဏ္ဏ ကုန်ရောင်းထွက်သွားရာ ရေငြိုဟ်ဘက်သို့ ဦးဘည်၍ ထွက်ခဲ့၏။ လမ်းတွင် ကိုဝဏ္ဏတို့ ပြန်လာသည်နှင့် တွေ့လိမ့်နိုးနိုး မျှော်ကိုး၍ လာခဲ့သော်လည်း သူ့ ကံကြမ္မာက သူ့ကို ဒဏ်ခတ်ထားဟန် တူ၏။ တွေ့လွဲလေးပင် သူ့လင်နှင့် လွဲရှာလေ၏။

ချွေးမမယ်ရှုပကို ယောက္ခမကြီးက အိမ်ကနှင်ချလိုက်ပြီးသည့်နောက် မကြာခင် အတွင်းမှာပင် ကိုဝဏ္ဏမျော ပြန်ရောက်လာ၏။ ချစ်စနိုး အတွက် ဝတ်ကောင်းစားလှမျိုးစုံ။ စားသောက်ဖွယ် အဖုံဖုံတို့ကို ဝယ်ခြမ်း လာခဲ့၏။

"ကဲ....မယ်ရှုပ၊ဟောသည်လုံချည်ကလေးဝတ်ကြည့်စမ်း၊ မယ်ရှုပနဲ့ လိုက်မယ်ထင်လို့ မောင်ကြီး တမင်တကာ ရွေးလာခဲ့တာ"ဟု အပြုံးရွှေ ပြေးနှင့် ဆိုကာ ပြောကာ ပေးချင်ရှာသော်လည်း....

"သွားရယ်.... ခရီးရောက်မဆိုက် မပြောရက်ပေမယ့် အမေပြောရ တော့မယ်—"ဟု စကားပလ္လင်ခံပြီးလျှင်မယ်ရှုပ လင်ငယ်နေ၍ ဗိုက်တလုံးနဲ့ အိမ်က နှင်လိုက်ရကြောင်း သတင်းဆိုးကို မိုးကြိုးပစ်သည့်နှယ် ကြားရ လေသောအခါ ကိုဝဏ္ဏမှာ အချစ်ကြီးတော့ အမျက်ကြီး, ဆိုသည့် အလျောက် ဒေါသမီးဟုန်းဟုန်း တောက်လျက် မယ်ရှုမအတွက်ဝယ်ခြမ်း လာသမျှ အဝတ်အစားများကို ထိုနေရာမှာပင် ချက်ချင်း မီးပုံ၍ ရှို့ပစ် ရှာလေ၏။

ထိုအချိန်တွင် မယ်ရှုပမှာလည်းမီးလောင်ခံရသည်နှင့် မခြားပါပြီ။ သူ့တကိုယ်လုံးကို အပူတုံး—အပူကောင်မလေး ဖြစ်နေ၏။ သူ့လင် ကိုဝဏ္ဏ ကုန်ရောင်းသွားရာ ရာဇဂြိုဟ်မြို့သို့ ရောက်သွား၏။ လမ်းတလျှောက် သူ့ လင်ကို ထောက်လှမ်းမေးမြန်းသော်လည်း ကျယ်ဝန်းလှစွာသော မြို့တော် ကြီးတွင် သတင်းအစအနကိုမျှ မရရှာပေ။

ကာလအတန်ကြာသည်အထိ မယ်ရှုပမှာ ရာဇဂြိုဟ်တွင် တဝဲလည် လည်နှင့် သောင်တင်နေ၏။ ကြာသော်.... ဗိုက်ကလည်း တနေ့တခြား ထွက်တွက်လာ၏။ အစားအစာ ဆို၍လည်းသူတောင်းစားသဖွယ် ဖြစ်နေ၏။ အစာက ကြမ်းကြမ်း၊ အဝတ်က နွမ်းနွမ်း။ ခရီးက ပန်းရှာလေရကား နဂိုရုပ်ပျောက်၊ မွဲခြောက်ခြောက်နှင့် ဖြစ်နေသဖြင့် "သည်သူတောင်း စားမကလေးဟာ ရုပ်ကလေးက သနားစရာနဲ့၊ အင်း....သည်သနားကမား ရုပ်ကြောင့်လည်း၊ လူသရမ်းလောကက သူ့ကို ဗိုက်တလုံးပေးလိုက်တာပဲ ဖြစ်ရမယ်" ဟူ၍ မဟုတ်မတရား စကားဆိုသူက ဆို၊ "သူတောင်းစား ဆိုပေမယ့် ရုပ်ရည်ကတော့ မင်းကြိုက်စိုးကြိုက်ရှင်မျိုးပဲ"ဟု ထင်ကြေးပေး သူက ပေးခြင်းကို ခံရလေ၏။

တနေ့သောအခါ နေဝင်ဖျိုးဖျ အချိန်လောက်တွင် မယ်ရှုပ၏ ဗိုက် ပြုသနာကား ရာဇဂြိုဟ်မြို့၏ အပြင်ဘက်ရှိ ဇရပ်ပေါ်တွင် နိဂုံးချုပ်လေ၏။ မိန်းမမွေ့တာ ကမ္ဘာလေလှုပ်သဖြင့် လက်သည်မရှိလေပဲ ထိုဇရပ်မှာပင် မွေးဖွားရလေ၏။ ကလေးကား ယောကျ်ားကလေး ဖြစ်သတည်း။ ရွေး

ကုသိုလ်ထောက်သဖြင့် သားအမိနှစ်ယောက်စလုံး အသက်ချမ်းသာရရ ကြ၏။ မွေးဖွားပြီးစအခါတွင် ကလေးရော မိခင်ပါ သားမိနှစ်ယောက်စလုံး သွေးအညစ်အကြေးတို့ဖြင့် လူးလဲပေကျံ နေလေရာ ကူဖော်လောင်ဘက် မရှိလေသောကြောင့်၊ မယ်ရှုပသည် ကလေးကို ဇရပ်ပေါ်ထားခဲ့ပြီး အညစ်အကြေးများ ဆေးကြောရန်အတွက် ရေရှာထွက်သွားလေ၏။

ကံကြမ္မာနတ်ဆိုးသည်။ မယ်ရှုပ သွားလေရာသို့ မျက်ခြည်မပြတ် တကောက်ကောက် လိုက်နေဟန်တူ၏။ ရေနစ်ရာတွင် ဝါးကူ၍ နစ်လေ သည့်နှယ် မယ်ရှုပခမျာ ဒုက္ခညွန်ဗွက်ထဲတွင် နစ်ပြီးယင်း နစ်ရပြန်လေ၏။ ရေကိုယူ၍ သူပြန်လာသောအခါ၌ကား ဇရပ်ပေါ်တွင် ထားခဲ့သော သူ၏ ရင်သွေး၊ မွေးစကလေးပေါက်စနကို သူမတွေ့ရတော့ပြီတည်း။ "ဟင်.... သား....သ့ား....ငါ့သားကလေး ဘယ်ရောက်သွားပါလိမ့်။ ခွေးများချီသွား လေရော့သလား။ လူသူလေးပါးတွေ့လို့များ ယူသွားလေရော့လား" မယ်ရှုပအတွက် ကမ္ဘာတကြိမ် ပျက်ရပြန်ပါလေပြီတည်း။

× × ×

အချိန်မှာ ယုဂန်စွန်းမှ နေဝန်းကြီး ထွက်ပြူနေချိန် ဖြစ်၏။ လှေ တစင်းသည် မြစ်တွင်းဝယ် တအိအိ ရွေ့လျားနေ၏။ မြစ်ကမ်းထက်ရှိ အိမ်ကြီးပေါ်က အိမ်ရှင်မဘဦးသည် မြစ်ပြင်တွင် တအိအိ လှော်လာသော လှေကို မျှော်လျက် ရှိနေသည်။

"ရှင်မရေ....သည်မှာ ကြည့်စမ်း ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီး အတိုင်းပဲ"

လင်ဖြစ်သူ ကုန်သည်ကြီးက သူယူလာသော အထုပ်ကို မယား လက်သို့ ကမ်းလိုက်သည်။ မယားက အထုပ်ကိုယူ၍ ကြည့်ယင်းမှ "ဟယ် ကလေး,ယောကျ်ားကလေး ယောကျ်ားလေး၊ တော် ဘယ်က ရခဲ့လဲဟင်၊ ကျုပ်တို့မှာ သားသမီး မရှိတာနဲ့ အတော်ပဲ၊ သည်ကလေးဘယ်က ရခဲ့ သလဲဟင်"

ဤသည်ကား ကုန်သည်ကြီး လင်မယား၏ ဆွေးနွေးချက် မေးမြန်း ချက်၊ သားအဖြစ် မွေးမြူရန် ဆုံးဖြတ်ချက် စကားများပါတည်း။ လင်ဖြစ်သူက အချို့ မိန်းမများကို ရှုတ်ချ၍ဆို၏။ မိန်းမတန်မဲ့ ကြင်နာ သိက္ခာကို မစောင့်စည်းပဲ ယောကျ်ားများနှင့် အလေလိုက်၊ ထင်သလို ပျော်ပါးပြီး မွေးလာတဲ့ ကလေးကျတော့ စွန့်ပစ်ထားကြောင်း။ ဤ ကလေးကို သားအဖြစ်မွေး၍ ဂင်္ဂါတိရိယဟူသော အမည်ပေးကြစို့

ဟု မယားကို တိုင်ပင်သည်။ ထို သတို့သားကား မွေးစားသူ လင်မယား၏ အကြိုက်ညီချက်အရ ဂင်္ဂါတိရိယဟူ၍ အမည်တွင်လေသတည်း။

ဂင်္ဂါတိရိယ တဆယ့်ခြောက်နှစ်လောက်၊ လူပျိုပေါက်အရွယ် ရောက်လာသောအခါ အိမ်ထောင်ချပေးရန် သားထံဆန္ဒတောင်းကြ သည်။ ပစ္စည်းဂုဏ် မနဂုဏ်နှင့် ပြည့်စုံသူ မိဘများဖြစ်သောကြောင့် မိန်းမတယောက်ကို ခေါင်းခေါက်ယူနိုင်သော အခြေအနေမျိုးတွင် ရှိနေ သည်။ သို့သော်....သားဖြစ်သူကမူ သူကြိုက်သော မိန်းမ၊ သူချစ်လောက် သော မိန်းမတယောက်မျှ မတွေ့သေး ဟု ဆိုချေ၏။ အိမ်ထောင်ရေးမှာ ကျွန်တော့် သဘောအရသာ ဖန်တီးပါရစေ။ ပစ္စည်းရှိမှု, မရှိမှု, ရုပ်ချောမှု မချောမှုသည် ကျွန်တော်တို့အဖို့ အဓိက မဟုတ်၊ စိတ်ချမ်းသာမှုသာ အဓိ က ဖြစ်ပါသည်။ ကျွန်တော့်သဘောနှင့် တွေ့ခဲ့သော်....ဆင်းရဲချင် ဆင်းရဲ ပါစေ။ မွဲချင် မွဲပါစေ။ ကုန်ကုန်ပြောရယင် နူနူရွဲရွဲ ဘဝပဲဖြစ်နေနေ ကျွန်တော် မြတ်နိုးသူကိုသာ မယားပြုပါရစေ, ဟူ၍ ခွင့်ပန်လေသော ကြောင့် မိဘများမှာ သားကို အတင်း အဓမ္မ မယား မပေးစားသာပဲ သားရွေးချယ်မည့် ချွေးမလောင်းကိုသာ မျှော်တလင့်လင့်နှင့် ရှိနေကြ ကုန်၏။

တနေ့သောအခါ၌ကား မိဘ နှစ်ပါးတို့မှာ အံ့သြခြင်း၊ စိတ်နှလုံး မချမ်းမြေ့ဖွယ်ရာ ဖြစ်ခြင်းတို့နှင့် ရင်ဆိုင်ရ၏။ "သူ့ကို ကျွန်တော်ချစ်တယ် မြတ်နိုးတယ်" ကျွန်တော့်ကို သူနှင့် ပေးစားပါ ဟု မိန်းမတဦးကို အိမ် ခေါ်လာပြီး မိဘများကို ပြလေ၏။ ထိုမိန်းမကား ရုပ်ချည်အားဖြင့် ဆို စရာ မရှိသော်လည်း ဆင်းရဲနွမ်းပါးသူ ဖြစ်ကြောင်း။ အသက်အားဖြင့် လည်း သူ့ထက်ကြီး၍ သူ့မိခင်လောက်ရှိကြောင်း တွေ့ရသောအခါ လူကုံထံ သက်တူရွယ်မျှ အချောအလှ သတို့သမီးကို ရနိုင်ပါလျက်၊ ဤ မိန်းမကိုမှ မြတ်နိုးရမလား ဟု မိဘများမှာ ရင်ထုမနာ ဖြစ်ကြသော်လည်း သားကို ချစ်မြတ်နိုးလှသဖြင့် "သူ့ကို သားမြတ်နိုးယင် ပေးစားရမှာပ" ဟု အနူးအညွတ်ပင် ခွင့်ပြုကြကုန်၏။ မိဘတို့၏ သဘောတူပေးစား ချက်အရ ထိုမိန်းမကြီးနှင့် လူပျိုပေါက်ကလေး ဂင်္ဂါတိရိယ, တို့ကား လင်မယားအဖြစ် ညားကြလေသတည်း။

ထိုမိန်းမကား အခြားသူမဟုတ်။ ငါ့မိခင် ပါကလားဟူ၍လည်း ကောင်း၊ ထိုယောကျ်ားကား အခြားသူမဟုတ်- ငါ၏ ရင်နှစ်သည်းချာ သားရတနာပါတကားဟူ၍လည်းကောင်း။ ဤ အဖြစ်သနစ် အကြောင်း မှန်ကိုသာ သူတို့ သိကြလျှင်မူကား အသို့ နေရှာလေမည်နည်း။

နောက် များမကြာမီအတွင်း ဂင်္ဂါတိရိယ, အိမ်ထောင်ရေးအဖြစ်မှာ တဖုံသစ်လာပြန်၏။ သူ့ကိုစန်းပွင့်သူ ဟု ဆိုလေမည်လား။ သူသည် ရာဇဂြိုဟ် မြို့လုံးကျွတ်၊ လှထွတ်ခေါင် အပျိုချောတွေထဲက တဦးတလေကိုမျှ ရွေးအခါက စိတ်မညွတ်ခဲ့ပါပဲလျက် ယခုမူ ကိုယ့်မိခင်လောက်ရှိသည့် မိန်းမကြီးနှင့် အိုးအိမ်ထူပြီး၍ ဘာမျှ မကြာသေးခင်အတွင်း "အမေတို့ အဖေတို့ခင်ဗျား သူ့ကိုလဲ ကျွန်တော် မြတ်နိုး၍ ခေါ်လာခဲ့ပါသည်။ မယားများများ ထားလို ယူလိုသောဆန္ဒ ကျွန်တော့်မှာ မရှိသော်လည်း သူ့ကိုမြင်လျှင် မြင်ချင်း ချစ်ခင်စွဲလမ်းမိသော စိတ်ကိုနှိပ်ကွပ်၍ မရပါခင်ဗျား၊ သူ့ကိုလည်း မယားအဖြစ် ကျွန်တော်သိမ်းပိုက်ပါရစေ၊ ပေါင်းသင်းပါရစေ"ဟု ဆိုလာပြန်သောကြောင့် မိဘနှစ်ဦးမှာ မျက်လုံးပြူးရပြန်လေ၏။ ထို မိန်းမကား ယခင် မိန်းမနှင့်စာသော် အသက်ချင်း များစွာငယ်၏။ ဂင်္ဂါတိရိယနှင့် သက်တူရွယ်မျှပင် ဖြစ်၏။ လှလည်း 'လှ၏။ ယဉ်ကျေးသိမ်မွေ့၊ ကြူးနွဲ့ သိက္ခာလည်း ရှိလှ၏။ သို့သော်....အသွင်ကို ချင့်ခြင်းအားဖြင့် ဆင်းရဲနွမ်းပါးသူဖြစ်ကြောင်း ပေါ်လွင်နေ၏။ မည်သို့ပင်ဖြစ်စေ သား၏အလိုလိုက်ကာ၊ သားအကြိုက်ကို ဆောင်ပေးကြမည့် မိဘများဖြစ်ကြသည့်အတိုင်း။ ဤသို့သော မိန်းမချော မိန်းမလှ၊ နွမ်းပါးသူကို မဆိုထားဘိ။ ခွေးမကိုပင် အမြီးဖြတ်ပြီး ကျွန်တော်နဲ့ ပေးစားပါ့ ဆိုချေက လိုက်လျောကြမည့်သူများ ဖြစ်သည့်အလျောက်၊ ခေါ်ဆောင်လာခဲ့သော နောက်တယောက် သတို့သမီးကိုလည်း ချွေးမအရာသွင်းကာ မင်္ဂလာဆောင်နှင်း ပေးလိုက် ပြန်လေသတည်း။

အာယ်၍....ဤအမျိုးသမီးကား အခြားသူမဟုတ်။ ငါ၏ နှမရင်းခေါက်ခေါက်ပါကလားဟူ၍လည်းကောင်း၊ ဤယောကျ်ားကား အခြားမဟုတ်- ငါ၏ မောင်အရင်း ခေါက်ခေါက်ပါကလားဟူ၍လည်းကောင်း၊ အကြောင်းရင်း ဇစ်မြစ်, အဖြစ်ခုန်ကိုသာ သူတို့ သိကြပါမူကား အသို့နေရှာမည်နည်း။ သို့သော်....အဝိဇ္ဇာလုံးလုံး မှောင်ထုကြီးက ဖုံးနေလေရကား-အမိကိုလည်း အမိမှန်းမသိ။ သားကိုလည်း သားမှန်းမသိ၊ နှမကိုလည်း နှမမှန်းမသိ။ မောင်ကိုလည်း မောင်မှန်းမသိကြလေပဲ ချစ်ပင်လယ်သမုဒ်ဝဲဘွင် သူတို့ သားအမိတတွေကား လင်မယားအဖြစ်နှင့် တပေါ်လောသော၊ အဲတာမတတ်နိုင်သော အချစ်ဇောဖြင့် မျောနေကြရှာသတည်း။

နှမ ခမျာဟာ မောင်လင်ယောကျ်ားကို မောင်ရယ်....မယ်သစ္စာကို ချစ်ပါရဲ့လားလို့ မျက်ဝန်းနက်ကလေးဆောင့်ကပ်တဲ့ကာ ပျူငှာနူတ်ခွန်းဖြင့် ခပ်ရွှန်းရွှန်းကလေး မေးလိုက်သော အခါများတွင် မောင်အရင်းခေါက်

ခေါက်၊ လင်ယောကျ်ားကလည်း "ချစ်လိုက်သမှကွယ် မယ်သစ္စာရယ်။ ဇီးဖြူဖန်းခါးသာဆိုယင် အာခံတွင်းထဲလှောင်ပြီး မောင်ကြီးချစ်မှာပ"ဟု နှုတ်စရှင်ရှင်ကြင်နာမှု၊ ယုယမှု၊ မြတ်နိုးမှု အနန္တကို အတုံ့အလှည့် ဖော်ပြနေကြသည်မှာလည်း အားရသည်ဟူ၍ မရှိ။

အကြီးဖြစ်သော မယားကလည်း မိမိလင်မှာ သားအရင်း ဖြစ်နေမှန်း မသိရှာလေသည့်အတွက် လင်မယားမေတ္တာ၊ နှမျိုးစုံမူရာနှင့် "ယင်မယားရယ်လို့ ညားနေရပေမယ့် ငါ့မှာ မောင်တို့လို ရွှေစည်းဥစ္စာဆိုတာက လဲ မကြွယ်။ ပြီးတော့ အရွယ်ချင်းဆိုတာကလည်း မျှ။ ငါက ကျလူ မောင်က တက်လူ။ သည်တော့ကာ နှင်းဆူမေတ္တာ ညီမျှစွာနှင့် သံသာလေကမ်းတိုင် တူပြိုင်ပြိုင်မှ ကူးနိုင်ပါ့မလား မောင်ရယ်"လို့ ခွန်းကြွယ်ကြွယ် ညုစကားကို မိခင်မယားက ဆိုသောအခါများတွင်လည်း သားရွှေသွေးလင်တော်မောင်က "အောင်မယ်လေးလေး ပြောမှပြောရက်ပလေ။ ဟောကြီးလျှင်မို ငယ်လျှင်ချိရပါသတဲ့၊ ကိုယ့်အသက်အရွယ်က ငယ်ငယ်ဆိုတော့ အမှီအတွယ်ဆိုတာ လိုလှပါတယ်။ ကိုယ့်ဘဝဖြစ်ရပ်မှာ တိမ်းစောင်းရင်မတ်.... မမှားတန်လျှင် မမှားအောင် စောင့်ကြပ်ပေးမယ့်လူကို ရှာခဲ့ရာက ကုသိုလ်ကံထောက်လို့ ဟော အခုမလေးကဲ့ရှိတဲ့ မယားကို ရခဲ့တယ် မဟုတ်လား။ သစ်ပင်များဟာ အသက်ကြီးလေ၊ အနှစ်ပြည့်လေလို့ ဆိုကြတယ်။ အဲဒါလိုပဲ အမိဟာ မယားဆိုပေမယ့် အနှစ်သာရ ပြည့်ငတဲ့ မိခင်နဲ့တူတဲ့ မယားမို့ ချစ်အားပိုပိုနဲ့ ကြည်ညိုလေးစား၊ အရေးထားမိတာ အမှန်ပါလို့။ သားဖြစ်သူ၊ လင်သက်ထားခမျာလဲ အားပေးနှစ်သိမ့်၊ သားအမိနှစ်ယောက်သား၊ လင်မယားအဖြစ်နဲ့ ချစ်လိုက်ရ။ ပီတိတွေ စိမ့်လိုက်ရတာကလဲ ကာလချင်းနှိုင်း တွက်ရေလို့ မပိုင်းသာအောင် ရှိလေတော့သည်။

ထူးဆန်းသည်ကား "ကိုယ့်လင်ကို ကိုယ်က ကျူးမှဖြင့် စူးစေတော့ မြတ်စွာ၊ တဆိတ်ကမှ မခံသာတယ်။ သံသရာအဆုံး"ဟု ဆိုထုံးစကား ရှိခဲ့ငြားသော်လည်း သည်လင်နှင့် သည်မယားတို့၏ အိမ်ထောင်ကား အဆင်ပြေလှ၏။ သမီးနှင့်မအေ တလင်တည်းအတူ နေကြသော်လည်း စေတနာမကွက်။ မနာလိုစိတ် တချက်ကလေးမျှ မရှိကြချေ။ သူတို့နှစ်ဦးသား ချစ်သွေးညီညီနှင့် လင်သားအပေါ် ချစ်လိုက်ကြသည်မှာလည်း ရာဇဝင်စံတင်လောက်သည့် မယားများ ဖြစ်ချေ၏။ သားလည်းဖြစ်၊ မောင်လည်းဖြစ်သော လင်ယောကျ်ားကလည်း မယားကြီး-မယားငယ်ဟူ၍ သဘောမပိုက်။ ငါ့ကုသိုလ်ကံဆိုက်လို့ ထိုက်တန်သော မယားနှစ်ယောက်ကို အပြိုင်ရပေသည် ဟူ၍ သွားအတူ၊ သာအတူ၊ စားအတူ၊ အဝတ်အစား ဝယ်

ခြမ်းပေးရာတွင်လည်း ဖက်ရှင်ကျကျ။ အသွေးတူ၊ အဆင်တူ၊ အရောင်တူ မျှားကိုသာ ဝယ်ခြမ်း၍ ဆင်မြန်းပေးလေ့ ရှိလေရာ သူတို့လင်မယားသည် ရာဇဂြိုဟ် မင်းနေပြည်တော်တရိုးတွင် စံချိန်ကျိုးလောက်အောင် မြတ်နိုးတနာနှင့် ချစ်ခင်ကြင်နာကြသည့် လင်မယားဟူ၍လည်း ထင်ရှားသတည်း။

သူတို့၏ ဘဝပြက္ခဒိန်သည် အရှိန်ရှိန်နှင့် အချိန်တရွေ့ရွေ့ လာခဲ့လေရာ တနေ့သောအခါတွင် အကြီးမယား မယ်ရူပနှင့် အငယ်မယား မယ်သစ္စာ (ဝါ) အမေနှင့် သမီးသားအမိ နှစ်ယောက်သား အိမ်ရှေ့တွင် တယောက်ခေါင်းကို တယောက် သန်းရှာနေကြ၏။ မိခင်၏ ခေါင်းကို သမီးက သန်းရှာပြီးပြီဖြစ်၍ သမီးမယ်သစ္စာ၏ ခေါင်းကိုမိခင်က သန်းရှာပေးသောအလှည့်သို့ အရောက်တွင် ကံကြမ္မာက ခြိမ်းခြောက်လိုက်ဟန်တူ၏။ မယ်ရူပခမျှာ မျက်လုံး ပြူးပြီး တုန်လှုပ်ချောက်ချား သွားလေ၏။

အကြောင်းသော်ကား....မယ်သစ္စာ၏ ဆံပင်မျှားကို ဖြကာဖြကာနှင့် သန်းရှာနေစဉ် တနေရာ၌ အမာရွတ်ကို တွေ့ရလေသောအခါ "ဟယ်...." ဟူသော အာမေဋိတ်သံနှင့်အတူ လန့်သွားလေသည်နှင့်အမျှ မယ်ရူပသည် အတိတ်ကို သွား၍မြင်ယောင်မိလေသည်။ "သူ....သူ....ငါ့သမီး....ငါ့သမီး" ဟူသော စိတ်က အဆိပ်ဘက်သလို တက်လာနေဆဲတွင် "ဘာဖြစ်တာလဲ" ဟူ၍ မယ်သစ္စာကလည်း အံ့အားသင့်စွာ မေးမိလေသည်။ "ညည်း.... ညည်း ဒမြဗိုလ်ကြီးသမီး မဟုတ်လား....''ဟု ထပ်ဆင့် မေးလိုက်သော စကားကြောင့် မယ်သစ္စာမှာ ပို၍ တုန်လှုပ်သွားကာ မယ်ရူပအား ငေး၍ ကြောင်စီစီကြည့်လျက်မှ "ဟုတ်....ဟုတ်.... ဟုတ်ပါတယ်။ ကျွန်မ အဖေ ဒမြဗိုလ်ကြီးပါ"ဟူသော စကား အဆုံး၌ကား မယ်ရူပသည် "သမီး" ဟူ၍ တခွန်းသာ ခေါ်လျက် မယ်သစ္စာအား ကျုံး၍ ဖက်ကာ ရှိုက်ကြီး တငင် ငိုပွဲကြီး ဆင်လေလျှင် မယ်သစ္စာမှာလည်း ဘုမသိဘမသိနှင့် ပြန်၍ ဖက်ကာ သားအမိနှစ်ယောက်သား မျက်ရည်မစဲ တရှုံ့ရှုံ့ ဖြစ်ကြရလေ၏။

"တို့သားမိအဖြစ်နှယ် ဆိုးလေးခြင်းသမီးရယ်၊ ဒီမှာလာပြီး တလင်တည်းမယား ဖြစ်ရပလေတယ်။ လူကြားသူကြားလို့မှ မနေချော်၊ ဩော်.... လောကကြီးမှာ တယ်ကြောက်စရာ လန့်စရာ ကြက်သီးထစရာ ကောင်းလှပါကလားနော်။ အမေမှန်း သမီးမှန်းပင်မသိ ဆင်ကန်းတောတိုးအဖြစ်နှယ် ဆိုးလေခြင်း သမီးရယ်"ဟု တရှိုက်ရှိုက်နှင့် ငိုပြော ပြောနေရှာသော မိခင်ကို "အကျိုးအကြောင်း သိပါရစေ"ဟူ၍ သမီး မယ်သစ္စာ၏ တောင်းပန်ချက်အရ မယ်ရူပသည် သူတို့ မိသားစု၏ အတိတ်ဘဝဖြစ်ရပ်ကို မျက်ရည်စက်လက်နှင့် ပြောပြရှာသည်ကား—

"ချစ်သမီး...၊ ဟိုတချိန်က ကုန်သည်ကြီးနှင့် အမေ အကြောင်းပါခဲ့ဖူးသည်။ မေမေ့ ယောက်ျားကို ကောင်းသွားနေခိုက် သူနှင့်ရရှိထားသော ကိုယ်ဝန်မှာ ရင့်ရင့်လာရာက ငြိုသနာ ဖြစ် လာသည်။ ထိုကိုယ်ဝန်မှာ သူ့သားမရှိခိုက် လင်ငယ်နှင့်ရသော ကိုယ်ဝန်ဟု ငါ့ကို ယောကျ်ားမဖြစ်သူက စွပ်စွဲရုံမက "မိန်းမယုတ်" ဟူ၍ ငါ့ကို အိမ်က နှင်ချလိုက်ရာ ငါမှာ ဘယ်ကိုသွားရမည်မသိ လမ်းစ ရှာမရအောင် ဖြစ်ခဲ့၏။

"ချစ်သမီး....နောင်တွင်မူ လင့်မျက်နှာကို ငါ မြင်ယောင် လာသည်။ ငါ့လင် ရာဇဂြိုဟ်သို့ ကုန်ရောင်း ထွက်သွားကြောင်း သိ၍ ငါ့လင်ရှိရာ ရာဇဂြိုဟ်သို့ ဗိုက်တလုံးပိုက်၍ ငါ့လင်နောက်သို့ ငါလိုက် သွား၏။ သို့သော်....အချည်းနှီးသာ ဖြစ်ခဲ့၏။ ငါ့လင် ကိုကား ငါ ရှာမတွေ့ခဲ့။ ငါ့မှာ ကိုယ်ဝန်ကလည်း တဖြည်းဖြည်း ရင့်ရင့်လာသည်။ အစားဆင်းရဲ၊ အနေဆင်းရဲ၊ အဝတ်ဆင်းရဲ၊ ဆင်းရဲများကြားတွင် အလူးအလဲ ငါလှုပ်ရှားလာခဲ့ရစဉ် အချို့က ငါ့ကို သူတောင်းစားဟူ၍ ထင်ကြ၏။ သို့သော်....ငါကား မတုန် လှုပ်ခဲ့ချေ။ ငါရှာနေသည်ကား ငါ့လင်။ ငါ တွေ့လိုမြင်လို တွေ့ချင် မြင်ချင်နေသည်ကား ငါ့ လင်သာတည်း။ တနေ့နေ့ တွေ့ရမည်ဟု မျှော်လင့်ခြင်း ကြီးစွာဖြင့် ငါလိုက်ရှာ၏။ သို့သော် ငါ့လုံ့လနှင့် ငါ့ကြိုးစားမှု ဝီရိယသည် ဘာမှ အရာမရောက်ခဲ့။

"ချစ်သမီး...ဤသို့လျှင် ငါသည် တရွာတကျေး၌ ဗိုက် တလုံးနှင့် တချာလည်လည် ဆောက်တည်ရာမရ ဖြစ်နေစဉ် တနေ့ သော နေ့ဝင်ဖျိုးဖျ အချိန်လောက်တွင် ဗိုက်ထဲက မနာစဖူး နာလာ ၏။ ကလေးမွေးတော့မည်ကို ငါ ရိပ်မိ၏။ ထိုအခါ ငါ အားငယ် လာသည်။ တွေ့ရာလေးပါးတွေ့ တသီကြီး တွေးမိလာသည်။ လင်၏ အရိပ်အောက်တွင် ဖွားရတိမူကား ငါ့အား ပြုစုမည့်သူ စောင့် ရှောက်မည့်သူများနှင့်တကွ သားဖွားပေးမည့် လက်သည်ဆိုသည်မှာ လည်း ငါ့အနားတွင် ဝိုင်းဝိုင်းလည်နေမည်ကို ငါ မြင်ယောင်မိ သည်။ ယခု ငါ မွေးဖွားရမည့် အချိန်၌ကား ငါ့အနားမှာ တယောက်မျှမရှိ၊ ဆွေမျိုးများ၊ နွားများ မွေးသည့်နှယ် ငါ မွေးရ ပေတော့မည့် အရေးကို တွေးမိကာ ငါ့မှာ မျက်ရည် မဆည်နိုင် ဖြစ်ခဲ့ရ၏။

"ချစ်သမီး ငါ၏ ပလ္လင်ကာ အခါတွင် သွားယင်းလာယင်း ဗိုက်က သိသိသာသာကြီး နာလာသည်။ ဘယ်နေရာမှာ ငါမွေး

မည်နည်း။ ငါ့မှာ မွေးစရာနေရာလည်း မရှိ၊ မအောင့်နိုင်သည့် အဆုံးတွင် နီးရာ ဇရပ်အိုကြီးတခုပေါ် ငါအတင်း တက်ရတော့၏။ ခြေသလုံးကို အိမ်တိုင်ပြု၍ သွားရ,လာရနှင့် လှုပ်ရှားမှုများက ကလေး မွေးဖွားရာတွင် လွယ်ကူစေရန် အထောက်အကူ ပြုလေသလားမသိ။ လက်သည်မရှိ၊ ငါ့ဘာသာ ငါပင် မွေးခဲ့ရာ ကံအားလျော်စွာ သားယောကျ်ားကလေး ဖွားလာ၏"

ယင်းသို့ သားအမိ နှစ်ယောက် တနည်းဆိုသော် လင်တူမယား နှစ်ယောက် မျက်နှာချင်းဆိုင်၊ မျက်ရည်ပြိုင်ပြိုင်နှင့် ဆိုပြောနေကြသည်ကို၊ ၎င်းတို့၏ သားလည်းဖြစ်၊ မောင်အရင်းလည်းဖြစ်သော လင်ယောကျ်ားက မြင်လျှင် "အကြောင်းကို သိလို၍ မသိမသာ တစေ့ဘေးစောင်းမှ ချောင်း၍ နားထောင်လေသည်။ သူ့နားထဲ စွဲဝင်လာသော အသံကား အငယ်မယား မယ်သစ္စာ၏ အသံမပါ၊ အကြီးမယား မယ်ရှင်၏ အသံသာ ဖြစ်ချေ၏။

"ချစ်သမီး....ငါ့ဖြစ်အင်ကို သမီး စဉ်းစားကြည့်။ အဲသည် ကလေး မွေးပြီးစ အချိန်တုန်းကဆိုယင် ငါ့ဘာကိုယ်လုံးဟာ အညစ်အကြေးတွေ ပေလို့,ကျံလို့။ ကလေးမှာလဲ ရစရာမရှိအောင် ပေလို့, ကျံလို့။ အဲသည် အညစ်အကြေးတွေ ဆေးကြောမပင်ယင် ငါ့မှာရော,ကလေးမှာရော,အန္တရာယ်ဖြစ်လာမှာ စိုးရတဲ့အတွက် ဆေးဖို့ ကြောဖို့ သန့်ရှင်းအောင်လုပ်ဖို့ ရေလိုလာတယ်လေ။ ရေ ရေ။ ငါ့မှာ ရေခပ်ပေးမယ့်လူလဲမရှိ၊ ဇရပ်မှာလဲ ရေက မရှိ၊ သည်တော့ ငါ့မှာ ပေကြနေတဲ့ အညစ်အကျေးနဲ့ ငါ့ကလေးကို ဆေးကြောဖို့ ရေကို ငါကိုယ်တိုင် ရှာရ,ဖွေရ,ခပ်ရတော့မည်ပ,သမီးရယ်။

"ချစ်သမီး.... အဲသည်လို ငါကိုယ်တိုင်ထွက်၍ ရေပြဿနာကို ရှင်းရမည် ဆိုတော့လည်း ကလေးအတွက် ငါ့မှာ တဒုက္ခ။ လူ့ဘဝ ရောက်လို့ မိနစ်ပိုင်းမျှလောက်သာ ရှိသေးတဲ့ ကလေးကို ဇရပ်ပေါ်မှာ တယောက်တည်း အဘယ်မှာလျှင် အမေထားပစ်ခဲ့ရက် ပါမည်လဲ ဒါပေမယ့် ရေဘယ်မှာ ရှိသည်ဆိုဟာလည်း ငါမသိ။ ဘယ်လောက် ဝေးဝေးကို သွားရမည် ဆိုသည်ကိုလဲ ငါမခန့်မှန်းတတ်သည့် အတွက် ကလေးကို ငါခေါ်သွားရမှာကလည်း ခက်လှပါဘိခြင်း။ သည်တော့ကာ မတတ်သာသည့် အဆုံးတွင် မျက်စိကို စုံမှိတ်၊ အံကို နာနာကြိတ်လျက် ငါဘာလုပ်လိုက်သည် ထင်သနည်း။ ကလေးကို ဇရပ်ပေါ်မှာ ထားခဲ့ပြီး၊ငါရေရှာ ထွက်ရတော့သည်သမီး။ အချိန်မှာ ညကြီးမင်းကြီး၊ မှောင်လိုက်သမှ ပိန်းလို့ မည်းလို့၊ မိုးကောင်းကင် ကြီးပေါ်မှာတော့ အချို

ကြယ်ကလေးတွေဟာမှိတ်တုတ်မှိတ်တုတ်နဲ့ တဖျပ်ဖျပ် မျက်တောင်ခတ်လို့ ရှိလေရဲ့....

"ချစ်သမီး.... မှောင်နှင့် မည်းမည်း ညဥ့်လွှာရဲ့အောက်မှာ ငါတယောက်တည်း စွန့်စားပြီး စမ်းတဝါးဝါးနဲ့ အတော်ကလေး သွားမိတော့ ကံအားလျော်စွာ ရေကန်တခုသို့ ငါရောက်သွားပေသည်။ ဝမ်းသာလိုက်တဲ့ ဖြစ်ခြင်း။ အားရှိလိုက်တဲ့ဖြစ်ခြင်း။ ငါ့မှာ ပေကျံနေသည့် အညစ်အကြေး တွေကို သန့်စင်အောင် ဆေးသည်၊ ကြောသည်။ ကလေးကို စိတ်မချနိုင်သည့် ဇောနဲ့ ကသောကမျောရေခပ်ပြီး ငါပြန်လာခဲ့လို့ဇရပ်သို့ရောက်သည့်အခါ ငါ၏ အသည်း ကမ္ဘာလေးဟာ ဒုတိယအကြိမ် ထပ်ပြီး ကွဲရှာပြန်ပါတော့သည်။ မွေးစ ကလေး ငါ့ရင်သွေးကို အမေ မတွေ့ရတော့ဘူးသမီး (ဤတွင် မယ်သစ္စာမှာ ရှင်....ဟု အာမေဍိတ်သံကလေးနှင့် လန့်လည်းလန့်၊ မျက်လုံးလည်း ပြူးသွား၏)

"ချစ်သမီး—သည်တုန်းကများ မယ်ပဒါ ဘယ့်လောက် ပူသည်ဆိုစေဘာမူ ငါကိုမိအံ့ခထင်။ လူ့လောက အောက်ကတခါတည်း ငါ အသက်ပျောက်သွားယင် အကောင်းသားလို့ ငါ တောင့်တမိပေမယ့် အသက်က မထွက်နိုင်၊ ရှေ့ဆက်ပြီး ဝဋ်ချွဲသမျှနင်ခံဦးလို့ ငါ့ ကံကြမ္မာက ငါ့ကို စေစားနေဟန် တူ၏။ မမြင်မကန်း စမ်းတဝါးဝါးနဲ့ ငါ့သား ကလေးကို ဇရပ်မှာ လိုက်ရှာသည်၊ မတွေ့။ ဇရပ်အောက်မှာ အနှံ့ ငါရှာသည် မတွေ့။ လူတွေလိုများ ယူသွားလေသလား၊ သို့မဟုတ် ခွေးများ ချီသွားလေသလား၊ ငါမဝေခွဲနိုင်၊ ငါ့ကိုယ်မှာ မျက်ရည်သာ အိုင်နေတယ်။ ရူပ,လို့ ဇမ္ဗူည်း ထိုးထားတဲ့ ငါ့ လည်ဆွဲ ဘယက်ကို ငါ့ သားလေးနှင့်အတူ ထားပစ်ခဲ့ရာ ငါ့ လည်ဆွဲလဲ ပျောက် သားလဲ ပျောက်၊ တကိုယ်လုံးမီး ဟုန်းဟုန်းတောက်၍ နေလေတော့သည်။

"ချစ်သမီး.... ငါဒုက္ခကား ဤမျှနှင့် လက်စမသတ်သေး။ ငါသည် သွေးနု သားနုနှင့် ကလေးရှူး ရှုးခလပြီကော။ ငါ့ကလေးကို တွေ့နိုးနိုးနှင့် ခြေဦးတည့်ရာ ငါလျှောက်၍ ရှာခဲ့သည်။ ကြောက်စရာ, လန့်စရာ, ထိတ်စရာဟူသည် ငါ့မှာ ဘာမျှမရှိ။ ကြောက်ရမှန်း လန့်ရမှန်းမသိ။ ဤသည်ကို ငါမစဉ်းစား။ ငါစဉ်းစားသည်ကား ငါ့သားတွေ့ဖို့၊ ငါ့ကလေးတွေ့ဖို့။ ဒါပဲအရေးကြီး၏။ ငါ့သားလေးကို ငါလျှောက်ရှာလိုက်သည်မှာ လင်းအားကြီးအချိန်လောက်ရောက်တဲ့ အခါကျတော့ တွေ့ပါလေရော သမီး

ရယ်....အဲဒါဘာမှတ်သလဲ။ ငါ့သားမဟုတ်ဘူးသမီး၊ ဒမြ....ဒမြ ဒမြ....။ မြို့ထဲက ဒမြတိုက်ပြီး ပြန်လာကြသည့် ဒမြတသိုက်နှင့် တိုက်တိုက်ဆိုင်ဆိုင် ငါ တွေ့နေပြီကော။

"ချစ်သမီး....ငါ့ကံကြမ္မာက ငါ့ကို ဒမြလက်သို့ ဝ,ကွက်၍ အပ်နေပြီကော....ငါ့ကို တွေ့တယ်ဆိုယင်ပဲ ဒမြဗိုလ်ဟာ ကျားဟိန်း၍ ဝါးသည့်နှယ် ငါ့ကို အဘင်းပွေ့လား, ဖက်လားနဲ့။ ဗလက္ကာရ လုပ်ပါလေတော့တယ်။ ငါက ကလေးမွေးပြီးစ သွေးနုသားနု ဒုက္ခသည် ဖြစ်ကြောင်း မျက်ရည်ခံထိုး၍ အမျိုမျိုး ခယ တောင်းပန် အသနားခံပေမယ့်လဲ....သူ....သူ....သူလေ (တောက်) ရက်ရက် စက်စက် ငါ့ကို သားမယားအဖြစ် မုဒိမ်းကျင့်ပါလေတော့တယ်။ ဒါနဲ့မပြီးသေးဘူးသမီး။ သူ့ကိုချစ်ရမယ်တဲ့။ ကြိုက်ရမယ်တဲ့။ ငါ့ကို သူ့နောက်သို့ အတင်းခေါ်သွားပြီး မယားပြုတော့တာပါပဲ။ အဲဒါ ဘယ်သူမှတ်သလဲသမီး။ ညည်းအဖေ....ညည်းအဖေ၊ ဒမြကြီး"(ဤ တွင် ချောင်း၍ နားထောင်နေသော လင်မှာ အံကြိတ်ပြီး လက်သီး များ ဆုပ်မိလေ၏)

"ချစ်သမီး....ငါ့ဘဝဟာ ဘယ့်လောက် ရင်နာစရာကောင်း သနည်း။ မချစ်သော်လည်း အောင့်ကာနမ်း၍ ဒမြမယား ဖြစ် ခဲ့ရ၏။ ငါ့ကို ညည်းအဖေက အဓမ္မသိမ်းပိုက်ပြီး မယားပြုလေ သည့်အတွက် သန္ဓေတည်ရာက ညည်းကို ဖွားလာ၏။ ညည်းဟာ ဒမြရင်သွေး၊ အမေက မွေးတဲ့ ငါ့သမီးပါတည်း။ ငါနှင့် ညည်း အဖေမှာ ကံကြမ္မာ၏ လှည့်စားချက်ကြောင့် လင်မယားဟူ၍ညား ရသည့်တိုင်အောင်....။ ညားသည့်အချိန်ကစပြီး သင့်မြတ်သည်ဟူ၍ မရှိ၊ "ငါ့ကို ချစ်ယင် ဒမြ အလုပ်ကို စွန့်"ဟု ရလိုရငြား ညည်း အဖေကို အာပေါက်မတတ် တရားပြ နားချဆိုပြော ကြည့်ပါငြား သော်သည်း သူ့အလုပ်၊ သူ့ဝါဒကို သူမစွန့်ချေ။ လက်မလွှတ် ချေ။ မင်းကိုလဲချစ်တယ်။ မင့်ကိုချစ်တာနဲ့ဒမျှ ဒမြအလုပ်ကိုလဲ ငါမြတ်နိုးတယ်။ အဲသည်အလုပ်ကမှ ငါ့ကို လက်ငင်းအကျိုးပေး တာတဲ့"

"ချစ်သမီး၊ ညည်းအဖေနဲ့ ငါဟာ မတည့်လျှင် အတူနေ ဆိုတဲ့ တိုင်း နေ့တချက်ချက်၊ ညတချက်ချက်၊ ရန်စနက်ပွား၊ နေ့စဉ် စကားများခဲ့ရတယ်။ မှတ်မိသေးတော့တယ်။ ဟောသည့် ညည်း ခေါင်းက အမာရွတ်ရခဲ့တဲ့ နေ့ကပေါ့....သူနဲ့ငါ အကြီးအကျယ် ရန်ဖြစ်ကြတဲ့အခါ သူက ငါ့ကို ရိုက်မောင်းပုတ်မောင်း လုပ်တဲ့

အခိုက်- ငါက ရှောင်တိမ်းလိုက်တဲ့အတွက် ငါ့ကို သူရိုက်လိုက်တဲ့ တုတ်ချက်ဟာ သမီးခေါင်းကို ဟက်ကနဲ ခွဲမိတော့တာပါပဲ။ ယော သည် ဒဏ်ရာဟာ ညည်းအဖေ ပေးလိုက်တဲ့ဒဏ်ရာ။ သည်ဒဏ် ရာကြောင့် ညည်းဟာ ငါ့သမီးလို့ ရဲရဲပြောဝံ့တာပေါ့။ သည် ဒဏ်ရာကိုသာ ငါမတွေ့ယင် ငါ့သမီးပါလို့ ဘယ်ပြောနိုင်မှာလဲ။ သမီးရဲ့....အဖြစ်ကတော့ ဒါပါပဲ။ တဆက်တည်း ငါ့အဖြစ်ကို ပြော ဦးမယ်။

သည်လိုချစ်သမီး။ တိုတိုပြောရယင် စရိုက်ချင်းမတူတာလဲ တကြောင်း။ ညည်းအဖေနဲ့ လင်မယားချင်း မသင့်မြတ်တာလဲ တကြောင်းကြောင့် ဆိုပါတော့။ သမီးကို အမေ ချစ်ပေမယ့်.... ညည်းအဖေကို ရွံမုန်း၊ အော့နှလုံးနာတဲ့အတွက် သူ့ဆီက ငါ ထွက်ပြေးပြီး ရာဇဂြိုဟ်မှာ လာခိုနေခဲ့တယ်။ ငါဟာ တခုလပ် မဟုတ်ဘူး၊ နှစ်ခုလပ်ဖြစ်ပေမယ့်လို့ ငါ့ကို မက်မောသူကမရှား။ တိုက်ရိုက် ချစ်ခွင့်ပန်သူက ပန်၊ အောင်သွယ်ဒလန်နဲ့ ဆွယ်သူက ဆွယ်နှင့် လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေပေမယ့် ကျားဆိုယင်တန်။ လင်သံကြားယင် ငါဖျားချင်လာတယ်။ အဲသည်အထိ၊ လင်ဆို ယင်ကြောက်။ ယောကျ်ားဆိုတာတွေကို သပိတ်မှောက်ပြီး။ ဈေး ဘောင်း ခေါင်းရွက်ကာ ငါ့ဘာသာ ငါ လုပ်ကိုင်စားသောက် နေရာက တနေ့သောအခါမှာ အခု တို့သားအမိရဲ့လင့်ပေါ့။ သူက စပြီး ငါ့ကို ချစ်စကား ဆိုလှာတယ်လေ။ ဘာကြောင့်မသိ သူနဲ့ ကျတော့ ငါ့ချစ်စိတ်တွေဟာ အရေပျော်ကုန် တော့တာ ပါပဲ။ အသက်အရွယ်ချင်းလဲမမျှ....ဟု အကြောင်းပြပါသေးရဲ့။ ဒါပေမယ့် သူကလဲ ဇွတ်သမား။ ငါကလဲ ညွတ်ပြီးသားဆိုတော့ လင်မယား ညားကြတော့တာပါပဲ။ ငါဟာ အိမ်ထောင်နှစ်ဆက် ကျခဲ့ဖူးပြီ။ မှန်တာပြောရယင် သူ့ကို ငါဘယ်လို ချစ်မှန်းမသိဘူး။ သူ့ကိုလဲ အံ့သြစရာပဲ၊ သက်တူရွယ်မျှ- ဂုဏ်ရည်တူ အချောအလှတွေ ပေါ ပါလျက်သားနဲ့ ငါ့အပေါ်မှာထားတဲ့ သူ့မေတ္တာဟာ တော် တော့်ကို လေးလေးနက်နက် စူးရှတာကို ငါတွေ့ရတယ်။

ဒါပေမယ့်.... ချစ်သမီး။ တနေ့သောအခါမှာ သူငါ့ကို ဘာ ပြောသလဲဆိုယင်၊ ဝိုး ကလေး ကယောက်ဟာ အင်မတန် သနား စရာကောင်းပါတယ်တဲ့။ သူ့အဖေကို လူဆိုးတွေကသတ်ပြီး သူ့ကို မတရားပြုကျင့်မည်ကို ရိပ်မိ၍ ထွက်ပြေးလာခဲ့သူ ကလေးပါတဲ့။ သူ့ကို မြင်ကတည်းက သနားလဲ သနား။ မေတ္တာလဲ ထားမိပါ

တယ်တဲ့။ သူဟာဘယ်တုန်းကမှ အငယ်အနှောင်းလဲမထား။ အပျော်အပါးလဲ မလိုက်စားခဲ့ပါဘူးတဲ့။ မိခင်ထံမှာ ခွင့်ပန်သလို "အဲဒီသူငယ်မလေးကို သိမ်းပိုက်ပါရစေ့လို့ ငါ့ထံ သူ ခွင့်ပန်ရှာတယ်" ငါကလဲ သူ့ကို အသည်းနှစ်အောင် ချစ်နေတော့.... သူမြတ်နိုးရာကိုလဲ ငါချစ်မြတ်နိုးနိုင်ရမယ့်လို့၊ ငါ့ကိုယ်ငါတွက်ဆပြီး.... "ဒါဖြင့်လဲ ခေါ်ခဲ့လေ"လို့ ငါရဲ့ ခွင့်ပြုချက်နဲ့ ရွှေလက်ကိုတွဲပြီး အိမ်ကိုသူ ဆွဲခေါ်လာတဲ့ မိန်းကလေးကို မြင်လိုက်ရတဲ့အခါ.... သူ့အပေါ်မှာ "လင်လုဘက်"လို့၊ ငါသဘောမထားရုံမက ငါ့ရှုဖို့အတွက် ကြေးမုံပြင် မှန်တချပ်ကို ရပြီလို့ ငါ အောက်မေ့တယ်။ အဲဒါဘယ်သူလဲဆိုတော့— ညည်းလေ ညည်း....၊ ငါ့သမီးဖြစ်နေတော့တယ်။ သည်တုန်းကသာ သမီးမှန်း၊ မအေမှန်း သိခဲ့ကြယင် တို့သားအမိဟာ တလင်တည်းမယား ဘယ်အဖြစ်ခံမလဲ၊ အခုတော့ အဝိဇ္ဇာမှောင်ကလဲ လွှမ်း၊ ကံကြမ္မာနတ်ဆိုးကလဲ ပတ်ကြမ်းတိုက်ချက်အရ၊ တို့သားအမိဟာ— လင်ကံဆိုးလေခြင်း သမီးရယ်...."

ဤသို့ သားအမိနှစ်ယောက်၊ တယောက်လည်ကို တယောက်ဖက်၊ မျက်ရည်စက်လက်နှင့် ငိုလက်စ မသိမ်းနိုင်ပဲ ဖြစ်နေကြသည့်အခိုက်၊ သူတို့၏ ကြင်ဖက်သက်ထား၊ လင်ယောကျ်ားဖြစ်သူ ဂင်္ဂါတိရိယ နှံ့နှေးစွာလှမ်းလျက် သူတို့ဆီသို့ ယို့ယို့ကြီး လာနေသည်ကို မိခင် မယ်ရှုပသည်လည်းကောင်း၊ သမီး မယ်သစ္စာသည်လည်းကောင်း၊ မျက်ရည်အရွှဲသား၊ ရီဝေသော မျက်လုံးများဖြင့် တအံ့တဩ ကြည့်နေကြသည့် နည်းတူပင် အနားရောက်လာသော ဂင်္ဂါတိရိယကလည်း မယား နှစ် ယောက် ကို တတောက်တောက် ကျမျက်ရည် အပြည့်နှင့် မမှိတ်မသုန် တွေ၍ ကြည့်နေသည်။

မယ်ရှုပမှာ လင်အဖြစ် ပေါင်းသင်းလာခဲ့သော သားကိုကြည့်သော် သူ့မျက်လုံးများမှ မီးဟုန်းဟုန်း တောက်သကဲ့သို့ ထင်လေသည်။ ထိုအတူ မောင်အရင်းခေါက်ခေါက်ကို လင်အဖြစ်ချစ်ချင်ပြိုင်ခဲ့မိသူ မယ်သစ္စာ၏ မျက်လုံး၌ ဂင်္ဂါတိရိယကို ကြည့်ယင်း ဟုန်းကနဲ—ဟုန်းကနဲ မီးလုံးကြီးများ ထထလာသကဲ့သို့ ထင်လေသည်။ ဂင်္ဂါတိရိယမှာလည်း အကြီး့အငယ် နှစ်သွယ်သော မယားတို့အား စကားမျှ မကြုံနိုင်၊ တွေမှိုင်ငေးငေး၊ အဆွေကြီး ဆွေးသျက်ရှိနေလေရာ လင်ဟူသော အမူအရာမျိုးဖြင့် မြတ်နိုးရမည်လား၊ သားဟူသော မောင်ဟူသော အကြင်နာမျိုးဖြင့် ဆက်ဆံရလေမည်လား၊ မဝေခွဲနိုင်ပဲ သုံးယောက်ပြိုင် ခေါင်းချင်းဆိုင်လျက်

ပါးစပ်အဟောင်းသားနှင့် ငိုင်နေကြရာမှ ဂဂ်ါတိုရိယသည် သူ့လက်ထဲတွင် ဆုပ်ကိုင်ထားသော လည်ဆွဲဘယက်ကို မယ်ရူပ၏ ရှေ့သို့ ကမ်းယင်း....

"ကျွန်တော်ဟာ ဇရပ်ပေါ်က ကောက်ရတဲ့ သားပါ မေမေ၊ မေမေတို့ သားအမိချင်း ပြောနေသော စကားများအရ ကျွန်တော်ဟာ မေမေ့ရဲ့ သားဖြစ်ကြောင်း ကျွန်တော် သိရပါသည်။ ဟောသည် ဘယက်ဟာ ကျွန်တော်ဟာ မေမေ့ရဲ့ သားဖြစ်ကြောင်း သက်သေဖြစ်ပါသည်" ဟူ၍ ဆို့နင့်သံနှင့် ပြောကလိုက်သော စကားများကြောင့် မယ်ရူပတို့ သားအမိမှာ များစွာ အံ့အား သင့်ကုန်လေ၏။ မယ်ရူပသည် မိမိလင် အဖြစ်နှင့် ပေါင်းသင်းလာခဲ့သော သားဖြစ်သူက လှမ်း၍ ပေးနေသည့် ဘယက်ကို လှမ်းယူပြီး (ရူပ) ဟူသော ကမ္ပည်း အက္ခရာကို တွေ့ရသောအခါ "အမယ်လေး မှားကုန်ကြပါပေါ့လား....သားရယ်" ဟူ၍ ငိုလေ၏။ သူတို့ လင်မယား သုံးယောက်လုံး ဝါ သူတို့ သားအမိ မောင်နှမတစုတို့ကား တယောက်မျက်နှာကို တယောက် မကြည့်ရဲကြတော့ပဲ မျက်နှာကို လက်ဝါးနှင့် ပိတ်လျက် သုံးယောက်ပြိုင် ခေါင်းချင်းဆိုင်၍ တလှိုက်လှိုက် ဖိုရှိုက်ငို၍ မဆုံး ဖြစ်နေကြလေ၏။

တလင်တမယား စနစ်မှ တလင် နှစ်မယား သုံးလေးမယား စနစ်အထိ ကမ္ဘာတွင် အချို့အချို့ဒေသနှင့် အချို့ လူနည်းစုများအတွင်း အမြစ်တွယ်လျက် ရှိသဖြင့် မဆန်းသော်လည်း အထူးသဖြင့် လင်ယောကျ်ား တယောက်သားအမိ နှစ်ယောက်ကို မယားပြိုင်ပြုခြင်းမျိုးမှာ အထူးအဆန်း မဟုတ်သော်လည်း အမိနှင့်သား လင်မယားပြုခြင်း၊ မောင်နှင့် နှမ ညားကြခြင်းတို့ကား ထူးထွေတည့်အံ့ရာသော် ကျွဲသားမိုးကြိုးလင်မယားများ ဖြစ်သောကြောင့် ဖြစ်ရိုး ဖြစ်စဉ်တွင်မော်ကွန်းတင်ရမည့် လင်မယား ဖြစ်လေသည်။

အမိမှန်း၊ သားမှန်း၊ မောင်မှန်း၊ နှမမှန်း မသိခဲ့စဉ်က လင်မယားတို့၏ ချစ်ခြင်းဖြင့် ရှင်တမြူ မြူနှင့် ကြည်နူးခဲ့မိလေသမျှသည်။ ဝါ-အနုံးစက်ရာ စစ်တလင်းတွင် ချစ်ချင် ပြိုင် အနိုင်လုကာ-လုကာနှင့် ချစ်ဗျူဟာ ခင်းခဲ့မိသမျှတို့ကား ယခုအခါ သဲတောင်ကြီး ပြိုသည့်ပမာ ပြိုကွဲကျဆင်းကုန်လေ၏။ အချစ်အား ကြီးခဲ့မိလေလေ။ ယခုအခါ အသည်းကြားကို အပ်သွားမြမြနှင့် ထိုးဆွခြင်း ခံရသည့် အလား မခံချိ မခံသာ တယောက်နှင့် တယောက် မျက်နှာမပြရဲအောင် ဆွေးပူရလေလေ ဖြစ်နေလေသတည်း။

'ဒုက္ခသာ အနတ္တ သုခံ၊ ဆင်းရဲခြင်း၏ အဆုံး၌ ချမ်းသာရှိ၏။ ဆင်းရဲကုန်ဆုံးလျှင် လုံးလုံး ချမ်းသာ၏' ဟု ဗုဒ္ဓဟောတော်မူချက်အရ ဤ သုံးယောက်သော သားအမိတို့၏ ဆင်းရဲကား ဘဝနိဂုံး၊ အဆုံးသို့ ရောက်

လေပြီလော့။ မီးသည် မည်သည့် အရာဝတ္ထုမျိုးကို မဆိုအကြွင်းမဲ့လောင်ကျွမ်း၍ ပြာချပစ်လေ၏။ ပြာဘဝသို့ ရောက်သွားလေသောအခါနောက်ထပ်မီးစွဲလောင်ရန်အတွက်လောင်စာမရှိသဖြင့် လောင်ကျွမ်းအသစ် နောက်ထပ်၍ ဖြစ်မလာတော့ချေ။

ထိုအတူ သာမန်အနေထက် အဆပေါင်းများစွာ ပြင်းထန်လှသည့် ဆင်းရဲမီး လောင်ကျွမ်းခြင်းဒုက္ခကို မရှုမလှ ခံစားကြရလေရကား၊ ထိုသားအမိ သုံးယောက်တို့မှာ ပြာအဖြစ်သို့ ရောက်ရန်သာ ရှိတော့၏။ ပြာအဖြစ်သို့ ရောက်လျှင်မူကား နောက်ထပ် လောင်ကျွမ်းရန် လောင်စာ အဘယ်မှာလျှင် ရှိလေတော့မည်နည်း။

မှန်၏၊ ရှေးအခါကမူ နိဗ္ဗာန်သည် သူတို့၏ လက်ဘက်ကမ်း၌ ရှိလင့်ကစား မောဟပိတ်ဖုံး၊ အဝိဇ္ဇာက ခြယ်မှုန်းထားသောကြောင့် ထိုသည့် နိဗ္ဗာန်စခန်းကို သူတို့အနေဖြင့် လုံးလုံးမမြင်နိုင်ကြကုန်။ ယခုအခါတွင်ကား နိဗ္ဗာန်က သူတို့ကို လက်ယပ်၍ ခေါ်နေလေပြီကော။ "အမိမှုန်း၊ သားမှုန်း၊ မောင်မှုန်း၊ နှမမှုန်းမသိအောင် ဖြစ်ရသော လူ့အဖြစ်သည် စက်ဆုပ်ဖွယ် ကောင်းဘိစွ။ ဤဘဝကို ခင်တွယ်ခြင်းဖြင့် ငါတို့အား အကျိုးမမြင် အပြစ်သာ ထင်ချေ၏။ ဤမျှ စက်ဆုပ်ဖွယ်၊ ကြောက်ဖွယ်၊လန့်ဖွယ် ကောင်းလှသော ဘဝကို လက်စပြတ်အောင် ငါတို့ ဖြတ်ကြရတော့မည်"ဟူသော ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လာ၏။

ထိုအခါ သူတို့ သားအမိ သုံးယောက်စလုံး ဦးပြည်းခေါင်းတုံးတုံးလိုက်ကြတော့၏။ လူ့အရေကို ခွာလျက် လျှော်တေသင်္ကန်းဖြင့် ကိုယ်ကို လွှမ်းလိုက်ကြကုန်ပြီးနောက် သားဖြစ်သူကား ဂင်္ဂါတီရိယ,ဟူသော အမည်ဖြင့် ရဟန္တာဖြစ်လာသည့်နည်းတူ မိခင်ဖြစ်သူမှာလည်း ဂင်္ဂါတီရိယမာတာ ဟူသော အမည်ဖြင့် ရဟန္တာထေရီမ ဖြစ်လာသတည်း။ (စကားချပ်။ ဂင်္ဂါတီရိယ,ဟူသော အမည်ကား နောက် 'ရဟန္တာဖြစ်'မှ တွင်သောအမည်ဖြစ်၏။ လူ့အဖြစ်တွင် ထိုအမည် မဟုတ်သော်လည်း သိလွယ်,မှတ်လွယ်,စေခြင်းငှာ လူဖြစ်စဉ်၌လည်း ဂင်္ဂါတီရိယ အမည်ရှိကြောင်း ဖော်ပြခြင်းသာ ဖြစ်၏)။

ထေရာ, ထေရီ,ဟူ၍ ဖြစ်လာသောအခါ မိမိရအပ်သော တရားထူးကို ဆင်ခြင်၍ ဥဒါန်း ကျူးရင့်သောအားဖြင့် လည်းကောင်း။ မေးဖြေပြုသောအားဖြင့်လည်းကောင်း၊ သံသရာငွေ့ လွတ်မြောက်လိုသူတို့၊ နည်းနာနိဿယ ရရှိစေလို သင်ခန်းစာ ဖြစ်စေလိုသော အားဖြင့်လည်းကောင်း ဂါထာ တွတ်တွတ် ရွတ်လေ့ရှိကုန်၏။ ဤအရှင်ဂင်္ဂါတီရိယ မထေရ်သည် ဘဝခံစားချက် အတော်နာလာသူ ဖြစ်၏။ သူ့ဘဝဖြစ်ရပ်ကို သူ့ကိုယ်ကို

ဥဒါန်းကျူး၍ ထေရအပဒါန် ပါဠိတော်ကြီး၌ ဤသို့ မှတ်တမ်းတင် ထားခဲ့ပေသည်။

တိဏ္ဏံ မေ တာလပတ္တာနံ၊
ဂင်္ဂါတီရေ ကုဋ္ဋိကတာ။
ဆဝသိတ္တာဝ မေပတ္တော၊
ပံသုကူလဉ္စ စီဝရံ။*

"မေ၊ ငါ၏။ ဂင်္ဂါတီရိယ၊ နာမ ထင်စွာ၊ မထေရ် ငါကား။ ဂင်္ဂါတီရေ-ဂင်္ဂါခေါ်တွင်၊ ရေယဉ်ပတ်သန်း၊ မြစ်၏ကမ်း၌။ တိဏ္ဏံတာလပတ္တာနံ-တီဟိ တာလပတ္တေဟိ-မြစိမ်းရောင်လို၊ စိမ်းညိုဝန်းယှက်၊ ထန်းသုံးရွက်တို့ဖြင့်။ ကုဋ္ဋိ-ငါနေစရာ၊ ရိပ်သာမှန်ကောင်း၊ ကုဋ္ဋိကျောင်းကို၊ ကတာ-ခွဲခွဲ ထွင် ထွင်၊ မှမ်းမတင်ပဲနေလျှင် ဖြစ်ကာ၊ ရုံမျှသာလျှင်၊ ငါပြုအပ်ပြီ။ မေ-ငါ၏၊ ပတ္တောစ၊ ပိတုန်းကောင်လို၊ ညိုမှောင်မည်းချိပ်၊ သပိတ်ဆိုသည်မှာလည်း ဆဝသိတ္တောဝ-သူသေအလောင်း၊ ဆုမှန်တောင်း၍ သွန်းလောင်းအပ် သော နို့ခွက်နှင့်အလားတူ၏။ စီဝရဉ္စ-ငါ့ဝယ် ခြုံလွှမ်း၊ ဝတ်ဆင်မြန်းသည့်၊ သင်္ကန်းဆိုသည်မှာလည်း၊ ပံသုကူလံ-မြေမှုန်လိမ်းဖာပ်၊ စုတ်အပြတ်ကို၊ ချုပ် စပ်ထားအပ်သော ပံသုကူသင်္ကန်းသာ ဖြစ်ချေ၏"

ဒွိန္နံ အန္တရဝဿာနံ၊
ဧကာ ဝါစာ မေ ဘာသိတာ၊
တတိယေ အန္တရဝဿမှိ၊
တမော ခန္ဓော ပဒါလိတော။ ။**

"မေ၊ ဂင်္ဂါမြစ်စောင်း ထန်းလက်ကျောင်း၌ ကိန်းအောင်းစံမြန်း ကမ္မဋ္ဌာန်းနှင့် မဂ်လမ်းကိုရှာ မထေရ်ငါသည်။ ပဗ္ဗဇ္ဇ ကာလတော၊ လူ့ အဖြစ်ကို စွန့်ခွာ၍ ရဟန်းပြုလာသောအခါမှ။ ပဋ္ဌာယ၊ စ၍။ ဒွိန္နံ အန္တရ ဝဿာနံ၊ နေ့ရက်အချိန် ပြက္ခဒိန်ခေတ် တွက်ရေစစ်သော်.... နှစ်နှစ်ကာလ မျှသော ကာလအတွင်း၌။ ဧကာဝါစာ၊ ဿနာနို့ဆွမ်း ငါ ရည်မှန်း၍ လှူဒါန်းစဉ်ခါ တန်လောက်ပါပြီ ဟူသော စကား တခွန်းတည်းကိုသာ။ ဘာသိတာ၊ ငါဆိုဖူးပေ၏။ တတိယေ အန္တရဝဿမှိ၊ ကာလချင့်ထောက် သုံးနှစ်မြောက်ကာလအတွင်း ရောက်သော်ကား။ တမောခန္ဓော၊ လူကောင် နတ်ကောင် ပိတ်လှောင်ကွယ်ကာ။ အဝိဇ္ဇာတည်းဟူသော မှောင်ထုကြီးကို။

---

* - ** ခုဒ္ဒကနိကာယ၊ ထေရဂါထာပါဠိ၊ ပထမဝဂ္ဂ၊ ဂင်္ဂါတီရိယ ထေရဂါထာ ၂၄ဂ။

မယား၊ ငါသည်၊ ပဒါလိဒေတာ၊ အရဟတ္တမဂ် ယင်းလက်နက်ဖြင့် အကြွင်းမဲ့ ဖောက်ခွဲ ဖျက်ဆီးအပ်ခဲ့ပြီ”

ဝင်္ဂီတိရိယ မထေရ်ကား လူ့အဖြစ်လူ့ဘဝကို အလွန်ရှုံကြောက် ထိတ်လန့်သွားဟန်တူ၏။ လူဆိုလျှင် မည်သူနှင့်မှ စကားပြောဆိုခြင်း မပြုလေပဲ ဂင်္ဂါမြစ်စောင်းက ထန်းလက်ကျောင်းတွင် တပါးတည်းသာ နေတော်မူကြောင်း။ သူ့သပိတ်မှာ လူသေကို နှိုးရည်ဖြင့် သွန်းလောင်းသည့် ခွက်နှင့်တူကြောင်း။ သူ့သင်္ကန်းမှာလည်း ပံ့သုကူသင်္ကန်းသာဖြစ်ကြောင်း။ သို့သော်လည်း သူသည် အဝိဇ္ဇာမှောင်ထုကြီးကို သုံးနှစ်အတွင်း အပြီးတိုင် အကြွင်းမဲ့ ဖြိုခွင်းနိုင်ခဲ့ကြောင်း၊ ဥဒါန်းကျူးရင့်တော်မူလေသည်။ တခါက သူ၏ မယားကြီး ဖြစ်ခဲ့ဖူးသည့် သူ့မယ်တော်ကလည်း ဖြစ်ခဲ့ရသော အသည်းတုန်ဖွယ် သူ့ဘဝကို ရင်နာနာနှင့် ဥဒါန်းကျူးလိုက်ဟန် တူ၏။

ဥဘော မာတာစ ဓီတာစ၊
မယံ အာသုံ သပတ္တိဘော၊
တဿာ မေ အာဟု သံဝေဂေါ၊
အဗ္ဘုတော လောမဟံသနော။

“ဘောန္တော-ကာမဘုံသား၊ အို....လူအများတို့။ မာတာစ-အမိသည်လည်းကောင်း၊ ဓီတာစ-သမီးသည်လည်းကောင်း၊ ဉာတိ-ဤသို့အားဖြင့်၊ ဥဘောမယံ-ငါတို့ သားအမိနှစ်ယောက်၊ အရင်းခေါက်ခေါက်တို့သည်၊ သပတ္တိယော-ငါ့ရင်ကဖွား၊ ငါ၏သား၏၊ သက်ထားအိမ်သူ၊ မယားဟူသား၊ လင်တူဇနီးတို့သည်၊ အာသုံ-ကာမယစ်မူး၊ ဝက်နှယ်လူး၍၊ ဖြစ်ခဲ့ကြဖူးကုန်ပြီ။ တဿာမေ-သား၏ဇနီး၊ ဖြစ်လေပြီးသော ထိုငါ့အား။ အဗ္ဘုတော-ကျားသားမိုးကြိုး၊ ဆိုးရွားအထူး၊ မဖြစ်စဖူးသော လောမဟံသနော-ကြက်သီးမွေးညင်း၊ တဖျင်းဖျင်း ထဖွယ်ကောင်းလှသော၊ သံဝေဂေါ-ခြေဘ်....ဖြစ်ရလေခြင်း၊ ဖြစ်လေခြင်းဟု၊ သည်းတွင်းဆူကြွ၊ သံဝေဂသည်၊ အာဟု-အဖြစ်မှန်ကိုဇောန်သိရ၊ သောတာလတွင်၊ မှုချစင်စစ် ဖြစ်ခဲ့ရလေပြီ”

ဓိရတ္ထု ကာမာ အသုစိ၊
ဒုဂ္ဂန္ဓာ ဗဟုကဏ္ဍကာ၊
ယတ္ထ မာတာစ ဓီတာစ၊
သဘရိယာ မယံ အာသုံ * *

“ကာမာ ချစ်မှု ကြိုက်မှု၊ မြတ်နိုးမှုဟု ဆိုအပ်ကုန်သော၊ လူ့ကာမဂုဏ်၊ ငါးအာရုံတို့သည်၊ ဓိရတ္ထု-ရွံစလိလိ၊ စက်ဆုပ်ဖွယ်ရှိကုန်စွတကား။

ဘာသုစီ-မစင်မကြယ်၊ ရှိစဖွယ်ကောင်းကုန်စွတကား။ ဒုဂ္ဂန္ဓာ-ရနံ့မကောင်း၊ အပုပ်နံ့ဘဝထောင်းထောင်းရှိကုန်စွတကား။ ဗဟုဌကဏ္ဍကာ-ထက်စွအထူး၊ ကိလေသာ ဆူးငြောင့်တွေ များကုန်ဘိစွတကား။ တတ္တ-ယသ္မိံ ကာမေ မစင်ဘင်ပုပ်၊ ဆူးငြောင့်တွေ ရှုပ်လှစွာသော အကြင်ကာမဂုဏ်၌။ မာတာစ-ငါ့အမိသည်လည်းကောင်း။ ပိတာစ-ငါ၏ ရင်နှစ် သမီးချစ်သည် လည်းကောင်း။ ဥဘော-သားအမိအရင်းခေါက်ခေါက်၊ နှစ်ယောက်ကုန်သော။ မယံ-ငါတို့သည်။ သဘရိယာ-လင်တူမယား။ တနည်းအားဖြင့် နှစ်ပါးရင်ဆိုင် မယားပြိုင်တို့သည်။ အာသုံ-ရှေးက ညီးလစ်၊ ညွန့်တွင် နှစ်သို့၊ ဖြစ်ခဲ့ကြရဖူးကုန်ပြီ"

ကာမေ သွာဒီနဝံ ဒိသွာ။
နေက္ခမ္မံ ဒဠှ ခေမတော။
သာပဗ္ဗဇိံ ရာဇဂဟေ။
အဂါရသ္မာ နာ ဂါရိယံ။ ***

"အဟံ-ဂင်္ဂါတီရိယမာတာ၊နာမတွင်ပြီ၊ ငါထေရီသည်။ကာမေသု နှစ်သက်စရာ၊ ခင်စရာဟု၊ တွယ်တာမှတ်မှား၊ ကာမဂုဏ်ငါးပါးတို့၌၊ အာဒီနဝံ-တွယ်တာဖွယ်မဟုတ်။ စက်ဆုပ်ဖွယ်ကောင်းသော အပြစ်ကို။ ဒိသွာ-ဉာဏ်စက္ခုတွင်၊ လင်းကနဲ မြင်လေသောကြောင့်။ နေက္ခမ္မံ-ကာမဂုဏ်မှ လွတ်မြောက်ခြင်းကို၊ ဝါ-ကာမဂုဏ်မှ လွတ်မြောက်ကြောင်း ဖြစ်သော နိဗ္ဗာန်ကို၊ ခေမတော-ဘေးကင်းသောအားဖြင့်၊ ဒဠှ-ဉာဏ် စက္ခုဖြင့် ရှုမြင်လေသည် ဖြစ်ရကား။ ရာဇဂဟေ ဘောင်ငါးလုံးတို့ ပိတ်ဖုံးကာခို၊ ရာဇဂြိုဟ်မည်သော မင်းနေပြည်ကြီး၌၊ အဂါရသ္မာ-အိမ်ရာ တည်ထောင် လူ၏ဘောင်မှ နိက္ခမိတွာ-ကိုယ်လွတ်ရုန်း၍ ဖြုန်းကနဲထွက်ခွာ လျက်။ အနာဂါရိယံ-လူနှင့်မသက်လား လူမှ အသီးအခြားဖြစ်သော ရဟန်းဘောင်၌။ ပဗ္ဗဇိံ-လျှော်တေသက်နိုး၊ ဝတ်ဆင်မြန်း၍ ရဟန်းပြုခဲ့ လေပြီ။

ဤ မိသားစု သုံးယောက်တို့သည် လူတို့၌ ဖြစ်ရိုး ဖြစ်စဉ်၊ လူ့ဓမ္မတာမဟုတ်သော သားအမိအရင်း ခေါက်ခေါက်ချင်း၊ မောင်နှမအရင်း ခေါက်ခေါက်ချင်း ပြုခဲ့မိသော လင်ယူသားမွေး အိမ်ထောင်ရေးကိစ္စကို အမိပြု၍ ယင်းသည့်ဖြစ်ရပ်ကို သံဝေဂယူကြလျက် တောထွက်၊ ရဟန်း

---

*။ **။ *** ခုဒ္ဒကနိကာယ၊ ထေရီဂါထာပါဠိ၊ ဒါဒသနိပါတ။ ၄၀၄။

ပြုကာ မိမိအနီးတွင်ရှိသော နိဗ္ဗာန်စခန်းကို လွယ်ကူစွာလက်လှမ်း၍ ယူနိုင်ကြကုန်၏။

သူတို့၏ဘဝဖြစ်ရပ်၊ အတ္တုပ္ပတ်ဝတ္ထုကြောင်းကို ထောက်လျှင်လည်း ကာမသည် လွန်စွာ ကြောက်စရာကောင်းကြောင်း၊ သာမန်သွေးမတော်သားမစပ်သူများကို ထားဘိဦး။ သားအမိအရင်း ခေါက်ခေါက်၊ မောင်နှင့်နှမ အရင်းခေါက်ခေါက်ချင်းပင် မှားယွင်းစွာ ပြုမိတတ်ကြကြောင်း။ ထို့ကြောင့် ဘိုကာမမှ လွတ်မြောက်အောင် ရုန်းထွက်သင့်ကြောင်း ဉာဏ်ဖြင့် လမ်းစဖော်၍ မိမိ၏အနီးတွင် ကပ်လျက်ရှိနေသော နိဗ္ဗာန်စခန်းကို ရင်ဝယ်ပိုက်ထွေးမိအောင် လှမ်းချူယူငင်လျှင် ရနိုင်သော အလားအလာရှိသည် မဟုတ်ပါလော။



## (၂) ချက်မှ အရောင်တလက်လက် ထွက်သော စန္ဒာဘပုဏ္ဏာ၏

## နိဗ္ဗာန်စခန်း လက်တကမ်း ဝတ္ထု

ယနေ့ခေတ်အမြင်နှင့်ဆိုသော်....ထိုအုံ့ပွဲကြီး၏ အမည်နာမ ကို ဤ မျက်မှောက် လူသားအားလုံးကို ထားဘိဦး။ တကမ္ဘာလျှင် တယောက် ပေါ်ပေါက်ရန်ပင် အလွန်ခဲယဉ်းသော 'ရွှေလရောင်၏ ရောင်တော်နီ အုံ့ပွဲကြီး'ဟု ကမ္ဘည်းထိုးရချိမ့်မည်။ ဤသို့ ကမ္ဗည်းထိုးမှလည်း သဘာဝ ကျမည်၊ ဆီလျော်မည်၊ ဘဝနှင့် ဟပ်မိမည်ဖြစ်သည်။ ဤသို့ ကမ္ဗည်း ထိုးထားခြင်းအားဖြင့် ရွှေလရောင်၏ဘဝသမိုင်းကြောင်းမှာအများနှင့်မတူ၊ ပြိုင်ဘက်မပြုနိုင်အောင် တမူထူးခြားနေသောသေသလက္ခဏာရပ်များသည် လူထုနှင့် ရိပ်ဖမ်း သံဖမ်း မျက်မှန်းတန်းမိလာစေ လိမ့်မည်ဖြစ်သည်။

တဖန်တုံလည်း ဤရွှေလရောင် ရောင်တော်နီ အုံ့ပွဲကြီးအတွက် လက်ကမ်းကြော်ငြာများ၊ နံရံကပ် ပိုစတာကြီးများ ရိုက်နှိပ်ဝေငှရန် ယနေ့ ခေတ်၌ ကဲ့သို့ အကုယ်၍သာ ထိုအချိန်က စက္ကူများရှိနေပြီ ဆိုပါလျှင် လည်း'ရွှေလရောင်၏ ရောင်တော်နီ အုံ့ပွဲကြီး''ကြော်ငြာစာများသည် ပလူ ပျံနေပေလိမ့်မည်။လမ်းဆုံလမ်းမတို့၌လည်းကောင်း၊အုတ်နံရံဝင်းခြံ တံတိုင်း အစရှိသည့် ထင်ရှားသော နေရာတိုင်းတို့၌လည်းကောင်း၊ အခြား လူမြင် ကွင်း အချက်အချာတို့၌ လည်းကောင်း ဆေးရောင်စုံ မှုန်းခြယ်ထားသည့် ရွှေလရောင်၏ နံရံကပ် ပိုစတာကြီးများကို နေရာအနှံ့အပြားတွင် မျက်စိ ရှေ့၌ တွေ့တွေ့နေကြရမည် ဖြစ်သည်။

ကမ်းလှမ်းဝေငှအပ်ခသော ကြော်ငြာများကား ကြော်ငြာဆိုသော် လည်း သူ၏ ဟန်မှာ ကြော်ငြာမဆန်၊ စာပန်ဖြင့် ရိုးစင်းစင်းဖွဲ့သားသည်

ကိုသာ တွေ့ရလိမ့်အံ့၊ ကဗျာမဆန်၊ စာဟန်ဖြင့်သာ ဆိုထားတဲ့ ကြော်ငြာ၏ အနှစ်သာရများသည် ဖွဲ့နွဲ့သီကုံးထားအပ်သော အက္ခရာ စာလုံးခေါင်းများ အတွင်း၌ ကိန်းအောင်းလျက် ပါရှိနေသည်ကိုကား—

'အို...ချစ်စွာသော အဆွေ....

သင့်ဘဝ သင်ချစ်ရာလိမ့်မည်ကို ကျွန်ုပ် အကြွင်းမဲ့ ယုံကြည်ပါသည်။ လက်ခံပါသည်။ ဘဝတသက်လျှာ လူဖြစ်လာစဉ်အခိုက်ဝယ် လူချင်းတူတူ၊ သူချင်းမျှမျှ၊ နေချင် ထိုင်ချင်ရှာမည်။ နေလိုထိုင်လိုသော အာသာဆန္ဒများ သင့်သန္တာန်မှာ အပြည့်အဝ ရှိနေလိမ့်မည် ဆိုသည်ကိုလည်း အကျွန်ုပ် အကြွင်းမဲ့ ရိပ်စားမိပါသည်။

သို့သော်....အို ချစ်စွာသော အဆွေ၊ ဘဝဆိုသည်မှာ မြားကဲ့သို့ တဖြောင့်တည်းသွားသော၊ စလုံးစခု၊ အဖုအထစ်မှကင်းသော ဘဝမျိုးကား အလွန်ရှားဘိစွ။ ဆူးငြောင့် သစ်ငုတ်၊ ခလုတ်ကန်သင်း၊ တွင်းကျင်း ညွှန်ပျောင်း၊ ချောင်းပြုတ်ပြုတ်တို့ လွန်စွာ ရှုပ်ထွေး၊ ထူထပ်လှပါကုန်၏။ ခေါက်ရှာငှက် ပျံလေသည့်နှယ် နိမ့်တုံ မြင့်တုံ၊ ချုံချမျှသစ်တုံးကြီးသဖွယ်၊ မြုပ်ချည်ပေါ်ချည်၊ အတည်မကျ၊ ဒုက္ခဆိုက်သည့်အခါဆိုက်၊ သုခသိုက်မြုံနှင့် ကြုံသည့်အခါကြုံ၊ ဤသည်တို့ကား လူ့ဘုံ၏ ဓမ္မတာ ဖြစ်ပါကုန်၏။

အို....ချစ်စွာသော အဆွေ၊ သို့တစေလည်း သင့်မှာ အားလျော့ဆုတ်နစ်ရန်၊ စိတ်ဓာတ်ကျဆင်းရန် အကြောင်းအလျှင်းပင် မရှိပါ။ ဘဝဆိုသည်မှာ ပြုပြင်၍ မရစကောင်းသော အရာမဟုတ်ပါ။ ဘဝကို ရှုံ့ချုပ်သမှုသို့၊ ဖယောင်းသားအလား ထားနိုင်ပါသည်။ ထားပါလေ အဆွေ။ သင်သည် သင့်ဘဝကို ချစ်သူ၊ မြတ်နိုးသူပီပီ၊ ဘဝတလျှောက်လုံး၊ အတိမ်းအစောင်း မရှိစေရအောင် စောင့်ရှောက်ဖို့ လိုအပ်ပါလိမ့်မည်။ ထိုအခါ သင်သည် သင့်ဘဝကို မည်သို့စောင့်ရှောက်လေမည်နည်း။ စဉ်းစားပါ အဆွေ။

အို....ချစ်စွာသော အဆွေ၊ အနက်တရာ မနေရသော်လည်း အမှုတရာ တွေ့ရသည့်ဟု စကားပုံ ရှိသည်ဖြစ်ရာ အဆွေသည်လည်း လူသားထဲက လူသားတယောက်ဖြစ်သည့် အားလျော်စွာ အမည်မဖော်ပြနိုင်သော အမှုသည် အဆွေ့ဘက်သို့ မျက်နှာမူလျက် ရှိကောင်း ရှိနေပါလိမ့်မည်။ မည်သည့်အမှု၊ မည်သည့်အန္တရာယ်ကိုပင်ဖြစ်စေ၊ ကိုယ့်ဆီသို့ ရောက်မလာအောင် ကြိုတင်၍ ကာကွယ်ထားခြင်းသည် အကောင်းဆုံး ဖြစ်ပါသည်။ သူ့ဘဝတွင် ကြီးပွားချင်ပါလျက်၊ ကြီးပွားတိုးတက်ရန် အလားအလာရှိပါလျက် တစုံ

တခုသော အနှောင့်အယှက်ကြောင့် ကြီးပွားလမ်း ဆို့ပိတ်နေတတ်သဖြင့် ၎င်းကိုပွင့်အောင် လမ်းဖွင့်ဖို့ လိုအပ်ပါသည်။ ထို့ကြောင့် အဆွေ့ကို ကျွန်ုပ် မေးပါရစေ၊ အဆွေ ကြိုက်သလို ဖြေနိုင်ပါသည်။ အမေးသည်—

အမှုထမ်း၊ အရာထမ်း၊ အခစားဖြစ်ခဲ့သော်.... လက်ရှိအခြေအနေထက် ရာထူးဌာနန္တရ တိုးတက်စေလိုပါသလား။ အကယ်၍ များမတော်တဆ ရာထူးဌာနန္တရမှ ချထားခြင်း၊ အလုပ်ရပ်စဲခြင်းများ ခံရသော် ထိုရာထူးဌာနန္တရကို ပြန်လည်ရရှိစေလိုပါသလား။

အဆွေသည် ကုန်သည်ရောင်းဝယ်ခြင်းဖြင့် အသက်မွေးသူ ကုန်သည်တဦးဖြစ်ခဲ့သော်.... ရောင်းပန်း ဝယ်ပန်း ပွင့်စေလိုပါသလား၊ ကုန်သည်ရောင်းဝယ် ခြင်းဖြင့် ကြီးပွားလိုပါသလား၊ အဆွေ၌ ရောဂါဝေဒနာတခုခု စွဲကပ်နေခဲ့လျှင်၊ ထိုရောဂါမှ သက်သာလွတ်ကင်း၊ ချမ်းသာခြင်းသို့ ရောက် လို ပါ သ လား၊ အဆွေသည်လည်း ကာမဘုံသား ဖြစ်သည့်အလျောက် ချစ်ရေးကိစ္စနှင့် ကင်းနိုင်သည် မဟုတ်သဖြင့် အကယ်၍များ သင့်မှာ ချစ်ရေးမညီဖြစ်နေခဲ့သော် လင်ကွဲ၊ မယားကွဲ၊ ရည်းစားကွဲ စသော အချစ်ကြောင့် ဖြစ်ရသည့် ဆင်းရဲဒုက္ခများနှင့် ရင်ဆိုင်နေရသော်— အဆွေသည် ထိုဝဋ်မှ အမြန်ဆုံး ကျွတ်လွတ်၍ ချစ်သူနှင့် ရွှေလည်တွဲလျက် ပျော်ပွဲဝင်လိုပါသလား၊ သင့်မှာ မည်သို့သော ဆင်းရဲမျိုး၊ ဒုက္ခမျိုး၊ အလိုဆန္ဒ မပြည့်မဝ ရှိနေပါသလား။

အို....ချစ်စွာသော အဆွေ၊ သင်၏ လိုလားချက်ကို ပွင့်လင်းစွာ ဆိုမြွက်၍ ရွှေလရောင်၏ စောင့်ရှောက်ခြင်းကို ခံယူပါလော့။ အဆွေတတ်နိုင်လျှင် ရွှေလရောင်နှင့် အမြန်လာရောက် တွေ့ဆုံ၍ သူ့ထံမှ အရှိန်အဝါကို တောင်းခံပါလော့။ ရွှေလရောင်နှင့် တွေ့ခဲ့သော်— အဆွေ၏ ဘဝသည် သိသိသာသာကြီး ကြီးပွားလာပါလိမ့်အံ့၊ တိုးတက်လာပါလိမ့်အံ့၊ ရွှေလရောင်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးနှင့် အလွန်ကြုံကြိုက်ရခဲဘိစွ။ ထိုပုဂ္ဂိုလ်ကား ဤလူသား ဇာတ်မှာ ထဲမှာ တဦးတည်းသော ပုဂ္ဂိုလ်ထူးဖြစ်ပါချေ၏။ သူနှင့် တွေ့ခွင့်ရဘိမူကား အဆွေ့ဘဝသည် သစ်လွင်တောက်ပသူ ကဲ့သို့ပင် အရောင်တလက်လက် ထွက်လာပါလိမ့်အံ့။

အို....ချစ်စွာသော အဆွေ၊ အဆွေ့အား နိဂုံးချုပ်အားဖြင့် ကျွန်ုပ်တိုက်တွန်းပါရစေ။ အခြားဗာဟိရ ကိစ္စများကို ပြုလုပ်ဆောင်ရွက်ရန်အတွက် အဆွေ့မှာ အချိန်တွေ များစွာရှိပေ၏။

ရွှေလရောင်နှင့် တွေ့ဖို့ဆိုသော အချိန်တို့ကား လူတိုင်းမရနိုင်ပါ။ သူ့ထံသို့ သင်ရောက်လာသော အချိန်သည် သင့်အတွက် မုချ ကောင်းကျိုးပေးမည့်အချိန် ဖြစ်ကြောင်း”

ကြော်ငြာမဆန် စာဟန်ဖြင့် ဖွဲ့ကုံးထားသော ရွှေလရောင်ကြော်ငြာများသည် ရိုးစင်းစင်း ဖြစ်ဘိသော်လည်း အနှစ်သာရ အားဖြင့်ကား “ငါးအုပ်ကြီးကို ကွန်ဖြင့်ပစ်၍ ဖမ်းလိုက်သည့်အလား လူသားထုတရပ်လုံး စိတ်ကို ညွတ်ကျလာအောင် ချိတ်ဆွဲယူငင်ထားသည်ကို တွေ့နိုင်၏။ အဘယ်သူသည် လူချင်းတူတူ သူချင်းမျှမျှ မနေချင်ပဲ ရှိမည်နည်း။ အဘယ်သူသည် ရာထူးမလိုချင်ပဲ မကြီးပွားချင်ပဲ ရောဂါဘယ ကင်းကင်း ရှင်းရှင်းနှင့် ကျန်းကျန်းမာမာ မနေချင်ပဲ ချစ်သူနှင့်အတူ ကြည်ကြည်ဖြူဖြူ မနေချင်ပဲ ရှိမည်နည်း။ ထိုသူဤသူ အားလုံးတို့၏ စိတ်သည် ရွှေလရောင်ကြော်ငြာ၏ ဆွဲဆောင်ရာသို့ အကုန်ပါကုန်လေမည်သာတည်း။

ထိုရွှေလရောင်ကား အသူဖြစ်လေသနည်း။ သူ၏ ရောင်တော်နီဆိုသည်ကား အသို့နည်း။ အဘယ်ကို ဆိုလိုလေသနည်း။ ဤရွှေဤမျှ မာမာ တင်းတင်း ဝင့်ဝင့်ဝါဝါ ကြော်ငြာရဲလောက်အောင် သူ၏ စွမ်းရည်သတ္တိ၊ သူ၏ တန်ခိုးရှိန်ဝါကား အဘယ်နည်း။ သူ၏ဖြစ်ရပ်ကား ဤသို့တည်း။ ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယအုပ်၊ ဗြာဟ္မဏဝဂ် စန္ဒာဘတ္ထေရဝတ္ထု၊ စာမျက်နှာ (၅၃၄)၌ ဤသို့ ဆိုပေသတည်း။

## စန္ဒာဘပုဏ္ဏား၏ ဘဝဖြစ်စဉ်

နေရာကား ရာဇဂြိုဟ်မြို့။ စန္ဒာဘဟူသော အမည်ကား ရာဇဂြိုဟ်မြို့သား တဦး၏ အမည်တည်း။ ထိုသူကား ပုဏ္ဏားတည်း။ ဗြာဟ္မဏမဟာသာလမျိုးမှ ဖွားလာသော ပုဏ္ဏားဖြစ်၏။ သူသည် မွေးကတည်းက လူထူးလူဆန်းကလေးအဖြစ် မွေးလာ၏။

ထူးဆန်းပုံကား အမိဝမ်းမှ ကျွတ်သည်ဆိုလျှင်ပင် သူ၏ ချက်မှ လက်ကနဲ-သက်ကနဲ၊ ရဲရဲနီသော အရောင်များ ထွက်နေ၏။ ထိုရောင်နီများကား ရပ်စဲသွားသည်ဟူ၍ မရှိ။ အမြဲသာလျှင် တလက်လက် ထွက်နေသည်ကို အစွဲပြု၍ မိဘတို့က သူ့ကို စန္ဒာဘ အမည် မှည့်ခေါ်ကြကုန်သတည်း။ (စန္ဒာဘကို-စန္ဒ+အာဘာ,ဟု ပုဒ်ဖြတ်၍ စန္ဒ၊ လ။ အာဘာ၊ အရောင်,ဟု အနက်ဖွင့်။ စန္ဒာဘ၊ လရောင်ဟူ၏။ ယင်းစန္ဒာဘကို ဤ၌ ရွှေလရောင်,ဟု မြန်မာဆန်ဆန် ပြန်ဆို သုံးနှုန်းထားပါသည်။)

ချက်မှ ရောင်နီထွက်ခြင်း၏ အကြောင်းသော်ကား[၁] ရှေးအခါ ကဿပမြတ်စွာဘုရား၏ စေတီတော်၌ စန္ဒကူးနီဖြင့် လဝန်းသဏ္ဍာန် ရေးခဲ့ဖူး၏။ ထိုအကျိုးဆက်ကြောင့် ယခုဘဝ၌ သူ၏ချက်မှ လဝန်းသဏ္ဍာန် ရောင်နီများ ထွက်ခြင်းဖြစ်သော ဟူ၏။ စန္ဒာဘ လူဖြစ်လာသောအခါ သူ၏ချက်မှ ရောင်နီများ ထွက်မှုကြောင့် လူထူးလူဆန်းအဖြစ် လာရောက်ကြည့်ရှုကြကုန်၏။ သူ့လိုလူကား အလွန်ရှား၏။ ဇမ္ဗူမှာ တယူသာ့ဟု ဆိုခြင်းထက် တကမ္ဘာတလူသာ့ဟု ဆိုခြင်းက ပို၍ အဓိပ္ပာယ်ရှိပေသည်။

ထို့ကြောင့်လည်း ထူးထွေတည့်အံ့ရာသော် .... အံ့ဘပါးအဖြစ် လူအများ လာရောက် ကြည့်ရှုကြသည်မှာ အဆန်းမဟုတ်ချေ။ သူ့ ချက်မှ ရောင်နီများသည် လာရောက် ကြည့်ရှုကြသည့် ပရိသတ်အလယ်တွင် လက်ကနဲ လက်ကနဲ ထွက်နေလေရာ အဘယ်သူသည် မအံ့ဩပဲ နေနိုင်ပါမည်နည်း။

စန္ဒာဘ ပုဏ္ဏား ကသေး အသက်(ခန့်မှန်းခြေအားဖြင့်) လေး ငါး ခြောက်နှစ်လောက် ရှိသောအခါ စီးပွားရေးသမား များ၏ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းကို ခံလိုက်ရ၏။ သူ၏ မိဘများသည် စိတ်နေ သဘောထားအားဖြင့် အလွန်ရိုးသားကြကုန်၏။ စီးပွားရေး အခြေအနေအားဖြင့်လည်း သဒ္ဓေ ဘွဲ့ခံလူကုံထံများ ဖြစ်ခြင်းကြောင့် လိုလေသေးမရှိ။ အဘက်ဘက်မှ ပြည့်စုံကြွယ်ဝသူများ ဖြစ်ကြ၏။ ထို့ကြောင့် မိဘများအနေဖြင့် မိမိတို့၏ သားငယ်ကို အကြောင်းပြု၍ စီးပွားရေးအားဖြင့် အမြတ်ထုတ်ရန် စိတ်ကူးထဲမျှပင် မထည့်မိကြလေကုန်။

ထိုအခါ စီးပွားရေး အမြင်ကျယ်သော ပုဏ္ဏားများက စန္ဒာဘ၏ ချက်ကို အကြောင်းပြု၍ စားပေါက်ထွင်ရန် ကြံစည်ကြလေ၏။အချင်းချင်း တိုင်ပင်၍စီမံကိန်းရေးဆွဲကြကုန်လေ၏။ အမိ အဘများအားနှစ်သိမ့် ကျေနပ်လောက်အောင် ဤသို့ ငါတို့ဆိုကုန်အံ့ "အရှင်တို့ကား ဘုန်းရှင်၊ ကံရှင်၊ သမ္ဘာရှင်များ ဖြစ်ပေသောကြောင့် ဘုန်းရှိသော သားထူး သားမြတ်ကို ရရှိကြပေသည်။ ဤ ရာဇဂြိုဟ်မြို့သည် အဘယ်မျှ ကြီးသည် ဆိုစေကာမူ လည်း အရှင်တို့၏သား ဘုန်းသမ္ဘာနှင့် ဆိုသော်အလွန် ကျဉ်းမြောင်းလှ၏။ ခြေမျှပင် မဆန့်သာ။ သူ၏ ဘုန်းသမ္ဘာသည် အရပ် ထက်ဝန်းကျင်အနှံ့ ပြန့်စေသင့်၏။ အပြည်ပြည် အရွာရွာ၊ အမြို့မြို့ ဆိုင်ရာတို့၌ သူ၏ ချက်မှ ထွက်သည့် ရောင်နီများကို လူတို့အား ရှုမြင်စေရသော် .... လူအများ၏

---

၁။ ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယအုပ်။ မြာဟ္မဏဝဂ်၊ စန္ဒာဘတ္ထေရဝတ္ထု။ ၃၃၅။

ကြည်ညိုလေးစားခြင်းကို ခံရလေသည်သာမက၊ ဤသို့သော ပုဗ္ဗဝိသေသ သားထူးသားမြတ်ကို မွေးဖွားပေးသော မိဘဖြစ်သူ အရှင်တို့၏ ဂုဏ်သတင်း မှာလည်း အရပ်ထက် ဝန်းကျင်တွင် ပန်းကဲ့သို့ သင်းလာနိုင်ပါသည်။

ထို့ကြောင့် အရှင်တို့၏ သားကို အပြည်ပြည်သို့ ဒေသစာရီ လှည့် လည်စေသင့်ပါသည်။ သွားလာရေး ကိစ္စ၌ အနှောင့်အယှက်ကင်းရန်နှင့် ချမ်းသောင့် ချမ်းသာ ဖြစ်ရန်အတွက် ကျွန်ုပ်တို့ တာဝန်ယူပါကုန်အံ့။ ဤရွှေ ဤမျှဘုန်းသမ္ဘာနှင့် ပြည့်စုံသော သားကို အိမ်ကလောင် ထဲတွင် ပိတ်လှောင်၍ မထားထိုက်။ သူ့ဘုန်းစွမ်း ရှိသလောက် ကျယ်ကျယ်ပြန့်ပြန့် ကန့်မြူးပါစေ” ဟု ရှေးဦးစွာ သူ့မိဘများအား ကျေနပ် လောက်အောင် ငါတို့ တောင်းပန်ကုန်အံ့။ အခွင့်ရခဲ့သော် ငါတို့အား ရွှေလမ်း ငွေလမ်း ပွင့်လေပြီတည်း”

ဤသို့တိုင်ပင်ကြပြီးနောက် စီးပွားရေးစားဖား၊အချောင်သမား ထို ပုဏ္ဏားတို့သည် စန္ဒာဘ၏မိဘများထံပန်ကြားကြလေကုန်သော်–မိဘများ မှာ ရိုးသားသူများပီပီလွယ်ကူစွာပင်ခွင့်ပြုလိုက်ကြကုန်သဖြင့် စန္ဒာဘပုဏ္ဏား ငယ်မှာ အချောင်သမား ထိုပုဏ္ဏားတို့၏ ခါးပိုက်ဆောင်ဖြစ်သွားလေ၏။ ထို့ကြောင့် ပုဏ္ဏားတို့သည် စန္ဒာဘကိုထမ်းဆောင်ရန်အတွက် ဝေါယာဉ် တခုကောင်းကောင်းကို ရှေးဦးစွာလုပ်ကြ၏။ ဝေါထမ်းအဖွဲ့ကို စနစ်တကျ ဖွဲ့လိုက်ကြကုန်၏။ ထို့နောက် သူတို့သည် လူအများ စိတ်မဝင်စားပဲ မနေ နိုင်လောက်အောင် လှုံ့ဆော်မှုများကို အားထုတ်ကြကုန်သည်။

“သူလို ငါလို လူသားတဦး၏ချက်မှ ရောင်နီများ တလက် လက် ထွက်နေသည်ဆိုလျှင် ကျားသားမိုကြိုးဟု သင်တို့က ဆိုချင် ဆိုမည်။ ယုံတမ်းစကားလား ဟု မေးချင်မေးကြမည်။ ဤပြဿနာကို စကားဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ရှင်းခြင်း ထက် သင်ကိုယ်တိုင်လာ၍ သင့်မျက်စိဖြင့် ရှုလှည့်ပါရန် လေးစားစွာ သင့်အား ဖိတ်ခေါ်လိုက်ပါသည်။

“ပဒုမ္မာကြာများသည် နေရောင်ခြည် သင့်လျှင် ပွင့်၏။ ကုမုဒြာကြာများသည် လရောင်နှင့်သင့်လျှင် ပွင့်၏။ သို့၏ လိုအင် ဆန္ဒဟူသမျှသည်လည်း ရွှေလရောင်(စန္ဒာဘ ပုဏ္ဏား)၏ ချက်မှထွက် သော ရောင်နီနှင့်သင့်လျှင် မုချပွင့်လာမည် ဖြစ်၏။ သင်သည် သင်၏ ကောင်းကျိုး သင်၏ ကြီးပွားမှု တိုးတက်မှု၊ အခြေအနေ ဖြင့်မားမှု၊ ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံမှုကို လိုလားသူ ဖြစ်ပါမူ ကား အဘယ့်ကြောင့် ရွှေလရောင်နှင့် တွေ့ဆုံရန် ဖင့်နွှဲနေပါ သနည်း”

ဤသို့ စသည်ဖြင့် ဝါဒဖြန့်၊ လှုံ့ဆော်၊ ကြေငြာလျက် ဧန္ဒာဘ ပုဏ္ဏားကို ဝေါယာဉ်ဖြင့် ထမ်း၍ အမြို့မြို့၊ အရွာရွာသို့ လှည့်လည်ကြကုန်၏။ ရောက်လေရာရာ အရပ်တို့၌ "တကမ္ဘာလျှင်တယောက် ပေါ်ပေါက်ရန် မလွယ်ကူသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်း ရွှေလရောင်၏ ရောင်တော်နီ အံ့ပွဲကြီး"ဟူသော ကပ္ပည်းဆိုင်းဘုတ်ကြီးကို တင်လျက်။ ယာခုကာလ၌ အခကြေးငွေယူ၍ ဇာတ်သဘင်များကို ရှုံသွင်းကပြကြသည့်ပမာ အခငွေယူ၍ ရွှေလရောင်ကို ရှုံသွင်းကြကုန်လေတော့သည်။

ရုံ၏ပုံစံ၊ အစီအစဉ် အနေအထားမှာ ရုံ၏ အလယ်၌ ငါးတောင်ပတ်လည်ခန့် ခုံမြင့်ဆောက်၏။ ၎င်း၏ အထက်တွင် သလွန်ညောင်စောင်းတခု တင်ထားသည်။ ယင်းသလွန်ညောင်စောင်း၏ ပတ်ပတ်လည် လေးဘက်လေးတန်မှ ကန့်လန့်ကာများ ကာရံထားသည် ။ ယင်းသလွန်ညောင်စောင်းထက်တွင် ရွှေလရောင် (စန္ဒာဘပုဏ္ဏား) နေလျက် ပရိသတ်စုံလောက်သောအခါ ရုံကို ပိတ်လိုက်ပြီး အချက်ပေး ခရုသင်းများကို ပုဏ္ဏားများက သံပြိုင်တတီတီမှုတ်နေကြစဉ် အတွင်း ကာရံထားသော ကန့်လန့်ကာများကို တဖြည်းဖြည်းမ၍ တင်လိုက်သောအခါ ပရိသတ်ထဲမှ "ဟယ်"ဟူသော အမေဒိတ်ပွဲတင်သံများ အကြားမှ ချက်မှ ရောင်နီများ လက်ကနဲ လက်ကနဲ ထွက်နေသော ရွှေလရောင်ကို သလွန်ပေါ်တွင် မြင်ကြရသည်။

ဝင်ကြေးသတ်မှတ်ရာတွင်လည်း ဇာတ်သဘင်များနှင့် ခပ်ဆင်ဆင်ပင်ဖြစ်သည်။ကြည့်ရှုရန်နေရာကိုအတန်းအစားအမျိုးမျိုးခွဲခြားထားသည်။ စင်မြင့်၏ရှေ့ ရွှေလရောင်နှင့် အနီးကပ်ဆုံး အတန်းမှာ ကြေးအများဆုံးဖြစ်၍ နောက်တန်းများမှာ အနီးအဝေးအလိုက် အခနှုန်းထားမှာလည်း ကွာခြားသွားလေသည်။ ဤသည်ကား ရွှေလရောင်၏ လဝန်းသဏ္ဍာန် ချက်မှထွက်သော ရောင်နီကို မြင်ရခါမျှ၊ ကြည့်ရခါမျှ နှုန်းထားဖြစ်၏။ ရောင်နီကို မြင်တွေ့လိုက်ရခြင်း၏ အကျိုးအာနိသင်မှာ အစ၌ ဖော်ပြခဲ့ပြီးသော ကြော်ငြာအတိုင်းဟု ဆိုပေသည်။

အခချောင်စားဖား၊ စီးပွားရှေးလမား ပုဏ္ဏားတို့သည် အလွန်လိမ္မာသော် မြင်ကြကုန်၏။ ရွှေလရောင်၏ ချက်မှ ရောင်နီထွက်ပုံကို ပြသ၍ဖြင့် သူတို့အားမရနိုင်ကြကုန်သေးပဲ၊ ရောင့်ရဲတင်းတိမ်ခြင်း မရှိနိုင်ကြသေးပဲ တို့ထက်မြင့်မားသော၊ ငွေရတောင်းသော စားပေါက်တခုကို သူတို့ ယှဉ်ကြပြန်ကုန်၏။ ယင်းသည်ကား—

"အကြင်သူသည် ရွှေလရောင် (စန္ဒာဘပုဏ္ဏား)၏ ကိုယ်ကာယ အ ဘားကို က ချ ေသ လ ဖြင့် သိ တို့ အုံ၊ ထိုသူ၏ အထံမှ တရာသော ... သူလေသည် ... တို့ အတူ လက်နှစ်

ချောင်းဖြင့် ထိတွေ့သူကို နှစ်ရာ၊ လက်သုံးချောင်းဖြင့် ထိတွေ့သူကို
သုံးရာ စသည်ဖြင့် လက်ဆယ်ချောင်းစလုံးဖြင့် ကိုင်တွယ်ထိတွေ့
သူကို အသပြာတထောင် ယူလေသည်”

ဤအစီအစဉ်အတိုင်း ရွှေလရောင်ဘွဲ့ခံ၊ စန္ဒာဘာပုဏ္ဏား၏ ရောင်တော်နီ အံ့ပွဲကြီးကား ရာဇပြုပ်တခွင်၊ ဗာရာဏသီတခွင်၊ အရပ်ထက်ဝန်းကျင် ပြုံပြုံစင်အောင် လှည့်လည်ပြသည်နှင့်အမျှ၊ ရောက်လေရာ အရပ်တွင်လည်း ရွှေလရောင်၏ သတင်းဂယက်ကား တောမီးသဖွယ် ကူးစက်ပြန့်ပွားလျက် ရှိသတည်း။

ရွှေလရောင်၏ သတင်းသည် သာဝတ္ထိမြို့သို့လည်း ရောက်နှင့်နေပြီးဖြစ်လေရာ၊ ရွှေလရောင် ရောက်သွားလေသောအခါ ခြိမ့်ခြိမ့်သည်းမျှ စည်ကားလျက် ရှိနေ၏။ ရွှေလရောင်အဖွဲ့ကို ကြီးကြပ်အုပ်ချုပ်သော ပုဏ္ဏားတို့သည် အင်မတန် လာဘ်မြင်တတ်ကြ၏။ ဇေတဝန်ကျောင်းတော်ကြီးသည် သာဝတ္ထိမြို့၏ တောင်အရပ်တွင် တည်ရှိလေရာ၊ ပုဏ္ဏားများသည် သူတို့ အသုံးချရန်အတွက် နေရာကောင်းကို ဇေတဝန်ကျောင်းတော်နှင့် သာဝတ္ထိမြို့အကြားရှိ ကွက်လပ်တခုကို ရွေးလိုက်ကြသည်။

ဤနေရာ၌ ရွေးခြင်းကား အကြောင်းရှိပေသည်။ သာဝတ္ထိမြို့သူမြို့သားများသည် ဘုရားကျောင်းတော်သို့ သွား၍ တရားနာလေ့ရှိကြရာ၊ ဇေတဝန်ကျောင်းတော်သို့သွားသော် ဤလမ်းက သူတို့သွားကြမည်။ ထိုအခါ သူတို့သည် သွားယင်း ဟန်လွှဲဆိုသကဲ့သို့ ငါတို့ကို မကြည့်ပဲ နေကြမည်မဟုတ်။ ဘုရားကျောင်းသွားသူ များသည်နှင့်အမျှ ငါတို့အဖို့ အကျိုးရှိနိုင်သည်,ဟု တွက်ချက်ကြပြီး ထိုကွက်လပ်ကို ရွေးချယ်လိုက်ကြခြင်းဖြစ်လေသည်။

ထိုပုဏ္ဏားတို့၏ တွက်ချက်ယူဆကြပုံမှာ မှန်သင့်သလောက်မှန်နေ၏။ သာဝတ္ထိ၌ အရိယာသာဝက သန်းခေါင်စာရင်းကောက်သော် ငါးကုဋေရှိသည်ဆို၏။ ထိုသူတို့သည် ဆွမ်းစားပြီးချိန်၌ ပန်းနံ့သာစသော လှူဖွယ်ဝတ္ထုများ ယူဆောင်လျက် ဇေတဝန်ကျောင်းသို့ တရားနာ သွားကြမြဲဖြစ်လေရာ ရွှေလရောင်, ရောက်လာသော အခါ၌လည်း ထိုသူတို့သည် သွားနေကျ ထုံးစံအတိုင်း၊ တရားနာသွားကြသည်ကို ပုဏ္ဏားတို့က မြင်လေသော်“သင်တို့ ဘယ်သွားကြမည်နည်း”ဟု ပုဏ္ဏားများက ထွက်၍မေးကြလျှင် “ဘုရားကျောင်းသို့ ငါတို့ တရားနာသွားကြမလို့” ထိုသူတို့က ရိုးသားစွာ ဖြေကြကုန်၏။

ထိုအခါ ပုဏ္ဏားတို့သည် ထိုတရားနာ သွားသူတို့အား သူတို့ဘက်ပါအောင် ဆွဲဆောင် သိမ်းသွင်းကြလေသည်ကား “အချင်းတို့၊ ထိုဘုရား

ကျောင်း သွား၍ တရားနာခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ သည်ကို လာကြကုန်လော့။ ရွှေလရောင်ဘွဲ့ခံ ငါတို့ စန္ဒာဘာ ပုဏ္ဏားကား အလွန် တန်ခိုးအာနုဘော် ကြီးဘိစွ။ သူ့လောက် တန်ခိုးကြီးသောသူ ဤဇမ္ဗူတွင် တလူမျှမရှိ၊ စန္ဒာဘာပုဏ္ဏား၏ အသားကို လက်ဖျားကလေးဖြင့် ထိခါမျှ ထိရသူသည် ဒိဋ္ဌလက်ငင်း ချက်ချင်း အကျိုးခံစားရ၏။ လာကုန်လော့"

"ရွှေလရောင်ဘွဲ့ခံ စန္ဒာဘာပုဏ္ဏားကို ဝင်၍ရှုကြည့်ကြကုန်။ သူ၏ ထူးခြားသော ကိုယ်ကာယကို လက်ဖြင့်ကိုင်တွယ်ဇမ်းသပ် ကြည့်လှည့်ကြကုန်"ဟု ရှိတွင်းသို့ အတင်း ဆွဲ မခေါ်ကြရုံတမည်၊ ဤသို့ ဤနှယ်သော ဆွယ်လုံး၊ ပို့လုံးတို့ဖြင့် ၊ သိမ်းရုံးဆွဲဆောင်ကြ၊ လတ်သော်၊ တရားနာသွား ဗုဒ္ဓဘာသာဝင်များကလည်း "သင်တို့ စန္ဒာဘာ၏ အာနုဘော်ဆိုသည်မှာ အဘယ်နည်း။ တန်ခိုးကြီးသောအရာတွင် တို့ဘုရားနှင့် တူသူမရှိ၊ တို့ဘုရားသာ တန်ခိုးအကြီးဆုံး၊ အာနုဘော် အရှိဆုံး"ဟု အားကျမခံ၊ တုံ့ပြန် ပြောဆိုကြကုန်လေ၏။

ဤသည်မှစ၍ ဘုရားကျောင်းသွား တရားနာများနှင့် ပုဏ္ဏားတို့ အပြန်အလှန် ငြင်းခုံကြလေတော့သည်။ "မြတ်စွာဘုရားကသာသည်"ဟူ၍ လည်းကောင်း၊ စန္ဒာဘာကကသာသည်"ဟူ၍ လည်းကောင်း အနိုင်မခံ၊ အရှုံးမပေးပဲ ငြင်းကြ၊ ခုံကြလေတော့သည်။

ထိုအငြင်းပွားမှု ပြဿနာကား တဖြည်းဖြည်း ကြီးထွားလာလေသည်။ မြို့ခံလူများကတဘက်၊ ခြေ့သည် ရွှေလရောင်အဖွဲ့မှ ပုဏ္ဏားများက တဘက်၊ သူနိုင် ငါနိုင်၊ ဆရာချင်း ပြိုင်နေကြသည်။

"သင်တို့ ရွှေလရောင်ဘွဲ့ခံ စန္ဒာဘာပုဏ္ဏားမှာ အရောင်ထွက်သည် ဆိုစေဦးတော့၊ ထိုအရောင်မှာ တခုတည်းသော အရောင်သာ ဖြစ်သည်။ တို့မြတ်စွာဘုရား သခင်မှာကား ရောင်ခြည်တော်ခြောက်ပါး၊ ကိုယ်တော်မှ တလက်လက် အမြဲထွက်နေသည်။ ထို့ကြောင့် တို့ဘုရားက သာသည်"ဟူ၍ မြို့ခံလူများကဆိုကုန်၏။ ထိုအခါ ပုဏ္ဏားများကလည်း အလျှော့မပေး ကြကုန်။

"သင်တို့ မြတ်စွာဘုရားမှာ ရောင်ခြည်တော် ခြောက်သွယ်ထွက် သည် မှန်စေဦးတော့- ယင်းရောင်ခြည်တော်များက သူခပ်သိမ်းတို့အား အကျိုးသက်အောင် မစွမ်းနိုင်။ ဒို့စန္ဒာဘာပုဏ္ဏား၏ ချက်မှ ထွက်သော အရောင်သည် တမျိုးတစားတည်းပင် ဖြစ်လင့်ကစား၊ ၎င်း၏အရောင်ကို မြင်တွေ့ကြရသူတို့အား ဒိဋ္ဌလက်ငင်း အကျိုးကို ပေးနိုင်စွမ်း ရှိပေသည်။ ထို့ကြောင့် ငါတို့စန္ဒာဘာ ပုဏ္ဏားကသာသည်"ဟူ၍ ဆိုကုန်လေ၏။

ဤသို့ ရှိ၏ ပြင်ဘက်တွင် အငြင်းပွားနေသည့် စကားများကို အတွင်း၌ ရှိနေသော စန္ဒာဘပုဏ္ဏားသည် အတိုင်းသား ကြားရလေသော 'အခါ ပုထုဇဉ်တို့ ဓမ္မတာအတိုင်း မာနတည်းဟူသော မြွေဟောက်က ခေါက်ကနဲ ပါးပျဉ်းထောင်လာသည်။ ငါ့ထက်သာသူ ဤဇမ္ဗူမှာ ရှိသေးသလော'ဟူသော စိတ်က ထိပ်ဒပါ တက်လာသည်။

"ကိုင်း....သည်လို ငြင်းခုံနေကြလျှင်ဆုံးနိုင်မည်မဟုတ်။ တို့ဘုရားနှင့် သင်တို့ စန္ဒာဘပုဏ္ဏား၊ ဘယ်သူက တန်ခိုးကြီးသည်, မကြီးသည် ပြိုင်ရအောင်၊ တို့ဘုရားထံ သင်တို့စန္ဒာဘ ပုဏ္ဏားလိုက်ရဲပါမည်လော"

ပုဏ္ဏားတို့သည် ထိုမေးခွန်းကို မိမိတို့အနေဖြင့် မည်သို့ဖြေရမည်မသိပဲ ကြောင်စီစီ ဖြစ်နေကြသည့်အခိုက် "ကျွန်ုပ် ကြောက်ရမည့်သူ မမွေးသေး" ဟူသော အသံနှင့် အတူ သူတို့အနီးသို့ စန္ဒာဘပုဏ္ဏားရောက်လာလေသည်။

"ကောင်းပြီ ကျွန်ုပ်လိုက်အံ့၊ ကျွန်ုပ်၏ အာနုဘော် အဘယ်မျှကြီးသည်ကို သင်တို့ဘုရားအား သိစေအံ့၊ သွားကြလော.... ကျွန်ုပ်လိုက်အံ့၊ ကျွန်ုပ်သည် ဤလောက၌ အာနုဘော်ဩရာတွင် မည်သူ့ကိုမျှ အရှုံးပေးမည်မဟုတ်။ သင်တို့ဘုရားသည် ကျွန်ုပ်၏ အာနုဘော်ကို ယှဉ်ပြိုင်နိုင်အံ့ထင်သလော"

ဤကုံးဝါးချက်များကား များမကြာမီ ကာလအတွင်း၌ နိဗ္ဗာန်စခန်းကို လက်လှမ်းရှိဆွတ်ချူ ယူငင်တော့မည့် စန္ဒာဘပုဏ္ဏား၏ ရဲရဲတောက်စကားဖြစ်ပေသည်။ ဤသည် နောက်ပိုင်းတွင်မူကား စန္ဒာဘပုဏ္ဏားနှင့် သူ၏အပွဲသည် မြို့ခံလူတုံ တရားနာသူများနှင့်အတူ ဘုရားသခင်၏ ရှေ့မှောက်သို့ ရောက်သွားလေပြီတည်း။

"ဟယ်....ဘယ်လိုဖြစ်သွားတာလဲ"

ဤအသံကား စန္ဒာဘပုဏ္ဏား၏ ဘက်တော်သား ပုဏ္ဏားများ၏ ခံဘွင်းမှ တခဲနက်ထွက်လာသော အာမေဍိတ်သံ ဖြစ်လေသည်။ ပုဏ္ဏားတို့သည် သူတို့ အားကိုးအားထား ပြုနေသော စန္ဒာဘပုဏ္ဏားကိုကြည့်ကာ ကြောင်တက်တက် ဖြစ်ကုန်လေ၏။

အကြောင်းသော်ကား "ဘုန်းမှိုင်မှောက်၊ ဘုန်းမဲ့ပျောက်" ဆိုသော အဟုတ်ပင်၊ ဘုန်းတော်အနန္တနှင့် ပြည့်စုံတော်မူသော ဘုရားသခင်၏ ရှေ့တော်မှောက်သို့ ရောက်လေသောအခါ စန္ဒာဘပုဏ္ဏား၏ ချက်မှ ထွက်နေကျ အရောင်သည် မထွက်လေတော့ပဲ ကွယ်လေ၏။ ထိုအခါ စန္ဒာဘပုဏ္ဏားမှာ ကျိုးကန်းတောင်းမှောက်ထားသည့်သဖွယ်၊ မျက်နှာ သူငယ်နှင့် ရှိနေရှာလေသည်။

ပုဏ္ဏားတို့သည် အခြေမလှသဖြင့် စန္ဒာဘပုဏ္ဏားကို အပြင်သို့ ခေါ်ဆောင်သွားကြ၍ ဗုဒ္ဓ၏ မျက်ကွယ်သို့ ရောက်လေသောအခါ စန္ဒာဘ၏ ချက်မှ ထွက်နေကျ အရောင်ထွက်နေသည်ကို တွေ့ကြရလေ၏။ ထိုအခါ စန္ဒာဘနှင့်တကွ ပုဏ္ဏားများ အားတက်လာပြီး ဘုရားသခင်ထံသို့ ပြန်သွား၍ ရှေ့တော်မှောက် ရောက်လေသောအခါ ချက်မှ အရောင်ထွက်မလာတော့ပဲ ကွယ်မြဲကွယ်နေပြန်ရကား ဘုရားထံမှ ထွက်လာကြပြန်ကုန်၏။

ဤသို့အားဖြင့် ချက်မှ ထွက်နေကျ အရောင်ထွက်မလာသဖြင့် ဘုရားသခင်၏ ရှေ့တော်မှ သုံးကြိမ်တိုင်တိုင် ထွက်လိုက်၊ ဝင်လိုက် ဖြစ်နေပြီး သုံးကြိမ်မြောက် ဗုဒ္ဓ၏ ရှေ့တော်သို့ စန္ဒာဘ ပုဏ္ဏားအရောက်တွင် မိမိ အရောင်များ ကွယ်သွားပြန်လေသောအခါ စန္ဒာဘပုဏ္ဏားသည် ဗုဒ္ဓအား ဤသို့ မေးခွန်းတပုဒ် ထုတ်လေတော့သည်။

စန္ဒာဘ — "အသို့နည်း အသင်ရဟန်း၊ ငါ၏ အရောင်ကို ကွယ်စေတတ်သော မန္တရားအတတ်ကို အသင်တတ်သလော"

ဗုဒ္ဓ — "အိမ်း ပုဏ္ဏား၊ ငါတတ်ပေ၏"

စန္ဒာဘ — "သို့ဖြစ်ဘိသော်.... ထိုမန္တရားကို ငါ့အား ပေးပါလော"

ဗုဒ္ဓ — "ငါကဲ့သို့ ရဟန်းမပြုသောသူအား ထိုမန္တရားကို ပေးခြင်းငှာ ငါမတတ်နိုင်"

ထိုစကားကြောင့် စန္ဒာဘပုဏ္ဏားသည် ငိုင်ကျသွားလေသည်။ ဟင်းကနဲ သက်ပြင်းကြီးကို တချက်မှုဘ်ထုတ်လိုက်ယင်း စိတ်ဝင်စားစွာ တွေးနေ၏။ ခဏကြာသော်.... သူသည် သူ၏ ပုဏ္ဏားများအား ဤစကားကို ဆိုလေသတည်း။

"အချင်းတို့ ဤမန္တရား အတတ်ကိုသာ ငါတတ်ခဲ့သော်.... ဤဇမ္ဗူဒိပ်ကျွန်းအပြင်၌ ငါသာလျှင် အမြတ်ဆုံး ဖြစ်သတ္တံ့။ သင်တို့သည် ဤမြို့မှာပင် စောင့်နေကြကုန်ဦး၊ ငါနှစ်ရက် သုံးရက်ခန့် ရဟန်းပြု၍ မန္တရားအတတ်ကို ငါယူခဲ့အံ့"ဟု သူ၏ အဖော်ပုဏ္ဏားများအား မှာကြား၍ ပြန်လွှတ်ပြီးနောက် ဗုဒ္ဓထံတော်၌ ရဟန်းအဖြစ်ကို တောင်းခံ၍ ရဟန်းပြုလေ၏။ စန္ဒာဘတိက္ခု ဟူ၍ပင် တွင်၏။ ထိုအချိန်အထိ စန္ဒာဘပုဏ္ဏားသည် နိဗ္ဗာန်ဆိုသည်ကို စိတ်ကူးထဲမျှပင် မထည့်မိသေး။ သူ၏ ရဟန်းအဖြစ်လည်း သဒ္ဓါပဗ္ဗဇိတ မဟုတ်၊ လာဘပဗ္ဗဇိတ မန္တရားတည်းဟူသော သာဘ်ကို လိုချင်၍ ပြုသော ရဟန်းသာဖြစ်၏။

ဗုဒ္ဓသည် စန္ဒာဘရဟန်းအား ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို သင်ကြားပေးတော်မူလျှင် "ဤသည်ကား အဘယ်နည်း"ဟု စန္ဒာဘက ဗုဒ္ဓကို မေးလျှောက်လေသောအခါ "ဤသည်ကား မန္တရား၏ ပရိကံတည်း။

မန္တရားအတတ်ကို အသန့်ရှင်းဆုံးနှင့် အမြန်ဆုံး တတ်မြောက်လွယ်စေရန် အလို့ငှာ ပြုလုပ်ဆာ ဒ သာကျင့်ဝတ်ဘခုဖြစ်၏။ ယင်းကိုထပ်တလဲလဲသရဇ္ဈာယ်လော''ဟု မိန့်တော်မူ၏။ စန္ဒာဘရဟန်းလည်း မန္တရားအတတ်ကို တတ်မြောက်လိုသော လောဘဇောဖြင့် ဗုဒ္ဓစေခိုင်းတော် မူသည့်အတိုင်း.... ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို စီးဖြန်းလေ၏။

ဤကာလအတွင်း သူ၏ ဘက်တော်သား ပုဏ္ဏားတို့သည် သူ့ထံသို့ လာရောက်၍ လေ့လာကြကုန်၏။ အကဲ ခတ်ကြကုန်၏။ "အသို့နည်း မန္တရားကို ရပြီလော။ ယင်းအတတ်ကို တတ်ပြီလော"ဟု မေးကုန်၏။ "ငါ—မရသေး၊ မယူသေး။ သင်တို့ ပြန်၍ စောင့်နေဦး"ဟု ဆို၍ ပြန်လွှတ်လေ၏။

"ငါမန္တရားအတတ်ကိုရမှ ဇမ္ဗူတလွှားဝယ် .... အာဂယောကျ်ား ငါတကား"ဟု ကြုံးဝါးပြလိုက်မည်ဟူသော ဇွဲမာန်ဖြင့် ကမ္မဋ္ဌာန်းကိုချည်း ဇူးစူးစိုက်စိုက် စီးဖြန်းခြင်းပြုရာက နှစ်ရက်- သုံးရက်ခန့် အကြာတွင် ကိလေသာ အာသဝေါ ကွာလျက် ရဟန္တာ ဖြစ်သွားလေသတည်း။ သူ၏ လက်တကမ်းတွင် ရှိနေသော နိဗ္ဗာန်စခန်းကို သူ၏ ဉာဏ်တံချူဖြင့် ချူကာ အသာကလေး လှမ်းယူလိုက်နိုင်ပြီတည်း။ သူ့ထံသို့ နောက်ဇကြိမ် ပုဏ္ဏား များလာရောက်၍ မေးမြန်းကြသော အခါ၌ကား "သင်တို့ သွားကြကုန်လော့။ ယခုအခါ၌ ငါကား တခါရောက်က တခေါက် ပြန်လာခြင်း မရှိသော သဘောကို ပြုအပ်ပြီ"ဟု ဆို၍ ပြန်လွှတ်လေ၏။

ထိုစကားကို ရဟန်းတို့ ကြားလေသော်....စန္ဒာဘရဟန်းသည် သူ့ကိုယ်သူ အာသဝေါကုန်ခန်း ရဟန္တာဖြစ်သယောင်ယောင် ပြောနေပါသည်ဟု မြတ်စွာဘုရားအား လျှောက်ကုန်၏။ ထိုအခါ ဗုဒ္ဓက "ရဟန်းတို့၊ စန္ဒာဘသည် မှန်သောစကားကို ဆိုပေ၏။ သူသည် အမှန် အာသဝေါ ကင်းကွာ၍ ရဟန္တာ ဖြစ်ကုန်ပေပြီ"ဟု မိန့်တော်မူပြီး ယင်းစန္ဒာဘကို အကြောင်းပြု၍ အောက်ပါ ဂါထာကို ဟောတော်မူသတည်း။

စန္ဒံဝ ဝိမလံ သုဒ္ဓံ၊
ဝိပ္ပသန္န မနာဝိလံ၊
နန္ဒီဘဝ ပရိက္ခီဏံ၊
တ မဟံ ဗြူမိ ဗြာဟ္မဏံ၊

"ဘိက္ခဝေ၊ မဟုတ်သည်ကို အဟုတ်လိုလျှင် ပြောဆိုနေဘိ အထင်ရှိ၍ ငါ၏သံမှောက် နားတော်လျှောက်သည့် စုံယောက်စူစမ်း ဒို.... ရဟန်းတို့။ ဝိမလံ၊ ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးငါးဝတို့မှ ကင်းစင်

ပသော။ စန္ဒကူဝ၊ ရောင်ဝါထိန်ဝင်း ဖိုးလမင်းကြီးကဲ့သို့၊ သုဒ္ဓ၊ ကိုယ်မှာစွဲကပ် မီးနှယ်ဟပ်၍ ပူပန်စေတတ်သော ကိလေသာတို့မှ ကင်းဝေးစင်ကြယ်သော။ ဝိပ္ပသန္န၊ အထူးသဖြင့် ကြည်လင်သောစိတ်ရှိသော။ အနာဝိလံ၊ ကိလေသာတည့် အနယ်စုလျက် နောက်ကျုခြင်း မရှိသော။ နန္ဒိဘဝပရိက္ခီဏံ၊ ကာမ, ရူပ, အရူပဟု ဘဝသုံးဖြာ ဘုံအလွှာ၌ တွယ်တာတပ်မက်ခြင်း ကုန်လေပြီးသော၊ တံပုဂ္ဂလံ၊ စန္ဒာဘ ကဲ့သို့သော ထိုပုဂ္ဂိုလ်မျိုးကို။ ဗြာဟ္မဏံ၊ ဗြာဟ္မဏဟူ၍။ အဟံ၊ ငါသည်။ ဗြူမိ၊ ဟောတော်မူ၏”

ဗုဒ္ဓသည် စန္ဒာဘရဟန်းအပေါ်၌ ရဟန်းတို့ ဖြစ်ရှိနေသောသံသယ အညစ်အကြေးကို ဤဂါထာဖြင့် ဆေးကြောတော် မူသောအခါ တရားတော်၏ အဆုံးတွင် များစွာသောသူတို့လည်း နိဗ္ဗာန်စခန်း ကျွတ်တမ်းဝင်ကုန်လေ၏။

ဤဝတ္ထု၌ စန္ဒာဘပုဏ္ဏားလိုချင်ရမ္မက်၊ ငမ်းငမ်းတက်ဖြစ်နေသည့်ကား မန္တရား၊ ထိုမန္တရား ရရှိရေးအတွက် တလစပ် စီးဖြန်းလေသည်ကား အသုဘကမ္မဋ္ဌာန်း။ ထိုကမ္မဋ္ဌာန်းကို စီးဖြန်းယင်း သူ့စိတ်တွင် ထင်ထင်လာသည်ကား မတင့်တယ်သော အသုဘအာရုံ၊ ထိုအသုဘ အာရုံကို ရှုယင်းရှုယင်း မိမိသန္တာန်မှ ကင်းလွတ် ကျွတ်ထွက်သွားလေ သည်ကား ကိလေသာ၊ ယင်းကိလေသာတို့ ကင်းကွာသွားသည်နှင့် တပြိုင်နက် လက်ကို ကမ်းခါမျှဖြင့် လက်ထဲ၌ ရရှိလာလေသည်ကား၊ နိဗ္ဗာန်။ ။

ဤဝတ္ထုကို ထောက်လျှင်လည်း....

နိဗ္ဗာန်သည် သင်၏အနီး၊ သင်၏ လက်တကမ်းမှာပင် ရှိနေ၏။ သတိတမန် ဉာဏ်တံချူ ဖြင့်ရအောင် ဆွတ်ချူ၍ ယူနိုင်ရန်သာ အရေးကြီး၏။



## (၃) ဘုရားသခင်၏ ရှေ့တော်မှောက်ဝယ်
## အရက်မူးပြီး သီဆိုကခုန်၍ ရမ်းကြသော မိန်းမကြမ်း ငါးရာတို့၏

## နိဗ္ဗာန်စခန်းလက်တကမ်းဝဿ၊

အရက်သည် နိဗ္ဗာန် ကမ်းတဘက်သို့ စူးစူးစိုက်စိုက် ရောက်သည် အထိ ပို့ဆောင်ပေးသော ကုတ်တို့နှင့် တူသည်ဟု ဆိုလျှင် ထိုစကားသည် အမှားစင်းစင်းတည်း။ မဆိုအပ် မဆိုသင့် မဆိုထိုက်သည်ကို မှားယွင်းစွာ ဆိုအပ်သော စကားသာ ဖြစ်ဘိ၏။ မှန်၏။ အရက်သည် နိဗ္ဗာန်၏ ဆန့်ကျင်ဘက် အပါယ်လေးပါး၏ ငယ်ပေါင်းကြီးဖော် စင်စစ်ဖြစ်သည် မဟုတ်ပါလော။

သို့သော်....

အရက်သည် နိဗ္ဗာန်ကုတ်ဟုဆိုသည်ကို ထောက်ခံသူများ ရှိလာသည်။ သူတို့သည် အကြောင်းမဲ့ ထောက်ခံခြင်းမျိုး မဟုတ်လေပဲ၊ ယုတ္တိရှိရှိ သက်သေခံ အခိုင်အမာအဖြစ် သူတို့ကိုယ်သူတို့ ပြယုဂ်ထုတ်လျက် အကြွင်းမဲ့ ထောက်ခံသူများ ဖြစ်လေသည်။

သူတို့က ဆိုပေသည်။ 'လူကိုဖျက် အရက်' ဆိုသည်ကို ကျွန်ုပ်တို့ ယုံကြည်၏။ သို့သော်...ခြွင်းချက်တော့ ထားစေချင်သတဲ့။ အရက်သည် မကိုလနိဗ္ဗာန်၏အန္တရာယ် ဖြစ်ကြောင်း အပါယ်သို့သွားစေတတ်ကြောင်း၊ အရက်သောက် သူသည် ယုတ်စွ အဆုံး လူ့အဖြစ်၊ လူ့ဘဝ မှာပင် နေရသည် တိုင်လည်း လူကောင်း စင်စစ်က သူရူး ဖြစ်စေကတတ်ကြောင်း။ ထို့ကြောင့် ဘုရား အစရှိသော သူတော်ကောင်း ပုဂ္ဂိုလ်တို့က အရက်ကို

ရှောင်ကြဉ်ကြရန် တင်းတင်း ကျပ်ကျပ် တားမြစ်တော် မူကြကြောင်း ဆိုသည်ကိုလည်း မငြင်းလိုပါ။

သို့သော် ကျွန်ုပ်တို့အတွက် ဝကွက်၍ ချန်လှပ်ပြီး ယေဘုယျအားဖြင့်သာ ဟူ၍ ယူဆစေချင်ပါသည်။

တဖန်တုံ အရက်သည် ကောင်းကျိုးကို မည်သည့် အခါမျှ ပေးလေ့မရှိ။ မကောင်းကျိုးကိုသာ ဖိ၍ဖိ၍ ပေးတတ်သည်ဟု ဆိုကြ၏။ မှန်ပါသည်။ ယုံကြည်စွာ လက်ခံပါသည်။ သို့သော် ထို မကောင်းကျိုး ဆိုသည်ကပင် ကျွန်ုပ်တို့အဖို့ လက်တွေ့အားဖြင့် ကောင်းကျိုးကြီး ဖြစ်၍ နေပါ၏။ အရက်ကြောင့် နိဗ္ဗာန်ကို ကျွန်ုပ်တို့ရကြသည်။နိဗ္ဗာန်ကို ကျွန်ုပ်တို့ မျက်မှောက် ပြုနိုင်ခဲ့ကြသည်မှာ အရက်ကြောင့်။ တင်္ဂတဖိုလ်ကို ရနိုင်ခဲ့ကြသည် မှာလည်း အရက် ကြောင့်သာဖြစ်ပါသည်။ အဘယ်၍ ကျွန်ုပ်တို့ သည် အရက်နှင့် မယဉ်ပါးခဲ့ရဖူး ဆိုခဲ့သော် အရက်ကို မမှီဝဲကြရဖူး ဆိုခဲ့ သော် နိဗ္ဗာန်သည် ကျွန်ုပ်တို့နှင့် အဝေးကြီးမှာသာ ရှိနေပေဦးမည်။ ကျွန်ုပ်တို့သည် ကာမဗွက်အိုင်မှ ရုန်းထွက်နိုင်ကြမည် မဟုတ်ကုန်သေး။ ကျွန်ုပ်တို့ အတွက် သီးခြားကွက်၍ ဆိုရပါသော် အရက်သည် တသက် တာတို့ ကာလပတ်လုံး ဆပ်၍မကုန်နိုင်သော ကျေးဇူးရှင်ကြီး အစစ်ပါ တည်း။ မယုံမကြည် မရှိပါလင့်။ သက်သေအဖြစ် ကျွန်ုပ်တို့ကိုကြည့်ပါဦး" ဟု ဝံ့ရဲစွာ သူတို့ဆိုပေသည်။

ထိုသူတို့ဆိုသူများကား [၁] သာဝတ္ထိမှ မြို့ကြီးသူများ ဖြစ်၍ အရေ အတွက်အားဖြင့် ငါးရာရှိပါသတည်း။သူတို့ကိုကြည့်သော် အဘယ်သို့သော အသွင်များကို မြင်ကြရလေမည်နည်း။ သက်သေသာဓကအဖြစ် တင်ပြ ချက် သူတို့၏စကားများကို နားစွင့်ရသော် အဘယ်သို့ ကြားရလေမည် နည်း။ နားထောင်ပါဘိ။ စာစာ စာစာနှင့်ဆိုပြောနေကြသော ထိုအသံ များကား သူတို့အသံ မဟုတ်ပါလော။

"အို....အချင်းတို့၊ ကျွန်ုပ်တို့အား မည်သည့်အတန်းအစား မျိုးထင်ကုန်သနည်း။ ကျွန်ုပ်တို့ကား အပျိုစစ်စစ် ဆယ့်ခြောက်နှစ် မဟုတ်ကြပါကုန်။ လင်ကိုယ်စီနှင့် လင်ရှိ မယားများပါတည်း။ ဆွေဂုဏ် မျိုးဂုဏ် အားဖြင့် ဆိုသော် ကျွန်ုပ်တို့၏ ခင်ပွန်းလင် များသည် သာဝတ္ထိမြို့ပေါ်တွင် အကျော်ဇော‌ယျ အထက်လွှာတွင်

---

၁။ ဓမ္မပဒအဋ္ဌကထာ၊ ဒု၊ဇရာဝဂ်၊ ဝိသာခါယ သဟာယိကာနံ ဝတ္ထု၊၂၀၀။

ပါဝင်သူများဖြစ်ခြင်းကြောင့်'မူးကောင်းတော့စင်ခံ၊လင်ကောင်းမှ စံရသည်'ဆိုသော အတိုင်းကျွန်ုပ်တို့ တခေတ္တမှာ လင်ကောင်းမယား ပီပီ ဂုဏ်နှင့်ဒြပ်နှင့် စည်းစိမ်ရှင်မများ ဖြစ်ပါ၏။

ကျွန်ုပ်တို့အဖို့ လင်ကံကောင်း သလောက် သူတို့အဖို့တွင် မယားကံ ဆိုးလေခြင်းဟု အရပ်က သမုတ်ကြပါသည်။ ကျွန်ုပ်တို့ကပင် လွန်သလော....သမုတ်သူများကပင် လွန်သလော, ဆိုသည်ကို ဉာဏ်ကြီးရှင်များ ဆင်ခြင်တော်မူကြပါကုန်။ မှန်ရာပြောလျှင် သစ္စာပါ-တဲ့။ မှန်သည်ကိုသာ ကျွန်ုပ်တို့ ဆိုပါအံ့။ မယား ဝတ္တရား ငါးမျိုးရှိလေသည့်အနက် အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သချာ ဆိုသော်လည်း ဤသည်ကို ကျွန်ုပ်တို့အနေဖြင့် လုံးဝအသိအ ှတ်မပြုချေ။ အိမ်တွင်းမှုလုပ် ဆိုသည်မှာ အစေခံများ၏ အလုပ်သာဖြစ်၏။ လုပ်စရာရှိသည်ကို အစေခံများနှင့် လွှဲထားလျှင် ကိစ္စပြတ်သည် မဟုတ်ပါလော။ သိမ်းထုပ်သချာ၊ ဆိုသည်မှာလည်း အိမ်တွင် တံခါးတွေ၊ ဗီရိုသေတ္တာတွင်လည်း သော့တွေရှိသားမင့် ဟာ တံခါးကိုလုံအောင်ပိတ်၊ သော့ကိုနှာနှာခတ်လျှင် ကိစ္စပြတ်သည်ပင် မဟုတ်ပါလော။ သည်တော့ကာ ကျွန်ုပ်တို့အနေဖြင့် အိမ်မှုရေးရာတွေကိုလိုက်ပြီး ဂရုစိုက်နေဖို့ ဘာလိုတော့မည်နည်း။

ထို့ကြောင့် အိမ်ထောင်ရေး ရှုကွက်တွင် ကျွန်ုပ်တို့၏ ဦးတည်ချက်ကား ပျော်ပျော်နေ-သေခဲ ဟူပေ၏။ ကျွန်ုပ်တို့ပျော်ပျော်နေကြသည်။ မပူလို၍ ယောက်မရှာ, ဆိုသော အတိုင်း လင်ယူတာ ဘာလုပ်ဖို့ ယူသနည်း။ လူ့ဘဝ ဘသက်လျှာ တိုတောင်းလှသော ကာလကလေးအတွင်း၌ ရွှင်ပျော်ပျော် နေချင်၍ လင်ယူသည်ဟု ျိုးသားစွာ ကျွန်ုပ်တို့ ဝန်ခံပါ၏။ ထို့ကြောင့် ပွဲဆိုလျှင် မည်သည့်ပွဲကိုမျှ ကျွန်ုပ်တို့ချမ်းသာမပေးခဲ့။ ဆိုင်းသံဗုံသံမှ ကြားစေ။ ဖျင်းကိုခါ၍ ဖျာကိုအလျင်ဆုံး ဦးနှင့်အောင် ခင်းကြ၏။ တော်တော်တန်တန် ပွဲဆိုလျှင် ကျွန်ုပ်တို့ ပရိသတ်နှင့်ပင် ပြည့်မတတ်ဖြစ်ချေ၏။

ထိုမှတပါး အရက်....အရက်၊ မိန်းမတန်မဲ့နှင့် အရက်ကိုလည်း ကျွန်ုပ်တို့ ခက်ပုန်းခုတ်မိအောင် ခုတ်လိုက်ကြသေး၏။ သည်မျှသာလည်း မဟုတ်တုံသေး။ ကျွန်ုပ်တို့ အသိုက်အဝန်းထဲတွင် အလွှာစုံပါ၏။ အရောင်စုံလှ၏။ အချို့က အတီးအမှုတ်ဝါသနာပါသည်။ အချို့က သီချင်းဆိုကောင်းသည်။ အချို့က အကကောင်း

သည်။ အရက်ကလေး တမြမြနှင့် မူးကြ၊ လက်ခုပ် လက်ဝါး တဖြောက်ဖြောက်နဲ့စည်ဝါးကိုက်အောင်လိုက်သူကလိုက်၊ စည်းဝါး အလိုက် ထ၍ကသူက၊ ခွေးအူ အူသည်နှယ် အသံကြောင်နှင့်သီချင်း ဆိုသူကဆို၊ သည်ဟာကိုများ ကျွန်ုပ်တို့ လင်ယောကျ်ားများအား မယားကဲ့ဆိုးသတဲ့တော်....''အံ့ရော့–အံ့ရော့'' အရက်ရှိန်ကလေး ပြေပြီဆိုလျှင်....နှုတ်စ အာစက ရှင်မှန်းမသိ ရှင်ရှင်လာသည်။ ထို အခါ နှုတ်စရှင်ရှင်နဲ့ လင်တော်မောင်၏ အနားကိုတိုး၊ သူမြတ်နိုး တတ်သည့် လက်ဆောင်ကို နှင်းလျှင် အဘယ် မောင်မင်းကြီးသား သည် မယားအပါးက အဘယ်မှာခွာနိုင်ပါတော့မည်နည်း။ သည် တော့ကာ အရက်ကို ကျွန်ုပ်တို့ ရေလဲနှင့် အသုံးပြုကြ၏။ ပျော်ရွှင် မှုအတွက် တရစ်၊ လင်ချစ်ဆေးအတွက်တဖြာ၊ ဣဋ္ဌာသယ လိုတိုင်း ရပင် ဖြစ်ပါတော့သည်။

''အို....လူအပေါင်းတို့၊ သစ်ငုတ်တိုသည်ပင်လျှင် နွဲ့ ဖန်များ သော်....နွဲ့ရတုံသေး၏။ ကျွန်ုပ်တို့၏ လင်ယောကျ်ား များသည် သစ်ငုတ်တိုများ မဟုတ်ကြ။ သူတို့လည်း လော ကီ သား ပေ ကိုး။ နွဲ့ ဖန်များလတ်သော် မနွဲ့ပဲခံနိုင်ရိုးလား။ ''မယားကို သည်လိုပဲ အလို လိုက်ထားရသလား၊ သည် လို ပဲ လက် ပိုက် ပြီး ကြည့်နေတော့ မှာလား''စသည်ဖြင့် ပတ်ဝန်းကျင်က ထာတုံးကတိုက် လုပ်ကြလေ တော့ရာ၊ ဤသည်ကို အကြောင်းပြု၍ ကျွန်ုပ်တို့၏ဘဝမှာ တဖုံ သစ်၍ တဖြစ်လဲဖို့ကိန်း ကြုံလာပါတော့သည်။အဖြစ်ကသည်လိုပါ။ ကျွန်ုပ်တို့၏ ခင်ပွန်းလင်များသည် အလွန် ရိုးသားကြသည်ကား မှန်၏။ သို့သော် မယားကိုဥပေက္ခာပြု၍ နေချင်သလိုနေဟု ပေါက် လွှတ်ပဲစား လွှတ်ထားကြသည်မဟုတ်၊ ဝတ်မှု၊ စားမှု၊ သွားမှု၊ လာမှု ပေါင်းသင်းဆက်ဆံမှုကအစ သူတို့ ဉာဏ်မီသလောက်၊ သူတို့ ဗဟု သုတ ကြွယ်ဝသလောက် ကျွန်ုပ်တို့အား တိုးတိုးတိတ်တိတ်၊ ကျိတ်၍ တမျိုး၊ ပွင့်ပွင့်လင်းလင်းတဖုံ မျိုးစုံအောင် ဆုံးမကြပါကုန်၏။ ကျွန်ုပ်တို့ကလည်း ခင်ပွန်းလင်များအပေါ်တွင် အိမ်ဦးနတ်အလား၊ ရိုသေလေးစားကြပါသည်။ သူတို့ရှေ့တွင်''အင်း....ဟုတ်ကဲ့မောင်'' ဟု ဆိုစကားကို အကြွင်းမဲ့ နားထောင်ကြပြီး ဆန့်ကျင်ဘက်ဆို၍ ကိုယ်အမူအရာ အားဖြင့်သော်လည်းကောင်း၊ နှုတ်အမူအရာအား ဖြင့်သော်လည်းကောင်း၊ ပြသခြင်း လုံးဝမပြုကြပါ။ အဲ....သူတို့ မျက်ကွယ်မှာတော့ ခွေးမြီးကောက် ကျည်တောက်စွပ် ကိန်းမျိုးပဲ ဆိုပါတော့ တပြုံးပြုံးနှင့် မော်ခဆုံး နေပိုက်ကြသည်။ ဒါက

ကျောက်မရသည့်ညဥ့်ပေကိုး။ လင်ကိုမဆန့်ကျင်လျှင် မယားကောင်း တယောက်ရဲ့ လက္ခဏာထဲမှာ အကျုံးဝင်နိုင်သည် မဟုတ်ပါလား။

အဲ.... ပတ်ဝန်းကျင်က ကတုံးကတိုက် လုပ်ကြသည့်အခါ လင်ယောကျ်ားများက ကျွန်ုပ်တို့အား တိုက်ရိုက်ဆိုဆုံးမခြင်း မပြု ကြတော့ကုန်၊ ဆုံးမသော်လည်း အရာမရောက်မှန်းကို သူတို့အသိ ဆုံးပေပ။ ပမာအားဖြင့် ကျောက်ဖျာပေါ်၌ ချသော မီးခဲကဲ့သို့ ကျောက်ဖျာကို လောင်ကျွမ်းအောင် မတတ်နိုင်။ မီးသာငြိမ်းသွား သည်။ ကျောက်ဖျာကတော့ မပြုံးရေးချ မပြုံ။ ဤပုံနှင့် အလား တူစွာပင် သည်ငါမနိုင်မတွေကို လာချင်ရာလာ၊ သွားချင်ရာသွား၊ သည်လို ပေါက်လွှတ်ပဲစား၊ လျစ်လျူရှုလိုတော့ မဖြစ်ချေဘူး။ သင်းတို့ကို ဗိုင်းကောင်းကျောက်ဖိ၊ ပိပိရိရိရှိလာအောင်၊ ယဥ်ပါး လာအောင် ဆုံးမပဲ့ပြင်ပေးမည့် ဆရာကောင်း၊ သမားကောင်းထံ အပ်မှပဲဆိုပြီး ကျွန်ုပ်တို့အားတခလေးကျောင်းအပ်သည့်နှယ် ဝိသာခါ ကျောင်းအမကြီး၏ လက်သို့ ဝကွက်၍ အပ်လိုက်ပါတော့သည်။

ဤသို့အားဖြင့် ပတ်ဝန်းကျင်က 'လင်မနိုင်မများ'ဟု ဂုဏ် ထူးဆောင် ဘွဲ့တံဆိပ်ချီးမြှင့်ခံရသော ကျွန်ုပ်တို့ကား သေချင်သည့် ကျား တောပြောင်း ဆိုရလေမည်လား၊ တရွာမပြောင်း သူကောင်း မဖြစ်, ဆိုရလေမည်လား၊ ခင်ပွန်းလင်များ၏ ရင်ခွင်မှ မိခင်ကြီး ဝိသာခါ၏ အေးရိပ်သာအောက်သို့ ကျွန်ုပ်တို့တတွေ တသိုက်တဝန်း ကြီး ရောက်ရှိသွားလေသောအခါ အစပထမတွင်မူ အရက်သောက် ဖို့က အစ အကျပ်အတည်းနှင့် ကြုံကုန်တော့တာပ။ သို့ရာတွင် ခဏသာ ဖြစ်ပါသည်။ နောက်တော့လည်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြံဖန်ပြီး ခွက်ပုန်း ခုတ်နိုင်လာကြသည်။ ဝိသာခါမှာ ဘုရားအမ၊ ကျောင်း အမကြီးပပီ ဘုရားကိစ္စ ကျောင်းကိစ္စများဖြင့် သာ အချိန်ကုန်လေ့ရှိရာ ယိုအချိန်များကား အရက်ခွက်ပုန်း ခုတ်ရန် ကျွန်ုပ်တို့အတွက် ကြားချောင်နေသည် မဟုတ်ပါလော။ ရသမျှ အချိန်ကို အချည်နှီးမဖြစ်စေပဲ အရက်နှင့် ပလူးပလဲ ကျွန်ုပ်တို့ ကြံဖန်၍ နေတတ် ထိုင်တတ်ရှိလာသည်။

ဝိသာခါသည် ရံခါရံခါ ကျွန်ုပ်တို့ကို ကျောင်းသို့ ခေါ် ခေါ်သွားလေ့ရှိလေ၏။ "ဘုရားကရားနှင့် ကျွေ့သော် သည်ကောင်းပ ဟော့ သိမ်မွေ့လာကြလိမ့်မည်"ဟု သဘောပိုက်မိဟန် တူပါ၏။ ဘုရားကိုလည်း ဖူးရပါ၏၊ တရားတော်ကိုလည်း နာရပါ၏။ သို့သော်....ကျွန်ုပ်တို့၏ စိတ်၌ နှစ်နှစ်ခြိုက်ခြိုက်ကြီး မရှိလှ။ ဗုဒ္ဓစာ

ဟောတော်မူပါ၏။ ဒါနတရားတွေ၊ သီလတရားတွေ၊ နိဗ္ဗာန်တရားတွေ မည်သို့ပင် ဟောစေကာမူလည်း ကျွန်ုပ်တို့အဖို့လိပ်ကျောကြောင်ကော် ပြောင်ချော်ချော်သာ ဖြစ်နေတော်၏။ အရက်မသောက်ရသော နိဗ္ဗာန်မျိုး၊ ပွဲမကြည့်ရသော နိဗ္ဗာန်မျိုး၊ ဟေးလားဝါးလား ပျော်ပျော်ပါးပါး မနေရသော နိဗ္ဗာန်မျိုးကို ကျွန်ုပ်တို့အလိုမရှိ။ အကယ်၍ နိဗ္ဗာန်မှာ အရက်တွေ ဗုန်းပေ လအော၊ ပွဲတွေလမ်းတွေ ဒုန်းဒေး ဆိုလျှင်မူကား ထိုထိုနိဗ္ဗာန်ကို ကျွန်ုပ်တို့ စဉ်းစားကောင်း စဉ်းစားနိုင်ကြပေမည်။

အရက်၏ အရှိန်အဝါသည် သာမည၊ အညတရ အတန်းအစားမျိုး မဟုတ်ပေ။ ၁၂-ရာသီ ပွဲတော်ကြီးများကဲ့သို့ "ဂေဇက်ဝင်ပွဲတော်ရ"အရက် ဖြစ်ပါ၏။ တခါသော်.... မြို့တွင်းမြို့ပြင် လေးပြင်လေးရပ် မောင်းကြေးနင်းခတ်လျက် ကြော်ငြာဟစ်ကြွေးသံများ ကြားရ၏။ ကြော်ငြာ၏ ဦးတည်ချက်တား "ယနေ့မှစ၍ ခုနစ်ရက်တိုင်တိုင် အရက်သဘင်၊ အရက်ပွဲတော်ကြီး ဖြစ်လတ္တံ့" ဟူပေ၏။ အရက်ပွဲတော်အတွက် ကျွန်ုပ်တို့ အရက်ရှာရပြီ။ ခုနစ်ရက်လုံးလုံး လင်တော်မောင် ဘုန်းဘုရားများ သုံးဆောင်မှီဝဲရန် အတွက် ဘဲ၊ ကြက်၊ ဝက် စသည်ကို ကိုယ်တိုင်ကြော်လှော်၍ လင်တော်မောင်များအား ကိုယ်တိုင် အရက်ပွဲတော်စာများ ဆက်ကြသည်။ ထိုစဉ်အခါ ကျွန်ုပ်တို့သည် လင်ကွယ်ရာတွင် အရက်အိုးချိုးကပ်မတတ် ဖြစ်ခဲ့ငြားသော်လည်း လင်ယောကျ်ားနှင့် အတူတကွ ပုလင်းတူ-ဗူးဆို့ ခွက်လှည့်သောက်ခြင်း အမှုမျိုးကိုကား ကျွန်ုပ်တို့ ရှောင်ကြဉ်ကြ၏။ ဤသည်ကပင် ခင်ပွန်းလင်ကို အယုံသွင်းရာရောက်၏။ "အခြားလူတွေက ငါ့မယားကို အရက်သောက်သလေး၊ ဘာလေးနဲ့ မနာလိုလို့ ပြောကြတာ၊ အရက်ကို တကယ်စွဲနေမှတော့ ကိုယ့်ချစ်သူနှင့် အတူတွဲပြီး သောက်တော့မှာပ" ဟူ၍ လင်ကို အထင်ရောက်စေပါသည်။

ခုနစ်ရက်စေ့လျှင် အရက်ပွဲကြီး ပြီးဆုံးသွား၏။ ရှစ်ရက်မြောက်သောနေ့တွင် ကျွန်ုပ်တို့၏ ခင်ပွန်းလင်များ အလုပ်လုပ်ရန် အိမ်က ထွက်သွားကြသေသောအခါ.... ကျန်ရှိနေသော အရက်များအတွက် လျှာဖျားက သွားရည်များ တမြားမြား ကျလာသည်။ ငါတို့ မပျော်ရ၊ မပါးရသည်မှာ ကြာပြီ။ သည်အရက်များကို အပေါ်ပြု၍ ငါတို့ ပျော်ကြ၊ ပါးကြကုန်အံ့ဟု တသွေးတသံတည်း ဆုံးဖြတ်လိုက်ကြပြီးနောက်၊ အရက်သောက်ဖို့နေရာ စားကျက်ကို

ရွေးကြသည်တွင် ဝိသာခါ၏ ဥယျာဉ်ကို မြင်ယောင်လာကြသည်။ သို့သော်.... ဝိသာခါက ကြားထဲမှ ခိုးလိုးခုလု ခံနေ၏။ သူ့ ဥယျာဉ်သို့ သူ၏ ခွင့်ပြုချက် မရပဲ မည်သူမျှ မဝင်ရ မဟုတ်ပါလော၊ ဝိသာခါက ကျောင်းသို့သွားရန် ခေါ်နေကျအတိုင်း ကျွန်ုပ်တို့ကို ခေါ်လေသောအခါ၊ သခင်မ သည်ကနေ့ တနေ့တော့ ခွင့်ပြုပါ။ ကျွန်တော်မတို့ ဥယျာဉ်သို့ သွားလိုပါသည်။ သွားပါရစေ ခွင့်ပြုပါ,ဟု အခန့်သင့်ပင် ကြားဝင်၍ ပန်ကြားလိုက်ကြသည်။ ဝိသာခါသည် ဟန့်တားခြင်း မရှိ။ ကျွန်ုပ်တို့၏ ဆန္ဒအတိုင်း သွားစေ,ဟု ခွင့်ပြုချက်အရ ကျွန်ုပ်အတွက် အရက်တခါးကြီး ပွင့်သွားလေပြီကော။

ရာသီဥတုက ကျွန်ုပ်တို့အား ကောင်းချီးသြဘာပေးလေသည့် ပမာ ထိုနေ့အဖို့ အထူးသာယာလျက် ရှိနေသည်။ ဝိသာခါ၏ ဥယျာဉ်အတွင်း သဘာဝအားဖြင့် သင်းနေသော ပန်းရနံ့များကား အရက်နံ့၏ဒဏ်ကို ခံလိုကြဟန်မတူ၊ ကျွန်ုပ်တို့၏ နှာဝတွင် ပန်းရနံ့များအစား၊ အရက်နံ့များက လွှမ်းမိုးလာသည်။ သောက်လိုက်ကြ အရက်၊ အငြိုးနဲ့ အတိုးချပြီး ပျော်လိုက်ကြသည့်ဖြစ်ခြင်း၊ သီချင်းဆိုသူကဆို တီးသူကတီး၊ မှုတ်သူကမှုတ်၊ ကသူက,က၊ အရက်၏ တန်ခိုးကြောင့် ဥယျာဉ်တခုလုံး ကျက်ကျက် ညံသွားတော့၏။ ကျွန်ုပ်တို့တတွေ မူးလို့ကောင်းနေတုန်း ကကြ,ခုန်ကြ,သီဆိုကြနှင့် ပျော်လို့ ကောင်းနေသည့်အခိုက်၊ ဝိသာခါသည် ဘယ်အချိန်က ဆိုက်ရောက် လာသည်မသိ။ "ဟဲ့ကောင်မတွေ" ဟူသော ခြသေ့ဟောက်သံကြီးနှင့် အတူ၊ ဝိသာခါသည် ကျွန်ုပ်တို့ အပေါ်ဝယ် မားကနဲ ရပ်လာမှ သိရတော့၏။

"ညည်းတို့ဟာ တရားလွန်လှပါပါကလား၊ ကုလားသိုက် ကျားဝင်ကိုက်သည့်နှယ် တကတဲ ဆူလို့ ညံလို့။ မိန်းမတန်မဲ့ သည် လောက်တောင် ဂ္ဂင္လ မဲ့ သိက္ခာမဲ့ ဖြစ်ကြရတာ ညည်းတို့မရှက်ကြ ဘူးလား။ ကိုယ့်လိပ်ပြာကိုမှ ကိုယ်မလန့်ကြဘူးလား။ ငါ့မျက်နှာကို တောင်မှ မထောက်၊ ငါ့ဥယျာဉ်ထဲမှာ ပေါက်သောက်ကရတွေကို ညည်းတို့မို့ လုပ်ရက်ကြပလေအေ...."ဟု မြည်တွန် တောက်တီးပြီး နောက် ဝိသာခါသည် ကျွန်ုပ်တို့အား ဘာသာရေးနှင့် ကိုင်၍ ရိုက်ပြန်ပါချေ၏။ "ညည်းတို့အသိဉာဏ် ခေါင်းပါး လှချေကလား။ ရဟန်းဂေါတမ၏ တပည့်မတွေ အရက်သောက်ကြသည်ဟု တိတ္ထိတို့ ကဲ့ရဲ့စရာ ဖြစ်မကုန် ပေဘူးလား။ သည်ဟာကိုများ ညည်းတို့

ယောကျ်ားတွေ သိကုန်ယင်လားအေ၊ ညည်းတို့ ကျောက်ခွဲမယ်သာ ပြင်ပေတော့''ဟု အမိ ဝိသာခါက ကျွန်ုပ်တို့အား လင်နှင့်လှည့်၍လည်း ခြောက်လိုက်သေးသည်။ ထိုအချိန်တွင် အရက်ရှိန်ကလည်း မပြေသေးလေတော့၊ အရက်မူးမူး ကမူးရှူးထိုးနှင့် ပြောချလိုက်ပါသည်။ ''အိမ်က ယောကျ်ားကမေးယင် ကျွန်တော်မတို့ ဖျားချင်ယောင် ဆောင်နေလိုက်မှာပ''

မှန်၏။ ဝိသာခါသည် ထိုလင်မနိုင်မ မိန်းမငါးရာတို့ကို ဆိုပြောဆုံးမပြီး အိမ်သို့အသီးသီး ပြန်လွှတ်လိုက်သဖြင့် အိမ်သို့ပြန်ရောက်ကြသောအခါ သူတို့ပြောသည့်အတိုင်းပင် အရက်မူးမူးနှင့် အိပ်ရာထဲပစ်လှဲလိုက်ကြပြီး ဖျားချင်ယောင်ဆောင်နေလိုက်ကြကုန်၏။ သူတို့၏ခင်ပွန်းလင်များအလုပ်က ပြန်လာကြသောအခါ တယောက်ကောတယောက်နားဆိုသကဲ့သို့ အဆိုပါ အရက်သမ မမချောတို့၏မကောင်းဆိုးဝါး သတင်းပုပ်ကြီးကို အိမ်မရောက်မီ လမ်းကတည်းကပင် တစွန်းတစ ကြားသားပြီးသား ဖြစ်၏။

အိမ်သို့ ပြန်ရောက်ကြလေသောအခါ အရက်နှင့်အပန်းဖြေမည်ဟု ယမန်နေ့က အရက်အကြွင်းအကျန်များကို ကြည့်သောအခါ အချို့မှာအရက်စင်စစ်ကရေဖြစ်နေခြင်း၊အချို့မှာ အနံ့သာအရက်နံ့ထွက်ပြီးအရသာမှာ ရှေးကနှင့်မတူတော့ခြင်းစသောအားဖြင့်အရက်များပုံပျက်ပန်းပျက်ဖြစ်နေသည်ကို တွေ့ကြလေသော်....ဒေါသထွက်သည်နှင့်အမျှ၊ ဇနီးသည် မမချောတို့၏ မျက်နှာကို ကွက်ကနဲ မြင်ယောင်လာသည့် အလျောက်၊ အိပ်ခန်းထဲ ဝင်ကြည့်လေသောအခါ သဥ္ဇာလီ ညောင်စောင်းပေါ်တွင် ခွေခွေကလေး လဲလျောင်းနေသော ဇနီးများကိုမြင်လျှင် ''ရှင်မ၊ ဘာဖြစ်နေတာလဲ''ဟု မေးလေသော်''နေထိုင် မကောင်းလို့ပါမောင်''ဟု မာယာနှောင်ကြိုးတည်းလျက် မသဲမကွဲလေသံဖြင့် နူတ်ဖွင့်အပြောတွင် အရက်နံ့က ခံတွင်းထဲက ထောင်းကနဲထွက်လာသည်။

ထိုအခါ အလွန်ရိုးလှပါသည် ဆိုသော လင်ယောကျ်ား သည်ပင် ''အရက်တွေ ကုန်ရသည်မှာ သင်းတို့ လက်ချက်'' ဟု တွက်မိသည့် အလျောက် မိမိတို့၏ မယားကို ဖခနောင့်နှင့်ခေါက်သူကခေါက်၊ပါးပြင်ကို သွားစဉ်သွားမတတ် လက်ဝါးစောင်း တီးသူက တီးနှင့် မယ်မင်းကြီးမတို့ ကပ်သင့်ကုန်ကြလေ၏။ ယင်းသို့ အရက်ဘန်ခိုးကြောင့် ပါးကျိုးမတတ် အရိုက်ခံရပါတုံလျက်လည်း မယ်မင်းကြီးမတို့ကား အမှတ် သည်းခြေမရှိကြကုန်။ ထန်းရည်သမားသည်အမူးပြေလျှင် ထန်းနို့ကို မော့ကြည့်၊ဆိုသည် အတိုင်းပင် သူတို့သည် ဝိသာခါ၏ ဥယျာဉ်ကို မျက်စိထဲ မြင်ယောင်လာကုန်သည်။ သခင်မ- ကျွန်တော်မတို့ ဥယျာဉ်သို့ သွားလိုပါကုန်၏။ သွား

ပါရစေဟု ဝိသာခါ၏ထံတွင် ပန်ကြားလေသောအခါ၌လည်း "အမယ်လေး....တန်ပါတော့ မချောတို့၊ သည်အခါဆိုယင် ငါ့ဥယျာဉ် ဖွတ်ဖွတ်ညက်ညက် ကြေချည့်ရဲ့....ညည်းတို့ကို ဥယျာဉ်တော့ မလွှတ်ဘူး၊ ငါနဲ့အတူ ကျောင်းကို လိုက်ခဲ့ကြ" ဟု ကျောင်းကို အပါခေါ် လေသတည်း။

ဝိသာခါ၏ အကြံကား သည်ကောင်မတွေကို ငါ့အနေနဲ့ နိုင်အောင် မထိန်းနိုင်တော့၊ သူတို့ အုပ်ချုပ်မရသည့်အတွက် သင်းတို့ လင်တွေက သင်းတို့ကို ငါလက်သို့ ဝကွက်၍ အပ်သော်လည်း လက်တွေ့ကျတော့ ငါလည်း မတတ်နိုင်။ သူတို့ လင်များသာမက ငါလည်း သင်းတို့ကို နိုင်အောင် မကိုင်နိုင်တော့၊ ဘုရားသခင့်ထံ အပ်နှံမှ တော်မည်, ဟူသော အကြံဖြင့် ကျောင်းသို့ ခေါ်သွားခြင်းဖြစ်၏။ ဤရှုကွက်ကို သူတို့က မည်သို့ နောက်ကြောင်း ပြန်ကြသည် ထင်သနည်း။

"အို....ရွှေပွဲလာဥပါသိကာတို့အမိဝိသာခါက ငါတို့ကို သူနှင့်အတူ တပါတည်း လိုက်ခဲ့ရန် ကျောင်းသို့ အပါခေါ်သေသော် ငါတို့မှာ မလိုက်ရခက်၊ လိုက်ရခက် ဖြစ်နေ၏။ အရက်ပြဿနာကြောင့်ဖြစ်၏။ ဘုရားကျောင်းဝင်းထဲမှာ မည်သို့ အရက်ပွဲလုပ်တော့မည်နည်း။ ကျွန်ုပ်တို့ကား အရက်ဝါ အတော် ရင့်နေသူများ ဖြစ်သောကြောင့် သွားလေရာရာမှာ သောက်တော်ဗူးရယ်နဲ့ အိုမကွာ-အိုမကွာ, အသင့်ဆောင်ဆောင်လာခဲ့ကြသည်။ အရက်နဲ့ ဘုရားကျောင်း၊ ကျော်မကောင်း, ကြားမကောင်းများ ဖြစ်ကုန်မှ ဖြင့်,ဟု စဉ်းစားကြပါသေး၏။

သို့သော်....သို့သော် ဘုရားကျောင်းတော်သို့ အမိဝိသာခါ ရှေ့ဆောင်လျက် ကျွန်ုပ်တို့ ရောက်သွားကြပါလေပြီ။ အမိဝိသာခါ သည် ဘုရားသခင်ထံ ဦးဦးဖျားဖျား သွားရောက်ဖူးမြော်နေခိုက် အလိုက်သင့် ခါးကြားတွင် ခိုးဝှက် ယူဆောင် လာကြသည့် သောက်တော် ဗူးများမှ အရက် တန်ဆောင်းကြီး တခုထဲသွားကာ တိတ်တိတ်ပုန်း သောက်လိုက်ကြသည်။ အမိဝိသာခါသည် ဘုရားသခင်ထံ၌ ကျွန်ုပ်တို့ အကြောင်း ဘာတွေ လျှောက်ထားနေသည် မသိ၊ "တရားနာရအောင် လာကြ" ဟု အခေါ်လွှတ် လိုက်သဖြင့် ကျွန်ုပ်တို့တတွေမှာ ကပျာကသီ သောက်တော်ဗူးများကို စွန့်ထားပြီ နောက် မြတ်ဘုရား၏ ရှေ့တော် မှောက်သို့ တရားနာရန် ရောက်ရှိသွားပါကုန်၏။

ထိုအခါ ဘုရားသခင်၏ ရှေ့မှာပင် ဖြစ်လင့်ကစား တိတ်တခိုး သောက်ထားသော အရက်က တဖြည်းဖြည်း တန်ခိုးပြလေ

သဖြင့် မျက်တောင်များစင်းသူက စင်းလာသည်။ ဤအတွင်း အမူးလွန်သော မဇချာတယောက်က ဘုရားသခင် ရှေတော်မှာ ဈေးဦးပေါက် သီချင်းတောက်၍ ဆိုလိုက်ပါချေတော့သည်။ ဤသည်က အစ ထ၍ ကသူက က၊ အော်ကြီးဟစ်ကျယ် အသံကြောင်စီစီနှင့် သီချင်းဆိုသူဏဆို၊ ဘုရားရှေမှာ ပါကလား ့ဟူသော အာရုံပျောက်ပြီး ဥယျာဉ်ထဲ ရောက်နေသလို ထင်ကြသည့်အတိုင်း က ့ခုန်မြူးထူး ပျော်တော်ကြူးကြကုန်သတည်း။

ထိုအချိန်တွင် အစိန္တေယျ၊ ဗုဒ္ဓမြတ်စွာအဖို၊ အသို့ နေတော်မူရှာမည်ကို လုံးဝသတိမရ၊ ကျွန်ုပ်တို့သတိရလေသည်ကား ကျွန်ုပ်တို့တတွေ အရက်မူး၍ ကခုန်မြူးထူး၊ အပျော်ကျူး၍ ကောင်းနေသည့်အခိုက် ရုတ်တရက် နေ့ခင်းကြီးကြောင်တောင်မှာ တကျောင်းလုံး မှောင်မိုက်သွားခြင်း ဖြစ်ပါသတည်း။ [၁]ကျွန်ုပ်တို့ အားလုံးကို မှောင်ထုကြီးက ဖုံးနေပါပြီ။ တယောက်ကိုတယောက် လုံးဝ မမြင်ကြရတော့ပါ။ ထိတ်စိတ် ့လန့်စိတ် ့ကြောက်စိတ် ့စိုးရိမ်စိတ်တို့သည် တိလ္လာ တိမ်လိပ်ကြီးများပမာ အလိပ် အလိပ် တက်လာကုန်ပါသည်။ သီချင်းဆိုသူလည်းတိတ်၊ တီးမှုတ်ကခုန်သူများလည်းတိတ်၊ဆိတ်ငြိမ်သော အမှောင်ထုအောက်ဝယ်၊ ကျွန်ုပ်တို့မှာ ထွက်ပေါက်လည်း မရ၊ ပြေးပေါက်လည်းမရှိ ဖြစ်နေပါလေပြီ၊ ငရဲကျသည့်အလားငယ်သံပါအောင် အော်သူကအော်နှင့် ယခင်က ပျော်ခဲ့သမျှတွေ ဘယ်ပျောက်ကုန်သည်မသိ။ ပြင်းထန်လှပါသည်ဆိုသော အရက်သည်လည်း ထိုအချိန်တွင် လက်စွမ်း မပြနိုင်တော့သည်သာမဏ၊ ကြက်ပျောက် ့ငှက်ပျောက်၊ ဘယ်ဆီ ပျောက်ကုန်လေသည် မသိ။ ကြောက်စိတ်မှတပါး ကျွန်ုပ်တို့မှာ ဘာမျှမရှိတော့။

အဖြစ်ကား ဆန်းသည်ထက်ဆန်း ဆန်းပြီးယင်း ဆန်းနေ၏။ ကျွန်ုပ်တို့မှာ ကြက်သီး တဖြန်းဖြန်းနှင့် သေပန်းပွင့်နေကြသည့် အချိန်တွင် ရုတ်တရက် မှောင်ထုကြီး ပျောက်ပြီး၊ [၂]အလင်း

---

၁။ မှောင်မိုက်သွားခြင်းမှာ ထိုမိန်းမများ ထိက်လန့်ကုန်အောင် ဗုဒ္ဓမြတ်ဘုရားက မျက်မှောင်တော်မှ ညိုသော ရောင်ခြည်တော်များ လွှတ်သောကြောင့် ဖြစ်၏။

၂။ အလင်းရောင်တောက်လာခြင်းကား မိန်းမများအကြောက်ပြေစေရန်အတွက် ဥဏ္ဏာလုံမွေးရှင်တော်မှ ဖြူသောရောင်ခြည်တော် လွှတ်သောကြောင့် ဖြစ်၏။

ရောင် တောက်လာပြန်ပါတော့သည်။ အရောင်၏ အရှိန်အဝါမှာ နေဆယ်စင်း ထွက်သည်နှင့်မခြား၊ အလင်းဓာတ်အား အင်မတန် အားကောင်းလှပါသည်။ ပလ္လင်ပေါ်တွင်ကား ယခင်အတိုင်းပင် ဗုဒ္ဓမြတ်ဘုရား စံတော်မူလျက် ရှိသည်ကို တွေ့ရပါသည်။ ထိုအခါ ကြောက်စိတ်များပြေပြီး "ငါတို့ မသေရတော့ဘူး"ဟု ဗုဒ္ဓ အပေါ်၌ အားကိုးစိတ်များ ဖြစ်ပေါ်လာကြသည့်အခိုက်၊ သာယာ တော်မူလိုက်သည့် အသံနှယ်တော.... ထိုအသံကား ဘုရားသခင်၏ နှုတ်တော်မှ ထွက်လာသော အသံပါတည်း။

"အို....ချစ်သမီးတို့၊ ငါထံသို့လာလျှင် သတိကင်းလွတ် ချွတ်ယွင်းသောစိတ်ဖြင့် လာကြရန်မသင့်။ သင်တို့ သတိလွတ်နေ သည့်အခိုက်တွင် မာရ်၏ လက်ပါးခေ နတ်ဆိုးသည် သင်တို့သန္တာန်၌ ပူးဝင်ခွင့် ရသွားလေသည့်အလျောက် ငါ၏ ရွှေမျှောက်မှာပင် အရှက်အကြောက် ကင်းမဲ့စွာ သင်တို့အား ရှင်မှုကို ဖြစ်စေ၏။ ယခုအခါ သင်တို့သည် မိမိကိုယ်မှာ တညီးညီး တောက်လောင် နေသော ရာဂစသောမီးကို ငြိမ်းအောင် အားထုတ်သင့်ပေသည်။

'ကိံ နုဟာသော ကိမာနန္ဒော၊
နိစ္စံ ပဇ္ဇလိတေ သတိ၊
အန္ဓကာရေန ဩနဒ္ဓါ။
ပဒီပံ နဂဝေသထ။

"ဘောနန္တော၊ သတိကင်းလွတ် ယွင်းချွတ်မြူးထူး မူးယစ် အံ့ဖွယ် အို....အရက်မယ်တို့။ ဤမသို့ လောကသန္နိ ဝါသေ၊၊ မိန်းမ ယောကျ်ားအစားစားတည့် များပြားလှတောင်းဤလူ့အပေါင်း၌။ နိစ္စံ၊ အမြဲ။ ပဇ္ဇလိတေ၊ တဆယ့်တဖြာ ကိလေသာဟု ရာဂလောင်မီး ညီးတပြောင်ပြောင် တကိုယ်လုံး လောင်နေသည်။ သတိ၊ ဖြစ်ပါ လျက်။ တုမှာကံ သင်တို့အား၊ ဟာသော၊ က, လိုက်, ခုန်လိုက်, တီးမှုတ်လိုက်နှင့် စိတ်ကြိုက်ကြည်နူး ပျော်ရွှင်မြူးထူး၍ နေခြင်းသည်။ ကိံ နု၊ အဘယ်အကျိုး ရှိအံ့နည်း။ အာနန္ဒော၊ မခွဲနိုင် မခွာရက် နှစ်သက် တွယ်တာ၍ နေခြင်းသည်လည်း။ ကိံ နု၊ အဘယ်အကျိုး ရှိအံ့နည်း။ အန္ဓကာရေန၊ အဝိဇ္ဇာမှောင်ထုကြီးဖြင့်။ ဩနဒ္ဓါ၊ ပိတ်ဆီးမြှေးယှက် အပ်ကုန်သော။ တုမှေ၊ သင်တို့သည်။ ပဒီပံ၊ အမှောင်ခွင်း၍ အလင်းဆောင်သည့် ပညာ ဆီမီးကို။ ကိံ၊ အဘယ် ကြောင့်။ နဂဝေသထ၊ မရှာမှီးကြကုန်သနည်း။

အို....အချင်းတို့၊ ဗုဒ္ဓသည် ဤသို့လျှင် ကြီးမားလှစွာသော မဟာကရုဏာတော်ဖြင့် ငါတို့အား တရားပြတော်မူလေရာ ဒေသနာတော်၏အဆုံးတွင် ကျွန်ုပ်တို့၏ ဝမ်းထဲ၌ မည်သည့်အခါ မည်သည့်ကမ္ဘာက ပါရမီ အမြုတေဖြစ်၍ စွဲတည်နေမှန်း မသိရသော အလုံးကြီး တလုံးသည် ဗုံးပေါက်သည့်နှယ် ဝုန်းကနဲ ပေါက်ကွဲသွားပါလေတော့သည်။ ထိုအလုံးကြီးကို မည်သို့သော အလုံးဟု သင်တို့ထင်ကုန်သနည်း။ ထိုအလုံးကြီးကား နှလုံးသာကို ပြုံးပြုံးပြက်ပြက် အရောင်လက်စေသော ဉာဏ်လုံး ပညာလုံးကြီးပါတည်း။ ထိုသည့် ဉာဏ်ဗုံး ပညာလုံးကြီး ပေါက်ကွဲရာမှ လွင့်စင်ကုန်သော အစအနများအနက် အချို့က ရာဂကို တည့်တည့်ကြီး ထိမှန်လေ၏။ အချို့က ဒေါသကို မှန်လေ၏။ အချို့က မောဟကို ထိမှန်လေ၏။ ဤသို့အားဖြင့် တဆယ့်တပါးသော ကိလေသာတို့သည် ဗုံးဒဏ်ထိလေသည့်အတွက် အကြွင်းမဲ့ ပျက်စီးကုန်လေပြီ။ ငါတို့ကို နှိပ်စက်၍ ဘဝအဆက်ဆက် သံသရာသက်နှင့်အမျှ တဟုန်းဟုန်းနှင့် လောင်မဆုံးခဲ့သော ထိုကိလေသာမီးကို အပြီးတိုင် ငြိမ်းသတ်လိုက်နိုင်ကြပြီတည်း။

အို... အချင်းတို့၊ ထိုအခါ ကျွန်ုပ်တို့၏ ကိုယ်ကာယသည်လည်း ဖော့သဖွယ် ပေါ့လာသည်ဟု ထင်ရ၏။ ပမာအားဖြင့်.... အလွန်လေးလံလှစွာသော ပဒ္ဒိုသန္ဓေကိုယ်ဝန်ကြီးကို လွယ်ထားသော မိန်းမသည် ထိုသန္ဓေကို ဝမ်းမှ ဖွားပြီးစ အခါကဲ့သို့ ပေါ့ပါးသွက်လက်လာသည်။ ကိလေသာ အပူကင်းသည်နှင့် တပြိုင်နက် နှလုံးစိတ်ဝမ်းမှာ ဖော်ပြခြင်းငှာ မစွမ်းနိုင်အောင် အေးချမ်းလာသည်။ နိဗ္ဗာန်ဆိုသည်မှာ ဤသည်ကို ဆိုလိုကြောင်း ကောင်းစွာ ရိပ်စားမိလေသည်။

ထိုကြောင့် သတ္တုချလိုက်သော်.... အမျက်သည် အခြားသူတို့အား ဆိုးကျိုးကိုသာ ဖန်တီးပေးလာခဲ့သော်လည်း ကျွန်ုပ်တို့အဖို့မှာမူ အရက်သည် ကောင်းကျိုးဖန်တီးသူအသွင် ထင်ပါချေ၏။ အရက်သောက်မိသောကြောင့် မူးကြသည်။ မူးသောကြောင့် သီဆိုကခုန်၍ ဗုဒ္ဓရှေ့တော်တွင် မူးထူးမိကြသည်။ ဤသို့ မူးထူးမိလေသောကြောင့် ဗုဒ္ဓက ကျွန်ုပ်တို့အား တရားဆိမ်မီး ညှိထွန်း၍ ပြတော်မူသည်။ ထိုအခါ တဆယ့်တဖြာသော ကိလေသာအလွှာတို့သည် ကျွန်ုပ်တို့၏ သန္တာန်မှ အလွှားအလွှား ကွာကျ ကုန်တော့သည်။ ဤဖြစ်ရပ်၌ အရင်းစစ်သော်....အရက်။ အရက်ကြောင့် ကျွန်ုပ်တို့

နိဗ္ဗာန်ရကြသည်။ အရက်က ပို့ဆောင် လိုက်ပေသောကြောင့် ဆိုက်ဆိုက်မြိုက်မြိုက် နိဗ္ဗာန်သို့ ထုတ်ချင်းပေါက် မျက်မှောက်ပြုနိုင်ကြသည်မှာ ကျွန်ုပ်တို့အတွက် အထင်ခံ အမြင်ခံ သက်သေသာဓက ဖြစ်နေပါကုန်၏။ ဗုဒ္ဓ၏ ကျေးဇူးတော်ကား ကြီးမားသည်နှင့်အမျှ အမိ ဝိသာခါ၏ ကျေးဇူးသည်လည်း နှိုင်းတု မရအောင်ပင် ကြီးမားလှပါဘိစွ။

ထိုငါးရာကုန်သော အရက်အိုး အမျိုးသမီးတို့သည် သူတို့အဖို့တွင်မူ အရက်သည် နိဗ္ဗာန်အောင်မြို့သို့ ဆောင်ပို့သောကုတို့သဖွယ် ဖြစ်ကြောင်းကို သူတို့၏ ဘဝဖြစ်ရပ်နှင့် စပ်လျက် အထက်ပါအတိုင်း တင်ပြကြကုန်သတည်း။



## (၄) လောင်နေသော တောမီးများအကြားမှ ရဟန်းတပါး၏

# နိဗ္ဗာန်စခန်း လက်တကမ်းဝယ်။

နိဗ္ဗာန်ကိုရောက်ချင်၊ နိဗ္ဗာန်သို့သွားချင်၊ နိဗ္ဗာန်ကို လိုချင်နေသော ရဟန်းတပါးရှိ၏။ ထို့ကြောင့် ထိုရဟန်းသည် နိဗ္ဗာန်အကြောင်းကိုကောင်း ကောင်း သုတေသနပြု၍ လေ့လာနေပါ၏။

[1] ဂမနေန ပတ္တဗ္ဗော။ ။လောကဿ၊ လောက၏။ အန္တော၊ အဆုံးသို့၊ ဂမနေန၊ ခြေဖြင့် ပြေးသွားခြင်းဖြင့်။ ကုဒါစနံ၊ တရံ တဆစ်၊ တခါတခေါက်မျှ၊ နဋတ္တဗ္ဗော—မရောက်အပ်၊ မရောက် ထိုက်၊ လောကန္တံ၊ လောက၏ အဆုံးသို့။ အပတွာ-မရောက်ပဲ နှင့်လည်း။ ဒုက္ခာ—ဆင်းရဲဒုက္ခမှ၊ ပမောစနံ၊ လွတ်ခြင်းမည်သည်၊ နစအတ္ထိ-ရှိလည်းမရှိပြီ။

ဤသို့ 'လောကန္တဂမန' သုတ်၌ လာသော ဗုဒ္ဓ၏ မိန့်ခွန်းတော်ကို တွေ့ရသောအခါ အတွေးစိတ်တခုက သူ၏ နှလုံးသည်းပွတ်တွင်းသို့ ဆောင့်၍ ဝင်လာသည်။ "နိဗ္ဗာန်ကို ခြေကျင်သွား၍ မရောက်ဘူး တဲ့၊ ဒါဖြင့် ဘာနှင့် သွားမည်လဲ" သည်အတွေးက နိဗ္ဗာန်ကို ပို၍ စိတ်ဝင်စားအောင် သွေးဆောင် ဖန်တီးလာသည်။

တဖန်တုံလည်း 'နဟိ ဧတေဟိ ယာနေဟိ ဂစ္ဆေယျ အဂတံ ဒိသံ' [2] ဟူသောဗုဒ္ဓ၏ ဓမ္မပဒလာ မိန့်ခွန်းကလည်း သူ၏ စိတ်ကိုလှုပ်ရှား

---

၁။ စတုက္ကင်္ဂုတ္တရပါဠိတော်၊ လောကန္တဂမနသုတ်။

၂။ ဓမ္မပဒပါဠိတော် နာဂဝဂ် ဂါထာ ၃၂၃။

စေပြန်၏။ အဂတိ ရှေးရှေးကာလဘယ်အခါကမှ မရောက်ဖူးသော။ ဗိသံ၊ လောက၏ အဆုံးစွန်ဟိုဘက်၌ တည်နေသောနိဗ္ဗာန်ဒေသသို့။ ဧတေဟိ ယာနေဟိ၊ ဤလှည်းယာဉ်၊ လှေယာဉ်၊ ဆင်ယာဉ်၊ မြင်းယာဉ်၊ ရထားယာဉ်စသော ယာဉ်တို့ဖြင့်။ နဟိဂစ္ဆေယျ၊ သွား၍ မရောက်နိုင်သည်သာလျှင်တည်း။

နိဗ္ဗာန်သည် ခြေကျင်သွား၍ ရောက်စကောင်းသော အရပ်မဟုတ်။ လှည်း၊ လှေ၊ ဆင်၊ မြင်း၊ ရထား ယာဉ်စီး၍ သွားရောက်စကောင်းသော ဒေသမဟုတ် ဟူ၍ ဗုဒ္ဓဟောတော်မူသောကြောင့်....‘‘ဒါဖြင့် ဘာနှင့် သွားရမည်လဲ၊ ဘာနှင့်သွားရမည်လဲ’ဟူ၍ လဲပေါင်းများစွာဖြင့် သူ့ကိုယ်သူ ပြန်၍ မေးမိနေ၏။ ‘‘ဟင်း....နေ့ဘ်နိဗ္ဗာန့်ကို ရောက်ချင်စမ်းပါဘိ။ ရောက်အောင် ဘာနှင့် သွားရပါမည်လဲ’’

ဤအတွင်း သူ၏ ဦးနှောက်ကို မွှေနှောက် ချောက်ချားလိုက်ပြန်သည်ကား....

[1] ဘိက္ခဝေ၊ ရဟန်းတို့။ မမသာသနေ၊ ငါဘုရား၏ သာသနာ၌သည်း။ ဗဟူ ဘိက္ခူ၊ များစွာသော ရဟန်းတို့သည်။ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ၊ အနုပါဒိသေသ နိဗ္ဗာန်ဓာတ်ဖြင့်။ စေပိပရိနိဗ္ဗာယန္တိ၊ အကယ်၍ ပရိနိဗ္ဗာန် စံဝင်ကုန်စေဦးတော့။ တေန၊ ထိုများစွာသော ရဟန်းတို့ ပရိနိဗ္ဗာန်စံကြခြင်းကြောင့် နိဗ္ဗာနဓာတုယာ၊ နိဗ္ဗာနဓာတ်၏။ ဝါ-နိဗ္ဗာန်ဟူသော မဟာ အတုလ သုဒဿန မြို့တော်ကြီး၏။ ဦနတ္တံဝါ၊ ဆုတ်ယုတ်လျော့ပါးသော အဖြစ်သည်လည်းကောင်း။ ပူရတ္တံဝါ၊ မဆံ့တင်းကျမ်း ပြည့်လျှမ်းပိုမိုသော အဖြစ်သည်လည်းကောင်း။ နပညာယတိ၊ မထင်။

နိဗ္ဗာန်စံသူမရှိခြင်းကြောင့် နိဗ္ဗာန်မြို့ကြီး လျော့ကုန်သည်၊ ချောင်ကုန်သည်၊ ကျဉ်းလာရသည်၊ ငယ်လာရသည်ဟူ၍ မရှိ။ နိဗ္ဗာန်စံသူများခြင်းကြောင့်လည်း နိဗ္ဗာန်မြို့ကြီး ပြည့်ကုန်သည်၊ မဆံ့တင်းကျမ်း၊ ပြည့်လျှမ်းပိုမိုကုန်သည်၊ ချဲ့လာရသည်၊ ကျယ်လာရသည်ဟူ၍ မရှိ ဟု ဆိုသောကြောင့် ‘‘ဟင်-နိဗ္ဗာန်ဆိုတာ ဘယ်လိုဟာမျိုးပါလိမ့်’’ဟူသော အတွေးကလည်း နိဗ္ဗာန်ကို ချက်ချင်း ထပြေးချင်အောင် ဆွပေးသကဲ့သို့ ဖြစ်လာသည်။

ထိုမှတပါး ဩချရပြန်လေသည်ကား—

---

၁။ အင်္ဂုတ္တိုရပါဠိတော်၊ အဋ္ဌသာသနစ္ဆရိယသုတ်။

[၁]"ဘိက္ခဝေ၊ ဤသောကဥ္စ။ မြေရေလေမီး၊ ဓာတ်ကြီးလေး ပါးရှိမှသာ သတ္တဝါတို့ တည်နေရာ ဘုံဌာန ရှိနိုင်၏။ ယင်းတို့ မရှိပါပဲလျက် ရဟန္တာ အရှင်မြတ်တို့၊ ပျော်စံတည်နေရာ၊ ဘုံဌာန မည်သည် ပရမတ္ထအားဖြင့် ထင်ရှား မရှိနိုင်ရာဟု သက်ာယုံမှား၊ တွေးတောခြင်းများကြကုန်သော အို ငါ၏ ချစ်သား ရဟန်းများ တို့....

ယတ္ထ၊ အကြင်ရဟန္တာ အရှင်သူမြတ်တို့ စံမြန်းရာ နိဗ္ဗာန် တည်းဟူသော ရွှေမြို့နန်းမ၊ ဘုံဌာနကြီး၌။ နေဝပထဝီ၊ ဤကာမ ဘုံများ၌ကဲ့သို့ မြေကြီး၊ မြေဓာတ်လည်းမရှိ။ နအာပေါ၊ ရေဓာတ် လည်းမရှိ။ န တေဇော၊ မီးဓာတ်လည်းမရှိ။ န ဝါယော၊ လေဓာတ် လည်းမရှိ။ တံ အာယတနံ၊ ထိုမြေ,ရေ,လေ,မီးဓာတ်ကြီးလေးပါး လည်း မရှိပါပဲလျက်၊ ရဟန္တာ အရှင်မြတ်တို့ ပျော်စံတည်နေရာ ရွှေမြို့နန်းမ၊ ဘုံဌာနကြီးတခုသည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှား ကောန် ရှိပေ၏။

ဘိက္ခဝေ' သက်ာယုံမှား၊ တွေးတောခြင်းများကြကုန်သော အို....ငါ၏ ချစ်သား၊ ရဟန်းများတို့။ တတြာပိ၊ ထိုမြေ,ရေ,လေ,မီး၊ ဓာတ်ကြီးလေးပါးရှိသော ကာမဘုံ ရူပဘုံလည်း မဟုတ်၊ ဓာတ် ကြီးလေးပါ မရှိသော ကောင်းကင်ဒေသ၊ အရူပဘုံစုလည်း မဟုတ်၊ ဤပစ္စုပ္ပန်လောက၊ ဤလူ့ဘဝသည်လည်း မဟုတ်၊ နောင်တမလွန် လောကတပါးသော ဘဝလည်းမဟုတ်၊ နက္ခတ်တာရာ လ,နေ,နှစ် ပါးတို့ မရှိငြားသော်လည်း မှောင်မိုက်ခြင်း မရှိပဲ၊ မိမိ၏ ဂုဏ်ရောင် အလင်းတို့ဖြင့် ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းတောက်ပ၍နေ သော ထိုနိဗ္ဗာန်ဟူသော ရွှေမြို့နန်းမ၊ ဘုံဌာနကြီး၌လည်း—

အဂတိံ၊ ဤလူ့ဘုံ လူ့ရွာ၌ တပါးသော ရပ်ရွာဌာန၊ ဘုံဘဝက ပဋိသန္ဓေနေခြင်းငှာ ပြောင်းရွှေ့၍ လာသသူ ရှိဘိသကဲ့သို့ တပါးသော ရပ်ရွာဌာန ဘုံဘဝက ပဋိသန္ဓေနေခြင်းငှာ ပြောင်းရွှေ့ လာသသူရှိ၏,ဟူ၍လည်း။ နေဝ ဝဒါမိ၊ ငါဘုရား ဟောတော်မမူ သည်သာလျှင်တည်း။

ဂတိံ၊ ဤလူ့ဘုံ လူ့ရွာ၌ တပါးသော ရပ်ရွာဌာန ဘုံဘဝ က လာပြီး၍ ပဋိသန္ဓေနေသသူ ရှိဘိသကဲ့သို့၊ တပါးသော ရပ်ရွာ

---

၁။ ဥဒါန်းပါဠိတော် တဒါယတန နိဗ္ဗာနသုတ်။

ဌာန ဘုံဘဝက လာ၍ ပဋိသန္ဓေ နေသသူရှိ၏, ဟူ၍လည်း။ နေဝ ဝ ဒါမိ၊ ငါဘုရား ဟောတော်မမူသည်သာလျှင်တည်း။

ဥ္ဂတိ၊ ဤလူ့ဘုံ လူ့ရွာ၌ တပါးသော ရပ်ရွာ ဌာန၊ ဘုံဘဝက လာ၍ ပဋိသန္ဓေနေပြီးလျှင် မသေမပျောက် ကောင်း မွန်မြင့်ရှည်၊ တည်နေသော ပုဂ္ဂိုလ် သတ္တဝါရှိဘိသကဲ့သို့၊ တပါး သော ရပ်ရွာ ဌာနေ၊ ဘုံဘဝကလာ၍ ပဋိသန္ဓေ နေပြီးလျှင် မသေမပျောက် ကောင်းမွန်မြင့်ရှည်၊ တည်နေသော ပုဂ္ဂိုလ်သတ္တဝါ ရှိ၏, ဟူ၍လည်း။ နေဝဝဒါမိ၊ ငါဘုရား ဟောတော်မမူသည်သာ လျှင်တည်း။

စုတိ၊ သေဆုံး ရွှေ့လျောရသူရှိ၏ ဟူ၍လည်း။ နေဝဝဒါမိ၊ ငါဘုရားဟောတော်မမူ။ ဥပပတ္တိ၊ နောင်တဖန်၊ ပဋိသန္ဓေ နေရ ပြန်သောသူ ရှိ၏ ဟူ၍လည်း။ နေဝဝဒါမိ၊ ငါဘုရား ဟောတော် မမူ။

တော၊ ဤနိဗ္ဗာန်ဟူသော ရွှေမြို့နန်းမ၊ ဘုံဌာနကြီးသည်ကား။ အပတိဋ္ဌံဝေ၊ ဤလောက၌ သတ္တဝါတို့ တည်ရပ်နေထိုင်ရာ ဗိမာန် မြေကောင်း စသည်ကဲ့သို့ မားမားစွင့်စွင့်၊ မြင့်နိမ့်ညီမူ၊ ဖြူနီတိုရှည်၊ အလုံးအခဲ အထည် ဝတ္ထုအနေနှင့် တည်ရာဌာနလည်းမဟုတ်သည် သာလျှင်တည်း။

အပဝတ္တံဝေ၊ ရုပ်နာမ်ခန္ဓာ သင်္ခတ တရားများသည် မြင့်ကြာတာရှည်၊ အစီအစဉ်ဖြစ်၍ တည်ဘိသကဲ့သို့။ မြင့်ကြာ တာရှည်၊ အစီအစဉ်ဖြစ်၍ တည်နေသော အရာလည်း မဟုတ်သည် သာလျှင်တည်း။

အနာရမ္မဏံဝေ၊ နာမက္ခန္ဓာ လေးပါးများကဲ့သို့ အာရုံပြု တတ်သော တရားလည်း မဟုတ်သည်သာလျှင်တည်း"

နိဗ္ဗာန်နှင့် ပတ်သက်၍ ကောက်ချက်ချစရာ၊ ဤသည် ဤသည်တို့ကို တွေ့ရပြန်သောအခါ၊ "သည်ဟာတွေ ရှင်းအောင် သူတကာ မေးနေတာ ထက်၊ ကိုယ်တိုင် နိဗ္ဗာန်ရောက်မှ ရှင်းယူတော့မယ် ဟု" တိုရဟန်းသည် ဘုရားသခင်၏ ရွှေတော်မှောက် ရပ်၍ နိဗ္ဗာန် ရောက်ကြောင်းတရား ချီးမြှင့် တော် မူပါရန် ဦးတိုက် လျှောက်ထားလေတော့၏။

---

၁။ ခုဒ္ဒကပဒအဋ္ဌကထာ။ ပ။ အပ္ပမာဒဝဂ်၊ အညတရဘိက္ခုဝတ္ထု။ ၁၀၂။

ဗုဒ္ဓသည် ထိုရဟန်းအား နိဗ္ဗာန်ပေါက် ကမ္မဋ္ဌာန်းတရားပေးတော်မူလျှင် ထိုရဟန်းသည်နိဗ္ဗာန်ရရှိရေးအတွက်၊ ဘောထွက်၍တပါးတည်းနေပြီး၊ကမ္မဋ္ဌာန်းတရားကို ပွားများ အားထုတ်လေသတည်း။

သို့သော်....ရေးမပေါက် အရာမရောက်ပဲ ဖြစ်နေ၏။ နိဗ္ဗာန်သည် မိမိနှင့် အနီးကလေး၊ လက်တကမ်းတွင် ရှိနေသည်ဟု ဆိုသော်လည်း နိဗ္ဗာန်ကို မမြင်၍ ပေလား။ သို့မဟုတ် သူ့လက်ကမင် တိုနေ၍ ပေလား၊ နိဗ္ဗာန်ကား လှမ်းတိုင်းမမိ၊ ချူတိုင်းမရ ဖြစ်နေ၏။ "နိဗ္ဗာန် အမြန်ရလွယ်တဲ့ ဝိသေသကမ္မဋ္ဌာန်းကို ဘုရားသခင်ထံ ငါထပ်မံ တောင်းခံဦးမှ တော်မည်"

ဤအကြံဖြင့် ထိုရဟန်းသည် တောကြီးနက်ခေါင် ကမ္မဋ္ဌာန်းချောင်မှထွက်၍ ဘုရားသခင်ကို ဦးတည်လျက် ထွက်လာစဉ်.... လမ်းရိုးအကြားတွင် တဟုန်းဟုန်း တောက်လောင်နေသော တောမီးကို တွေ့ရလေ၏။ သူသည် တောင်ကတုံးကလေးတခုပေါ်သို့ တက်လျက် လောင်နေသော မီးကို ရှုစားနေ၏။ မီးသည် သူ့မျက်စိအောက်တွင် တဖျစ်ဖျစ်လောင်နေ၏။ အဟုန်ပြင်းပြင်းနှင့် ဝဖျပ်ဖျပ် လောင်နေ၏။ သူ ကြည့်နေယင်း သူ့ရှေ့တွင် မြက်ခင်းကြီးတခု ပြာကျသွားသည်ကိုလည်းကောင်း၊ ကြီးငယ်မရွေး သစ်ပင်ဟူသမျှကို မီးက ဝါးမျိုပစ်သဖြင့် မဲခြစ်နေသော မီးလောင်ကျက်ကို လည်းကောင်း မြင်ရလေသောအခါ ရင်တွင်း၌ ခံစားချက်အသစ်များ ဘောင်ဘင်ခတ်လာသည်။

ဩော်....ကြည့်စမ်းပါ၊ ဤမီးကား ပင်ငယ်တို့ကိုလည်း ကျွမ်းစေ၏။ ပင်ကြီးတို့ကိုလည်း ကျွမ်းစေ၏။ သူ့အောက်ရောက်ရှိသမျှ အရာဝတ္ထုအားလုံးကို တဟုန်းဟုန်း လောင်ကျွမ်းစေလျက် ဝါးမျိုပစ်လေသည်တကား။ အရဟတ္တမဂ်ဉာဏ်သည်ကား လောင်နေသော ဤမီးနှင့်တူလေရဲ့။ ငယ်ငယ်ကြီးကြီး အသီးသီးသော သံယောဇဉ်တို့ကား မီးဝါးခံရသော နွယ်မြက်သစ်ပင်များနှင့် အလားတူလေရဲ့။ မီးသည် မိမိ၏ အရှိန်အဝါဖြင့် နွယ်မြက်သစ်ပင် ကြီးကြီးငယ်ငယ် အသွယ်သွယ်တို့ကို လောင်ကျွမ်းကာ ပြာချ၍ ပစ်သကဲ့သို့ သံယောဇဉ်ဆိုတာမျိုးတွေကိုလည်း အရဟတ္တမဂ်ဉာဏ်တည်းဟူသော မီးက လောင်ကျွမ်းကာ ပြာချပစ်တာပဲ ဖြစ်တန်ရာသည်။

ထိုရဟန်းသည် တောင်ကတုံး ကလေးပေါ်တွင် ရပ်လျက် မီးကို အာရုံယူ၍ တရားနှင့်ယှဉ်ပြီး ဆင်ခြင်နေ၏။ ဗုဒ္ဓသည် ဇေတဝန်ကျောင်းတော်၌ နေလျက်မှပင် ထိုရဟန်း၏ သန္တာန်၌ အဖိုးတန်သော စိတ်ဓာတ်များ ကိန်းဝပ် ဖြစ်ပေါ်လျက်ရှိနေသည်ကို သိရှိတော်မူသဖြင့် ထိုရဟန်းရှေ့တွင် ဗုဒ္ဓကိုယ်တော်တိုင် မားမားမတ်မတ် ရပ်တော်မူလာသည် ထင်ရ

အောင် တန်ခိုးဖြင့် ပြတော်မူ၍ ထိုရဟန်းအား ဤသို့ သတိပေးစကား မြွက်ကြားတော်မူသတည်း။

"ချစ်သား....မီးသည် ကြီးကြီးငယ်ငယ် အသွယ်သွယ်တို့ကို လောင်ကျွမ်းစေသကဲ့သို့ပင် ဤသတ္တဝါတို့၏ ခန္ဓာကိုယ်တွင်း၌ ဖြစ်ရှိနေကုန်သော ငယ်ငယ်ကြီးကြီး အသီးသီးသော သံယောဇဉ် နှောင်ကြိုးတို့ကို အရဟတ္တမဂ်ဉာဏ်တည်းဟူသော မီးဖြင့် လောင်မြိုက်စေလျက် ထိုသံယောဇဉ်မှ လွတ်မြောက်မှုကို သင် အားထုတ်ရန် သင့်၏"ဟူသော ဗုဒ္ဓအသံတော်ကို ကြားယောင်လျှင် ခြေကိုစုံရပ်ကာ လက်အုပ်ချီလျက် အာရုံပြုနေ၏။ ထိုခဏ—

၁ အပ္ပမာဒရတော ဘိက္ခု၊
ပမာဒေ ဘယဒဿိဝါ၊
သံယော ဇနံ့ အဏုံ ထူလံ၊
ဒဟံ အဂ္ဂိဝ ဂစ္ဆတိ။ ။

"ဘိက္ခု၊ နိဗ္ဗာန်ဘောင့်တ၊ လိုချင်လှ၍၊ နေ့ညမယုတ်၊ အားထုတ်ကြိုးစား၊ အို....ချစ်သား။ အပ္ပမာဒရတော၊ မမေ့မလျော့ခြင်း၌ မွေ့လျော်သော။ ဝါ၊ သတိသမ္ပဇဉ်၊ ဉာဏ်နှင့်ယှဉ်၍ နေလေ့ရှိသော။ ပမာဒေ၊ သတိချွတ်ယွင်း၊ မေ့လျော့ခြင်း၌။ ဘယဒဿိဝါ၊ဘေးဟု ရှုလေ့ရှိသော။ ဘိက္ခု၊ ရဟန်းသည်။ အဏုံ ထူလံ၊ ငယ်ငယ်ကြီးကြီး၊ အသီးသီးဖြစ်သော။ သံယောဇနံ၊ ရုန်းမထွက်သာအောင်၊ ကိုယ်မှာအသစ်ထစ်၊ ရစ်ပတ်ချုပ်နှောင်ထားသော သံယောဇဉ်ကြိုး၊ ဆယ့်ဘမျိုးကို။ အဂ္ဂိဝ၊ မီးကဲ့သို့၊ ဒဟံ၊ ဒဟန္တော၊ အရဟတ္တမဂ်တည်းဟူသော မီးဖြင့်။ ရှို့မြိုက်၊ လောင်ကျွမ်းစေလျက်။ ဂစ္ဆတိ၊ နိဗ္ဗာန်တိုင်းသို့ မဆိုင်းမနား ဒိုင်းကနဲသွားလေ၏".

ဤဒေသနာကို ကြားနာရဆဲခဏ၌ ထိုရဟန်း၏ သန္တာန်တွင် ရှေးရှေးသော ဘဝများစွာက ဆည်းပူးလာခဲ့သော ပါရမီ အညွန့်အညှောက်များသည်။ အစို့ပေါက်ပြူလာ၏။ သူလိုလားနေသော လက်တမ်းမှ နိဗ္ဗာန်စခန်းကို လက်လှမ်းယူ၍ယူသာသော အလားအလာများ ဖြစ်လာ၏။ ဂါထာဆုံးလေသော အခါတွင်ကား ထိုရဟန်းသည် သူလိုချင်သော နိဗ္ဗာန်ကိုရရှိသွားလေသတည်း။ ဆယ့်ကမျိုးကုန်သော သံယောဇဉ် အမှိုက်ပုံကြီးကို သူသည် အရဟတ္တမဂ်ဉာဏ်မီးဖြင့် ဖုတ်ကြဉ်းသဂြိုဟ်

---

၁။ ဓမ္မပဒပါဠိတော် "အပ္ပမာဒဝဂ်" ဂါထာ၊ ၃၁။

ပစ်လိုက်နိုင်လေပြီတည်း။ သူ၏ သန္တာန်တွင် သံယောဇဉ်ဆို၍ အမျှင်တချောင်းမျှပင် မကျန်တော့ချေ။

နိဗ္ဗာန်သည် လက်တကမ်းတွင် ရှိနေ၏။ သို့ပါလျက်လည်းရအောင် မချူနိုင်၊ မယူနိုင်ခြင်းမှာ အကြောင်းကြောင်းကို ထောက်လျှင် အချိန်မရောက်သေး၍ သော်လည်းကောင်း။ ယူပုံ ယူနည်း၊ ချူပုံ ချူနည်း၊ လှမ်းပုံလှမ်းနည်း၊ စနစ်မကျ အံချော်နေသေး၍သော်လည်းကောင်း ဖြစ်လိမ့်မည်။



## (၅) လူသတ်သမားအင်္ဂုလိမာလ၏

## နိဗ္ဗာန်စခန်း၊ လက်တကမ်းဝတ္ထု

အကုသိုလ် ပြုလေသူတိုင်း အပါယ်သို့ချည်းလားစတမ်း ဆိုချေသော်.... အင်္ဂုလိမာလ ကို အသို့ပြောမည်နည်း။ လူသတ်မှုတည်းဟူသော အကုသိုလ်မှုကြီးကို စိတ်ပါလက်ပါ ကျူးလွန်သော နေရာတွင် သူ့လောက် ပြောင်မြောက်သူမရှိ၊ လူသတ်ယဇ်ပလ္လင်တွင် စံချိန်သစ် တင်လိုက်သူဖြစ်၏။ အဘယ်သူ လူသတ်သည် ဆိုစကားမှ သူ့ခြေဖျားကိုပင် မမီချေ။

သူသည် လူသတ်ရာတွင် အခြားသူများကို မဆိုထားဘိ။ မိခင်အရင်းခေါက်ခေါက်ကိုပင် သတ်ရန် ဓားထမ်း၍ တလကြမ်း လိုက်သူဖြစ်လေသည်။ ထိုမှတပါး သဗ္ဗညုဘုရားသခင်ကိုလည်း ချမ်းသာမပေး။ ဓားရောင်ဖွေးဖွေးနှင့် အပြေးလိုက်၍ သတ်ရန်အားထုတ်သော ရာဇဝင်တွင်သည့် လူဆိုးဘုရင် ဖြစ်လေသည်။

ထို့ကြောင့် သူကျူးလွန်ထားသော ပြစ်မှုများအရ တရားခွင်တင်၍ စီရင်သော်-လောကကြောင်းအားဖြင့် လူသတ်မှု ပုဒ်မ (၃၀၂)အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှား၍ မသေမချင်း ကြိုးစင်တင်၍ သတ်စေ၊ဟူ၍လည်းကောင်း၊ ဓမ္မကြောင်းအရ ငရဲဘသက်၊ လွတ်ရက်မရှိ ကျခံစေ၊ဟူ၍လည်းကောင်း စီရင်ခြင်းမှတပါး အခြားအကြောင်း မရှိပြီ။

သို့သော်– သူသည် သတ္တိခဲသူမဟုတ်၊ သူ့ကို သတ်လာမည့် သေမင်းကိုလည်း အာခံလေ၏။ ငရဲအိုးထဲသို့ စောက်ထိုးဆွဲချမည့် ငရဲသနင်းယမမင်းကိုလည်း သူသည် အရေးမစိုက်၊ သေဒဏ်ခံရတော့အံ့ ဆဲဆဲတွင် သေမင်းလက်မှ လွတ်မြောက်အောင် ရုန်းထွက်သွားနိုင်သည်ဖြစ် ရာသူ၏ အတ္တုပ္ပတ်သည် ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေဖြစ်၍ ကျန်ခဲ့၏။

သူသည် မည်သို့သော လူစားမျိုး ဖြစ်သေသနည်း။ ဤရွှေ ဤမျှ မြောက်မြားလှစွာသော သူများကို အဘယ့်ကြောင့် သူသတ်လေသနည်း။ သေမင်းနှင့် ယမမင်းကြီးကိုပင် အားခံနိုင်လောက်အောင် သူ့မှာ မည်သို့သော အားကိုအားထားဖွယ်များ၊ လက်နက်ကောင်းများ ရှိနေလေသနည်း။ သူ၏ဘဝ ဖြစ်စဉ်ကို တစေ့တစောင်း ချောင်း၍ ကြည့်ကြဦးစို့။

သူကား သာဝတ္ထိမြို့သားတည်း။ မျိုးဇာတ်အားဖြင့်လည်း ညံ့သူ မဟုတ်၊ ဥဒိစ္စပုဏ္ဏားမျိုးတည်း။[၁] အဖ မင်းဆရာ ပုရောဟိတ် ပုဏ္ဏားနှင့် အမိ မန္တာနီ ပုဏ္ဏေးမတို့မှ ဖွားသော တဦးတည်းသော သားဖြစ်လေသည်။

သူ့ကို ဖွားခဲ့စဉ်က ကောင်းကင်၌ စောရနက္ခတ်ထွန်းလျက်ရှိနေသည်။ သူ့ကိုဖွား၍ အမိဝမ်းမှ ကျွတ်သည်နှင့် တပြိုင်နက် ကောသလ မင်း၏ လက်နက်တိုက်ကြီးများသည်လည်းကောင်း၊ စစ်သည်တော်များ စွဲကိုင်လျက်ရှိသည့် ဓား, လှံ, လေး, မြားစသော လက်နက်တို့သည်လည်း ကောင်း၊ ကောသလမင်းကြီး၏လက်သုံးတော်သန်လျက်သည်လည်းကောင်း တဝင်းဝင်း တလက်လက် ရောင်လျှံများ ပြိုးပြိုးပြက်ပြက်ထွက်ကုန်၏။ "ဤသူငယ် ကြီးလာသော်....ခက်ချိမ့်မည်။ သတိထား"ဟု လက်နက်များ က မင်းကို သတိပေးသကဲ့သို့ ထင်ရ၏။ သူ၏ ဖခင် ပုရောဟိတ် ဆရာ ကြီးကပင်လျှင် သူ့သားကို စောရနက္ခတ်နှင့်ယှဉ်၍ ဖွားသောကြောင့် ခိုးသူဖြစ်လိမ့်မည်ဟု နိမိတ်ဖတ်ထား၏။ သူ့သားကို အခြားသူများက ဓား, လှံ, စသော လက်နက်များဖြင့် ထိပါးပုတ်ခတ်ခြင်း မပြုနိုင်စေခြင်းငှာ 'အဟိံသက'ဟု အမည်နာမပေးထားလေသည်။

အဟိံသက,အား ခိုးသူဖြစ်လိမ့်မည်ဟု အဟောထွက်ထားငြား သော်လည်း လက်တွေ့အားဖြင့်မူ အဟောနှင့် အပြော မညီအောင် ဖြစ် နေ၏။ အဟိံသကသည် အလွန်ရိုး၏။ စိတ်နှလုံးသိမ်မွေ့၏။ လူကြီးမိဘ များကို ရိုသေလေစား၏။ သူ၏ အမူအကျင့်နှင့် သူ၏စရိုက်များကို ချင့် သော်....သူနှင့် ခိုးသူမှာ တခြားစီဖြစ်နေ၏။ စိုးစဉ်းမျှပင် သူ့၌ ခိုးသူ အသွင် မထင် မရှိချေ။

---

၁။ ဓမ္မပဒအဋ္ဌကထာ၊ ဒု၊ လောကဝဂ်၊ အင်္ဂုလိမာလဝတ္ထုရ ဝတ္ထု၌ ဖခင်၏ အမည်မပါ။

တထာဂတဥဒါနဒီပနီ၊ တတိယတွဲ၊ ၂၃၂-၌ ဖခင်၏ အမည်ကို "အဂ္ဂ, ပုဏ္ဏား"ဟု ဆို၏။

ကျေးသဲဆရာတော်ဘုရားကြီး၏ ဒီနဋ္ဌပကာသနီ၊ သတ္တမ တွဲ ၅၀၆ ၌ကား ဖခင်အမည်ကို အဂ္ဂကပုဏ္ဏားဟု ဆို၏။

သို့သော်....သူ့ကံကြမ္မာက သူ့ကို မည်သို့ ဖန်တီးလိုက်သဖြင့် သူသည် လူသတ်သမားဘဝ ရောက်သွားလေသည် မသိ။

ပညာသင်ချိန်ရောက်သောအခါ၊ သူ့ကို သူ့မိဘများက တက္ကသိုလ်ပို့လိုက်ကြ၏။ ပညာသင်ကြားရန် ဒိသာပါမောက္ခ ဆရာကြီးထံ လှမ်း၍ အပ်လိုက်ကြသဖြင့် အဟိံသကမှာ တက္ကသိုလ် ကျောင်းတော်သား ဖြစ်သွားလေသည်။ သူ၏ ရုပ်ဂုဏ် သားဂုဏ်သည် တက္ကသိုလ်လောကတွင် တလွင်လွင်မွှေးပျံ့နေ၏။ ဉာဏ်ကောင်းသူဖြစ်သောကြောင့် တထွာပြလျှင် တတောင်မြင်၏။ နေ့ညမချွတ်ရအောင် ဆရာကို ဝတ်ကြီး ဝတ်ငယ်ပြုစုရှာ၏။ ထို့ကြောင့် သူ့ကို ဒိသာပါမောက္ခ ဆရာကြီးနှင့် ဇနီးတို့ သူ့ကို ချစ်ခင်ကြသည်သာမက သား....သား....ဟူ၍ ဖူးဖူးထားတော့မလောက်၊ ချစ်ကြကုန်၏။

သူ တက္ကသိုလ်ကျောင်းရောက်၍ ဆရာကောင်းထံ နည်းနိသယ ခံယူ၍ ကာလအတန်ကြာသော်....သင်ချိန်နှင့် မမျှအောင် ပညာအရာတွင် ရှေ့တန်းသို့ ရောက်ရှိကာ "စံပြ လူရည်ချွန်တယောက်" ဖြစ်လာသည်။ ပညာထူးချွန်သောကြောင့် ဆရာကြီးက သူ့ကို အရေးပေးထားသည်နှင့် အမျှ အများကျောင်းသားများကမူ ကြိမ်းလား၊ မောင်းလား လုပ်လေသည်။ ကိုယ့်ထက်သာ၊ မနာလို ဆိုသောစကား အတိုင်း ကျောင်းသား အတော်များများက "ဒီကောင်ကြောင့်"ဟူ၍ သူ့အပေါ်တွင် အာဃာတ ထားစပြုလာကုန်လေ၏။

ထို့ကြောင့် ကျောင်းသားတို့သည် သူ့ (အဟိံသက)ကိုအပုပ်ချ၊ အပြုတ်တိုက်ရေးတွင် ပါမောက္ခ ဆရာကြီးကို လက်ကိုင်တုတ်၊ သို့မဟုတ် ခုကိုး လုပ်ရန် ဆုံးဖြတ်လိုက်၏။

အဟိံသကကို အပြုတ်တိုက်ရေး အစီအစဉ်မှာ-

၁။ ဇာတ်နိမ့်သူ—ဟု ဇာတ်ဖြင့် ကိုင်လှုပ်၍ ဖြုတ်ချရန် ကြံရွယ်ကြသည်။ သို့ရာတွင် ဤအကြံအစည်ကို လက်လျှော့ လိုက်ကြရတော့၏။ အကြောင်းမူကား -အဟိံသကမှာ မျိုးဇာတ်ညံ့သူ မဟုတ်၊ အမျိုးမြတ်သော ဥဒိစ္စ ပုဏ္ဏားမျိုး ဖြစ်သောကြောင့်တည်း။

၂။ ဒုတိယနည်း၌ ဒုပ္ပညာ—ပညာမဲ့သူ ဟူ၍ ပညာဖြင့် ရိုက်ချရန် ကြံစည်ကြပြန်သော်လည်း အချည်းနှီးသာ ဖြစ်သွား၏။ အကြောင်းမူကား: အဟိံသကမှာ တကျောင်းလုံးတွင် ပညာတံခွန် လူရည်ချွန် ဖြစ်နေသောကြောင့် ဖြစ်သတည်း။

၃။ တတိယနည်းတွင် အဟလဿ—အပျင်းထူသူ ဟူသော စွဲချက်ဖြင့် အပုပ်ချရန်ကြံကြပြန်၏။ သို့သော် ဤအကြံသည်လည်း အချည်းနှီး

သာ ဖြစ်သွားပြန်၏။ အကြောင်းမူကား ဧဟိ'သက ပျင်းရိခြင်း မရှိသည့်ပြင် ဆရာကြီးအား ပြုရသော ဝတ်ကြီး ဝတ်ငယ်တို့ကို မချွတ်ရအောင် နေ့စဉ် ပြုလျက် ရှိနေသောကြောင့် အပြစ်မယူ သာပဲ ဖြစ်နေပြန်၏။

ထိုကြောင့် သူတို့သည် အဟိ'သက အပေါ်၌ အပြစ် ထင်ထင်ရှားရှား ပြသနိုင်ရေးအတွက် ဆက်၍ ကြိုးစားကြကုန်၏။ တဦးသော သူက တကြံတခုရလာ၏။ ထိုအကြံကို အခြားသူများအား ပြောပြလေရာ ထို အကြံအားလုံးက နှစ်သက်၊ လက်ခံကြသဖြင့် အဟိ'သကအားထိုအကြံဖြင့် ဇီဝိန်ပြုတ်အောင် ဖြုတ်ရန် ဖြစ်သတည်း။

ထိုအကြံကား အခြားမဟုတ်၊ အဟိ'သကကို ပါမောက္ခကြီး၏ ဇနီးနှင့် သမုတ်၍ အပုပ်ချရန် ဖြစ်လေသည်။ ဤအကြံသည်ပင် နောင် သောအခါ အဟိ'သက လူသတ်သမားဖြစ်ရန် အခြေခံဖြစ်သတည်း။

ကျောင်းသားတို့သည် အဖွဲ့ သုံးဖွဲ့၊ အုပ်စုသုံးစု၊ စစ်ကြောင်းသုံး မကြောင်းခွဲ၍ ဤအကြံတည်းဟူသော ပုဆိန်တွင် ဆရာကြီးတည်း ဟူသော အရိုးတပ်ကာ အဟိ'သက တည်းဟူသော ဝေက်ကို တဒုတ်ဒုတ် ခုတ်ခစ ကြကုန်၏။

ဆရာကြီးခင်ဗျား။ ။နားနှင့်မနာ၊ ဖဝါးနှင့် နာတော်မူပါ။ ကျွန်တော်တို့ အနေဖြင့် ဤစကားကို ဆရာကြီး၏ နားသို့မရောက် စေလိုကြသည်မှာ အမှန်ဖြစ်ပါသည်။ သို့သော်....သိလျက်နှင့် ထိမ်ချန်ထားလျှင် ကျွန်တော်တို့မှာ အပြစ်မကင်းမည်တကြောင်း နောက်တကြောင်းမှာ ဆရာကြီးနှင့် တကွ ကျွန်တော်တို့ တက္ကသိုလ် ၏ ဂုဏ်သိက္ခာကို ထိခိုက်လေမည် တကြောင်း၊ ဤအကြောင်းများကို ထောက်၍ ကျွန်တော်တို့အား လျှောက်ထားခွင့်ပြုပါရန် လေးမြတ် စွာပန်ကြားအပ်ပါသည်။

ဟူ၍ ဤသို့ ခပ်ယဉ်ယဉ်နှင့် စကား ပလ္လင်ခံကြပြီးနောက် အဟိ' သကသည် ဆရာကြီး၏ ဇနီးနှင့် ကွယ်ရာတွင် ကျူးလွန်မှားယွင်းကာ၊ မပြု အပ်၊ မပြုသင့်၊ မပြုထိုက်သော ပြစ်မှုကြီးကို ဆရာကြီး၏ ကျေးဇူး၊ မျက်နှာ ကိုပင် သူမထောက်လေပဲ ဖောက်ပြန် ကျူးလွန်မှုကို ပြုကျင့်နေပါကြောင်း, ဟု ကုန်းချောကြကုန်လေ၏။

ထိုစကားကို ကြားလျှင် ဒိသာပါမောက္ခ ဆရာကြီးသည် အမျက် ဒေါသ၊ ထောင်းကနဲ ထလာသတည်း။ ထသော အမျက်ဒေါသကား အဟိ'သကအပေါ် ထွက်သည်မဟုတ်၊ ကိုင်ကြားလှာသူတို့အပေါ်၌ ထွက် သောဒေါသ ဖြစ်၏။ "ဟယ်....အယုတ်တမာကောင်တွေ၊ သွားလင့်ကုန်၊

ငါနှင့် ငါ့သားအကြားတွင် အရှုပ်ပြယ်မည့် စကားကို မဆိုကုန်လင့်”ဟူ၍ နှင်ထုတ်ပစ်လေသတည်း။

ဤသို့အားဖြင့် စစ်ကြောင်းတကြောင်းမှာ မအောင်မြင်လေပဲ တပ်လန်၍ ဆုတ်ရလေ၏။ အတန်ကြာသောအခါ ဒုတိယအုပ်စုမှ စစ်ကြောင်းတကြောင်း ဖွင့်၍ ပါမောက္ခဆရာကြီးအား ကတုံးကတိုက် တိုက်ကြပြန်ကုန်၏။ သို့သော်....ထိုစစ်ကြောင်းသည်လည်း ဆရာကြီးက ရိုက်ချိုးလိုက်သဖြင့် ကျိုးရပြန်ချေ၏။ ဤသို့ သုံးလေးကြိမ်လောက် တိုက်ခိုက်ခြင်း ခံရသောအခါ၌ကား ဆရာကြီးသည် စဉ်းစားစ ပြုလာ၏။ “အကျွန်ုပ်တို့ စကားကို မယုံသော် ဆရာကြီးအနေဖြင့် ကိုယ်တိုင် စူးစမ်းကြည့်တော်မူလော့၊ ဆင်သေကို ဆိတ်ရေဖြင့် ဖုံးသော်လည်း မလုံသကဲ့သို့ အမှန်ကို အမှန်အတိုင်း ဆရာကိုယ်တော်တိုင် မြင်လာပါလိမ့်အံ့”ဟူသော တပည့်တို့၏ စကားကို အလေးအနက်ထား၍ စဉ်းစားပြီးနောက်၊ မိမိဇနီးနှင့် အဟိံသကတို့၏ နေပုံထိုင်ပုံ၊ ပြောပုံဆိုပုံများကို အကဲခတ်လေတော့သည်။ ထိုအခါ မသက်သာသော မျက်လုံးနှင့် ကြည့်လျှင်၊ မသက်သာဖွယ်များကိုသာ မြင်လာ၏၊ အဟိံသကသည် ထုံးစံအတိုင်းပင် ဆရာကတော်နှင့် သားအမိပမာ လက်ပွန်းတတီး၊ ရင်းရင်းနှီးနှီး ဆိုခပြော ဆက်ဆံနေပုံကို မြင်ရသောအခါ ပုထုဇဉ်တို့ သဘာဝ အလျောက် “မယားထိ၊ ခေါးကြည့်”ဟူ၍ မြွေဟောက်ကြီး ပါးပျဉ်းထသည့်နှယ် ဒေါသအမျက် ထောင်းကနဲ ထွက်လာ၏။ လက်သီးကြီး နာနာဆုပ်၊ အံသွားမျှ ကြိတ်ကာ စိတ်လိုက်မာန်ပါ တွေးနေ၏။

“သတ်မည်၊ ဒီကောင်ကို ငါသတ်ပစ်မှ အေးမည်။ ငါ့မျက်နှာကိုမျှ သင်းမထောက်၊ သလောက်တောင် ရိုင်းပြ စော်ကားလှသည့် အကောင်သေပေတော့”ဟု ရှေးဦးစွာ အဟိံသကအပေါ်တွင် မယားနှင့် အထင်လွဲပြီး သတ်မည်ဟု သန္နိဋ္ဌာန် ချလိုက်ပြီးမှ—

“ခြော်.... သည်လို သတ်ပစ်၍ကား မသင့်၊ ငါသာ နစ်နာချေတော့အံ့၊ ဒိသာပါမောက္ခဆရာသည် သူ့ထံသို့ ပညာသင်ရန်ရောက်လာသော တပည့်အား သတ်ပစ်သည်ဟူ၍ သတင်းဂယက် ထွက်သွားပချေသော် ပညာသင်ရန် ငါ့ထံ လာဝံ့ကြတော့မဟုတ်။ ထိုအခါ ငါ့မှာ လာဘ်လာဘ ဆုတ်ယုတ်မည်မှာ ခသေချာ၏။ ဤနည်းမှတပါး အခြားနည်းကို ငါ ရှာသင့်သည်”ဟု တဟင်းဟင်း သက်ပြင်းကြီး ချကာ ချကာနှင့် တွေးနေ၏။

ဤသည့်နောက်ပိုင်းတွင် ဆရာကြီးသည် အဟိံသကအား သူ့အခန်းထဲသို့ ခေါ်ပြီးလျှင် တိုးတိုးတိတ်တိတ် ကျိတ်၍ အမိန့်ရှိလေသည်ကား—

"ချစ်သား.... များစွာသော တပည့်တို့အထဲတွင် သင့်အား ငါ သားနှင့်မခြား အခြားကျောင်းသားများထက် ငါ ချစ်မြတ်နိုးသည်ကို ငါ့သား အသိ၂င် ဖြစ်၏။ မည်သူ တဦးတယောက်မျှ သင်မပေးဖူးသော ထူးဆန်းသော ပညာတရပ်ကို ငါ့သားအား ငါသင်ပေးလို၏။ သို့သော်... ဤပညာကို သင်ရာ၌ ဆောင်ရွက်ရေ ပရိကံတွေများလှ၏။ ပညာကို ရယူလိုသော်လည်း သာမန်မျှသော ဇွဲချီ၊ သတ္တိမျိုးနှင့် မဖြစ်နိုင်။ သေလျှင်မြေကြီး ရှင်လျှင် ရွှေထီး သဘောပိုက်၍ အင်တိုက်အားတိုက်နှင့် ဆောင်ရွက် နိုင်သူသာ ရထိုက်သော ပညာမျိုး ဖြစ်သဖြင့် ငါ့သားကို ငါ မေးလို၏။ ထိုပညာကို ရယူလိုသလော"

....ဟူ၍ အကျိုးလိုလား၍ ကျိတ်၍ ပေးသယောင်ယောင်ဖြင့် မေးလေသောအခါ အဟိံသကသည် သွားရေများ ကျမတတ် ထိုပညာ၌ တပ်မက်ခြင်းဖြစ်လာသည် အားလျော်စွာ "ကျွန်တော် ထိုပညာကို သင်လိုပါ၏။ လုပ်ဆောင်ဖွယ်ရှိက အမိန့်ရှိပါတော့"ဟု ဆို၏။ ထိုအခါ ဒိသာပါမောက္ခဆရာကြီးသည်—

"ချစ်တပည့်၊ ဤအတတ်ပညာဆန်းကို သင် အလိုရှိဘိမူကား— လူခေါင်းတထောင်စေ့အောင် သင်သွား၍ သတ်ချေလော့။ ဤသို့ သတ်ပြီးသောအခါ ဤအတတ်ပညာကို သင် ရလတ္တံ့။ ထိုပညာရပ် အတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ဖြစ်သည့်လူခေါင်းတထောင်ကို သတ်ပြီးသော အချိန်တွင် သင့်အား ထိုပညာကို ငါပေးနိုင်ပြီဖြစ်၏။ လူခေါင်းတထောင် စေ့အောင် သင်သတ်နိုင်အံ့လော"ဟု မေး၏။

ဆရာကြီးအကြံကား ပညာရှိပီသစွာ အလွန်ပိရိပါပေသည်။ အဟိံသကသည် လူခေါင်းတထောင်ကို မဆိုထားဘိ။ တယောက်နှစ်ယောက်စမျှကို သတ်ခါမျှ၌ပင်လျှင် သူ့ကို သတ်ဖြတ်သူများ ပေါ်လာပြီး ဇီဝိန်ပြုတ်ရ၏။ ဤနည်းဖြင့် သင်းသေသွားသော်.... ငါ့မှာ လုံးဝ အပြစ်မရှိ။ သင်း၏မိုက်ပြစ်နှင့် သင်းသေခြင်းသာဖြစ်၏ ဟူသော အကြံဖြင့် ပညာကို အရောင်ပြကာ လူသတ်ခိုင်းခြင်း ဖြစ်၏။

ထိုအကြောင်းကို ဘာမျှမသိရှာသော အဟိံသကကား "ငါ့မို့သာ သည်ပညာကို ပေးခြင်းဖြစ်သည်"ဟု နှလုံးပိုက်မိလေသော်လည်း လူသတ်ရမည့် ကိစ္စအတွက်ကိုမူ လက်များ တုန်လာသည်။ "ဆရာပေးသော ပညာကို ကျွန်တော်လိုချင်သော်လည်း ကျွန်တော် လူမသတ်ဝံ့ပါခင်ဗျာ" "ကျွန်တော်၏ အမျိုးသည် လူသတ်သော အမျိုးမဟုတ်ပါ ခင်ဗျား"ဟု

ရိုးသားစွာ ဆိုလေသောအခါတွင်ကား ဆရာကြီးမှာ ခိုးလိုးခုလု ဖြစ်သွားလေ၏။

"ချစ်တပည့် မင်းစဉ်းစားလေဦး၊ ဤပညာမျိုး ကား လူ့ဘသန်းတွင် တယောက်ရခဲ၏၊ ချစ်သာသည် ယောကျ်ားမဟုတ်သလော။ ကိုယ့်လက်ဝယ်သို့ ရောက်ရှိလာသော တန်ဖိုးမဖြတ်နိုင်သည့် ဆုလာဘ်ကို သင်ပုတ်ချဘ်မူကား— သင့်ထက် ကံဆိုးသူရှိအံ့ဟု ငါမထင်" ဟူသော ဆရာကြီး၏ ဩဝါဒအဆုံးတွင်မူကား—ဒဟိံသကသည် ရုတ်တရက် လက်ရုံးကို ဆန့်တန်းလိုက်ပြီး "ဤဂိစ္စ ကျေကုန်အောင် ကျွန်တော် ဆောင်ရွက်ပါ့အံ့"ဟု ဝန်ခံရှာလေသတည်း။

ဤသို့အားဖြင့် အလွန်ရိုးသားလှစွာသော၊ သိမ်မွေ့သော၊ နူးညံ့သော၊ ပညာတူးချွန်သော တက္ကသိုလ်ကျောင်းသားကလေး တယောက်သည်ကား— ဆိုးရွားပြင်းထန်စွာ တိုက်ခတ်လာသော ပတ်ဝန်းကျင် မုန်တိုင်းကြီးအောက်တွင် လူသတ်သမားတယောက် ဖြစ်ရရှာလေပြီကော။ လူကို ရိပ်ကနဲမှ မြင်စေ၊ "တွေ့ရာသချိုင်း ခေါးမဆိုင်းပဲ လိုက်၍ သတ်ဖလသတည်း" သူ၏ မျိုးစေ့ဗီဇ သဘာဝအားဖြင့် ဆိုသော်.... လူကိုသတ်ဖို့မဆိုထားဘိ၊ ပိုးရွခြပုန်းကိုမျှ သတ်ရဲသူ၊ သတ်ဝံ့သူမဟုတ်ပေ။ သို့ဖြစ်လင့်ကား သူ့ဆရာက သူ့ကို ပညာဖြင့် မှိုင်းတိုက်လိုက်ရာ ဆရာကို ချစ်ကြောက်ရိုသေလေးစားသူ တပည့်တယောက် အနေဖြင့် သူသည် ဆရာ့စကားကို အဘယ်မှာ ပယ်ရှားဝံ့ပါမည်နည်း။ မသတ်ချင်ပဲလျက် လူများကိုသတ်ကာ ယခုတွင်မူ စိမ့်ကြီး မြိုင်ကြီး ရိပ်ကြီးတောတောင်၊ ရှုံမြှောင်များ အကြားဝယ်- လူသတ်သမားကြီးဖြစ်၍ နေရှာလေပြီကော။

လူပေါင်းဘယ်ထောင် စေ့မစေ့ကို ဆရာ့ထံတွင် သက်သေထူပြနိုင်ရန်အတွက် သူသည် လူတယောက်ကို သတ်ပြီးတိုင်း ပြီးတိုင်း၊ လက်ညှိုးတချောင်းကို အမှတ်တရဖြတ်၍ ဖြတ်၍ ယူထားလေ၏။ ဖြတ်ပြီးသားလက်ချောင်းများကို သစ်ကိုင်းများတွင် ချိတ်ဆွဲသွားလေရာ.... ယင်း လက်ချောင်းများသည်လည်း ကျီးဆွဲ၊ လင်းတဆွဲနှင့် ပျောက်ဆုံးကုန်သည်ကများသောကြောင့် သူသည် ဖြတ်ပြီး လက်ချောင်းများကို ကိုယ်နှင့် ကင်းကွာ၍ မထားရဲတော့ပဲ ကြိုးနှင့်သီလျက် ပန်းကုံးသဖွယ် လည်၌ ဆွဲကာ သွားလေရာရာ ယူဆောင်သွားလေ၏။ ဤသို့ လက်ချောင်းများကို လည်၌ ပန်းကုံးသဖွယ် ဆွဲထားသည်ကို အကြောင်းပြု၍ မူလ သူ၏ အမည်နာမရင်း "အဟိံသက" ဟူသော အမည်ပျောက်ကာ— အင်္ဂုလိမာလဟူသော အမည်သစ်ဖြင့် ထင်ရှားလာသတည်း။

အင်္ဂုလိမာလသည် ပညာထူးပညာဆန်းကို ရယူလိုသော လောဘဇောဖြင့် လူကိုသတ်ပြီး လက်ညှိုးကိုဖြတ်၍ ပန်းကုံးသဖွယ် လည်၌ ဆွဲထားလေရာ သူ၏ လည်ပင်းမှာ လက်ညှိုးတို့ဖြင့် ပြည့်ကျပ်ကာ ညွတ်ကျမတတ်ပင် ရှိနေ၏။ သူသည် ဓားတချောင်းဖြင့် တောတွင်းမှ ချောင်း၍ ခရီးသွားများကိုလည်း သတ်၏။ လူသွားလူလာ ပြတ်သောအခါ ရွာများတွင် အလစ်ဝင်၍ ဆွဲသည့်အခါလည်း ဆွဲသေးရာ လူတို့သည် မနေရဲကြကုန်တော့ပဲ ရွာချင်းပေါင်းသူကပေါင်း၊ နီးရာမြို့သို့ ပြောင်းသူက ပြောင်းနှင့် ရပ်တည်ရာမကျ ဖြစ်ကုန်လေ၏။

လူတို့သည် မဘာတ်နိုင်သည့်အဆုံးတွင် မင်းကြားလောက်အောင် ဟစ်တိုင်မှ ဟစ်ကြကုန်လေ၏။ "ကယ်တော်မူပါအရှင်မင်းကြီး၊ အင်္ဂုလိမာလ လူသတ်သမားသည် အလွန်ဆိုးသွမ်း သောင်းကျန်းလျက် ရှိနေပါကြောင်း၊ များစွာသောလူတို့မှာ ကသောင်းကနင်းနှင့် ကျီးလန့်စာစား၊ နေ့ တထိတ်ထိတ်၊ ညတထိတ်ထိတ်နှင့် နေကြရပါကြောင်း" ဟူသော ဟစ်ကြွေးသံကား ကောသလမင်းကြီး၏ နားတော်သို့ ပေါက်ကြားသွားလေသော အခါ "ငါကဲ့သို့သော ဘုရင်မင်းမြတ်ရှိပါလျက် လူသတ်သမား အင်္ဂုလိမာလအဘယ်ကြောင့် သောင်းကျန်းရဘိသနည်း" ဟု အင်္ဂုလိမာလအား နှိမ်နင်းရန် ကိုယ်တော်တိုင် ထွက်မည်ဟု သက်ဆိုင်ရာသို့ အမိန့်ပေးလေ၏။

ယင်းသို့ အမိန့်ချမှတ်ချက်ကို အင်္ဂုလိမာလ၏ ဖခင်၊ ပုရောဟိတ်မင်းဆရာကြီး၊ ကြားလတ်သော် "ဤသူကား အခြားသူမဟုတ်၊ ငါ၏သားအဟ်ိသကပင် ဖြစ်တန်ရာသည်" ဟု အိမ်သို့ အလျင်အမြန် သွားပြီးလျှင် ပုဏ္ဏားမအား သားအကြောင်းကို ပြောပြလေသောအခါ....

ပုဏ္ဏားမ "ဒါနဲ့ချား အေးစက်စက် လုပ်နေရက်သလား၊ ဘုရင်မင်းမြတ်ထွက်တော်မူပြီး နှိမ်နင်းလျှင် ကျုပ်သားလေးတယောက် တောတွင်းမှာ အသက်ပျောက်ရချေရဲ့၊ ရှင် မြန်မြန်ပြေးပြီး ကျုပ်သားလေးကို ခေါ်ပါချေတော်"

ပုဏ္ဏား "ရှင်မ ငါမသွားဝံ့၊ ခိုးသူ ဟူသည်ကား အကျွမ်းတဝင် မပြုအပ်သူ ဖြစ်ချေ၏။ ငါသွားသော်....ငါ့ကိုလည်း သတ်လတ္တံ့၊ ထိုကြောင့် ငါမသွားရဲ"

ထိုသို့ ခင်ပွန်းလင်၊ ပုဏ္ဏားက မသွားစံ့ဘူးဟူ၍ ဘူးခံနေလေသော အခါ၊ မိခင်တို့၏နှလုံးသားက နူးညံ့သောသဘောရှိပေစွ။ "ငါ့ကိုသတ်သော် သတ်စေတော့၊ ငါ့သားထံ ငါသွားအံ့ဟူ၍ ဘုရင်မင်းမြတ် ထွက်တော်မမူမီ တင်ကြိုလျက်၊ သားအင်္ဂုလိမာလရှိရာ တောနက်သို့ တယောက်တည်း ထွက်ခဲ့လေ၏။

ထိုအချိန်တွင် အင်္ဂုလိမာလကား သူဖြတ်ယူထားသော လက်ညှိုးများကို တချောင်းနှစ်ချောင်းစသည်ဖြင့် တထောင်စေ့မစေ့ တွက်လျက်ရှိနေ၏။ ဤသို့ ရေတွက်နေယင်းမှ အင်္ဂုလိမာလသည် ရုတ်တရက် ခေါးကို ဝင့်လျက် ကြုံးဝါးလေသည်ကား "တထောင်စေ့မှမှာ တယောက်တည်းလိုတော့သဟေ့၊ သည်ကနေ့ တထောင်စေ့အောင် တွေ့ရာလူကို ဖြတ်ပြီး ငါ့အတတ်သိပ္ပအတွက် စတေးအံ့"

ဤသို့ကြုံးဝါးပြီးသည့် နောက်ပိုင်း အချိန့်တွင် သူ၏ မိခင်မန္တာနီ ပုဏ္ဏားမကား သားကို တွေ့လိုသော ဇောဖြင့် တောထဲသို့ ရောက်လာပြီဖြစ်၏၊ သားရေ....သား....သား အဟိံသက.... မင်းမေ့မာတာ ငါ အမေလိုက်လာသည်၊ သား–အမေသည်မှာ, လာလော့ ချစ်သား'....လာလော့ ချစ်သားဟူသော ဟစ်ကြွေးသံသည် တောအုပ်ကြီးအတွင်းဝယ် ပဲ့တင်ထပ်လျက် ရှိနေ၏။

ထိုအချိန်တွင် နွားကျောင်းသား တသိုက်သည် ့အုပ်သင်းဖွဲ့၍ နွားကျောင်းလျက် ရှိနေ၏။ ထိုနေရာသို့ ဘုရားသခင် ကြွလာတော်မူသောအခါ လက်အုပ်ချီလျက် တောင်းပန်းကြကုန်၏။ "အရှင်ဘုရား၊ ဤတောတွင်းသို့ ကပါးကည်း ကြွတော်မမူပါလင့်။ လူသတ်သမား အင်္ဂုလိမာလသည် ဤတောတွင်း၌ ရှိနေပါ၏။ တပည့်တော်တို့သည် သူ၏ ရန်ကို ကြောက်သောကြောင့် လူအများစုရုံးပေါင်း၍ နွားကျောင်းနေကြရပါသည်"ဟူ၍ တကြိမ်ကနှစ်ကြိမ်၊နှစ်ကြိမ်က သုံးကြိမ်တိုင်အောင် လျှောက်ထားကြသော်လည်း မြတ်ဘုရားသည် တုဏှိဘာဝေ ဆိတ်ဆိတ် နေလျက်ထိုတောအုပ်သို့ ခရီးဆက်တော် မူလေ၏။

အင်္ဂုလိမာလသည် သွေးရည်တို့ဖြင့် ပေကျံနေသော လက်သုံးတော်ခေါးကို လက်ဖြင့်သပ်ကာ "ရဲဘက်တော်ကြီး သည်ကနေ့ တယောက်လူ့အသွေးကို သောက်ပြီးလျှင် မောင်းမင်းရဲ့ ကိစ္စပြီးပြီပါ။ သည်ကနေ့နောက်ဆုံး လူသတ်ပွဲကို နွဲလိုက်ကြဦးစို့၊ ခဲလိုက်ကြဦးစို့"ဟု သွေးဆာနေသည့်အခါ "သားရေ ....အမေ သည်မှာကွယ့်"ဟူသော မိခင်၏ ဟစ်ကြွေးသံကို သဲ့သဲ့ မျှကြားလေရာ အမေသော ဘာသော နားမလည်။ တွေ့ရာကိုသတ်၊ လက်ညှိုးကို ဖြတ်ပြီး ငါ အတတ်ကို အဆုံးသို့ရောက်စေအံ့"ဟု ဓါးကိုဆွဲကာ အသံကြားရာဘက်သို့ ကမန်းကတန်း တရကြမ်းထွက်၍ လိုက်လေရာ တောစပ်တခုတွင် မိခင်ကို တွေ့လေသော် "ဟာ် ငါ့မိခင်ပါကလား" ဟူသော အသိစိတ်က ဟန့်တားလေ ချက်ကြောင့် ရုတ်တချက်ရှသို့ မဘိုရဲဲ မှင်တက်မိနေလေ၏။

"သား.... သား အမေပါသားရဲ့ လက်ထဲက ဓားကြီးကို ချလိုက်ပါ သားရယ်" ဟု မိခင်သည်သားနှင့် တွေ့သော်လည်း လက်ထဲက ဓားကြောင့် အဝေးကနေ၍ သားကို သတိပေးနေစဉ် အင်္ဂုလိမာလ၏ နားထဲသို့ ဝင်လာနေသော အသံကား လူပေါင်းတထောင်၊ လူပေါင်းတထောင်, ဟူသော ဆရာကြီး၏ မိန့်ခွန်းတော် ခြွေသံဖြစ်၏။ ထို့ကြောင့် အင်္ဂုလိမာလသည် အမိကိုပင်မရှောင်၊ တထောင်စေ့လျှင် ပြီးရော–ဟူသော လောဘရမ္မက်ဖြင့် မိခင်ရှိရာသို့ဓားထမ်းပြီး တရကြမ်း လိုက်မိလေတော့ရာ လူသူကင်းသည့် တောအုပ်ကြီးအတွင်း ဝယ် မိခင်က ရှေ့ကပြေး၊ သားက ဓားထမ်းပြီး မိခင်ကို တရကြမ်းလိုက်နေသည့် အချိန်တွင်သူတို့သားအမိကြားသို့ ဘွားကနဲ ဘုရားသခင် ရောက်လာသောကြောင့် အင်္ဂုလိမာလသည် လူသတ်ဓားကို စွဲကိုင်၍ လိုက်ရာမှ ရုတ်တရက် ရပ်တန့်ကာ ဘုရားကို ကြည့်လိုက်ပြေးနေသော မိခင်ကို လှမ်းကြည့်လိုက်ဖြစ်နေသည်။ "အင်း....အတော်ပဲ ငါ့မိခင်ကို မသတ်ပဲ ဤရဟန်းကြီးကို ငါသတ်အံ့" ဟု ဘုရားသခင်ရှိရာသို့ ဓားဆွဲ၍ တကတဲပြေးလေ၏။

သို့သော်....ဘုရားသခင်၏ တန်ခိုးတော်ကြောင့် အင်္ဂုလိမာလမှာ ဆန်ကောထဲထည့်၍ လှိမ့်သော ဆီးဖြူသီးအလား။ မြေကြီးသည် မောက်တုံနိမ့်တုံ လှုပ်ရှားနေရကား၊ အင်္ဂုလိမာလမှာ ပြေးနိုင်ဖို့ဝေးစွ၊ မတ်တတ်မှ လဲမသွားအောင် ဒယီးဒယိုင်နှင့် ထိန်းထားရလေ၏။

ထိုနောက် ဘုရားသခင်၏ တန်ခိုးတော်ကြောင့်ပင် မြေကြီးသည် ငြိမ်သက်၍ စည်မျက်နှာပြင်ကဲ့သို့ ညီလာလေရာ အင်္ဂုလိမာလသည် ဘုရားနောက်သို့ ဓားထမ်းလျက် တရကြမ်း လိုက်သော်လည်း ဘုရားသခင်ကမူကား မှန်မှန်သာ ကြွတော်မူနေလျက်နှင့်ပင် အင်္ဂုလိမာလသည် ဘုရားကို မီအောင် မလိုက်နိုင်ပဲ ဖြစ်နေ၏။ တခါတခါ မြတ်စွာဘုရားသည် ဖမ်း၍ မိတော့မလောက် အင်္ဂုလိမာလနှင့် လက်တကမ်းအထိကြွ၏။ ဖမ်းတော့မည့်ခဏ၌ ကြီးစွာသော ချောင်း,မြောင်း,ကြိမ်ပိုက်ခြားသကဲ့သို့ အင်္ဂုလိမာလမှာ အနားမကပ်နိုင်ပဲ ဖြစ်နေ၏။

ဤနည်းဖြင့် လိုက်လာ၍ ခရီးသုံးယူဇနာလောက် ရောက်လတ်သော် အင်္ဂုလိမာလသည် အလွန်ပင်ပန်းလာရကား၊ ခံတွင်းလည်းခြောက်၊ ချွေးသီး ချွေးပေါက်တို့လည်း မိုးသီးမိုးပေါက်အလား ကိုယ်အလုံးမှာ ယိုစီးကုန်လေ၏။ ထိုအခါ အင်္ဂုလိမာလသည် ဤသို့ကြံ၏။

"ရှေးအခါက ငါလိုက်ရမူ လျင်မြန်လှသော သမင်,ဒရယ် ချေငယ်,ယုန်, ကြောင်မျှလည်း ငါ့လက်က မလွတ်နိုင်ပဲ လျက်ကို ယခုမူကား လျင်မြန်စွာသော အဟုန်ဖြင့် ပြေး

ခုန်၍ ငါလိုက်ပါပြေးသော်လည်း ဖြည်းဖြည်းသာ သွားနေသော ဤရဟန်းကို ငါမမီနိုင်ချေ။ အံ့ဖွယ်ရှိပေစွ....”

ဤသို့ အတန်ငယ်ရပ်၍ ကြံပြီးလျှင်....

အင်္ဂုလိမာလ “ရဟန်းကြီး။ ရပ်လော့....ရပ်လော့”

ဗုဒ္ဓ “ငါကားရပ်၏။ သင်သည်သာမရပ်”

အင်္ဂုလိမာလ “အရှင်ရဟန်း။ သင်ကား မတန့်မနား သွားနေပါလျက်ကို ငါကားရပ်၏ဟု သင်ဆို၏။ ကျွန်ုပ်ရပ်၍ နေပါလျက်ကို ‘သင်ကား မရပ်’ဟု အဘယ်ကြောင့် မမှန်မုသားစကားကို ဆိုဘိသနည်း။ မုသာဝါဒသည် ရဟန်း၏ အလေ့အထပင်လော”

ထိုအခါ မြတ်စွာဘုရားသည် ဟောရန် အခွင့်ဆိုက်လာပြီ ဖြစ်၍ အင်္ဂုလိမာလအား တရားဟောတော် မူလေသတည်း။

ဗုဒ္ဓ “အချင်း အင်္ဂုလိမာလ။ ငါသည် ပါဏာတိပါတစသော ဒုစရိုက်မှုတို့၌ မလိုက်စား။ ကြဉ်ရှောင်ရှားသည် ဖြစ်၍ အပါယ်လားခြင်း ငါ့မှာမရှိ။ သုဂတိဘဝတို့၏ အထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်လမ်းဝ၌သာ တည်ရ၏။–ငါကား ရပ်သောသူ မည်၏။ သင်မူကား ဒုစရိုက်များစွာတို့ကို ပြုနေသူဖြစ်၏။ သတ္တဝါ ခပ်သိမ်းတို့အပေါ်၌ သနားစိတ် ဟူသည် သင့်မှာ ရွေးစေ့ခန့်မျှမရှိ။ ကောင်းသော အကျင့် စာရိတ္တလည်းမရှိ။ ထို့ကြောင့်– သင်စုတေလေသောအခါ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော အပါယ်လေးပါးသို့ စင်စစ် သွားအံ့သောသူ ဖြစ်ဘိသောကြောင့် ရပ်နားသည်မမည်။ သွားနေသည်ပင်မည်၏။ ထို့ကြောင့် ‘ငါကားရပ်၏။ သင်သာမရပ်’ဟူ၍ ငါဆိုတော်မူသတည်း။”

ထိုစကားကို ကြားရသောအခါ အဝိဇ္ဇာ အမှိုက်သရိုက်တို့ဖြင့် မြှေးယှက်ဖုံးအုပ်နေသော အင်္ဂုလိမာလ၏ အသိဉာဏ်သည် ဟုန်းကနဲထ၍ တောက်လာသော မီးလျှံပမာ ပွင့်လင်းသွားလေသည်။

သူ၏ လက်တကမ်းအကွာ အရပ်တွင်ရှိနေသော နိဗ္ဗာန်စခန်းကို ရေးရေးမျှ မြင်ယောင်လာသကဲ့သို့ ဖြစ်လာသည်။ “ဩ....ဤစကားသည် အနှစ်သာရရှိပေစွ။ တသက်နှင့်တကိုယ် အောက်မေ့ထိုက်၊ မှတ်သားထိုက်သော ဤလိုစကားမျိုးကို ဆိုပေတတ်သော သူကား-သာမန်လူစားမျိုး မဟုတ်။ ဘုရင်သုဒ္ဓောဒနမင်းကြီး၏ ညာသားမဟေသီ၊ သိရိမဟာ မာယာ

ဒေဝီမှ ဖွားသော သိဒ္ဓတ်မင်းသား ဘုရားဆိုသော ပုဂ္ဂိုလ်ကား ဤကိုယ်တော်ပင် ဖြစ်တန်ရာသည်''

အင်္ဂုလိမာလသည် မှန်ကန်စွာ တွေးခေါ်တတ်လာ၏၊ အတိတ်ဘဝများစွာက ဆည်းပူးလာခဲ့သော ပါရမီအဟုန်သည် သူ့ကို ဝိုင်းအုံ ခြံရံလာသည့်အလျောက် အမှန်ကို အမှန်အတိုင်း သဘောပေါက်လာသည်။ ထိုအချိန်တွင် သွေးလူးထားသည့် သူ့လက်ထဲတွင်စွဲလျက်၊ သူ့လည်ပင်းမှ လက်ညှိုးပန်းကုံးသည်လည်း သူ့လည်ပင်းဝယ် တွဲလျက်ပင် ရှိနေသေးလေရာ သူသည် သူ၏ သွေးစွန်းဓားကို ကြည့်လိုက်၊ သွေးသံတရဲရဲနှင့် လည်ပင်းတွင် တွဲလျားခိုနေသော လက်ချောင်းများကိုကြည့်လိုက်။ တဖန် ယင်းတို့မှ မျက်လုံးကို ဘုရားသခင်ဆီသို့ ဝေ့၍ကြည့်လိုက်နှင့် ဖြစ်နေသည်။ သူ့နှလုံးအုံတွင်း၌ကား ဘာကြောင့်မသိ ဗလုံဆန့်နေ၏။ သူသည် ဆက်၍ တွေးပြန်၏။

> ''မြတ်ဘုရားသည် အကုသိုလ်ပွား၍ လမ်းမှားသို့ ရောက်နေသော ငါ့ကို သနားကယ်တင်ရန် အလို့ငှာ ရဂုံမြို့ချောင်၊ ဤတောတောင်သို့ ကိုယ်တော်တပါးတည်း ကြွတော်မူလာခြင်း ဖြစ်ပေမည်။ သွေးသံတရဲရဲ၊ ယင်ကောင်တွေ တလှောင်းလှောင်းနှင့် ရှုမကောင်း မြင်မကောင်းသော ဤလက်ချောင်းတို့ဖြင့် ငါ့အား အဘယ်အကျိုးရှိအံ့နည်း''

သူသည် ဤအတွေးဖြင့် နိဗ္ဗာန်စခန်းကို လက်လှမ်းသည်သို့ ရှိလာသည်။ သွေးစွန်းနေသောဓားကို လွှင့်ပစ်လေပြီတည်း။ လည်မှ လက်ညှိုးပန်းကုံးကိုလည်း ဆတ်ကနဲဖြုတ်ပြီး ဖုတ်ကနဲ အဝေးသို့ လွှင့်ပစ်လိုက်လေပြီတည်း။

ထိုနောက် သူသည် ဗုဒ္ဓ၏ရွှေတော်မှောက်၌ ပုဆစ်ဒူးတုပ် လက်အုပ်ကိုချီ အဉ္ဇလီဂါရဝဖြင့် ဆို့နင့်သံနှင့် ပန်ထွာ လျှောက်တင်လေ၏။ ''အရှင်မြတ်သည် အကျွန်ုပ်အား သနားချီးမြှောက်တော်မူပါ၊ အရှင်မြတ်သည် အကျွန်ုပ်၏ အားကိုးရာ ဖြစ်တော်မူပါ''ဟု လျှောက်လတ်သော် ဗုဒ္ဓသည် အင်္ဂုလိမာလ၏ အတိတ် ဖြည့်တင်းလာခဲ့သော ပါရမီသမ္ဘာရကုသိုလ် ပုညများကို မြင်တော်မူသဖြင့် အပါးသို့တိုးရန် လက်ယပ်၍ ခေါ်တော်မူသတည်း။ ''ဧဟိဘိက္ခု သမ္မာစရထ ဒုက္ခဿ အန္တကိရိယာယ။ ။ ဘိက္ခု၊ ရဟန်း။ ဧဟိ၊ ငါ့ထံသို့လာလော့....'' ဒုက္ခဿ၊ ဆင်းရဲခပ်သိမ်း၏။ အန္တကိရိယာယ၊ လမ်းဆုံးကိုပြုရန် အလို့ငှါ။ သမ္မာ၊ ကောင်းစွာ။ စရထ၊ ကျင့်လှည့်လော့....''

ဤသို့ လက်တော်ကိုဆန့်တန်းလျက် သုံးကြိမ်ခေါ်တော်မူလိုက်သည့် ခဏ၌ပင် လူဝတ်လူစား၊ ဆံ၊ မုတ်ဆိတ်တို့ အကုန်ကွယ်ပျောက်ပြီး သပိတ်၊ သင်္ကန်း၊ ရဟန်း၊ ပရိက္ခရာအစုံနှင့်တကွ ခိပ္ပာဘိညရဟန္တာအဖြစ်သို့ လျင်မြန်ထုတ်ချောက် ရှေ့တော်မှောက်မှာပင် ရောက်သွားလေသတည်း။

အရှင်အင်္ဂုလိမာလ၏ ဖြစ်ရပ်ကား ထူးထွေတည့်အံ့ရာသော်.... ဘဝဖြစ်ရပ်ဖြစ်၏။ သာမန်လူသားတထောင်ကျော်ကို သတ်သော လူသတ်မှုများကို ထားဘိဦး၊ မိမိ၏ မိခင်အရင်းခေါက်ခေါက်ကိုပင် သတ်ရန်ကြံစည် အားထုတ်ခြင်းနှင့် ဘုရားသခင်ကိုလည်း အသေသတ်ပြီး လက်ကိုဖြတ်ယူရန် ကာယကံမြောက် အားထုတ်ခြင်းဟူသော အဖြစ်တို့ကား လွန်စွာကြီးမားလှကုန်၏။ သေလျှင်အဆီးအတားမရှိ ငရဲသို့ ထုတ်ချောက်ရောက်စေသော ပဥ္စနန္တရိယ ကံကြီးထိုက်သူ ဖြစ်၏။

သို့စင်မျှ ကြီးမားလှစွာသော အကုသိုလ်မှု၊ အထုအထည်ကြီးကို ဖရိုဖရဲ ဖြစ်ကုန်အောင် အကြွင်းမဲ့ ဖြိုခွဲပစ်နိုင်သည့် လက်နက်စွမ်း တခုကို သူသည် ရုတ်ခြည်းပင် အချိန်မီ ရရှိလာသည်။ ထိုလက်နက်ကား ယထာဘူတဉာဏ်, အမှန်ကို အမှန်အတိုင်း မြင်ခြင်းပင်တည်း။ အလိုအလျောက်သူ၏ဉာဏ်အားဖြင့် ဘုရားကို ဘုရားဟူ၍ သိခြင်း။ မိမိအမှားကို အမှားဟူ၍ မြင်ခြင်းများသည် အကုသိုလ်ကို ဖြိုခွဲနိုင်စွမ်းသော လက်နက်ဆန်းများ ဖြစ်လေသည်။

ထို့ကြောင့် ရှေးယခင်အခါက လက်ချောင်းများကို သီ၍ ပန်းကုံးသဖွယ် လွယ်ခဲ့သော သူ့ပခုံးသည် ယခုအခါ သပိတ်ကို လွယ်လျက်ရှိနေ၏။ ရှေးယခင်က သွေးစွန်းဓားကို စွဲကိုင်ခဲ့သော သူ၏လက်သည် ယခုအခါ မြတ်ဗုဒ္ဓအား လက်အုပ်ချီမိုးကာ ရှိခိုးလျက် ရှိနေ၏၊ ရှေးယခင်အခါက သွေးရည်တို့ဖြင့် လူးလဲ‌ေကျံ၍ ညစ်ထပ်နေသော သူ၏ ကိုယ်ကာယသည်လည်း ယခုအခါ သင်္ကန်းရောင်ဟပ်သဖြင့် ဝင်းလျှပ်လျှပ်ရှိနေ၏။

အင်္ဂုလိမာလသည် ရဟန္တာအဖြစ်သို့ ရောက်သွားလေသောအခါ သူ၏နောက်ကြောင်း၊ သူ၏ အတိတ် ဖြစ်ရပ်များကို တနုံ့နုံ့ စမြုံ့ပြန်ကာ ဥဒါန်းကျူးမိနေ၏။ ဗုဒ္ဓကို ဖူးတွေ့စအခါကို မြင်ယောင်နေသည်။ သူ့မျက်လုံးထဲက မထွက်။ ထိုမှတဖန် ဗုဒ္ဓနှင့် အပြန်ပြန် အလှန်လှန်၊ အတုံ့အလှည့် မေးဖြေခဲ့ကြပုံများမှ ဗုဒ္ဓမြွက်ကြားတော် မူခဲ့သော အသံတော်သည်လည်း သူ့နားထဲမှမထွက်။ သူသည် ဤသို့ ဤနှယ်သော သူ၏ ဘဝ

တကွေ့မှ အတွေ့အကြုံများကို ဂါထာပေါင်း ၂၆မျိုးဖြင့် သီကုံးကာ ဥဒါန်းကျူး၍ မဆုံးနိုင်အောင်ပင် ရှိနေ၏။ သူ၏ ဥဒါန်းကျူးရင့်ချက်များကား–

၁။ "အို…. ရဟန်း, သင်သွားနေသည်ဖြစ်ပါလျက်ကို ငါ့ရပ်နေသူဟု သင်ဆိုဘိ၏။ ရပ်နေသော ကျွန်ုပ်ကိုကား 'ရပ်သူမဟုတ်၊ ပြေးနေသူ'ဟု သင်ဆိုဘိ၏။ အို….ရဟန်း၊ ထိုအကြောင်းကို သင့်အား ကျွန်ုပ် မေးလို၏။ မေးပါရစေ။ သွားနေသူ ဖြစ်ပါလျက် သင့်ကိုယ်သင် "ရပ်နေသူ"ဟု အဘယ်ကြောင့် ဆိုပါသနည်း၊ ကျွန်ုပ်ရပ်နေပါလျက်ကိုလည်း "ပြေးနေသူ"ဟု အဘယ့်ကြောင့် ဆိုပါသနည်း"ဟု ဗုဒ္ဓကို ထိုစဉ်က ငါ မေးလျှောက်ခဲ့ပြီ။

၂။ ထိုအခါ ငါ၏ အမေးကို ဗုဒ္ဓက ဤသို့ ဖြေတော်မူ၏။ "အင်္ဂုလိမာလ– သတ္တဝါခပ်သိမ်းတို့အပေါ်၌ ဒုတ်၊ ဓားစသော လက်နက်များကို အသုံးချခြင်း မပြုလေပဲ၊ ယင်းလက်နက်များကို စွန့်ပယ်၊ ချထားကာ ငါရပ်နေ၏။ သင်သည်မူကား သတ္တဝါတို့အပေါ်တွင် ကိုယ်နှုတ်စောင့်စည်းခြင်း အလျှင်းပင် ရှိသူမဟုတ်။ ထို့ကြောင့် ငါကား သံသရာတခွင်၊ ကျင်လည်ခြင်း ကိစ္စမျိုးမရှိတော့သဖြင့်ရပ်နေသူမည်၏။ သင့်မှာမူ ငါကဲ့သို့ ရပ်တည်၍ မနေနိုင်ပဲ၊ ဘဝထိုထိုသို့ ဥဒကို ပြေးလွှားနေရဦးမည် ဖြစ်သဖြင့် သင့်ကို "သွားနေသူ"ဟု ငါဆိုသတည်း–တဲ့"

၃။ ထိုစဉ်က ဤစကားဖြင့် ဗုဒ္ဓအား ငါပန်ကြားခဲ့ပေသည်။ "ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်ဘုရား၊ သီလက္ခန္ဓ စသည် ကျေးဇူး၊ ဂုဏ်အထူးကို ပျိုးပိုးလေ့ ရှိတော်မူသော မြတ်စွာဘုရားသည်၊ အကျွန်ုပ်အား ချီးမြှင့်ရန်အလို့ငှာ လွန်စွာ ကြာညောင်းလေမှ ဤတောအုပ်သို့ ကြွတော်မူလာသည် တကား။ အကျွန်ုပ်သည် တရားနှင့် စပ်၍ ဟောအပ်သော အရှင်ဘုရား၏ စကားတော်ကို ကြားနာရပါသောကြောင့် အထောင်မကသော၊ မြောက်မြားလှစွာသော မကောင်းမှုများကို ယခုနေ့မှစ၍ စွန့်ပါတော့အံ့ဘုရား"

၄။ ငါသည် ဤသို့ ဗုဒ္ဓထံတော်၌ အာဂေဘာဇနေ ခံယူပြီးသည့်နောက်တွင် သွေးစွန်းသော သန်လျက်များကို လည်းကောင်း၊ အခြားလက်နက်များကို လည်းကောင်း (နင့်ရေ ငါသွား) ချောက်ထဲ၊ ကမ်းပါး

---

၁။ ခုဒ္ဒကနိကာယ၊ ထေရဂါထာပါဠိ၊ အင်္ဂုလိမာလတ္ထေရဂါထာ။ [illegible]

ပြတ်သဲသို့ ငါပစ်ချလိုက်တော့သတည်း။ ဤသို့ လူသတ်လက်နက်
များကို စွန့်လိုက်ပြီးနောက်၊ ငါသည် မြတ်ဘုရား၏ ခြေတော်
အစုံကို ဦးခိုက်လျက် ထိုနေရာမှာပင် ဘုရားသခင်ထံ ရဟန်းအဖြစ်ကို
ငါတောင်းပန်ခဲ့ပေသည်။

၅။ ထိုသို့ ငါတောင်းပန်လေသောအခါ၊ သနားခြင်း ကရုဏာ ရှိတော်မူ
သောမြတ်ဘုရား၊ မြတ်သောသီလက္ခန္ဓစသည့်ကျေးဇူး၊ ဂုဏ်အထူးတို့
ကို ရှာမှီးလေ့ ရှိတော်မူသော မြတ်ဘုရား၊ ဗြဟ္မာ နတ်လူ၊ သုံးဘုံ
သူတို့၏ ဆရာဖြစ်တော်မူသော ထိုမြတ်စွာဘုရားက ငါ့ကို "ဟေ
ဘိက္ခု"ဟု ခေါ်တော်မူ၏။ ဤသို့ ဟေဘိက္ခုဟု ခေါ်စဉ်ခဏမှာပင်
လူ့အသွင်ပျောက်ကာ ငါသည် ရဟန်းအဖြစ်သို့ ရောက်ခဲ့ပေ၏။

၆။ "အကြင်သူသည် ရှေးအခါက မေ့မေ့လျော့လျော့၊ ပေါ့ပေါ့ဆဆ
နေခဲ့ငြားသော်လည်း နောင်သောအခါ၌ကား မေ့လျော့ခြင်း မရှိ
ဖြစ်အံ့"ထိုသူသည် တိမ်တိုက်မှ လွတ်သော လကဲ့သို့ ဤလောကကို
ထွန်းလင်းတောက်ပစေ၏။

၇။ "အကြင်သူသည် မိမိပြုလုပ်ခဲ့ဖူးသော အကုသိုလ် ကံဟောင်းကို
ကုသိုလ်ကံသစ်ဖြင့် ဆို့ပိတ်အပ်သည်ဖြစ်အံ့" ထိုသူသည် တိမ်စင်
သော လမင်းနှယ်၊ ဤလောကကို ထွန်းတောက်ပစေ၏။

၈။ "အကြင်ရဟန်းသည် စင်စစ် အသက်အရွယ် ငယ်လျ တုံလျက်လည်း
ဗုဒ္ဓ၏ သာသနာတော်၌ မတွန့်မဆုတ် အားထုတ်ကြိုးစားကာသာ
နေသည်ဖြစ်အံ့" ထိုရဟန်းသည် တိမ်စင်သော လမင်းနှင့် မခြား၊
ဤလောကအား ထွန်းလင်းစေ၏။

၉။ "သူ၏ လင်သား၊ ဆွေမျိုးများကို သတ်မိခဲ့သဖြင့် ငါ့အပေါ်၌
ရန်ငြိုးထားကြကုန်သော ငါ၏ ရန်သူတို့သည်လည်း ငါ့တရားကို
နာလင့်ကုန်လော့။ ငါ၏ ရန်သူတို့သည် ဗုဒ္ဓ၏ အဆုံးအမ ဩဝါ
ဒ၌ အကြွင်းမဲ့ ကျင့်လင့်ကြကုန်လော့။ အကြင် သူတော်ကောင်းတို့
သည် မှန်ကန်လမ်းစဉ်၊ ကုသိုလ်တရားကိုသာ ယူပေကုန်၏။ ငါ၏
ရန်သူတို့သည်။ ထိုသူတော်ကောင်းတို့သို့ မှီဝဲ၊ ဆည်းကပ်လင့်ကြ
ကုန်လော"

၁၀။ "ငါ၏ ရန်သူတို့သည် ခန္တီတရားတော်ကို မြွက်ကြားဟောပြောလေ့
ရှိပေကုန်သော၊ အချင်းချင်း မဆန့်ကျင်ခြင်း၏ ဂုဏ်ကျေးဇူးကို
ဖော်ထုတ်မြွက်ကြားလေ့ ရှိပေကုန်သော သူတို့၏ တရားကို အခါ
အား လျော်စွာ၊ ရံခါရံခါ နာလင့်ကြစေကုန်သတည်း။ ထိုတရား
တို့သို့ အတုလိုက်၍ ကျင့်နိုင်ကြစေကုန်သတည်း"

၁၁။ "ထိုငါ့ရန်သူများသည် ငါ့ကို စင်စစ် မညှဉ်းဆဲစေသတည်း။ အခြားတပါးသော သူကိုလည်း မညှဉ်းဆဲစေသတည်း။ မြတ်သော နိဗ္ဗာန်သို့ ကိုယ်တိုင် ရောက်ရှိပြီးလျှင် သတ္တဝါတို့ကို အကြွင်းမဲ့ စောင့်ရှောက်နိုင်စေသတည်း။

၁၂။ "ရေခပ်သူတို့သည် ခပ်သော ရေကို လိုရာအရပ်သို့ ဆောင်မြဲဖြစ်ကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်မြဲဖြစ်ကုန်၏။ သစ်ရွေသမားတို့သည် သစ်ကို ရွေမြဲဖြစ်ကုန်၏။ ထို့အတူ ပညာရှိတို့သည် မိမိကိုယ်ကို ဆုံးမမြဲ ဖြစ်ကုန်သတည်း"

၁၃။ အချို့သောသူတို့သည် ဆုံးမရာတွင် တုတ်စသည်ဖြင့်လည်းကောင်း၊ ချွန်းဖြင့်လည်းကောင်း၊ ကြိမ်လုံးဖြင့်လည်းကောင်း၊ ယဉ်ပါးအောင် ဆုံးမကုန်၏။ ငါ့ကိုမူကား တာဒိဂုဏ်တော်သခင်၊ ရှင်ပင်မြတ်ဘုရားသည် တုတ်ကိုလည်းမဆောင်ပဲလျက်၊ ဓားကိုလည်းစွဲကိုင်တော်မမူပဲလျက် ယဉ်ပါးအောင် ဆုံးမတော်မူခဲ့ပြီ"

၁၄။ "ရှေးအခါကမူ ငါ၏အမည်နာမသည် သူ့ကို ညှဉ်းဆဲတတ်သူ ဟိံသက ဖြစ်ပါလျက်ကို မညှဉ်းတတ်သူ အဟိံသက ဟု တွင်ခဲ့၏။ ယခုမူ-အဟိံသက ဟူသော အမည်မှန်ကို ငါရပြီ။ တစုံတယောက်သောသူကိုမျှ ငါမညှဉ်းဆဲတော့။ အဟိံသက ငါမည်သူ့ကိုမျှ သတ်ဖြတ်ခြင်း မပြုတော့"

၁၅။ "ယခင်က ငါသည် အင်္ဂုလိမာလဟု ထင်ရှားသော အကျော်ဇေယျခိုးသား၊ လူသတ်သမားကြီး ဖြစ်ခဲ့၏။ သံသရာဝဲဩဃ ရေယာဉ်ကြောအတိုင်း တပါးသောလော မျောနေတုန်းဝယ်၊ ဘုန်းတော်ကြီးလှသော မြတ်ဘုရားကို ငါဆည်းကပ်ခဲ့ရ၏"

၁၆။ "ရှေးယခင် အင်္ဂုလိမာလ ဟူ၍ ကျော်စောခဲ့စဉ်အခါက ငါ့လက်များမှာ သွေးစွန်းနေ၏။ သွေးရည်တို့ဖြင့် လူးလဲ၍ နေကျလျက်ရှိ၏။ သို့ပါတိုလျက်လည်း ဗုဒ္ဓအား ဆည်းကပ်သောငါ့ကို ရှုပါစမ်း။ တဘဝမှ တဘဝသို့ ကူးပို့နေသော 'ဘဝနေတ္တိသမား' တဏှာ့ကို မြစ်ရင်းက ပြုတ်အောင် အကြွင်းမဲ့ ငါနုတ်နိုင်ခဲ့ပေပြီ"

၁၇။ "ငါသည် ကြိမ်ဖန်များစွာ ဒုဂ္ဂတိသို့ လာရောက်စေတတ်သော၊ သို့စင်မျှ ကြီးလေဘိသော အကုသိုလ်မှုကြီးကို ပြုခဲ့မိလေသောကြောင့်၊ ယင်းအကုသိုလ်၏ အကျိုးဆက်ဖြင့် ထိတွေ့ခြင်းဒဏ်ကို ခံရငြားစေကာမူ၊ ကိလေသာကြွေးကင်းသူ ဖြစ်သဖြင့် ပြည်သူတို့ လှူဒါန်းသော ဆွမ်းဘောဇဉ်ကို ငါသုံးဆောင်ရ၏"

၁၈။ ''မိုက်မဲသူ၊ အသိဉာဏ်ခေါင်းပါးသူတို့သည် မေ့လျော့ခြင်းကို အစဉ်တစိုက် အားထုတ်နေကြကုန်၏။ အမြော်အမြင် ဉာဏ်ပညာရှိသူသည်ကား မမေ့မလျော့ခြင်းကို မွန်မြတ်သော ဥစ္စာတို့ကဲ့သို့ စောင့်ရှောက်ကာသာနေ၏''

၁၉။ ''အို....အချင်းတို့ ကုသိုလ်တရားတို့၌ မေ့လျော့ပေါ့တန်ခြင်းကို သင်တို့အားမထုတ်ကုန်လင့်။ ကာမဂုဏ်တို့၌ မွေ့လျော်မှု၊ ယင်းကာမဂုဏ်တို့နှင့် ပေါင်းဖော်မှုကို သင်တို့ မကြိုးစားကြကုန်လင့်။ အဘယ်ကြောင့်နည်း ဟူမူကား— မေ့လျော့ပေါ့တန်ခြင်း မရှိ၊ သတိနှင့်နေသောသူသည် ကိလေသာတို့ကို လောင်ကျွမ်းစေလျက်၊ ချမ်းသာရာအမှန်၊ ပြည်နိဗ္ဗာန်သို့ မုချစင်းစင်း ရောက်ရလေသောကြောင့်တည်း''

၂၀။ ''ငါ့ထံသို့ ဗုဒ္ဓမြတ်ဘုရား ကြွတော်မူလာခြင်းသည် ကောင်းသောလာခြင်းပါတည်း။ အကျိုးမဲ့သက်သက် ကြွလာခြင်းမျိုးမဟုတ်ပါ။ မြတ်ဘုရားထံတော်၌ ရဟန်းပြုရန် တိုင်ပင်ခဲ့၏။ ဤတိုင်ပင်ခြင်းသည်လည်း မကောင်းသော တိုင်ပင်ခြင်းမဟုတ်ပါ။အဘယ့်ကြောင့်ဆိုသော် ဝေဖန်သုံးသပ် အပ်သော တရားတို့တွင် အကြင်တရားသည် မြတ်၏။ ထိုတရားသို့ ဝေဖန်သုံးသပ်ခြင်း၏ ကျေးဇူးဖြင့် ဆိုက်ဆိုက်မြိုက်မြိုက် ငါကပ်ရောက်ခဲ့ရပြီ ဖြစ်သောကြောင့်တည်း''

၂၁။ ''ငါ့ထံသို့ ဗုဒ္ဓမြတ်ဘုရား ကြွတော်မူလာခြင်းသည် ကောင်းသောလာခြင်းပါတည်း။ အကျိုးမဲ့သက်သက် ကြွလာခြင်းမျိုးမဟုတ်ပါ။ မြတ်ဘုရား၏ထံတော်၌ ရဟန်းပြုရန် ငါတိုင်ပင်ခဲ့၏။ဤတိုင်ပင်ခြင်းသည်လည်း မကောင်းသော တိုင်ပင်ခြင်းမဟုတ်ပါ။အဘယ့်ကြောင့်ဆိုသော် ငါသည် သုံးပါးသောဝိဇ္ဇာတို့သို့ ရောက်အပ်ပြီးကုန်ပြီ။ မြတ်ဘုရားက ငါ့အား ဆုံးမတော်မူပေသည့်အတိုင်း ငါကျင့်အပ်ပြီးပြီ ဖြစ်သောကြောင့်တည်း''

၂၂။ ''ငါသည် ယခင် လူ့အဖြစ်နှင့်နေခဲ့ရစဉ်က တော၌လည်းကောင်း၊ သစ်ဟာပင်ရင်း ဝါးတပင်အောက်၌ လည်းကောင်း၊ တောင်တို့၌လည်းကောင်း၊ ဂူဥမင်လိုဏ်ခေါင်းတို့၌လည်းကောင်း၊ ထိုထိုအရပ်တို့၌သာ ထိတ်လန့်သောစိတ်၊ လန့်သောစိတ်နှင့် နေ့ရှိသမျှ နေလာခဲ့ရ၏''

၂၃။ ''ယခုဘဝသစ်၊ တဖြစ်လဲကာ ရဟန်းဖြစ်လာသော အခါ၌ကား အိပ်လျှင်သော်မှ ချမ်းသာစွာအိပ်ရ၏။ ရပ်လျှင်လည်း ချမ်းသာစွာရပ်ရ၏။ အသက်မွေးရာတွင်လည်း ချမ်းသာစွာ အသက်မွေးရ၏။

မာရ်မင်းမှာ ငါ့ကိုဖမ်းစရာ လက်မရှိ၊ ကျော့ကွင်းမရှိ ဖြစ်သွားပြီ။ သတ္တဝါတို့အပေါ်၌ ဘုရားသခင်၏ သနားတော်မူခြင်းတား.... အံ့သြဖွယ်ရှိပါပေစွ”

၂၄။ “ငါသည် ရှေးယခင် လူ့အဖြစ်၌ ဇာတ်အားဖြင့် ပုက္ကုသဇာတ် ဖြစ်၏။ ငါ၏ မိဘနှစ်ပါးသည် မြတ်သော ဥဒိစ္စပုဏ္ဏားမျိုးချည်း ဖြစ်၏။ ထိုငါသည် ယနေ့အခါ၌ကား ကောင်းသော စကားကို ဆိုတော်မူတတ်သော ဘုရား တရားမင်း ဖြစ်တော်မူသော မြတ်ဘုရား၏ သားတော်ဖြစ်ရပြီကော”

၂၅။ “ယခုအခါ ငါ့မှာ တဏှာကင်းပြီး အယူစွဲမှုမရှိတော့ပြီ။ စက္ခုဒွါရ စသောတံခါးပေါက် အားလုံးကို ပိတ်ထားပြီးပြီ။ အဝိဇ္ဇာအမြစ်ကြီးကို အကြွင်းမဲ့ ပြုတ်အောင် ငါနုတ်ပြီးပြီဖြစ်၍ အာသဝေါကုန်ခန်းရာ နိဗ္ဗာန်သို့ ငါရောက်ရှိနေပြီ”

၂၆။ “မြတ်ဘုရား၏ တရားတော်ကို ငါလေ့ကျက်အပ်ပြီးပြီ၊ မြတ်ဘုရား ဆုံးမတော်မူသောအတိုင်း ငါကျင့်အပ်ပြီးပြီ။ လေးလံလှစွာသော ခန္ဓာဝန်ထုပ်ကြီးကို ငါချပြီးပြီ။ ဘဝတခုမှ ဘဝတခုသို့ ကူးပို့ပေးနေသော တဏှာကို အမြစ်ပါမကျန် အကြွင်းမဲ့ ငါနုတ်ပြီးပြီ”

ရှေးယခင်က ခေါးရောင်ဖွေးဖွေး နှင့် “အင်္ဂုလိမာလဟော့ ပြေးနိုင်မှ လွတ်စေ့မယ်”ဟု ဟစ်ကြွေးလာခဲ့သော အင်္ဂုလိမာလ ၏ နှုတ်ဖျားမှ ယခုအခါတွင်မူ အထက်ပါကဲ့သို့သော ဥဒါန်း ကျူးရင့်သံများကို ကြားနေရပြီတည်း။

လူသတ်သမားကြီးစစ်စစ် ဖြစ်ပါတို့လျက်လည်း အင်္ဂုလိမာလသည် နိဗ္ဗာန်စခန်းကို လှမ်းချူ ယူငင်နိုင်သေးသည် ဖြစ်ရာ သူ့အသက် ဆိုသ ရှုပုရွက်ဆိတ်ကလေး တကောင်မျှ မသတ်သူများအတွက် နိဗ္ဗာန်စခန်းသည် လက်တကမ်းတွင် ရှိနေလိမ့်မည်သာတည်း။



(၆) သားသေ့လင်ဆုံး၊ မိဘလည်းဆုံး၊ မောင်လည်းဆုံး၊
သူ့တကိုယ်လုံး အပူမီးဟုန်းဟုန်းတောက်နေသော ပဋာစာရီ၏

## နိဗ္ဗာန်စခန်း လက်တကမ်း ဝတ္ထု

အစက မချစ်မိယင်
အကောင်းသား။

ဤသည်ကား ချစ်မိသူတို့၏ အလွမ်းဘွဲ့၊ အဆွေးဘွဲ့ တေးဂီတ ဖြစ်ပါ၏။ ဤဂီတမျိုးကို မကြားခဖူး ကြားရ၏။ မကြားချင်အဆုံးပင် ဖြစ်တော့၏။ ဤဂီတမျိုးကား လူရှိနေသမျှ ကာလပတ်လုံး မည်သည့်အခါမျှ ဆုံးလေမည် မဟုတ်။ ယခုလည်း ကြားရဆဲ။ နောက်ကိုလည်း ဆက်၍ ဆက်၍ ကြားကြားနေရဦးမည်ပင် ဖြစ်၏။

အဘယ့်ကြောင့်ပါနည်း။

အဖြေကား ရှင်းပါ၏။ "မချစ်မိယင် အကောင်းသား" ဟူသော ဝေါဟာရ အနက်ဖွင့်သော် သူ့ကို ချစ်မိသည့်အတွက် ငါမှာ ဒုက္ခရောက်ရသည်။

လွမ်းရ ဆွေးရ, ပူရ, ပင်ရသည်။ စိုးရိမ်မှုအဝဝ ကြောင့်ကြမှုအဖုံဖုံနဲ့ ငါမှာ ကြုံရသည်။ သူ့ကိုသာ ငါမချစ်မိခဲ့ယင် ဤသို့ ဘေးဒုက္ခမျိုးနဲ့ ငါ တိုးရမည်မဟုတ်၊ စိုးရိမ်မှု, ကြောင့်ကြမှုတွေ တဗျိုင်းနဲ့ ငါ ကြုံရမည်မဟုတ် ယခုတော့ ငါမှာ....ငါမှာ အစကမချစ်မိယင် အကောင်းသား။

ဤသည် ဤသည်တို့ကား အချစ်ကြောင့်ဖြစ်ရသော၊ အချစ်ကြောင့် အသည်းကျမ်းမျှ ခံစားရသော ချစ်ဒုက္ခတို့ ဖြင်ကုန်၏။ ယင်းအချစ်ကိစ္စနှင့် ပတ်သက်၍ ဗုဒ္ဓဘုရားဟောတော်မူချက်များကို ရှုစားကြည့်ပါလေဦး။

"ချစ်လျှင် စိုးရိမ်ရတတ်၏"
(ပိယတော ဇာယတေသောကော)

"ချစ်လျှင် ဘေးဖြစ်တတ်၏"
(ပိယတော ဇာယတေဘယံ)

"မချစ်သူအား ဝါ- အချစ်ကို ကျော်ခိုင်းနေသူအား စိုးရိမ်ခြင်းလည်း မဖြစ်။ ဘေးလည်း မဖြစ်။
(ပိယတော ဝိပ္ပမုတ္တဿ နတ္ထိသောကော ကုတောဘယံ)

အချစ်ဟူ၍ ဖြစ်ရှိလာလျှင် ယင်း၏ နောက်လိုက် အစွယ်အပွား အခြွေအရံ အသိုက်အဝန်းတွေက များလှသည်။ ယင်း အသိုက်အဝန်းတို့ကား စိုးရိမ်းရခြင်း၊ ပူဆွေးရခြင်း၊ ငိုကြွေးရခြင်း၊ လွမ်းရခြင်း၊ တရခြင်း၊ အောက်မေ့ရခြင်း စသည်စသည်တို့ ဖြစ်လေသည်။ ချစ်မိသည်နှင့် တပြိုင်နက် ဝါ-ချစ်မိပြီဆိုမှဖြင့် ထိုထို၍၍ အလီလီသော အသိုက်အဝန်းတို့သည် ကျီးပြိုသည့်နှယ် ပြိုလာကုန်လေ၏။ အခွင့်ရလျှင် ရသလို၊ လူကို ကောင်းကောင်း ဒုက္ခပေးလေတော့သည်။

အချစ်ကို အကြောင်းပြု၍ ချစ်ဒုက္ခကို ပယ်ပယ်နယ်နယ်ကြီး ခံစားရသော နေရာတွင် ပဋာစာရီ၏ စံချိန်သည် အမြင့်ဆုံးသော စံချိန်ဖြစ်ပေလိမ့်မည်။ သူ့ဒုက္ခကား တခုကောင်း၊ နှစ်ခုတောင်း ဒုက္ခမျိုးမဟုတ်။ ဘက်စုံချစ်ဒုက္ခဖြစ်၏။ သူမို့သာပင် အလွန်နူးညံ့လှစွာသော သူ့အသည်းကို ဘဝလမ်းဆုံးအထိတွဲခေါ်သွားနိုင်သည်။ သူ၏ချစ်ဒုက္ခ စံချိန်ကျိုးအောင် ချိုးနိုင်သူ မပေါ်သေး။

ဆင်းရဲ၏အဆုံးသည် ချမ်းသာ။ ဒုက္ခအဆုံးသည် သုခ။ (ဒုက္ခဿ အန္တံ သုခံ)ဟု အဆိုရှိလေရာ ပဋာစာရီအဖို့ နောက်ထပ် ဆင်းရဲစရာမရှိတော့ပြီလော။ နောက်ထပ် ဒုက္ခရောက်စရာတွေ ကုန်ခန်းသွားပြီလော....။

ပဋာစာရီ၏ ဘက်စုံချစ်ဒုက္ခသည် အသို့ပါနည်း။

သူ့ဘဝတွင် ထိုချစ်ဒုက္ခကို ဘက်စုံအောင် ရှုထောင့် အမျိုးမျိုးမှ မည်သို့ ခံစားရရှာလေသနည်း။ အမျိုးမျိုးသော ထိုဘက်စုံ ချစ်ဒုက္ခတို့မှ လွတ်မြောက်အောင် သူသည် မည်သို့ ရုန်းကန်လေသနည်း။ ထို့မှတပါး တုံလည်း သူ၏ မျိုးရိုးဇာတိ။ သူ၏အဆင့်အတန်းနှင့် သူ၏ဘဝအလှသည် အဘယ်နေရာ၌ ရပ်တည်ခဲ့လေသနည်း။

ပဋာစာရီသည် သာဝတ္ထိမြို့ကြီးသူ့ ပါတည်း။ ကုဋေရှစ်ဆယ် ကြွယ်ဝသော သဌေးသမီး။ ရွှေရုပ်လို အလှထူးသော ပြုံးအလှပိုင်ရှင် မကလေး ဖြစ်ပါ၏။ ရှေးကုသိုလ်အကျိုးကြောင့် သဌေးမျိုး၌ ဖြစ်ရသော်

ငြားလည်း၊ အိမ်ထောင်ရေး လမ်းကြောင်းမှာမူ— သူ့ခများ မကောင်းရှာ။ အိမ်ထောင်ရေး၌ ဖူးစာကံ မွေးလေစွ။

တခါတခါ ကြုံရတတ်၏။ စာရင်းဒိုင်သမီးနှင့် စာရင်းငှား ညား တာမျိုး။ သဌေးအိမ်မှာ ကားမောင်းနေသော ဒရိုင်ဘာနှင့် သဌေးသမီး ညားတာမျိုးကဲ့သို့။ သဌေးသမီး ပဒ္မာစာရိသည်လည်း အိမ်မှုခိုင်းထား သော အိမ်ပေါက်ကျွန် တယောက်နှင့် မေတ္တာဖူးညှောက်၊ အစိုးပေါက်ကာ မိဘ မသိအောင် လင်နောက် လိုက်ပြေးရှာပါလေ၏။

ချစ်မိပြီဆိုမှဖြင့် အခက်သား.... သူ့ခများ ရွှေဘုံကို ငရဲအိုးကြီး ထင် လာသည်။ တူနှစ်ကိုယ် တဲအိုပျက်မှာနေရ, ဆိုသောအတိုင်း တဲအိုကို ရွှေဘုံ ကြီးဟူ၍ ထင်မှတ်လေသော သူ့ဘဝ။ ချစ်စ, ခင်စ, ကြင်နာစ, ဆိုတော့ လည်း ပျော်လိုက်သည့်ဖြစ်ခြင်း။ သက်တန့်ပေါ်ငယ် တူစုံမောင်မယ် ကစားလိုက်ကြသည်မှာလည်း အကြိမ်ပေါင်းပင် မရေတွက်နိုင်။ ပျော် တပြုံးပြုံး မော်မဆုံးနိုင်သည့် သူတို့ဘဝပေးကိုး။

မိဘနှစ်ပါး၏ အေးမြသော အရိပ်အောက်က နှစ်ယောက်သား ရုပ်ဖျောက်ပြီး ထွက်ပြေးခဲ့ကြလို့ ပစ္စန္တရစ် တောရွာကလေး ရောက်၍ ထို ရွာကို အမိပြု၍ နေကြစဉ်အခါ- ‘‘တံလျှပ်ကို ရေထင်သည့် ရွှေသမင် အလား’’ မယားခများ မပဒ္မာကလည်း သူ့လင်ကို နတ်သားလောက်ထင်။ လင်ဖြစ်သူ ကိုဒါသခများကလည်း သူ့ရဲ့ချစ်ဇနီး မပဒ္မာကို အလှရတနာ မယ်ပဘာ့တို့လို အပျိုဆယ်တွဲနှင့်ပင်မလဲ။ သဲသဲမဲမဲ ချစ်ဇွဲသန်လှတဲ့ သူတို့ လင်မယား။

ပျော်ရာနိဗ္ဗာန် ဟူပေ၏။ ဆင်းရဲကိုလည်း ဆင်းရဲမှန်းမသိ။ မိုးမမြင်, လေမမြင်၊ ချစ်ကြသည်။ ခင်ကြသည်။ ကြင်နာကြသည်။ ဝမ်းရေးအတွက်ကို လင်ရတနာ ကိုဒါသက အလုပ်မရွေး။ ရရာအလုပ်ကို ပုံကျ လုပ်ရှာ၏။ လှေထိုး, လှော်ကာ၊ လိုက်သည့်အခါလိုက်။ ကောက်စိုက်၊ ပျိုးနုတ်၊ လယ်ထွန် နွားကျောင်း၊ ငှားသူများ ရှိခဲ့လျှင် ခါးစောင်းအောင် လုပ်ရှာပါချေ၏။

သဌေးသမီး မပဒ္မာကလည်း ငါ့အရာ မဟုတ်ဘူး ဟူ၍မငြင်း။ ဆန်တပြည်, ငွေဘာမှတ်၊ ရတာပဲအမြတ်,ဟူ၍ ရေခပ်ငှားလျှင်လည်း ခပ်သွက်သွက်။ ဟင်းရွက်ခူးပေးစမ်း ဆိုလျှင်လည်းခူး ပေးသော့သော့။ မခပါ မဆေ၊ ကိုရီယကို အားသွန်လောင်း။ မောင်းဆိုလျှင်လည်း ထောင်းဖြစ် အောင် ထောင်းကိုက်ချေသေး၏။ ချေးကိုမှ မသုတ်အား။ ဤသို့ ဤနယ် သော ဒုက္ခများကိုလည်း ဒုက္ခဟု မထင်။ သည်လင်နှင့် သည်မယား၊ သံသာ လောကကြီးထဲ၊ ချစ်ခွန်းလှိုင်လှိုင်နဲ့ တပြိုင်ပြိုင် နေသွားရယင် လူဖြစ်ရကျိုး နပ်ပါပြ—တဲ့။

ဤသို့ တူစုံမောင်နှံ ချစ်ဗိမာန်ပေါ်မှာ တူပျော်ပျော်စံစား လာကြရာက ကာလတောင်တာ အတန်ကလေး ကြာလာသော အခါတွင် မပဋ္ဌာခများမှာ ဂဗ္ဘသေယျ ပုနာရေတိ ကိုယ်ဝန်ရှိလာလေသတည်း။

ထိုအခါ....ခလုတ်ထိမှ အမိတ, ဆိုသကဲ့သို့ မီးဖွားဖို့ ကိစ္စနှင့် ကြုံလာသောအခါ၌ကား မပဋ္ဌာက မိဘကို သတိရလာသည်။ "တောင်းစုတ်, ပလုံးစုတ်ကိုပစ်ရိုးရှိသည်။သားသမီးကိုပစ်ရိုးမရှိ၊မိဘတို့မည်သည်သားသမီးများ အပေါ်၌ နူးညံ့သော နှလုံးသားထားရှိကြသည်။ မိဘထံပြန်ပြီး ကလေးမွေးရယင် ကောင်းလေစွ" ဤသို့သော စိတ်ကူးဖြင့် ဖွားခါနီးလာသောအခါသူ့မိဘထံကိုလိုက်ပို့ပေးပါရန် ကိုဒါသထံမပဋ္ဌာအသနားခံလေသောအခါ မယားကိုချစ်သည်က တခြား။ လိုက်ပို့ရန် ကိစ္စအတွက်ကိုကား ကိုဒါသက တွင်တွင် ခေါင်းခါနေ၏။ အိမ်ကို မလိုက်ဝံ့၊ ယောက္ခ သဌေးကြီးနှင့် မျက်နှာချင်းမဆိုင်ရဲလို့ပါဟု အကြောင်း ပြသည်။

ချစ်တုန်းက အတူတူ ချစ်လာကြပြီး ဗိုက်ပြဿနာ ဖြေရှင်းရေး မီးဖွားဖို့ကိစ္စကျတော့ ကိုဒါသက အင်တင်တင် လုပ်နေ၏။ တကြိမ်, နှစ်ကြိမ်,သုံးကြိမ် မြောက်အောင် အိမ်ကို လိုက်ပို့ ပေးပါ,ဟု တစာစာ မယ်ပဋ္ဌာက တောင်းပန်ငြားသော်လည်း မရသည့် အဆုံးတွင် မယ်ပဋ္ဌာခများသူ့လင်မရှိခိုက် တကိုယ်တည်း ဗိုက်တလုံး နှင့်ကိုယ်လွတ်ရုန်းလေတော့၏။ ကိုဒါသကများ မေးယင်ပြောလိုက်ပါ မိဘထံ ပြန်သွားပြီလို့" ဤသို့ အိမ်နီးချင်းများအား မှာထားခဲ့ပြီးနောက်မယ်ပဋ္ဌာသည် မိဘဆီသို့ ဦးတိုက်ပြီးထိုရွာမှ ရုပ်ဖျောက်ခဲ့လေ၏။

အရေးကြုံလျှင် သက်လုံကောင်းရစမြဲပေကို။ သတ္တိကောင်းလှသည့် မပဋ္ဌာတယောက် ချစ်ချစ်တောက် ပူပြင်းလှသော နေမင်းအောက်ဝယ် တမတ်စောက်စောက်နှင့် လျှောက်နေပါ၏။

"အို....ပဋ္ဌာ....ပဋ္ဌာ....မပဋ္ဌာ"

တမတ်စောက်စောက် လျှောက်သွားနေယင်း နောက်က ခေါ်သံကြောင့် လှည့်ကြည့်လိုက်သောအခါ "ဟင်း....ကိုဒါသ ရှင်-ဘာလို့လိုက်လာတာလဲ" ဟု လင်က တွင်တွင် ရွာကို ပြန်ခေါ်သည်။ မယားက တွင်တွင် ငြင်းနေသည်။

နေဝင်သွား၏။ အချိန်မကျ စက ကျနေသည့်အခါ ဇာမ္ဗူလေဲက လှုပ်လာသည်။ "ကျုပ်အပြင် ထွက်တော့မလို့ဗျို့" ဟု ဝမ်းထဲက ကလေးက သတိပေးသကဲ့သို့ ဖြစ်လာသည်။ မအောင့်နိုင်သည့် အဆုံးတွင် မပဋ္ဌာခများ သူ၏ ဗိုက်တလုံးကို နီးရာ ချုံထဲဝင်၍ မွေးလိုက်ရတော့၏။

"အူဝဲ....အူဝဲ....အူဝဲ"

"ရှင်မရေ…ကျားကျားလေး–ကျားကျားလေး"

လမ်းတွင် သားယောကျ်ားကလေး ဖွားမြင်သည့်အခါ "သည်မီး ဖွားဖို့ ကိစ္စအတွက် မိဘထံ ရှင်မပြန့်တာမဟုတ်လား၊ ယခု မီးဖွားပြီးမှပဲ သွားဖို့မလိုတော့ပါဘူး။ လာရွာကိုပြန်ကြပါစို့ကွယ်–"ဟုလင်ယောကျ်ား ကိုဒါသ၏ အဆွယ်အပိုး၊ အဟောအပြော၊ အသနားခံ တောင်းပန်မှု အောက်တွင် မပဒ္မာ တယောက်မှာ "တော့ နောက်ကို လိုက်ချင်ပါဘူး" ဟူ၍ငြင်းဆန်ခြင်းမပြုလေပဲ ကလေးကို ပိုက်ပြီး လင်ခေါ်ရာသို့ ပြန်၍ လိုက်သွားလေသတည်း။

မပဒ္မာမှာ သငွေ့သမီးတန်မဲ့နှင့် ကလေး တယောက်ကိုမှ ကောင်း ကောင်း မမွေးနိုင်ရှာ၊ တောကြိုချုံကြားတွင် ဖြစ်သလိုမွေးခဲ့ရသည့် ဒုက္ခ ကိုလည်း သူမမှတ်၊ နတ်ခရေးတဲ့ဖူးစာရှင်ဟု သူ့လင်ကို ရှေးယခင်ကထက် ပင် ပို၍မြတ်နိုးလာ၏။ သို့နှင့်ပင် နောက်ထင်ဗိုက်တလုံးက တနေ့တခြား ခုံး၍ခုံး၍ လာပြန်လေ၏။ ထိုအခါ သူသည် မိဘကိုသတိရပြန်၏။ "ဒီတခါ တော့ အမေ့ထံပြန်ဖြင့်အောင်ပြန်ပြီး မွေးဖြစ်အောင်ကို မွေးပြလိုက်မယ်"

ယခင်နည်းအတိုင်းပင် မိဘထံလိုက်ပို့ပေးဖို့ လင်ကို ပူဆာပြန်သည်။ ကိုဒါသမှာလည်း ယောက္ခမဆိုသော လေသံကိုကြားရုံမျှနှင့် လန့်ဖျားဖျား ချင်လာသည်။ "သည့်ပြင်ဟာကို ဘာမဆို ခိုင်းပါကွယ်၊ အဲဒါကိုတော့ သည်းခံ"ရှေးနည်းတူပင် ကိုဒါသက ငြင်းမြဲငြင်းဆန်နေပြန်သောကြောင့် မပဒ္မာမှာ ရှေးနည်းတူပင် နို့စို့သားငယ်ကို ရင်ခွင်ပိုက်ပြီး၊ ဗိုက်တလုံးနှင့် လင်မသိအောင် လူးလုံး ဖျောက်ခဲ့ရပြန်လေ၏။ "အစက မချစ်မိသင် အကောင်းသား"ဟု ဤအထိ မယ်ပဒ္မာသည် သတိမရသေး။ ကလေးကို ချီပိုးရဘာကတဘက်။ သွားယင်းလာယင်း တခါတခါ ဗိုက်က နာလိုက် သေး၏။ မောမောဖြင့်ယင်ထိုင်နားလိုက်၊ သင်း်အောက်ဝင်ခိုလိုက်။အမေ ပြေယင် ကလေးတိုးလိုတဲ့လဲနှင့် ထသွားလိုက်၊ ဒါကိုများ ဒုက္ခတဲ့လား တော်"ဟု ညည်းမကျူးရဲ့တမည်သာ မပဒ္မာမှာ....

ကိုဒါသမှာလည်း ရှေးနည်းတူပင် မယားလဲပျောက်၊ သားလဲ ပျောက်၍ ဒေါသတောင်နေသည်။ လိုက်ရှာသည်။ မီလာပြီ၊ လင်မယား ချင်း ဆုံမိပြန်၏၊ အိမ်ကို ပြန်ခေါ်သော်လည်း မပဒ္မာက မလိုက်ရေးချ မလိုက်၊ ငြင်းလေသတည်း။ ဒုက္ခကို ဒုက္ခမှန်းမသိသော မယ်ပဒ္မာအတွက် သူ့ကံကြမ္မာက သူ့ကို လက်စားချေပြီ။ သည်မဆင်ပဲနှင့် ဖြန်း ကနဲ မွေးချင်လာလေရာ ခင်မျက်နှာလုံး မှောင်ကြီးမိုက်သွားလေ၏။ တချက် တချက် လျှပ်စီးများက ပြက်ကနဲ ပြက်ကနဲ လက်နေသည်။ သည်ကြားထဲ မိုးချုန်းသံများကလည်း တစ်ခုံနှင့် ဆူညံနေတော့သည်။

"ကိုဒါသ….ကလေးမွေးတော့မယ် ထင်တယ်။ ဗိုက်ထဲကနာလှပြီ။ ကျုပ်ကို မိုးလုံ၊ လေလုံနေရာကို ပို့ပေးပါတော်"

ကိုဒါသခမျာ၊ မနေသာတော့ပြီ။ မှောင်ကြီးမည်းမည်း မိုးသည်းသည်းတွင် မမြင်မကန်း၊ စမ်းတဝါးဝါးနှင့် လက်သုံးတော် ဓားတစင်းနဲ့ မယားကလေးမွေးဖို့အတွက် တောရှင်းရချေပြီကော။ တောင်ပို့ကြီးတခုကို တွေ့သော် ငါ့မယား ဒီအနားမွေးစေမှပဲဟု ကိုဒါသသည် ဓားတလက်နဲ့ ချုံကိုဖျက်သည်၊ ခုတ်သည်၊ ထွင်သည်၊ ရှင်းလင်းသည်။ တောင်ပို့ကြီးထဲက ထွက်လာသည့် ပါးပျဉ်းကြီးနဲ့ မြွေဟောက်ကိုတော့ သူမမြင်၊မယားဇောနဲ့ တောရှင်းနေသည့်အခိုက် သူ့ကို မြွေဟောက်ကြီးက ပေါက်လိုက်ပါတော့သည်။ ကိုဒါသခမျာ မြွေအဆိပ်တက်၍ ထိုနေရာမှာပင် အသက်ထွက်ရှာလေ၏။

မိုးစိုသောကြောင့် ကလေးကငိုသည်၊ မပဋာမှာ ကလေးကို ရင်ခွင်တွင်းသွင်းလျက်က ဗိုက်ကနာနာလာသည်။ ကိုဒါသ ကို အော်ခေါ်သော်လည်းပေါ်မလာ၊ မိုးကလည်း သဲသဲမဲမဲရွာနေဆဲအခါတွင် လက်သည်နတ္ထိ၊ ဝမ်းဆွဲဗလာဖြင့် မိုးရေထဲမှာပင် ဒုတိယမြောက်၊ သားတယောက်ကို ဖွားမြင်ပြန်လေ၏။ "လင်ယူချင်လှတဲ့ ကောင်မ၊ မှတ်ဟ….''

ဤစကားကို ဆိုလှာသူမရှိသော်လည်း သူ့ဒုက္ခကား တဖြည်းဖြည်း ကြီးသည်ထက် ကြီးထွားလာသည်။ ဘယ်ရန်ငြိုးနဲ့ မိုးကတစိမ့်စိမ့်ရွာနေလေသည်မသိ။ မိုးထဲလေထဲတွင် ဝမ်းထဲက ကျွတ်ခါစ အူဝဲကလေးကပါ တအယ်အယ်ငို၊ သားကြီးကလဲ တက်တော့မတတ် ချမ်းရှာလွန်း၍ငို၊ မိုးချုန်းသံကိုပင် အန်တုလေသည့်ပမာ မိုးသံလေသံနှင့်၊ ကလေးငိုသံများညံနေလေတော့သည်။

မိခင်၏မေတ္တာသည် လွန်စွာကြီးမားဘိစွ။ သားနှစ်ယောက်ကို ရင်ခွင်တွင်းသွင်းပြီးလျှင် ကြက်မသည် မိမိ၏ သားငယ်များအား အတောင်နှစ်ဘက်ဖြင့်ယှက်၍လွှမ်းအုပ်ထားဘိသကဲ့သို့ ဒူးနှစ်လုံးတို့ဖြင့်လည်းကောင်း၊ လက်နှစ်ဘက်တို့ဖြင့်လည်းကောင်း မြေဦးဖော့၍ ထောက်လျက် ညလုံးပေါက်ကုန်း၍ စောင့်ရှောက်၍ နေရှာ၏။ သူ့တကိုယ်လုံးမှာ သွေးမရှိတော့သည့်အလား ဖြူဖပ်ဖြူရော် ဖြစ်နေရှာ၏။

မိုးစင်စင်လင်းလေပြီ။ ရွာနေသောမိုးလည်း စဲသွားလေပြီ။ မပဋာခမျာ—လင်ပျောက်ကို ရှာရချေတော့မည်။ သွေးနုသားနုနှင့် သူ့ရင်ခွင်တွင် ဝမ်းမှ ကျွတ်ခါစ ကလေးကို ပွေ့ချီလျက်၊ သားကြီးကို လက်က ဆွဲလျက် "သားသားတို့လာကြ။ အမေ့အတူ လိုက် ခဲ့ကြ။ မောင်တို့ဖခင်ဟောသည်ဘက်ကို ညကထွက်သွားတယ်''ဟု ပြောလျှာ ဆိုကာ လင်သွား

သည့် ဘက်သို့ သားနှစ်ယောက်နှင့် ထွက်ခဲ့၍ တောင်ပို့ကြီးသို့ အရောက်တွင် "ဟင်....ကိုဒါသ....ကိုဒါသ...."ဟု ကလေးတဘက်နှင့် လင်၏ခြေလက်တို့ကို စမ်းကြည့်ယင်း "ငါ့ကြောင့် သေရလေခြင်း"ဟူ၍ လင်ကို ဖက်ကာဖက်ကာ ငိုကြွေးရှာလေသတည်း။

အစိရဝတီမြစ်သည် ရေလျှံသင်ဖြူးခင်း၏သို့ ရှိနေ၏။ မြစ်ပြင်သာ ကျယ်သည်။ ရေကားနက်လှသည်မဟုတ်။ အချို့နေရာတွင် ဒူးလောက်၊ အချို့နေရာတွင် ခါးလောက်သာ နက်လေသည်။ မယ်ပဋ္ဌာသည် သားငယ်ကို ရင်ခွင်ပိုက်၊ သားကြီးကို လက်ကဆွဲလျက် မြစ်ကမ်းတွင်ရပ်၍ မြစ်အခြေအနေကို ကြည့်နေ၏။ ရေတွေက သူ့ကို တသွင်သွင်းစီးပြနေ၏။

မပဋ္ဌာ၏ စိတ်သည်လည်း စီးနေသော မြစ်ရေနှင့် ပြိုင်၍ စီးနေသည်။ မြစ်ကမ်းစပ်တွင် ရပ်လျက် သူ့ဘဝ၏ အနာဂတ်ကို သုံးသပ်မိနေ၏။ "ငါဘယ်သွားရပါ့....ဘယ်လာရပါ့၊ ဘယ်နေရပါ့၊ ဒီကလေးနှစ်ယောက်လူသားမြောက်အောင် ငါဘယ်လိုမွေးရပါ့"ဟူသည်မှ အစ သူ့အတွေးသည် ကိုဒါသဆီသို့ ပြေးသွားပြန်၏။ ငါ့ဘဝမှာ ရွှေတောင်ကြီးလို မှီခိုနေရတဲ့ ကိုဒါသ၊ ငါ့ရဲ့ဘဝသခင် ခင်ပွန်းလင် ကိုဒါသ၊ ယခုသူလေ....ငါ့ကို ကလေးနှစ်ယောက်နဲ့ ထားပစ်ခဲ့ပြီ။ ငါ့ရဲ့ မှီခိုရာ ရွှေတောင်ကြီးပြိုသွားပြီ။ ငါဘယ်မှာ ခိုတော့မလဲ။

မပဋ္ဌာသည် ဤသို့ တွေးယင်း ရင်ခွင်ထဲက သားကလေးကို မျက်ရည်အရွှဲသားနှင့် တရှုပ်ရှုပ် နမ်းလိုက်ပြီးနောက် သူ့စိတ်သည် မိဘဆီ ရောက်သွားပြန်လေသည်။ "ဩော်....အမိ-အဖ-ငါ့မှာ မိဘရှိသားပဲ၊ ဟိုယခင်က ကိုဒါသကို အကြောင်းပြုပြီး ဒေါသမီးလုံး၊ တဟုန်းဟုန်း တောက်လောင်ခဲ့ပေမယ်လို့ ကိုဒါသ မရှိတော့တဲ့အခါမှာ ငါ့ကို သမီးအဖြစ်နဲ့ ရှေးကလို ချစ်မြဲချစ်မှာပဲ၊ တကယ်လို့ အမျက်တော်မပြေ၊ ငါ့အပေါ် ဒေါသတွေ ပင်လယ်ဝေနေစေဦးတော့၊ ဟောသည် ရင်သွေးနှစ်ဖော်ကို လက်ဆောင်ထိုးလိုက်ယင် မမြတ်နိုးပဲ နေနိုင်မလား။ မြေးကလေးတွေ ချစ်တာနဲ့ ငါ့ကို ဘယ်တော့မှ ပစ်ပစ်ခါခါ မလုပ်တန်ရာပါဘူး။ မိဘအရိပ်ကို ပြန်ခိုမှ ငါ့သားကလေးတွေရော၊ ငါ့ဘဝရော ရပ်တည်နိုင်မှာ ဖြစ်တဲ့အတွက် "အို....ငါ့ကိုမုန်းလို့၊ အမျက်မပြေနိုင်လို့ သတ်ပစ်လဲ အေးတာပဲ၊ ငါသေသည်ပဲထား၊ ငါ့သားလေးနှစ်ယောက်တော့ သူ့ဘိုးဘွားထံမှာ ကောင်းစားပြီး ကျန်ရစ်မှာပဲ၊ သွားမယ် ပြန်မယ်၊ ငါ့မိဘထံ ငါပြန်မယ်"

ဤသို့ မိမိစိတ်ကို ယတိပြတ် ဆုံးဖြတ်လိုက်ပြီးနောက် သူ ကူးရမည့် မြစ်ကြီးကို ကြည့်လိုက်သည်။ လှုပ်ရှားနေသော ရေမျှားက သူ့ကို လက်ယပ်၍ ခေါ်နေသကဲ့သို့ ထင်လာသည်။ ထို့ကြောင့် သူသည် သားငယ်ကို ပိုက်၊

သားကြီးကို လက်ဆွဲလျက် မြစ်ထဲသို့ ဆင်းမည်လုပ်ပြီးမှ "ဩော်....မတော်လို့ ရေလယ်ကောင်မှာ သားအမိသုံးယောက်စလုံးဒုက္ခရောက်မှဖြင့် ခက်ရချည့်" ဟု တွေးမိလေ၍ သားကြီးကို ကမ်းစပ်မှာ ထားခဲ့ပြီး သားငယ်ကို ပိုက်၍ မြစ်ကို ကူးလေရာ ကံအားလျော်စွာပင် မြစ်ရေသည် ဒူးလောက်၊ ပေါင်လယ်လောက်ထက် မနက်သဖြင့် တဘက်ကမ်းသို့ အရောက် အန္တရာယ်အရှက် မရှိ၊ ကူးနိုင်လေ၏။ သူ့အဖို့ အရေးကြီးနေသည်ကား မိဘထံ ပြန်ရန်ဖြစ်၏။ မိဘထံ အမြန်ရောက်ဖို့ဆိုသော ကိစ္စမှာ ဤမြစ်ကို အလျင်အမြန် ကူးပြီးမှဖြစ်မည် ဖြစ်သောကြောင့် ဟိုဘက်ကမ်းတွင် ကျန်ရစ်သောသားကို အမြန်ပြန်၍ ခေါ်မှဖြစ်မည်။ သို့ဖြစ်လျှင် ဤဘက်ကမ်းတွင် ဤမွေးကင်းစကလေးကို ထားခဲ့ရမည်ဖြစ်ရာ၊ ငါ ဘယ်လို လုပ်ရပါမည်နည်း၊ မွေးစကလေးကိုတယောက်တည်း ထားခဲ့လို့ကော ဖြစ်ပါမည်လား။ ဤသို့လျှင် မပဋာသည် သားနှစ်ယောက်ကြားတွင် ဗျာများရပြန်လေ၏။

မတတ်သာသည့် အဆုံးတွင်မူ မပဋာသည် သစ်ခက်၊ သစ်ရွက်များ ခူး၍ မွေ့ရာသဖွယ် မြေတွင် ခင်းလိုက်ပြီး မွေးစကလေးကို ဖက်မွေ့ရာ အခင်းပေါ်တွင် သိပ်လိုက်၏။ ကလေးသည် နွမ်းလျ၍လားမသိ၊ ခဏအတွင်းမှာပင် အိပ်ပျော်သွားလေတော့ရာ၊ မပဋာသည် ကလေးကို မထားရက်ပဲ လျက်နှင့်ပင် ကျန်ခဲ့သော သားတယောက်ကို သွားခေါ်ရန် မြစ်ထဲသို့ ဆင်းခဲ့လေ၏။ သို့သော် သူ့မျက်လုံးများသည် ထိုခဏဝယ် ယောက်ယက်ခတ် အလုပ်ရှုပ်နေ၏။ မြစ်တွင်းသို့ ဆင်းမိလျက် သားငယ်ပြန်ကြည့်လိုက်၊ သားကြီးကို ပြန်ကြည့်လိုက်နှင့် သူ၏ ရင်အုံသည် အစွမ်းကုန် တခုန်ခုန်နှင့် ရှိနေ၏။

နေမင်းသည် ညက ရွာချထား၍ စိုစွတ်နေသော မြေပြင်ကို တန့်သွားစေရန် အရေးဖြင့် မိမိ၏ ရောင်ခြည်ဖြင့် အခွေးခဘ်ပေးလျက် ရှိနေပြီး ကောင်းကင်တခွင်မှာလည်း အထူးကြည်လင်လျက် ရှိနေလေရာ၊ သိန်းငှက်တကောင်သည် မြစ်ပြင်ပေါ်ဝယ် ဝဲနေ၏။ သူသည်လည်း သူ့တဝမ်းတခါး ကျောင်းရန်အတွက် အစာရှာ ထွက်လာခြင်းဖြစ်၏။ သိန်းငှက်အဖို့ ကံကောင်းသလောက်၊ မပဋာအတွက် အပူမီးတောက်ဖို့ ကိန်းကို သိန်းငှက်က ဖန်တီးလေတော့သည်။ သစ်ရွက်အခင်းပေါ်တွင် နီရဲရဲနှင့် အိပ်နေသော ကလေးကို သိန်းငှက်က သားတစ်ဟူ၍ ထင်လေသည့် အလျောက်၊ ဝိုးကနဲ ထိုးစိုက်၍ချကာ ကလေးကို သုတ်ချီသွားပါလေ၏။

မယ်ပဋာသည် လက်နှစ်ဘက်ကို မြှောက်ကာမြှောက်ကာ ပါးစပ်ကလည်း အော်ကာဟစ်ကာနှင့် ချောက်သော်လည်း သူ့ကလေးမှာမူ သိန်းငှက်၏ ခြေကြားတွင် အူဝဲသံညံမစဲနှင့် ပါသွားလေရာ၊ မပဋာမှာ

သားအတွက် ကမ္ဘာပျက်ပြီး လက်တယမ်းယမ်းနှင့် သားကို တမ်းတလျက် ရှိနေရှာသည်ကို သူ့ကံကြမ္မာက သူ့အားသနားဟန် မတူပါ။ တဘက်ကမ်းဘက်မှာကျန်ရစ်သော သားက မိခင်၏လက်တယမ်းယမ်း၌ ငိုကြွေးမြည်တမ်းရှာသည်ကို "သား-အမေ့ဆီလာ" ဟူ၍ လက်ယပ်၍ ခေါ်သည် အမှတ်ဖြင့် သားကြီးက ကမ်းစပ်မှ မြစ်ထဲဆင်းကာ အမေ့ဆီသို့ ဦးတည်၍လာယင်းက ရေစီးကြောင်း၏ တွန်းအားဒဏ်ကြောင့် ပေါ့သော ကိုယ်အလေးချိန်ရှိသည့် သားခမျာမှာလည်း မြစ်ထဲတွင် မျောပါသွားရှာ ပြန်လေသတည်း။

မယ်ပဋာခမျာမှာ မျက်စိဘမ်ိုတ် လျှပ်တပြက်အတွင်းလောက်မှာပင် သားငယ်စွန်ချီ၊ သားကြီးမှာ ရေမျော၊ မိမိကိုယ်တိုင်ကလည်း မွေးပြီးခါစ သွေးနုသားနု ဖြစ်လေသောကြောင့် သောကမီးစ လောင်မီးကျလေတော့၏။ ဒုက္ခနှင့်သူ၊ သူနှင့်ဒုက္ခ မမျှအောင် ကြုံရရှာလေပြီကော။ မိဘထံတွင် မျှယ်နှာပန်းလှအောင် လက်ဆောင်ထိုးမည်ဟု မျှော်ကိုးထားသော ရင်သွေး နှစ်ပြွာမှာလည်း ယခုအခါ သူ့ကို စွန့်ခွာသွားကြလေပြီ ဖြစ်သဖြင့် သူ၏ မျှော်လင့်ချက် အားထားချက်များလည်း အပျက်စာရင်းထဲ ရောက်ကုန်ရှာလေ၏။ ထို့ကြောင့်သာပင် မပဋာခမျာ အပူဒဏ်ကပြင်းပြီး သတိဆင်း လွှတ်ကာ မြစ်ကမ်းစပ်ဝယ် မတ်တတ်မှ ဗုန်းဗုန်းကြီး မြေပေါ်၌ ခွေကန် လဲကျသွားရှာလေသတည်း။

အဘယ်မျှကြာအောင် သတိလစ်နေရှာသည်မသိ။ သတိရ၍ ကြည့်လိုက်သောအခါ သူ့အနားတွင် သူ့ကိုဖေးကူ ထူမပေးသော ကျေးဇူးရှင် လူတယောက်ကို တွေ့ရလေသောအခါ လန့်သွားသည်။

| | |
|---|---|
| ပဋာ | "ရှင်....ရှင်....ရှင်ဟာ...." |
| ခရီးသည် | "ဟုတ်ကဲ့ သည်မှာခင်များ သတိလစ်ပြီး လဲနေတာတွေ့လို့" |
| ပဋာ | "ဒါဖြင့် ကျုပ်သားနှစ်ယောက် ရှင်ခိုးတာပေါ့" |
| ခရီးသည် | "ဗျာ...." (ထိုသူလန့်သွားလေ၏။) |
| ပဋာ | "ဩော်.... (သတိရဟန်ဖြင့်) သည်းခံပါရှင်.... ကျွန်မမှာ လင်လည်းဆုံး၊ သားလည်းဆုံး၊ အပူမီး တဟုန်းဟုန်း လောင်နေလို့ ပြောမှား ဆိုမှားကို သည်းခံပါရှင်.... ဒါနဲ့ ရှင်ဘယ်ကလဲ...." |
| ခရီးသည် | "ကျွန်တော် သာဝတ္ထိကပါ။ အကူအညီ လိုတာရှိယင် ပြောပါဗျာ....ကျွန်တော် ကူညီပါရစေ" |
| ပဋာ | "ဝမ်းသာလိုက်တာရှင်.... သာဝတ္ထိက ဆိုတော့ ကုဋေ လေးဆယ် ကြွယ်ဝတဲ့ သဌေးကြီး ရှင်ကြားဖူးမှာပေါ့" |
| ခရီးသည် | "ကြားဖူးရုံမက ကျွန်တော်နဲ့ သူ့သား သူငယ်ချင်းပါ" |

ပဒ္မာ — "ဝမ်းသာလိုက်တာရှင်၊ သူတို့မိသားစုအကြောင်း ကျွန်မ သိချင်ပါသည်။ တဆိတ်ပြောစမ်းပါရှင်"

ခရီးသည် — (မျက်နှာညှိုးသွားပြီး) "တခြား သိချင်တာရှိယင် မေးပါဗျာ.... သူတို့ အကြောင်းကတော့ ကျွန်တော် မပြောပါရစေနဲ့...."

ပဒ္မာ — "ရှင်....ကျွန်မက သူတို့အကြောင်း သိချင်တာ၊ အဲဒါ ကျွန်မမိဘ၊ ကျွန်မမောင်"

ခရီးသည် — (အံ့သြစွာ) "ဗျာ.... ဒါဖြင့် ခင်ဗျား မပဒ္မာစာရီ...."

ပဒ္မာ — "ဟုတ်ပါသည်၊ အိမ်ထောင်ရေးပျက်၊ ဆင်းရဲ ညွှန်ဗွက်ထဲ ကျွန်မ ရောက်နေရလို့၊ ကျွန်မ မိဘထံ ကျွန်မ ပြန်ချင်လို့ မေးတာ၊ သူတို့ ကျန်းကျန်းမာမာ ရှိကြပါစရှင်...."

ခရီးသည် — (ဆို့နင့်သံနှင့်) "မသိချင်ပါနဲ့ဗျာ...."

ပဒ္မာ — "ဘာဖြစ်လို့ပါလဲရှင်.... ရှင်ပြောမှ ကျွန်မ ပိုပြီးသိချင်လာတယ်.... ပြော.... ပြော.... ပြောစမ်းပါ ရှင်.... ရှိကြီးခိုးပါရဲ့...."

ခရီးသည် — (လက်ညှိုးထိုးပြလျက်) "ဟို.... အဝေးမှာ မီးခိုး တလူလူ တက်နေတာ မြင်ပါစေ" (ပဒ္မာက လှမ်းမျှော်ကြည့်ပြီး)

ပဒ္မာ — "မြင်ပါတယ်....အဲဒါ...."

ခရီးသည် — "အဲဒါ အသုဘသုံးလောင်းပြိုင် မီးသင်္ဂြိုဟ်ရာမှ တက်လာတဲ့ မီးခိုးပါဗျာ...."

ပဒ္မာ — "ဩော်....သုံးလောင်းပြိုင် တခါတည်း သေကြတာလား"

ခရီးသည် — "ဟုတ်ပါတယ်၊ တော်တော် သနားစရာကောင်းတဲ့ မိသားစုပါ။ အဲဒီအထဲမှာ ကျွန်တော့်သူငယ်ချင်း ပါသွားရှာတယ်...."

ပဒ္မာ — "ဩော်....ဟုတ်လား (ကျွတ်...ကျွတ်) ကျုပ်လည်း ကိုယ်ချင်းစာပြီး သနားပါတယ်တော်၊ ဘယ်လိုဖြစ်ကြတာတုန်း။ အိမ်ကို ဒမြတိုက်ပြီး လူကို သတ်သွားကြတာများလား"

ခရီးသည် — "ဒီလို မဟုတ်ရှာပါဘူး။ အဖြစ်က ဒီလိုပါ၊ ညကလေကြီး မိုးကြီး ကျတယ် မဟုတ်လား၊ သူ့တို့အိမ်မှာ အရှေ့မှ ကုက္ကိုပင်ကြီးရှိတယ်၊ လေမုန်တိုင်း ဒဏ်မခံနိုင်တာနဲ့ကုက္ကိုပင်ကြီးဟာ အိမ်ပေါ်ကို တည့်တည့်ကြီး လဲကျပါရော၊ ရုတ်တရက် ဆိုတော့ အိမ်ရှိမိသားစု သုံးယောက်စလုံး ထွက်ပြေးခွင့်မရကြရှာပဲ....

ပဋ္ဌာ  ''ကျွတ်....ကျွတ် အိမ်ပိပြီး အားလုံး သေကုန်တယ် ဆိုပါတော့''....

ခရီးသည်  ''မှန်ပါတယ်၊ အဲဒီမိသားစုဟာ တခြားသူ မဟုတ်ဘူး။ ခင်ဗျားရဲ့ မိဘနှစ်ပါးနဲ့ မောင်ပဲ''

ပဋ္ဌာ  ''ရှင်''

မပဋ္ဌာ၏ နှုတ်ဖျားမှ ရှင်....ဟူသော အာမေဍိတ် စကားတလုံးသာ ထွက်လာပြီး ကမ္ဘာကြီးသည် အိုးထိန်းစက်ကဲ့သို့ အပတ်ပေါင်းများစွာ ချာချာလည် သွားသည် ထင်ရ၏။ မူးမိုက်ပြီး အရုပ်ကြိုးပြတ် မတ်တတ်က ဗုန်းကနဲ လဲကျသွားရှာလေသတည်း။

ဤသည့် နောက်ပိုင်း၌ကား မပဋ္ဌာအဖို့ ပကတိသော လူ၏ အဖြစ်နှင့် ပကတိသော အသိစိတ်၊ ပကတိသော လူဒုက္ခ အားလုံး ကုန်ဆုံးသွားလေပြီလော၊ လူစိတ်ပျောက်ကာ သူရူး မကလေးဘဝ ရောက်သွားရှာလေတော့ရာ သူရောက်လေရာရာ အရပ်တွင်''အရူးမ–အရူးမ'' ကလေးတွေ တရုန်းရုန်းကြွားဝယ် သူ့မှာတော့ ပျော်လို့မဆုံး၊ မော်လို့မဆုံးတော့သလို သီချင်းဆိုလို့သို့ကလိုက....

''မပဋ္ဌာ ကိုဒါသ....၊ အိမ်ထောင်ကျ ချုံထဲမလေ....မြွေကိုက်လို့သေ ဝေလေလေ၊ သားနှစ်ယောက် မယ်ရင်သွေးကို မယ်က မွေးတဲ့ သားနှစ်ယောက်ကို သေမင်းငင် ဟိုတေးတေးက၊ ကွေ့ကွင်းလျှင် ငါ အမေဆွေးအောင်၊ ခေါ်သွားတယ်လေးတဲ့ ခေါ်သွားတယ်လေး–(ဟီး)''

ဤသို့ရောက်တတ်ရာရာ၊ ပေါက်သောက်ကရတွေဆိုဆိုပြီး ငိုလိုငို။ ရယ်လိုရယ် သနားစဖွယ် မယ် ဋ္ဌာ၏အရူးမဘဝ။ တခါတခါ မကပ်ဘလာ ထဘီကို ခွာလျက် အမြင်မတော် ကိုယ်တုံးလုံးချွတ်နှင့် စွတ်မိစွတ်ရာ ပြေးလိုပြေး။ အမြင်မတော်လို့ သူ့ကို ဖမ်း၍ တဘီ ဝတ်ပေးသော်ငြားလည်း တာရှည်မခံ ဝတ်လစ်စလစ်နှင့် အဖြစ်ဆိုးလှသည့် သူ့ကံကြမ္မာ။ ဤသို့အားဖြင့် မယ်ပဋ္ဌာ၏ ကြေကွဲဖွယ် အရူးသံသရာကား အဘယ်မျှရှည်ကြာလေဦးမည်မသိ၊ ကလေး တရုန်းရုန်း၊ ခွေး တရုန်းရုန်းနှင့် ရူးနေတုန်းပင်ရှိပါချေ၏။

သူ့ကို ကံကြမ္မာက သည့်ထက်ပိုပြီး ဒဏ်ခတ်နိုင်ဦးမည်လော။ ယခုကဲ့သို့ လူမှန်းသူမှန်းမသိအောင် သူရူးမယ့်သာရူးနေသည်။ သူ၏ပါရမီဆုထူးကား နှယ်နှယ်ရရ မဟုတ်ပါချေ။

''သူသည် အတိတ်ခေတ် ပဒုမုတ္တိုရ်ဘုရားသခင် လက်ထက်တော်၌ ရဟန်းတပါးအား ပဒုမုတ္တိုရ်ဘုရားသခင်က ဝိနည်းကိုဆောင်သော အရာတွင် အမြင့်ဆုံး တေဒဂ်ဘွဲ့ထူးကြီးကို ချီးမြှင့်သည့် ပွဲနှင့် ကြုံကြိုက်ခဲ့ရစဉ်အခါက သူသည် ထိုရဟန်းကို အား

ကျကာ ဆုတူ ပန်ခဲ့ဖူးပေသည်။ ဝိနည်းကို ဆောင်ကြသောထေရီမတို့တွင် အမြတ်ဆုံးဖြစ်သော ဝိနယဓရေတေဒဂ်ဘွဲ့ကိုရလိုပါ၏'ဟု ဆုပန်လေသည်တွင် ဘုရားသခင်သည် အနာဂတံသဉာဏ်တော်ဖြင့် ကြည့်တော်မူလျှင် သူ၏ ဆုတောင်းပြည့်မည်ကို မြင်တော်မူသဖြင့် ဗျာဒိတ်ပေးတော်မူ၏။ "သင်သည် နောင်ပွင့်လတ္တံ့သောဂေါတမ မြတ်ဘုရား သာသနာ၌ ပဋာစာရီ ဟူသော အမည်ဖြင့် ဝိနည်းမိုရ် ဘိက္ခုနီတို့၏ အမြတ်ဆုံး ဖြစ်လတ္တံ့"

ဤဗျာဒိတ်ပန်းကို ဆင်မြန်းရရှိခဲ့သူဖြစ်ပါလျက် ယခု သူ၏ အခြေအနေအရဆိုသော် သူ့အဖြစ်ဗျာဒိတ်၊ လိပ်ပြာမဟပ်မိအောင် ဖြစ်နေ၏။ တေဒဂ်ရဖို့ထားဘိဦး။ အရှုံးဘဝကလွတ်မြောက်ရေးကို မတွေးဝံ့အောင်ပင် သူ့အဖြစ်ကား ဆိုးရွားလှချေ၏။

မယ်ပဋာအရူးမ၏ခြေဦးသည် ယနေ့အဖို့ ဇေတဝန်ကျောင်းဘက်သို့ လှည့်သွားလေသည်။ သူ့ကိုကြည့်သော်....ထဘီမပါ၊ ဘလာကျင်းလျက်သာပင်။ ထိုအချိန်၌ ဗုဒ္ဓသည်တရားဟောတော်မူလျက်ရှိနေလေရာ တရားနာပရိသတ်သည် တရားပွဲပျက်လုခမန်း အုတ်အုတ်ကျက်ကျက်၊ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်လေ၏။ "ဟေ့....အရူးမကို ဆွဲထုတ်ကြ....ဆွဲထုတ်ကြ" ဟူသော အသံနှင့်အတူ ပဋာ၏ လက်နှစ်ဘက်ကိုဆွဲ၍ တရားပွဲအပြင်သို့ ဆွဲခေါ်ကြလေသောအခါ မြတ်စွာဘုရားသည် "သူ့ကို တားမြစ်ခြင်း မပြုကုန်လင့်" ဟူ၍ မိန့်တော်မူလေသော် မပဋာသည် သူ့ကိုလူတွေက ဆွဲထားလျက်မှ အမှတ်မထင် ဘုရားသခင်ဆီသို့ လှမ်းကြည့်လိုက်သည့်အခိုက် "ချစ်စွာသော နှမငယ်၊ သင်သတိရလော့"ဟု မိန့်တော်မူဆဲ ခဏမှာပင် ဘုရားသခင်၏ တန်ခိုးတော်ကြောင့် မပဋာသည် ကောင်းစွာ သတိရလာလေ၏။ သူ့ကိုယ်သူကြည့်လျှင် အဝတ်ထဘီမပါ၊ ဘလာကျင်းနေသည်ကိုမြင်လျှင် လွန်စွာ ရှက်ပြီး ရုတ်တရက် ဖုတ်ကနဲထိုင်ချလိုက်လေ၏။ အနီးရှိယောကျ်ားတဦးက အမြင်မတော်သဖြင့် ပုဆိုးတထည် ပစ်ပေးလိုက်သဖြင့် မပဋာသည် ထိုပုဆိုးဝတ်ကာ ဘုရားသခင်၏ အပါးတော်သို့ ချဉ်းကပ်လျက် ရွှေအဆင်းကဲ့သို့ ဝင်းဝါသော အဆင်းရှိသော မြတ်ဘုရား၏ ခြေတော်အစုံကို သူ့နဖူးဖြင့် ဦးတိုက်လျက်....

"အရှင်ဘုရား၊ တပည့်တော်မ၏ မှီခိုရာဖြစ်တော်မူလော့။ အရှင်ဘုရား၊ တပည့်တော်မ၏ တည်ရာမှီရာ ဖြစ်တော်မူပါလော့။ တပည့်တော်မ၏ သား တယောက် ကို စွန်ချီသွားပါသည်။ သား

တယောက်မှာ မြစ်ထဲမျောသွားပါသည်။ ခင်ပွန်းလင် ၂ လမ်းတွင် မြွေကိုက်၍ ဆုံးသွားရှာပါသည်။ မိဘနှစ်ပါးနှင့် မောင်တယောက်မှာလည်း သစ်ပင်ပိ၍ အားလုံးတပြိုင်နက် သေဆုံးကုန်ပါပြီ”

အထိုခါ ဘုရားသခင်သည် “ကြောင့်ကြမှုမဖြစ်လင့်တော့ ပဋာစာရီ။ သင်၏မှီခိုအားထားရာ ငါ၏ရှေ့မှောက်သို့ သင်ရောက်လာပြီမဟုတ်လော။ သင့်မှာ ယခင် လင်ကွဲ၊ သားကွဲ၊ မိကွဲ၊ ဖကွဲ၊ မောင်ကွဲ၊ အကွဲဘေးဆိုးနှင့် ကြုံရသည့်နည်းတူပင်လျှင် ဤသံသရာ၌ မိမိလင်, သား, စသည်တို့ သေဆုံးမှုကြောင့် ကျခဲ့ရသော မျက်ရည်တို့ကား လေးစင်းသော သမုဒ္ဒရာ ရေထက်ပင် များချေသေး၏”ဟု မိန့်တော်မူလျှင် သောကပါးရှားလေ၏။ “ပဋာစာရီ၊ သေမင်းနှိပ်စက်သည့်ရှိသော် မိဘ, မောင်ဖွား, လင်သား, ဆွေမျိုးတို့ ကိုးကွယ်ရာမရှိ။ မိမိ ကံကြမ္မာငင်ရာသို့ သွားရလိမ့်မည်”ဟု မိန့်တော်မူလျှင် သောတာပန်တည်၍ ရဟန်းမိန်းမဖြစ်ပြီးနောက် ဥဒယဗ္ဗယ ကမ္မဋ္ဌာန်းကို ဆင်ခြင်၏။ ဆင်ခြင်ပုံကား....

သူသည် ရေအိုးတလုံးဖြင့် ရေခပ်၍ ခြေဆေးလေရာ.... ခြေဆေးရေများသည် အနည်းငယ်သာ စီးသွားပြီး ပြတ်လေ၏။ ဒုတိယအကြိမ် ခြေဆေးသောအခါ ခြေဆေးရေများသည် ပထမရေထက် ဝေးဝေးစီးသွားလေသည်။ တတိယအကြိမ် ခြေဆေးသောအခါ၌ကား စီးသောခြေဆေးရေသည် ထိုထက်ဝေးစွာပင် စီးသွားလေသည်။

သူသည် ထိုစီးပုံကို အာရုံယူ၍ ဖြစ်ပျက်သဘောကို ဆင်ခြင်လေသည်။ “ငါပထမလောင်းအပ်သော ရေကဲ့သို့ ဤသတ္တဝါတို့ကား ပထမ အရွယ် ငယ်စဉ်ကပင် သေကုန်၏။ ဒုတိယအကြိမ် လောင်းရာ၌ ထိုထက် ဝေးစွာ စီးသွားသော ရေကဲ့သို့- ဤသတ္တဝါတို့ကား မဇ္ဈိမအရွယ်၌ သေကုန်၏။ တတိယအကြိမ် လောင်းရာ၌ ထိုထက်ဝေးဝေး စီးသွားသော ရေ၏ပမာ-ဤသတ္တဝါတို့ကား ပစ္ဆိမအရွယ်၌ သေကုန်၏”ဟု ဆင်ခြင်ရာတွင် ဗုဒ္ဓသည် ဂန္ဓကုဋိတိုက်တော်မှနေ၍ ရောင်ခြည်တော်လွှတ်ကာ, ကိုယ်တော်တိုင် ရှေ့မှလာရပ်လျက် ဟောတော်မူသည်ထင်ရအောင် ပဋာစာရီအား တရားဟောတော်မူ၏။

ယော စ ဝဿသတံ ဇီဝေ၊
အပဿံ ဥဒယဗ္ဗယံ၊
ဧကာဟံ ဇီဝိတံ သေယျော၊
ပဿတော ဥဒယဗ္ဗယံ။ ။

(ဓမ္မပဒ၊ ၁၁၃)

"ပဋာစာရေ-လင်သေ့သားဆုံး၊ မိဘဆုံးနှင့်၊ ကိုယ်လုံးပူလောင်၊ အပူကောင်မ၊ ထိုဘဝမှ၊ လှလှလွတ်ပြီး၊ ချမ်းသမီးပဋာစာရီ။ ယောစ-မည်သူမည်ဝါ၊ သင်္ချာနှင့်ထောက်၊ မရွေးကောက်ပဲ၊ အကြင်သူ တယောက်ကား။ ဥဒယဗ္ဗယံ-ခန္ဓာငါးခု၊ ရုပ်နာမ်စုတို့၏ ဖြစ်မှု့ ပျက်မှု့ သဘောရင်းကို အပဿံ-အပဿန္တော-မြင်အောင် မရှုလေပဲ၊ ဝဿတံ- အသက်ကိုစစ်သော်၊ နှစ်ပေါင်းတရာတို့ ကာလပတ်လုံး။ ဝါ—အသက်တရာ၊ မြင့်ရှည်ကြာအောင်။ ဇီဝေ-အသက်ရှည်ငြား၊ ဝါ-အသက်ရှည်စေဦးတော့၊ နသေယျော—မမြတ်။ ဥဒယဗ္ဗယံ-ခန္ဓာငါးခု၊ ရုပ်နာမ်စုတို့၏ ဖြစ်မှု့ ပျက်မှု့ သဘောရင်းကို၊ ပဿတော-ထိုးထွင်း၍ ရှုမြင်လေသောပုဂ္ဂိုလ်၏၊ ကောဟံ များစွာမကြာ၊ တရက်တာကလေးမျှ။ ဇီဝိတံ—အသက်ရှည်ခြင်းသည် သေယျော-မြတ်၏"

ဤတရားကို ကြားနာရသောအခါ ပဋာစာရီသည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာမ ဖြစ်၍ သူ၏ရှေးဆုတောင်းအတိုင်း ဝိနည်းဓိုရ်အရာ၌ ဧတဒဂ်အမြတ်ဆုံးဘွဲ့ကို ရရှိလေသတည်း။ ထိုအခါ ကိုယ်မှာ အဝတ်မကပ်ပဲ ရူးရသည့်အဖြစ်သို့ ရောက်အောင် ဘက်စုံ ချစ်ဒုက္ခနှင့် ကိုယ်တွေ့ ကြုံလာခဲ့ရသော ပဋာစာရီ ထေရီမ့ကား-ယခုအခါတွင်မူ လင့်အတွက်ကြောင့်လည်း မပူတော့။ သားအရေးကြောင့်လည်း မဆွေးတော့။ မိဘမောင်ဖွား အတွက်ကြောင့်လည်း စိုးနွှောင့်ခြင်း မဖြစ်တော့ချေ။

သူ့လက်တကမ်းတွင် ယခင်က ကိုယ်ရောင်ဖျောက်၍ တကောက်ကောက် သူ့နောက်က လိုက်နေသော နိဗ္ဗာန်သည် သူ၏ သန္တာန်တွင် ကိလေသာကြေးညှော်၊ ကိလေသာ အပူတွေ ကင်းစင် သွားလေသည်နှင့် တပြိုင်နက် ထပ်ကနဲ တောက်တဲ့ကပ်သည့်နှယ် ကပ်လာလေပြီတည်း။

အကယ်၍ သူ့အဖို့ လင်ပူ့သားပူ၊ မိပူ့ဖပူ၊ ဘာအပူမှ မရှိလေပဲ နိဗ္ဗာန်စခန်းကို လက်ကမ်းနိုင်ခဲ့ပါမူကား ပဋာစာရီ အဆင့်သည် သာသနာ၌ အဘယ်မျှ မြင့်ရှာလေမည် မသိ။ မီးလောင်ကျက်ထဲမှ ပွင့်သောပန်းအလား၊ ဒုက္ခကြားထဲမှ ဖြတ်ကျော်လာခဲ့ရသူ ဖြစ်ပါတုံလျက်လည်း ဧတဒဂ်ဘွဲ့ထူးကြီးကို ဆွတ်ခူးလိုက်နိုင်ခဲ့သည်သာမက နိဗ္ဗာန်ကုတို့မှူးပင် ဖြစ်သွားပေသည်။ နိဗ္ဗာန်ကုတ်ဖြင့် သူ၏ ပို့ဆောင်ချက်အောက် ထေရီမ မြောက်များစွာပင် နိဗ္ဗာန် ရောက်သွားကြရ၏။ ထိုထေရီမများ ရဟန္တာ ဖြစ်သွားကြသောအခါ ပဋာစာရီ၏ ကျေးဇူးဂုဏ်ပုဒ်များကို ဖော်ထုတ်၍ ဥဒါန်းကျူးရင့်ကြပုံ ထေရီဂါထာ ပါဠိတော်၌ အထင်အရှား ပါရှိနေ၏။

## စန္ဒာမည်သော ထေရီမက
## ပဋာစာရီ၏ ဂုဏ်ပုဒ်ကို ဖော်ထုတ်၍ ဥဒါန်းကျူးပုံ

"စန္ဒာမည်သော ငါထေရီမသည် ရဟန်းမပြုမီ၊ လူ့အဖြစ်၌နေခဲ့စဉ်က အလွန်ဆင်းရဲ၏။ သူဆင်းရဲမ ဖြစ်ခဲ့၏။ လင်သေ၍ မုဆိုးမဘဝနှင့် ကြာမြင့်စွာ ငါသံသရာ လည်ခဲ့ရ၏။ ငါ့မှာ သားသမီးလည်းမရှိ။ ဆွေမျိုးညာတိလည်း မရှိ။ စားရပါလည်း တလုတ်တဆုပ်။ ဝတ်ရပါလည်း အစုတ်အနုတ်နှင့်သာ ငါ နေခဲ့ရ၏။

ပဋာစာရီမည်သော ဘိက္ခုနီမသည် ငါ့ဘဝ၊ ငါ့ဖြစ် အင်မရှုဆိတ်နိုင်ရှာသဖြင့် ငါ့ကို သူရဟန်းပြုပေးသည်။ ငါ့ကို ဆုံးမ၍ အကျိုးဖြစ်သော ပဋိပတ်၌ အားသွန်ခွန်စိုက် လုပ်ချင်လာအောင် ငါ့ကို တိုက်တွန်းပေ၏။ တတွတ်တွတ် နှိုးဆော်ခြင်း ပြုပေ၏။

ငါသည် သူ၏ အဆုံးအမဩဝါဒကို ခံယူလျက် သူညွှန်ကြားပေးသည့်အတိုင်း လိုက်နာ၍ ငါကျင့်ခဲ့ပြီ။ အရှင်မ ပဋာစာရီ၏ အဆုံးအမကား အချည်းနှီးမဖြစ်။ ငါ့အဖို့ တန်ဖိုးကြီးဘိစွ။ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံ၍ အာသဝေါ ကုန်ခန်းသော ရဟန္တာမ ဖြစ်ရပါပြီတည်း"

ပဋာစာရီ ထေရီမသည် သူဖြတ်သန်းလာခဲ့ရသော ဘဝခရီးကြမ်းကို မေ့ပျောက်ပစ်၍ မရ။ ဤသို့ ပျောက်ပစ်၍ မရခြင်းမှာလည်း ဘဝခံစားရချက် ပြင်းထန်နာကျည်းလွန်းလှသည်ကို အကြောင်းပြု၍ ထိုဘဝမှ လွတ်အောင် ရုန်းကာ နိဗ္ဗာန်ချမ်းသာကို ရရှိသောကြောင့် သူ့ဘဝကြမ်းကိုပင် ကျေးဇူးတင်ရဦးတော့ မလိုလို ဖြစ်နေ၏။

သို့ကြောင့်သာပင် ကိုယ်ချင်းစာနာတတ်သည့် ဝသီပါနေ၏။ သူကဲ့သို့ ဒုက္ခသည်များတွေ့က ပို၍ပင် ကရုဏာသက်ကာ ယင်းဝဋ်မှ လွတ်မြောက်ရေးအတွက် ဓမ္မရေစင်ဖြင့် ဖျန်းပေးလေ့ရှိ၏။ တခါသ၌ ဒုက္ခသည်အမျိုးသမီး သုံးဆယ်တို့ကို ဆင်းရဲဝဋ်မှ လွတ်မြောက်အောင် ဂယ်တင်လိုက်ချက်အရ အားလုံး အာသဝေါကုန်၍ ရဟန္တာမတွေ ဖြစ်ကုန်လေ၏။

ဤသည်ကို ကျေးဇူးဆပ်သည့် အနေဖြင့် ထိုသုံးဆယ်ကုန်သော ထေရီမတို့ကလည်း ပဋာစာရီ၏ ကျေးဇူးဂုဏ်ပုဒ်များကို ထုတ်ဖော်၍ ဥဒါန်းကျူးကြပြန်ကုန်၏။ ပဋာစာရီက သူတို့အား ဆုံးမမြွက်ကြားသည့် တရားကို ရှေးဦးစွာ ပဏာမခံ၍ လျှောက်ဆိုကုန်၏။

"ပဋာစာရီ" ထေရီမက ငါတို့အား ဤသို့ တရားပြခဲ့ပေ၏။ လူတို့သည် အစားအစာအလို့ငှါ ကျည်ပွေ့ကို စွဲကိုင်လျက် ပေါး ထောင်းကြကုန်၏၊ ဆန်ဖွပ်ကြကုန်၏။ လူတို့သည် သားမယားကို မွေးမြူကုန်လျက် ကောက်ပဲသီးနှံများကို ရကြကုန်သေး၏။

မြတ်ဘုရား၏ အဆုံးအမ ဩဝါဒကို လိုက်နာပြုကျင့်ခြင်း အားဖြင့် နောင်တ, တဖန် မပူပန်ရ။ ထိုမြတ်ဘုရား၏ အဆုံးအမ တော်ကို သင်တို့ လိုက်နာပြုကျင့်ကြကုန်လော့။ သန့်ပြန့်အောင် ခြေများကို လျင်မြန်စွာဆေး၍ သင့်တင့်လျောက်ပတ်သော နေ ရာ၌ နေကြကုန်လော့။ စိတ်၏ တည်ငြိမ်ခြင်းကို အားထုတ်၍ မြတ် ဘုရား၏ ဩဝါဒကို လိုက်နာကြ၊ ပြုကျင့်ကြကုန်လော့" ပဋာစာရီ ၏ ညွှန်ကြားချက်ကို နာယူလျက် ကျင့်ကြကုန်၏။

"မြတ်ဘုရား၏ အဆုံးအမဩဝါဒကို လိုက်နာကြ၊ ပြုကျင့် ကြသောကြောင့် ငါတို့သည် ညဥ့်ဦးယံအချိန်တွင် ရှေးဘဝဖြစ်စဉ် များကို အောက်မေ့နိုင်လာကုန်၏။ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခု အဘိညာဏ်ကို သုတ်သင်နိုင်လာကုန်၏။ မိုးသောက်ယံ၌ မောဟ တည်းဟူသော မှောင်ထုကြီးကို အကြွင်းမဲ့ ဖြိုခွင်းနိုင်လာကုန်၏။

ထိုအခါ ငါတို့သည် နေရာမှ ထကုန်လျက် အရှင်မ ပဋာ စာရီထံ သွားရောက် လျှောက်ခဲ့ကုန်ပြီ။ "အို.... အရှင်မ အရှင်မ၏ ဩဝါဒကို အကျွန်မတို့ လိုက်နာ ပြုကျင့်အပ်ပါကုန်ပြီ"ဟု ပန် ကြားကာ အရှင်မ၏ ခြေတော်အစုံကို ငါတို့ နဖူးဖြင့် ဦးတိုက်ကြ ပါကုန်၏။ စစ်မြေပြင်၌ တိုက်ခိုက်၍ အောင်ပွဲမရသေးပဲ သိကြား မင်းကို ခြံရံ၍ နေကုန်သော နတ်စစ်သည်တို့ကဲ့သို့ အကျွန်ုပ်တို့သည် အရှင်မကို ဝန်းရံလျက် နေကြပါကုန်အံ့။ အကျွန်ုပ်တို့သည် အရှင် မ၏ ကျေးဇူးကြောင့် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူများ ဖြစ်ရပါကုန် ပြီ။ အာသဝေါကင်း၍ ရဟန္တာအဖြစ်သို့ ရောက်ကြပါကုန်ပြီ" ဟု ပဋာစာရီထံ၌ ဥဒါန်းကျူးကြကုန်၏။

ဆင်းရဲလေလေ သံဝေရရ ဆိုမည်လား။ ဆင်းရဲအမြုတေ ဖွက် ဘွားအဖြစ်ခဲ့သော ပဋာစာရီကား မီးလောင်ပြင်မှပေါက်သော ကြာပန်း ကဲ့သို့ အပူလောင်နေသည့်ကြားမှ ဘွားကနဲ အေးရိပ်သာ နိဗ္ဗာန်စခန်း

---

၁။ ခုဒ္ဒကနိကာယ၊ တိံသမတ္တာထေရီဂါထာ၊ ၃၉၂။

ကြာပန်းကြီး ပေါက်ရုံမက ဒုက္ခခြေချွတ်ရာ ဆရာတဦးပင် ဖြစ်လာသတည်း။

ဤသည့်ကို ထောက်လျှင်
မီးပုံတွင်းမှလည်း ကြာမပေါက်ဟူ၍မမှတ်ရာ၊
ရှေးကလည်းဆို
ပစ္စုပ္ပန်ဉာဏ်ဘလည်း တိုက်ဆိုင်မည်ဆိုလျှင်
-နိဗ္ဗာန်စခန်းကို လက်ကမ်းရုံသာ ရှိပေတော့မည်တည်း။



( ၇ ) ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်
မြာပွေ့လှသော ခေမက သဋ္ဌေးသား၏

# နိဗ္ဗာန်စခန်း လက်တကမ်းဝဆွ

"ဒု,သ,န,သော,—ဒု,သ,န,သော တကြော်ကြော်။
ရွှေမန်းမောင်တင်—
ရှောင်ကြဉ်ပါ၏နော်...."

ဤသည်ကား အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင် မကွယ်လွန်မီက ဇာတ်ကပြရာတွင် သီဆိုသွားသော ဇာတ်ဝင်သီချင်းဖြစ်၏။ ယင်းသီချင်း၏ အနှစ်သာရကား သူတပါး သားမယားကို ကျူးလွန်ဖျက်ဆီးကြလေသည့်အတွက် ငရဲ၌ ခံနေကြရသော သဋ္ဌေးသားလေးဦး၏ တမ်းချင်းဖြစ်၏။

"ပရဒါရကံ- တည်းဟူသော သူတပါး၏ သားမယားကို ဖျက်ဆီးကျူးလွန်မှုကြီးကို မကျူးလွန်မိရအောင် ကျွန်တော် ရှောင်ကြဉ်ပါသည်။ ဆင်ခြင်ပါသည်"ဟု ဦးတင်မောင်က ပွဲရှုပရိသတ်ဘောင်တွင် အသိပေးကြော်ငြာသော တေးဂီတဖြစ်ပေသည်။

ဘုံခန်းကလည်း မြှောက်၊ ငရဲခန်းကလည်း ချောက်၊ ဆိုသကဲ့သို့ ဤသို့ ဤနှယ်သော သူ့ဘပါး၏ ,မယား။ ဝါ၊ လင်ရှိမိန်းမအား ကျူးလွန် ဖျက်ဆီးခြင်း၊ သံဝါသပြုခြင်း၊ ကာမရာဂ စပ်ယှက်ခြင်းဟူသော ပရဒါရကံကြီးကို မကျူးလွန်ရဲအောင် ကြောက်လောက်အောင် ငရဲဖြင့် ချောက်ကြငြားသော်လည်း မကြောက်သူများ ဒုနဲ့ဒေး။ ခုတ်ရဲခံရဲသူများ အသင်္ချေ အနန္တ များစွာပင်ရှိဘိစွ။

ဤ ဒု,သ,နှ,သော သန်းခေါင်စာရင်းတွင် နာမည်ကျော် သံချေးမင်း အနာထပိဏ်၏ တူတော်မောင် တယောက်မှာ လျှမ်းလျှမ်းတောက်ထိပ်ဆုံးမှပါဝင်၏။ အမည်မှာ ခေမက,ဟု တွင်၏။ သူသည်ရုပ်ရည်အားဖြင့် အလွန်ချော၊ အလွန်လှသူ ဖြစ်၏။ မိန်းမများသာမက ယောကျ်ားများသည်ပင် သူ့ကို ငေးကြည့်ယူရ လောက်အောင် လှတံခွန်ဆောင်သူ ဖြစ်လေသည်။

သူကား ပါရမီဆုတောင်း ကောင်းခဲ့သူ။ တောင်းသော ဆုနှင့် တသုံးတဝ တည်းပြည့်သူဖြစ်၏။ ဟို....အတိတ်ခေတ်ဟောင်း ကဿပ ဘုရားသခင် လက်ထက်တော်က သူသည် လက်ဖွဲ့သမားတယောက် ဖြစ်ခဲ့၏။ ရွှေသားအတိုပြီးသော ရွှေတံခွန်လုံးနှစ်ခုကို ဘုရားသခင်၏ ရွှေစေတီလှူပြီး ဆုတောင်းခဲ့သည်ကား "ဤတံခွန်ကို လှူရသောကောင်းမှုကြောင့် တပည့်တော်၏ ဆွေမျိုးသားချင်းထဲက အမျိုးသမီးများချန်လှပ်၍ ကြွင်းကုန်သော မိန်းမဟူဟူသမျှတို့သည် ငါ့ကိုမြင်သော် စက်စက်ယိုအောင် တပ်မက်ခြင်း၊ စွဲလမ်းခြင်း၊ နှစ်သက်မြတ်နိုးခြင်း၊ ချစ်ကြိုက်ခြင်း ဖြစ်စေကုန်သတည်း"ဟု ဆုတောင်းခဲ့ဖူးလေရာ ထိုဆုတောင်းသည် ယခု ဘဝတွင်လည်း သူ့မှာ ပြည့်နေလေသည့်အတိုင်း မျိုတိုင်းကြိုက်ပါတဲ့ နှင်းဆီခိုင်"ဖြစ်လာ၏။

ထို့ကြောင့် ခေမကဆိုလျှင် သူ့ဆွေမျိုး အမျိုးသမီးများကလွဲယင် ပျိုသောအိုသောမရွေး၊ မိန်းမမှန်သမျှ အသက်ပေး၍ သူ့ကိုချစ်ကြကုန်၏။ သူ့မှာ ချစ်သူတွေ ဝိုင်းဝိုင်းလည်နေ၏။ ပီယသိဒ္ဓိမဆောင်ရပဲလျက်၊ စန်းပွင့်သူ မ,နှင့် ပတ်သက်၍ အလွန်စုံသော ဖိုးစုံဖြစ်လေ၏။

"မယ့်ရွှေရင်ပေါ်၊
ဘုန်းကျော်ကျော်သည်၊
လေးတော် တင်လှည့်စမ်းတည့်လေး"

လေးသည်တော် အသဒိသမင်းသားအား နန်းသူ လှပျိုဖြူတသိုက်က ဝိုင်း၍ကြိုက်ကြသဖြင့် စနေနှစ်ငုံ၊ သူ့ရင်အုံပေါ်မှာလာပြီး လေးတော်တင်ပါလှည့်ဟု တမ်းကြသည့်နည်းတူပင် ပျိုသော အိုသောမိန် းမမှန်သမျှများသောအားဖြင့် သူ့ကိုမကျသူမရှိ၊ သူ့ကိုမချစ်သူ၊ သူ့ကိုမကြိုက်သူ သူ့ကိုမပိုးသူဟူ၍မရှိ၊ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဟူပေ၏။

သူ့အနေအားဖြင့် မြာပွေချင်လှသည်တော့ဟုတ်ဟန်မတူ။ သို့သော် သူလည်း လောကီသားပေကိုး။ ကြက်ကာ,မတိုး ကွင်းတွေက လာလာပြီး တိုးတော့လည်း သူ့ခမျာ ငြင်းမိတော့သည်ပ။ အပျိုနှင့်လည်း ဆက်ဆံ၊ အအိုနှင့်လည်းဆက်ဆံ၊ အသက်ကိုအပ်နှံပါလေ၏။

ညဥ့်နက်ကလေးရယ်တဲ့ ချိန်သန်းခေါင်။
မိုးတွေက....မှောင်။

ဘယ်လောက်ပင် မှောင်မှောင် သူကတော့ မကြောက်ပေါင်၊ ညဥ့်နက်သန်းခေါင် မရှေး၊ ချစ်သွေးငင်ကာ မြာရှိရာသို့ သွားသွားပြီး လည်ရ၊ ပတ်ရသည်မှာက သူ့အဖို့ အရသာတမျိုးပင် ဖြစ်လေတော့သည်။ ‘ယောကျ်ားကိုမြင်လျှင် မိန်းမက စတင်’လေသောအခါ သူကား သစ်သားကို ထုလုပ်ထားသော အရုပ်ကလည်း မဟုတ်သောကြောင့် ဖွဲ့အရောရော၊ ကျောက်ရောရော ဆိုသကဲ့သို့ မိန်းမတောထဲတွင် ဝဲလှည့်နေပါ၏။ စွဲမိနေပါလေ၏။

“ဟေ့....ဘယ်သူတွေလဲ ရပ်လိုက်”

ခိုအုပ်ကြီးထဲ ခဲတလုံးကျသဖြင့် ဖြူးကနဲ ခိုအုပ်ကြီး ပျံကုန်လေသည့်နှယ်။ မင်းသံဖြင့် “ဟေ့” ဟူသော အာဏာသံကိုကြားလိုက်သည်နှင့် တပြိုက်နက် အမျိုးသမီးတအုပ်မှာ ကြက်ပျောက် ငှက်ပျောက်၊ ရောက်တတ်ရာရာ ခြေကုန်သုတ်၍ ပျောက်ကုန်သော်လည်း တယောက်သောသူကိုကား အာဏာသားများက လက်ရ ဖမ်းလိုက်ကြ၏။

အချိန်ကား ညဥ့်နက် သန်းခေါင်။ နေရာကား လမ်းဘေးချောင်။ ဖမ်းဆီး၍ မိလိုက်သူကား မြာပွေလှသော မောင်ခေမက ဖြစ်၏။တနည်းသော်ကား ပျိုတိုင်းကြိုက်ပါတဲ့ နှင်းဆီခိုင်ပါတည်း။ အာဏာသားများသည် အချိန်မဲ့ ညအခါ မသင့်သော နေရာတွင် တွေ့ရလေသည့်အတွက် သူ့ကို လက်ရဖမ်းဆီးပြီး ကောသလမင်းကြီး ထံခေါ်သွားကြလေသတည်း။

“ဟေ့.... သူ့ကို လွှတ်....လွှတ်လိုက်၊ ငါ့သချေးကြီးကို ရှက်လှသကွာ”

ကောသလမင်းကြီးသည် အနာထပိဏ်သဌေးကြီးတူ မောင်ခေမက မှန်းသိလေသောအခါ မည်သို့မျှ စုံစမ်းခြင်း၊ စစ်ဆေး မေးမြန်းခြင်း မပြုလေပဲ သဌေးကြီး၏ မျက်နှာကြောင့် ဘေးမဲ့ လွှတ်လိုက်လေသဖြင့် မင်းပြစ် မင်းဒဏ်မှ သက်သာခွင့် ရသော်လည်း ထိုအကြောင်းကို သဌေးကြီး နားပေါက်ကြား သွားလေသောအခါ၌ကား ဆူပူ ကြိမ်းမောင်းခြင်း ခံရလေ၏။

“မင်းဟာ တခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ်၊ ဆွေဂုဏ် မျိုးဂုဏ်မျက်နှာ၊ ငါ့မျက်နှာကိုလည်းမထောက်၊ ကိုယ့်လိပ်ပြာကိုလည်း ကိုယ် မလန့်၊ မိန်းမမြင်ယင် တယ်အမြီးနန့်ချင်တဲ့ အကောင်၊ လူငယ်တို့ဘာဝ လွှတ်လွှတ်လပ်လပ်သူချင်း ဖြစ်ကြတာကိုတော့ ငါဘာမှ မပြောလို မင်း သတိထားဖို့က လင်ရှိမယား။ အဲဒါကို ကျူးလွန်စော်ကားယင် မျက်

မှောက်ပစ္စုပ္ပန်မှာလည်း လူသူလေးပါး ကြားလို့မလျော်၊ တမလွန်ကျ ပြန်တော့လဲ ငရဲအိုးမှာ ချိုးကပ်အောင် ခံရတတ်တဲ့ အပြစ်မျိုး။ အဲဒါ ကြပ်ကြပ်သတိထား။”

ဤသို့ ဘကြီးတော်အနာထပိဏ်က အကြိမ်ကြိမ် ဆုံးမပါလျက် လည်း သူမမှတ်၊ ခွေးမြီးကောက်ကျည်ထောက်စွပ်သည့်နှယ်ရှေ့တွင်ကောင်းမိ ကောင်းလျက်နဲ့ အာမဘန္တေပေါင်း တံတျာတေအောင် အာမခံပြီး မျက် ကွယ်၌ဘား ကိုးသသာ ကျောင်းသခ်မ်းတွင် မြာကမ္ဗဋ္ဌာန် စီးဖြန်းမြဲစီးဖြန်း ပါလေတော့သည်။

သူသည် ရုပ်ချောသလောက်၊ အပြောကလည်း ပါလှ၏။ စကား လည်း ကြွယ်၏၊ ပရိယာယ်လည်းလှ၏၊ နေရာအလိုက်၊ ပုဂ္ဂိုလ်အလိုက် စခွေးကိုက် ဖြစ်အောင်-ပြောရေးဆိုမှုတွင် တုဘက်ကင်းလောက်အောင် လိမ္မာလှ၏။

“ရွှေပြည်တန် မြအသွေးလိုပ
နေခြည်လျှံ မကသေးပါတဲ့
အသွာလေးရယ်တဲ့ ပုံ့မုံ့ရယ်”

အပျိုစင်စစ် ၁၆-နှစ်ကလေး တွေ့နှင့် တွေ့ပြီဆိုမှဖြင့်—ဤသို့သော ချစ်ဖွယ် စကားလုံးများကိုသုံးကာ ချစ်ထုံဖွဲ့တတ်ပါချေ၏။ တခုလပ် များ ကျပြန်တော့လည်း သူ့တို့ ဒကြိုက်နှင့် အံကိုက်အောင်....

“ကြက်တောင်ပျံ စကုဗျတ်လိုပ
တခုလပ် ကောင်းလေသည့်တာ။
သမုနတ် လောင်းလျာငယ်
ကောင်းတာကို ယူမိမှ။
ဇမ္ဗူဒီ ရွှေစာစောင်။
နှင်းငယ် ညာတောင်။
တခုလပ် မာယာနှောင်လျှင်
ကညာဘောင်သာဘူးကွယ့်လေး”

ချစ်သူ ရွှန်းရွှန်းစိုသော မျက်နှာချိုမျိုးဖြင့် တခုလပ်တွေကို သွေးနိုးအောင်နှိုးတတ်၊ ဆွပေးတတ်သော ပညာကိုလည်း သူသည် တဘက် ကမ်းခတ် တတ်မြောက်ထားသူ ဖြစ်လေသည်။ လင်ငယ်မယား၊ မိန်းမအိုများ ကျပြန်တော့လည်း....

"အိုတယ်သာ ဆိုရ
အပျိုက ရှုံးပြန်။
နဂိုလှ သုံးပန်လို
ထိုးစံတော် ဓလေ့၊
ကညာများ မူဆိုကာတောင်
သူလိုဟာ ဘုန်းဖြင့်မတွေ့။

ဤသို့ ပြုံးစိစိမူရာနှင့် ထေ့ကာညာကာ ဆိုပြောသည့် အခါမှာလည်း သူသာလျှင် ကရောင်၊ သူသာလျှင် ဘုရင်ဖြစ်ချေ၏။

"ဟော့ကောင်....ရပ်....ရပ်ဆိုရပ်"

ပါသွားရပြန်ချေပြီတချီ၊ မင်းချင်းယောကျ်ားများ၏ လက်မှတဆင့်သူသည် ကောသလ မင်းကြီးရှေတော်မှောက်သို့ သုံးကြိမ်မြောက် ရောက်ရပြန်ပါလေပြီ။ သို့သော်ငြားလည်း သခင်္ဌေးကြီး၏ မျက်နှာကြောင့် သူ့အား ဘေးမဲ့လွှတ်ပြန်၏။

ဤတကြိမ်တွင်မူ အနာထပိဏ် သဌေးကြီးသည် သူ့တူ ခေမကအား စကားဖြင့် ဆုံးမနေလျှင် လေကုန်ရုံသာရှိမည်ဟု တွက်ဆမိဟန်တူ၏။ ဘာမပြော ညာမပြော—ဘုရားသခင်ထံတော်သို့ သူ့ကို ဆွဲခေါ်သွားပြီးလျှင် ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်၊ မြာပွေ့လှသော—သူ့တူ ခေမက၏ မြာဇာတ်ရှုပ်ကြီးကို မြတ်စွာဘုရားရှေတော်တွင် အထုပ်ဖြေ၍ လျှောက်လေ၏။ ဤသူငယ်ကို ဆုံးမပေးပါဘုရား့ဟူ၍လည်း၊ မြတ်ဘုရားထံ သူ့တူကို အပ်နှံလေ၏။

သဌေးသား ခေမကသည် ဘကြီးတော် အနာထပိဏ်သဌေးကြီးနှင့်အတူ ဘုရားသခင်၏ ရှေတော်မှောက် ရောက်နေသော်လည်း သူ့စိတ်ဓာမူ ဘုရားကိုလည်း အာရုံမရောက်၊ တရားကိုလည်း နာရစကောင်းစေ ဟူ၍မအောက်မေ့၊သူ့စိတ်ထဲတွင် စေ့စေ့တွေး၍ ရေးရေးပေါ်နေလေသည်ကား ဟိုကောင်မလေးပုံ၊ သည်ကောင်မလေးပုံများသာဖြစ်ချေ၏။ သဌေးကြီးကို ကြောက်၍သာ ငေါက်ကန်ဲ ထမပြေးမိခြင်း ဖြစ်သည်။ သူ့စိတ် အလိုအားဖြင့်ကား ကောင်မလေးများထံ ပြန်ချင်နေသော ဟူသတည်း။

ဗုဒ္ဓသည် မြာပွေ့ရန်ကိုသာ စိတ်ဝင်စားနေသော သဌေးသားအား ဒု,သ,န,သော, ပဉ္စဒါရကံ ကျူးလွန်ခြင်း၏ အပြစ်ကို ထင်ထင်လင်းလင်းဘွင်းဘွင်း ပြတော်မူလိုသောကြောင့်—

၃၀၉—  [၁]"စတ္တာရိ ဌာနာနိ နရော ပမတ္တော၊
အာပဇ္ဇတိ ပရဒါရူပသေဝီ။
အပုညလာဘံ နနိကာမသေယျံ၊
နိန္ဒံ တတိယံ နိရယံ စတုတ္ထံ။ ။

"ခေမက၊ အဆင်းလှသလောက် စိတ်နောက်ကိုယ်ပါ လိုက်စားလာသည့် တဏှာဖောင်းပွ အမောင်ခေမက။ ပရဒါရူပသေဝီ၊ ကြင်ဖော်သက်ထား သူ့မယားကို ပြစ်မှားကျူးလွန် တဏှာမှန်၍ မှိုဝဲပျော်ပါးလေ့ရှိသော။ ပမတ္တော၊ သတိယွင်းချွတ် အောက်ခြေလွတ်နေသော။ နရော၊ ကြာခိုလိုက်စား ထိုယောကျ်ားသည်။ စတ္တာရိ၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်,ဟု ဆိုအပ်သည့် လေးမျိုးကုန်သော။ ဌာနာနိ၊ ဆင်ရဲခြင်း၏ အကြောင်းတို့သို့။ အာပဇ္ဇတိ၊ ကေန်ထုတ်ချောက် ကျရောက်ရလေ၏။ အပုညလာဘံစ၊ မကောင်းမှု ဒုစရိုက် အကုသိုလ်ကို အပြုံလိုက်ရခြင်းသို့လည်းကောင်း။ နနိကာမသေယျံစ၊ အလိုရှိတိုင်း စိတ်ရှိတိုင်း မအိပ်ရခြင်းသို့လည်းကောင်း။ ဝါ၊ မွေးစက်မပျော် အိပ်သော်မရ သောကပွေ့ရခြင်းသို့လည်းကောင်း။ တတိယံ၊ သုံးခုမြောက်။ နိန္ဒံစ၊ သူတမိန်တို့ ကြိမ်ကြိမ်ရှုံ့မဲ့ကဲ့ရဲ့ခြင်းသို့လည်းကောင်း။ စတုတ္ထံ၊ လေးခုမြောက်။ နိရယံစ၊ မီးလျှံအကြားအမြဲအားဖြင့် ခံစားရသော ငရဲသို့လည်းကောင်း။ အာပဇ္ဇတိ၊ မုချမသွေ ရောက်ရတတ်လေ၏"

၃၁၀—  အပုညလာဘော စ ဂတီ စ ပါပိကာ၊
ဘီတဿ ဘီတာယ ရတီ စ ထောကိကာ။
ရာဇာ စ ဂရုကံ ပဏေတိ၊
တသ္မာ နရော ပရဒါရံ န သေဝေ။ ။

"ခေမက၊ ခေမကဟုနာမဝင့်ကြွားသရွေးသား၊ အပုညလာဘော စ၊ မကောင်းမှုကို ရခြင်းသည် လည်းကောင်း။ ဂတီ စ၊ ငရဲသို့လားရာ ဂတိသည်လည်းကောင်း။ ပါပိကာ၊ မကောင်းစုတ်ချာ ယုတ်မာဘိလှ၏။ ဘီတဿ၊ ငရဲနှင့်ချောက် သေမလောက်ကြောက်သော ယောကျ်ား၏။ ဘီတာယ၊ ကြောက်သော မိန်းမ၌။ ရတီ စ၊ ရွှင်တပျော်ပျော်နှင့် မွေ့လျော်ခြင်းသည်လည်း။ ထောကိကာ၊ မပြောပဖွယ် အနည်းငယ်မျှသာတည်း။

---

၁။ ဓမ္မပဒ အဋ္ဌကထာ၊ ဒု၊ နိရယဝဂ်၊ ခေမက သေဋ္ဌိပုတ္တ ဝတ္ထု။ ၄၁၀။

ရာဇာဝစ လူတို့သနင်း အုပ်ချုပ်လျှင်းသည် ရောင်မင်းမြတ်ဏာလည်း။ ဂရုကာ၊ အလွန့်အလွန် ကြီးလေးလှစွာသော။ ငါ့လျှံ၊ မင်းပြစ် မင်းဒဏ်ကို။ ပနေတိ၊ ဖြစ်စေ၏။ တသ္မာ၊ ထိုကြောင့်။ နရော၊ လူသည်။ ပရဒါနံ၊ ဘဝကြင်ဖော် သူ့မျက်ဖျော်မယားကို နသေဝေ၊ မမှီဝဲရာ"

ဤဒေသနာ၏ အဆုံးတွင် မြာတတွေနှင့် ပွေချင်တိုင်း ပွေလာခဲ့သော သဗ္ဗေသား ခေမကကား သောတာပတ္တိဖိုလ်၌ တည်လေသတည်း။ သူလိုချင်နေသော၊ သူတောင့်တနေသော အရာကား၊ မြာ ဝါ-မိန်းမ၊ တရားထုံး နှလုံးငြိလေ၍ သူရခဲ့သော အရာကား သောတာပတ္တိဖိုလ်.... သို့ကြောင့်....အို .... မြာပွေသမား၊ အမောင်ယောကျာ်း၊ သင်သည်, အား မငယ်လင့်၊ နိဗ္ဗာန်စခန်းသည် သင့်တကမ်းမှာပင် သင့်ကို စောင့်နေလိမ့်မည်။ သင်ချူတတ်သော်.... မုချဆတ်ဆတ်ရနိုင်လတ္တံ့။



(၈) လင်ကိုထိ မခါအောင်နာသော
လင်ချစ်ဇနီးသည် တဦး၏

## နိဗ္ဗာန်စခန်း လက်တကမ်း ဝဋ္ဋ၊

မှောင်တကာ့မှောင်တွင် ကိလေသာမှောင်ကား ဘယ်မှောင်နှင့်မျှ မတူ၊ ပိန်းနေအောင် မှောင်၏။ ဘေးကိုလည်း သူမမြင်၊ ရန်ကိုလည်း သူမမြင်၊ အန္တရာယ်ကိုလည်း သူမမြင်၊ ချပ်ရှင်ခွင်လုံး ပိန်းနေသော အမှောင်တုံးကြီး၊ အမှောင်ခဲကြီး၊ အမှောင်ထုကြီး ထက်ပင် အဆပေါင်းတရာမက သာအောင် မှောင်လေသောဟူ၏။

သည်အမှောင်ထုကြီးထဲမှ အိမ်ထောင်ရှင် ဇနီးမောင်နှံနှစ်ဦး၏ အဖြစ်ကလည်း ရိုးမယောင်ယောင်နှင့် ထူးနေပြန်၏။ လင်မယား၏ ချစ်ခြင်းကို အဘယ်သချ်ာဆရာမျှ မှန်ကန်အောင် တွက်ဆနိုင်မည်မထင်။ သည်အကြောင် လင်မယား နှစ်ယောက်ကား တယောက်ကိုတယောက်၊ မျိုး၍ ထားတော့မလောက်၊ နှိုင်းထောက်စရာနာ၊ အဖြေရှာ၍ မရသော အချစ်ဖြင့် လင်ကလည်း ချစ်ရှာသည်။ မယားကလည်း ဘုရားပုတိုးသဖွယ် သူ့လင်ကို အလွန်မြတ်နိုးရှာသည်။

မယားထိလျှင်
ခေါ်ကြည့်။

ဤကား လင်ဘက်က ထွက်လာသော ဥဒါန်းကျူးသံ ဖြစ်ပါ၏။ မယားအတွက်ဆိုလျှင် အသက်နှင့် လဲပစ်လိုက်မည်ဟု ချစ်စံနမူ အောင်လံထူထားပါချေ၏။ သူ့ချစ်ဇနီးကလည်း အနိုင်မခံ၊ အရှုံးမပေး။ အချစ်သည်းရှာပါပေသည်။

ကိုယ့်လင်ကို ကိုယ်က ကျူးမှုဖြင့်
စူးစေတော့ မြတ်စွာ။
တဆိတ်ကမှ မညာတာပေါင်၊
သံသရာ အဆုံး။

ကြုံးဝါးသံပ၊ လင့်အပေါ်မှာ ထားရှိသည့် စေတနာကလည်း ကြောက်ဖွယ်လိလိ၊ လွန်စွာပင် ပြင်းထန်လှချေ၏။ သည့်လင်နှင့် သည် မယား၊ သည်မေတ္တာနှင့် သည်သစ္စာ၊ သံသရာဆုံးတိုင်၊ ခိုင်မှုခိုင်နိုင်ကြပါ မည်လား။

လင်ယောကျ်ားက မယားများကို ပင်ပန်းရှာလေမည် စိုးရိမ်ရှာလေ သည့်အတွက် လုပ်ဖော် ကိုင်ဖက်အဖြစ် အိမ်ဖေမလေး တယောက်၊ သူ့ မယားအတွက် တောက်တိုမည်ရ လုပ်ကိုင်ပေးဖို့ အိမ်မှာ ခေါ်ပေးထား ပေသည်။

တနေ့သော်....ထိုအိမ်တွင် မှောင်ကြီး ကျလာပါချေ၏။ မယား အတွက် ကရုဏာ သက်လှပါသည်ဆိုသော ထိုယောကျ်ားသည် တဏှာ၏ ကျွန်ကောင်းတယောက်ပီသစွာ အိမ်စေမကလေးနှင့် ဖောက်ပြားမိပါလေ ၏။ မောင်းမကလေးက ချစ်စရာ အရွယ်ဆိုတော့လည်း နေ့စဉ် မြင်နေရဖန် များသည့်အခါ တဏှာဖက်သော ကရုဏာဖြင့် သနားလာရာက အစ၊ ရာဂ ပြင်းဝှန် ကာမကို ကျူးလွန် မိပါချေ၏။ အိတ်သွန်ဖာမှောက်၊ မေတ္တာ အညှောက်ထိုးကာ ချစ်ပင်တပင်ကို အိမ်ပေါ်တွင် ပျိုးမိပါလေ၏။

သစ္စာဖောက် ယောကျ်ား၏အခြေကို သိပါလေသောအခါ လင်ကို ချစ်ရှာလွန်းသော ချစ်ဇနီးသည် လင်ကိုကား ဘာမှ်ပေးလိုက်ပြီး၊ အိမ်စေ မလေးကိုသာ အငြိုးနှင့် တေးထား၏။ အခွင့်မှ သာစေ။ သည်ကောင်မကို ငါ့အကြောင်း ကောင်းကောင်းသိစေမည်ဟု သူ့ဘာမျှ မရိပ်မိ၊ မသိရှိသော အနေဖြင့် ဣနြေ္ဒရရနှင့် ချက်ကောင်းကိုသာ ချောင်း၍ နေရှာသတည်း။

တနေ့သောအခါ၌ကား ကောင်မလေးကို လုပ်ကြံဖို့အတွက် အကွက် ကောင်း ပေါ်လာလေ၏။ သူ့လင် မရှိသည့်အခိုက် ကောင်မလေးကို အိမ် ထဲ၌ အတင်းဆွဲသွင်းကာ ရှေးဦးစွာ မအော်နိုင်အောင် ပါးစပ်ကို အဝတ် ဖြင့် နာနာပိတ်ပြီးလျှင် စိတ်ရှိတိုင်း ညှဉ်းဆဲပါလေ၏။ မလှုပ်နိုင်အောင် လက်ခြေကို ကြိုးနှင့်တုပ်၊ သားလှီးဓားဖြင့် နားရွက်နှစ်ဘက်ကို တိကနဲ ဖြတ် ပစ်လိုက်သည်။ သည့်နောက် နှာခေါင်းကိုလည်း ဖြတ်ပစ်လိုက်သည်။ ထု သည်၊ ရိုက်သည်၊ နှက်သည်၊ ထင်သလို နှိပ်စက်ပြီးသည့် အဆုံးတွင် ထန်း လျက်သိုသွားရာ အခန်းကြီးထဲ လှောင်၊ တံခါးကို လုံအောင်ပိတ်နေတုန်း ဖြုန်းကနဲ အိမ်ရှေ့က လင့်အသံကြားသည့်အခါ ကပျာကယာ အိမ်ပေါ်က

ဆင်းတဲ့ပြီး သူ့အမူ မပေါ်လေအောင် လင်တော်မောင်ကို တရားနာချင် လေဟန် ပရိယာယ်သုံး၍ ကျောင်းသို့ အတင်းခေါ်ပါချေ၏။

"လာပါမောင်ရယ်....တရားနာသွားရအောင်ပါ"လို့ ကယုကယင်၊ အကြွင်နာဆုံး အမူဘုံကလေးနှင့် ကျုံးသွင်းလိုက်သောအခါ လင်ခမျာ ကား တို့ဘုရားကလည်း မယားဘက်ခပ်ပါပါ၊ မယားအလိုကျ ဘုရား ကျောင်းတော်သို့ တရားနာသွားကြလေသတည်း။

လင်မယားနှစ်ယောက် အိမ်ကထွက်သွား၍ ကျောင်းတော်သို့မျှ မရောက်သေးမီ ထိုအိမ်သို့ ညှော့သည် ဆွေမျိုးတသိုက် ဆိုက်ရောက်လာ လေရာ တံခါးလည်းပိတ်ထားပြီး အိမ်ထဲကလည်း ညည်းတွားသံကြား လေသည့်အတွက် တံခါးကို အတင်းဖွင့်၍ ဝင်သွားလေသောအခါ ရှုမြင် မကောင်း ရုပ်ပျက်ဆင်းပျက် ဖြစ်နေရှာသော အိမ်စေမလေးကို တွေ့ကြ ရလေသော် နှောင်ကြိုးများကိုဖြေပြီး အကျိုးအကြောင်း မေးမြန်းကြ လေ၏။

ကောင်မလေးက သူ့ကို ကျောင်းကိုသာ လိုက်ပို့ ပေးကြပါဟု တစာစာ တောင်းပန်ချက်အရ ကျောင်းတော်သို့ လိုက်ပို့၍ ကျောင်း တော်သို့ အရောက်၊ ထိုအိမ်ရှင်မမှာ တရားနာယင်းမှ အိမ်စေမ လိုက်လာ သည်ကိုမြင်သော် အမြောက်နှင့် ခွင်းခြင်းခံရသည့်အလား၊ ကြောက်လန့် တကြား ဖြစ်သွားလေ၏။ ထိုအိမ်စေမလေးက ပရိသတ် လေးပါးအလယ် တွင် ဘုရားသခင်ထံ ငို၍ အစီရင်ခံလေသည်ကား....

"တည့်တော်မ ထိုအိမ်ကိုရောက်ရသည်မှာ မကြာသေးပါ၊ ရောက်လာရခြင်းမှာလည်း သူ့လင်က သူ့မယားကို အဖော်ရ အောင် အတန်တန်တောင်းပန်သည်ကတကြောင်း၊ သူတို့ပေးမည့် ငွေစကလေးဖြင့် မိခင်အိုကြီးကို လုပ်ကျွေးပြုစု၊ အထောက်အပံ့ ပေးနိုင်လိမ့်မည် တကြောင်းကြောင့် ရောက်ရခြင်း ဖြစ်ပါသည် ဘုရား။

သူတို့အိမ်ရောက်၍ နှစ်လသောက်သာ ရှိပါဦးမည်။ သူ့ ယောကျ်ားက ဖောက်ပြားလာပါသည်။ အလိုတူ မကြည်ဖြူပါ လေပဲ သူ၏ သားမယားပြုခြင်းခံရပြီး သည်အကြောင်း ပေါက် ကြားလျှင် သတ်စမ်းမည်ဟု ကြုံးဝါးပြီး ငွေစ ကလေးများကို မယား မသိအောင် ပေးပါသည်။

သူ့ယောကျ်ား ဤသို့ ဖောက်ပြားနေသည်ကို သတ်ပစ်မည် စိုးသောကြောင့် သူ့မယားကို မတိုင်ရဲပါ။ ဘယ်သူ့မှလဲ မပြော

ဝံ့ပါ။ နောက်တော့ သူ့မယားက သူ့ဘာသာ ရိပ်မိလာဟန် တူပါသည်။ သူ့ယောကျ်ားကို အလစ်မပေးတော့ပါဘုရား။

သည်ကနေ့မှာတော့ သူ့လင်မရှိခိုက် တပည့်တော်မကို သူထင်သလို နှိပ်စက်ပြီး လင်ပြန်လာသံ ကြားသည့်အခါ တပည့်တော်မကို အခန်းကြီးထဲ ပိတ်လှောင်ထားခဲ့ပြီး ကျောင်းကိုတရားနာ သွားရအောင် ဟုပြောဆိုသံ ကြားရပါ၏၊ တပည့်တော်မမှာ သူ၏ ညှဉ်းဆဲမှုဒဏ်ချက်ကြောင့် နားရွက်ပြတ်၊ နှာခေါင်းပြတ်၊ ရုပ်ပျက်ဆင်းပျက် ဖြစ်ရပါပြီဘုရား”

ဤသို့လျှောက်လေသော်.... ထိုအိမ်ရှင် လင်မယားမှာ မျက်နှာမထားတတ်အောင်ပင် ရှက်ကိုးရှက်ကန်းနှင့် ဖြစ်ကုန်လေ၏။ ပရိသတ်အလယ်တွင်ဖြစ်၍ ထွက်ပြေးရမှာကလည်း မလွယ်လှ၊ ထိုကြောင့် ဟောအပ်သော တရားကို မနာလိုပဲလျက်လည်း ကြားနာကာသာ နေကြရလေ၏။

ယင်းသည့်ဖြစ်မှုကြီးကို အကြောင်းပြု၍ ဗုဒ္ဓမြတ်ကြားအပ်သောတရားတော်ကား “ဒုစရိုက်ပြုသည် ‘ငါလုပ်သော မကောင်းမှုကို အခြားသူများ မသိကြ’ ဟူ၍ စိုးစဉ်းမျှပင် မပြုအပ်၊ မပြုကောင်းပေ၊ အခြားသူများ မသိစေကာမူလည်း ကောင်းသော သုစရိုက်မှုမျိုးကား – ပြုအပ်ပြုသင့်၊ ပြုထိုက်သည်။ ပြုကောင်းပေသည်။ လျှို့ဝှက်၍ ပြုအပ်ငြားသော်လည်း ဒုစရိုက်မှုမျိုးကို ပြုမိလျှင်ကား နောင်တ တဖန်ရတတ်၏။ သုစရိုက်မှုမျိုးကို ပြုမိလျှင် မူကား နှလုံးစိတ်ဝမ်း ချမ်းမြေ့ရွှင်လန်းခြင်းကိုသာ ဖြစ်စေ၏” ဟု ဟောလိုရကား ဤဂါထာကို ဆိုတော်မူသတည်း။

၃၁၄– အကတံ ဒုက္ကဋံ သေယျော
ပစ္ဆာ တပ္ပတိ ဒုက္ကဋံ
ကတဉ္စ သုကတံ သေယျော
ယံကတွာ နာနုတပ္ပတိ။ ။

“ဘာသာနက္ခ–အို....မောင်နှံ့ဇနီး၊ ဒါယကာကြီး ဒါယကာမကြီးတို့။ ဒုက္ကဋံ–အပြစ်လည်းကြွယ်လှ၊ အပါယ်သို့ကျရောက်စေတတ်သော ဒုစရိုက်မှုကို၊ အကတံ မပြုမှားမိအောင် ရှောင်ရှား၍ နေခြင်းသည်။ သေယျော၊ မြတ်၏။ ဒုက္ကဋံ–ဒုစရိုက်ဟူသမျှသည် ဝါ မကောင်းမှု အားလုံးသည်ကား။ ပစ္ဆာ–ပြုပြီးသည်မှ နောင်ကာလ၌၊ တပ္ပတိ ပြုမိလေခြင်း၊ မှားသခြင်း ဟု စိတ်တွင်း နောင်တ၊ ပူပန်ရတတ်ချေ၏၊ သုကတံ အပြစ်ကင်းကွာ၍ ကောင်းရာ သုဂတိ၌ ဖြစ်စေတတ်သော ကောင်းမှုမျိုးကို၊ ကတံ အများ

သိသိ၊ မသိသိပင်၊ မိမိကိုယ်နှိုက်၊ စိတ်အကြိုက်ဖြင့် ပြုလိုက်မိအောင်ပြုခြင်း သည်သာ။ သေယျော–မြတ်၏။ ယံ အကြင်သို့သော ကောင်းမှုမျိုးကို။ ကတွာ ပြုမိခဲ့လသည့်အတွက်ကြောင့်။ နႏုတပ္ပတိ နောင်တ တဖန်၊ ပူပန်ခြင်း မဖြစ်ရ”

လာရင်း၌ မယားသည် တရားနာလို၍ ဘုရားထံလာခြင်း မဟုတ်။ မိမိပြုခဲ့သော ဒုစရိုက်ပြစ်မှုကြီးကို ဖုံးကွယ်ရန်အတွက်သာ ဖြစ်ဘိ၏။ လင်ယောကျ်ားသည်လည်း တရားနာလို၍ မဟုတ်၊ မယားက ဆွဲခေါ်သဖြင့် မတော်တဆ၊ ကျောင်းတော်သို့ ရောက်လာရခြင်း ဖြစ်ပါ၏။

သို့သော်.... သူတို့ အတိတ်က မည်သို့ပါရမီ ဖြည့်ဘင်းခဲ့ကြသည် ကိုကား အခြားသူတို့ မသိကုန်။ သူတို့ကိုယ် သူတို့လည်း မသိကုန်။ ဗုဒ္ဓ၏ တရားတော်ကို ကြားရသောအခါ၌ကား သူတို့၏ နားသည် တရား၏ အနှစ်သာရကို မဖိတ်မစဉ်ရအောင် ခံယူနိုင်စွမ်း ရှိကုန်၏။ ဟောဆဲဟောဆဲမှာပင် အညစ်အကြေးများသည် ခဝါဖွပ်သည့်နှယ် စင်၍စင်၍ သွားလေ၏။ တရားတော်လည်းဆုံး ဟုန်းကနဲထ၍ တောက်သော မီးလျှံပမာ ဉာဏ်မီးတောက်သဖြင့် နှစ်ယောက်ပြိုင်တူ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကုန်လေ၏။ အိမ်စေမကလေးကိုလည်း ကွင်းလုံးကျွတ် ဘေးမဲ့ လွှတ်လိုက်ကြကုန်သဘည်း။

လာရင်းက ဗုဒ္ဓကို အကွယ်အကာ ပြု၍ မိမိ ကျူးလွန်ခဲ့သည့် ပြစ်မှုကို ဖုံးကွယ်ရန် ဖြစ်သော်လည်း သူတို့၏ အတိတ်ပါရမီအကြောင်းကို ကောင်းကောင်းကြီး သိထားသော နိဗ္ဗာန်ကမူ သူတို့ကို လမ်းကဆီးကြိုလင့်နေလေယောင်ပါတကား။ ထိုလင်မယားကား နိဗ္ဗာန်စခန်း၌ ဟန်ကျပန်ကျ စံမြန်းကြရလေပြီတည်း။



## ( ၉ ) ပြည့်တန်ဆာမ သိရိမာကို အသေအလဲ စွဲလမ်းနေသော ရဟန်းတပါး၏

## နိဗ္ဗာန်စခန်း လက်တကမ်း ဝဏ္ဏ

"ဥပါဒါန်ကြောင့်–
ဥပဒ်ဖြစ်၏"

ယင်း ဥပါဒါန်ဟူသည် အဘယ်နည်း။ အဘယ်ကို ဥပါဒါန် ဆိုသနည်း။ ဥပါဒါန်ဟူသော ဝေါဟာရ ပုဒ်ထွက် အနက်အဓိပ္ပာယ်ကား အသို့နည်း။

ဥပါဒါန်ဟူသည်စွဲလမ်းခြင်းတည်း။စွဲလမ်းခြင်းကိုဥပါဒါန်ဆိုသည်။ ထိုဥပါဒါန် စွဲလမ်းခြင်းပုဒ်ထွက် အနက်အဓိပ္ပာယ်ကား တအောက်မေ့မေ့ ဖြစ်နေခြင်း၊ အမှတ်တရ ဖြစ်နေခြင်း၊ အာရုံ၌ ခုခု၌ ငြိကပ်တွယ်ယှက် နေသော စိတ်ကို ထိုအာရုံမှကွာအောင် ခွာမရပဲ ဖြစ်မနေခြင်း ဟူပေ၏။ ယင်းနှင့်ပတ်သက်၍ တဏှာပစ္စယာ ဥပါဒါနံ ဟု ဗုဒ္ဓ ဟောတော်မူချက် များလည်း အထင်အရှားပင်တည်း။

"တဏှာပစ္စယာ–တပ်မက်ခြင်းဟူသော အကြောင်းကြောင့်၊ ဥပါဒါနံ စွဲလမ်းခြင်း ဖြစ်လာ၏"

ထိုဥပါဒါန်သည် အင်အား အနည်း၊ အများ၊ အနုအရင့်၊ အပေါ့၊ အလေးကိုလိုက်၍ ဖြစ်၏။ တပ်မက်ခြင်းနည်းလျှင် နည်းလျော့က်၊ များလျှင် များလျော့က်။ တပ်မက်ခြင်း နုလျှင် နုလျော့က်၊ ရင့်လျှင် ရင့်လျော့က်၊ တပ်မက်ခြင်း ပေါ့လျှင် ပေါ့လျော့က်၊ လေးလျှင် လေးလျော့က်၊ စွဲလမ်းမှုမှာ နည်းခြင်း၊ များခြင်း၊ နုခြင်း၊ ပေါ့ခြင်း၊ လေးခြင်း ဖြစ်၏။ တပ်မက်

ခြင်း နည်းလေလေ၊ စွဲလမ်းမှု ပျော့လေလေ။ တပ်မက်ခြင်း အားကြီးလေလေ စွဲလမ်းမှုမှာ ပြင်းထန်လေလေဟု ဆိုလိုသည်။

ပမာအားဖြင့် ငရုတ်သီးသည် စပ်၏။ စပ်သောအရသာသည် ငရုတ်သီးမှာရှိ၏။ ထိုငရုတ်သီးကို နည်းနည်းစားလျှင် နည်းနည်းစပ်၍၊ များများစားလျှင် များများစပ်၏။ ဥပါဒါန်သည်လည်း ဤသဘောပင်တည်း။ များများတပ်မက်လျှင် စွဲလမ်းမှုများများ ဖြစ်လေ၏။

ရဟန်းတပါးမှာ ဥပါဒါန်ကြောင့် ဥပဒ် ဖြစ်နေ၏။ ထိုရဟန်း၌ ကပ်နေသော ဥပါဒါန် အစွဲအလမ်းကား အခြားမဟုတ်၊ မာတုဂါမ မိန်းမဖြစ်၏။ မိန်းမတယောက်ကို သေမလောက် စွဲလမ်းနေသော ရဟန်းဖြစ်လေသည်။ ထိုရဟန်း စွဲလမ်းနေသော မိန်းမကား နှယ်နှယ်ရရမဟုတ်။ မြို့သုံးဟိန်းနေသော ပြည့်တန်ဆာမ ဖြစ်ပေ၏။ သူ၏ အမည်မှာ သိရိမာ, ဟု တွင်သတည်း။ ထင်ရှားသတည်း။

ထိုခေတ် ထိုအခါက အဖိုသတ္တဝါများ လောကတွင် သိရိမာကို မသိသူရှား၏။ နေလို လလို လင်းနေသော ပြည့်တန်ဆာမတည်း။ တနေ့ကို အသပြာ ငွေတထောင်ပေးလျှင် သူနှင့် ဆက်ဆံ ပျော်ပါးနိုင်၏။ ပေ်ယှက်ပေါင်းဖော်ခြင်း ပြုနိုင်၏။ သိရိမာသည် ပြည့်တန်ဆာမ ဖြစ်လင့်ကစား မျိုးဂုဏ် ဆွေဂုဏ်အားဖြင့် ခေရှာသမဟုတ်၊ သူသည် နာမည်ကျော် သမားတော်ကြီး ဇီဝက၏ နှမအငယ်ခေါက်ခေါက် ဖြစ်လေသည်။ ဇီဝကသည် အဘယမင်းသား၏ သားဟု ဆိုသည်ကို ထောက်လျှင် သိရိမာသည်လည်း အဘယမင်းသား၏ သမီးတော်ဟု ဆိုရာရောက်၏။ ရှုံစေတော့—

ဤ၌ ဆိုလိုရင်းကား သိရိမာနှင့် သူ့ကို အသေအလဲ၊ သဲကြီး မဲကြီး စွဲလမ်းနေသော ရဟန်းအကြောင်းဖြစ်၏။ သူတို့ချင်းဘယ်လိုဆုံဆည်းမိကြ၍ ဘယ်ပုံစွဲလမ်းခြင်း ဖြစ်သနည်း။ ထိုရဟန်း၏ အဖြစ်ကား ခပ်ဆန်းဆန်းပင်။ သိရိမာအား သူ စွဲလမ်းမည့်သာစွဲလမ်းနေသည်။ သိရိမာကို တခါဖူးမျှ သူ မမြင်ဖူး၊ ဖြူမှန်း မည်းမှန်း သူမသိ။ သူများပြောသံကြားနှင့် သဲသဲပြုံအောင် စွဲနေသော ကိုယ်တော်ဖြစ်၏။

သို့သော် တချိန်တွင်ကား သူသည် အကယ်ပင် သိရိမာကို မျက်ဝါးထင်ထင် မြင်ဖူးသွား၏။ ထိုအခါ သူသည် သိဝိမင်းကြီး၏ အချစ်ရှူး၊ တဏှာရူး စံချိန်ကို ချိုးတော့မလောက် ကိလေသာအချစ်နတ်၏ ဖမ်းစားခြင်းကို ခံရလေ၏။ သိရိမာ၏ အာရုံသည် သူ့ရင်အုံထဲက မထွက်တော့။ ပြောင်း....ဥုံမခံလေပဲ "သိရေ... သိရေ၊ မာရေ... မာရေ"ဟု သူ့နှုတ်က တဘွတ်တွတ် ရွတ်နေရှာတော့သတည်း။

ဤသဲသဲမဲမဲ အစွဲဇာတ်လမ်းကိုနိဒါန်း သွယ်သော်၊ ဝါယင်းဖြစ်ရပ်၏ ပင်မ ရေသောက်မြစ်ကို လိုက်သော် သင်္ချေသမီး မယ်ဥတ္တရာကို ချန်လှပ်ထား၍ မဖြစ်။ ဤဖြစ်ရပ်၏ ရေသောက်မြစ်သည် ဥတ္တရာမှ စလေ၏။ ပင်ရင်းအခြေခံမှာ ခုဇ္ဇုတ္တရာ၏ ရေသောက်မြစ်သည် ဥတ္တရာမှ စလေ၏။ ပင်ရင်း အခြေခံမှာ ခုတ္တရာသာ ဖြစ်လေသည်။ ထိုဥတ္တရာကား အသို့ပါနည်း။

"အဆင်ယူလျှင် ချည်တူမှ
အသွင်မတူ၊ အိမ်သူမဖြစ်"

ဤစကားပုံကား ယေဘုယျသာမှန်ချိမ့်မည်။ လှေနံ ဓားထစ်တထစ်ချမမှတ်ရာဟုမယ်ဥတ္တရာက ဆိုမည်၊ ဂန္ဓကွက်ရှာလိမ့်မည်။

အကြောင်း သော်ကား သူသည် ရာဇဂြိုဟ်မြို့၊ ပုဏ္ဏားသင်္ချေကြီး၏ တဦးတည်းသောသမီးဖြစ်ပါ၏။ မိဘနှစ်ပါးက ပေးစား၍ လင်မယား ရယ်လို့၊ ညားလို့သာ ညားနေသည်။ အသွင်ချင်းကား မတူချေ။ မယားနှင့်လင်၊ အသွင်မတူသော အိမ်ထောင်ရေးတည်း။

မှန်၏။ သူ့လင်ကား မိစ္ဆာဒိဋ္ဌိ၊ သူကား ဗုဒ္ဓဘာသာ၊ ပြဒါး တလမ်း သံတလမ်း ဖြစ်နေ၏။ သူ့အနေအားဖြင့်ဘာသာခြားကိုလင်သားမပြုလို၊ မယူလို။ မိဘစကား မပယ်ရှားသာ၍သာ ဇွတ်မှိတ် လိုက်ခဲ့ရခြင်းဖြစ်၏။

သို့သော် လက်ထပ်ထိမ်းမြားပြီး၍ လင်မယားအရာ မြောက်ပြီဆိုတော့လည်း ပြင်ရန်ခက်လှဘိခြင်း။

"အိမ်ထောင်မှု ဘုရားတည်၊
ဆေးမင်ရည် စုတ်ထိုး
သည်သုံးခု မှုမပိုင်လျှင်၊
နောင်ပြင်နိုင် ခက်သည့်ဟာမျိုး"

သူ့အိမ်ထောင်ရေးကား မပေါင်းလို ရက်ရက်နှင့် အပြင်ရခက်သော အခြေအနေ ရောက်နေသဖြင့် မချစ်သော်လည်း အောင့်ကာ ပင်သူ့ခမျာ နမ်းနေရှာ၏။

သူသည် အိမ်ထောင်ကျပြီးနောက် ယောက္ခမအိမ် လိုက်နေရ၏။ ထိုအခါ သူ့မှာ စိတ်ဝေဒနာတခု စွဲကပ်လာလေတော့သည်။ သူသည် လူမှန်း သူမှန်း သိတတ်သည့် အချိန်ကစ၍ ဗုဒ္ဓဘာသာ ပီသစွာ ဘုရားတရားနှင့် နေလာခဲ့သည်။ အလှူရေစက် လက်နှင့်မကွာ လှူခဲ့သည်၊ တန်းခဲ့သည်။ ဥပုသ်သီတင်း စောင့်သုံးခဲ့သည်။ ကုသိုလ်လေ့၌ မွေ့လျော်ကာသာ နေခဲ့သူ ဖြစ်လေသည်။ သူ့လင်နှင့် သူ့လင်၏ မိသားစုတို့ကား မိစ္ဆာဒိဋ္ဌိ

အယူသည်းသူများ ဖြစ်ကြသည့်အလျောက် ဘုရား, တရားသံမှာ သူတို့နှင့် ဆန့်ကျင်ဘက် ဖြစ်နေ၏။

ကျီးအုပ်ကြားထဲ ရောက်သွားသော ဗျိုင်းမလေးသဖွယ်၊ မိစ္ဆာဒိဋ္ဌိကြားထဲရောက်နေရရှာသော သူ့အဖို့ အဘယ်မှာလျှင် ပျော်မွေ့နိုင်ပါမည်နည်း။ လူ့ရေးတန်းရေးဘက်တွင် စိတ်ကအမြဲစေသော်လည်းလက်တွေ့အားဖြင့်ကား သူ့ခမျာ အကောင်အထည် မပေါ်နိုင်ရှာ။ စိတ်မချမ်းမြေ့ခြင်းသာလျှင် သူ့အဖို့ အဖတ်တင်နေ၏။

ယင်းကိစ္စနှင့် ပတ်သက်၍ တနေ့သောအခါတွင် သူစဉ်းစားလေသည်။ စဉ်းစားရာ၌ တဘက်သတ် မကျစေပဲ သူ့ဖို့ ကိုယ့်ဖို့ ဖို့နှစ်ဖို့ထား၍ မျှတစွာ စဉ်းစား၏။

မိဘက ပေးစားထားသဖြင့် ငါဟာ လင်သားတယောက်၏ မယားဘဝ ရောက်နေသော်လည်း ငါ့မှာ ကာမဂုဏ်စိတ်မရှိ၊ ကိလေသာ တဏှာရာဂနှင့် ပတ်သက်သော လောကီစည်းစိမ်မျိုးကို ငါမလိုလား၊ ငါမခံစားလို၊ ဘုရားတရားနှင့်သာ ငါနေချင်၏။ တရားကိုသာ ငါနာချင်၏။ တရားသံကိုသာ ငါကြားချင်၏။ တလူ့ရေစက် လက်နှင့်မကွာ၊ ဒါနမှု, သီလမှု များနှင့်သာ ငါမွေ့လျော်ချင်၏။ ဤသည်ကား— ငါ့ဘက်မှ ဆန္ဒများ ဖြစ်ပေသည်။

သူ့ဘက်မှ ကြည့်ပြန်သော်.... ဤအပြုအမူမျိုး၊ ဤအနေအထိုင်မျိုးကို သူ့အနေအားဖြင့် (ဘာသာရေးနှင့် ပတ်သက်ခြင်း မဟုတ်ပဲ) ညားခါစ အိမ်ထောင်ရှင် လင်သားတယောက် အနေဖြင့်ပင် ခွင့်ပြုနိုင်မည် မဟုတ်။ ညားခါစ ဇနီးမောင်နှံတို့ ထုံးစံအတိုင်း ပျော်ပျော်ရွှင်ရွှင် နေချင်ရှာပေမည်။ တယောက်မျက်နှာ တယောက်ကြည့်ကာ တင်းမတိမ်သေး.... ထမင်းမြိန်ဆေးသဖွယ်.... ဖြစ်ချင်ရှာပေမည်။ ကာမစည်းစိမ်ကို မြိန်ရည်ရှက်ရည် ဇိမ်ခံချင်ရှာပေမည်။ ရွှေပြောင်ပြောင် တောင်ပေါ်က ဘုရားဆီသို့၊ မယ်နှင့်မောင် အတူသွားကာ ဆုတောင်းချင်ရှာသည်။ ရွှေသဋ္ဌာလီ စက်အုံးမှီလျက်၊ ကလူကျီစယ်၊ ချစ်ခွန်းကြွယ်ချင် ရှာပေမည်။ ဤကား သူ့ဘက်မှ သူ့ဆန္ဒဖြစ်၏။

မှန်ပေသည်။ သူ့ဘက်ကကြည့်လျှင် သွေးထွက်အောင် မှန်ပေသည်။ လင်မယားကိစ္စ ညားကြသည်မှာ ကာမဂုဏ်ခံစားမှုက လွဲ၍ ဘာရှိဦးမည်နည်း.... ခက်နေသည်ကား ငါ။ ငါ့အဖြစ်၊ ငါ့ဘဝ။ ကာမဂုဏ်ကိစ္စ၌ လုံးဝဆိုရလောက်အောင်ပင် ငါမမက်မော။ သာယာလိုစိတ်၊ ခံစားလိုစိတ် ငါ့မှာ အရိပ်မျှပင် မထင်ဟပ်။

သည်တော့ခက်သည်။ ခက်သည်။ သည်လိုသာဆိုလျှင် ရှေ့ဆက်ပြီး ငါမည်သို့ ပျော်မွေ့နိုင်မည်နည်း။

"ငါက ဥပုသ်ရက်ရှည် စောင့်လိုပါသည်ဟု သူ့အားခွင့်ပန်ငြားသော်လည်း ကာမ ရာဂ၏ သားကောင်ဖြစ်သော 'ကာမပိုင်ဖြစ်လေသူ' သူက ငါ့အား မည်သည့် နည်းနှင့်မျှ ခွင့်ပြုရှာမည်မဟုတ်။ ငါ့ဘဝကိုသည်အတိုင်းပင် ငါရေစုန်မျှောခြင်းခံရမည်လောခက်ပါသည်။ ခက်သမျှ အားကြီးခက်။ ရှေ့တိုးလျှင် ထမ်းပိုးနှင့်။ နောက်ဆုတ်ပြန်လျှင် လှည်းတုတ်နှင့်။ အဆုတ်ရခက်၊ အတက်ရခက်လှသည့် ငါ့ဘဝပါတကား....ဟင်း"

ဥတ္တရာသည် ဤသို့ တဟင်းဟင်း၊ သက်ပြင်းကြီးချ၍ စဉ်းစားလျက်က သီရိမာ၏ မျက်နှာကို ကွက်ကနဲ မြင်ယောင်လာလေသည်။ "သူ၏အထောက်အကူကိုယူ၍ လှူချတန်းရသော်.... ဥပုသ်သီတင်းဆောက်တည်ယင်း တရားနာရသော်....ကောင်းလေစွ။ သူသည် ပြည့်တန်ဆာဖြစ်သည်။

ရုပ်ရည်ရူပကာယ ဆိုလျှင်လည်း ရင်သပ်ရှုမော လောက်အောင်ချောသူ၊ လှသူဖြစ်သည်။ သူ့ကိုယ်ကာယနှင့် ကာမကို အရင်းအနှီးပြု၍ တနေ့ကို အသပြာတထောင်ရသည်ဟု ဆိုသည်။ သီရိမာ၏ အချောအလှကိုသာ ငါ၏ ခင်ပွန်းလင်မြင်ရသော် မနှစ်သက်ပဲ နေမည်လော။ တနေ့လျှင် တထောင်သာ အသပြာကို ငါမပေးနိုင်သလော။ သူ့အား ငါ၏ကိုယ်စား ကြေးစားမယားအဖြစ် တနေ့တထောင်ကျနှုန်းဖြင့် (ဝါကျွတ်ရုံလောက်ကလေး)ငှားရမ်းလျက်၊ ငါ့လင်ကို ငါပြုစုလုပ်ကျွေးရမည့်ကိစ္စ၊ တာဝန်တွေ အဝဝကို သူ့ကို လွှဲပုံအပ်နှင်းပြီး ကုသိုလ်ကောင်းမှုတို့ကို ငါပြုချင်သလို ပြုရသော် ကောင်းလေစွ။

ဥတ္တရာသည် အလှူရေစက်၊ လက်နှင့်မကွာ လိုလှသည့်အတွက် ဤသို့ပင် စိတ်ကူးယဉ်ခဲ့သည်၊ နောက်တွင်မူ သူသည် သူ့စိတ်ကူးကို လက်တွေ့အားဖြင့် အကောင်အထည် ဖော်လေတော့သည်။

သီရိမာထံသို့ ကိုယ်တိုင်သွားပြီး အကူအညီတောင်းသည်။ အကျိုးအကြောင်း သူ၏ဆန္ဒ၊ သူ၏ရွယ်စူးချက်ကို သီရိမာအား လိပ်ပတ်လည်အောင် ပြောပြ၍ အသနားခံတောင်းပန်သည်ကို သီရိမာကလည်း မငြင်းချေ။လိုက်လိုက်လျောလျော ရှောရှောရှူရှူပင် သဘောတူလိုက်သည်။တနေ့ကို တထောင်၊ ဆယ့်ငါးရက်ဆိုတော့ သောင်းငါးထောင်ကို (လူပေါင်းစုံနှင့် မဆက်ဆံရပါပဲလျက်) ချောင်ချောင်ကလေးရသည်ဟု တွက်ကာအဘယ်မှာလျှင် သူငြင်းဆန်တော့မည်နည်း။

သို့နှင့်ပင် ဥတ္တရာသည် ပြည့်ဘန်ဆာ သီရိမာကို သူ့လင်ကို သူ့ကိုယ်စား ကြေးစားမယားအဖြစ် လုပ်ကျွေးပြုစုရန် တနေ့တထောင်နှုန်းဖြင့် ဆယ့်ငါးရက်တွက် ငွေးရမ်းကာ သူကိုယ်တိုင်ပင် အိမ်သို့ခေါ်လာခဲ့သည်။

"သူက ဘာလဲ၊ ဘယ်သူလဲ၊ ဘာကိစ္စလဲ"

"အို....သူ....သူလား၊ သည်လို မောင်ရှဲ၊ သူဟာ....ကျွန်မရဲ့ မိတ်ဆွေပါ။ မောင်လဲကြားဖူးမှာပ။ သူ့နာမည်က သီရိမာ တဲ့လေ"

"သီရိမာ....ဟုတ်လား"

"မှန်ပါသည်၊ သူ့ကိုခေါ်လာသည့်ကိစ္စကတော့ ကျွန်မရဲ့ကိုယ်စား၊ မောင့်ကို သူက ပြုစုလုပ်ကျွေးပေးဖို့ပါပဲ။ သူ့ကိုပေးရမယ့် ကြေးကိုလဲ အားလုံးကိုပေးပြီးပြီမောင်။ မောင့်ကို သူ ကောင်းကောင်း ပြုစုပေးရှာပါလိမ့်မယ်"

"နို....ဥတ္တရာ့က...."

"ဥပုသ်ရက်ရှည် စောင့်ချင်လို့ပါမောင်"

"ဩော်...."

"မကြာပါဘူးမောင်ရယ် ၁၅ ရက်ထဲပါ။ ဝါကျွတ်တော့ မှာလဲ ၁၅ ရက်သာ လိုတော့တာမို့၊ သည်ရက်ကလေးအတွင်းမှာ ဥပုသ်ဖြောင့်ဖြောင့် စောင့်ပါရစေလား မောင်ရယ်၊ ဟောသည် မသီရိက မောင်စိတ်တိုင်းကျဖြစ်အောင် အစစအရာရာ ပြုစုရှာပါလိမ့်မယ်၊ ၁၅ ရက်ထဲပါ ခွင့်ပြုပါ မောင်" (သူ့ လင်က သီရိမာကို အလွန် ကျေနပ်နေ သည့် သဘောဖြင့်)

"ကောင်းသားပဲ ၁၅ ရက် မဟုတ်ဘူး။ စောင့်ချင်သလောက် စောင့်ပါ။ ကုသိုလ်ပြုတာပဲဟာ မောင် မတားလိုပါဘူး"

ဤသို့အားဖြင့် သီရိမာကား ဥတ္တရာ၏ခင်ပွန်းလင်အတွက်ကြေးစား မယားဖြစ်လာ၏။ ဥတ္တရာ၏ ခင်ပွန်းလင်မှာလည်း "အချိုရှာ၊ သကာတွေ့, လေသည့်ပမာ သီရိမာကဲ့သို့သော အချောအလှ ကညာတယောက် မမျှော်လင့်ပဲ သူနှင့် ပျော်ပါးရန် ရောက်ရှိလာသဖြင့် ဝမ်းမြောက် ဝမ်းသာဖြစ်ရလေသည်နှင့်အမျှ ဥတ္တရာမှာလည်း မိမိပြုလိုသော ကုသိုလ်ဒါနများကို ပြုရပြီ ဖြစ်သည့်အတွက် ဝမ်းမြောက်မဆုံး တပြုံးပြုံး ဖြစ်လာသည်။ သူ၏ ဆန္ဒကို ပြည့်ဝအောင် ကူညီဖြည့်ကင်း ပေးသည့်အတွက် တဘက်မှလည်း သီရိမာကို ကျေးဇူးတင်၍ မဆုံးနိုင်အောင် ဖြစ်နေ၏။

"စေဘနာ ကောင်းကောင်းနဲ့ ချက်ကြပြုတ်ကြ ကွယ်တို့၊ ကုသိုလ် ဆိုတာ ယူတတ်ယင် ရတာပဲ။ ငွေကုန်ကြေးကျ စိုက်ထုတ်ပြီး လှူမှ

သာ မဟုတ်ဘူး။ စေတနာထားတတ်ယင် ချက်တ ပြုတ်တာဟာလဲ ကုသိုလ်ရတာပဲ”

ဘုရားအမူးရှိသော သံဃာတော်များအား ဆွမ်းကပ် လှူဒါန်းရန် အတွက် ချက်ပြုတ်နေကြသော သူများ ကြားတွင် သွားလာ လှုပ်ရှား ဆော်ဩနေသူကား အလှူ့အမ ဥတ္တမင် ဖြစ်ပါ၏။

သူသည် သာဟတ္တိက ဒါန မြောက်စေရန်အတွက် မီးဖိုပေါ်၌ တပွက်ပွက်ဆူပွက်နေသော အိုးများကို ကိုယ်တိုင်ထိုင်၍ မီးမှုတ်လိုမှုတ်။ ဖူးကနဲဆို မီးဖိုမှ ပြာတွေ ပလူပျံပြီး သူ့ခေါင်းပေါ် ရောက်ကုန်သော ကြောင့် သူ့ခေါင်းမှာ ပြာနှင့် ဖွေးဖွေး ဖြစ်နေ၏။ တဖန် သံဃာတော် စားသုံးရန် အိုးခွက်ပန်းကန်များကို ကိုယ်တိုင်ဝင်၍ ဆေးလေရာ အိုးမဲ များသည် သူ့ပါးပြင် နှစ်ဘက်ပေါ်တွင် အကွက်လိုက် အစင်းလိုက် မည်းတူတူကြီး ထင်နေ၏။

ထိုအခိုက် သူ၏ခင်ပွန်း က အပေါ်ထပ်မှနေ ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်ရာ ခေါင်းမှာပြာနှင့်ဖွေးဖွေး ပါးပြင်တွင် အိုးမဲတွေဗရပျစ် နှင့် ညစ်ပတ်ပေကျံနေသော ဥတ္တရာကို မြင်လျှင် “သည်ကန်းမ၊ အမိုက်မ ဘာတွေ လျှောက်လုပ်နေတယ် မသိ” ဟူ၍ မြည်တွန်ယင်း ပြုံးလေ၏။ “ဥတ္တရာနှယ် မိုက်ပါဘိ၊ သူ့မှာ ဖြစ်နေလိုက်ပုံက သည်စည်းစိမ်မျိုးနဲ့ လားလားမှမထိုက်။ ဦးပြည်းကတုံးတွေ စားသောက်ဖို့အတွက် များ ဒါလောက်တောင် အာင်ပန်း ခံချသလား”ဟု ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့နှင့် တဘက်သို့ ထွက်သွားလေ၏။

ပြတင်းပေါက်တွင် ရပ်လျက် အောက်သို့ ကြည့်ပြီးပြုံးသော သဌေး ကလေး၏အပြုံးကို သီရိမာက ရိပ်ကနဲ မြင်လိုက်သဖြင့်.... “ဘာကိုများ သဘောကျပြီး ပြုံးလေဘိ”ဟု သီရိမာသည် ပြတင်းပေါက်သို့ ခပ်ဆဆ ပြေး၍ အောက်သို့ ကြည့်လိုက်သော အခါ၌လည်း မီးခိုးတလုံးလုံးနှင့် ချက်ပြုတ်နေသော အိုးများကြားတွင် အိုးမဲဗရပျစ်နှင့် မားမား မားမားနှင့် သွားလာလှုပ်ရှားနေသော ဥတ္တရာကို မြင်လတ်သော်.... “ဩော်.... သူ့ မယားကိုကြည့်ပြီး ပြုံးတော်မူတာကိုး၊ ကေန္တ သူဟာ သည်ကောင်မနဲ့ ပေါင်းသင်းလိုဟန် တူလေရဲ့”ဟု အတွေးနက်ပြီး ဥတ္တရာအပေါ်၌ မနာ လိုပဲ ရှေ့စိတ်တော်ကွက် အမျက်ထားလေသတည်း။

သီရိမာသည် သူ့ဘဝကို မေ့လေပြီကော။ ဤအိမ်တွင် အခိုက်တန့် ငှားရမ်းထားသော ကြေးစား မယားဖြစ်ပါလျက်ကို သဌေးစည်းစိမ်ကို ခံစားလာရသောအခါ သူ့ကိုယ်သူ သဌေး၏ ကာ ပိုင် မယားဟု ထင် လာသည်။ ငါသာ သဌေးမယား၊ သဌေး၏ဇနီး၊ ငါသာသဌေးကတော်ဟု

ထင်မှတ်ကာ အောက်ခြေလွှတ်ပြီး ဘဝင် မြင့်လာသည်နှင့်အမျှ ဥတ္တရာ အား ဒေါသထွက်ကာ ရန်ငြိုးကြီး ထားပါလေတော့သည်။

အတုကို အစစ်ထင်လေသော သိရိမာ၊ ကြေးစားမယားကို ကာမ ပိုင်မယားဟု မိမိကိုယ်ကို ထင်စားလေသော ထိုသိရိမာ၊ ဤသိရိမာကား ပြာသာဒ်ပေါ်က ကသိကလင်တနှင့်ပျာကယာဆင်းပြေးလေ၏။ တပွက်ပွက် ပွက်နေသော မီးဖိုပေါ်မှ ထောပတ်အိုးထဲမှ ထောပတ်ဆီပူကို ယောက်ချို ဖြင့် ခပ်ယူတည့်ပြီး ဥတ္တရာကို ဆီပူနှင့် လောင်းရန်အတွက် ဒေါသထွက် သော မျက်နှာထားနှင့် ဥတ္တရာဆီသို့ သွားပါလေ၏။

ဥတ္တရာသည် ဒေါသနှင့် လာကတည်းက သိရိမာသည် မိမိအား ရန်ငြိုးထားကြောင်း ရိပ်မိ၏။ သို့သော်....ဥတ္တရာစဉ်းစား၏။ "ငါ့မိတ် ဆွေသည် ငါ့အပေါ် ကျေးဇူးကြီးလှ၏။ သူကျေးဇူးကြီးပုံနှင့် နှိုင်းစာသော် စကြဝဠာသည် ကျဉ်းကျဉ်းကလေးမျှသာ၊ အလွန်မြင့်လှသည် ဆိုသော ဗြဟ္မာဘုံသည်လည်း နိမ့်နိမ့်ကလေးမျှသာ၊ သူ့ကျေးဇူးများကား ထိုထက် အဆပေါင်းများစွာ ကြီးလှဘိစွ။ သူ့ကို အမှီပြု၍ ငါ လှူလည်း လှူရပြီ၊ တရားတော်ကိုလည်းနာရပြီ။ သူသည် ငါ့အားမည်သို့ရန်ငြိုးထားစေကာမူ လည်း သူ့အပေါ်၌ တုံ့ပြန်၍ ငါအမျက်မထားပါ။ အကယ်၍များငါက သူ့အပေါ် အမျက်ထားခဲ့သော် ဤဆီပူသည် ငါ့ကို လောင်ကျွမ်းစေ သတည်း။ အကယ်၍ သူ့အပေါ် ရန်ငြိုးမထားခဲ့လျှင်ကား ဤဆီပူသည် ရေကဲ့သို့ အေးမြပါစေသား"

ဤသို့ စိတ်တွင်းမှ အဓိဋ္ဌာန်စဉ် သိရိမာသည် ဆီပူကိုယူ၍ပြေးလာ သည်ကို ဥတ္တရာ၏အစေအပါးမိန်းမများကမြင်လျှင် ဥတ္တရာထံသို့ ပြေးလာ ကုန်ကြပြီး သိရိမာအား "ဟယ် မိန်းမယုတ် တို့သခင်မအား ဆီပူဖြင့် လောင်းရန် ကြံရာသလော" ဟူ၍ သိရိမာကို ဝိုင်း၍ ရိုက်ကြ၊ ပုတ်ကြ၊ ထုံနှက် ကြကုန်လေ၏။ ဤသို့မလုပ်ကြရန်ဥတ္တရာက ကြားဝင်၍ တောင်း ပန်ရှာသေး၏။ သို့သော်မရ၊ ခြေလွန် လက်လွန် ဖြစ်ကုန်လေပြီတည်း။ ကြေးစားမယားအဖြစ်မှ ကာမပိုင်မယား ဖြစ်ချင်လှသော သိရိမာခမျာမှာ အမျိုးသမီးတခုတ်၏ ငါးဖယ်တော တောခြင်းကို ခံရလေပြီတည်း။ ဥတ္တရာ သည် တားမရသည့် အဆုံးတွင် သိရိမာ၏ ကိုယ်ပေါ်မှ ဝမ်းလျားထိုးခံ လျက် တောင်းပန်ရသေး၏။

"သိရိမာ၊ သို့စဉ်မျှ ကြီးလေးသောအမှုကို ဘောက်မဲ့ကြောင့် သင် ပြုဘိသနည်း" ဟု သိရိမာကို ဆုံးမပြီး သိရိမာအား ရေနွေးဖြင့် ကိုယ်တိုင် ရေချိုးပေးပြီးလျှင်— သူယူဆောင်လာသော ဆီဖြင့် နှိပ်နယ်ပေးလေ၏။ ဤတွင်မှ သိရိမာသည် သူ့ဘဝကိုသူ ပြန်၍မြင်လာသည်။

"ငါသည် ကြီးလေးလှစွာသော ပြစ်မှုကြီးကို ကျူးလွန်မိလေပြီတကား၊ ပြုမှားမိလေပြီတကား။ ခင်ပွန်းလင်၏ ပြုံးရယ်ကာ မတ္တမျှကို အကြောင်းပြု အထင်မှားကာ— ကျိုက်ကျိုက်ဆူနေသော ဒေါသပတ်ဆိုပူဖြင့် သူ့အပေါ် ငါလောင်းပါလျက်ကိုပင် 'သည်ကောင်မကို ဆွဲထုတ်ကြ' ဟု ကျေးကျွန်များကိုလည်း သူမခိုင်း၊ ကျေးကျွန်များက ငါ့ကို ဝိုင်း၍ ရိုက်ကြ၊ နှက်ကြသည့်အခါ၌လည်း သူ တားမြစ်ရုံမက ငါ၌ ရရှိသားသော ဒဏ်ရာများကိုပင် သူကိုယ်တိုင် ပြုစု ကုသ ပေးရှာ၏။ သူ့ကို ငါ မကန်တော့ခဲ့သော် ငါ့ဦးခေါင်း ခုနစ်စိတ် ကွဲလေရာ၏"

ဤသို့ အမြင်မှန်ရလာကာ သီရိမာသည် ဥတ္တရာ၏ခြေရင်း၌ ဝပ်စင်းလျက် "သည်းခံပါ သခင်မ...." ဟု တောင်းပန်လေသတည်း။ ထိုအခါ ဥတ္တရာက ဤသို့ ဆိုပေ၏။

"သီရိမာ၊ ငါကား အဖရှိသော သမီးတည်း။ ငါ့အဖကို ကန်တော့လော့၊ ငါ့အဖ သည်းခံသော် ငါ သည်းခံ၏" ဟု ဆိုလျှင် "သခင်မ.... သို့ဖြစ်ပါမူ သခင်၏ဖခင် (ပုဏ္ဏားသဌေးမင်း)ကို ကျွန်တော်မ သွားရောက်ကန်တော့ပါအံ့" ဟု ဆို၍ သီရိမာသည် ပုဏ္ဏားသဌေးမင်းထံ သွားရောက်ကန်တော့လေသောအခါ "ငါ့အဖဘုရားကို ကန်တော့ပါလေ၊ ဖဘုရားသည်းခံခဲ့သော်....ငါသည်းခံ၏" ဟု ပုဏ္ဏားသဌေးက ဆိုပြန်၏။

"သဌေးမင်း စေခိုင်းသည့်အတိုင်း ကျွန်တော်မပြုပါအံ့။ ဘုရားသခင့်ထံတော်၌ ဝန်ချတောင်းပန်ခြင်း ပြုပါအံ့။ သို့သော် ထိုဘုရားသခင်နှင့် ကျွန်ုပ်မကျွမ်းပါ သဌေးမင်း" ဟု သီရိမာက ဆိုလေသော်....

"သီရိမာ.... နက်ဖြန်နံနက်တွင် ဖဘုရားသည် ရဟန်းသံဃာများခေါ်ဆောင်လျက် ဤဂေဟာသို့ ကြွတော်မူလာလတ္တံ့။ သင်သည် သင်တတ်အားသမျှ လှူဖွယ်ပစ္စည်းများယူ၍ ဖဘုရားထံ ဝန်ချတောင်းပန်ဘိလော့...." ဟူသော စေခိုင်းချက်အတိုင်း နောက်တနေ့နံနက် ဘုရားသခင်ကြွလာ၍ ဆွမ်းစားပြီးသောအခါ တောင်းပန်ဝန်ချလေ၏။

ထိုအခါ ဘုရားသခင်သည် ကျူးလွန်မိသော အပြစ်ကို သီရိမာအား မေးတော်မူ၏၊ သီရိမာသည်းဟုတ်တိုင်း မှန်ရာအတိုင်း လျှောက်သော် မြတ်ဘုရားသည် သီရိမာ၏ စကား မှန်မမှန်ကို ဥတ္တရာအား မေးတော်မူ၏။ ဥတ္တရာက "ဟုတ်မှန်ပါကြောင်း" လျှောက်၏၊ တဖန် ဤအမှုဖြစ်ပေါ်လာစဉ်က ဥတ္တရာ၏ စိတ်နေသဘောထားကို မေးတော်မူပြန်သောအခါ ဥတ္တရာလည်း မိမိစိတ်၌ ဖြစ်ပေါ်ခဲ့ပုံကို လျှောက်လေ၏။ ဗုဒ္ဓသည် ဥတ္တရာအား သာဓု....သာဓု ဟု ကောင်းချီးပေးတော်မူပြီးနောက်....

၂၂၃။ အကောဓေန ဇိနေ ကောဓံ၊
အသာဓုံ သာဓုနာ ဇိနေ၊
ဇိနေ ကဒရိယံ ဒါနေန၊
သစ္စေနာလိက ဝါဒိနံ။

"ဥတ္တရေ—စိတ်ထားမြတ်မွန်၊ ကဲလွန်ဘိရှာ၊ ချစ်သမီး ဥတ္တရာ။ ။ ကောဓံ—ဒေါသအမျက်၊ ချောင်းချောင်းထွက်သူကို၊ အကောဓေန-သူ့ကို တုဘက်၊ အမျက်ပြန်၍ မထွက်ခြင်းဖြင့်။ ဇိနေ—အောင်ရာ၏၊ အသာဓုံ—မကောင်းသောသူကို၊ သာဓုနာ-မိမိကကောင်း၍ပြုခြင်းဖြင့်၊ ဇိနေ-အောင်ရာ၏၊ ကဒရိယံ—ဝန်တိုသော သူကို၊ ဒါနေန—လှူ့လှူ့ရမ်းရမ်း ပေးကမ်းခြင်းဖြင့်၊ ဇိနေ-အောင်ရာ၏၊ အလိကဝါဒိနံ—စကားမမှန်၊ ဖောက်ပြန်စွာဆိုဘတ်သူကို၊ သစ္စေန-မှန်ကန်သောစကားဖြင့်၊ ဇိနေ အောင်ရာ၏"

ဤတရားအဆုံးတွင် သီရိမာနှင့်တကွ အမျိုးသမီး ငါးရာတို့သော တာပန်ဖြစ်ကုန်လေ၏။ ကြေးစားမယားမှ ကာမပိုင်မယား ဖြစ်လိုသော သီရိမာသည် စိတ်ထားမှန်လေသောကြောင့် ကာမပိုင်မယား အဖြစ်နှင့် မနိုင်းစာအပ်သော သောတာပတ္တိဖိုလ်သို့ ရောက်သွားလေသတည်း။

ဤသည်၏ အခြားမဲ့ကျမှ ဥပါဒါန်ကြောင့် ဥပဒ်ဖြစ်ရသော ရဟန်းအကြောင်းပေါ်လာ၏။ သီရိမာသည် ဥတ္တရာအပေါ် ကျူးလွန်ခဲ့မိသော အပြစ်ကို မြတ်ဘုရားထံတော်၌ ဝန်ချတောင်းပန်ပြီး၊ နောက်တနေ့တွင် ဘုရားအမှူးရှိသော သံဃာတော်များအား ပင့်ဖိတ်၍ သူ့အိမ်တွင် ဆွမ်းကျွေးလေသည်။ ပြီးလျှင် "အဋ္ဌကဘတ် အဖြစ် နိစ္စကုသိုလ်ပြုလိုပါသောကြောင့် နေ့စဉ် သံဃာတော်ရှစ်ပါး သူ့အိမ်သို့ ဆွမ်းအလှူခံကြွတော်မူပါရန်" ကိုလည်း တခါတည်း ပင့်ဖိတ်လျှောက်ထားလိုက်၏။ ထိုအခါမှစ၍ သီရိမာ၏ အိမ်သို့ နေ့စဉ်အမြဲ သံဃာတော်ရှစ်ပါး ဆွမ်းခံကြွမြဲ ဖြစ်သတည်း။ "ထောပတ် အလှူခံတော်မူဘုရား၊ နို့ကို အလှူခံတော်မူဘုရား" ဤသို့စသည်ဖြင့် လျှောက်ထားကာ ထားကာနှင့် လောင်းလှူနေသော သီရိမာ၏ အသံကို နေ့စဉ်ပင် ကြားကြားလာသတည်း။ တပါးစာ တွက်လောင်းလှူသမျှသည် လေးငါးပါးစား၍ပင် မကုန်နိုင်ဖြစ်သော ဟူပေ၏။

ရှေးယခင်က ဗုဒ္ဓနှင့်လည်းကောင်း၊ ဗုဒ္ဓ၏သာဝက ရဟန်းသံဃာများနှင့်လည်းကောင်း မျက်နှာခပ်စိန်းစိန်းနေလာခဲ့သော သီရိမာကား ယခုအခါ သောတာပန်အဆင့်သို့ပင် ရောက်လာပြီး သာသနာနှင့် အထူးအကျွမ်းတဝင် ရင်းနှီး၊ ယဉ်ပါးလာသည်ကို အံ့ဩစွာ တွေ့ကြရလေ၏။

တခါသ၌ ရဟန်းတပါးသည် သီရိမာ၏ အိမ်မှ အဋ္ဌကဘတ် (တနေ့လျှင် ရှစ်ပါးကျ အမြဲလှူသောဆွမ်း)ကို ဘုဉ်းပေးခဲ့ပြီး ရာဇဂြိုဟ်နှင့် သုံးယူဇနာဝေးသော ကျောင်းတကျောင်းသို့ ရောက်သွားလေရာ ညနေချမ်းအချိန်လောက်တွင် ရောက်လာသော ထိုရဟန်းကို ကျောင်းနေ ရဟန်းများက "အရှင်ဘုရား၊ အဘယ်မှာ ဆွမ်းစားလာခဲ့ပါသနည်း" ဟု မေးကုန်၏။ "သီရိမာ လှူဒါန်းသော အဋ္ဌကဘတ်ကို စားလာခဲ့သည်"ဟု ထိုအာဂန္တုက ဖြေ၏။

"သီရိမာသည် ပြည့်တန်ဆာဟု ကြားဖူးသည်။ လှူဒါန်းသည့်အခါ ကောင်းကောင်းမွန်မွန် မြတ်နိုးဖွယ်ပြု၍ လှူဒါန်းတတ်ပါ၏လား" ဟူ၍ မေးလျှင် "သူ့ဆွမ်းကို ချီးမွမ်း၍ပင်ကုန်နိုင်ဖွယ်မရှိ၊ အလွန့်အလွန် မြတ်မြတ်နိုးနိုး၊ လေးလေးစားစား ဂါရဝပြု၍လှူဒါန်းရှာကြောင်း၊ တပါးတွက် သူလှူပေသည်ကို သေးငါးပါးစား၍ပင် မကုန်နိုင်ကြောင်းဖြင့် သီရိမာ၏ ယဉ်ပါးမှုဂုဏ်ပုဒ်များကို ဖော်ထုတ်ချီးကျူး၍ ပြောပြယင်း သီရိမာ၏ ချောမောလှပသော ဂုဏ်သတင်းလည်း စကားထဲ၌ ပါသွားလေ၏။

ထိုအခါ ရဟန်းတပါးကား သီရိမာ၏ ဂုဏ်သတင်းကို ကြားရခါမျှနှင့်ပင် ကိလေသာစိတ်ဖြင့် ပြင်းစွာစွဲလမ်းခြင်း ဖြစ်လာ၏။ မမြင်ရခင်ကတည်းကပင် သီရိမာအပေါ်တွင် ဥပါဒါန်ကပ်လာ၏။ "သည့်လောက်ချော၊ သည့်လောက်လှသော သီရိမာကို မြင်ဖူးသည်ပဲရှိရှိ၊ သွားကိုကြည့်ဦးမည်"ဟု စိတ်ကို ယတိပြတ် ဆုံးဖြတ်လိုက်ပြီးနောက်၊ သီရိမာရှိရာ ရာဇဂြိုဟ်သို့ လိုက်သွားလေသည်၊ ရောက်လျှင် သက်ဆိုင်ရာ သံဃာတော်များထံ မိမိအသက်နှင့် ရရှိပြီးသော ရဟန်းသက်ကို စာရင်းသွင်းလေသော် သီရိမာ၏ ဂေဟာသို့ ဆွမ်းခံကြွရန်အလှည့်ကို ရရှိလေသတည်း။

နံနက် မိုးစင်စင်လင်းသောအခါ သံဃာတော်ရှစ်ပါးသည် သီရိမာ၏ ဂေဟာသို့ ဆွမ်းခံကြွလာကြလျှင် အခိုင်းအစေများက ထိုအကြောင်းကို သီရိမာ၏အား ပြောလှာကြကုန်၏။ သို့သော်....မအိမသာ၊ နာကျန်းဖြစ်နေ၍ သီရိမာသည် ဤနေ့တွင် ကိုယ်တိုင်လက်ဖြင့် သပိတ်ကိုင်၍ရပ်ခြင်းငှာလည်းကောင်း၊ ကိုယ်တိုင် ဆက်ကပ်လုပ်ကျွေးခြင်းငှာ လည်းကောင်း မတတ်နိုင်သည့် အခြေအနေသို့ ရောက်ရှိနေသဖြင့် ကျွန်မများကို လွှဲရလေ၏။ "ရှင်မတို့၊ သပိတ်ကိုယူ၍ သံဃာတော်များကို နေရာသို့ပင့်ကြကုန်။ ယာဂုဆက်ကပ်ကြကုန်။ ခဲဖွယ်များကို လှူဒါန်းကြကုန်။ ပြီးလျှင် ဆွမ်းကို သပိတ်ပြည့် လောင်းလှူလိုက်ကြကုန်"ဟု ကိုယ်စားလှယ်လွှဲရလေ၏။

ကျွန်မတို့သည် ကောင်းပါပြီ"ဟု သီရိမာ စေခိုင်းသည့်အတိုင်း ဆောင်ရွက်ကြကုန်၏။ ဆွမ်းများသပိတ်၌ လောင်းလှူပြီးကြောင်း သီရိမာ

အား ပြောလှာသောအခါ သီရိမာသည် ''ငါ့ကို သံဃာတော်များရှိရာသို့ တွဲခေါ်ကြစမ်း။ အရှင်ကောင်းများကို ငါရှိခိုးဦးအံ့''ဟု ဆိုလျှင် ကျွန်မများက တွဲခေါ်ကြ၍ ရဟန်းတော်များ ရှေ့မှောက်ရောက်သော် သီရိမာသည် မတ်ဘတ်ရပ်လျက်မှပင် တုန်ယင်သောလက်အုပ်ဖြင့် ရှိခိုးရရှာ၏။

သီရိမာကို မမြင်ရဖူးခင်ကပင် အသေအလဲ စွဲလမ်းနေသော ရဟန်းသည် မျက်လုံးများ ကျွတ်ထွက်သွားမတတ် သီရိမာအား စိန်းစိန်းရှုစားလျက် ''ကြည့်-ပြောလောက်အောင် ချောရှာပါပေ့။ လှရှာပါပေ့။ မကျန်းမမာဖြစ်နေစဉ်မှာပင် ဤရွေ့ညှိမျှလှနေသေးလျှင် ကျန်းမာသောအခါကမူ သူ့အဘယ်မျှ လှရှာမည်မသိ။ ကြည့်-လှပေစွ... ချောပေစွ''

ထိုအခါမှစ၍ ထိုရဟန်းကားသီရိမာအပေါ်၌ တပ်မက်သော ရမ္မက်စွဲဖြင့် အစွဲကြီးစွဲလမ်းသွားလေ၏။ သတိယွင်းချွတ် အောက်ခြေလွတ်လျက် ဆွမ်းကိုပင် သူ့ခမျာ မစားနိုင်ရှာတော့ချေ။ သပိတ်ကိုပိုက် ခေါင်းငိုက်စိုက်နှင့် ကျောင်းသို့ ပြန်လေတော့၏။ ကျောင်းရောက်သော်လည်း ဆွမ်းမစာတော့ပဲ သပိတ်ကိုပိတ် သင်္ကန်းကို ခေါင်းမြီးခြုံ၍ အိပ်ရှာလေသည်။ အခြား အဖော်များက ဆွမ်းစားရန် ခေါ်သော်လည်း မရ။ အိပ်ရာထဲက မထ။ ကိုယ်တော်တို့သာ စားပါကုန်။ တပည့်တော် မစားလိုတော့ပါ။ စားလိုလည်း ဝင်မည်မဟုတ်ပါ။ သီရိမာက လည်ချောင်းဝမှာ တင်လစ်တစ်လစ်နှင့် ဆို့ပိတ်နေပါသည်ဟု ပြောလိုက်မိလေရာ အဖော်ရဟန်းများ သူ့အတွက် ငိုရခက်၊ ရယ်ရခက် ဖြစ်ကုန်လေ၏။

သီရိမာအား ကံကြမ္မာက အသို့ ဖန်တီးလိုက်လေသည်မသိ၊ အလွန်အမင်း ပြင်ပြင်းထန်ထန် ဝေဒနာ ခံစားရခြင်း မရှိပါပဲလျက် ထိုနေ့ညနေစောင်းမှာပင် ကွယ်လွန်သွားရှာပါလေ၏။

ကောသလမင်းသည် မြတ်စွာဘုရား အထံတော်သို့ ''သီရိမာ ရုတ်တရက် ကွယ်လွန် သွားရှာပါကြောင်း'' သတင်းပို့စေ၏။ ထိုသတင်းကြားလျှင် မြတ်စွာဘုရားက တဖန် ကောသလမင်းထံ သတင်းပြန်လိုက်၏။

''တကာတော် မင်းကြီး။ သီရိမာ၏ အလောင်းကို သင်္ဂြိုဟ်ခြင်း မပြုလေနှင့်ဦး။ သုသာန်ထုတ်၍ ကျီးလင်းတများ မစားနိုင်အောင် အစောင့်အကြပ်နှင့် ထားပါလေ''

ကောသလမင်းလည်း ဗုဒ္ဓ၏ အစီအမံအတိုင်း၊ သီရိမာ၏ အလောင်းကို သုသာန်ယုတ်၍ ခမ်းနားစွာပြင်လျက် အစောင့်များ ချထားလေ၏။ သီရိမာ၏ အလောင်းသည် နှစ်ရက်၊ သုံးရက် လွန်မြောက်၍ လေးရက်နေ့

ရောက်လျှင်ပင် ဖူးဖူးရောင် ပွလာလေ၏။ ဒွါရကိုးပေါက်တို့မှ အရည်တစိုစို ယိုထွက်လာကုန်၏။ ကောသလမင်းသည် မြို့ကိုလှည့်၍ မောင်းခတ်ကြေငြာစေ၏။

''အို....တိုင်းသူပြည်သား လူအပေါင်းတို့....

သီရိမာကို လာ၍ ရှုကြကုန်လော့၊ အိမ်၌ အိမ်စောင့်များသာ ထားခဲ့ပြီး၊ သီရိမာကို လာရောက်ကြည့်ရှုခြင်း မပြုခဲ့သော် ဒဏ်ငွေ ရှစ်ကျပ်စီတပ်အံ့''

ဤသို့ မောင်းခတ်ကြေငြာစေပြီး ဘုရားသခင်ထံသို့လည်း ဤသို့ ကြေငြာထားကြောင်း ကြားလျှောက်စေ၏။ ''ဘုရားအမှူးပြုသော သံဃာတော်များသည် သီရိမာအား ရှုစားရန် ကြွရောက်တော်မူပါဘုရား''

မြတ်စွာဘုရားသည် ရဟန်းများကို ခေါ်၍ သီရိမာကို ရှုစားရန် သုသာန်သို့ ကြွတော်မူ၏။ သီရိမာကို စွဲလမ်းနေသော ရဟန်းကား လေးရက်လုံးလုံး အစာလည်းမစား။ စကားလည်း မပြောပဲ သက်နုံးခေါင်းမြီးခြုံ၍သာ အိပ်နေ၏။ သီရိမာ၏ ဂေဟာမှ ခံယူလာခဲ့သောဆွမ်းသည် သပိတ်ထဲတွင် မှိုတက်နေပြီဖြစ်၏။

သူငယ်ချင်း ရဟန်းတပါးက သူ့ထံ သွား၍ အကြောင်းကြား၏။ ''ငါ့ရှင်ထလော့၊ သီရိမာကို ရှုရန်အတွက် ဘုရားသခင် ကြွတော်မူသွားပြီ'' ဟု ဆိုသော်.... ထိုရဟန်းသည် အိပ်ရာထဲတွင် ခွေနေရာမှ သီရိမာဟူသော စကားကို ကြားလိုက်သည်နှင့် တပြိုင်နက် ဝေါက်ကနဲ ထထိုင်လျက်....

''ကိုယ်တော်....ဘာပြောတယ်''

''မြတ်စွာဘုရား သီရိမာကို ရှုစားရန် ကြွတော်မူသွားပြီ၊ သင်ကော လိုက်မည် မဟုတ်လော''

''လိုက်....လိုက်....လိုက်အံ့....လိုက်အံ့''

ထိုရဟန်းသည် ခပ်သုတ်သုတ်ပင်.... သီရိမာ ရှိရာသို့ သွားလေတော့သည်။

ထိုအချိန်တွင် သီရိမာသည် အလှပြင်ဆင်ထားသော ကြာကလပ်ပေါ်၌ ပြည်သူတို့၏ ကြည့်ရှုခြင်းကို ခံနေပါ၏။ သီရိမာ၏ လက်ယာဘက်၌ မြတ်စွာဘုရားနှင့် သံဃာတော်များကို လည်းကောင်း၊ အခြားနေရာများ၌ ကောသလမင်းကြီးနှင့် မင်းပရိသတ် ပြည်သူပြည်သား ပရိသတ်များကို လည်းကောင်း တွေ့ရ၏။

ကောသလ "အရှင်ဘုရား၊ သီရိမာအမည်ရှိသူ ဇီဝက၏ နှမပါဘုရား"

ဗုဒ္ဓ "မင်းကြီး ဤဟာ သီရိမာလော"

ကောသလ "မှန်ပါသည် ဘုရား၊ သည်ဟာ သီရိမာပါဘုရား"

ဗုဒ္ဓ "သို့ဖြစ်လျှင် မည်သူမဆို အသပြာတထောင် ပေး၍ သီရိမာကို ယူကုန်လော့ဟု မြို့ကို မောင်းခတ်ကြေငြာလော့...."

ကောသလမင်းသည် ဗုဒ္ဓ၏ အမိန့်တော်အတိုင်း မောင်းခတ်ကြေငြာစေသော်လည်း သီရိမာကို ယူမည့်သူ တယောက်မျှ ထွက်မလာချေ။ ထို့ကြောင့် အသပြာငွေကို တထောင်မှ ငါးရာသို့ ငါးရာမှ နှစ်ရာသို့ နှစ်ရာမှ တရာသို့ ဤသို့ စသည်ဖြင့် အဆင့်ဆင့် လျှော့ချ၍ အယူခိုင်းသော်လည်း သီရိမာကို ယူချင်သူ တယောက်မျှ မထွက်လာ။ နောက်ဆုံးတွင် တပြားမှမပေးရပဲ "အလကားယူစေ"ဟု ပေးသော်ငြားလည်း အချည်းနှီးသာတည်း။ သီရိမာကို လိုချင်သူ တယောက်မျှမရှိ။

သီရိမာကို အသေအလဲ သဲသဲမဲမဲ အစွဲကြီးစွဲနေသော ရဟန်းသည်လည်း ကြာဆာလပ်ပေါ်မှ သီရိမာအကောင်ပုပ်ကို ငေးကြည့်ကာ တုတ်တုတ်မျှပင်မလှုပ်။ "ဩော်....အနတ္တ-အနတ္တ" မည်သူမှ ကိုယ့်ကိုယ်ကို အစိုးတရမရှိပါတကား။ သူ့ခမျာ သေချင်ရှာမည်မဟုတ်၊ လူ့ဘဝ၊ လူ့ချမ်းသာကို ခံစားနေချင် ရှာပေမည်။ သို့သော်....ငါမသေသေးဘူးဟူ၍ မငြင်းဆန်နိုင်၊ တင်းမခံနိုင်ပါတကား" ရှုပ္ပွား ဆင်ခြင်မိနေ၏။ ထိုအခါ သီရိမာ၏ ရုပ်အလောင်းကို လာရောက်ကြည့်ရှုကြသော ပရိသတ်ကိုလွှမ်း၍ ကရုဏာကြီးကြသံကဲ့သို့ နာခံသမျှ အားမရအောင် ဗုဒ္ဓ၏ နှုတ်ဖျားတော်မှ သာယာလှစွာသော အသံထွက်လာသည်ကား—

"အို....ရဟန်းတို့၊ မင်း မှူးမတ် စသော ပရိသတ်အပေါင်းတို့....လူအပေါင်းတို့၏ ချစ်ကြည်ခြင်း၊ မြတ်နိုးခြင်းကို ခံရသော (ပြည်သူ့အချစ်တော်) ဤ သီရိမာကို ပေါင်းဖော် လိုသူများ၊ ရှေးယခင်က တနေ့ကို အသပြာ ကျပ်တထောင် ပေးခဲ့ကြရ၏။ ယခုအခါ၌ကား "လိုချင်သူယူလော့"ဟူသော အလကား ပေးသည်ကို သီရိမာကို လိုချင်သူတယောက်မျှ မရှိ။ ရုပ်နာမ်ဟူသည် ဤသို့ပင် ဖြစ်ခြင်း၊ ပျက်စီးခြင်း သဘောရှိချေ၏။ ရဟန်းတို့....ပရိသတ် အပေါင်းတို့....ရောဂါနှိပ်စက်မှု၊ ဖိစီးလွှမ်းသဖြင့်

ကြောက်ခမန်းလိလိ ဤသိရိမာ၏ အတ္တဘောကို ရှုကြကုန်လော့''ဟု တရားအမြိုက်ဆေး တိုက်ကျွေးတော်မူလိုသည်ဖြစ်၍-

၁၄၇။ ပဿ စိတ္တီကတံ ဗိမ္ဗံ၊
အရုကာယံ သမုဿိတံ။
အာတုရံ ဗဟုသင်္ကပ္ပံ၊
ယဿ နတ္ထိ ဓုဝံ ဌိတိ ။

ဟု ဟောတော်မူ၏။

''ဘိက္ခဝေ၊ သိရိမာ၏ မသာ အလောင်း ပုပ်လှောင်းလှောင်းကို ပေါင်းရုံးများစွာ ရှုစားလာသည့် ဘာဝနာရှုသူများ အို....ချစ်သားတို့။ စိတ္တကတံ၊ လှချင်ပချင် တလှလှနှင့် ဆင်ယင်မှုန်းခြယ် ဆန်းတကြယ်လျှင် တင့်တယ်စွာ ပြုပြင်အပ်သော။ ဝါ၊ တင့်အောင်ပြုပြင် တန်ဆာ ဆင်အပ်သည်ဖြစ်၍။ ဗိမ္ဗံ၊ ရွှေကိုပုံထုတ် သွင်းထုလုပ်အပ်သည့် ရွှေစင်ရုပ်ကဲ့သို့ လုပသော။ ဝါ၊ ရွှေသားရုပ်တု ပုံသွင်းထုသကဲ့သို့ ရှုမငြီးအောင် လှပ ငြားစေကာမူလည်း။ သမုဿိတံ၊ အကြောပေါင်း သုံးရာ အမြှာမြှာတို့ဖြင့် လွှမ်းကာရစ်ဝိုင်း ထုံဖွဲ့သိုင်း၍ ဆိုင်းထားအပ်သော။ အာတုရံ၊ ရောဂါစုံ ပြွမ်း နိမ့်မြည့်မြည့်ကျွမ်းမျှ လွှမ်းမိုးသောလျှင် လွန်စွာ နာကျင်ထသော။ ဗဟုသင်္ကပ္ပံ၊ လူမျိုးပေါင်းစုံ အဖုံဖုံတို့ အာရုံစွဲကပ် ကြံစည်အပ်ထသော။ အရုကာယံ၊ ကိုးပေါက်ဒွါရ အမာဝရှိသောကိုယ်ကို။ ပဿ၊ သံဝေဂဟိတ် ယူနိမိတ်ဖြင့် စိတ်နှင့်ထင်မှု မြင်အောင် ရှုကြလော့။ ယဿ၊ အကြင် သူသူ ငါငါ သတ္တဝါ ကိုယ်ကောင်၏။ ဓုဝံဌိတိ၊ အရှည်စွဲ၍ အမြဲတည်ခြင်း မည်သည်။ နတ္ထိ၊ မရှိချေ။ ကေခန္တနု၊ စင်စစ်အားဖြင့်။ ဝိကိရဏ ဝိဒ္ဓံသနဓမ္မမေဝ၊ ဖရိုဖရဲ ပြန့်ကားကြဲလျက် ထူးကဲ လွန်မော ပျက်စီးခြင်း သဘော ရှိသည်သာလျှင်တည်း။ ဣဒံ၊ ဤအရှည်တည်စွဲ မမြဲတုံလျှင်း ပျက်စီးခြင်းသဘောကို။ ပဿ၊ သေချာစေ့ငု ဉာဏ်ကျွေဖြင့် မြင်အောင် ရှုကြလော့''

ဤ ဒေသနာ၏အဆုံးတွင် ရှစ်သောင်း လေးထောင်သော သတ္တဝါတို့သည် ကျွတ်တမ်းဝင်ကုန်လေ၏။ သေလုခမန်း သိရိမာကို အစွဲအလမ်း ဖြစ်နေသော ထိုရဟန်းသည်လည်း သောတာပန် ဖြစ်သွားလေ၏။

---

၁။ ဓမ္မပဒ အဋ္ဌကထာ၊ ၃၊ ဇရာဝဂ်။ သိရိမာဝတ္ထု—၂၀၅။

ဣြိဝတ္တကို ထောက်သော်....ရလိုသည့်ကား၊ ရယူချင်သည်ကား မိန်းမ။ ထို ရဟန်းမှာ အာရုံစူးစိုက် ဗုဒ္ဓဟောပြောတော်မူစဉ့်တရားထုံးကို နှလုံးပိုက်သွင်းခြင်း မှန်ကန်မှုအတွက် အကျိုးသက်ရောက် ရရှိလာသည်ကား သောတာပန် ဖြစ်သတည်း။ ယခင်အခါက ကာမရှုးနှမ်း အစွဲအလမ်း ပြင်းထန်ခဲ့ဖူးငြားသော်လည်း သတိတမန် ဉာဏ်မြေကတုတ် ပညာစွန်း ချွန်းကဲ့သို့ အချိန်မီအုပ်နိုင်သည့် ကျေးဇူးကြောင့် ထိုရဟန်းမှာ ဘဝကူးကောင်း သွားလေသတည်း။



# (၁၀) သောကကို ရင်ဝယ်ပိုက် မျက်ရည်ပြိုက်ပြိုက်နှင့် ဘိက္ခုနီ၏

## နိဗ္ဗာန်စခန်းလက်တကမ်း ဝတ္ထု

"ကိုယ့်အားကိုယ်ကိုး
ချစ်မြတ်နိုး"

သူ့ခမျာ ကိုယ့်အားကိုယ် ကိုယ်ကိုး နေရတော့သည်။ မြတ်နိုးရတော့သည်။ ဤသို့မှ ကိုယ့်အား ကိုယ်မကိုးလေပဲ မမြတ်နိုးလေပဲ နေ၍လည်း မဖြစ်တော့ချေ။ သူ့ခမျာ ဘယ်သူ့ကို အားကိုးတော့မည်နည်း။

သူ့မွေးတာအလျောက် ပေါက်ပေါက်စစ သားကလေးတယောက် ဖွားမြောက်ချရှိထားပါ ငြားသော်လည်း ထိုသားကား အမိဝမ်းတွင်းက မကျွတ်ခင်ကပင် မိခင်ကို ဗိုက်ပြဿနာဖြစ်စေသော သားဖြစ်၏။ အချိန်တန် အရွယ်ရောက် လူလားမြောက်သော အခါ၌လည်း မိခင်အနေဖြင့် သူ့ကို အားကိုးရမည် နေနေသာသာ ထိုသားကပင် သူ့ကိုပြန်ပြီး ကလန်ကဆန် ထန်လား မာန်လား ကြိမ်းမောင်းလား လုပ်လေတော့ရာ ထိုသားကို သူ အားကိုးနိုင်ပါတော့မည်လား။

သူ့ဘဝသည် အစပထမ၌ ကံသမ်းကြောင်းကောင်းခဲ့ပါ၏။ အလှန့်အလှန် တံခွန်နှင့်ဘုရား ဆိုသကဲ့သို့ သာယာသောဘဝ၊ ဖြောင့်ဖြူးသောဘဝ ဖြစ်ခဲ့ပါ၏။ လူဘာရာမှာ ကိုးဆယ့်ကိုးသည် သူ့ဘဝမျိုးကို ရခဲ့ဘိခြင်း။

နောက်ပိုင်းတွင်မူ ကံသည် တစစ ယိုင်မှန်းမသိ ယိုင်လာသည်။ အလွန်သာယာဖြောင့်ဖြူးသော သူ့ဘဝ ကံသမ်းကြောင်းဝယ် ခရောင်း

နှင့် ပြုတ်ပြုတ်၊ ခလုတ် ဆူးငြောင့်များ တင်းကြမ်း ပြွမ်းလာသည်။ သူ့မွေ့ရာသည် အလွန်နူးညံ့ ချောညက်သော ကတ္တီပါမွေ့ရာအစား ဆူးမွေ့ရာကြီးသဖွယ် ဖြစ်လာသည်။ ဟိုစူး၊ သည်စူး မွေ့ရာပေါ် တုံးလုံးလှဲ၍မျှ မရလောက်အောင်ပင် စူးလာသည်။

သူသည် အလွန်ကြမ်းတမ်းသော ခရောင်းတောလမ်းကြောင်းဝယ် ဖြတ်သန်းခြင်း မပြုလို၊ တမတ်စောက်မစောက် လျှောက်၍ မသွားချင်၊ သို့သော် သည်လမ်းကိုပဲသွားဟု သူ့ကံကြမ္မာက သူ့ကို စေစားလွှတ်လိုက်၏။ နွားကျောင်းလေသည့်နှယ် သူ့နောက်က တကောက်ကောက်လိုက်၍ သူ့ကံကြမ္မာက သူ့ကို အမြဲ ကျောင်းနေ၏။ သူသည် ပသို့တတ်နိုင်လေမည်နည်း။

[၁]သူကား အညတရ အတန်းစားထဲကမဟုတ်၊ သဌေးသမီးပါတည်း။ ရာဇဂြိုဟ်မြို့ကြီးသူ ဖြစ်ပါ၏။ ပစ္စည်းဂုဏ်၊ ဓနဂုဏ်၊ ဖြိုးကြွယ်၍ မညှိုးမငယ်၊ တင့်တောင့်တင့်တယ်စွာ နေရပါ၏။ သို့သော်.... သူ့အဖို့ ရုပ်ချမ်းသာသည်နှင့်အမျှ နာမ်ကား မချမ်းသာ။ သူ၏ အလိုဆန္ဒ ပြည့်ဝခြင်းမရှိခဲ့။

သူ့ဆန္ဒကား.... ပျော်ချင်ပါးချင်၊ သွားချင်လာချင်၊ လည်ပတ်ချင်၊ စားချင် သောက်ချင်သော ဆန္ဒမျိုး မဟုတ်။ သာသနာ့ဝင်၍ သာသနာ့ဝန်ကို ထမ်းရွက်ချင်သည်။ ဘိက္ခုနီလုပ်၍ တရားကို အားထုတ်ကာ နေလိုသည်။ တရားဓလေ့ဖြင့် မွေ့လျော်ကာသာ နေချင်သည်။ သူထင်၏။ "ငါ့မိဘများက ငါ့ကိုချစ်သည်၊ ငါ့အလိုဆန္ဒကို လိုက်လျောကြလိမ့်မည်"

ဤထင်မြင်ချက်ဖြင့် သူသည် မိဘများထံ ရဟန်းပြုခွင့်ရဖို့ ပန်ကြား အသနားခံကြည့်လေသော အခါ၌ကား အထင်နှင့် အမြင် ကွာသည်ကို တွေ့ရလေ၏။ "နောက်ထပ် သည်စကားမျိုးကို အမေတို့ မကြားပါရစေနဲ့ သမီးရယ်....'' တဲ့။ သည်တော့လည်း သူ့အနေဖြင့် မိဘကို ကလန်ကဆန်၊ တော်လှန်ဖို့ကလည်း မဖြစ်။

ထိုအခါ သူသည် ကြံမိကြံရာ ကြံ၏။ "လင်ယင် မြန်မြန်ရပါစေတော့'' လင်လိုချင်လှ၍ ဤဆုကို သူပန်သည် မဟုတ်။ လင်ကို မီတွယ်၍ ခုတုံးလုပ်၍ တွယ်တက်ရန် ကြံမိခြင်းသာ ဖြစ်၏။ ကံအားလျော်စွာပင် သူ့အကြံ အောင်မြင်သွား၏။ ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက်၊ ဆိုသကဲ့သို့ လင်ယူရေးကို ဓာတ်စာသဖွယ် တောင့်တနေစဉ်အတွင်း မိဘများက သူ့ကို

---

၁ ဓမ္မပဒ အဋ္ဌကထာ၊ ဒု၊ အတ္တဝဂ်။ ကုမာရကဿပမာတာဝတ္ထု။ ၂၂၇။

သဌေးသားတဦးနှင့် အိမ်ထောင်ချပေးလိုက်လေရာ သူ့အကြိုက် အံကိုက် ဖြစ်သွားလေ၏။

သူသည် ပျိုရာမှ အို၊ အိမ်ထောင်ရက်သား ကျသွားသောအခါ၊ လင့်အပေါ်တွင် မယားကောင်းကျင့်ဝတ်၊ မချွတ်စေရအောင် ပြုစုရှာ၏။ ထိုအချိန်တွင် ဗုဒ္ဓ၏သာသနာရောင်ရှိန်သည် ထိန်ထိန်သာလျက်၊ အထူးသဖြင့် စည်ပင်လျက်ရှိနေ၏။ သာသနာ့ဝန်ထမ်း ရဟန်းပြုလိုသူ ကျား မ များစွာ ပေါ်ထွန်းသော်လည်း မိဘ၊ သို့မဟုတ် အုပ်ထိန်းသူများက ခွင့်ပြုသူများသာ ရဟန်းပြုခွင့် ရကြကုန်သည်။ ခွင့်မပြုသူတို့အား ရဟန်းပြုခွင့် မပေးချေ။

သူသည် ဤအချက်ကို အလေးအနက်ထား၍ အခွင့်ကို ချောင်းလာခဲ့ရာက တနေ့သောအခါတွင် သူ့ခင်ပွန်းထံ ရဟန်းပြုလိုကြောင်း ပန်ကြားလေ၏။ သူ့ခင်ပွန်းသည် သဘောထားကြီးသူ ဖြစ်၏။ သူကိုယ်တိုင် ရဟန်းမပြုနိုင်စေကာမူ ဇနီး၏ခွင့်ပန်ခြင်းကိုကား ငြင်းဆန်ခြင်းမပြုချေ။ "ရှင်မ၏ဆန္ဒအတိုင်းသာဖြစ်ပါစေ"ဟု အနူးအညွတ် ခွင့်ပြုလိုက်၏။ သူကိုယ်တိုင်ပင် လှူဖွယ်များယူဆောင်လျက် မယားကို ဘိက္ခုနီများ နေထိုင်ရာ ကျောင်းသို့ လိုက်ပို့၏။

သူတို့ဇနီးမောင်နှံ ရောက်သွားသောကျောင်းမှာ ဒေဝဒတ်ဂိုဏ်းဝင် ဘိက္ခုနီများ၏ ကျောင်းဖြစ်၏။ ဤသည်ကို သူတို့ မသိလေပဲ၊ ဘိက္ခုနီဖြစ်ရလျှင် ပြီးရောဟု သဘောထား၏။ သူသည် ဘိက္ခုနီဂိုဏ်းဝင် ဘိက္ခုနီတဦး ဖြစ်ရလေသောအခါ သူ့လောက် ဝမ်းမြောက်မည့်သူ ရှိအံ့မထင်။ သူဝတ်ချင်နေသော သင်္ကန်း၊ သူနေချင်နေသောကျောင်း၊ သူမွေ့လျော်ချင်သော တရားနှင့် ယှဉ်ပါးစွာ ထိတွေ့ရပါပြီတည်း၊ သူ၏ အိမ်ထောင်ရေးဘဝ အတိတ်သည် အတိတ်မှာပင် ကျန်ခဲ့လေပြီ။ သူ့မှာ မဆုံးပီတိဖြင့် နေ့ရှိသမျှ ပျော်မဆုံးဖြစ်နေ၏။

သို့သော် သူ့အတိတ်က အိမ်ထောင်ရေးသည် အတိတ်မှာ မနေခဲ့ပဲ ကျောင်းအထိ လိုက်လာသည်။ တနေ့တခြား လင်ရှိမယား ဇာတိ ပြပြလာသည်။ သူ့မှာ ဗိုက်က တဖြည်းဖြည်း စူစူလာလတ်သော်....အတူနေ ဘိက္ခုနီများက ထင်ယောင်ထင်မှားဖြစ်ကုန်လေ၏။ "သည်ဟာ ဘာတုန်း" ဟု မေးလျှင် "မသိ"ဟု သူက ရိုးသားစွာဖြေ၏။ ဤအဖြေကို ဘိက္ခုနီများက မကျေနပ်ကြ။ "ဘိက္ခုနီတန်မဲ့ အကျင့်ဖောက်ပြားသူ"ဟု သမုတ်ကုန်လေ၏။ ကဲ့ရဲ့ စုပ်စွဲကြကုန်လေ၏။

နောက်ဆုံး၌ သူ့ကို ဒေဝဒတ်ထံ ဆွဲခေါ်သွားကုန်ကြပြီး "ဤဘိက္ခုနီကား သဒ္ဓာပဗ္ဗဇ္ဇိတဖြင့် ရဟန်းပြုလာသည်ကား မှန်၏၊ ယခုသူ့

မှာ ကိုယ်ဝန်ရှိနေပြီ၊ သူ့ကို မည်သို့ လုပ်ကြရကုန်မည်နည်း''ဟု ဒေဝဒတ်ထံ အမိန့် တောင်းခံကြလေသောအခါ ''သူ့ကို လက်ခံထားတိသော်.... ငါ့သြဝါဒခံ ဘိက္ခုနီများ၏ဂုဏ်သိက္ခာ ထိခိုက်လတ္တံ့''ဟု ဤသို့အတွေးရောက်ပြီး ဒေဝဒတ်သည် ''သူ့ကို ကျောင်းက နှင်စေ''ဟု အမိန့်ချလေသတည်း။

သူ့ခမျာ မချော်လင့်သော ပြဿနာနှင့် ရင်ဆိုင်ရပါလေပြီ။ ဗိုက်ရှိလာသည်လည်း အမှန်။ အကျင့်မဖောက်သည်လည်း အမှန်။ သို့သော် သူ့ဘက်က မည်သူ သက်သေခံမည်နည်း။ ဒေဝဒတ်သည် စူးစမ်းစစ်ဆေးခြင်း မပြုလေပဲ ကျောင်းက နှင်ထုတ်လိုက်ပြီဖြစ်၍ သူ ဘယ်ကို သွားမည်နည်း။

ဒေဝဒတ်၏ အမိန့်အတိုင်း ဘိက္ခုနီများက သူ့ကို နှင်ထုတ်ရန် ဆွဲလား ရုန်းလား လုပ်ကြသောအခါ စိတ်ကျမျက်ရည် တတွေတွေနှင့် သူဆိုပေသည်ကား ''ရှင်မတို့၊ ကျွန်ုပ်ကို မဖျက်ဆီးကုန်လင့်၊ ဒေဝဒတ်ကို ရည်စူး၍ ကျွန်ုပ် ရဟန်းပြုသည်မဟုတ်၊ ကျွန်ုပ်ကို ဘုရားသခင်ထံ ပို့ကုန်လော့''ဟု ဆို၏။ ဘိက္ခုနီတို့သည် သူ၏ ဆန္ဒအတိုင်း ဘုရားသခင်ရှိရာ ဇေတဝန်ကျောင်းသို့ ခေါ်သွားကြကုန်လေ၏။

သူ့ပြဿနာကား ဘုရားသည်ပင် အေးအေး နေတော်မမူရ။ ဗိုက်တလုံးနှင့် ဗုဒ္ဓ၏ ရှေ့တော်မှောက် ရောက်သွားလေ၏။ ဗုဒ္ဓအနေအားဖြင့် ထိုဗိုက်ပြဿနာ၏ ရင်းမြစ်ကို သိတော်မူပြီး ဖြစ်သော်လည်း အခြားသူတို့ ကဲ့ရဲ့ခြင်းမှ လွတ်မြောက်စေရန် အလို့ငှာ ဤအမှုကို ''ခုံဖွဲ့၍''ပရိသတ်အလယ်၌ စစ်ဆေးရန် ဝိနည်းဓိုရ်ပုဂ္ဂိုလ်အား ညွှန်ကြားတော်မူ၏။ ဝိနည်းဓိုရ်ပုဂ္ဂိုလ်ကား အရှင်ဥပါလိ ဖြစ်လေလည်း။ အရှင်ဥပါလိသည် ဗုဒ္ဓ စေခိုင်းညွှန်ကြားတော် မူလိုက်သည့်အတိုင်း အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်သော ''ခုံအဖွဲ့''ကို ဖွဲ့စည်းတော်မူ၏။

ယင်းခုံအဖွဲ့တွင် ပါဝင်သူတို့ကား—

(၁) ပသေနဒီ ကောသလမင်းကြီး၊

(၂) မဟာအနာထပိဏ် သဌေး၊

(၃) စူဠအနာထပိဏ်သဌေး၊

(၄) ဝိသာခါ၊

ဤပုဂ္ဂိုလ်ကြီးများမှတပါး အခြားထင်ရှားသော ပုဂ္ဂိုလ် အများအပြားလည်း ပါဝင်လေသည်။ အမှုသည်မှာ အမျိုးသမီးဖြစ်သောကြောင့် ယင်းအမှုကို စစ်ဆေးရာ၌ စီရင်သင့်သည်တို့ကို ဝိသာခါက ဦးဆောင်၍ စီရင်၏။

ခုံရုံး၏ ရှေ့မျက်နှာစာ၌ လေးဘက်လေးတန်မှ တင်းတိမ် ကန့်လန့်ကာများ လုံအောင် ကာရံထား၏။ ယင်း၏ အတွင်း၌ အမှုသည်ကိုခေါ်၍ စစ်ဆေးရန်ဖြစ်၏။ စစ်ဆေးသောနေ့တွင် ပရိသတ်တို့၏ မျက်လုံးများသည် ထိုကာရံထားသော နေရာသို့သာ စိုက်၍ ကြည့်နေကြ၏။ ကောသလမင်း အနားထပိဏ်စသော ခုံအဖွဲ့ဝင်များလည်း တရားရုံးသို့ အသီးသီး ရောက်လျက် ရှိနေကြပြီ ဖြစ်၏။

ထိုအချိန်တွင် အဖော်အမျိုးသမီး တချို့နှင့်အတူ ဝိသာခါသည် အမှုသည် ဘိက္ခုနီကိုခေါ်၍ ကန့်လန့်ကာတွင်းသို့ ဝင်သွားပြီးလျှင် ထိုဘိက္ခုနီမ၏ ခြေလက်တို့ကိုလည်းကောင်း၊ မျက်လုံးများကိုလည်းကောင်း၊ ချက်နှင့်ရင်သားများကိုလည်းကောင်း သေချာစွာ ကြည့်ရှုသုံးသပ်လေ၏။ သန္ဓေကိုယ်ဝန်၏ ရက်လပမာဏနှင့် ဘိက္ခုနီ ပြုခဲ့သော ရက်များကို နှိုင်းယှဉ်ကြည့်သော် လူ့အဖြစ်မှ ရရှိခဲ့သော ကိုယ်ဝန်ဖြစ်ကြောင်းကို သိရှိရလေ၏။ မိမိ စူးစမ်းစစ်ဆေး၍ တွေ့ရှိသမျှကိုထောက်လျှင် ဤကိုယ်ဝန်မှာ ဘိက္ခုနီဘဝရောက်မှ ရရှိသော ကိုယ်ဝန်မဟုတ်၊ လူ့အဖြစ်မှ ရရှိခဲ့သော ကိုယ်ဝန်ဖြစ်ကြောင်း ဝိနည်းဓိုရ် အရှင်ဥပါလိထံ အစီရင်ခံလေ၏။

ထိုအခါ အရှင်ဥပါလိသည် နေရာမှထ၍ ရပ်တော်မူပြီး "ဤဘိက္ခုနီ၌ အပြစ်မရှိ၊ စင်ကြယ်ကြောင်း၊ သူ၏ ကိုယ်ဝန်မှာ လူ့အဖြစ်က သူ၏ ခင်ပွန်းလင်နှင့် ရရှိခဲ့သော ကိုယ်ဝန်သာ ဖြစ်ကြောင်း၊ ပရိသတ် လေးပါးအား အသိပေး ကြေငြာတော် မူ၏။ ထိုအမှုကို ဆုံဖြတ်ပြီးနောက် နေ့ရက်စေ့လေသောအခါ ထိုဘိက္ခုနီမှ သားယောကျာ်း ဖွားလေ၏။ ဘိက္ခုနီတို့၏ကျောင်း၌ ထိုအခါမှစ၍ တရားသံကို ကလေးငိုသံက လွှမ်းလေသတည်း။

တခါသ၌ ကောသလမင်းကြီးသည် ဘိက္ခုနီတို့ နေထိုင်ရာ ကျောင်းဘေးမှ ဖြတ်လျှောက်သွားစဉ် ကျောင်းတွင်းမှ အူဝဲသံ ညံမစဲထွက်လာသံကို ကြား၍ အံ့အားသင့်စွာဖြင့် "သည်အသံ ဘာသံလဲ" ဟု မေးမိလေ၏။ "အမှုသည်ဘိက္ခုနီမှ သားယောကျာ်း ဖွားမြင်၍ ယခုအသံသည် ထိုကလေး၏ ငိုသံ ဖြစ်ကြောင်း" လျှောက်သော်ကောသလမင်းသည်ကျောင်းနှင့် ကလေး မအပ်စပ် ဟူ၍ ထိုကလေးကို နန်းတော်သို့ ခေါ်ဆောင်ခဲ့ပြီး နို့ထိန်းများထံအပ်၍ သားအဖြစ် မွေးစားတော်မူ၏။ အမည်ကို ကဿပ ဟု တွင်စေသော်သည်း နောက်တွင်မူ ကလေးသူငယ်များ ခြံရံလျက် ကြီးပွားသည်ကို စွဲ၍ "ကုမာရကဿပ" ဟု တွင်သတည်း။

ကုမာရကဿပသည် ကလေးများနှင့် ကစားသောအခါ သူ့ကို မိဘမဲ့သားဟု စိုင်း၍ ဆိုကြ ပြောကြသည်ကို ခံရလေသောအခါ ဤသည်ကို

မခံချင်၍ "ကျွန်မတော့ မိဘ ဘယ်သူလဲ" ဟု ကောသလ မင်းကြီးအားမေး၏။ ကောသလ မင်းကြီးလည်း နှုတ်ထိန်း၊ အထိန်းတော်များကို ပြလျက် "သည်ဟာ သားတော်ရဲ့ မိခင်" ဟု ပြီးစလွယ် ဖြေလိုက်လေ၏။ သို့သော် ကျေနပ်ခြင်းမရှိ ကလေးဖြစ်လင့်ကစား စဉ်းစားဉာဏ် ရှိ၏။ "သည်ဟာတွေ အကုန်လုံး မိခင် မဟုတ်နိုင်။ မိခင်မှာ တဦးတည်းသာ ဖြစ်ရပါမည်။ ကျွန်တော့် မိခင် ဘယ်သူပါနည်း" ဟု ထပ်ကာလဲလဲ မေးလေသောအခါ ကောသလမင်းကြီးသည် သူ့ဘဝ ဖြစ်စဉ်ကို ဇာတ်ကြောင်း လှန်ကာ မှန်သော အတိုင်း ပြောပြရလေတော့၏။

အခက်အခဲများကြားမှ ဖွားလာခဲ့ရသည့် သူ့ဘဝကို သိလျှင် ကုမာရကဿပ သတို့သားမှာ များစွာ ထိတ်လန့် တုန်လှုပ်သွား၏။ ချက်ချင်းပင် ရဟန်း ပြုပါရစေဟု ကောသလမင်းထံ ပန်ကြားလေ၏။ ကောသလမင်းကြီးလည်း 'သာဓု' ခေါ်၍ အနုမောဒနာ ခွင့်ပြုပေ၏။ သို့နှင့်ပင် ကုမာရကဿပသည် ရဟန်း အဖြစ်သို့ ရောက်ရှိသွားသေပြီ။ "ကုမာရကဿပ" ဟူ၍ သာလျှင် လူအဖြစ်က အမည်ဖြင့် ထင်ရှား၏။

သား ရဟန်းပြုသောအခါ မိခင်ဘိက္ခုနီသည် သားရဟန်းကို ကြည့်ကာ ဝမ်းသာခြင်းပြင်းစွာဖြစ်၍ မျက်ရည်များပင် တစိုစို ယိုထွက်လာကုန်၏။ ဤသို့သော သားကို ငါမိုမွေးနိုင်သည်ဟူ၍လည်း သူ့ကိုယ်သူ ဂုဏ်ယူမိ၏။ သူ့သားသည် ဗုဒ္ဓထံတော်မှ ကမ္မဋ္ဌာန်းကိုခံယူ၍ တောထွက်သွားလေသော အခါ၌ကား မိခင်ဘိက္ခုနီမှာ ဝမ်းသာ ဝမ်းနည်း မခွဲခြားနိုင်တော့ပဲ မျက်ရည်သာ ရွှဲနေတော့၏။ "တရားထူးကို ငါ့သား မြန်မြန်ရပါစေသား" ဟူ၍ ဆုတောင်းယင်း သားသွားရာကို မျက်စိတဆုံးကြည့်ကာ မျက်ရည်အရွှဲသားနှင့် ကျန်ရစ်ခဲ့ရှ၏။

နေ့ရက်တို့သည် ရှက်ဟောင်းကြွေသည့်နှယ် ကြွေကုန်လေပြီ။

အရှင် ကုမာရကဿပသည် မင်္ဂုမြိုင်နန်း၊ ကျောင်းသိမ်းတွင် ကမ္မဋ္ဌာန်းတရား ကို မဆုတ်မနစ်၊ ကြိုးစားအားထုတ်ငြားသော်လည်း နိဗ္ဗာန်ဟူသော တရား ထူးကိုရရှိအောင် မတတ်နိုင်ပဲဖြစ်နေ၏။ ထို့ကြောင့် သူသည် သင့်လျော်သော ကမ္မဋ္ဌာန်းတရား ပြောင်းလဲချီးမြှင့်ပေးပါရန် တောင်းခံလိုသဖြင့် ဗုဒ္ဓထံတော်သို့ တခေါက်ပြန်လာသည်။ ဗုဒ္ဓထံမှ ကမ္မဋ္ဌာန်းသစ်ကို ခံယူခဲ့ပြီးနောက်'အန္ဓဝန်တော'သို့ ဝင်၍ တရားအားထုတ်နေ၏။

ထိုအခါ တနေ့သောညဝယ် ဗြဟ္မာတပါး သူ့ထံရောက်လာလေသည် ထိုဗြဟ္မာကား ကဿပဘုရားလက်ထက်က ရဟန်းပြု၍ တရားအားထုတ်ရာမှ အနာဂါမ်ဖြစ်ပြီး ဗြဟ္မာဘုံသို့လားကာ ဗြဟ္မာကြီးဖြစ်နေ၏။ ထိုဗြဟ္မာက အရှင်ကုမာရကဿပအား ပြဿနာ ၁၅ ချက်ကို တင်ပြပြီး

ထိုပြဿနာများ၏အဖြေကို''သိလိုသော် ဘုရားသခင်ထံတော်သို့သွားရောက်လျှောက်ထားတော်မူပါ''ဟု လျှောက်ထားခဲ့ပြီး ပြန်သွား၏။

အရှင်ကုမာရကဿပသည် ပြဿနာမင်းမှာထားခဲ့သည့်အတိုင်း ဘုရားသခင်ထံသွားရောက်လျှောက်ထား၍ ပြဿနာ၁၅ချက်၏အဖြေကို သိလျှင်သိချင်း အာသဝေါကုန်ခန်း ရဟန္တာဖြစ်သွားလေ၏။

တောရဆောက်တည်ကာ ၁၂နှစ်တိုင်တိုင် တရားအားထုတ်မှ အရှင်ကုမာရကဿပ ရဟန္တာဖြစ်လေသည်။သားတော် ထွက်သွားသည့် အချိန်မှစ၍ ၁၂နှစ်သာတိုခဲ့သည်။ မိခင်မှာ သူ့သားကို တခါမျှမမြင်ရသဖြင့် မျက်ရည်နှင့်မျက်ခွက် ပြတ်သည်ဟူ၍မရှိ။ ဆွေးတသိမ့်သိမ့်နှင့်သာ နေ့ရည်လများ ကြာမြင့်စွာ နေလာခဲ့ရရှာ၏။ ဆွမ်းခံယင်း အခြားရဟန်းတော်များကို ဖူးမြင်ရလေလေ၊ သူ့ခမျာ ဆွေးလေလေ၊ ဤသို့နှင့်သာ အချိန်ကုန်လွန်ခဲ့၏။

အချိန်မှာ နံနက်အချိန်ဖြစ်သောကြောင့် ဆွမ်းခံကိုယ်တော်များ၏သက်န်းရောင်ရှိန်ဖြင့် သာဝတ္ထိတမြို့လုံး ထိန်နေ၏။ အရှင်ကုမာရကဿပ၏မိခင်ဘိက္ခုနီသည် မျက်ရည်စက်လက်နှင့် လက်ထဲကသပိတ်ကို လွတ်ကျမသွားအောင် မနည်းထိန်းထားရ၏။ ဆွမ်းခံယင်းလည်း သူ့သားအတွက်မျက်ရည်တစိုစိုနှင့် သူငိုနေ၏။

မြို့လယ်ကောင်တွင် လမ်းကြားတခုထဲ သူရောက်သွားသောအခါ သူ့သားကို ရိပ်ကနဲ မြင်လိုက်သဖြင့် သား....သား, ဟု ခေါ်ဝေါ်မြည်တမ်း၍ လိုက်၏။ ပြေးယင်း လွှာယင်းလဲ၏။ သပိတ်လည်း ကွဲလေ၏။ လဲရာမှ ပျာကယာထ၍ သားရဟန်းကို မျက်ခြည်ပြတ်မသွားအောင် အပြေးလိုက်ပြန်၏။

အရှင်ကုမာရကဿပသည် သူ့နောက်သို့ မိခင် တကောက်ကောက်လိုက်လာမှန်းသိ၍ စဉ်းစားသည်၊ "ငါ့ထံမှ ချိုသာသော စကားကို ကြားရချေသော်.... ငါ့မိခင် ပျက်စီးလတ္တံ့၊ ကြမ်းသော စကားကိုသာ ဆို၍ငါ့မိခင်နှင့် ပြောမှသင့်လေအံ့" ဤသို့ ကြံပြီးလျှင် မျက်ရည်အရွှဲသားနှင့်မျက်ကလဲဆန်ပြာ ပြေးလိုက်လာသော မိခင်ကို ခက်ထန်မာကျောသောအသံဖြင့် ''ဘာဇာမူ၍ ပြေးလိုက်လာသနည်း။ ချစ်ခြင်းသံယောဇဉ်မျှကိုပင်သင်ဖြတ်နိုင်စွမ်း မရှိတကား''

သူ့သားသည် သူ့အပေါ်၌ ဤမျှ ကြမ်းတမ်းရက်စက်စွာ ဆိုအံ့မထင်။ ဤစကားမျိုးကို ဆိုလိမ့်အံ့ဟု မည်သည့်အခါမျှ သူမမျှော်လင့်။ ယခုသော်.... မမျှော်လင့်သော စကားကို သူ့သား၏နှုတ်မှ ပြတ်သားစွာ သူကြားရလေပြီကော၊ သူ့နားကိုပင် သူမယုံ၊ သို့ကြောင့်သာပင်—

မခံချင်၍ "ကျွန်မတော့ မိဘ ဘယ်သူလဲ"ဟု ကောသလ မင်းကြီးအားမေး၏။ ကောသလ မင်းကြီးလည်း နှိုထိန်း၊ အထိန်းတော်များကို ပြလျက် "သည်ဟာ သားတော်ရဲ့ မိခင်"ဟု ပြီးစလွယ် ဖြေသိမ့်စေ၏။ သို့သော် ကျေနပ်ခြင်းမရှိ ကလေးဖြစ်လင့်ကစား စဉ်းစားဉာဏ် ရှိ၏။ "သည်ဟာတွေ အကုန်လုံး မိခင် မဟုတ်နိုင်။ မိခင်မှာ တဦးတည်းသာ ဖြစ်ရပါမည်။ ကျွန်တော့် မိခင် ဘယ်သူပါနည်း" ဟု ထပ်ကာလဲလဲ မေးလေသောအခါ ကောသလမင်းကြီးသည် သူ့ဘဝ ဖြစ်စဉ်ကို ဇာတ်ကြောင်း လှန်ကာ မှန်သော အတိုင်း ပြောပြရလေတော့၏။

အခက်အခဲများကြားမှ ဖွားလာခဲ့ရသည့် သူ့ဘဝကို သိလျှင် ကုမာရကဿပ သတို့သားမှာ များစွာ ထိတ်လန့် တုန်လှုပ်သွား၏။ ချက်ချင်းပင် ရဟန်း ပြုပါရစေဟု ကောသလမင်းထံ ပန်ကြားလေ၏။ ကောသလမင်းကြီးလည်း 'သာဓု' ခေါ်၍ အနူးအညွတ် ခွင့်ပြုပေ၏။ သို့နှင့်ပင် ကုမာရကဿပသည် ရဟန်း အဖြစ်သို့ ရောက်ရှိသွားသေပြီ။ "ကုမာရကဿပ" ဟူ၍ သာလျှင် လူအဖြစ်က အမည်ဖြင့် ထင်ရှား၏။

သား ရဟန်းပြုသောအခါ မိခင်ဘိက္ခုနီသည် သားရဟန်းကိုကြည့်ကာ ဝမ်းသာခြင်းပြင်းစွာဖြစ်၍ မျက်ရည်များပင် တစိုစို ယိုထွက်လာကုန်၏။ ဤသို့သော သားကို ငါမို့ မွေးနိုင်သည်ဟူ၍လည်း သူ့ကိုယ်သူ ဂုဏ်ယူမိ၏။ သူ့သားသည် ဗုဒ္ဓထံတော်မှ ကမ္မဋ္ဌာန်းကိုခံယူ၍ တောထွက်သွားလေသော အခါ၌ကား မိခင်ဘိက္ခုနီမှာ ဝမ်းသာ ဝမ်းနည်း မခွဲခြားနိုင်တော့ပဲ မျက်ရည်သာ ရွှဲနေတော့၏။ "တရားထူးကို ငါ့သား မြန်မြန်ရပါစေသား" ဟူ၍ ဆုတောင်းယင်း သားသွားရာကို မျက်စိတဆုံး ကြည့်ကာ မျက်ရည် အရွှဲသားနှင့် ကျန်ရစ်ခဲ့ရ၏။

နေ့ရက်တို့သည် ရှက်ဟောင်းကြွေသည့်နှယ် ကြွေကုန်လေပြီ။

အရှင် ကုမာရကဿပသည် ဂုံမြိုင်နန်း၊ ကျောင်းသိမ်းတွင် ကမ္မဋ္ဌာန်းတရားကို မဆုတ်မနစ်၊ ကြိုးစားအားထုတ်ငြားသော်လည်း နိဗ္ဗာန်ဟူသော တရား ထူးကိုရရှိအောင် မတတ်နိုင်ပဲဖြစ်နေ၏။ ထို့ကြောင့် သူသည် သင့်လျော်သော ကမ္မဋ္ဌာန်းတရား ပြောင်းလဲချီးမြှင့်ပေးပါရန် တောင်းခံလိုသဖြင့် ဗုဒ္ဓထံတော်သို့ တခေါက်ပြန်လာသည်။ ဗုဒ္ဓထံမှ ကမ္မဋ္ဌာန်းသစ်ကို ခံယူခဲ့ပြီးနောက်'အန္ဓဝန်တော'သို့ ဝင်၍ တရားအားထုတ်နေ၏။

ထိုအခါ တနေ့သော ညဝယ် ဗြဟ္မာတပါး သူ့ထံရောက်လာလေသည်။ ထိုဗြဟ္မာကား ကဿပဘုရားလက်ထက်က ရဟန်းပြု၍ တရားအားထုတ်ရာမှ အနာဂါမ်ဖြစ်ပြီး ဗြဟ္မာ့ဘုံသို့လားကာ ဗြဟ္မာကြီးဖြစ်နေ၏။ ထိုဗြဟ္မာက အရှင်ကုမာရကဿပအား ပြဿနာ ၁၅ ချက်ကို တင်ပြပြီး

ထိုပြဿနာများ၏အဖြေကို''သိလိုသော် ဘုရားသခင်ထံတော်သို့သွားရောက် လျှောက်ထားတော်မူပါ''ဟု လျှောက်ထားခဲ့ပြီး ပြန်သွား၏။

အရှင်ကုမာရကဿပသည် ပြဟ္မာမင်းမှာထားခဲ့သည့်အတိုင်း ဘုရားသခင်ထံသွားရောက်လျှောက်ထား၍ ပြဿနာ၁၅ချက်၏အဖြေကို သိလျှင်သိချင်း အာသဝေါကုန်ခန်း ရဟန္တာဖြစ်သွားလေ၏။

တောရဆောက်တည်ကာ ၁၂နှစ်တိုင်တိုင် တရားအားထုတ်မှ အရှင်ကုမာရကဿပ ရဟန္တာဖြစ်လေသည်။သားတော် ထွက်သွားသည့် အချိန်မှစ၍ ၁၂နှစ်သာတိုခဲ့သည်။ မိခင်မှာ သူ့သားကို တခါမျှမမြင်ရသဖြင့် မျက်ရည်နှင့်မျက်ခွက် ပြတ်သည်ဟူ၍မရှိ။ ဆွေးတသိမ့်သိမ့်နှင့်သာ နေ့ရှည်လများ ကြာမြင့်စွာ နေလာခဲ့ရရှာ၏။ ဆွမ်းခံဃင်း အခြားရဟန်းတော်များကို ဖူးမြင်ရလေလေ၊ သူ့ခမျာ ဆွေးလေလေ၊ ဤသို့နှင့်သာ အချိန်ကုန်လွန်ခဲ့၏။

အချိန်မှာ နံနက်အချိန်ဖြစ်သောကြောင့် ဆွမ်းခံကိုယ်တော်များ၏ သက်န်းရောင်ရှိန်ဖြင့် သာဝတ္ထိတမြို့လုံး ထိန်နေ၏။ အရှင်ကုမာရကဿပ၏ မိခင်ဘိက္ခုနီသည် မျက်ရည်စက်လက်နှင့် လက်ထဲကသပိတ်ကို လွတ်ကျမသွားအောင် မနည်းထိန်းထားရ၏။ ဆွမ်းခံဃင်းလည်း သူ့သားအတွက် မျက်ရည်တစိုစိုနှင့် သူငိုနေ၏။

မြို့လယ်ကောင်တွင် လမ်းကြားတခုထဲ သူရောက်သွားသောအခါ သူ့သားကို ရိပ်ကနဲ မြင်လိုက်သဖြင့် သား....သား, ဟု ခေါ်ဝေါ်မြည်တမ်း၍ လိုက်၏။ ပြေးဃင်း လွှာဃင်းလဲ၏။ သပိတ်လည်း ကွဲလေ၏။ လဲရာမှ ပျာကယာထ၍ သားရဟန်းကို မျက်ခြည်ပြတ်မသွားအောင် အပြေးလိုက်ပြန်၏။

အရှင်ကုမာရကဿပသည် သူ့နောက်သို့ မိခင်တကောက်ကောက် လိုက်လာမှန်းသိ၍ စဉ်းစားသည်၊ ''ငါ့ထံမှ ချိုသာသော စကားကို ကြားရချေသော်.... ငါ့မိခင် ပျက်စီးလတ္တံ့၊ ကြမ်းသော စကားကိုသာ ဆို၍ ငါ့မိခင်နှင့် ပြောမှသင့်လေအံ့'' ဤသို့ ကြံပြီးလျှင် မျက်ရည်အရွှဲသားနှင့် မျက်ကလဲဆန်ပြာ ပြေးလိုက်လာသော မိခင်ကို ခက်ထန်မာကျောသော အသံဖြင့် ''ဘဇာမူ၍ ပြေးလိုက်လာသနည်း။ ချစ်ခြင်းသံယောဇဉ်မျှကိုပင် သင်ဖြတ်နိုင်စွမ်း မရှိတကား''

သူ့သားသည် သူ့အပေါ်၌ ဤမျှ ကြမ်းတမ်းရက်စက်စွာ ဆိုအံ့မထင်။ ဤစကားမျိုးကို ဆိုလိမ့်အံ့ဟု မည်သည့်အခါမျှ သူမမျှော်လင့်။ ယခုသော်.... မမျှော်လင့်သော စကားကို သူ့သား၏နှုတ်မှ ပြတ်သားစွာ သူကြားရလေပြီကော၊ သူ့နားကိုပင် သူမယုံ၊ သို့ကြောင့်သာပင်—

အမိ　“သား....မိခင်ပါကို အသို့ဆိုဘိသနည်း.... ချစ်သား”

သား　“မိခင်.... ချစ်ခြင်းမျှကိုပင် သင် ဖြတ်နိုင်စွမ်း မရှိတကား”

ဤသို့ ခက်ထန်မာကျောလှသည့် စကားကိုသာ ထပ်မံ၍ ကြားရပြန်သောအခါ သူစဉ်းစားစ ပြုလာ၏။ “ကြည့်စမ်း ရက်စက်လိုက်ပါဘိ၊ ငါ့မှာတော့ သူ့အတွက်ကြောင့် ၁၂နှစ်တိုင်တိုင်၊ မျက်ရည်အိုင်ထဲမှာ ကျွဲလူးသည့်နှယ် လူး၍နေခဲ့ရ၏၊ ဤသားကား သို့စင်မျှ ကြမ်းခက်ထရော်သော နှလုံးရှိစွ။ ဤသို့သာဖြင့် ငါ့အား အဘယ်အကျိုး ရှိပချိမ့်နည်း၊ ဘာဇာကြောင့် ငါ သူ့ကို အားကိုးတော့မည်နည်း”ဟု သူသည် သား၌ဖြစ်သော ချစ်ခြင်းကို တခါတည်း ယတိပြတ် ဖြတ်တောက်ပစ်လိုက်သည်ရှိသော်....မိခင်သည် အချစ်သံယောဇဉ် ထောင်းကနဲ ပြတ်သွားသည်နှင့် တပြိုင်နက် အရဟတ္တဖိုလ်သို့ ဆိုက်သွားလေသတည်း။

စိတ်၏တန်ခိုးကား ပြော၍ မယုံနိုင်လောက်အောင်ပင် ဆန်းကြယ်လှဘိ၏။ ဘိက္ခုနီသည် ၁၂-နှစ်တိုင်တိုင် သူတွေ့လို မြင်လိုနေသည်ကား သူ့သားဖြစ်၏။ သူ့သားကိုသာ အချိန်ရှိတိုင်း တောင့်တဏှာသာ နေလာခဲ့၏။ ၁၂–တိုင်တိုင် သူရယူလို၊ ကြားလိုသဖြင့် တောင့်တလာခဲ့သည်ကား သူ့သားထံမှ တုံ့ပြန်မေတ္တာနှင့် သူ့သား၏ နှုတ်ဖျားမှ ထွက်လာသည့် ချိုသာသော စကားဖြစ်၏၊ ဤသည်ကိုသာ တတောင့်တတနှင့် အချိန်ကုန်လွန်ခဲ့၏။

သူတောင့်တသည့်အတိုင်း သူ့သားနှင့် တွေ့ရလေသောအခါ၌ကား သူ့သားက မိခင်၏ သန္တာန်၌ ကပ်ငြိနေသော ဥပါဒါန် စွဲလမ်းမှုတွေ ချေမှုလျက် ကိလေသာ အမိုက်သရိုက်၊ သံယောဇဉ် အသိုက်အမြုံကြီးကို မီးပုံ၍ ရှို့ပစ်လိုက်သည်ရှိသော်.... ငါ့ကိုယ်ငါသာ ကိုးကွယ်ရာ ရှိပါတော့ကလားဟူသော ဉာဏ်အလင်းသည် ထင်းကနဲ တောက်ပလာလေသည်။ ကိလေသာကင်း၍ သံယောဇဉ် ရှင်းသွားလေ၏။

ထိုအခါ....ပမာအားဖြင့် စည်၏ မျက်နှာပြင်ကို လက်ခတ်နှင့် တီးခတ်လိုက်သည်နှင့် တပြိုင်နက်တည်း၊ တချိန်တည်း၌ ဒိန်း့ ဟု စည်ကြီးသံ မြည်ဟည်း၍ ထွက်လာသကဲ့သို့၊ ကိလေသာအမျှင်၊ သံယောဇဉ် အားလုံး ပြတ်ကုန်သည်နှင့် တပြိုင်နက်ကည်း၊ တချိန်တည်းမှာပင် နိဗ္ဗာန်သည် ထပ်ကနဲ ကပ်လာလေသတည်း။ သား၏မျက်နှာကို တစိမ့်စိမ့်ကြည့်၍ ဖြစ်ရသော ချမ်းသာမျိုး၊ သား၏ချိုသာသော စကားကို ကြားရ၍ ဖြစ်ရသော ချမ်းသာမျိုးနှင့် မယှဉ်သာအောင် သန္တိသုခ, နိဗ္ဗာန်စခန်းကို လွယ်ကူစွာ လှမ်းချူ ယူနိုင်လေတော့သတည်း။

ဤဖြစ်ရပ်သည် အံ့မခန်း ဆန်းကြယ် ထွေထူးလှသည့် ဖြစ်ရပ်ဖြစ်သည့်အလျောက် ရဟန်းတို့သည် ဓမ္မသဘင်၌ ထိုအကြောင်းကိုပင် စုရုံးဆိုပြောယူကြရသည် အထိ သာသနာ့ လောက၌ ပဲ့တင်ထပ်သွားလေသည်။

> "ငါ့ရှင်တို့ ဒေဝဒတ်သည် သို့စင်မျှ အားကြီးသော မိုရာနှင့် ပြည့်စုံသော အရှင်ကုမာရ ကဿပကိုလည်းကောင်း၊ ယင်း၏ မိခင် ထေရီမကိုလည်းကောင်း ဖျက်ဆီးအပ်ခဲ့ပြီကော။ ဘုရားသခင်မူကား ထိုသားအမိနှစ်ဦးတို့၏ တည်ရာ၊ မှီရာ၊ အားကိုးရာ ဖြစ်တော်မူ၏"

ဤသို့ ဆိုပြော နေကြစဉ်၊ ဘုရားကြွတော်မူလာပြီး "သင်တို့ အဘယ်စကားဖြင့် ဆွေးနွေး နေကြသနည်း"ဟု အမေးတော် ရှိလတ်သော်....ရဟန်းတို့က အကျိုးအကြောင်းကို နားတော် လျှောက်လေသော အခါ "ရဟန်းတို့" ယခုအခါ၌သာ ငါသည် ဤသားအမိတို့၏ တည်ရာ မှီရာ အားကိုးရာဖြစ်သည်မဟုတ်၊ ရှေးက-လည်း တည်ရာ မှီရာ ဖြစ်ခဲ့ဖူးပြီဟူ၍ နိဂြောဓဇာတ်ကို ဟောတော်မူ၏။

သား၌ဖြစ်သော ချစ်ခြင်းကို ဖြတ်၍ ထေရီမအား မိမိသာ မိမိ၏ တည်ရာမှီရာဖြစ်သည်၏ အဖြစ်ကို ထင်စွာပြတော်မူလိုသောကြောင့် ....

၁၆၀။ အတ္တာဟိ အတ္တနော နာထော၊
ကောဟိ နာထော ပရောသိယာ၊
အတ္တနာ ဟိ သုဒန္တေန၊
နာထံ လဘတိ ဒုလ္လဘံ။ ။

(ဓမ္မပဒပါဠိ)

"ဘိက္ခဝေ-နိဗ္ဗာန်စခန်း၊ လက်တကမ်းကို မျှော်မှန်းရှုယ်ချူ၊ အို.... ဘိက္ခုတို့၊ အတ္တာဟိ-မိမိသည်သာလျှင်၊ အတ္တနော-မိမိ၏၊ နာထော ကိုးကွယ်ရာဖြစ်၏။ ပရော-မိမိမှ တပါးသော၊ ကော-အဘယ်မည်သော သားသမီးသည်။ အတ္တနော မိမိ၏၊ နာထော-ကိုးကွယ်ရာသည်၊ သိယာ-ဖြစ်ချိမ့်မည်နည်း။ အတ္တနာ-မိမိကိုယ်သည်၊ သုဒန္တေန-ကောင်းစွာ ယဉ်ကျေးသဖြင့်၊ ဒုလ္လဘံ-ရခဲလှစွာသော၊ နာထံ-အရဟတ္တဖိုလ်, တည်းဟူသော ကိုးကွယ်ရာကို၊ လဘတိ-ရ၏"ဟု ဟောတော်မူ၏။

---

၁။ ဇာတက အဋ္ဌကထာ၊ ဧကနိပါတ၊ သီလဝဂ္ဂ။
နိဂြောဓမိဂဇာတ်။ ၁၆၂။

မုဒ္ဒသည် ဤဂါထာဖြင့် စိတ်ဓာတ်ပျော့ညံ့သူ၊ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေတတ်သူ၊ သူများ၏ နှာခေါင်းဖြင့် အသက်ရှူလိုသူတို့အား စိတ်ဓာတ် မြင့်အောင်၊ တက်ဘက်ကြွကြွဖြစ်လာ မြင့်လာအောင် မိမိ၏ စွမ်းအားကို မြင့်တင်ပေးတော်မူ၏။ ဒေသနာ၏ အဆုံး၌ တရားသားကို ကြားနာရသူ အပေါင်းသည် ယုတ်စွအဆုံးသောတာပန် စသည် ဖြစ်ကုန်လေ၏။

မိမိက တရားကို စောင့်လျှင် တရားက မိမိပြန်၍ စောင့်၏။ 'ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ' ဟူပေ၏။ တရားကို စောင့်သူ အရှင်ကုမာရ ကဿပ သားအမိအား တရားက ပြန်၍ စောင့်လေပြီ၊ နိဗ္ဗာန်ချမ်းသာ ရဟန္တာ ဖြစ်သည့် အခြေဆိုက်အောင် ပို့ဆောင် လိုက်လေပြီ။

ရဟန္တာဖြစ်သွားသောအခါ အမိဘိက္ခုနီ၏ ဥဒါန်း ကျူးရင့်ချက်ကို အကွာရာ တင်ထားခြင်း မတွေ့ရသော်လည်း သားရဟန်းကမူ သူတို့ သား အမိဖြတ်သန်းလာခဲ့ရသော ဘဝလမ်းကြောင်းကို အကျဉ်းချုပ်လျက် ထေရာပဒါန် ပါဠိတော်၌ ဤသို့ ထုတ်ဖော် မြွက်ကြားသွားတော်မူ၏။

"ငါသည် တချာလည်လည် သံသရာတွင် ဘဝရှည်ခဲ့ရာမှ ငါ၏ နောက်ဆုံးဘဝ (ပစ္ဆိမဘဝိက) ဖြစ်သော ယခုအခါ၌ ရာဇဂြိုဟ်မြို့တွင် သဋ္ဌေးမျိုး၌ ငါဖြစ်လာ၏။ ငါ့ကို သန္ဓေအဖြစ် လွယ်လျက် ကိုယ်ဝန်ရှိသော ငါ့မယ်တော်သည် သာသနာ့ဘောင် ဝင်၍ ရဟန်းပြုခဲ့၏။

သန္ဓေရင့်၍ ကိုယ်ဝန်ရှိမှန်းသိလာကြသောအခါ ဘိက္ခုနီ တို့သည် ငါ့မယ်တော်ကို ဒေဝဒတ်အထံသို့ ဆွဲခေါ်ပို့ဆောင်ကြ ကုန်ပြီ။ ထိုအခါ ဒေဝဒတ်သည် ငါ့မယ်တော်အား တစုံတရာ စူးစမ်းမှု စစ်ကြောမေးမြန်းမှု မပြုပါလေပဲ အကျင့်ဖောက်ပြားသူ စာရင်းသွင်းကာ "ယုတ်မာသော ဘိက္ခုနီကိုဖျက်ဆီးပစ်လေကုန်" ဟု တချက်လွှတ်အမိန့်ကို ထုတ်ပြန်လာလေ၏။

ဤသို့ တွယ်ရာမဲ့ ဖြစ်နေသောအခါ၌လည်း ရဟန်းတို့၏ သင်းကျစ်၊ ဓမ္မရာဇ်မှန်ကူ၊ သယမ္ဘူမြတ်စွာ၊ စောသတ္တာသည်၊ ငါ့မယ်တော်အား အစဉ်သနား စောင့်ရှောက်တော် မူခဲ့ပေသော ကြောင့် ဘိက္ခုနီတို့၏ ကျောင်းတွင် ငါ့မယ်တော်က ငါ့ကို ချမ်းသာစွာ ဖွားခဲ့ပေ၏။

ထိုအကြောင်းကို သာဝတ္ထိပြည်ကြီးသခင် ဘုရင်ကောသလ မင်း သိရှိတော်မူသော် ဘိက္ခုနီများနှင့် မလျော်ဟူ၍ ငါ့မယ် တော်ထံမှ ငါ့ကို ယူဆောင်ပြီး မင်းညီ မင်းသားတို့၏ အဆောင်

အယောင်ဖြင့် သူ၏ ရင်သွေးတော် အဖြစ်ဖြင့် ငါ့ကို မွေးစား တော်မူ၏။ ငါ၏ အမည်နာမကား ကဿပဟူ၍တည်း။

နောက်ကာလတွင်မူ အရှင်မဟာကဿပကို စွဲ၍ ငါသည် ကုမာရကဿပ ဟူ၍ အမည်တွင်လာ၏။ ဗုဒ္ဓမြတ်ဘုရား တရား ဟောတော်မူစဉ် ခန္ဓာကိုယ်ကို ကောင်းများနှင့် အလားတူကြောင်း ဥပမာခိုင်းနှိုင်း၍ ဟောတော်မူအပ်သော တရားတော်ကို ကြားနာ ရခါမျှဖြင့်....

ငါ၏စိတ်သည် အယှက်အယိုပ်ရောက် ကြည်လင်သွားရာက တစုံတရာကို မစွဲလမ်းပဲ သံယောဇဉ် အနှောင်အဖွဲ့ အားလုံးတို့မှ အကြွင်းမဲ့ ငါလွတ်မြောက်သွား၏။ ငါသည် ပါယာသိပြိုစားကို တခါသဉ် စကားပရိယာယ် ကြွယ်ဝစွာဖြင့် ဆုံးမခဲ့၏။ ဤသည်ကို အကြောင်းပြု၍ ဗုဒ္ဓမြတ်ဘုရားက ငါ့အား "ဆန်းကြွယ်စွာ ဟောပြောတတ်သော အရာတွင် အမြတ်ဆုံး"ဟူ၍ ဧတဒဂ် အရာ၌ ထားတော်မူ၏"

ဤသို့ စသည်ဖြင့် အရှင်ကုမာရကဿပ၏ ဘဝဇာတ်လမ်း ဥဒါန်း ကျူးချက်များကို တွေ့ရ၏။ နိဗ္ဗာန်လားရသည်မှာလည်း စိတ်က ပို့ဆောင် သောကြောင့်၊ အပါယ်လေးပါး၏ လောင်စာ ဖြစ်ရသည်မှာလည်း စိတ်က ပို့ဆောင်သောကြောင့်သာဖြစ်လေရာ ထိုစိတ်ကို ကောင်းရာသို့ လားအောင် သတိကြီးစွာထား၍ ပဲ့ပြင်ရ၏။



## ( ၁၁ ) ဆင်ကြီးတစီး ဗွက်ကျံနေသော သတင်းကို ဗုဒ္ဓထံ ပို့လာသော ရဟန်းများ၏

# နိဗ္ဗာန်စခန်း လက်တကမ်းဝတ္ထု

"ပန်းသတင်း လေညင်းဆောင်၊
လူ့သတင်း လူချင်းဆောင်"

မည်သည့်ပန်း မည်မျှမွှေးသည်။ မည်သို့မွှေးသည်ကို လေညင်းက ဆောင်ယူလာ၏။ ပန်းတို့၏ ရနံ့ကို လေက ဆောင်ယူလာပေသောကြောင့် မည်သည့် ပန်းမျိုးသည် သင်းရုံမျှ မွှေးသည်၏ အဖြစ်ကို လည်းကောင်း၊ မည်သည့်ပန်းမျိုးကား စူးစူးဝါးဝါး မွှေးသည်၏ အဖြစ်ကိုလည်းကောင်း ပန်းတို့၏ အမွှေးရာဇဝင်ကို လူတို့သိကြရကုန်၏။

ဤသို့အားဖြင့် လေသည် လူတို့အတွက် ပန်းများကို စူးစမ်း၊ ထောက်လှမ်းပေးသော ပန်းသတင်းထောက်၊ ပန်းအထောက်တော် အရာ၌ တည်၏။ ပန်းတို့၏ မွှေးရနံ့သတင်းကိုထင်ထင်ရှားရှား၊ တည့်တည့်ပပသိရှိရအောင် ထောက်လှမ်းရေးတာဝန်မှာ လေ၏ တာဝန်သာဖြစ်ပါ၏။

ထို့အတူပင် လူတို့အတွက် လူတဦးတယောက်၏၊ သို့မဟုတ် လူအများ၏ အဆိုးအကောင်း အကြောင်းကြောင်းတို့ကို ထင်ထင်ရှားရှား၊ တည့်တည့်ပပ သိရှိရအောင် လူကပင် စုံစမ်းထောက်လှမ်းပေး၏။ လူသည် လူ့အတွက် အထောက်တော်ဖြစ်၏။ လူကြောင့် လူလူချင်း လူ့အကြောင်းကို ကောင်းကောင်းသိကြရသည်။ ဤသည်ကိုအစွဲပြု၍ "လူ့သတင်း လူချင်းဆောင်"ဟူ၍ ရှေးသူဟောင်းတို့က နိတိဆောင်ပုဒ် ထုတ်ခဲ့ကြကုန်ပြီ။

တိုးတက်လာသောယနေ့ခေတ်၏ကြေးမုံပြင်၌ လူ့သတင်းကိုလူချင်း ဆောင်လေသည့်ပြင် ယင်းတာဝန်ကို ကူညီဆောင်ရွက်ပေးရန် သတင်းစာများ ထွန်းကားလာ၏။ လူ့သတင်းကို လူချင်းဆောင်သည်ထက် ကျယ်ပြန့်လာ၏။ လူ့သတင်းသာမက ကမ္ဘာ့ သတင်းမျိုးစုံကိုပါ သတင်းစာ၏ ကျေးဇူးကြောင့် နေ့ချင်းညချင်း ဆိုသလိုပင် သိကြရကုန်၏။ ထိုထိုသတင်းများကို အကြောင်းပြု၍ ဝမ်းသာရခြင်း ဝမ်းနည်းရခြင်း များသည် အကြောင်းအားလျော်စွာ လူတို့၌ ဖြစ်လာကုန်၏။

ရှေးအခါကမူ ပန်းသတင်း လေညင်းဆောင်သကဲ့သို့၊ လူသတင်းကို လူချင်းဆောင်ကြသော်လည်း ယနေ့ခေတ်တွင် သတင်းကို စာဖြင့်သိစေခြင်း တမျိုး၊ တိုးလာသောကြောင့်....

၁။ ပါးစပ်သတင်း

၂။ စာသတင်း

ဟူ၍ သတင်းနှစ်မျိုး ဖြာထွက်လာ၏။ "လူ့သတင်းလူချင်းဆောင်သည်ကို ပါးစပ်သတင်း"ဟု ဆိုမည်။ အကြောင်းအရာတခုခုကို သို့မဟုတ် များစွာသော အကြောင်းတို့ကို စာဖြင့်ရေးသား ပုံနှိပ်ဖြန့်ချ၍ သိစေသည်ကို၊ စာသတင်း၊ ဝါ သတင်းစာဟု ဆိုပါမည်။ ဆိုရာသည်။

ယင်းသတင်းနှစ်မျိုးအနက် ဗုဒ္ဓခေတ် မတိုင်မီကာလနှင့် ဗုဒ္ဓပွင့်ထွန်းလာသော ခေတ်တကြောတွင် လူဘို့သည်လည်းကောင်း၊ ရဟန်းတို့သည် လည်းကောင်း ပါးစပ်သတင်းကိုသာ မီတွယ်လာခဲ့ကြကုန်၏။ လူ့သတင်းကို နှုတ်မြွက်၍ လူချင်း ဆောင်ခြင်းအားဖြင့် ဆက်သံရေး ပြုလာခဲ့ကြကုန်၏။

ဗုဒ္ဓလက်ထက်တော်က ရဟန်းအချို့တို့သည် သတင်းထူး၊ သတင်းဆန်းတခုကိုရရှိထားကြကုန်၏။ သူတို့သည် ထိုသတင်းထူးဖြင့် ဦးဦးဖျားဖျား ဗုဒ္ဓကို ပူဇော်လိုကြသဖြင့် ထူးဆန်းသော သတင်းစကားကို ဗုဒ္ဓမြတ်ဘုရားအား နားတော်လျှောက်လိုကြ သောကြောင့် ဗုဒ္ဓထံတော်သို့ အဆောတလျင်ကိုယ်တိုင်သွားရောက်လျှောက်ထားကြကုန်လေ၏။ ထိုသတင်းကား....

[1]"ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား" ယနေ့အဖို့ သတင်းဆန်းတခုကို တပည့်တော်တို့ တွေ့ခဲ့ကြရပါကုန်သည်။ ဒကာတော် ရေမြွရှင် ပသေနဒီ ကောသလမင်းကြီးမှာ ပါဝေယျကမည်သော ဆင်တော်ကြီးတစီး ရှိပါသည်။

---

၁။ ဓမ္မပဒ အဋ္ဌကထာ၊ ဒု၊ နာဂဝဂ်၊ ပါဝေယျက ဟတ္ထိဝတ္ထု။ ၄၃၇။

ထိုဆင်တော်ကြီးသည် ရေအိုင်ကြီးတခုသို့ ဆင်း၍ ရေချိုးလေသည်တွင် သူ၏ ခြေတို့သည် ရွံ့ညွန်နှံ့၌ နစ်နေလေရကား— သူ့ချော ဆင်ကြီးတန်မဲ့နှင့် နွံဗွက်မှ လွတ်အောင် မရုန်းနိုင်ရှာပဲ ဖြစ်နေပါ၏။ လူတို့သည် နွံဗွက်ထဲ နစ်နေသော ထိုဆင်ကြီးကို မြင်သောအခါ 'အံ့သြဖွယ် ရှိဘိစွ၊ သို့စင်မျှ အင်အားကြီးမားလှစွာသော ဆင်တော်ကြီး ဖြစ်ပါတုံလျက်လည်း၊ အင်အားချည့်နဲ့ မရုန်းတဲ့နိုင်အောင် ရှိချေ၏တကားဟု ဆိုပြောကြသည်။ လူတို့စကားကို ကောသလမင်းကြီး ကြားသိတော် မူသောအခါ ဆင်ထိန်းကို ခေါ်၍ ဤသို့ စေခိုင်းပါသည်တဲ့ရား။

"အချင်းဆင်ဆရာ၊ အမြန်သွားတည့်ချေ။ နွံ၌ နစ်နေသောငါ၏ ဆင်တော်ကြီးကို နွံမှ ထုတ်ချေလော့"ဟု စေခိုင်းသဖြင့် ဆင်ထိန်းသည် ထိုရေအိုင်ကြီးသို့ သွားပါသည်။ နွံနစ်ဆင်တော်ကြီးကို မြင်လတ်သော် လွတ်မြောက်ရေးကို သူကြံတွေးရပါလေ၏။ ထိုထိုနောက် ဆင်ထိန်းသည် စစ်တိုက်ရာ၌ အသုံးပြုသော မောင်းကို ပြန်၍ ယူလာပြီးလျှင် ထိုစစ်မောင်းကြီးကို တဒူဒူရိုက်နှက်၊ တီးခတ်ပါလေတော့သည်။

"အရှင်ဘုရား.... ထိုပါဒေဝယျက ဆင်းကြီးကား တိုက်ပွဲအမျိုးမျိုးတွင် ပါဝင်ခဲ့ဖူးသော တိုက်ဆင်ကြီး ဖြစ်သောကြောင့် စစ်မောင်းသံ ကြားသောအခါ စိတ်ဓာတ်ကြွလာပြီး၊ အားကုန်ကျုံး၍ ရုန်းလိုက်ရာ ရုပ်ချည်းပင် ဗွက်ထဲက လွတ်မြောက်ကာ ကုန်းပေါ်သို့ ရောက်ရှိသွားပါတော့သည်။ အံ့မခန်းလိလိ တပည့်တော်များ မျက်မြင်ကိုယ်တွေ့ပါဘုရား"

တိုက်ပွဲဝင် ဆင်တော်ကြီးဖြစ်ပါလျက်လျက် သည်ဗွက်ကလေးကိုမျှ လွတ်မြောက်အောင် မရုန်းနိုင်ကောင်းလား ဟု သတင်းတူး၊ သတင်းဆန်းတရပ်ဖြစ် ဗုဒ္ဓ၏ ထံတော်မှောက်သို့ လျှောက်လာကြသည်။

သူတို့၏ ရှုက်စုချက်၊ ကမ်ဓိက ဦးတည်ချက်ကား နွံနစ်ဆင်ကြီးသာ ဖြစ်၏။ ထိုအကြောင်းကို ဗုဒ္ဓသိရှိတော်မူစေရန်သာ သူတို့ ရှယ်စူးချက်ချင်း ရှိကုန်၏၊ ထိုထက် မပိုပါချေ။

ထိုအခါ ကိုသကြီးကို အကြောင်းပြု၍ ထိုရဟန်းတို့အား ဗုဒ္ဓမြွက်ကြားတော်မူ [illegible] ဤကား.... "ရဟန်းတို့ ညွန်တွင်နစ်နေသော ထိုဆင်ကြီးသည် မိမိကိုယ်ကို ထိုညွန်ဗွက်မှ လွတ်မြောက်အောင် ရုန်းကန်နိုင်စွမ်း

ရှိသည်မှာ ရှိစေတော့.... သင်တို့ကား ကိလေသာ ညွန်ဗွက်ကြီးထဲတွင် တဝဲလည်လည် အဘယ်ကြောင့် ပြေးသွားနေကြကုန်သနည်း။ ထိုကြောင့် သင်တို့သည် သင့်သောအားဖြင့် နှလုံးသွင်းကုန်လျက်၊ ထိုကိလေသာ တဏှာညွှန်ဗွက်ထဲမှ လွတ်အောင် ရုန်းထွက်ကြကုန်လော့။

၁၂၇။ အပ္ပမာဒရတာ ဟောထ၊
သစိတ္တ အနုရက္ခထ၊
ဒုဂ္ဂါ ဥဒ္ဓရ တတ္တာနံ၊
ပင်္ကေ သန္နောဝ ကုဉ္ဇရော။ ။

"ဘိက္ခဝေ - ကိလေသာဗွက်၊ ညွှန်ပျောင်းထက်၌၊ လွတ်ရက်မရှိ၊ တအိအိကျွံနစ်နေကြသည့် အိုရဟန်းတို့၊တုမ္ဟေ-သင်တို့သည်။ အပ္ပမာဒရတာ—မမေ့မလျော့ မပေါ့ဆသော ဒဲကျင့်၌ မွေ့လျော်ကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ သစိတ္တံ၊ မိမိစိတ်ကို။ အနုရက္ခထ၊ စောင့်စည်းကြကုန်လော့။ ပင်္ကေ၊ ပျော့စိအိပက်။ ရွှံ့ညွှန်ဗွက်ကြီးထဲ၌။ သန္နော၊ ခြေလေးဘက်စလုံး လုံလုံးကျွံနစ်၍ နေသော။ ကုဉ္ဇရော၊ ဆင်ပြောင်ကြီးသည်။ ဒုဂ္ဂါ၊ ရွှံ့ညွှန်ဗွက်ကြီးထဲမှ။ အတ္တာနံ၊ မိမိကိုယ်ကို။ ဥဒ္ဓရတိဣဝ၊ လွတ်မြောက်သည်အထိ၊ နုတ်ယူလေဘိသကဲ့သို့။ တထာ၊ ထို့အတူ။ တုမ္ဟေ၊ သင်တို့သည်။ ပင်္ကေ၊ ရမ္မက်တဏှာ၊ ကိလေသာတည်း ဟူသော ဗွက်ကြီးထဲတွင်။ သန္နံ၊ ကျွံနစ်၍နေသော။ အတ္တာနံ၊ မိမိကိုယ်ကို။ ဥဒ္ဓရထ၊ လွတ်မြောက်သည်အထိ နုတ်ယူဘိကြကုန်လော့။ နိဗ္ဗာနထလေ၊ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်၌။ ပတိဋ္ဌာပေထ တည်စေကြကုန်လော့"

ဗုဒ္ဓသည် ဆင် သတင်းဆန်းကို လာရောက် လျှောက်ထားကြကုန်သော ရဟန်းတို့အား ဤတရားကို ဆို၍ ဟောတော်မူလိုက်လေသည်။ ထိုရဟန်းတို့သည် မိမိတို့ ယူဆောင်လာသော သတင်းထက် ထူးခြားသော၊ တန်ဖိုးဖြတ်ခြင်းငှာ မစွမ်းနိုင်သော လက်ဆောင်မွန်ကို ဗုဒ္ဓထံတော်မှ ရရှိကြကုန်သတည်း။ ထိုလက်ဆောင်မွန်ကားအခြားမဟုတ်။ အရဟတ္တဖိုလ် နိဗ္ဗာန် ဖြစ်သတည်း။

သူတို့ ဗုဒ္ဓအထံတော်လာရင်းက သူတို့မှာ နိဗ္ဗာန်မပါကုန်။ နိဗ္ဗာန်ကို ရှယ်စူးတောင့်တလျက် ဗုဒ္ဓထံ ချဉ်းကပ်လာကြသည် မဟုတ်ကုန်။ ဆင်အကြောင်းကို နားတော် လျှောက်ရန်သာ လာကြခြင်း ဖြစ်ကုန်၏။

သို့သော် တရားတော် ကြားနာရသောအခါ သူတို့ စိတ်သည် ကြည်လင်လာ၏။ တဒင်္ဂ တခဏအတွင်းမှာပင် တရားလေ့ ဦ ပြတ်သားစွာ မွေ့လျော် ကြကုန်သော ကြောင့် သူတို့ သန္တာန်တွင် ဘဝအဆက်ဆက် လူး ကျင် ခဲ့သော တဏှာ အစ မျှ ခြောက်ခန်းကာ ထိုခဏမှာပင် ရဟန္တာ ဖြစ်ကုန်ရသေး၏။

ထို့ကြောင့် နိဗ္ဗာန်သည် အဝေးကြီးမှာ ရှိနေသည် မဟုတ်။မိမိ၏ လက်ဘကမ်းမှာပင် ရှိနေသည်ဖြစ်ရာ စိတ်ကောင်းလေးတခု အသုံးပြု၍ ရှန်းကန်လျှင် ထိုဘဏ္ဍာသည် ခံနိုင်မည်လော။



## ( ၁၂ ) စားဝတ်နေရေး ချမ်းသာမှုကို အာရုံပြုနေကြသော ရဟန်းများ၏

## နိဗ္ဗာန်စခန်းလက်တကမ်းဝေး

အကောင်းမကြိုက်သူ လက်ညှိုးထောင်ပါဟု ဆိုခဲ့သော်.... ထောင်နေသောလက်ညှိုးကို တချောင်းမျှပင် တွေ့ရမြင်ရအံ့မထင်။ အကောင်းဟူသမျှတို့ မကြိုက်သူမရှိ။ လူမှာလည်း လူအလျောက်၊ ရဟန်းမှာလည်း ရဟန်းအလိုက် အကောင်းကြိုက်ကြသည်သာ ဖြစ်၏။

အဝတ်ဆိုလျှင်လည်း ကောင်းကောင်းကိုမှ ဝတ်ချင်သည်။ အစားဆိုလျှင်လည်း ကောင်းကောင်းကိုမှ စားချင်သည်။ နေရာဆိုလျှင်လည်း ကောင်းကောင်းကိုမှ နေချင်သည်။ ဤသည်ကား လောကီဘုံသားတို့၏ သည်းခြေအကြိုက် ဝါဒလမ်းစဉ် ဖြစ်လေသည်။ ယင်း ဝါဒလမ်းစဉ်ကို သွေဖီသူ၊ ဆန့်ကျင်သူ၊ လက်မခံလိုသူ တဦးတယောက်မျှ မပေါ်။ သူရော ငါပါ အပြိုင်အဆိုင် မြိုင်မြိုင်ကြီး လိုက်နာကြကုန်သတည်း။ သူကောင်း- ငါကောင်း အကောင်းချင်းပြိုင် အနိုင်လုကာ လုကာနှင့် ကျင့်သုံးရှာကြကုန်သတည်း။

"လူမှာ အဝတ်၊
တောင်းမှာ အကွပ်၊
စကားမှာ မချွတ်၊
ဘုရားမှာ အထွတ်"

ဤသည့် နိတိဆောင်ပုဒ်ကို ထောက်ခြင်းအားဖြင့် လူတို့သည် ဆင်ယင်ထုံးဖွဲ့မှုကို အဘယ်မျှ ဦးစားပေး အလေးကဲထားကြောင်း သိနိုင်

ပေးသည်။ ကုန်ကုန်ပြောရလျှင် ဘုရားပုထိုး စေတီများ၌ပင် ဆင်ယင်ထုံးဖွဲ့မှုသည် လွန်စွာအရေးကြီးကြောင်း။ ရွှေမရှိသော ပုထိုးဆိုလျှင် မကိုးကွယ်ချင်။ ထီးလည်းမကပ် အထွဋ်မတပ်သော ဘုရားငုတ်တိုဆိုပြန်လျှင် လှူမရှိသေ့ဟု ဆိုလိုသည်။

ဤသည်းခြေကြိုက် ဝါဒလမ်းစဉ်ကား လူကြိုက်များသော ဝါဒလမ်းစဉ်ဖြစ်၏။ လူဝတ်ကြောင်များကို မဆိုထားဘိ။ သာသနာ့ဝန်ထမ်း ရဟန်းတော်များသည်ပင် နှစ်ခြိုက်စွာ လက်ခံ ကျင့်သုံးတော်မူကြကုန်၏။

ထိုစကားကိုချွဲ၍ သိပါလေဦး။

(၁) ကျောင်း၊
(၂) သင်္ကန်း၊
(၃) ဆွမ်း၊
(၄) ဆေး၊

ဤကား ရဟန်းတော်များ သုံးဆောင်ရန်အတွက် ဗုဒ္ဓကပေးသော ပစ္စည်းလေးပါးဖြစ်ပါ၏။ ရဟန်းသုံး ပစ္စည်းဆိုသရွေ့ ဤလေးမျိုးသာရှိ၏။ ရဟန်းသုံး ပစ္စည်းငါးမျိုးဟူ၍ မရှိပြီ။

ရဟန်းအဖြစ်သည် ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး, တည်းဟူသော ဤပစ္စည်းများကို မှီတွယ်၍ ဖြစ်ရလေသောကြောင့် ယင်းပစ္စည်းလေးမျိုးကို မှီရာလေးပါး''(နိဿယလေးပါး)ဟူ၍လည်း ခေါ်၏။ ထိုရဟန်းအဖြစ်ကား မူလ ဗုဒ္ဓ ခွင့်ပြုတော်မူချက်အရဆိုလျှင် အလွန်ဝန်ကျဉ်း၏။ ပေါ့ပါး၏။ ပူပင်စရာ၊ ကြောင့်ကြစရာဆို၍ စိုးစဉ်းမျှမရှိ။

၁။ ကျောင်း။ ။ နေစရာအတွက် ကျောင်းဆိုလျှင် အဘယ်မျှဝန်ကျဉ်းသနည်းဆိုသော် သစ်ပင်ရှိလျှင် ကျောင်းရှိလေတော့သည်။ သစ်ပင်ကို ကျောင်းပြု၍ ''သစ်ပင်အောက်မှာနေ''ဟု ဗုဒ္ဓက နေရာပေးထား၏။ အရိပ်ခို၍ နေနိုင်လောက်သော သစ်ပင်အပေါင်းသည် ကျောင်းချည်း ဖြစ်လေရာ၊ ရဟန်းတော်များအဖို့ နေထိုင်စရာ အဘယ်မှာလျှင် ကျောင်းရှားလေမည်နည်း။ (ပဗ္ဗဇ္ဇာ—ရဟန်း၏ အဖြစ်သည် ရုက္ခမူလသေနာသနံ သစ်ပင်ရင်း၊ သစ်ပင်အောက်တည်းဟူသော ကျောင်းကို နိဿယ အမှီပြု၍ ပဝတ္တတိ ဖြစ်၏။)

၂။ သင်္ကန်း။ ။ ဝတ်ရုံစရာ အတွက် သင်္ကန်း ဆိုလျှင်လည်း အဝတ်စုတ်များရှိလျှင် သင်္ကန်းဖြစ်လေတော့သည်။ အဝတ်စုတ်များကို သင့်လျော်အောင် ဖြတ်၍၊ ဆုတ်၍၊ ဖာ၍၊ ထေး၍၊ ချုပ်လျှင် ပံ့သကူသင်္ကန်းရလေ၏။ ပံ့သကူသင်္ကန်းကိုဝတ်ဟု ဗုဒ္ဓ စေတော်မူ၏။ သည့်ထက် ဝန်ကျဉ်းသောအရာ အဘယ်မှာ ရှိပါမည်နည်း၊ ယင်းသင်္ကန်းမျိုးကို သူခိုး ခိုးမှာ

လည်း မပူရ။ ကြောင့်ကြစရာဆိုဖွေ စိုးစဉ်းမျှမရှိ။ (ပဗ္ဗဇ္ဇာ—ရဟန်း၏အဖြစ်သည် ပံသုကူလစီဝရံ ပံသုကူသင်္ကန်းကို နိဿယ-အမှီပြု၍ ပဝတ္တတိ ဖြစ်၏။)

၃။ ဆွမ်း။ ။ စားစရာအတွက် ဆွမ်းဆိုလျှင်လည်း သလုံးမြင်းခေါင်း၊ ခြေနှစ်ချောင်းနှင့် သပိတ်တလုံးရှိလျှင် ဆွမ်း ရှိလေတော့သည်။ သပိတ်ကိုပိုက်ကာ သလုံးမြင်းခေါင်း ခြေနှစ်ချောင်းဖြင့် ရင်းနှီး၍ တလုတ်စာ၊ တဆုပ်စာ လောင်းလှူသောဆွမ်းကို ခံ၍စား,ဟု ဗုဒ္ဓ မိန့်တော်မူ၏၊ ကိုယ်တိုင် ချက်ပြုတ်ရခြင်း အလျှင်းမရှိ။ အဘယ်မျှ ဝန်ပေါ့ပါသနည်း။ (ပဗ္ဗဇ္ဇာ—ရဟန်း၏ အဖြစ်သည်။ ပိဏ္ဍိယာလောပ ဘောဇနံ သလုံးမြင်းခေါင်း၊ခြေနှစ်ချောင်းဖြင့် ရင်းနှီး၍ ရသောဆွမ်းကို။ နိဿယ-အမှီပြု၍ ပဝတ္တတိ ဖြစ်၏။)

၄။ ဆေး။ ။ နာမကျန်းရှိခဲ့သော် ကုစားရန်အတွက် ဆေးဝါးဆိုသည်မှာလည်း နွားရှိလျှင် ဆေးဖြစ်လေတော့သည်။ နာမကျန်းဖြစ်ခဲ့သော် ဖန်းခါးသီးကို နွားနက်၏ ကျင်ငယ်ရေတွင် စိမ်၍သောက်,ဟု ဗုဒ္ဓ မိန့်တော်မူ၏။ ထောင်းရ,ထုရ,ကြိတ်ရ၊ ကျိုချက်ရခြင်း စိုးစဉ်းမျှ မရှိ။ အဘယ်မျှ ဝန်ကျဉ်းပါသနည်း။ (ပဗ္ဗဇ္ဇာ—ရဟန်း၏ အဖြစ်သည်။ ပူတိမုတ္တ ဘေသဇ္ဇံ နွားကျင်ငယ်ပုပ်ရေဖြင့် စိမ်အပ်သောဆေးကို။ နိဿယ အမှီပြု၍။ ပဝတ္တတိ ဖြစ်၏။)

ဤကား ဗုဒ္ဓ၏ မူလခွင့်ပြုချက် ပစ္စည်းလေးပါး ဖြစ်လေသည်။ ခြွင်းချက်အားဖြင့် အကယ်၍ ရှေးဘုန်း၊ ရှေးကံအလျောက် ကောင်းမွန်သော ကျောင်းဓိဇာန်များ၊ ပိုး, ဖဲ, ကတ္တီပါသင်္ကန်းများ၊ သားပြွမ်းဆွမ်း၊ ဒံပေါက်ဆွမ်းများ၊ ထောပတ်, ပျား, တင်လဲ, စတုမဓုများ, လှူဒါန်းမည့်သူ ပေါ်ပေါက်လာခဲ့သော် လှူသူ၏ စေတနာကို ငဲ့သောအားဖြင့် မှီဝဲနိုင်သည်,ဟု ဗုဒ္ဓ ခွင့်ပြုတော်မူ၏။

သာသနာ၌ မူလပညတ်ချက် ပစ္စည်း လေးပါးထက်၊ အနုပညတ် (ခြွင်းချက်) ပစ္စည်းလေးပါးက ထင်ရှားနေ၏။ သစ်တပင်ရင်း ဝါးတပင်အောက် နေသူရှား၏။ ထို့အတူ ပံ့သကူသင်္ကန်း ဝတ်ရုံသူလည်း မရှိဘလောက် ဖြစ်ချေ၏။ ဆေးဝါးအဖြစ် နွားကျင်ငယ်ပုပ်ရေကို မှီဝဲသူဟူ၍လည်း စာထဲမှာသာ တွေ့ရ၏။ သလုံးမြင်းခေါင်း ခြေနှစ်ချောင်းဖြင့် ရင်းနှီး၍ ဆွမ်းခံစားသော ရဟန်းတော်များကိုကား တွေ့ရ၏။

ဗုဒ္ဓခေတ်၌ ဗုဒ္ဓကိုမှီလိုက်သော ရဟန်းတို့သည် ဝါတွင်းကာလ၌ မည်သည့်အရပ်၌ ဝါဆိုကြစေကာမူ၊ ဝါလ ကျွတ်လေသောအခါ ဗုဒ္ဓရှိတော်မူရာသို့ လာရောက် ဖူးမြော်ကြသည်ဖြစ်ရာ ထိုအချိန်တွင် တသုတ်ပြီးတသုတ် ဆိုသကဲ့သို့ပင် ရဟန်းတို့သည် ဗုဒ္ဓထံတော်မှောက်သို့ ရောက်

လာမစဲ၊ တသဲသဲ ရှိနေကုန်၏။ ရောက်လာတိုင်းသော ရဟန်းတို့အား ယင်းတို့၏ နေရေး, ထိုင်ရေး ကျန်းမာရေးများနှင့် တရားထူး ရ, မရကို ဗုဒ္ဓသည် မေးမြန်းတော် မူလေ့ရှိ၏။

တခုသော သီတင်းကျွတ်ချိန်ဝယ် နိုင်ငံတော်၏ အစွန်အဖျားဖြစ်သော ရွာတရွာ (ပစ္စန္တရစ် အရပ်)၌ ဝါကပ် လာခဲ့ကြကုန်သော အာဂန္တုရဟန်းအဖွဲ့သည် ဝါကျွတ်ကန်တော့ပွဲ, ဆင်နွှဲကြရန်အလို့ငှာ ဗုဒ္ဓထံသို့ လာကြကုန်၏။ ထိုနှစ်တွင် ဗုဒ္ဓသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ ဝါကပ်တော်မူသဖြင့် ဝါကျွတ်သောအခါ ဖူးမြော် ကန်တော့ရန် ရောက်လာကုန်သော ရဟန်းတို့ဖြင့် ဇေတဝန်ကျောင်းတိုက်ကြီးမှာ ပြည့်ကျပ်နေလေတော့သည်။

ဗုဒ္ဓသည် ရောက်လာသော ရဟန်းတို့နှင့် ပဋိသန္ထာရစကား ဆိုပြောတော် မူပြီးနောက် ထုံးစံအတိုင်း နေရေး,ထိုင်ရေး, ကျန်းမာရေး, စသည်ကို မေးမြန်းတော်မူသောအခါ၊ ထိုရဟန်းတို့က စားခြင်းကောင်းမစားရ၊ သောက်ကောင်းခြင်းမသောက်ရ၊ နေကောင်းခြင်း မနေရ၊ ဆင်းရဲ ဒုက္ခဖြင့်သာ နေလာခဲ့ရကြောင်း ဤသို့ လျှောက်ကြကုန်သတည်း။

"ဘုန်းတော်ကြီး လှသော မြတ်စွာဘုရား။ ။ တပည့်တော်တို့သည်။ နေပြည်တော်နှင့် အလှမ်းကွာဝေးသော တိုင်းစွန်းပြည်နား ရွာတရွာတွင် ဝါဆိုခဲ့ကြပါကုန်၏။ ဝါတွင်းသုံးလ,ရှိသည့်အနက်၊ ပထမတလတွင် ချမ်းတောင့်ချမ်းသာနှင့် နေထိုင်ကြပါသည်။ ဆွမ်းကောင်း ဟင်းကောင်းနှင့် ကျောင်းဆိုလျှင်လည်း အလွန် သန့်ရှင်းလှပါသည် ဘုရား....

အရှင်ဘုရား။ ဒုတိယလထဲ ရောက်သောအခါ၊ ရွာကိုဝင်၍ သောင်းကျန်းသူ ဒမြများ တိုက်ခိုက်လာကြပါကုန်၏။ ရွာကို ဖွတ်ဖွတ် ညက်ညက် ကြေအောင် လုယက်ဖျက်ဆီးပစ်ရုံမက အချို့ ရွာသူ ရွာသားများကို သုံ့ပန်းအဖြစ် ဖမ်းဆီ ခေါ်ဆောင်သွားပါကုန်သည် ဘုရား....

ထိုအခါမှစ၍ ရွာသူရွာသားတို့မှာ အလုပ်များကုန်ပါသည်။ နေ့မအား ညမအား ဆိုသလိုပင် ဒမြများ ဝင်ရောက်တိုက်ခိုက်ခြင်း မပြုနိုင်အောင် ရွာကိုလုံအောင် ကာရံကြပါကုန်သည်။ ဆူးတပ်များ အထပ်ထပ် ဖြည့်တင်းခြင်း၊ တံခါးများကို ခိုင်ခံ့အောင် ပြုပြင်ခြင်း စသော ရပ်ရွာလုံခြုံရေး ကိစ္စများအတွက် တရွာလုံး လုံးပန်းနေကြရပါကုန်သည်။ ရဟန်းတို့ကို ကောင်းစွာ ပြုစုခွင့်ကို မရနိုင်အောင် ဖြစ်နေပါကုန်သည်ဘုရား။ ထိုအခါ ထိုရွာ၌ ဝါကပ်ခဲ့သော

တပည့်တော်တို့မှာ စားကောင်းခြင်း မစားရသောဆင်းရဲ၊ သောက်ကောင်းခြင်း မသောက်ရသော ဆင်းရဲ၊ နေကောင်းခြင်း မနေရသော ဆင်းရဲ၊ ဤသို့သော ဆင်းရဲများဖြင့်သာ တပည့်တော်တို့ နေလာခဲ့ရပါကုန်၏။ ချမ်းသာဟူသည် မြူမျှတစိ မရှိသလောက်ပင် နေထိုင်ခဲ့ကြပါသည်ဘုရား''

ဤသို့ရဟန်းတို့ လျှောက်ကုန်၏။ ဤစကားကို ထောက်ခြင်းအားဖြင့် ထိုရဟန်းတို့၏ သန္တာန်၌ ကောင်းကောင်းကိုမှ စားလိုသော ဆန္ဒ၊ ကောင်းကောင်းကိုမှ နေလိုသော ဆန္ဒများ စွဲတည်လျက် ရှိနေကြောင်း ထင်ရှား၏။ ထိုအကြောင်း ကြိုက်သောရဟန်းတို့အား ဗုဒ္ဓက မြွက်ကြားတော်မူလေသည်ကား--

''ရဟန်းတို့.... ဤသို့ မပြောဆိုက်။ စိတ်ဖြင့်သော်မှုပင် ဤသို့ မတွေးသင့်၊ မကြံသင့်၊ ချမ်းသာစွာ နေခြင်းမည်သည်ကို အချင်းပေ်သိမ်းရခဲ၏။ လူတို့သည်း မိမိတို့ရွာကို လုံခြုံအောင် စောင့်ရှောက်ကုန်ဘိ သကဲ့သို့ ထို့အတူလျှင် ရဟန်းမည်သည်ကား မိမိခန္ဓာကိုယ်ကို လုံခြုံအောင် စောင့်စည်း သင့်ပေသည်''ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူ၏။

၃၁၅။ နဂရံ ယထာ ပစ္စန္တံ၊
ဂုတ္တံ သန္တရ ဗာဟိရံ၊
ဧဝံ ဂေါပေထ အတ္တာနံ၊
ခဏော ဝေ မာ ဥပစ္စဂါ။
ခဏာတီတာ ဟိ သောစန္တိ၊
နိရယမှိ သမပ္ပိတာ။ ။

''ဘိက္ခဝေ၊ အစား ကောင်းကောင်း အနေကောင်းကို ငဲ့စောင်းမျှော်မှန်း အို....ရဟန်းတို့။ ပစ္စန္တံ၊ မင်းနှင့်မနီး ခရီးဝေးလှ အစွန်အဖျားကျသော။ ဝါ၊ အစွန်အဖျားကျလေသည့်အတွက်။ ပရဟိတံ၊ ဒမြသူခိုးလွှမ်းမိုးနှိပ်စက် လုယက်ဖျက်ဆီးခြင်း ခံရသော။ နဂရံ၊ မိမိတို့ နေထိုင်ရာ ကျေးလက်တောရွာကို။ သန္တရဗာဟိရံ၊ အတွင်း အပနှင့်တကွ။ ဝါ၊ အတွင်းရော အပြင်ပါ။ ဂုတ္တံယထာ၊ ဆူးတပ်စွင့်စွင့် မြှင့်တန်မြှင့်၍ အသင့်တံခါးလုံတောင်ထားလျက် ခိုးသားရန်မျှော်ငဲ့ ဝင်မနှောင့်အောင် စောင့်ရှောက်လေဘိသကဲ့သို့။ ဧဝံ၊ ဤရွာကို လုံအောင် စောင့်ရှောက်သည်နှင့်မခြားအလားတူစွာသာလျှင်။ တုမှေပိ၊ သင်ရဟန်းတို့သည်လည်း။ အတ္တာနံ၊ မိမိကိုယ်ကို။ သန္တရဗာဟိရံ၊ အတွင်း ဖြစ်သော မျက်စိ နား နှာ၊ အပဖြစ်သော ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ, စသည်နှင့်တကွ။ ဂေါပေထ၊ လုံအောင်စောင့်ကြ

ကုန်လော့။ ဝေ၊ စင်စစ်၊ ခဏော၊ ဖျင်ဝယ်ထွေးပိုက်၊ ကိုယ်နှင့်ထိုက်၍၊ အလိုက်သင့်ရရှိထားသော အခွင့်ကောင်း အခါကောင်းကို၊ မာဥပစ္စဂါ မလွန်ကြစေကုန်လင့်၊ ကဿာ၊ အဘယ့်ကြောင့် ဆိုသော်၊ ဟိယဿာ၊ အကြင့်ကြောင့်၊ ခဏာတီဘာ၊ အခွင့်ကောင်း အခါကောင်းကို လွန်ကုန်သော သူတို့သည်။ ဝါ၊ ခွင့်သာကုန်းတွင် မရှုန်းချင်ပဲ ပြုံးရွှင်ရယ်မောတသောသောနှင့် အချိန်ဖြုန်းနေသူတို့သည်။ နိရိယမှို၊ ငရဲ၌၊ ဝါ၊ ငရဲသို့၊ သမပ္ပိဘာ၊ ကျရောက်ကုန်သည်ဖြစ်၍၊ သောစန္တိ၊ စိုးရိမ်ကြကုန်၏၊ တဿာ၊ ထို့ကြောင့်၊ ခဏော၊ ရခဲဘိစွ ရရှိထားကြသော အခွင့်ကောင်း အခါကောင်းကို၊ မာဥပစ္စဂါ၊ မလွန်ကြစေကုန်လင့်”

ဗုဒ္ဓသည် ထိုရဟန်းတို့အား ရှာလုံခြုံရေးကို ဥပမာထား၍ ခန္ဓာကိုယ်လုံခြုံရေး တရားဟောတော်မူသည်တွင် ထိုရဟန်းအားလုံးတို့သည် အာသဝေါ ကုန်ခန်းကာ ရဟန္တာချည်း ဖြစ်ကုန်လေ၏။

ဗုဒ္ဓရှေ့တော်မှောက် မရောက်မီကာလက သူတို့၏ ဦးတည်ချက်ကား စားကောင်းသောက်ဖွယ်၊ ဝတ်ကောင်းစလှများနှင့် နေစရာအုတ်ကျောင်းတိုက်ကျောင်းကြီး ဖြစ်၏။ ထိုအကြောင်းကိုသာ ဗုဒ္ဓ သိရှိတော်မူလေက သူတို့အား ဗုဒ္ဓက စားဝတ်နေရေး အဆင်ပြေအောင် စီမံပေးတန်ရာသည်ဟု မျှော်လင့်ကြဟန်တူ၏။ ထို့ကြောင့်ပင် စားဝတ်နေရေး ဆင်းရဲကြောင်း သူတို့ လျှောက်ကုန်၏။

သို့သော်....အတိတ် ဘဝများစွာတို့က သူတို့ ဆည်းပူးလာခဲ့သော ပါရမီကံနိမိတ်သည် အရိပ်ပမာ သူတို့နောက်က ပါလာသည်ကိုကား သူတို့ကိုယ်တိုင် မသိကုန်၊ မရိပ်စားမိကုန်၊ ဗုဒ္ဓ၏ ခန္ဓာကိုယ်လုံခြုံရေး တရားကို ကြားနာလိုက်ကြရသည်နှင့် တပြိုးနက် ရှေးပါရမီအဟုန် ပွင့်ချိန်ကြုံသဖြင့် စားဝတ်နေရေးဟူသော သူတို့ မျှော်လင့်ချက်များပေါ် ကျော်လွှားကာ ဘွားကနဲ ရဟန္တာ ဖြစ်ကုန်ကြလေသတည်း။



## (၁၃) သာမဏေငယ် ရဟန္တာအား မျက်စိကန်း အောင် ပြုမိသော ဥပဇ္ဈာယ်ဆရာတော်ကြီးတပါး၏

## နိဗ္ဗာန်စခန်း လက်တကမ်း ဝတ္ထု

၁။ ဆရာ့ထက်-
　　တပည့်က လက်ခေါင်းသက်၏။
၂။ ဖအေ့သက်-
　　သားတလကြီး။

ဤစကားကို ဝိရောဓိစကားဟု ဆိုလေမည်လား။ သဘာဝ ဖြစ်စဉ်မျိုးကား တပည့်ထက် ဆရာက သာ၏။ သားထက် ဖအေက ကြီးသည်သာ ဖြစ်ဘိ၏။ အသက်ပါစကား နှစ်ရပ်သည် သဘာဝဖြစ်ရိုး ဖြစ်စဉ်နှင့် ဆန့်ကျင်သဖြင့် ဝိရောဓိအရာ သက်ရောက်သည်ဟု ဆိုနိုင်ပေသည်ကား မှန်၏။

သို့သော်....ထိုစကားကို ယေဘုယျဟူ၍သာ မှတ်သင့်ရာသည်။ ဆရာ့ဆရာတို့သက် သာလွန်ထူးချွန်သော တပည့်အမြောက်အမြား ထွန်းကားလျက်ရှိကြောင်း၊ ထိုမှတပါး— ကျမ်းဂန်တို့၌ အတည့်အလင်း ဆိုထားသော 'အတိဇာတသား' ဆိုသည်မှာလည်း အဖသက် သာလွန်ထူးချွန်သော သားဖြစ်လေရာ ထိုသို့သော အတိဇာတ သားမျိုးကို 'အဖသက် သားတလကြီး'ဟု ရှေးသူဟောင်းတို့ ကမ္ပည်းထိုးထားခဲ့ကြကုန်သတည်း။

ဤ၌ ဖော်ပြလိုသည်ကား— ဆရာ့ထက် တပည့်က လက်ခေါင်း ထက်ပုံ သာဓကတခု ဖြစ်ပါ၏။ ဖြစ်ရပ်မှာ ရှက်ကြမ်းရေကျိုမျှသာတည်း။ ဆန်းဆန်းပြားပြားကြီးကား မဟုတ်လှ။ သို့သော် အရိုလွန်ပြီး အဆန်း

နယ်ကျုံ ဖြစ်ရပ်ကလေးတခုအသွင်ဖြင့် မြင်နိုင်၏။ ဓမ္မအဆီအနှစ်ကို စစ်ယူသော် အတုံးလိုက်၊အတစ်လိုက် ထွက်လာပေမည်။ ထိုဖြစ်ရပ်ကား ဤသို့ဖြစ်လေသတတ်။

[၁]ကောသမ္ဗီပြည်ဖွား အမျိုးသားတဦးသည် ဘုရားသာသနာ၌ဝင်၍ ရဟန်းပြုလေရာ၊ သူ၏ ဘွဲ့တော်မှာ 'အရှင်တိဿ' ဟု တွင်၏။ သူ၏ ဇာတိနှင့်တွဲ၍'ကောသမ္ဗီအရှင်တိဿ'ဟု ထင်ရှား၏။

ထိုအရှင်သည် ကောသမ္ဗီမြို့၌ ဝါကပ်၍ ဝါကျွတ်သောအခါ သူ့ကို ကိုးကွယ်နေသော ဒါယကာတဦးသည် ထိုအရှင်အား လှူဒါန်းရန်အတွက် တိစီဝရိက်သင်္ကန်း ထောပတ်, တင်လဲများကို ယူဆောင်ခဲ့၍ ထိုကောသမ္ဗီအရှင်တိဿ၏ ခြေတော်ရင်း၌ ထားလှူ၏။ ထိုအခါ "ဤဟာ ဘာလဲ ဒကာ"ဟု ထိုအရှင်က ဒကာကိုမေးသော်—

"အရှင်ဘုရား၊ တပည့်တော်၏ကျောင်းမှာ အရှင်ဘုရားကို ဝါထပ်စေသည် မဟုတ်ပါလား။ တပည့်တော်၏ကျောင်းမှာ ဝါကပ်သော ရဟန်းတို့သည် ဤလှူဖွယ်ဝတ္ထု လာဘ်လာဘရပါကုန်၏။ အလှူခံတော်မူပါကုန် ဘုရား"ဟူ၍ လျှောက်၏။ "ရှိစေတော့ ဒကာ၊ ဤလှူဖွယ်ဝတ္ထုဖြင့် ငါ အလိုမရှိ"ဟု ပစ်ပယ်လေသောအခါ "အရှင်ဘုရား....အဘယ့်ကြောင့် အလိုမရှိပါသလဲ"ဟု မေးလျှောက်သော် "ဒကာ၊ငါ့ထံမှာ ကပ္ပိယ ကာရကလည်း မရှိ။ သာမဏေလည်းမရှိ။ ထို့ကြောင့် အလိုမရှိ"ဟု ဆို၏။

"အရှင်ဘုရား၊ အကယ်၍ ကပ္ပိယကာရက မရှိခဲ့သော်၊ တပည့်တော်၏သားသည် အရှင်ဘုရားထံမှာ သာမဏေဖြစ်ပါစေအံ့"ဟု လျှောက်သည်ကို ထိုအရှင်က လက်ခံလိုက်၏။ ဒါယကာက ခုနစ်နှစ်အရွယ်မျှသာရှိသေးသော မိမိ၏သားငယ်ကို ထိုအရှင်ထံသို့ ခေါ်သွားပြီးလျှင် "ဤသူငယ်ကို သာမဏေ ပြုပေးပါဘုရား"ဟု အပ်လေ၏။

ထိုအခါ ထိုအရှင်သည် သူငယ်အား ဆံချစဉ် တစပဉ္စကကမ္မဋ္ဌာန်းကို ပေး၍ သင်္ကန်းဆီးပေး၏။ ထိုသူငယ်သည် ဆံချပြီးသည်၏အဆုံးတွင် ပါရမီထူးသောကြောင့် ရဟန္တာ အဖြစ်သို့ ရောက်သွားလေ၏။ ထိုသူငယ်ကို သာမဏေ ဝတ်ပေးလိုက်ပြီးနောက် ၁၅ရက်မျှ ထိုကျောင်းမှာပင် နေ၏။ ထိုနောက် "ဘုရားသခင်ကို ဖူးမြော်အံ့"ဟု ထိုသာမဏေငယ်ကို ခေါ်၍ ဇေတဝန် ကျောင်းတော်သို့ သွားလေသော်.... လမ်းခရီးတွင် ကျောင်းတကျောင်း၌ဝင်၍ တည်းခိုလေ၏။

---

[၁]။ ဓမ္မပဒ ဋ္ဌကထာ၊ ၃၊ အရဟန္တဝဂ် 'ကောသမ္ဗိဝါသိတိဿတ္ထေရ သာမဏေရဝတ္ထု၊' ဂဂ။

သာမဏေငယ်သည် ဥပဇ္ဈာယ် ဆရာအော် ကျိန်းစက်ရန် ဇမ္ဗိုက် သရိုက်များရှင်းပြီး အိပ်ရာများခင်းပေး၏။ ဆရာတော်အတွက် အိပ်ရာနေရာများ ပြင်ဆင်ခင်းကျင်းနေစဉ်မှာပင် နေဝင်သွားလေသောကြောင့် မိမိအတွက် အိပ်ရာနေရာကို သုတ်သင် ရှင်းလင်းခွင့်မရ ဖြစ်သွားလေ၏။

ဆရာ "ကိုရင်....သင့်အတွက်ကော အိပ်ရာပြင်ပြီးပြီလား"

ကိုရင် "နေဝင်သွား၍ အိပ်ရာပြင်ခွင့် မရလိုက်ပါဘုရား"

ဆရာ "ဒါဖြင့်ယင် ငါ့ အနားမှာပဲ လာနေ"

ဆရာတော်သည် တပည့် သာမဏေငယ်အား အပြင်၌ တယောက်တည်း စိတ်မချသောကြောင့် သူ့အိပ်ခန်းထဲသို့ ခေါ်သွားလေသည်။ ဆရာတော်ကား ပုထုဇဉ်သာ ဖြစ်လေသောကြောင့် အိပ်လျှင်အိပ်ချင်း ဆိုသလိုပင် အိပ်ပျော်သွားလေ၏။ သာမဏေငယ်ကား စဉ်းစားလေသည်။ "တမိုးတရံတည်းသော ကျောင်း၌ ဆရာတော်နှင့် အတူတကွ ငါအိပ်ခဲ့သော်.... ဆရာတော်မှာ သိဟသေယျ အာပတ်သင့်လတ္တံ့။ ငါမအိပ်ပဲ တညလုံး ထိုင်နေအံ့"ဟု ဤသို့ စဉ်းစားပြီးလျှင် ဆရာတော် ကျိန်းစက်သော ညောင်စောင်းအနီးတွင် ညလုံးပေါက် တင်ပျဉ်ခွေ၍ ထိုင်နေလေသည်။

မိုးသောက်လတ်သော်....ဆရာတော် ကျိန်းစက်ရာမှ နိုးလာပြီး "ကိုရင်ကို နှိုးအံ့"ဟူ၍ ညောင်စောင်းဘေး၌ ထားသော ယပ်ကို ဆွဲ၍ "ကိုရင် ထထ၊ အပြင်ထွက်"ဟု ယပ်ရိုးဖြင့် ကြမ်းပြင်ကို ဆောင့်၍ ဆောင့်၍ နှိုးလေရာ ယပ်ရိုးသည် ကိုရင်၏ မျက်စိကို တည့်တည့်ကြီး ထိုးမိလေသောကြောင့် ကိုရင်ကလေးမျော မျက်လုံးတဘက် ပျက်ကာ ကန်းသွားရှာလေသတည်း။

ဆရာ "ကိုရင်...."

ကိုရင် "ဘုရား"

ဆရာ "ထ-ထ အပြင်ထွက်"

ဤသို့ အပြင် အထွက်ခိုင်းလတ်သော် "တပည့်တော် မျက်လုံးတဘက် ကန်းသွားပြီဘုရား"ဟူ၍ မလျှောက်ထားလေပဲ၊ လက်တဘက်ဖြင့် သွေးသံရဲနေသော မျက်လုံးကို ပိတ်ကာ အသာကလေး ထွက်သွားရှာ၏။

ဝတ်ကြီးဝတ်ငယ် ပြုချိန်အခါ၌လည်း "ငါ မျက်လုံးတဘက် ပျက်နေပြီ"ဟူ၍ အငြိမ်မနေလေပဲ၊ လက်တဘက်ဖြင့် မျက်လုံးကိုပိတ်၊ လက်တဘက်ဖြင့် တံမြက်စည်းကိုင်၍ ကုဋီကိုလည်းကောင်း၊ မျက်နှာသစ်ရာ အရပ်ကိုလည်းကောင်း တံမြက်လှည်းသည်။ မျက်နှာသစ်ရေကို တည်ထားသည်။ နောက် တကျောင်းလုံးကို တံမြက်လှည်းလေသည်။

ကိုရင်ကလေးသည် ဆရာတော်အား တံပူကပ်သောအခါ လက်တဘက်ဖြင့် ကပ်ရလေ၏။ ထိုအခါ ဆရာတော်က ငေါက်လေသတည်း။ "ဟယ်....သာမဏေမိုက်၊ သင်ကြားပြသထားလျက်ကို သင် မှတ်မထား။ ဆရာသမားကို လက်တဘက်တည်းနဲ့ မထပ်ကောင်းဘူး။ နင့် လက်တဘက်က ကျိုးနေသလားဟင်"

ကိုရင် ဤသို့ "လက်တဘက်ဖြင့် မကပ်ကောင်းကြောင်း တပည့်တော် သိ-သိ-သိပါသည် ဘုရား"

ဆရာ "ဒါဖြင့် ဘာကြောင့် ငါ့ကို လက်တဘက်ဖြင့် ကပ်ရသတုန်း"

ဤအခွင့်မှ ကိုရင်သည် ဖြစ်ကြောင်းကုန်စင်ကိုတင်လျှောက်လေ၏။ထိုစကားကြား ကတ်သော် ဆရာတော်မှာ များစွာ ထိတ်လန့်သွားလေသတည်း။

ဆရာ "ကိုရင်"

ကိုရင် "ဘုရား"

ဆရာ "ငါကြီးလေးသော ပြစ်မှုကြီးကို ပြုမိလေပြီကား"

"ချစ်တပည့် သူတော်ကောင်း၊ ငါ့အား သည်းခံပါလော့၊ ထိုသို့ မျက်စိတဘက် ပျက်သည်၏ အဖြစ်ကို ငါ စိုးစဉ်းမျှမသိ၊ ချစ်တပည့် သင်သည် ငါ၏ မှီခိုရာ တွယ်ကပ်ရာ ဖြစ်ပါလော့"ဟု တောင်းပန်၍ လက်အုပ်ချီလျက် ခုနစ်နှစ်မျှသာ ရှိသေးသော ကိုရင်ကလေး၏ ခြေရင်း၌ ဆောင့်ကြောင့် ထိုင်လေ၏။

ထိုအခါ ကိုရင်ကလေးက ပြန်၍လျှောက်၏။ "အရှင်ဘုရား ဤသို့ အကန်တော့ ခံလို၍ တပည့်တော် ပြောရခြင်း မဟုတ်ပါ၊ ဤအကြောင်းကို သိခဲ့သော် ဆရာဘုရား စိတ်မချမ်းမသာ ဖြစ်တော်မူရာမည် စိုးသောကြောင့် မလျှောက်ထားခဲ့ပဲ ယခု မေးဖန်များ၍သာ လျှောက်ရခြင်းပါဘုရား၊ ဤသို့ မျက်စိတဘက် ပျက်ရသော ကိစ္စ၌ ဆရာတော်ဘုရားမှာ လုံးဝ အပြစ်မရှိပါ၊ တပည့်တော်မှာလည်း အပြစ်မရှိပါ။ ဤအဖြစ်ကား— စင်စစ် ဝဋ်၏ အပြစ်သာပါဘုရား ဤအတွက် စိတ်မချမ်းမသာ ဖြစ်တော်မမူပါလင့်ဘုရား"

ကောသမ္ဗီ အရှင်တိဿ မထေရ် ဆရာတော်သည် သာမဏေငယ်က ဤသို့ ဖျောင်းဖျနှစ်သိမ့် ပြောသော်လည်း သက်သာခွင့် မရလေတော့ပဲ သံဝေဂ ကြီးစွာရလျက် သာမဏေ၏ ဘဏ္ဍာများကို ကိုယ်တိုင်ယူဆောင်လျက် ဘုရားသခင်၏ ထံတော်သို့ သွားလေ၏၊ မြတ်ဘုရားသည်လည်း ထိုအရှင်၏ လာခြင်းကို စောင့်မျှော်လျက်သာ နေတော်မူလင့်၏။

ထိုကာလသမယ၌ အရှင် တိဿမထေရ်သည် ရွှေသင်္ကန်းဝင်၍ ဘုရားသခင်ကို ဦးသုံးကြိမ်ချပြီး၊ ဘုရားသခင်နှင့်တကွ ဝမ်းသာဖွယ် စကားကိုဆိုလျက်

ဗုဒ္ဓ "ချစ်သားရဟန်း၊ သင့်အား ချမ်းသာခြင်း ဖြစ်ပါ၏လော၊ တစုံတရာ လွန်မင်းစွာ ဆင်းရဲမှုများ ရှိသလော"

တိဿ "အရှင်ဘုရား ချမ်းသာပါ၏၊ လွန်လွန်ကဲကဲ ဆင်းရဲဟူ၍ တပည့်တော်မှာ မရှိပါ၊ စင်စစ်အားဖြင့်ကား.... ဤသာမဏေငယ်ကဲ့သို့ ဂုဏ်ကြီးသူကို တပည့်တော် မတွေ့ဖူးပါဘုရား"

ဗုဒ္ဓ "ချစ်သားရဟန်း၊ ဤသာမဏေငယ်က အသို့ပြုဘိသနည်း"

တိဿ "အရှင်ဘုရား၊ (ဖြစ်ပုံကို လျှောက်ပြီးနောက်) ဤသို့ သူ့ကို တပည့်တော် ကန်တော့လေသောအခါ သူက တပည့်တော်ကို ဤသို့ ဆိုပါ၏။ 'ဤမျက်လုံးတဘက် မတော်တဆ ပျက်ရသော ကိစ္စ၌ အရှင်ဘုရားတို့အားလည်း အပြစ်မရှိ။ တပည့်တော်မှာလည်း အပြစ်မရှိ၊ ဤအဖြစ်ကား ဝဋ်ကြွေး၏ အပြစ်ဖြစ်ပါသည်။ အရှင်ဘုရားသည် ဤကိစ္စအတွက် စိတ်မကောင်း ဖြစ်တော်မမူပါလင့်'ဟု ဆိုရှာပါ၏။ သူသည် သက်သာအောင်သာ ဖြေသိမ့်နေရှာပါသည်။ တပည့်တော်အပေါ်၌ အမျက်လည်း မထားရှာပါ။ စိတ်လည်းမဆိုးရှာပါ အရှင်ဘုရား၊ ဤသို့ ခမာဂုဏ်၊ မိတိဂုဏ်၊ သမာဓိဂုဏ်နှင့် ပြည့်စုံသောသူကို တပည့်တော်ရှေ့က မတွေ့ဖူး မမြင်ဖူးပါ"ဟု လိုက်လှဲစွာ လျှောက်လေ၏။

ထိုအခါ ဗုဒ္ဓသည် "ချစ်သားရဟန်း၊ ရဟန္တာတို့မည်သည်ကား တစုံတယောက်သောသူအား အမျက်ထွက်လေ့ မရှိကုန်၊ ပြစ်မှားလေ့မရှိကုန်၊ ငြိမ်သက်သော ဣန္ဒြေရှိကုန်၏။ တည်ငြိမ်သော စိတ်ရှိကုန်၏"ဟု အနုသန္ဓေစပ်၍ ဟောလိုရကား ဤဂါထာကို ဟောတော်မူသတည်း။

၉၆။ သန္တံ တဿ မနံ ဟောတိ၊
သန္တာ ဝါစာ စ ကမ္မံ စ၊
သမ္မဒညာ ဝိမုတ္တဿ၊
ဥပသန္တဿ တာဒိနော။ ။

"သမ္မာ—ကောင်းစွာ၊ အညာ-သိ၍၊ ဝိမုတ္တဿ-ဝိမုတ္တိငါးစင်းတို့မှ၊ ရှင်းရှင်း လွတ်မြောက်ပြီးသော၊ ဥပသန္တဿ-ဝမ်းတွင်းပွက်ဆူ၊ ရာဂပူဟု အပူခပ်သိမ်းမှ၊ ငြိမ်းလေပြီးသော၊ တာဒိနော— လောကဓံတရားရှစ်ပါးအလျောက် တွေ့ကြုံရောက်လည်း၊ ဖောက်ပြန်ခြင်းသဘော၊ အဿခီဏာသဝသာမဏေရဿ- ထိုရဟန္တာပုဂ္ဂိုလ် သာမဏေငယ်၏၊ မနံ—စိတ်သည်၊ သန္တံ ငြိမ်သက်သည်၊ ဟောတိ—ဖြစ်၏။မုသာဝါဒါဒိနံ-မုသာဝါဒ

စသည်တို့၏၊ ဝါ-စကားမမှန်၊ ဖောက်ပြန်စွာ ဆိုပြောခြင်း စသည်တို့၏ အဘာဝေန—မရှိခြင်းကြောင့်၊ ဝါစာစ—နှုတ်မှတွတ်တွတ်၊ ရွတ်ဆိုသမျှ စကားသည်လည်းကောင်း၊ ပါဏာတိပါတာဒီနံ—သူ့အသက် သတ်ခြင်း စသည်တို့၏၊ အဘာဝေန—မရှိခြင်းကြောင့်၊ ကမ္မံစ—ပြုသမျှ အမှုသည်လည်းကောင်း၊ သန္တံ ငြိမ်သက်သည်၊ ဟောတိ—ဖြစ်၏။"

ကောသမ္ဗီ—အရှင်တိဿ မထေရ်သည် တရားတော်ကို ကြားနာနေပါ၏။ တရားတော်ကိုမနာရမီက သူ၏ စိတ်နှလုံးတွင်း၌ ဗရုန်းသုန်းကား ဖြစ်နေသည်ကား—ကိုရင်ကလေးအား မျက်စိပျက်အောင် ပြုမိလေသည့်အတွက် ဆွေးတသက်သက်နှင့် အပူမီးလောင်ဓာ အပူကောင် ဖြစ်နေခဲ့ပေသည်။ ရေစင်နှင့် ဖျန်းလေသည့်နှယ် အပူခန်းဆေး၊ အပူကျဆေးကိုသာ ဗုဒ္ဓထံတော်မှ သူမျှော်လင့်၏။ ထိုအချိန်အထိ သူ၏ဆန္ဒ၊ သူ၏ ရလိုရေးသည် နိဗ္ဗာန်တိုင်အောင် မရောက်သေး၊ ခဏပန်း သက်သာခွင့် လောက်ကိုသာ သူမျှော်လင့်ခဲ့၏။ ဘုရားသခင့် ရှေ့တော်မှောက်ရောက်လျှင် ငါ့အပူပျောက်တန်ကောင်းပါရဲ့။ သူ့ဆန္ဒသည် ဤမျှထက် ပိုအံ့မထင်။

သို့သော်....စိတ်ထားမှန်လေသောကြောင့် သူ့အပူသည် မှန်းသည်ထက် ကျသွားလေပြီတည်း။ အတွင်းပူ၊ အပြင်ပူ၊ အပူဟူသမျှ အကုန်လုံးကျပြီး၊ ဝါ—ရာဂပူ၊ ဒေါသပူ၊ မောဟပူ အပူခပ်သိမ်းတို့ ဇာတ်သိမ်းလျက် ရာသက်ပန် ငြိမ်းချမ်းရေးရကာ ရဟန္တာ ဖြစ်သွားလေပြီတည်း။

လူမှန်သမျှ၊ အတွင်းပူ၊ အပြင်ပူ၊ အပူနှင့် လူချည်းသာ ဖြစ်လေရာ ဤသာဓကကို ထောက်လျှင် ကြပ်ကြပ်ပူလေလေ သံဝေဂရလေလေ ဖြစ်၏။ သံဝေဂ စူးစူးစိုက်စိုက်ဖြစ်ခဲ့သော်၊ စူးစူးစိုက်စိုက် သံဝေဂ ရခဲ့သော်....အပူလုံ့တွေကြားမှ၊ နိဗ္ဗာန်စခန်းသည် ဘွားကနဲ ပေါ်လာပုံ၊ စိတ်ဖြင့် မတမ်း လက်မလှမ်းပဲ၊ တန်းဇနဲ ရောက်ရှိသွားပုံကို အားကျဖွယ် မကောင်းပါလား။



## (၁၄) ဗုဒ္ဓနှင့် သာဝကများအား မီးဖုတ်သုတ်သင်ပစ်ရန် ကြံစည်အားထုတ်သော ဂရဟဒိန္နာဆိုသူ၏

## နိဗ္ဗာန်စခန်း လက်တကမ်းဝယ်

"အာဃာတ ထားခြင်း၊
ရန်ငြိုးဖွဲ့ခြင်း၊
လက်စားချေခြင်း"

ဤသဘောတရား ဤအလေ့အထများသည် သမိုင်း ရေစီးကြောင်းတွင် လူနှင့်တကွ တွယ်ကပ်၍ မျောပါလာ၏။ လူရှိနေသေးမျှ သူလည်းရှိနေပေဦးမည်။ လူသမိုင်း မသုဉ်းသမျှ သူ့သမိုင်းလည်း သုဉ်းလိမ့်မဟုတ်သေး။

လူသည် အချင်းချင်း အပေါ်၌ သော်လည်းကောင်း၊ အများအပေါ်၌သော်လည်ကောင်း၊ လူများစုချင်းချင်းသော် လည်းကောင်း၊ လူများစုက တဦးတယောက် အပေါ်၌သော်လည်းကောင် သည်းမခံနိုင်လောက်အောင်သော အကြောင်းကိစ္စရပ်များကို အခြေခံလျက် "နေနှင့်ဦး တနေ့နေ့ ငါ့အကြောင်း သိစေ့မယ်"ဟူ၍ တုံ့ပြန်၍ တတေး၊ နှစ်တေး၊ သုံးတေး စသည်ဖြင့် ထုံးထစ်၍ တေးတေး ထားတတ်ကြကုန်၏။ ဤသည်ကို အာဃာတထားသည် ရန်ငြိုးဖွဲ့သည်ဟူ၍ ဆိုပေသည်။

အဆိုပါ အာဃာတထားခြင်း၊ ရန်ငြိုးဖွဲ့ခြင်းကား "လာမည့်ဘေးကို ချက်ချင်းတွေ့၍ ရင်ဆိုင်ရသည်ထက် ကြောက်စရာ ကောင်း၏"

အဘယ့်ကြောင့်ဆိုသော် မျက်ဝါးထင်ထင် ရင်ဆိုင်ရသော ဘေးသည် အခြေအနေကို ကြည့်၍ ရှောင်သာ၊ တိမ်းသာရှိ၏။ တက်သာ၊ ဆုတ်သာရှိ၏။ ခုသာ ခံသာရှိ၏။ အာဃာတနှင့် ရန်ငြိုးဖွဲ့၍ တေးထားသော ဘေးမျိုးကား မည်သည့် အချိန်တွင် လာမည်လည်းမသိရ၊ မည်သည့်နေရာမည်သူထံမှ လာမည်လည်း မသိရသဖြင့် ခံစရာရှိလျှင် အသားလွတ်ခံရမည် ဖြစ်သတည်း။

ယင်းအာဃာတကိစ္စ ရန်ငြိုးဖွဲ့၍ လုပ်ကြံခြင်းနှင့် ပတ်သတ်၍ ဇာတ်နိပါတ်တို့တွင် ဖြစ်ရပ်ပေါင်းများစွာတို့ကို တွေ့နိုင်၏။ တွေ့ရ၏။ ပုံစံအားဖြင့် ဆဒ္ဒန်ဆင်မင်း ဇာတ်တော်ကြီးကို ကြည့်လျှင် စူဠသုဘဒ္ဒါ မိဖုရားက ဆဒ္ဒန်ဆင်မင်းအပေါ် ရန်ငြိုးဖွဲ့၍ ဆဒ္ဒန်ဆင်မင်းအား လုပ်ကြံခဲ့ပုံ၊ ဗုဒ္ဓလက်ထက်တော်ကလည်း ဝိဋ္ဋူဘ မင်းသားသည် သာကီဝင် မင်းမျိုးတို့အပေါ်၌ ကြီးစွာသော အာဃာတဖြင့် သွေးချောင်းစီးအောင် လုပ်ကြံခံရပုံများမှာ ဖျက်မရသော ပြကွက်များဖြစ်ပါချေ၏။

ဤသို့ဤနှယ် မလိုသားအပ်သော အာဃာတထားမှု၊ ရန်ငြိုးဖွဲ့မှု၊ လက်စားချေမှုမျိုးကား လူ့သမိုင်းစဉ် တလျှောက် ပျောက်ကွယ်သည်ဟူ၍ မရှိ။ ဗုဒ္ဓလက်ထက်တော်၌ဗုဒ္ဓကိုယ်တော်တိုင်ပင်လျှင် အာဃာတစက်ကွင်းအောက်သို့ နောက်ပါ သံဃာများနှင့်တကွ ကျရောက်တော်မူခဲ့ရဖူးပေ၏။ မှန်၏။ အကြောင်းကား ဤသို့ ဖြစ်သတည်း။

သာဝတ္ထိမြို့၌ အလွန်ချစ်လှစွာသော သူငယ်ချင်းနှစ်ယောက် ရှိလေသတတ်။ တဦးကို သိရိဂုတ္တ၊ တဦးကို ဂရဟဒိန္နာဟု ခေါ်တွင်၏။ သူတို့ချင်းချင်း အသက်ပေး၍ ချစ်သော သူငယ်ချင်းများဟု ထင်ရှား၏။ သို့သော်.... လူပုဂ္ဂိုလ်ချင်း အနေအားဖြင့် အဘယ်မျှပင် ခင်စေကာမူ အယူဝါဒချင်းကား လားလားမျှမတူကြ။ သိရိဂုတ္တက-ဗုဒ္ဓဘာသာ၊ ဂရဟဒိန္နာက-မိစ္ဆာဒိဋ္ဌိ ဖြစ်၏။ သိရိဂုတ္တအနေအားဖြင့် ဗုဒ္ဓကို အသက်နှင့် စက်၍ ထပ်တူထပ်မျှ ကိုးကွယ်ဆည်းကပ်ခြင်း ပြုလေသည်နှင့်အမျှ သူ၏သူငယ်ချင်းဖြစ်သူ ဂရဟဒိန္နာ အနေအားဖြင့်လည်း တိတ္ထိဆိုမှ တိတ္ထိ၊ တက္ကတွန်းဆိုမှ တက္ကတွန်း။ မျောက်ပွန်းမခံအောင် ယုံမှတ် ကိုးကွယ်သူ ဖြစ်ချေ၏။

သူတို့နှစ်ယောက်သည် ပုဂ္ဂိုလ်အနေအားဖြင့် အသက်မျှလောက် ချစ်ကြသော်လည်း ဘာသာရေးစခန်းတွင် လမ်းကွဲနေကြ၏။ တဦးကိုတဦး မိမိဘက်ပါအောင် ဆွဲဆောင် သိမ်းသွင်း ပြောသော်လည်း ကြည်ညိုမှုအားချင်း ပြိုင်နေသောကြောင့် ဘယ်သူ့ကို ဘယ်သူကမှ မနိုင်ပဲရှိလေ၏။

ဤသို့ သူငယ်ချင်း နှစ်ယောက်သား ဘာသာရေး အားပြိုင်နေသည်၏အဖြစ်ကို ဂရဟဒိန္နာ၏ဆရာ တိတ္ထိတက္ကတွန်းများက ရိပ်စားမိသဖြင့်

တပည့်ဂရဟာဒိန္နာအားကျိတ်၍အဆွဲခိုင်းလေသည်။ထိုအခါ ဂရဟာဒိန္နာသည် ဆရာသမားများ၏ အားပေးအားမြှောက် ပြုမှုအောက်တွင် သူ့သူငယ်ချင်း သီရိဂုတ္တအား သူ့ဘက်သို့ မရလျှင် ရအောင် သိမ်းသွင်း ဆွဲဆောင်ခြင်း ပြုလေသည်ကား—

"အချင်း သီရိဂုတ္တ၊ သင် ရဟန်းဂေါတမကို ကိုးကွယ် လာခဲ့သည်မှာ ကြာချေပြီကော။ ရဟန်းဂေါတမထံမှ သင်ဘာကို ရဖူးသနည်း၊ ရဟန်းဂေါတမကို ကိုးကွယ်ခြင်းအားဖြင့် သင့်မှာ ဘာမျှ ထူးခြားမှုမရှိ။ ရဟန်းဂေါတမသည် သင့်ကို အကျိုးမပေး၊ သူ့ကို ကိုးကွယ်ခြင်းအားဖြင့် မည်မည်ရရ ထောက်ပြစရာဆို၍ သင့်မှာ ဘာအကျိုးမျှမရှိ။

သေသေချာချာ စဉ်းစားစမ်းပါ...သီရိဂုတ္တ၊ ငါ၏ အရှင် သခင် ကိုယ်တော်မြတ်ကြီးများ ဖြစ်ကြကုန်သော တိတ္ထိတက္ကတွန်း တို့ကို ဆည်းကပ်လျှင် မကောင်းပေဘူးလား။ ဤအရှင်မြတ်ကြီး တို့သည် သင်၏ကိုးကွယ်ဆည်းကပ်ခြင်းကို ခံယူထိုက်သောအရှင်များ မဟုတ်ပေဘူးလား၊ ငါ သင့်ကို ချစ်လွန်း၍ တိုက်တွန်းခြင်း ဖြစ်၏။ လေးလေးနက်နက် စဉ်းစားစမ်းပါ သူငယ်ချင်း"

ဗုဒ္ဓကို ထိပါး ပုတ်ခတ်၍ ပြောဆိုလာသော ဆွယ်တရား၊ ပိုးတရား စကားများကို ကြားရသောအခါ သီရိဂုတ္တ သည် "ဤစကားကို အခြားသူ တဦးဆိုလျှင် ထိုသူအား ဝေ၍ ထိုးတော်း ထိုးပစ်မည် ဖြစ်သော်လည်း ယခုကမူ မိမိ၏ ချစ်စွာသော သူငယ်ချင်း ဖြစ်နေသော ကြောင့် မနှစ်ခြိုက်သော်လည်း မည်သို့မျှ စကား တုံ့မပြန်လေပဲ အသာမှိန်း ၍သာနေလိုက်၏။ ဂရဟာဒိန္နာလည်း နောက်ခံ ဆရာသမားတွေ အားကိုး ရှိလေသောကြောင့် "တနေ့ကျလျှင် မုချ ငါ့အလိုသို့ ပါရမည်" ဟူ သော တွက်လုံးဖြင့် မီးခိုးမဆုံး မိုးမဆုံး ဆိုသကဲ့သို့ သီရိဂုတ္တအား တလုံး သွင်း၊ နှစ်လုံးသွင်းဖြင့် နေ့ညမစဲ ဆွဲဖန်များလာသောအခါ သီရိဂုတ္တမှာ နားငြီးလာလေသောကြောင့် သည်းမခံနိုင်လောက်အောင် နားဝယ် ယားကျိကျိဖြစ်လာရကား—

"သူငယ်ချင်း အချင်းဂရဟာဒိန္နာ သင် နေ့ရှိသမျှ ငါ့ကို တတွတ်တွတ်နှင့် အာပေါက်မတတ် ပြောချေ၏။ ရဟန်းဂေါတမ ထံမှ ဘာရသနည်း ဟု တပ်တလဲလဲမေး၏။ တိတ္ထိ တက္ကတွန်းများ အား လှူဒါန်းရန်ကိုလည်း ငါ့အား တဖွဖွ တိုက်တွန်း၏။ ငါ မေးပါရစေသူငယ်ချင်း၊ သင့်ဆရာကြီးများကို ကိုးကွယ်ဖို့အရာမှာ

ထိုသင့်ဆရာများက အဘယ်သိကုန်၊ မြင်ကုန်ပါသလဲ၊ အဲဒါကို တဆိတ်ငါ့ကိုရှင်းပြစမ်းဦး သူငယ်ချင်း"

ဤသို့ မေးလိုက်သည်တွင် ဂရဟာဒိန္နာသည် ခပ်ဟာဟာ ကလေး ရယ်ပြုံး ပြုံးလိုက်ပြီးနောက် သီရိဂုတ္တ၏ အသည်းနှလုံးကို ထုတ်ချင်းခတ် တိုးလျှိုပေါက်ထိရောက်ရော့လဟယ် ဟု ဒုတိယမြားတစင်းဖြင့် ခွင်းလိုက်၏။

"ဟား....ဟား အံ့ဩစရာ ကောင်းပါတိ သူငယ်ချင်း ရယ်။ ငါ့အရှင် သခင်ကိုယ်တော်မြတ်ကြီးတွေကို အထင်မသေး ပါလေနဲ့၊ ဤသို့သော အထင်သေးဖွယ် စကားကို မဆိုကောင်းဘူး သူငယ်ချင်း၊ စင်စစ်အားဖြင့်ဆိုသော် ငါ့ကိုယ်တော်ကြီးများကို စမ်းလိုရာက သင်စမ်းဘိလေော့။ သူတို့ မသိသော အရာဟူသည်မရှိ၊ အားလုံးကိုသိရှိပေကုန်၏။ အတိတ်ဖြစ်ရပ်များကိုလည်း သိကုန်၏။ အနာဂတ် ရေးကိုလည်း မှန်အောင် တွေးခေါ် တတ်ကုန်၏။ ပစ္စုပ္ပန်မြင်ကွင်းကိုလည်း အထင်းသားပေါ်အောင် ပြနိုင်စွမ်းရှိကုန် ၏။ ဘယ်နေရာ မဆို ကိုယ်အားဖြင့် ပြုလုပ်ခဲ့သော ကာယကံမှု၊ နှုတ် ဖြင့်ဆိုပြောခဲ့သော ဝစီကံမှု၊ စိတ်အားဖြင့်ကြံတွေးခဲ့သောမနောကံမှု၊ ကံသုံးပါးပြုပြုသမျှအားလုံး အကုန်သိ၏။ "သည်ဟာဖြစ်လတ္တံ့ သည်ဟာမဖြစ်" ဟူ၍လည်းကောင်း၊ သည်ဟာမူကား၊ မဖြစ်သင့် မဖြစ်ထိုက်ဟူ၍လည်းကောင်း သေသေချာချာ ဂဃဏနသိရှိတော် မူသည့် အရှင်မြတ်ကြီးတို့ပါပေဘကား သူငယ်ချင်းရယ်"

ဟု ဤသို့ အူလှိုက်သည်းလှိုက်၊ နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြောဆို သိမ်း သွင်းနေသည်ကို သီရိဂုတ္တသည် သူ့ သူငယ်ချင်းအား အားနာလာဟန်တူ၏။

သူ၏နှုတ်မှ မထွက်စဖူးသော စကားကို ဤနေ့တွင် သူမြွက်ကြား လိုက်လေ၏။

"ဤသို့ ဖြစ်ပါလျက် သင်၏ ဆရာတော်များ၏ အကြောင်းကို ငါ့အား တခွန်းတပါဒမျှ ဤသို့ မြွက်ဟခြင်း မပြုခလပဲ ထိန်ချန်ထားခြင်း ကား လားလားမျှ သင့်အံ့ ငါမထင်။ ရှိစေတော့ သူငယ်ချင်း။ ယခု သင်၏ အရှင်ကောင်းများ အာနုဘော်ကို ငါ ရိပ်စားမိပြီ။ ငါ့ဉာဏ်ဖြင့် နှိုင်းချိန် နိုင်ပြီ။ ပြောနေလျှင် ကြာရော့မည် သူငယ်ချင်း၊ သင် အမြန်သွားပါချေ၊ သင်၏ အရှင်ကောင်းများကို ငါ၏ကိုယ်စား၊ ငါ့စကားဖြင့် ဆွမ်းဖိတ်ပါ ချေ။ ငါမနက်ဖြန်ပင် ဆွမ်းကပ်လိုသည် သူငယ်ချင်း"ဟု ဆို၏။

ဂရဟာဒိန္နာသည် ထိုစကားကြားသော် ရုတ်တရက် သူ့နားကိုပင် သူမယုံနိုင်အောင် ဖြစ်သွား၏။ နောက်တွင်မူ သူသည် တိတ္ထိတို့၏ ကျောင်း သို့ ကဆုန်ချ၍ ပြေးလေတော့သတည်း။

"သီရိဂုတ္တက မနက်ဖြန် သူ့အိမ်ဂေဟာ ဆွမ်းဘုန်းပေးရန် ကြွတော်မူပါတဲ့ ဘုရား" ဟု လျှောက်လျှင် အစပထမတွင် ဂရဟဒိန္နာ၏ စကားကို တိတ္ထိတို့ အယုံအကြည်မရှိကုန်။ "ဒကာ ဤစကားကို သီရိဂုတ္တကိုယ်တိုင် ဆိုခြင်း ဟုတ်ပါလေစ" ဟူ၍ မယုံသဖြင့် ထပ်ဆင့် မေးခွန်းများပင် ထုတ်ကြကုန်၏။ မှန်ကန်ကြောင်းကို လျှောက်သောအခါ၌ကား—

"အိမ်း....ဤသို့ဖြစ်ဘိသော် ကောင်းစွ ကောင်းစွ၊ ငါတို့ကိစ္စ ပြီးပြီ။ လမ်းဆုံးသို့ ရောက်ပြီ၊ သီရိဂုတ္တ ကဲ့သို့သော သဋ္ဌေးက ငါတို့ကို ဆည်းကပ်ကိုးကွယ်လာသော် ငါတို့မှာ-မပြည့်စုံသောအရာ၊ လိုနေသောအရာ၊ ဟာနေသောအရာ ဟူ၍ အဘယ်မှာလျှင် ရှိနိုင်ပါချိမ့်တော့မည်နည်း" ဟု တိတ္ထိတက္ကတွန်း အားလုံးတို့သည် ဝမ်းသာမဆုံး တပြုံးပြုံးနှင့် ရှိနေကုန်သတည်း။

သီရိဂုတ္တသည် ဇုဒ္ဓဝါဒီ၊ ဥပါသကာ သဋ္ဌေးတဦး ဖြစ်ပါလျက် တိတ္ထိတက္ကတွန်းများကို သူ့အိမ်သို့ ပင့်ဖိတ်လိုက်ခြင်းမှာ အလွန်အလွန် အံ့မခန်းအောင် ဆန်းနေ၏။ သို့သော် သူ့မှာ သူ့ဟာနှင့်သူ လုံလောက်သော အကြောင်းရှိပေ၏။ ထိုအကြောင်းကား တိတ္ထိတို့အား လက်တွေ့ကျကျ စမ်းလိုခြင်း ဖြစ်၏။ သူ့သူငယ်ချင်း ဂရဟဒိန္နာက သူ၏ ဆရာသမား တိတ္ထိကြီးများကို "ဘာတွေသိသည်။ ညာတွေသိသည်။ သူတို့ မသိသော အရာမရှိ။ အကုန်လုံးကိုသိသည်" ဟူ၍ အမွှမ်းတင် ဆိုပြောသော စကားများအရ၊ တကယ်သိ မသိ အဟုတ်သိ၊ မသိကို လက်တွေ့ စမ်းသပ်ကြည့်လိုသော စိတ်က သူ၏ ငယ်ထိပ်ကို ခဏခဏ လာပုတ်နေလေသည်။

ထို့ကြောင့်....သူသည် သူ၏ အိမ်နှစ်ဆောင်ကြားတွင် ကျယ်ဝန်းသော မြေကွက်လပ်၌ မကျင်းကနား ကြီးစွာ ထိုးလေ၏။ မကျင်းထိုးပုံကား ရှေးဦးစွာ အိမ်နှစ်ဆောင်ကြားကို ရှည်လျားစွာ တူးမြောင်းကြီး တူးစေသည်။ ထိုတူးမြောင်းထဲသို့ မစင်ရေများ လောင်းထည့်ထားစေသည်။ ယင်းမစင်မြောင်းကြီးပေါ်တွင် နေရာထိုင်ခင်းအတွက် စီရင်လေသည်။ ကား တူးမြောင်း၏ ဟိုဘက်ထိပ် သည်ဘက်ထိပ်၌ ခိုင်ခန့်စွာ ငုတ်ရိုက်လျက်၊ ယင်းငုတ်နှစ်ဘက် ဆက်မိအောင် ကြိုးတန်းရှည်ကြီး သွယ်တန်းလိုက်ပြီးနောက်၊ ယင်းကြိုးတန်းနှင့် တဘက်မှ အလျားလိုက် မြောင်းနှုတ်ခမ်း ပေါ်တွင် ပျဉ်ချပ်များကိုဝါးပတ္တလား စီသကဲ့သို့ စီအောင် စီခင်းထားသည်။

ကြိုးတန်းကြီးကို အလွယ်တကူ ဖြတ်ချနိုင်အောင် ခလုတ်များ တပ်ဆင်ထားလေရာ ခလုတ်ဖြုတ်လိုက်သည်နှင့် ဇပြိုင်နက် ပျဉ်ချပ်များသည် တဘက်စောင်းနင်း စောင်းလျှောစိုက်ပြီး မစင်မြောင်းကြီးထဲသို့ စောက်ထိုးမိုးမျှော် ကျကုန်စေရန်အတွက် ဤသို့ စီမံထားခြင်းဖြစ်၏၊

နောက်တနေ့ နံနက်ခင်း ဝေလီဝေလင်း အချိန်လောက်သာ ရှိသေး၏။ ဂရုဟာဒိန္နာတယောက် သီရိဂုတ္တ၏အိမ်သို့ စောစောစီးစီး ပေါက်လာလေသည်။ "ငါ့သူငယ်ချင်း ဟုတ်မှ ဟုတ်ပါ့မလား"ဟု ဘဝင်မကျ စိတ်မချသောကြောင့် ကိုယ်တိုင်လာရောက်၊ ထောက်လှမ်းခြင်း ဖြစ်၏။

မဏ္ဍပ်ကနားနှင့် အားရဖွယ် ကောင်းလောက်အောင် ယာဂု၊ တင်လဲ ထောပတ်စသော လှူဖွယ်ဝတ္ထုများကို အိုးကြီး၊ အိုးငယ် အသွယ်သွယ်ဖြင့် အဆင်သင့် တင့်တယ်ဖွယ်ရာစွာ စီမံထားသည်ကို တွေ့ရလေသောအခါ ဝမ်းသာဝမ်းမြောက် ကဆုန့်ပေါက်လျက် တိတ္ထိကျောင်းသို့ ပြေးပါလေ၏။ တိတ္ထိအရှင်မြတ် ငါးရာ့တို့ကို ကိုယ်တိုင် ရှေ့ဆုံးမှ ဦးဆောင်လျက် ပင့်လာ၏။

သီရိဂုတ္တလည်း မဏ္ဍပ်ရှေ့ထွက်၍ လိုက်လှဲစွာ ကြိုဆိုနေပါ၏။ တိတ္ထိ ကိုယ်တော်ကြီးများ ကြွလာသည်ကို မြင်လေသောအခါ၊ ထိုခြင်းကြီး ငါးဖြာဖြင့် ရိုသေစွာ ရှိခိုးလိုက်ပြီး ခြေကိုစုံရပ်၍ မတ်တက်ရှိခိုးလျက် စောင့်ကြိုနေ၏။ သူ၏ စိတ်ထဲမှာမူ တရွရွနှင့် ဖြစ်နေ၏၊ "အကုန်တကယ် သိရိုးမှန်ခဲ့သော် အောက်က မစင်မြောင်းကြီး ခံထားမှန်း သူတို့သိချိမ့်မည်။ သိခဲ့သော် မဏ္ဍပ်တွင်းသို့ သူတို့ မဝင်တန်လေရာ။ မသိ၍ ဝင်လာကြဘိမူကား သင်းထိုက်နှင့် သင်းတို့ကံ ခံပလေ့စေ.... ခံပလေ့စေ" ဟူသော အတွေးသည် သူ့ဝမ်းခေါင်းထဲတွင် ယောက်ယက်ခတ် ပြေးနေ၏။

သို့နှင့်ပင် တိတ္ထိတို့သည် တဖြောက်ဖြောက်နှင့် မဏ္ဍပ်ထဲ ရောက်လာကုန်၏။ စီမံခင်းကျင်း ထားပုံများမှာ သံသယဖြစ်ဖွယ် စိုးစဉ်းမျှမရှိ၊ အလွန်ပိရိလှ၏။ မဏ္ဍပ်တွင်းသို့ တိတ္ထိများ ခြေဘာက်နင်းမိစ အချိန်ကပင် ခလုတ်ဖြုတ်မည့် အလုပ်သမားများသည် သူတို့သခင် သီရိဂုတ္တ၏ မျက်နှာကို မကြာမကြာ လှမ်းလှမ်း ကြည့်ကြသည်။

ထိုသချိန်သည် အရေးကြီးသော အချိန် ဖြစ်သည့် အလျောက် သီရိဂုတ္တ၏ မျက်လုံးများသည်လည်း ပိတုန်းကောင်များပမာ မဏ္ဍပ်တခွင်မှာ ဝဲနေ၏။ ခလုတ်ဒေါက်ဖြုတ်မည့် အလုပ်သမားများဆီ ရောက်သွားလိုက်၊ တိတ္ထိများ ခြေစကြာကွန့်၍ တလွန့်လွန့် ဝင်လာသည်ကို ကြည့်လိုက်နှင့် ပျာယာခတ် ဖြစ်နေသည်။ လူကုန် တက်ကုန် ဆိုသကဲ့သို့ တိတ္ထိအပါး ငါးရာ စလုံး စုံလင်စွာ မဏ္ဍပ်တွင်းသို့ ရောက်သည်နှင့် တပြိုင်နက် ဒေါက်ဖြုတ် အလုပ်သမားများအား မျက်ရိပ်ပြလိုက်ရာ 'ဝုန်း' ဆိုသော အသံကြီးနှင့်အတူ၊ တိတ္ထိတွေအားလုံး မစင်မြောင်းကြီးထဲတွင် ငါးဖလောင်းကောင်များ အလား.... 'ဗူးဝါး....ဗူးဝါ၊'နှင့် ရှိနေကုန်လေ၏။

သီရိဂုတ္တ၏ လုပ်နည်း လုပ်ဟန်ကား အကြံပိုင်လှဘိစွ၊ တိတ္ထိတို့ မစင်မြောင်းထဲမှ တက်ရန် လမ်းတလမ်းသာ ဖွင့်ပေးထားပြီး ထိုလမ်း

တလျှောက်လုံး လျှောက်မိလျှင် တုံးကနဲ ဗုန်းကနဲ လဲကုန်အောင်ချွဲကျိသော တရော်ရည်စသည်တို့ဖြင့် လိမ်းကျံပက်ဖျန်းထား၏။ သူနှင့်တကွ သူ့လက်သုံးတော်များကား ကတွတ်ပေါက်က ငါးစောင့်နေသော ဗျိုင်း၏အလား၊ တုတ်ကိုယ်စီနှင့် စောင့်နေ၏၊ ဗရုန်းသုန်းကား ကမန်းကတန်း မြောင်းထဲမှ ပြေးတက်လာသော တိတ္ထိတို့အား "သင်တို့ ဘာကိုမဆို အကုန်သိတယ်ဆို။ သိလျက်သားနဲ့များ ယာရသလား ဟင်....၊ကဲ...လာချင်ဦးဟဲ့....လာချင်ဦးဟဲ့"ဟူ၍ ကြိမ်လုံးဖြင့်ဆော်ကြကုန်၏။ ကြိမ်ဆော်ခံရသဖြင့် ပြေးပြန်လျှင် လမ်းပေါ်တွင် ချော်၍ ဗိုင်းကနဲ ဗိုင်းကနဲ လဲလေကုန်၏။ ထိုအခါ လက်သုံးတော်များက ကြိမ်စကြာ ဖွင့်ကြကုန်လေရကား ကြိမ်သံကလည်း တရွမ်းရွမ်း၊ တိတ္ထိတို့ပြေးသံ လွှားသံနှင့် ဟစ်ကြွေး ဆူပူသံများကလည်း ညံမစဲနှင့် သီရိဂုတ္တ၏ ဆွမ်းဒါနအလှူပွဲကား ဤသို့ ဤနှယ်သော ရုပ်ကြွ ရုပ်လုံးတို့ဖြင့် နိဂုံးချုပ်သွားလေသတည်း။

ယင်းဂယက်ကားသာဝတ္ထိတမြို့လုံး အုတ်အုတ်ကျက်ကျက်ပွက်လော ရိုက်သွားလေ၏၊ မြို့လယ်ခေါင်တွင် မျက်နှာပြောင်တိုက်ပြီး တို့ကိုယ်တော်ကြီးတွေကို အရှက်ခွဲချမည်လား၊ သိက္ခာချရမည်လားဟူ၍ တိတ္ထိဂိုဏ်းဝင် အကြင်သို့သော ဒကာ ဒကာမအပေါင်းတို့သည် သီရိဂုတ္တအပေါ်၌ ဒေါသ မျက်စောင်း တချောင်းချောင်းနှင့်ရှိနေကုန်၏။ အစိမ်းလိုက် ဝါးစားပစ်ချင်လောက်အောင် မကျေနိုင်၊ မချမ်းနိုင်ဒေါသ တလှိုင်လှိုင် ဖြစ်နေကုန်၏။

ဤဖြစ်ရပ်၏ နောက်ဖျား၊ များမကြာမီ ကာလအတွင်း မှာပင် ဂရဟဒိန္န၏ အိမ်မှနေ၍ ပြဿနာမီးလုံးကြီးတခု ဟုန်းကနဲ ထလာပါလေ၏။ တိတ္ထိကိုယ်တော်ကြီးများနှင့် ဂရဟဒိန္နတို့ ယင်ပြဿမှုနှင့် ပတ်သက်၍ ရှေ့သို့ မည်သို့ဆောင်ရွက်သွားမည်ကို ဆရာဒကာ ခေါင်းချင်းဆိုင် တိုင်ပင်၍ ပန္နက်ချနေကြ၏။ "သီရိဂုတ္တသည် တို့ကိုသာ စော်ကားလေသည် မဟုတ်၊ တို့သာသနာကိုပါ သူဖျက်ဆီးနေသည်၊ သိက္ခာကျအောင်ချနေသည်။ လူတွေအကြည်ညိုတန်အောင် ကာယကံမြောက် ယုတ်ယုတ်မာမာ ကျင့်ကြံနေပြီကော။ ဤသူကို ငါတို့ လက်ပိုက် ကြည့်နေကုန်မည်လော" ဟူသော အသံများသည် ဤဆွေးနွေးပွဲမှ ထွက်လာသည့် ပဲ့တင်သံများဖြစ်လေသည်။

ထိုအချိန်တွင် ဒေါသမှိုင်းခိုးများ ရိုက်ထားသဖြင့် ဂရဟဒိန္န၏ မျက်နှာကြီးတခုလုံးမှာ ဟင်္သပြဒါးတုံးကဲ့သို့ရဲနေ၏။ "တပည့်တော်ကြောင့် အရှင်ဘုရားတို့ယခုကဲ့သို့ ကျော်မကောင်းကြားမကောင်း ဖြစ်ရသည့်အတွက် တပည့်တော် ဝမ်းနည်း၍မဆုံးပါ"ဟု တုန်တုန်ယင်ယင် ထွက်လာသော ဂရဟဒိန္န၏ မကျေနိုင် မချမ်းနိုင် အသံသည်လည်း လေဟာပြင်ထဲဝယ် တဝဲဝဲနှင့်ချာချာလည်လျက် ရှိနေ၏။

ယင်း အစည်းအဝေး၏နိဂုံး၌ ဆုံးဖြတ်ချက်၂ခု ထွက်လသည်ကား

၁။ သီရိဂုတ္တ သဌေးအား ဘာသာ, သာသနာဖျက်ဆီးမှုဖြင့် တရားစွဲရန်။

၂။ "ယင်းတရားစွဲမှု တာဝန်အားလုံးကို ဆောင်ရွက်ခွင့်ပြုပါရန် ဂရဟဒိန္နာ၏ ပန်ကြားချက်ကို သံဃာများက သဘောတူ ခွင့်ပြုရန်" ဟူပေ၏။

ထိုခေတ် ထိုအချိန်တွင် သာဝတ္ထိတမြို့လုံး နေရာအနှံ့ အပြားတို့၌ ထိုသတင်း စကား လောက် ရေပန်းစားသော သတင်းမရှိ "ကြွားဝါချင်လှတဲ့ တိတ္ထိတွေကို ဒီလိုလုပ်ပေးတဲ့ လူလဲ ရှိဦးမှ"ဟု ဆိုသူကဆို။ "အို.... ကိုယ်မကိုးကွယ်ချင် အနေသာကြီးပ။ ဘောက်မွဲကြောင့် အရှက်တကွဲ အကျိုးနည်းဖြစ်ကုန်အောင်လုပ်ရသတုန်း"ဟူ၍ပြောသူကပြော၊ "ဟောဗျ၊ သည်အရေးဟာ နှယ်နှယ်ရရ အရေးမဟုတ်ဘူး၊ ဘာသာရေး သာသနာရေးဗျ၊ ဘာသာထိ မခါအောင် နာသူ တွေကလဲ အများသားမို့ ဒီကိစ္စ၊ ဒီမီးဟာ ဘယ်အထိ လောင်သွားမယ်မသိဘူး"ဟု ဆိုသူကလဲ မရှား။ "သဟာဖြင့်ယင် မကြာခင်ဆိုသလိုပဲ ပွဲကြီးပွဲကောင်း ကြည့်ရဦးမှာပ"ဟု စောင့်သူကစောင့်၊ မျှော်သူကမျှော်နှင့် ရှိနေကြကုန်၏။

မျှော်ဆဲမှာ အတော်ပါပဲ၊ ပွဲကြီးပွဲကောင်းလာပါချေပြီ။ ယင်းကိစ္စနှင့်ပတ်သက်၍ ဂရဟဒိန္နာ သဌေးကိုယ်တိုင် တိတ္ထိဂဏအဖွဲ့အစည်းဘက်မှ တရားလိုပြုလုပ်၍ ကောသလ မင်းကြီးထံ တိုင်ကြားပြီး သီရိဂုတ္တ သဌေးအား "ဘာသာ သာသနာဖျက်ဆီးမှု"ဖြင့် တရား စွဲလေပြီတည်း။

ထိုအမှုမှာ လူတိုင်း စိတ်ဝင်စားနေသော ဘာသာရေး သာသနာရေး အမှုကြီးဖြစ်သောကြောင့် သာသနာ့ ဒါယကာဖြစ်သော ကောသလ မင်းကြီးကိုယ်တိုင် ကိုင်တွယ်စီရင်တော်မူသည်ဖြစ်ရာ မင်းကြီးသည် ထိုအမှုကို သက်ဆိုင်ရာ အမှုသည်များနှင့်တကွ ရဟန်းရှင်လူ၊ သူခပ်သိမ်းတို့ လက်ခံနိုင်လောက်အောင် ဓမ္မဓိဋ္ဌာန်ကျကျ မည်သို့ စီရင် ဆုံးဖြတ်တော်မူလေမည်နည်း။ စီရင်ချက်သည် ကောသလမင်းကြီး၏ ဉာဏ်ဦးနှောက်မှထွက်လာသည့် စီရင်ချက်ဖြစ်သော်လည်း ပူရဏကဿပ၊ မက္ခလိဂေါသာလ စသော ဗုဒ္ဓ အမည်ခံနေသူတို့ကလည်းကောင်း၊ အခြား အခြားသော ဘာသာဝင်တို့ကလည်းကောင်း၊ ကောသလမင်းကြီး၏ စီရင်ချက်, ဟူ၍ မမြင်။ "ဗုဒ္ဓဝါဒီတဦး၏ စီရင်ချက်"ဟူ၍သာ မြင်ကြကုန်လိမ့်အံ့။ ထို စီရင်ချက်သည် အားကိုးအားထား ပြုလောက်သော ရေပက်မဝင်နိုင်အောင် သိပ်သည်း, သေချာ, စေ့စပ်လှသော စီရင်ချက်ဖြစ်ခဲ့သော်ကောင်း၏။ ယင်းသို့မဟုတ်လေပဲလျော့လျည်းလျော့လျဲ၊ ပျော့နွဲ့နွဲ့စီရင်ချက်

မျိုးဖြစ်နေခဲ့သော်... ဗုဒ္ဓ၏ ဂဏအဖွဲ့အစည်းကြီး တရပ်လုံး၊ ဂုဏ်အသရေ ညှိုးမှိန်သွားမှာစိုးရသည်ဟူ၍ အချို့က ထွက်လာမည့် စီရင်ချက်ကို ရင်တမမနှင့် စောင့်ကြိုနေကြကုန်၏။

လောကီ လောကုတ္တရာ၊ ပညာဗဟုသုတနှင့်ပြည့်စုံသော ကောသလ မင်းကြီးသည် ကျရောက်လာသော ရာဇဝတ်ဝန်ကြီးကို ဝံ့ရဲစွာ ထမ်းဆောင် လိုက်လေပြီ။ အမှုသည်များ ဖြစ်ကြသော တရားလို ဂရဟဒိန္နသဌေးနှင့် တရားခံ သီရိဂုတ္တတို့ကို ရှေ့တော်သို့ ခေါ်ယူစစ်ဆေးပြီးလျှင် ယင်းတို့၏ ထွက်ဆိုချက်များအရ အမှုသွား အမှုလာကို ဓမ္မဓိဋ္ဌာန်ကျကျ သေချာစွာ လေ့လာသုံးသပ် ဝေဖန်၍ ထိုအမှုကို ဝံ့ရဲစွာ စီရင်ချက်ချတော်မူလေသည် ကား....

## ဘသာသာသနာ ဖျက်ဆီးမှု
## တရားစီရင်ဆုံးဖြတ်ချက်

အမှုမှာ သာဝတ္ထိမြို့ သဌေးဂရဟဒိန္နက တမြို့တည်းနေ သဌေးသီရိဂုတ္တ အပေါ်၌ စွဲဆိုထားသော 'ဘာသာ သာသနာ ဖျက်ဆီးမှုတရား' ဖြစ်ရာ ယင်း တရားကို စီရင်ဆုံးဖြတ်ရာတွင် ရှေးဟောင်း ဓမ္မသတ် ဖြတ်ထုံးတို့၌ လာရှိသည့် တရားသူကြီးတို့ လိုက်နာကျင့်သုံးအပ်သော—

(၁) အမှုသည်တို့အား ချစ်သူ, မုန်းသူ, မခွဲခြားခြင်း။ (၂) အမှုသည်တို့က လျှောက်သည့်စကားကို ကောင်းစွာ လက်ခံ နာယူခြင်း။ (၃) အမှုသည်တို့၏ လက္ခဏာကို ဆင်ခြင်ခြင်း။ (၄) အမှုသည်တို့၏ အမျိုးဇာတ်ကို ဆင်ခြင်ခြင်း။ (၅) တရား လမ်းကို ကောင်းစွာ ဆောက်တည်ခြင်း။ (၆) အမှု၌ဖြစ်လတ္တံ့ အနာဂတ်ကို ဆင်ခြင်စီရင်ခြင်း။ (၇) ကျေးဇူးမဲ့ ပြောသည်ကို အမျက်မထွက်ခြင်း။ (၈) တံစိုးလက်ဆောင် မလိုက်စားခြင်း။ (၉) စဉ်းလဲသည်ကို အလိုမရှိခြင်း။ (၁၀) တရား၏ ပြီးပြတ် ခြင်းကို အလိုရှိခြင်း။

ဤဆယ်ပါးသော ကျင့်ဝတ်လက္ခဏာများနှင့် ညီညွတ်စွာ ကောသလဟူ၍ ရအပ်သော အမည်ရှိသော ငါဘုရင်မင်းမြတ်သည် ဤသည် ဘာသာသာသနာ ဖျက်ဆီးမှုတရားကို ဓမ္မဓိဋ္ဌာန်ကျနစွာ စီရင်ဆုံးဖြတ်အံ့သတည်း။

တရားမှုခင်းဟူ၍ဖြစ်လာသော် တရားသဖြင့်သာလျှင် ပြီးပြေ စေရာ၏။ ယင်းသို့ တရားသဖြင့် ပြီးပြေစေရန်အလို့ငှာ မူလာယ ပဋိကာသေယျ ဟူသော ဒေသနာတော်နှင့်အညီ တရား၏ မူလဘူတ ရင်းမြစ်ကို ရှာရသည်။ လိုက်ရသည်။ ရင်းမြစ်ကိုပိုင်မှ တရားကို ဆုပ်ကိုင်နိုင်မည် ဖြစ်သည် ဆိုသောအတိုင်း ဖြစ်ပွားလာသော ဤတရား၏ ရင်းမြစ်ကို သေချာစွာ စီစစ်ရှာဖွေခဲ့သည်တွင် 'သိမ်း သွင်းမှု'ကို ဤတရား၏ ရင်းမြစ်အဖြစ် ငါတွေ့ရ၏။ ဤတရားကား သိမ်းသွင်းမှုမှ စတင် ဖြစ်ပွားသောတရား ဖြစ်၏။

အမှုသည် နှစ်ဦးတို့၏ ထွက်ဆိုချက်များကို ထောက်ဆ ဆင်ခြင်သော် သိမ်းသွင်းမှု၏ အသွင်သည် ပီပီပြင်ပြင် ပေါ်ထင် လာသည်ကို တွေ့ရ၏။ တရားခံ သိရိဂုတ္တက ထွက်ဆိုသည်မှာ သူ့ကို ဂရဟဒိန္နက "ရဟန်းဂေါတမထံမှ သင် ဘာရဖူးသနည်း။ ရဟန်း ဂေါတမကို ကိုးကွယ်ခြင်းအားဖြင့် သင့်မှာ ဘာမျှ အကျိုးမရှိ။ ငါကဲ့သို့ တိတ္ထိဘက္ကတွန်း အရှင်ကြီးများကို ကိုးကွယ်ပါလော့။ ငါ့အရှင် တက္ကတွန်းကိုယ်တော်ကြီးများကား အလွန်တန်ခိုးကြီး၏။ သူတို့မသိသောအရာ ဘာမျှမရှိ။ အတိတ် အနာဂတ် ပစ္စုပ္ပန် အားလုံးကို အကုန်သိကြကုန်၏ဟု ဗုဒ္ဓဂေါတမကိုထိပါးပုတ်ခတ်ပြီး တိတ္ထိတက္ကတွန်းတို့၏ ဂုဏ်ပုဒ်များကို ထုတ်ဖော်ချီးကျူးကာ ဆွယ် ပိုးပါသည်"ဟု ထွက်ဆိုသည်။ ထိုစကားမှာ သိမ်းသွင်းမှုကိုဆိုသော စကားပင်တည်း။

ဤသို့ သိရိဂုတ္တ ထွက်ဆိုသွားသော စကားများ မှန်မမှန်ကို ဂရဟဒိန္နက ဝန်ခံပေသည်။ ဤ၌ သိမ်းသွင်းခြင်း သက်သက်ကိုမူ အပြစ်ဟူ၍ မယူအပ် မဆိုအပ်၊ သို့သော် တရားသော ဖြောင့်မှန် သော နည်းဖြင့်သာ သိမ်းသွင်းခြင်း ပြုရသည်။ မိမိ၌ မရှိပဲလျက်ကို အရှိလုပ်၍ သော်လည်းကောင်း၊ မသိပဲလျက်ကို အသိလုပ်၍ သော်လည်းကောင်းမိမိအလိုသို့ လိုက်လျောကာ ပါလာအောင် ဆွဲဆောင် သိမ်းသွင်းခြင်းကိုကား အလျှင်းပင် မလိုလားအပ်ချေ။ ဤနေရာတွင် တရားလို ဂရဟဒိန္နက၏ သိမ်းသွင်းခြင်းကို ရိုးသားစွာ သိမ်းသွင်းခြင်းဟုမဆိုသာ။ ချွတ်ယွင်းသော သိမ်းသွင်းခြင်းဖောက် ပြန်သော သိမ်းသွင်းခြင်း၊ မှုမမှန်သော သိမ်းသွင်းခြင်း၊စဉ်းလဲသော သိမ်းသွင်းခြင်း၊ ကောက်ကျစ်သော သိမ်းသွင်းခြင်းဖြင့် တရားခံအား သိမ်းသွင်းခဲ့ကြောင်း ထင်ရှားပေသည်။

တရားလို ဂရဟာဒိန္နာက ထွက်ဆိုသွားသည်မှာ သီရိဂုတ္တသည် တိတ္ထိကတ္ထန်း တို့၏ သာသနာနှင့် ဘာသာကို စေတနာ အပြည့်အဝဖြင့် ဖျက်ဆီးသူ၊ စော်ကားသူဖြစ်ပါသည် ဆို၏။ မစင်ရေတွေ အပြည့်နှင့် တူးမြောင်းကြီးကို သက်သေထူပြသည်။ ဤမစင် တူးမြောင်းကြီးကို တမင်တကာ ကြိုတင် စီမံထားခြင်းကို ထောက်ခံခြင်းအားဖြင့် သူ၏ မသမာသော စိတ်ထားကို ရိပ်စားမိနိုင်သည်။ တိတ္ထိ အရှင်သခင်ကြီးများကို မစင်မြောင်းကြီးထဲသို့ ကျစေလျက်၊ လူသူတကာတို့ အကြည်ညို ကင်းမဲ့ ကုန်အောင် ပြုခြင်းဖြင့် သာသနာကို ဖျက်ဆီးသူ ဖြစ်သည်ဟု စွပ်စွဲသွား၏။

တရားခံ သီရိဂုတ္တက ထွက်ဆိုသည်ကား သူသည် မည်သည့် သာသနာ၊ မည်သည့် ဘာသာကိုမှ မဖျက်ဆီးပါ၊ ဖျက်ဆီးရန် စိတ်ကူးမျှပင် မထည့်မိပါ။ မစင်မြောင်းကြီးကို စီမံထားသည်မှာ မှန်သော်လည်း ဒီ့ဓိက ရှယ်စူးချက်မှာ ဂရဟာဒိန္နာ ပြောသည့် အတိုင်း တိတ္ထိတို့သည် အကယ်ပင် အလုံးစုံကို သိ မသိ စူးစမ်းလိုခြင်းသာဖြစ်သည်။ သိခဲ့သော် မစင်မြောင်းကို ရှောင်ကြမည်။ သိ၍ ရှောင်ခြင်းအားဖြင့် အကယ်ပင် တိတ္ထိတို့၌ တန်ခိုးရှိကြောင်း ထင်ရှားပြီး အများ၏ ပူဇော်ခြင်းမျိုးကို တိုး၍သာ ခံရပါစေတော့၊ မသိ၍ မစင်မြောင်းထဲ ကျလျှင်မူကား သင်းထိုက်နှင့် သင်းကံထိုက်သလိုသာ ခံစေတော့၊ သူ့အနေအားဖြင့် တိတ္ထိသာသနာကို ဖျက်ဆီးရန် အကြောင်းမရှိပါဟု ထွက်ဆို၏။

ကောက်ချက်ချသော်.... သီရိဂုတ္တသည် မစင်တူးမြောင်းကြီးကို ကြိုတင်၍ စီမံထားသည် မှန်သော်လည်း သူ၏ ရှယ်စူးချက်ထဲတွင် သာသနာနှင့် ဘာသာကို ဖျက်ဆီးလိုသော စေတနာ လုံးဝပါခြင်းမရှိ။ ပြောတိုင်းမှန်ခဲ့သော်.... တိတ္ထိတို့ ဆတက်ထမ်းပိုးတိုး၍ တန်ခိုးကြီးကြပါစေ ဟူ၍ပင် ဆန္ဒပြုသည်ကိုသာ တွေ့ရပေသည်။ ထို့ကြောင့် သီရိဂုတ္တ၌ လုံးဝ အပြစ်မရှိ။ သူသည် သာသနာဖျက်သူ၊ ဘာသာစော်ကားသူမဟုတ်။ စင်စစ်ဆိုသော်.... ဘာသာ သာသနာ ဖျက်ဆီးသူကား ဂရဟာဒိန္နာသာ ဖြစ်သည်ဟု ငါမြင်သည်။

ဂရဟာဒိန္နသည် တိတ္ထိတက္ကတွန်းတို့၌ မရှိသောတန်ခိုးကို အရှိလုပ်၍ ကောက်ကျစ်စဉ်လဲစွာ ဆိုပြောလျက် သီရိဂုတ္တကို သိမ်းသွင်းခဲ့သည်ဖြစ်ရာ ဤအပြုအမူသည် ဘာသာ သာသနာကို ဖျက်ဆီးခြင်းပင်တည်း။ မစင်တူးမြောင်း လုပ်ထားသည်ကိုမျှ သိနိုင်စွမ်းမရှိသော တိတ္ထိတက္ကတွန်းတို့ကို "ငါ့အရှင်တို့က အလုံးစုံကိုသိ၏။

မသိသောအရာ ဘာမျှမရှိ'' ဟူ၍ အဘယ်ကြောင့် သီရိဂုတ္တအား ဆိုတုံဘိသနည်း။ ဂရဟာဒိန္နသည် သီရိဂုတ္တအား ''ဘာသာဖျက် ဆီးသူ ဟု ရိုးစွပ်၍ တရားရုံးသို့ ခေါ်ဆောင်လာ၏။ ဘာသာဖျက် ဆီးသူကား သီရိဂုတ္တမဟုတ်။ ဂရဟာဒိန္နသာ ဖြစ်ချေသည်။

ထို့ကြောင့် ဤအမှုတွင် သီရိဂုတ္တ၌ အပြစ်မရှိ။ လွှတ်စေ။ ဂရဟာဒိန္န၏ စွဲဆိုသွားသော 'ဘာသာဖျက်ဆီးမှု' အပြစ်သည် ဂရဟာဒိန္န၏ အပေါ်သို့သာ ကျရောက်စေ။

ကောသလမင်းကြီးသည် ထိုဘာသာဖျက်ဆီးမှု တရားကို ဤသို့ မရှုံမခကြောက်၊ ခြသေ့်ဟောက်သို့ ပြောင်မြောက်စွာ စီရင်ဆုံးဖြတ်တော်မူလိုက်ရာ ယင်းစီရင်ချက် ဖြတ်ထုံးကို ကောင်းပါပေသည် ဟူ၍ အားလုံးက ကောင်းချီးပေးကြကုန်၏။

ဂရဟာဒိန္နအဖို့ မိအေး နှစ်ခါနာ ဆိုသကဲ့သို့ ဖြစ်သွားလေ၏။ ထို့ကြောင့် ဂရဟာဒိန္နသည် သီရိဂုတ္တ အပေါ်၌ မကျေနိုင်၊ မချမ်းနိုင်ဖြစ်ကာ— 'နေနှင့်ဦး' ဟူ၍ ရန်ငြိုး ဖွဲ့လေသတည်း။ အာဃာတထားကာ လက်စားချေရန် အကြံကြီး ကြံလေသတည်း။

တယောက်ကို တယောက်၊ အသက်လောတ် ချစ်ကြပါသည် ဆိုသော သူငယ်ချင်းနှစ်ယောက်တို့ကား ထိုအခါမှစ၍ တယောက်မျက်နှာ တယောက် ကြည့်၍ မရလောက်အောင် ရန်သူဘဝသို့ ရောက်သွားပြီး၊ သီရိဂုတ္တအနေဖြင့် အမှုမဲ့ အမှတ်မဲ့ နေသော်လည်း ဂရဟာဒိန္နကမူ သီရိဂုတ္တအား လုံးဝ ခေါ်ပြောခြင်း မပြုလေတော့ပဲ အဆက်ဖြတ်ပစ်လိုက်တော့၏။

သို့သော် မကြာပါချေ၊ ၁၅ ရက်လောက် အကြာတွင် ဂရဟာဒိန္နသည် အပြုံးရွှေပြေးနှင့် သီရိဂုတ္တထံ ပြေးလာပါချေ၏။ ''ငါမှားသွားတယ် သူငယ်ချင်း'' ဟူ၍ အပြစ်ကို ဝန်ခံပြီးနောက် 'သူငယ်ချင်း၊ ကိုယ်တို့တတွေဟာ လျှာနှင့်သွားလိုပ၊ ကိုက်တဲ့အခါ ကိုက်မိကြသပ၊ ငါ့ကိုကိုက်ရမလား ဆိုပြီး လျှာကလဲ သွားကိုမစွန့်ပါဘူး၊ သွားကလဲ ရှုပ်တယ်ဆိုပြီး လျှာကို အာခံတွင်းအပြင်သို့ ဆွဲထုတ်မပစ်ပါဘူး။ အာခံတွင်း လိုဏ်ခေါင်းထဲမှာ ရာသက်ပန် အတူတကွ ကိန်းအောင်းစံပျော် နေတော်မူကြတာပဲ မဟုတ်လား။ မင်းနဲ့ငါလဲ ဒီလိုပဲပ သူငယ်ချင်းရာ၊ အရေးတကြီး ငါပြောချင်တာက မင်းနဲ့ငါ ရှေ့ကလို ရွှေတံခါးကြီး ပြန်ဖွင့်ကြပါစို့လား။ ချင်နဲ့ မပြယ် ရှေးကလိုဆက်ဆံကြပါစို့လားဟု အရှင်ဆုံးသောအပြုံးနှင့်ဆိုလှာ၏။

သူ့အပြုံးထဲတွင် ဗုံးလည်းပါ၏။ အမြောက် စိန်ပြောင်းတော့လည်း ပါ၏။ ဓားစကြာ လှံစကြာတော့လည်း ပါ၏။ ဤသည်ကိုကား ရိုးသားသော သီရိဂုတ္တကမသိရှာ၊ စိတ်ရင်းစေတနာကောင်းနှင့် ပြောသည် ထင်

လေ၍ "ဝမ်းသာပါသည် သူငယ်ချင်း"ဟု ခွန်းတုံ့ပြန်ကာ ရှေးက်ကဲ့သို့ ပြန်၍ဆက်ဆံခြင်းပြုလေ၏။

ဤသို့ ဆက်သွယ်မှု ရရှိခြင်းသည်ပင် ဂရဟာဒိန္နာအဖို့ ပွဲဦးထွက် အောင်မြင်မှုတရပ် ဆိုအပ်၏။ အကြောင်းမူကား သူသည် သိရိဂုတ္တအား လည်းကောင်း၊ သိရိဂုတ္တ ကိုးကွယ်နေသော ဗုဒ္ဓနှင့်သာဝကတို့အားလည်း ကောင်း လက်စားချေရန် လက်တယားယားနှင့် ရှိနေသူမဟုတ်ပါလော။ ထို့ကြောင့် သူသည် လက်စားချေရန်အတွက် အကွက်ကောင်းကို အချိန် ရှိသရွေ့ ချောင်းမြောင်းစားသာ နေလာရာက တနေ့သော အခါတွင် သိရိဂုတ္တက ဘာသာရေးစကား စမိလေ၏။

"သူငယ်ချင်း....တက္ကတွန်းများကို ကိုးကွယ်မိသည်မှာ မှားသည်ဟု ငါ့ကို သူငယ်ချင်းဆိုဖူး၏။ ယင်းသို့ တက္ကတွန်းများကို မကိုးကွယ် လိုသော် ဗုဒ္ဓကို ကိုးကွယ်ကြည့်လျှင်ကောင်းမည် သူငယ်ချင်း။ ကိုးကွယ် ကြည့်မိလို့ အရှည်သဖြင့် ကိုးကွယ်ထိုက်သည် မကိုးကွယ်ထိုက် ဆိုသော ကိစ္စမှာ ငါနဲ့မဆိုင်၊ သူငယ်ချင်း ကိုယ်တိုင်ကိုယ့်ဟာကိုယ်ဆုံးဖြတ်ပေါ့"ဟု ဆိုလေသောအခါ ထိုစကားသည် သူ့အတွက်ခင်းပေးလိုက်သော တံတား သဖွယ် ဖြစ်သွားလေသည်။ ဂရဟာဒိန္နာအဖို့ အချိုရှာ သကာတွေ့လေပြီ တည်း။

"ဝမ်းသာလိုက်လေ သူငယ်ချင်း....ငါက ဖွင့်ပြောရမှာ ခက်နေလို့ ဗုဒ္ဓကို ကိုးကွယ်ချင်တဲ့စိတ် ငါ့မှာဖြစ်နေတာ အတော်ကြာသွားပြီ။ ငါ့ တိတ္ထိကိုယ်တော်ကြီးတွေ မစင်မြောင်းကြီးထဲ ကျွမ်းထိုးမှောက်ခုံ ကျကုန် တဲ့ အချိန်ကတည်းက ဆိုပါတော့၊ သူတို့မှာ ဘာတန်ခိုး၊ ဘာဣဒ္ဓိပါဒ်မှ မရှိမှန်းသိလျက်သားနဲ့ ဆက်ပြီး သူတို့ကို ကိုးကွယ်ဖို့ဆိုတာ ခက်ဘိခြင်း သူငယ်ချင်း၊ တိုတိုပြောကြပါစို့၊ ဗုဒ္ဓနဲ့ သာဝကများကို ငါ့အိမ်ပင့်ပြီး ဆွမ်းကျွေးချင်တယ်၊ ငါ့ကိုပင့်ပေးပါလား သူငယ်ချင်း"

ဤသို့ လိမ်ဉာဏ်နှောက်၍ မြားကောက်နှင့် ပစ်သည်ကို သိရိဂုတ္တ က အဟုတ်ထင်လေ၍ ဗုဒ္ဓကို ငါပင့်ပေးမည်ပ ဟု အာမဘန္တေခံလိုက်သည့် အတိုင်း သိရိဂုတ္တသည် ဗုဒ္ဓထံ ချဉ်းကပ်၍ အကျိုးအကြောင်းကို လျှောက် ထားပေးလေ၏။

"ဘုန်းတော်ကြီးသော အရှင်ဘုရား.... တပည့်တော်၏ သူငယ်ချင်းဖြစ်သူ ဂရဟာဒိန္နာသည် ရှင်ပင်ဘုရားအား ဆွမ်းဖိတ် စေပါသည်။ ရဟန်းငါးရာ ခြံရံလျက် မနက်ဖြန်တွင် ဂရဟာဒိန္နာ၏ ဆွမ်းကို ဘုဉ်းပေးတော်မူပါကုန်" (ဤသို့လျှောက်လေပြီးမှ သတိပေး လိုဟန်ဖြင့် ဆက်၍ လျှောက်ပြန်၏။)

"အရှင်ဘုရား....တပည့်တော်သည် ဂရဟာဒိန္နာ၏ ဆရာဖြစ်သော တိတ္ထိတို့ကို ပင့်ဖိတ်ခဲ့ ဖူးသည်ဖြစ်ရာ သူသည် ဤသည်ကို လက်စားချေလို၍ ပင့်ဖိတ်ခြင်းဖြစ်လေသလော၊ သို့မဟုတ် ဗုဒ္ဓအား အကယ်ပင် သဒ္ဓါကြည်ညို လှူဒါန်းလို၍ ပင့်ဖိတ်ခြင်းလော ဆိုသည်ကိုကား တပည့်တော်မသိပါဘုရား၊ သူ့အိမ်သို့ကြွရန် သင့်၊ မသင့်ကို ချင့်တော်မူ၍ ကြွသင့်လျှင် ကြွတော်မူပါ၊ မကြွသင့်ဟု ထင်လျှင် ကြွတော်မမူပါလင့်"

ဤသို့ ပင့်လျှောက်သော်....ဗုဒ္ဓသည် ဉာဏ်တော်နှင့် ချင့်တော်မူပြီးနောက် "အိမ်း....ကောင်းဘိစွ"ဟု ဂရဟာဒိန္နာ၏ ဆွမ်းကို လက်ခံတော်မူလိုက်လေသည်။

ထိုအကြောင်းကို သိရိဂုတ္တက ဂရဟာဒိန္နာထံသွား၍ ပြောလတ်သော်.... ဂရဟာဒိန္နာသည် ထ၍ ခုန်တော့မလောက်၊ အကြီးအကျယ် ဝမ်းမြောက်သွားသည်နှင့် ဗုဒ္ဓ ဆွမ်းလှူရန် အတွက် သူ၏ အိမ်နှစ်ဆောင်အကြားဝယ် အလျှမကျွပ်ကြီးကို မိုးပါးနီးအောင် ဆောက်ပါလေတော့သည်။ "ပျံလေသည့် ငှက်ခါ၊ နားခါမှ သိရစမည်ဟု"ဟူ၍လည်း ကြုံးဝါးနေသော အသံများသည် သူ၏ နှလုံးဝမ်းခေါင်းကြီးအတွင်းမှ အပြင်သို့ မထွက်ရသဖြင့် အတွင်းမှာသာ လှိုင်းထ၍ နေကုန်၏။

သူ၏ လက်စားချေချက်သည် ကြောက်မက်ဖွယ် ကောင်းလောက်အောင်အဘယ်မျှရက်ရက်စက်စက်စီမံသည်ထင်သနည်း။ သူ၏အိမ်နှစ်ဆောင်ကြားတွင် တူးမြောင်းရှည်ကြီးကို တူးစေသည်။ ထိုတူးမြောင်းကြီးထဲ၌ ဗုဒ္ဓအမှူးရှိသော ရဟန်း ငါးရာတို့အား မီးဖုတ်၍သတ်ရန်အတွက် လှည်းအစီးပေါင်း ရှစ်ဆယ်တို့ဖြင့် ရှားမီးသွေးခဲများကို လောင်းထည့်လျက် ရဲရဲနေအောင် မီးရှို့ထားသည်။ ယင်းမီးရဲရဲ မြောင်းကြီးပေါ်၌ ပျဉ်ပြားခင်းပြီး နွားချေးများဖြင့် လိမ်းကျံထားသည်။ ခလုတ်ဖြုတ်လိုက်လျှင် ရုတ်တရက် မီးတွင်းကြီးထဲကျကုန်အောင် စီမံထားသည်။ "ကမ္ဘာကြေသော်လည်း ငါကြေနိုင်ရိုးလား....သိရိဂုတ္တရယ်။ နင့် ဗုဒ္ဓနှင့်တကွ ရဟန်းအားလုံး မီးသွေးတုံးဖြစ်ကုန်စေ့မဟေ့" ဂရဟာဒိန္နာသည် သူစီမံထားသော မကျွပ်ကြီးနှင့်တကွ ရဲနေသော ရှားမီးခဲများကိုကြည့်ကာ ဝမ်းတွင်းနှလုံးက ကြုံးဝါးနေ၏။

နေမင်း၏ ရွှေတော်ပြေးအဖြစ် အရှေ့လောကဓာတ် ဥဒည်စွန်းမှ နောင်နီများ ထွန်းလင်းပြီ ဖြစ်သောကြောင့် လောကဓာတ် အဝန်းကို အနီရောင်များ လွှမ်းလျက်ရှိနေ၏။ ပရိသတ်များသည် နေမထွက်မီ အရုဏ်တက်မီကပင် ဂရဟာဒိန္နာ၏အိမ်ပတ်ဝန်းကျင်တဝိုက်သို့ အုပ်လိုက်သင်းလိုက်

ဆိုက်ရောက်ကြပြီးဖြစ်၏။ ပရိသတ်သည် ဆန်း၏။ ပရိသတ်နှစ်မျိုး ရောပြွမ်းနေ၏။ တမျိုးကား မိစ္ဆာဒိဋ္ဌိပရိသတ်၊ တမျိုးကား ဗုဒ္ဓဘာသာ ပရိသတ်ဖြစ်၏။

ပရိသတ်နှစ်မျိုးစလုံးပင် ကိုယ့်ရည်ရွယ်ချက်နှင့် ကိုယ် ရောက်လာကြခြင်းဖြစ်၏။ မိစ္ဆာဒိဋ္ဌိပရိသတ်က– ဂဟပတိန္နာ၏ စိစဉ်ချက်ကို သိထားကြသဖြင့် ရှားမီးခဲတွင်းကြီးထဲ၌ အမဲခြောက် ဖုတ်သည့်နှယ် တလိမ်လိမ်တတွန့်တွန့်နှင့် ထွန့်ထွန့်လူးနေသော ဗုဒ္ဓနှင့် ရဟန်းများ၏ အသုဘရှုကွက်ကိုကြည့်ရန် လာရောက်ကြကုန်သည်။ ဗုဒ္ဓဘာသာ ပရိသတ်များကလည်း သည်ကနေ့ မိစ္ဆာဒိဋ္ဌိအိမ်မှာ ဘုရားသခင် ဆွမ်းအလှူခံ ကြွခြင်းသည် ထူးဆန်း၏။ ဆွမ်းဒကာ မိစ္ဆာဒိဋ္ဌိ ဂရဟာဒိန္နာအား ဗုဒ္ဓ အနေအားဖြင့် ဆွမ်းအနုမောဒနာ ပြုတော်မူလေမည်လော၊ မပြုလေမည်လော၊ အကယ်၍ ဆွမ်းအနုမောဒနာ ပြုခဲ့သော်… မိစ္ဆာဒိဋ္ဌိ တယောက်အား ဗုဒ္ဓသည် အဘယ်တရားကို ဟောတော်မူလေမည်နည်း။ ငါတို့ သိကြရကုန်အံ့ဟု လာရောက်ကြကုန်သည်။

နေဝန်းနီနီ ရဲကနဲ ထွက်ပြူလာသည့် အချိန်ဝယ် အစိမ္တေယျ လောကဦးသျှောင် ငါးမာရ်အောင် ရှင်တော်မြတ်ဘုရားသည် ငါးရာသော ရဟန်းများ ခြံရံလျက် ဆွမ်းဒါယကာ ဂရဟာဒိန္နာ၏ ဂေဟာသို့ ကြွတော်မူလာစဉ်…. ဂရဟာဒိန္နာသည် မဏ္ဍပ်အပြင်မှ နေ၍ ရှိခိုးကာ လိုက်လှဲစွာ ကြိုဆိုလျက် ရှိနေပါ၏။ သူ့စိတ်ထဲက စဉ်းစားနေသည်ကား ရှေးကသွားသောရဟန်း မီးတွင်းထဲကျသည်ကို မြင်သော်…. နောက်ရဟန်းများ ဝင်တော့မည် မဟုတ်။ တပါးထိုင်ပြီး တန်လောက်မှ နောက်တပါးကို ဝင်စေမှတော်မည်။ ဤသို့ စိတ်ကူးနေဆဲမှာပင် ရှေ့ဆုံးမှ ကြွတော်မူလာသော မြတ်စွာဘုရားသည် မဏ္ဍပ်ရှေ့သို့ ရောက်တော်မူလေသော် ဂရဟာဒိန္နာသည် ရိုသေစွာ လက်အုပ်ချီလျက်–

> "သည်ကို ကြွတော်မူပါဘုရား…. သည်ကို ကြွတော်မူပါဘုရား၊ ရှေ့က တပါးဝင်၍ ထိုင်ပြီး ချိန်လောက်ရောက်မှ နောက်တပါး ဆက်လက် ဝင်တော်မူပါဘုရား"

ဤသို့ လက်တဘက်ဖြင့် မဏ္ဍပ်တွင်းသို့ ညွှန်ပြယင်း နှုတ်ကလည်း အမြုပ်ထွက်မတတ် တဖွဖွ လျှောက်ထားနေ၏။

ဗုဒ္ဓသည် ဒါယကာ ဂရဟာဒိန္နာ၏ ရှေ့မှာပင် မဏ္ဍပ်တွင်း ဝင်ရန် ခြေတဘက်ကို လှမ်းလိုက်လျှင် အပေါ်က ဖုံးထားသော ဖျာနှင့် ခင်းထားအပ်သော ပျဉ်ချပ်များ ဖြတ်ကနဲ ကွယ်ပျောက်ကာ အတွင်းမှ မီးကျီးလုံးငွေ့တို့သည် အပေါက်ရှိရာသို့ ဝေ့၍ တက်လာကုန်၏။ ဤသည့် မီးလျှံ

ငွေများကြားမှ လှည်းဘီးပမာဏရှိသော ကြာပွင့်ကြီးတခု ဘွားကနဲ ပေါ်လာလေရာ ဗုဒ္ဓသည် ထိုကြာပွင့်ပေါ်နင်း၍ အတွင်းသို့ ဝင်တော်မူပြီး ခင်းထားအပ်သောနေရာ၌ ထိုင်တော်မူ၏။ ဤသည့်အံ့ဖွယ် ရှုကွက်ကို မြင်ရသောအခါ ဂရဟဒိန္နာမှာ မျက်လုံးများပင် ပြာသွားလေ၏။

"ဩော်....အံ့ဖွယ်ပါတကား နေနှင့်ဦး။ မီးတွင်းထဲ သင်းမကျ သော်လည်း သင်းတပည့်များ ကျသည်ကို ငါ ရှုအံ့"ဟု "ကြွတော်မူပါ ဘုရား"ဟူ၍ နောက်တပါးကို ပင့်၍ ထိုရဟန်း မဏ္ဍပ်တွင်းဝင်သော အခါ ၌လည်း ဖြုန်းတနဲ မီးကျီးတွင်းမှ ကြာပွင့်ကြီး ပေါ်လာသဖြင့် ထိုကြာပွင့် ကို နင်းကာ ထိုရဟန်းလည်း အတွင်းသို့ ကြွဝင်၍ နေတော်မူ၏။

ဤနည်းတူပင် ရဟန်း အတော်များများ မဏ္ဍပ်တွင်း ဝင်မိလေ သောအခါ ဂရဟဒိန္နာသည် တအံ့တဩဖြစ်ယင်းမှပင် သူ၏ တကိုယ်လုံး တရှိန်ရှိန် ပူလာ၏၊ မခံမရပ်နိုင်အောင် ပူလာသောအခါ သူသည် သိရိဂုတ္တ ထံ ပြေးလေတော့သည်။ "သူငယ်ချင်း၊ ဘာဖြစ်လာသနည်း"ဟု သိရိဂုတ္တက ဆီး၍ မေးလျှင်—

"ငါ့အိမ်မှာ ဗုဒ္ဓနှင့် တကွ သံဃာငါးရာစလုံး ရောက်လျက်ရှိနေပြီ။ ကျွေးစရာဆို၍ ငါ့မှာ ဘာမျှမရှိ။ ကျွေးမွေးရန်လည်း စိတ်ကူးထဲမျှ ငါ မထည့်မိ။ အမှန်အတိုင်း ငါဝန်ခံသည် သူငယ်ချင်း၊ ဘုရားနှင့်တကွ ရဟန်း ငါးရာစလုံးကို မင်းကို လက်စားချေသည့် အနေဖြင့် မီးကျီးတွင်းထဲဖုတ်၍ သတ်ရန် ငါစီမံထားသည်။ သို့သော်... ဗုဒ္ဓ ကြွတော်မူသော် မီးကျီးတွင်း ထဲက ကြာပွင့်ကြီး ပေါက်လာသည် သူငယ်ချင်း၊ ယခု ကျွေးမွေးရန် ဆွမ်း ယာဂု စသည် ရဖို့အတွက် အသို့ လုပ်ရမည်နည်း"

ဤသို့ အကူအညီ တောင်းခံလာသော ဂရဟဒိန္နာအား "သူငယ် ချင်း၊ မစိုးရိမ်လင့်၊ ယာဂုအိုး ယောင်ယောင်၊ ဟန်ဆောင် ထားသော ဟောင်းလောင်းအိုးများကို သင်သွား၍ ဖွင့်ကြည့်လော့။ သင်၏ ပါးစပ်က 'ယာဂု'ဟု ဆိုလျှင် ထိုအိုး၌ ယာဂုများ ပြည့်နေသည်ကို တွေ့လတ္တံ့၊ 'ဆွမ်း' ဟုဆိုလျှင် ဆွမ်းပြည့်အိုးကိုလည်းကောင်း၊ 'ထောပတ်'ဆိုလျှင် ထောပတ် များဖြင့် ပြည့်နေသော အိုးကိုလည်းကောင်း သင် တွေ့လတ္တံ့" ပြော၍ ပြန်လွှတ်လိုက်၏။ ဂရဟဒိန္နာသည် သိရိဂုတ္တ မှာလိုက်သည့်အတိုင်း ပြုသော အခါ ဆွမ်း၊ ယာဂု၊ ထောပတ် စသည်တို့ဖြင့် ပြည့်နေသော အိုးများကို တွေ့ရလျှင် ရွှင်ဇမြူးမြူး၊ ကြည်နူးမဆုံးဖြစ်ကာ၊ ဤအခါတွင်မှ တကယ့် စေတနာ အရင်းခံလျက် ဗုဒ္ဓ အမှူးရှိသော ရဟန်း ငါးရာတို့အား ဆွမ်း ဆက်ကပ် လှူဒါန်းလေတော့သည်။

ဗုဒ္ဓသည် ဂရဟာဒိန္နာ၏ ဆွမ်းကျွေးပွဲ၌ ဟောအပ်သော အနုမောဒနာတရားကား ဤတရား ဖြစ်သတည်း။ "ဤသတ္တဝါတို့သည် ပညာမျက်စိ မဖြစ်ခြင်းကြောင့် ငါ၏ ကျေးဇူးကိုလည်း မသိကုန်၊ ငါ့တပည့်သာဝကများ၏ ကျေးဇူးကိုလည်း မသိကုန်၊ ဗုဒ္ဓသာသနာ၏ ကျေးဇူးကိုလည်း မသိကုန်၊ ပညာမျက်စိမှ ကင်းသော သူတို့သည် (ပညာမျက်စိမရှိသူတို့သည်) သူကန်းနှင့်အလား တူကုန်၏၊ ပညာရှိသူတို့သည် ပညာမျက်စိ အမြင်ရှိသူတို့ မည်ကုန်၏"

၅၈။ ယထာ သင်္ကာရဓာနသ္မိံ၊
ဥဇ္ဈိတသ္မိံ မဟာပထေ၊
ပဒုမံ တတ္ထ ဇာယေထ၊
သုစိဂန္ဓံ မနောရမံ။

"မဟာပထေ- သာလည်းသာယာ၊ လွန်စွာလည်း သန့်ရှင်းလှသည့် မင်းလမ်းကြီး၌ ဥဇ္ဈိတသ္မိံ ဖြုတ်စဖြုန်းတောင်း၊ မကောင်းဟူသမျှ၊ စွန့်ပစ်၍ထားအပ်သော၊ သင်္ကာရဓာနသ္မိံ၊ တောင်လောက်နီးနီး အမှိုက်ပုံကြီး၌။ သုစိဂန္ဓံ၊ စင်ကြယ်သန့်ရှင်း ထုံသင်းသော ရနံ့ရှိသော။ ပဒုမံ၊ ပဒုမ္မာ၊ ဟုဂုဏ်ဝါတင့်ဆန်း။ ရွှေကြာပန်းသည် ဇာယေထ၊ မဖြစ်စဖူး ထူးဆန်းစွာ ဖြစ်လေငြားအံ့။ တတ္ထ၊ တသ္မိံ မဟာပထေ၊ ထိုသာယာသန့်ရှင်းလှသည့် မင်းလမ်းမကြီး၌၊ ရာဇာဒိနံ၊ မင်းမှုအစ၊ ရဋ္ဌဝါသီ ပြည်သူပြည်သား များစွာသောလူတို့အား။ မနောရမံ၊ ရွှင်တပြုံးပြုံး နှလုံးမွေ့လျော် ပျော်ဖွယ်ရာသည် ဇာယေထယထာ၊ အံ့ဖွယ်အတိ ဖြစ်လေဘိသကဲ့သို့...."

၅၉။ ဧဝံ သင်္ကာရဘူတေသု။
အန္ဓဘူတေ ပုထုဇ္ဇနေ။
အတိရောစတိ ပညာယ။
သမ္မာသမ္ဗုဒ္ဓ သာဝကော။

"ဧဝံတထာ၊ ထိုနှင့်မခြား အလားတူစွာသာလျှင် သင်္ကာရဘူတေသု၊ အမှိုက်သဖွယ် ဖြစ်ကုန်သော သူတို့၏ အလယ်၌။ သမ္မာသမ္ဗုဒ္ဓ သာဝကော၊ မြတ်ဘုရား၏ တပည့်သား ဖြစ်သူသည်။ အန္ဓဘူတေ၊ ပညာမျက်စိ မရှိလုံးလုံး စုံလုံးကန်း ဖြစ်ကုန်သော။ ပုထုဇ္ဇနေ၊ လူတွင်သာမန် ပုထုဇဉ်တို့ကို။ ပညာယ၊ သီလ သမာဓိ ပညာဖြင့် အတိရောစတိ၊ စွမ်းအားတန်ခိုး လွှမ်းကာမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် လွန်တင့်တယ်၏"

ပရိသတ်သည် လေးဘက်လေးတန်တွင် ပြည့်ကျပ် ညပ်လျက်ရှိလေရာ ယင်းတို့အနက် ရှစ်သောင်းလေးထောင်ကုန်သော သူတို့သည် အနုမောဒနာ တရားတော်၏ အဆုံး၌ နိဗ္ဗာန်စခန်း ကျွတ်တန်းဝင်ကုန်လေ၏။

ဂရုဟာဒိန္နာနှင့် သီရိဂုတ္တာ၊ သူတို့သူငယ်ချင်း နှစ်ယောက်ကား ဘုရားသခင်၏ အပါးတော်တွင် ရှိနေကြ၏။ ယင်းတို့အနက် ဂရုဟာဒိန္နာကား မိစ္ဆာဒိဋ္ဌိပီပီ၊ ကနဦးအစ၌ ဗုဒ္ဓနှင့် သာဝက အားလုံးတို့အား ရှာမီးကျီးများပေါ်တွင် မီးသွေးတုံးကြီး ဖြစ်သွားသည်ကို မြင်လို၍ အူလှိုက်သည်းလှိုက် ထိုအဖြစ်ကို ကြိုဆိုလာခဲ့၏။ ဗုဒ္ဓတကိုယ်လုံး မီးသွေးတုံးကြီး ဖြစ်သွားပုံ၊ သို့မဟုတ် ဗုဒ္ဓတကိုယ်လုံး ပြာကျသွားပုံကို ကြည့်လို၊ မြင်လို၊ တွေ့လိုသော ဇောသည် ဂရုဟာဒိန္နာ၏ မနောကံ၌ အလျှံတလူလူနှင့် ရှိနေခဲ့၏။ ဤသည်ကိုသာလျှင် သူတောင့်တောင့်တတနှင့် မျှော်တလင့်လင့် စောင့်နေခဲ့၏။

သို့သော်....တရားနာဆဲနှင့် နာပြီးသည့်အဆုံး၌ကား သူ၏ တောင့်တချက်တွေ လွင့်ပျောက်ကုန်ပြီး သီရိဂုတ္တာနှင့်အတူ သောတာပန် ဖြစ်ကုန်လေ၏။ အတိတ်က သူပြုခဲ့ဖူးသော ကောင်းမှုအထူးထူး၊ ဆည်းပူးခဲ့ဖူးသော ပါရမီများသည် ထိုခဏဝယ် ဘွားကနဲပေါ်လာပြီး၊ ဂရုဟာဒိန္နာအား နိဗ္ဗာန်စခန်းသို့ ဆွဲခေါ်သွားကြလေကုန်၏။

ဤတွင်ကောက်ချက်ချသော်ဂရုဟာဒိန္နာအတွက်ကွက်၍စဉ်းစားလျှင် အာဃာတထားမိခြင်းသည် သူ့အဖို့ ကောင်းကျိုးရောက်ဖို့ကဲ့သို့ ဖြစ်လာ၏။ တနည်းအားဖြင့် ဆိုသော် အမှားမှ အမှန်သို့ ပခုံးပြောင်းရန် အတွက် အကွက်ဆင်သကဲ့သို့ ထင်ရ၏။

ရင်ဖိုသည်းလှုပ်ကြောက်ဖွယ်လိလိ ဤဖြစ်ရပ်မှ သင်ခန်းစာထွက်လာသည်ကား.... ဤရွေ့ဤမျှ ယုတ်မာသော စိတ်ထား ရှိနေသူသည်ပင်လျှင် စိတ်ထားသန့်သန့်နှင့် တချက်ကောင်းမိလိုက်လျှင် နိဗ္ဗာန်စခန်းသို့ တန်းကန်ဆိုက် ရောက် နိုင် ခြင်း ပင် တည်း။ သူလိုငါလို ပင်ကိုပကတိ စိတ်ကောင်းရှိနေသူများအဖို့ အဘယ်မှာလျှင် ဆိုဖွယ်ရာ ရှိပါအံ့နည်း။

ဒဂုန်ဦးစန်းငွေ

စာမူကြိုတင်ခွင့်ပြုချက် (၁၀၁)

စာပေစေတနာ-စာပေဝါသနာ မရှိခဲ့ယင်

ကနေ့လိုအချိန်မှာ ဒီစာအုပ်မျိုး ထွက်လာနိုင်မည် မဟုတ်ပါ။
ဒါကြောင့်....

စပယ်ဦးမှ စာပေဝါသနာ၊ စာပေစေတနာ ရှေ့ထား၍
တစုတစည်းတည်း(အစ-အဆုံး)ရိုက်နှိပ်လိုက်ပါပြီ။

ဝယ်လို့မရ၊ ရှာလို့မရ၊ ကုန်ကုန်ပြောမယ်၊ ငွေပေးလို့တောင်
မရနိုင်တော့တဲ့ စာအုပ်ကို ဖတ်ဖြစ်အောင် ဖတ်ကြည့်ပေးပါ။

# ဆရာကြီးရွှေဥဒေါင်း

# တသက်တာမှတ်တမ်း

# နှင့်

# အတွေးအခေါ်များ

## ( ပေါင်းချုပ် )

မဂ္ဂဇင်းဆိုက် အရွယ်ကြီး ဆိုက်ကြီး၊
စာမျက်နှာ (၀၀၀) ကျော်၊ ထူထူထဲထဲ၊ ခန့်ခန့်ညားညား

တအုပ်-ငါးဆယ်ကျပ်

တဦးချင်းအလိုရှိသူများ တိုက်ရိုက် မှာကြားနိုင်ပါပြီ။

စပယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၂၃၅/၂၃၇၊ ဘားလမ်း၊ ရန်ကုန်မြို့။ ဖုန်း–(၇၆၃၇၀)

## စပယ်ဦးစာပေဖြန့်ချိရေး
## မှာယူရရှိနိုင်သေးသောစာအုပ်များ


| စဉ် | စာရေးဆရာ | စာအုပ်အမည် | တန်ဖိုး |
| --- | --- | --- | --- |
| ၁။ | ဆရာကြီးရွှေဥဒေါင်း | တသက်တာမှတ်တမ်းနှင့် အတွေးအခေါ်များပေါင်းချုပ် | ၄၀ |
| ၂။ | သန်းလှိုင် စီစဉ်သည် | ခေတ်ဟောင်းတေးပေါင်းချုပ် | ၂၅ |
| ၃။ | ကျော်လှိုင်ဦး | တထောင့်တညပုံပြင်များ (၁) | ၃၀ |
| ၄။ | ကျော်လှိုင်ဦး | ။ ။ (၂) | ၃၀ |
| ၅။ | ကျော်လှိုင်ဦး | ။ ။ (၃) | ၃၀ |
| ၆။ | မိုးမြင့် | ရှားလော့ဟုမ်း (ပေါင်းချုပ်) | ၄၀ |
| ၇။ | ဒု–ဗိုလ်မှူးကြီးသေဝင်းထိုက် | မဟာဗျူဟာ | ၂၅ |
| ၈။ | ဆန့်ဝဏ္ဏသိရှိ | မြတ်ဗုဒ္ဓ၏ သားတော်ရာဟုလာ (ရုပ်စုံ) | ၈ |
| ၉။ | ယိန်းခမြင့် | အရှေ့ကာနေ့ဝန်းကွတ်သည့်ပမာ | ၅၀ |
| ၁၀။ | မောင်သုသိုလ်ခနောင် | ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်း | ၁၅ |
| ၁၁။ | ဗိုလ်ကြီးဗေတည်(အငြိမ်း)- | ကမ္ဘာ့အံ့ဖွယ်မှတ်တမ်း | ၃၀ |
| ၁၂။ | မောင်စင်ကြည် | အမေရိကန် ဒီမိ ပြည်ထောင်မှ သမ္မတကြီးများ (အတွဲ ၁) | ၄၀ |
| ၁၃။ | မောင်စင်ကြည် | အမေရိကန် သမ္မတကတော်များ | ၃၀ |
| ၁၄။ | နုယဉ် | ဗုဒ္ဓဝင်ရုပ်စုံ (အင်္ဂလိပ်–မြန်မာ) | ၁၅ |
| ၁၅။ | နုယဉ် | အလှပန်းတမ္ဘွင့်နှင့်အငြိမ်းပုံပြင်များ | ၆ |
| ၁၆။ | ဆောင်ရဲ | သက်ရွှေးစင်ပြိုင်အတ္တုပ္ပတ္တိများ | ၅ |
| ၁၇။ | ဆရာမြ | ဘဝတေးနှင့် အနှစ်သာရများ | ၃၅ |
| ၁၈။ | ဆရာစန္ဒ | ကမ္ဘာ့ထိပ်သီးပုဂ္ဂိုလ်ကြီးများနှင့် ကိုယ်ကိုယ်ကျော့ | ၃၀ |
| ၁၉။ | မောင်သင် | ဂါလီဗာ၏ခရီးသည် | ၁၀ |
| ၂၀။ | မောင်သင် | ဗေဒါကြီးဦးဘိုးလှိုင် (အတွဲ၂) နှင့် ရာဇဓမ္မသင်ဂဟ | ၁၆ |

| စဉ် | စာရေးဆရာ | စာအုပ်အမည် | တန်ဖိုး |
| --- | --- | --- | --- |
| ၂၁။ | ဒေါက်တာနေဝင်း<br>ဒေါက်တာအုန်းမောင် | အခြေခံစိတ်ရောဂါပညာ | ၁၈ |
| ၂၂။ | ဒေါက်တာအုန်းမောင် | အိပ်မွေ့ချပညာ | ၈ |
| ၂၃။ | ဓမ္မာစရိယ ဦးမောင်မောင်လေး | ဗုဒ္ဓ၏ကိုယ်တွေ့ဝတ္ထုများ | ၄၅ |
| ၂၄။ | ဓမ္မာစရိယဦးမောင်မောင်လေး | အနှစ်ချုပ်ဗုဒ္ဓဝါဒ | ၅ |
| ၂၅။ | ဓမ္မာစရိယဦးမောင်မောင်လေး | ဗုဒ္ဓဝါဒအခြေပြု | ၁၂ |
| ၂၆ | တက်တိုး | သောကကင်းဝေးနေနိုင်ရေး | ၂၅ |
| ၂၇။ | တက်တိုး | အင်္ဂလိပ်ဘာသာသိမှတ်ဖွယ်ရာ (၂) | ၇ |
| ၂၈။ | တက်တိုး | အင်္ဂလိပ်စာသင်ကြားမှုနည်းပြစာစဉ်များ | ၂၅ |
| ၂၉။ | တက်တိုး | ချစ်တေးကဗျာ | ၁၂ |
| ၃၀။ | တက်တိုး | ဥရောပဒဿနိကသုံးပုဒ် | ၆ |
| ၃၁။ | စိုးမြိုင် | အနှစ်ချုပ်အင်္ဂလိပ်သဒ္ဒါ | ၁၂ |
| ၃၂။ | တက္ကသိုလ်ထင်ကြီး | ခေတ်သုံးအင်္ဂလိပ်ဝေါဟာရ | ၄ |
| ၃၃။ | ဦးတင်မောင်ရင်<br>(မဟာဝိဇ္ဇာ) | သီပေါမင်းနှင့် အင်းဝမြို့စား<br>ဒဝ်ဖရင် | ၁၅ |
| ၃၄။ | မင်းသုဝဏ် | ဟိုကူကဗျာဖြည်ခရာ | ၂ |
| ၃၅။ | ဒေါက်တာလှဖေ | မြန်မာစာပေစည့်ခံဘဏ်း | [illegible] |
| ၃၆။ | ဒေါက်တာမြင့်ဆွေ | ဂျပန်ခေတ်ဆေးရုံကြီးပေါ်ဝယ် | ၂၅ |
| ၃၇။ | ဗိုလ်ချုပ်အောင်ဆန်း၏ | ဘားမားချလင်း | ၁၅ |
| ၃၈။ | မောင်မောင်ဘုန်းကြွယ် | ဂျပန်တပ်မတော်၏<br>မြန်မာပြည်သိမ်းစစ်ဆင်ရေး | ၁၀ |
| ၃၉။ | ဒဂုန်ဦးလှဘော | တွေးခေါ်သိမြင်မှုဒဿနမြင်ကွင်း | ၁၀ |
| ၄၀။ | ရွှေစကြာဦးစိုးမြင့် | ဗုဒ္ဓရောင်ခြည်နှင့်ပုဂံမြို့ | ၁၀ |
| ၄၁။ | ဦးထူးမောင် | မြန်မာ့ဘဏ်လုပ်ငန်းသမိုင်း | ၁၀ |

တဦးချင်းအလိုရှိသူများ တိုက်ရိုက်မှာကြားနိုင်ပါသည်။

**ပေယျာဦးစာပေဖြန့်ချိရေး**

အမှတ် ၂၃၅/၂၃၇၊ ဘားလမ်း၊ ရန်ကုန်မြို့။ (ဖုန်း-၇၆၃၇၁)

နိဗ္ဗာန်စခန်း

# သဂါဝဏမိး

ဇာတ်နိပါတ် ဝတ္ထုတော်ကြီးများ

ဒဂုန် ဦးစန်းငွေ

